

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





# မဟူရာ

## (လှိုင်ကော်)

မင်းလျှင်ပိုင်စိုးနေပါလည်း

စီစဥ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com







ငါ့မျက်ဝန်းမှာ ...
မင်းသည်သာလျှင်၊ တစ္ဆဲထင်ထင်
အမြဲမြင်လျက် ...
မင်းလျှင်ပိုင်စိုးနေလေရဲ့ ...။
ငါ့နှလုံးသားမှာ ...
မင်းသည်သာလျှင်၊ တွယ်တာရစ်ငင်
မင်းခိုဝင်လျက် ...
မင်းလျှင်ပိုင်စိုးနေလေရဲ့ ...။
ငါ့အနာဂတ်မှာ ...
မင်းသည်သာလျှင်၊ ဘဝပင်ဖြစ်
မင်း၏ချစ်ခြင်း၊ ပေးအပ်နှင်းမှ
ရှင်သန်ရမည့်၊ ငါ၏ရင်ခွင်
မင်း ... သိ ... မြင် ... ရင်း
ချစ်ခြင်းကမ္ဘာရေးသိကာပင်
မင်းလျှင်ပိုင်စိုးနေပါလှည့် ...။
ဩော် ...
မင်းလျှင်ပိုင်စိုးနေပါလှည့် ...။ ။

✱ ❤ ✱

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

"မိပျို့ မလိုက်ရဲလို့ပါ မမလေးရယ် ... ဖေဖေ စိတ်ဆိုးမှာ
စိုးလို့ပါ ..."

အသံလေးတွေ တုန်ခါနေလျက် မျက်ရည်တွေလည်
တက်နေရင်း အားငယ်စိတ်ဖြင့် လုံမေပျို့ ပြောစဉ်ခိုက် မမလေ
အင်ကြင်းမေမှ ကြင်ကြင်နာနာလေးလည်းကြည့် .. ဖွတ်အတင်
လက်လေးလည်း ဆွဲနေရင်းမှ ..

"ဒါအခွင့်အရေးပဲ ပျို့လေးရဲ့ .. ဆယ်တန်းကို လေးဘာသ
ဂုဏ်ထူးနဲ့ အောင်တယ်ဆိုတာ တော်ရုံအရည်အချင်းလား
ဘာပဲဖြစ်ဖြစ် .. ဘဘ အဲဒါကို ကြားရရင်တော့ .. ဝမ်
သာမှာပါ .. ပျို့လေးဟာ ဘဘရဲ့သမီးပဲဥစ္စာ .."

မမလေး အင်ကြင်းမေ ဘယ်လိုခေါ်ခေါ် ခေါင်းတွ
တွင်ခါရင်း ခုတင်လေးထက်မှာ လုံမေပျို့ ထိုင်နေသည်ပါပဲ
ရင်ထဲမှာ ကြေကွဲလှိုက်ခါနေသည်က အင်အားမသေး ..။ ဖြ
ထန်သော ခံစားချက်က အားငယ်ခြင်းနှင့် ရောယှက်မွန်းကျပ်
ရပါသည့်အဖြစ်။ ထားတွင် မမလေး ထိုင်လိုက်ရာ လုံမေပျို့



လက်လေးကို တွေးဆုပ်ထားရင်း သက်ပြင်းရှိုက်လိုက်ပြီးသည့်
နောက်မှာ ဆံစလေးတွေကို ခပ်ဖွဖွ ဖေးသပ်ပေးလာပါ၏။

"အင်း .. ယုံကြည်ပေးလိုက်ဖို့ ခက်တဲ့အဖြစ်တွေဟာ ..
ဒီငုဝါမြိုင်အိမ်ကြီးမှာ ဖြစ်ခဲ့တာ .. အမှန်ပါပဲလေ .. ဘွား
ဘွားရဲ့အဖြစ်ဆိုးကြီးဟာ ညီမလေးအပေါ်မှာ ကျိန်စာတိုက်
ထားလိုက်သလိုပါလား ပျို့လေးရယ် .. ဒါပေမဲ့ ... အဲဒါ
တွေအားလုံးဟာ ပျို့လေးရဲ့ ပယောဂကြောင့် ဖြစ်ခဲ့တာ
တွေမှ မဟုတ်ပဲ ... ပျို့လေးရဲ့အပြစ်မှ မဟုတ်ပဲ .. ဒါ
တွေကို .. ဘဘရဲ့ နာကြည်းမှုတွေက ပိတ်ဖုံးကာဆီးထား
နေတာက ခက်တယ် .. ဘဘ မသိနိုင်ပဲ ဖြစ်နေတယ် ..
အို .. မဟုတ်ပါဘူးလေ .. ဘဘ သိပါတယ် .. အဲဒီအဖြစ်
ဆိုးကြီးကို ဖြစ်တည်စေခဲ့တာဟာ .. ပျို့လေး မဟုတ်ဖူး
ဆိုတာ ဘဘ သိနေပါတယ် .. သိရက်နဲ့ .. နာကြည်းမှု
က နာကျင်ကြေကွဲနေတဲ့ ခံစားမှုတွေနဲ့အတူ အဲဒီအသိတွေ
ကို ပိတ်ဖုံးကာဆီးထားနေခဲ့တာပါ .."

မမလေး အင်ကြင်းမေ ပြောနေခိုက် လုံမေပျို့ မျက်
ည်ကျနေရင်းမှ ခေါင်းလေး မသိမသာမော့ကာ အားငယ်ညှိုး
နေသည့် မျက်ဝန်းလေးတွေဖြင့် ကြည့်လာပါ၏။ အကြည့်
တွေက မျှော်လင့်ချက်တွေ ပျောက်ဆုံးနေသည့်အရိပ်တွေ
သိမ်နေကြပါချေ၏။ ဟုတ်သည် ..။ မျှော်လင့်ချက် ..။
ထဲမှ အပ်နှင်းဖြစ်တည်လာမည့် မေတ္တာကို ရရှိလာစေ
င်းရဲ့ဟူသော မျှော်လင့်ချက် ..။ ထိုမျှော်လင့်ချက်သည်
သောအခါတွင်မှ ဖြစ်တည်လာနိုင်ဖွယ်ရာမရှိ ..။ ထိုမှသိ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နေရသည်ကိုက .. လုံမေပျိုအတွက် အားအင်များ ကုန်ဆုံးနေစေသည့် အဖြစ်ပါတည့် ..။ ဟုတ်သည် ..။ အားအင် ..။ ဖေဖေ့မေတ္တာရိပ်ကို တော်မွတ်စွာ တောင့်တနေရပါသည့် ရပ်တည်မှုတစ်ခု၏ အားအင် ..။

"မိပျိုရဲ့ပယောဂ မပါဘူးဆိုပေမယ့် .. မိပျိုဟာ မေမေဒေါ်ယုဇနရဲ့သမီး ဖြစ်နေတယ်လေ .. ဘွားကို မေမေသတ်ခဲ့တယ်ဆိုတဲ့ အဖြစ်ကြီးတစ်ခုကိုတော့ .. ဒီဝုဓါမြိုင်မှာ ဖျောက်ဖျက်ပစ်လိုက်နိုင်တာမှ မဟုတ်ပဲ မမလေးရယ် .. မေမေ့ကို အရမ်းနာကြည်းမုန်းတီးသွားတဲ့ ဖေဖေ့အမုန်းတွေဟာ .. မေမေနဲ့ ရုပ်ချင်းအရမ်းတူတဲ့ မိပျို .. ပြီးတော့ မေမေ့သွေးဖြစ်တဲ့ မိပျိုကို မြင်နေရတာဟာ နေလို့မီးလို့ပူတယ်လို့ ပြောခဲ့တာပဲ မဟုတ်လား .. ဖေဖေ .. အဲဒီအချိန်ကစပြီး မိပျိုကို .. ဘယ်မှာ ထွေးထွေးပိုက်ပိုက် ရှိခဲ့တော့လို့လဲ .. ဒီအိမ်ကြီးမှာ သမီးတစ်ယောက်အဖြစ် နေစေခဲ့တာတောင်မှ ... ဆော်ဒါဆောင်တစ်ခုမှာထားရင် .. ဘေးလူပြောစရာ ဖြစ်မှာစိုးလို့ဆိုတာ .. ကြီးလတ် ပြန်ပြောပြတာပဲလေ .."

"အဲဒါ ပြောတာပေါ့ ... မေမေလဲ မတရားပါဘူး .. တကယ်ဆို .. ဘဘကို .. မေမေက ဖျောင်းဖျောင်းဖျဖျ ပြောပေးဖို့ ကောင်းတဲ့ဥစ္စာ .. ခုကျတော့ .. ဘွားဟာမိပျိုရဲ့မေမေ့လက်ချက်နဲ့ ဆုံးခဲ့ရတယ်ဆိုတာကြီးကို .. နေ့တိုင်းအပ်ကြောင်းထပ်နေအောင် ပြောပြောနေမှတော့ ဒီကိစ္စကြီးဟာ ဘယ်တော့ အရှိန်ပြေနေနိုင်ပါတော့မလဲ .. အမုန်းကို



အရှိန်တန့်ဖို့ဆိုတာက .. မိပျိုလေးအပေါ်မှာ နားလည်ပေးဖို့ ဖျောင်းဖျစကားဆိုတာကတော့ ရှိနေဖို့ လိုတာပေါ့ .."

မိခင် ဒေါ်လတ်လတ်အေးကို စိတ်မောလက်မောလေး ခေါင်းတည်၍ မသက်မသာဟန်လေးဖြင့် ပြောနေပါသည့် မမလေး အင်ကြင်းမေကို အားကိုးစိတ်ဖြင့် ချစ်စိတ်ဖြင့် .. ငေးကြည့်မိရသည်က လုံမေပျိုပါ ..။ ဝုဓါမြိုင်အိမ်ကြီးမှာ မမလေးအင်ကြင်းမေသာ မရှိလျှင် လုံမေပျို ရူးများရူးသွားချေမည်လားမသိ ..။ ဒေါ်ကြီးနှင်း ဆိုတာက လုံမေပျို အပေါ်မှာ သံယောဇဉ်ရှိရှာ .. ချစ်ရှာတာ မှန်ပေမယ့် အစေအပါးပဲလေ။ ကြီးလတ်၏သြဇာ .. ဖေဖေ့အမုန်းတွေကို သိနေရသည်မို့ .. လုံမေပျိုကိုကြီးလတ်နှင့် ဖေဖေ့ရှေ့ဆို .. စကားပင် သိပ်မပြောဝံ့ရှာ ..။ အို .. ပြီးတော့ .. မမကြီး မိုးသဇင်မေ၏ရှေ့ဆို ပို၍ပင် ဆိုးသေးသည်ပဲ ..။ ညီအစ်မဆိုပေမယ့် မမကြီး မိုးသဇင်မေနှင့် မမလေးအင်ကြင်းမေ ဆိုတာက စိတ်ထားချင်း အရမ်းကို ကွာခြားတာတော့ အမှန်ပါ ..။ လုံမေပျိုကို .. မမလေးက ချစ်လည်းချစ် ..။ သနားလည်း သနားသည်ပါပဲ။

"ပြီးတော့ .. ဟို မိစီ ဆိုတဲ့တစ်ယောက်ကလဲ .. ဒေါ်ကြီးနှင်းကို ကူဖော်လောင်ဖက် လုပ်ပေးတာက နည်းနည်း .. မမသဇင်ကို ဖားဖို့ .. မမသဇင် အလိုကျ .. ပျိုလေးကို အပြစ်လိုက်ရှာ .. လိုက်ချောင်းပြီး ကုန်ချောကုန်းတိုက်လုပ်ဖို့ .. မေမေ့ဆီမှာ ချွန်တွန်းတွေ သွားလုပ်ဖို့အတတ်ပဲ ကျွမ်းကျင်နေတာ .. အဲဒါကလဲ .. အဲသလိုလုပ်လေလေ .. မေမေက အဝတ်လေးတွေ ဝယ်ပေးလိုက် ..

www.burmeseclassic.com

www.burmeseclassic.com



အဝတ်ဟောင်းထဲကပေးလိုက် .. ရမသဇင်က .. ဟိုဟာလေး ဝယ်ပေးလိုက်နဲ့ လုပ်လုပ်နေတာက ရှိတာကို .. အို .. အဲဒါကိုက မဟုတ်တာ .. မိစီ ဆိုတာက ဒီအိမ်မှာအိမ်ဖော်ပဲ .. ဒါပေမဲ့ .. သူ့ကိုလဲ ဘဘရဲ့သမီးဖြစ်တဲ့ ပျို့လေးက ကြောက်နေရတယ်ဆိုတာကိုက .. မဟုတ်တော့တာ .. အားလုံး ကမြောင်းကပြန်တွေ ဖြစ်ကုန်ပြီ ... မေမေကလဲ .. ချိုချို .. ချိုချိုနဲ့ ပြောနေတာမှန်ပေမယ့် .. ဘဘကိုပြောလိုက်တာတွေတိုင်းဟာ .. ပျို့လေးအပေါ်မှာ ဘဘစိတ်တွေတင်းမာနေဖို့ချည်းပဲ စကားတွေ ရှာပြောနေတာလို့ အင်ကြင်းသိနေတယ်လေ ... ခက်တယ်ဟာ ပျို့လေးရာ .."

လုံမေပျို့ကို သနားစိတ်ဖြင့် အမေ၏လုပ်ရပ်တွေကိုပါ ခပ်ညည်းညည်း ဖွင့်ဖွင့်ပြောတတ်ရှာပါသည့် မမအင်ကြင်းမေကို လုံမေပျို့ လက်လေးတွေ ထွေးဆုပ်လိုက်မိရင်းမှ ..

"ငရဲများပါတယ် မမလေးရယ် .. မိပျို့က ဒီလိုပဲ နေနေရတာ .. နှစ်ကြာခဲ့ပါပြီ .. အသားတကျ ခေါက်ရိုးတကျ ဖြစ်နေရပါပြီ .. မိပျို့ကြောင့် မမလေး ငရဲရတာကို .. မိပျို့စိတ်မကောင်း ဖြစ်ရပါတယ် .. ကြီးလတ်ကို .. မမလေး .. အဲသလိုမပြောပါနဲ့ မမလေးရယ် .. ကြီးလတ်က မမလေးရဲ့မေမေပါ .."

"အဲဒါကြောင့်လဲ .. အင်ကြင်း စိတ်ဆင်းရဲနေရတာပေါ့ မိပျို့လေး .. ကိုယ့်အမေက .. ဒီလောက်လုပ်ရက်နေတဲ့ ကိစ္စကို .. မြင်မြင်နေရတော့ ရင်ထဲ ဘယ့်နှယ်လုပ်ကောင်းနိုင်ပါတော့မလဲ .. ဘဘနဲ့ ဖေဖေက ညီအစ်ကိုရင်းပါ ..



အစ်ကိုကြီးဖြစ်တဲ့ ဖေဖေ ဆုံးတော့ .. ဘွားဘွားနဲ့ ဘဘပဲ အင်ကြင်းတို့ကို ဒီအိမ်ကြီးမှာခေါ်ပြီး စောင့်ရှောက်ထားတာ မဟုတ်လား .. ဘဘကျေးဇူး ကြီးလှပါတယ် ပျို့လေးရယ် .. ခုဥစ္စာက .. ဘဘရဲ့သမီးကို မေမေ ပညာလေးတွေလှာသုံးပြီး ရက်စက်နေတာကို အင်ကြင်း ရင်ထဲ အနေရခက်အထိုင်ရခက်နဲ့ ဖြစ်နေရတာ .. မေမေ အဲသလိုလုပ်ဖို့ဘယ်ကောင်းမလဲ .. ပြီးတော့ .. ပျို့လေးနဲ့ အင်ကြင်းတို့က အဖေညီအစ်ကိုက မွေးထားတာ .. ညီအစ်မတွေပဲ မဟုတ်လား .. မမကြီးသဇင်ကလည်း .. အဲသလို ညီမဖြစ်တဲ့ ပျို့လေး အပေါ်မှာ လုပ်ဖို့မကောင်းဘူး .."

ဟု ဆက်တိုက်ပြောနေသည်က မျက်နှာမကောင်းနိုင်ပဲ မျက်ရည်လေး လည်နေလျက်ဖြင့်ပါ ..။

"စဉ်းစားကြည့်လေ .. ဖေဖေ့ ပရိဘောဂစက်ရုံကြီးကိုလဲ ဘဘပဲ ဆက်ထိန်းပေးနေတာ .. မေမေ ရုံးခန်းသွားထိုင်တာလောက်ပဲ ရှိရတော့တာ မဟုတ်လား .. ပြီးတော့ .. ဘဘရဲ့ အိမ်ဆောက်ပစ္စည်းစက်ရုံ .. ဘဘရဲ့ရတနာဆိုင်ကြီးတွေကိုလဲ .. မေမေက လုပ်ကူတယ် လုပ်ကူတယ်နဲ့ သွားသွား ထိုင်နေသေးတာ .. ဘဘကတော့ .. ကျေးဇူးတောင် တင်ပေးတာပါ .. ဒါပေမဲ့ .. ဖေဖေ့ မြရောင်ခြယ်ပရိဘောဂစက်ရုံကြီး အောင်မြင်လည်ပတ်နေတာဟာ ဘဘရဲ့ အအုပ်အချုပ်ကြောင့်ပါ .. ဘဘဟာ ... ဖေဖေ့စက်ရုံကိုလဲ ထိန်းသိမ်းပေးနိုင်တယ် .. ဘဘရဲ့စက်ရုံနဲ့ ရတနာဆိုင်ကြီးကိုလဲ .. ထိန်းသိမ်းအုပ်ချုပ်နိုင်တယ် .. အားလုံး

www.burmeseclassic.com

www.burmeseclassic.com



ကို နိုင်နိုင်နင်းနင်းနဲ့ စီမံအုပ်ချုပ်နိုင်တဲ့ ဘဘဟာ .. စီးပွားရေးမှာ ဦးဆောင်နိုင်သူအဖြစ် နိုင်နိုင်တည်တည် ရပ်တည်နိုင်သလောက် .. ဒီ .. ငှဝါမြိုင်အိမ်ကြီးမှာ ဖြစ်နေတဲ့ ဒီ .. အနှိမ်ခံသမီးလေးတစ်ယောက် အပေါ်မှာ .. ဘာလို့ မသိပေးနိုင်ရတာလဲ .. အဲဒါကို .. ရင်ထဲမကောင်းနိုင်တာ .. ”

ဟု အင်ကြင်းမေ ပြောနေရင်း ငိုင်သွားရပါပြီ ..။ တကယ်က .. အမေ၏ရင်ထဲက အဖြစ်တွေကို သမီးပေပဲလေ ..။ အင်ကြင်းမေ သိသည်ပေါ့ ..။ ဘဘ၏လုပ်ငန်းများကို မေမေ အရမ်းမက်မောနေတာ သိသည်ပေါ့ ..။ အပြင်ဘန်းမှကြည့်လျှင် ဖြင့် .. မေမေသည် .. ဘဘအပေါ်မှာ .. အစ်ကိုကြီးတစ်ယောက်၏ ဇနီးပေမို့ အစ်မကြီးပမာ အရမ်းကို ဂရုစိုက်သည်ဆိုသည့် သဘောမျိုး ဖြစ်နေတတ်သည်ပါပဲ ..။ ဘဘကလည်း တကယ့်ကို တရိုတသေထား၍ အစ်မကြီးပမာ ထားသည်ပါပဲ ..။ မေမေ့ အာရုံထဲမှာ .. လုံမေပျို အပေါ်မှာ ဘဘ အမြဲဥပေက္ခာပြုထားစေချင်သည်။ မုန်းနေစေချင်သည်။ လုံမေပျို ဆိုတာ ငှဝါမြိုင်မှာ အလုပ်တွေ သိမ်းကျုံးလုပ်နေရလျက် ..။ စာကျက်ချိန်ပင် သိပ်မကျန်စေလောက်အောင် ရှိရှိနေစေခဲ့သည်ကလည်း မေမေ့ အစီအမံပါ ..။ ဒါပေမဲ့ .. လုံမေပျို ဆိုတာက အရမ်းကို စာကြိုးစားသည်မို့ .. ဆယ်တန်းကို လေးဘာသာဂုဏ်ထူးဖြင့်ပင် အောင်လိုက်သေးသည့်အဖြစ် ..။ မေမေ ဆိုတာ ဆွေ့ဆွေ့ခါနေသည်ပါပဲ ..။ မေမေ့အတွက်က .. လုံမေပျို ဆိုတာ စာလည်း ဟုတ်ဟုတ်ညားညား မသင်လိုက်ရဘဲ .. ခပ်ညံ့ညံ့ .. အူလည်လည်လေးဖြင့် ညှိုး



သိမ်စွာ ကြောက်ရွံ့စွာ နေနေရသည့် လုံမေပျို အဖြစ်ပဲ ရှိနေစေချင်သည်လေ။

ဒါမှ ... တစ်နေ့မှာ .. လုံမေပျိုကို .. ခေါင်းမဖော်ရဲအောင် ဆက်၍ချုပ်ကိုင်ထားနိုင်ချေလိမ့်မည်ဟု မေမေ မှတ်ယူထားပါသည့်အဖြစ် ..။

“ဒီမယ် .. အဲဒီကောင်မကို .. ငယ်ကြောက်လို ငါတို့အပေါ်မှာ ခေါင်းမဖော်ကြည့် မမော်ကြည့်ရဲလောက်အောင်ကို .. နှိပ်ကွပ်ထားမှ ဖြစ်မှာ .. တစ်နေ့ .. သူ့အဖေမရှိတော့တဲ့ အခါ .. စည်းစိမ်မှန်သမျှ .. ငါတို့ရကြမှာလေ .. ”

ဆိုသည့် စကားကို .. မေမေ ကျိတ်၍ကျိတ်၍သင် သင်ပေးနေခဲ့တာတွေကိုတော့ .. လုံမေပျိုလေးကို ဖွင့်မပြောချပြရက်တော့ပါ ..။ မေမေ့ ရည်ရွယ်ချက် မကောင်းလွန်းတာကို သိထားရသည်မို့လည်း ဘဘကို ရင်ထဲမှာ အမြဲတောင်းပန်နေမိရသည်ကလည်း အင်ကြင်းမေပါ ..။ ဘဘကတော့ .. မမကြီးကိုရော .. အင်ကြင်းမေကိုရော .. သမီးတွေလိုပဲထား ..။ ချစ်လည်း ချစ်သည် မဟုတ်ပါလား ..။ အစ်ကိုကြီး၏သမီးပေပဲလေ ..။

“ကဲပါ ... ဒီတစ်ခေါက်လောက်တော့ .. အင်ကြင်းတို့ ကြိုးစားကြည့်ကြတာပေါ့ .. လာပါ .. လာပါ ပျိုလေးရဲ့ .. ဘဘ ထမင်းစားဆောင်မှာ ရှိနေတယ် .. လာခဲ့ပါဆို .. ”

မနက်က အောင်စာရင်းထွက်သည် ..။ အောင်စာရင်းကို အင်ကြင်းမေ ကားလေးဖြင့် သွားကြည့်ပေးခဲ့သည်ပါပဲ ..။ ခု .. နေ့လယ်စာစားချိန်မှာဖြင့် ဘဘကို .. အင်ကြင်းမေ စီတ်လှုပ်ရှားစွာဖြင့် .. ပြောပြချင်နေသည်။ ဟုတ်သည် ..။ စိတ်လှုပ်

www.burmeseclassic.com

www.burmeseclassic.com



ရှားစွာ ..။ ဘာဘထံမှ .. ကြည်နူးချမ်းမြေ့သည့် အကြည့်တစ်ခုကို လုံမေပျို၏ မျက်နှာလေးထက်မှာ သက်ရောက်စေလိုက်ချေမည် လားဆိုသည့် မျှော်လင့်ချင်သော စိတ်လှုပ်ရှားမှု ..။ အင်ကြင်းမေ အတင်းလက်ဆွဲ၍ ခေါ်လာသည်မို့ ကြောက်ကြောက်နှင့် လုံမေပျို ငြင်းမရနိုင်စွာပဲ နောက်ဆုံးတော့ တွန့်ဆုတ်ဆုတ်လေး ပါလာရပါ သည့်အဖြစ်။ ထမင်းစားဆောင်၏ အဝင်တံခါး၏ တစ်ဖက်နံရံ နားမှာ လုံမေပျိုကို ခဏရပ်နေစေပြီးမှ အင်ကြင်းမေ အခန်းတွင်း သို့ဝင်သည်။

"ဟော .. နောက်ကျလိုက်တာ အင်ကြင်း .. လာ .. လာ .. ထမင်းစားတော့ .."

အင်ကြင်းမေ ဘာဘ ဘေးမှာ ရပ်လိုက်တော့ မေမေ တစ်ချက် မျက်မှောင်လေးကုတ်၍ ကြည့်လာပြီ ..။ ထမင်းစားလာ တာ နောက်ကျနေကတည်းက မေမေ မျက်နှာမကြည်လင်ချင် ..။ လုံမေပျိုထံ ရောက်နေချေလိမ့်မည်ဟု တွေးမိထားနှင့်ပုံ ရပါသည့် အဖြစ် ..။

ဘာဘသည်လည်း ထမင်းစားလက်စဖြင့်ပင် မော့ ကြည့်လာကာ ...

"ဟုတ်သားပဲ .. ထမင်းစား အလာနောက်ကျတယ် ကလေး ရဲ့ .. ပြီးတော့ .. ဟိုတစ်ယောက်ကော .. ဘယ်ပျောက် နေလဲ .."

ထမင်းစား စားပွဲကြီး၏နောက်ဆုံးအစွန်ဆုံးနေရာ မှာ ရှိနေပါသော ကုလားထိုင်လွတ်ကိုကြည့်၍ ဘာဘ မေးလာတော့ အင်ကြင်းမေ ဝမ်းသာသွားရပါ၏။ ဘာပဲဖြစ်ဖြစ် ..။ ဤနေ့မှာ



လုံမေပျိုကို သတိတရတော့ မေးလာသည်ပဲလေ ..။ ခါတိုင်းနေ့ များမှာ .. ခေါက်ကြီးနှင်းနှင့်အတူ ထမင်းပွဲတွေပြင်ပြီးမှ .. အားလုံး ရောက်လာပြီးချိန်ကျမှ စားပွဲစွန်းနေရာလေးမှာ ခပ်ယို့ယို့လေး ရပ် ..။ အားလုံးစတင်၍ ထမင်းစားချိန်ကျမှ ထိုင်ရမည့်ကုလား ထိုင်လေးမှာ ငြိမ်ငြိမ်လေး ခပ်ယို့ယို့ထိုင် ..။ ထမင်းလေးကို နီးရာဟင်းခွက်မှဟင်းကို ခပ်စားသည်မှလွဲ၍ တိတ်ဆိတ်စွာစား ..။ ဤသို့ရှိခဲ့ပါလေသော လုံမေပျိုကိုလည်း ဘာဘ ဘယ်တုန်းကမှ စကားလှမ်းပြောဆိုခဲ့တာမျိုး မရှိခဲ့ ..။ စားသောက်ပြီးတာနှင့် ဘာဘ အရင်ဆုံး ထထွက်သွားတတ်စမြဲ ..။ ဘာပဲဖြစ်ဖြစ် ..။ လုံမေပျိုနှင့်အတူ ထမင်းတူတူစားတာကိုတော့ ဘာဘ ငုဝါမြိုင်အိမ် ကြီး၏ မိသားစုဝင်အဖြစ် တူတူစားရတာမျိုးကို အဖျက်မခံဘဲ ဆက်ရှိစေခဲ့သည်မို့ အင်ကြင်းမေ ဝမ်းသာရသည်ပါပဲလေ ..။

"အင်ကြင်း ပြောမယ့်စကားကြောင့် .. ဘာဘကို .. သူ .. ကြောက်နေလို့ပါ ဘာဘ .."

မထူးတော့ပြီပဲဆိုသည့်စိတ်ကိုမွေး၍ အင်ကြင်းမေ စတင်၍ ခြေတစ်လှမ်းကို ဤနေ့မှာ လှမ်းပစ်လိုက်ပါပြီ ..။ ဟုတ်သည် ..။ ဤနေ့မှာ .. ဤသတ္တိကို အင်ကြင်း မွေးရမည်။ ညီမလေး လုံမေပျိုအတွက် မွေးရမည် ..။

ဘာဘ နားမလည်နိုင်သလို အင်ကြင်းမေကိုကြည့် သည်။ တစ်ခုခုကို ခပ်ဆဆ တွေးသည့်နှယ်လည်း တစ်ချက်ငြိမ် သွားပါ၏။ နောက်တော့ မျက်နှာတစ်ချက် ပျက်ခနဲဖြစ်ကာ ..

"ဘာလဲ .. သူက .. သူက .. အိမ်ထောင်ပြုချင်တာတွေ ဘာတွေ ရှိနေပြီလား .. ဟုတ်လား .."

www.burmeseclassic.com

www.burmeseclassic.com



ဟု အသံတွေ တုန်ခါနေလျက် မျက်နှာကြီး ထိန်းမရနိုင်အောင် ပျက်နေရင်း မေးလာတော့ အင်ကြင်းမေပင် မထင်မှတ်သည့်အမေးကြောင့် တစ်ချက် အမ်းတမ်းတမ်းကြီး ဖြစ်သွားရပါပြီ ..။

ပြီးတော့ကျမှ ရုတ်ခနဲ တစ်ချက် ကြည်နူးချင်သည်။ ဘဘသည် .. သမီးအတွက် ခုလိုကျတော့လည်း စိတ်ပူတတ်သည်ပဲ .. ဟု တွေးဖြစ်သည်။

“ဟင် .. ဘဘကလဲ .. ပျိုလေးကဖြင့် .. ကလေးလိုပဲ နေနေတဲ့ဥစ္စာ .. သိပ်ရိုးသားတာ ဘဘရဲ့ .. သိပ်လိမ္မာတာ .. စာလဲသိပ်တော်တာ .. ခု .. ပြောမှာက .. ပျိုလေး .. ဆယ်တန်းကို လေးဘာသာဂုဏ်ထူးနဲ့ အောင်တယ် ဘဘရဲ့ .. အဲဒါကို .. ဘဘကို သူ ပြောပြချင်နေတာ သိလား .. မပြောပြရဲလို့ .. မပြောပြရဲရှာလို့ .. သူ့ခမျာ .. အခန်းပြင်မှာ ရှိနေတာ ဘဘရဲ့ ..”

ဟု ပြောစဉ်ခိုက် ဘဘ၏မျက်နှာ ရုတ်ခနဲ လန်းတက်လာသည်။ ချမ်းမြေ့သည့်အရိပ်တွေ ချက်ချင်း မျက်နှာထက်မှာထင်၏။ နူးညံ့သော အကြည့်သည် တံခါးဘက်ဆီသို့ရောက်သည်။

“ဟုတ်လား .. လေးဘာသာဂုဏ်ထူးတောင် ရတယ် .. ဟုတ်လား .. ကျူရှင်ယူသေးလား ..”

မေးပြီးမှ ကိုယ့်သမီး စာဘယ်လိုသင်နေသည် ဆိုတာကိုပင် မသိလောက်အောင် ပစ်စလက်ခတ်နိုင်လွန်းနေသည့် ကိုယ့်အဖြစ်ကို ပြန်သိလျက် ဘဘမျက်နှာ ပျက်ခနဲဖြစ်သည်။



“မယူပါဘူး ဘဘရယ် .. ပျိုလေးမှာ အိမ်အလုပ်တွေလုပ်ရလွန်းလို့ ကျူရှင်ယူဖို့တောင်မှ အချိန်မရပါဘူး .. ဘယ်သူကမှလဲ .. ကျူရှင်ယူမလားလို့ မေးဖော်လဲ မရပါဘူး ..”

ဟု ပြောချတော့ ..

“ဟဲ့ .. အင်ကြင်း .. ကိုယ့်ဘဘကို .. ပြောတဲ့ဥစ္စာ .. အဲသလို ပြောရသလား ..”

ဟု မေမေ လှမ်းမာန်၏။ မေမေ့မျက်နှာ တင်းနေတာ အင်ကြင်း မြင်နေသည်ပါပဲ ..။ လုံမေပျိုလေးကို ကျူရှင်ထားပို့ဖို့ပင် စေတနာမဲ့ပါသည့် အဖြစ်တစ်ခုကို မေမေ့ရှေ့မှာပင် ဘဘ သိအောင် ပြောပြလိုက်ခြင်းပါ ..။ မတတ်နိုင် ..။ လုံမေပျိုလေးကို .. ဤအထီးကျန်ဘဝထဲက အင်ကြင်း ကယ်ထုတ်ပစ်ချင်နေပြီ ..။

“ခေါ်လိုက်စမ်း .. သူ့ကို .. သူက .. ဆယ်တန်းအောင်တော့ ဘာလုပ်ချင်တယ်လို့ ပြောသေးလဲ ..”

ဟု နူးညံ့စွာ ပြောလာသည့် ဘဘ၏မျက်နှာကို အင်ကြင်းမေ အပျော်တွေပြည့်သိပ်နေလျက် ပြုံး၍ကြည့်မိရပါပြီ ..။ ဘုရားရေ ..။ ဘဘသည် .. ဘဘသည် .. ပျိုလေး အပေါ်မှာ ...က်သော ချစ်ခြင်းများဖြင့် ချစ်နေရှာချေသည်တကား ..။

“သူကပြောပါတယ် မောင်ရန်လင်းရေ .. အဝေးသင်ပဲ တက်ချင်တယ်တဲ့ .. အိမ်မှာပဲ နေချင်တယ်တဲ့လေ ..”

“ဩော် .. သူက .. သူ ဘာလုပ်ချင်တယ်ဆိုတာ သူ့ဘာသာတောင် ရွေးချယ်ထားပြီးပြီကိုး .. ဒါဆိုလဲ ပြီးတာပါပဲ ..”

www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ မေမေ ဝင်ပြောတော့ ဘဘမျက်နှာ ပျက်ခနဲဖြစ်သည်။ ကြည်နူးရိပ်တွေ ချက်ချင်း မျက်နှာထက်မှ လွင့်ခနဲ ပျောက်သွားပါသည့်အဖြစ် ..။ အဖေလုပ်သူကိုပင် မပြောတော့ဘဲ ဆုံးဖြတ်ချေသည်ပဲဟု ဘဘ တွေးလိုက်ပြီဆိုတာ ချက်ချင်း အင်ကြွင်း သိသည်ပေါ့ ..။

"မဟုတ်ဘူး ဘဘ .. အဲသလို .. ပျိုလေး မပြောဘူး .. ပျိုလေးရဲ့အောင်စာရင်းကို .. အင်ကြွင်း သွားကြည့်ပေးတာ .. သူ ဘာဖြစ်ချင်လဲဆိုတာ မေးတော့ .. ငိုတယ် .. သူ .. ဘဘကို မပြောရဲဘူး .. သူ ဖြစ်ချင်တာကို မပြောရဲဘူး .. မေမေ့ကိုလဲ .. ပျိုလေး အဲသလိုမပြောပါဘူး .. မေမေ့ကို .. အဲဒီစကား ဘယ်သူ သွားပြောလဲ မသိဘူး ဘဘ .. ပျိုလေးကို အောင်စာရင်း ပြောပြပြီးကတည်းက .. အင်ကြွင်း အဲဒီမှာ တူတူရှိနေတာ .. ပျိုလေး အခန်းထဲမှာ ရှိနေတာ .."

ဟု ပြောတော့ ဘဘ တစ်ချက် မေမေ့ကိုလှမ်းကြည့်သည် ..။ ဤတစ်ကြိမ်မှာ အင်ကြွင်း မြင်လိုက်ရသည်က ထူးခြားသော အကြည့်တစ်ခုကိုပါတည့် ..။ ဟုတ်သည် ..။ ဘယ်တုန်းကမှ ထိုအကြည့်မျိုး ဘဘထံမှာ မရှိခဲ့စဖူး ..။ ဘာလို့ .. ဒီလိုပြောတာလဲ မမလတ် ဆိုသည့် မေမေ့ကို မေးခွန်းတွေပါနေသည့်အကြည့် ..။ စိတ်ရှုပ်ထွေးနေသောအကြည့် ..။ ပြီးတော့ .. ပြီးတော့ .. စိတ်မကောင်းနိုင်သောအကြည့် ..။ ထိုအကြည့်များသည် ဖခင်တစ်ယောက်၏အကြည့်ကို .. ကိုယ်စားပြုနေသည့် အကြည့်များဖြစ်နေချေသည်တကား ..။ အင်ကြွင်းမေ ပျော်နေသည်မှ ရင်ထဲ



နေအောင်ပါ ..။ ဤအခွင့်အရေးကို နောက်တစ်ကြိမ် ပြန်ရဖို့ဆိုတာ မလွယ်။ ဆက်တိုက်ပြောမှ ဖြစ်ချေမည်သာတည့် ..။

"ပျိုလေးက .. အင်ကြွင်းနဲ့တူတူ .. ဥပဒေ တက်ချင်ပါတယ် ဘဘ .. အင်ကြွင်းလဲ ကျောင်းတက်တော့ တူတူတက်လို့ရတာပေါ့ .. အင်ကြွင်းက ဒုတိယနှစ် .. ပျိုလေးက ပထမနှစ်ဆိုတော့ .. ပျိုလေးကို စောင့်ရှောက်လို့လဲ ရပါတယ် .. သူ .. အဲဒါကို .. မပြောရဲတာပါ ဘဘ .."

ဟု ဆက်တိုက်ကြီး ပြောစဉ်ခိုက် ဘဘ ခေါင်းညိတ်သည်။ တံခါးဆီသို့ လှမ်းကြည့်၏။

"စာတော့ တော်တာပဲ .. ဘဘလဲ .. ဆယ်တန်းကို .. ငါးဘာသာဂုဏ်ထူးနဲ့ အောင်တာ .. အင်ဂျင်နီယာဖြစ်ခဲ့ရတာပဲလေ .. ခေါ်လိုက်ပါ .. ခေါ်လိုက်ပါ .."

ဟု ကိုယ်ကိုမတ်၍ တံခါးဘက်ကိုကြည့်ကာ ဘဘ ပြောလာပါ၏။ ထမင်းပင် ဆက်မစားဖြစ်သေးပဲ စောင့်နေသည့်သော ..။ ဤသို့ကျတော့လည်း လေးလေးနက်နက်ကြီး ခေါ်ခြင်းပေပဲဟု အင်ကြွင်း နားလည်ကြည်နူးရပါ၏။ သြော် .. ခံဖက်နံ့ရုံကွယ်လေးမှာ ရပ်နေရင်း အားငယ်နေသည့် လုံမေပျိုလေး .. ဤအဖြစ်တွေကိုမြင်လျှင် .. ကြားလျှင် အရမ်းကို .. ဝမ်းသာရှာတော့မည် ..။ ခမျာ .. တံခါးနားမှာပင် မနေရဲဘဲ .. နံရံ ခပ်ဝေးဝေး နေရာလေးမှာ သွားရပ်နေခဲ့ရှာသည် မဟုတ်ပါလား ..။

"မမလတ်ကို မိစီ ပြောတာ .. ဟဲ့ မိစီ .. ဘာလို့ .. ငါ့ကို .. အဲသလို မဟုတ်မဟတ် လာပြောရတာလဲ ..

www.burmeseclassic.com

www.burmeseclassic.com



ဟု ချက်ချင်း ခပ်လှမ်းလှမ်းမှာ ရှိနေပါသည့် မိစီကို မေမေ လှမ်းခေါ်တော့ မိစီ တစ်ချက် ကြောင်အမ်းအမ်းဖြင့် ကြည့်ရှာပေမယ့် ..။ မေမေ့ မျက်နှာတင်းကြီးကိုလန့်လျက် ပြန်မပြောရဲဘဲ ခေါင်းငုံ့ချလိုက်သည်။

"သွား .. ခြံထဲမှာသွားပြီး စိုက်ခင်းတွေလုပ်နေ ... ငါ့ရှေ့မှာ ရပ်မနေနဲ့ .. ငါ ခေါ်လိုက်ရ .."

ထပ်ခေါ်တော့ မိစီ ကုပ်ကုပ်လေး ထွက်သွားရှာပါ၏။ မေမေ လှမ်း၍ ဘဘကိုကြည့်ကာ ..

"မမလတ်လဲ .. ထမင်းစားသောက်ပြီးချိန်ကျမှ .. ညည့်ခန်းမှာ အေးအေးဆေးဆေး ထိုင်ရင်း .. လုံမေပျို စာမေးပွဲအောင်တာ .. သူ့ကိုပညာဆက်သင်ဖို့ကိစ္စ ပြောဖို့ပါပဲ .. မိစီ လာပြောတာကို အဟုတ်ထင်ပြီး .. အဝေးသင်တက်ချင်တယ်ဆိုတာကိုတောင် ပြောပြမလို့ပါ၊ ခုတော့ .. သူ့အစ်မ အင်ကြင်းနဲ့တောင် ပြောနေခဲ့ကြတာကိုး .. အင်ကြင်း သွားခေါ် .. သွားခေါ် .."

ဟု မေမေ အရာရာကို နိုင်နင်းစွာ စကားသွင်းနိုင်လျက် ပြုံး၍ပြောစဉ်ခိုက် အင်ကြင်း ပျိုလေးကိုခေါ်ဖို့ အခန်းပြင်သို့ ထွက်ခဲ့ပါပြီ ..။ ဘယ်သူသိသိ ..။ မသိသိ ..။ အင်ကြင်းသိသည် ..။ မေမေ လိမ်နေသည်ဟု ..။ မိစီလည်း မေမေ့ကို ဘာမျှမပြော ..။ ဒါကိုလည်း အင်ကြင်းမေ သိသည် ..။ ပျိုလေးကို အိမ်ထဲမှာပဲ ထားချင်နေတာမို့ .. အဝေးသင်တက်မည်ဟု ပြောတာကိုလည်း သိသည် ..။ အင်ကြင်းကတော့ .. ပျိုလေးကို .. အပြင်သို့ ခေါ်သွားချင်သည်။ ဤငုဝါမြိုင်အိမ်ကြီးမှာ တကုပ်ကုပ်



နှင့် အိမ်အလုပ်တွေ လုပ်လုပ်နေရရင်း .. ဘယ်ကိုမျှမသွားရဘဲ ရှိနေတာကို အင်ကြင်း အဖြစ်မခံချင် ..။ ကျောင်းသွား ကျောင်းပြန်ကိုလည်း မေမေသည် ပျိုလေးကို အိမ်မှာဈေးဝယ်သုံးထွက်သည့် မာဇဒါကားဟောင်းလေးဖြင့် လေးလေးကျော်နှင့် ပို့ခိုင်းကြိုခိုင်းသည်ပါပဲ ..။ ဆယ်တန်းသာအောင်ခဲ့ရပြီ ..။ အိမ်ကပချိန်ကြီးကို ဘယ်တုန်းကမှ လုံမေပျို မစီးခဲ့စဖူး ..။ ဒါတွေကို .. ဘဘ မသိခဲ့ ..။ ဘယ်တုန်းကမှလဲ လုံမေပျိုကို ဘဘ အာရုံမထားခဲ့ ..။ မနက်စောစော ဘရိတ်ဖတ်စ် စားပြီးတာနဲ့ စက်ရုံကို ဘဘ သွားပြီ ..။ အိမ်မှာ .. ပျိုလေး အဘယ်မျှထိ ညှိုးသိမ်စွာနေရသည်ဆိုတာ ဘဘ သိခဲ့တာမရှိ ..။ သိဖို့လည်း မကြိုးစား ..။ ဘဘ၏ရင်ထဲမှာ .. ပျိုလေးသည် .. အန်ကီယုဇန၏သမီး ..။ ဘဘ၏မေမေ့ကိုသတ်သည့် ချွေးမ ဒေါ်ယုဇန၏သမီး ..။ ကိုယ့်ရှေ့နေးသည်က .. ကိုယ့်အမေကိုသတ်သည်ဆိုသည့် အဖြစ်ကို ကြုံရသည့်နောက်မှာ .. ဘဘ၏အမုန်းသည် အန်တီယုဇနအပေါ်မှာရော ... ပျိုလေး အပေါ်မှာရော သက်ဆင်းခဲ့သည်ပဲ ..။ ပျိုလေးကို သမီးအဖြစ် အသိအမှတ်မပြုတာတော့ မဟုတ် ..။ ဒါပေမဲ့ .. ချစ်။ ဤသို့နေခဲ့သည့် ဘဘသည် .. ဤနေ့မှာ .. ပျိုလေးကို ခေါ်ဖို့ ပြောနေခဲ့ချေပြီတကား ..။

အင်ကြင်းပျိုလေးကိုကြည့်တော့ ကြမ်းပြင်လေးပေါ်မှာ ထိုင်နေသည့် ညှိုးဖျော့ဖျော့ မျက်နှာလေးနှင့် ရှိနေပါသည့် မြင်ကွင်းနှင့် ကြုံသည်။ သားမွေးကော်ဇော စိမ်းမြမြထက်မှာ ပျိုလေး ထိုင်နေသည်က အားကုန်အားပြတ် ဆန်နေသည်။ တုန့်အုပ်ချောက်ချားခြင်းက မျက်နှာလေးထက်မှာ အုပ်စီးထားနေ

www.burmeseclassic.com

www.burmeseclassic.com



သည့်အဖြစ် ..။ မျက်ဝန်းလေးတွေ မှိန်ဖျော့နေကာ မျက်ရည်တွေ
ပြည့်သိပ်နေရင်းမှ တုန့်ခါနေသည့် နှုတ်ခမ်းဆီမှ တိုးသက်စွာ
ပွင့်ကျလာပါသည့် ... အသံတိုးသဲ့သဲ့လေးဖြင့် ...

"ဖေဖေ .. စိတ်ဆိုးနေပြီလားဟင် .."

ဟု အားငယ်စွာ မေ့မေးလာတော့ အင်ကြင်းမေ
ရင်ထဲမခံသာ ..။ မျက်ရည်လိုက်ကျရရင်းမှ ပျိုလေး၏ဘေးမှာ
ထိုင်ချလိုက်ရပါပြီတည်း ..။ ပခုံးလေးပေါ် လက်ကိုဖေးတင်ကာ
ငေးစိုက်ကြည့်မိရသည်က အားငယ်ညှိုးသိမ်စွာ ရှိနေသည့် မျက်နှာ
လေးကိုပါ ..။ မျက်ရည်တွေကျလာရင်းမှ ခေါင်းလေးပြန်၍ငုံ့
လိုက်ကာ ..

"ဒါကြောင့် .. မိပျို .. ဖေဖေ့ဆီ မလိုက်ရဲဘူးလို့ ပြော
တာပါ မမလေးရယ် .. ဒီနေ့မှာ .. ပျိုလေး ဖေဖေ့ကို
မဆိုင်ရဲဘူး .. ဆယ်တန်းအောင်တာကို ဖေဖေ သိမှာ
မဟုတ်ဘူး ဆိုတာကိုလဲ မိပျို သိနေတယ် .. ဖေဖေ စိတ်
ဝင်စားမှာ မဟုတ်ဘူးဆိုတာကိုလဲ မိပျို သိနေတယ် ..
မိပျိုဟာ .. မိပျိုဟာ .. ဖေဖေ့အတွက် .. ဘာမှအရေး
ကြီးတဲ့ .. သမီးတစ်ယောက်ပါ မမလေးရယ် .. မိပျို
ဆယ်တန်းအောင်တဲ့အထိ ပညာသင်ခဲ့ရတာကိုပဲ ကျေနပ်
ရပါပြီ .. ဒီငုဝါမြိုင်မှာ နေနေရတာကိုပဲ .. လုံခြုံလှပါပြီ
မမလေးရယ် .."

ဟု သိမ်ငယ်သံလေးဖြင့် ပြောနေသည်က မျှော်လင့်
ချက်ဆိုတာ ဘယ်သောအခါမျှ ရှိမလာနိုင်သည်ပဲဟု အနာဂတ်
ကာလအထိ တစ်ဆုံးကြီး တွေးသိထားပုံလေးဖြင့်ပါ ..။ အင်ကြင်း



မေ လုံမေပျို၏ မျက်နှာလေးကို ဖေးမော့လိုက်ရင်းမှ မျက်ရည်
သုတ်ပေးသည်။ ပြုံး၍လည်း ကြည့်သည်။ အစ်မတစ်ယောက်၏
ချစ်ကြင်သော အငွေ့အသက်တို့က ကြည်စင်စွာ မျက်နှာလေးထက်
မှာ ဖေးတင်၏။ ပျော့ရွှင်ချမ်းမြေ့နေသည့် အကြည့်နှင့် အပြုံးကို
တွေ့ရသည်မို့ ပျိုလေး တစ်ချက် မှင်မှင်တက်တက်ကြီးဖြင့် နား
လည်နိုင်သည့်နှယ် ခပ်ငေးငေး မော့ငေးကြည့်လာသည်။ နောက်
တော့ .. မယုံရဲနိုင်သည့် အကြည့်လေးတွေ ဖြစ်လာသည်။ ဟုတ်
သည် ..။

အမျှော်တွေ ပြည့်သိပ်နေသည့် မျက်နှာလေးဖြင့်
မျက်ရည်လေးတွေစေ့နေရင်း ကြည်နူးစွာကြည့်နေသည့် အင်ကြင်း
မေ၏ အကြည့်တွေဆီမှ အဖြေတစ်ခုကို လုံမေပျို ရှာဖွေတွေ့ရှိမည်
သာ ..။ ထိုအဖြေကို .. လတ်တလောကြီးမှာ လုံမေပျို ယုံလိုက်ဖို့
ပင် မဝံ့ရဲနိုင်ပဲ ဖြစ်နေရှာမှန်း အရမ်းကို သိသာနေသည်ပါပဲ ..။

တစ်ချက် အင်ကြင်းမေ စတင်၍ရယ်သည်။ လုံမေပျို
၏ နဖူးလေးကို နမ်းသည်။

"ဘဘက .. ပျိုလေးကို ခေါ်ခိုင်းတယ် .. ပျိုလေး ဥပဒေ
တက်ချင်တာကအစ .. မမလေး ပြောပြထားတယ် ..
မကြောက်နဲ့ .. ဘဘ မေးလာတဲ့အခါ .. ရိုးရိုးသားသား
ပြောပြလိုက် .."

ဟု ပြောလည်းပြော ..။ လုံမေပျို၏ လက်လေးကို
ဆွဲ၍ ခြေလှမ်းသွက်သွက်ဖြင့် ခေါ်သွားသည်ပါပဲ ..။ အင်ကြင်းမေ
ခေါ်ရာနောက်ဆီသို့ နောက်တော်ပါလေးအဖြစ် မျက်နှာလေးငယ်
လျက် ပါလာရပါသည့် လုံမေပျို အခန်းထဲရောက်တော့ မရဲ

www.burmeseclassic.com

www.burmeseclassic.com



သည့်စိတ်လေးဖြင့် ကြည့်မိသည်က ဖေဖေ့ကိုပါ ..။ ဖေဖေကြည့်နေသည်ပဲ ..။ ရင်သည် .. အရှိန်အဟုန်ပြင်းပြင်းဖြင့် ခါနေသည်။ ဖေဖေ့အကြည့်တွေက .. နူးညံ့နေကြချေသည်တကား ..။

ဘုရားရေ ..။ ဖေဖေသည် ... ဖေဖေသည် .. မိပျို့ကို .. သမီးတစ်ယောက်အဖြစ် .. လှမ်းကြည့်နေချေသည်တကား ..။ ခက်ထန်မှုမရှိသည့် အကြည့်တစ်ခုကို .. ပျို့လေး အငမ်းမရ မွတ်သိပ်စွာ မျက်တောင်မခတ် ကြည့်နေမိသည်။ မရုပ်သိမ်းလိုက်ပါနဲ့ ဖေဖေရယ် ..။

အဲဒီအကြည့်တွေကို မရုပ်သိမ်းလိုက်ပါနဲ့ ..။ သမီးလေ .. အဲဒီအကြည့်တွေကို .. မြင်ခွင့်ရဖို့ တောင့်တခဲ့ရတာကြာလှပါပြီ ..။ မမျှော်လင့်ရဲတဲ့ကြားထဲက .. တောင့်တမွတ်သိပ်ရတာ ကြာလှပါပြီ ဖေဖေရယ် ..။

အတွေးသည် နင့်နင့်ပါအောင် ရင်ထဲမှာ မောက်လျှံနေပြီ ..။ ဖြစ်နိုင်မည်ဆိုလျှင် ..။ သြော် .. ဖြစ်ခွင့်သာမည်ဆိုလျှင်ဖြင့် .. ဖေဖေ့ ရင်ခွင်တွင်းသို့သာ ပြေးဝင်လိုက်ချင်သည်မို့ပဲ ..။ ဖေဖေ .. ဟု အဆက်မပြတ် ခေါ်နေချင်သည်ပါပဲ ..။ ဖေဖေ့ရင်ခွင် .. ဖေဖေ့ ရင်ငွေ့ကို .. မိပျို့ .. ခိုခွင့်မရခဲ့တာ ကြာတောင့်ကြာရှည် ရှိခဲ့ချေသည်ပဲလေ ..။ မိပျို့ ဆယ်နှစ်သမီးမှာ ဘွားဆုံးသည်။ ဘွားကိုသတ်မှုဖြင့် မေမေ ထောင်ကျရသည် ထိုနေ့သည် .. ဘွားဆုံးသောနေ့ ..။ မေမေနှင့် ဝေးရသောနေ့ .. မေမေ့ကို အရမ်းနာကြည်းသွားပါလေသော ဖေဖေ့အမုန်းသည် မေမေ့ထံမှာပင် တန့်ရပ်တန့်နား ရှိခဲ့တာမဟုတ် ..။ ထိုနေ့တွင်ပင် ဖေဖေ့အမုန်းသည် မိပျို့ထံသို့လည်း ကျရောက်ခဲ့သည်။



"အမေနဲ့တူတဲ့ သမီး .. သူ့မျက်နှာ မြင်ရတာ နေလိုမီးလို ပူတယ် .. ခေါ်သွားကြ .. ခေါ်သွားကြ .."

ဟု အော်ပြောခဲ့ပါသော ဖေဖေသည် .. ဘယ်သောအခါတွင်မှ .. မိပျို့ကို ထွေးပိုက်တာမျိုး မရှိခဲ့တော့ ..။ ယခင်တုံးကနယ် ခွံ့ကျွေးတာလည်း မရှိခဲ့တော့ ..။ စကားလည်းမပြောခဲ့တော့ ..။ ဒေါ်ကြီးနှင်းတို့ မနည်းကြီး ဖျောင်းဖျနားချမှုတော့မှ လုံမေပျို့ ဆိုတာ ဖေဖေနှင့် ထမင်းတူတူစားခွင့် ရခဲ့သည် မဟုတ်ပါလား ..။

ထိုအဖြစ်တို့သည် .. ရှစ်နှစ်သို့ပင် တိုင်ခဲ့ပြီပဲလေ ..။

သြော် .. ခုတော့ .. ခုတော့ .. ထိုပျောက်ဆုံးနေသော .. နူးညံ့သိမ်မွေ့သည့် အကြည့်တို့သည် ဖေဖေ့မျက်ဝန်းဆီမှာ ပြန်၍ဖြစ်တည်လာကြချေသည်တကား ..။

"လာ .. လာခဲ့ .. ရှေ့ကိုလာခဲ့ .."

ဖေဖေ လက်ပြသည်မို့ မဝံ့မရဲလေး ဖေဖေ့ရှေ့မှာ လုံမေပျို့ ရပ်သည်။ လက်ကလေး ပိုက်ထားရမည်လား ..။ လက်ကိုဘေးချထားရမည်လား ..။ ဘာလုပ်ရမှန်းပင် မသိနိုင်လောက်အောင် စိတ်တွေက အဲ့လှုပ်ရှားကြီး လှုပ်ရှားနေမိရဆဲ ..။ ဖေဖေကလည်း လုံမေပျို့ကို ကြည့်နေသည်ပါပဲ ..။ လက်ကလေး ပိုက်လိုက်ကာ ရပ်နေရာမှ .. ဖေဖေ့ရှေ့ ရပ်နေရာမှာကို မနေတတ်သည်မို့ ဖေဖေ့ခြေရင်းမှာ ယို့ယို့လေး ထိုင်ချလိုက်တော့ ဖေဖေ့မျက်နှာထက်မှာ စိတ်ထိခိုက်သည့် အငွေ့အသက်တွေ တိုးဝေ့ဝင်ရောက်လာကြပါ၏။ အတန်ကြာမျှ ဖေဖေသည်လည်း မျက်တောင်မခတ်ပဲ လုံမေပျို့ကို ကြည့်နေပါ၏။ လက်တွေက သမီး၏

www.burmeseclassic.com

www.burmeseclassic.com



ဆံစကို သပ်ပေးမယောင် တစ်ချက် ရွေ့သွားပြီးမှ ပြန်၍ငြိမ်သက်သွားပြန်ပါ၏။

"ဆယ်တန်းအောင်တာကို .. ဝမ်းသာတယ် လုံမေပျို ..
ကျောင်းတက်ချင်တယ်ဆို .. ဥပဒေတက်ချင်တယ်ဆို ..
အင်ကြင်းနဲ့တူတူ သွားချင်တယ်ဆို .."

လုံမေပျို ဖေဖေ့ကို မော့ကြည့်မိသည်။ အဖြေကို စောင့်နေသည့် ဖေဖေ့ မျက်နှာထက်မှာ တွေ့နေကျ နာကြည်းနာကျင်ရိပ်တွေ ကင်းစင်နေသည်။ စိတ်ရှည်စွာဖြင့် လုံမေပျိုထံမှ အဖြေကို စောင့်နေသည့်အသွင် ..။ လုံမေပျို ကြီးလတ်ကို ကြည့်မိရပါ၏။ တည်တင်းစွာ မမလေးအင်ကြင်းကို စိုက်ကြည့်နေသည့်အကြည့်ကို လှမ်းမြင်ရသည်ပါပဲ ..။ ဤအဖြစ်တွေအားလုံးသည် .. မမလေးကြောင့် ဖြစ်တည်လာရသည်ကိုးလေ ..။ မမကြီးသဇင်မေသည်လည်း ဖေဖေ့ကိုရော မိပျိုကိုရော ကြည့်ဖို့ သတိမရနိုင်သေးပဲ ..။ မမလေးအင်ကြင်းကိုသာ မျက်နှာမှုန်လျက် ကြည့်နေသည့်အဖြစ် ..။

လုံမေပျို ခေါင်းလေးတစ်ချက် ငုံ့ချလိုက်သည်။ ဖြေရမှာမရဲ ..။ မမကြီး၏ဒေါသ ..။ ကြီးလတ်၏အမုန်းတို့ကို .. မိပျို .. ခံရချေဦးတော့မည် ..။

ဒါပေမဲ့ .. မမလေး၏ အရမ်းကိုကြိုးစားရယူချင်ခဲ့ပါသည့် ဤအဖြစ်တစ်ခုကို မိပျို မဖျက်ဆီးရက် ..။ ပြီးတော့ .. ဖေဖေ့ထံမှ ရရှိလာပါသည့် ဂရုတစိုက်နှင့် အေးချမ်းစွာ မေးလာပါသည့် ဤကြည်နူးဖွယ်အဖြစ်ကိုလည်း မဖျက်ဆီးရက် ..။ အဖျက်ဆီးလည်း မခံနိုင် ..။ အို .. ဖေဖေ့ထံမှ .. ဤမျှကောင်း



သောက်မလွန်းစွာ ရရှိရပါလေသော .. ကြင်နာမှုကို .. ဤတစ်နေ့လေးပဲ ပိုင်ဆိုင်ခွင့်ရခဲ့စေဦး .. မိပျို သေရမည်ကိုပင်လျှင် သေပျော်ရပါသည့် အဖြစ်ပါ ..။

"ဖြေလေ .."

ဖေဖေ ထပ်ပြောလာခိုက် လုံမေပျို လက်အုပ်လေး ချီလိုက်မိကာ ဖေဖေ့ပေါင်ပေါ် လက်အုပ်ချီထားသည့် လက်လေးကို ဖေးတင်မိရင်းမှ ခေါင်းကို လက်ပေါ်နဖူးဖြင့် ဦးခိုက်တင်ထားလိုက်မိရင်း ..

"ဟုတ်ပါတယ် ဖေဖေ .."

ဟု ဖြေမိလိုက်ရပါပြီ ..။ မိပျို ပညာသင်ခွင့်ရတာကို .. ဝမ်းသာပါတယ် ဖေဖေ ..။ မိပျို ရှေ့နေဖြစ်ချင်တာကို ဖြစ်ခွင့်ရမှာမို့ ဝမ်းသာလှပါတယ် ဖေဖေ ..။ ဒါပေမဲ့ ဖေဖေရယ် ..။ အဲဒါတွေထက် ပိုဝမ်းသာနေရ .. ကြည်နူးနေရ .. ရူးမတတ် .. ပျော်နေမိရတာက .. ဖေဖေ့ကို .. ခုလို .. လက်အုပ်ချီခွင့် ..။ ဖေဖေ့ပေါင်ပေါ်မှာ ခေါင်းကို ဖေးတင်ခွင့်ရတဲ့အတွက်ပါ ..။ နောက်နေ့တွေမှာ .. အို .. ခဏလေးနေရင်တောင်မှ .. ဒီအခွင့်အရေးကို .. မိပျို ဆက်ရခွင့် ရှိချင်မှ ရှိတော့မှာပါ ဖေဖေ ..။ ခု .. ခု .. ဒီအခွင့်အရေးကို .. မိပျို .. ရလိုက်ပါပြီ ..။ ဒီခိုက်လေးမှာ ဖေဖေ့အချစ်ကို ခံယူရင်း .. မိပျို .. မျက်ရည်ကျနေရပါပြီ ဖေဖေရယ် ..။

မိပျိုကို မျက်ရည်ကျခွင့်လည်း ပေးလိုက်ပါတော့ ဖေဖေရယ် ..။

ပေးလိုက်ပါတော့ ..။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့လက်တွေ ဆံစသို့ ဖေးတင်လာကြတာ ..။ ခပ်ဖွဖွ ဖေးသပ်လာကြတာကို .. လုံမေပျို ခံယူနေရရင်း ရှိုက်သံတစ်ချက်ပွင့်၏။

"အင်ကြင်းမေ .. သူ့ကို .. ကျောင်းတက်တဲ့အခါ .. ဂရုစိုက်ရမယ်နော် .."

ဆိုသည့် ဖေဖေ့စကားတို့သည် .. မိပျိုကို .. ကျောင်းဆက်တက်ခွင့် ပေးလိုက်ခြင်း မဟုတ်ပါလား ..။

ဤတစ်ကြိမ်မှာတော့ ဖေဖေ့ ရင်ခွင်မှာ လုံမေပျိုကလေးလိုပဲ အတင်းကြီး တိုးဝင်ပစ်လိုက်ကာ ဖေဖေ့ကိုအတင်းကြီးဖက်ထားရင်း .. ကလေးလို ရှိုက်ကြီးတငင် ငိုချလိုက်မိရပါပြီတည်း ..။ နောက်ကို .. နောက်ကို .. ဖေဖေ .. သမီးကို .. ရင်ခွင်ထဲက တွန်းထုတ်ချင် ထုတ်လိုက်ပါ ဖေဖေရယ် ..။ ဒီနေ့မှာ .. ဒီနေ့မှာ .. ဖေဖေ့ကို သမီး .. ရင်ခွင်ထဲ တိုးဝင်ခွင့် ..။ ဖေဖေ့ကို ဖက်ထားခွင့်လေး ရပါရစေ ..။

ရှစ်နှစ်လုံးလုံး မက်မောတိုးဝင်ချင်နေရပါတဲ့ သမီးတစ်ယောက်ရဲ့ .. မျက်ရည်ကို .. ဖေဖေ မြင်ပေးပါ ..။ ဖေဖေ့ရင်ခွင်ထဲ တိုးဝင်ချင်နေတဲ့ .. သမီးလေး တစ်ယောက်ရဲ့ မွတ်သိပ်မှုကို .. ဖေဖေ သိပေးပါ ..။

ဟိုတုန်းကလို .. သမီးကို .. သမီးကို .. ဖေဖေ .. မချစ်နိုင်တော့ရင်တောင်မှ .. ဒီအချိန်လေးမှာ .. သမီးကိုတွန်းမထုတ်ပစ်လိုက်ပါနဲ့လား ဖေဖေရယ် ..။

တွန်းမထုတ်ပစ်လိုက်ပါနဲ့လား ..။

* ❤ *



## အခန်း(၂)

"အဲဒီနေ့က .. မေမေ့ကို ဘယ်လိုဖမ်းသွားကြတာလဲ ဘဘသော်ရယ် .. မိပျိုကို ပြောပြပါ .. မိပျို ကျောင်းကပြန်လာတော့ မေမေ မရှိတော့ဘူး .. ဖေဖေက အရမ်း မေမေ့ကို မုန်းနေတယ် .. မိပျိုကိုလဲ .. မကြည့်ချင်ဘူးလို့ အော်ငေါက်ထုတ်နေတယ် .. ဘွားရဲ့အလောင်းကို နောက်နေ့မှာ .. ငုဝါမြိုင်ကို ဆေးရုံကြီး ရင်ခွဲရုံက သယ်လာရတယ် .. အဲဒါတွေ အားလုံးဟာ .. မိပျိုကို ကျိန်စာတိုက်ထားသလိုပါ .. ဒီနေ့ဟာ .. မိပျို ဆယ်တန်းအောင်တဲ့နေ့ပါ ဘဘသော်ရယ် .. ဒီအဖြစ်ကို သိချင်လွန်းလို့ ဘဘသော်ကို မေးခဲ့သမျှ .. ပြောမှမပြောပြခဲ့တာ .. ဒီတစ်ခါတော့ .. မိပျိုကို .. ပြောပြပါ .."

ပန်းပင်လေးတွေ မြေဆွနေရင်းမှ မိပျို ဘဘသော်ကို ခပ်ယယလေးပြောတော့ ဘဘသော် သက်ပြင်းရှိုက်ပါ၏။ သုံးထပ်အဆောက်အအုံ မြင့်မြင့်ကြီးအဖြစ် ရှိပါသည့် ငုဝါမြိုင်အိမ်ကြီးကိုလည်း လှမ်းလင့်ကြည့်သည်။ ခေါင်းယမ်းပစ်လိုက်တာ ..

www.burmeseclassic.com

www.burmeseclassic.com



"ဘဝဇာတ်ကြောင်း တစ်ခုဆိုတာကတော့ ရှိကြစမြဲပါပဲလေ .. ဒီငုဝါမြိုင်အိမ်ကြီးမှာရှိကြတဲ့ သူတွေရဲ့ ဘဝဇာတ်ကြောင်း ဆိုတာကျတော့လဲ .. မေမေကြီးရဲ့ဇာတ်သိမ်းမလှသလို .. မမလေး ယုဇနရဲ့ဇာတ်သိမ်းလည်း မလှခဲ့တာအမှန်ပါပဲ .. ဒီအကြောင်းတွေ ဘဘသော် မပြောချင်ပါဘူး .. မိန်းကလေးကို မပြောပြချင်နေပါဘူးကွယ် .."

ခပ်ညည်းညည်း ပြောကာ လုပ်လက်စ ပေါင်းရှင်းမြေဆွအလုပ်ကို တန့်ပစ်လျက် ရေတမာရိပ်မှာသွား၍ ဆေးလိပ်ဖွာငေးနေတော့ လုံမေပျို ဘဘသော်ထံ သွားထိုင်မိရပါ၏။

"မိပျို ဆယ်နှစ်သမီးမှာ အဲဒါတွေ ဖြစ်ခဲ့တာပါ ဘဘသော်ရယ် .. မေမေ ဘယ်လောက်လှတာ .. စိတ်ထားနူးညံ့အေးချမ်းတာ မိပျို သိနေတာပဲဥစ္စာ .. ဘွားကို .. မေမေက ဘာလို့သတ်ရမှာလဲ .. သတ်ရက်နေရမှာလဲ .. ဒါပေမဲ့ ဘွားကို မေမေ ဓားနဲ့ထိုးသတ်ပစ်ခဲ့တယ် ဆိုတာက ဖြစ်ခဲ့ရပြီးနေပြီလေ .. အဲဒါကို .. မိပျို မယုံရက်နိုင်ပဲ ဖြစ်နေတာ .. ဘွားဟာ .. မိပျိုကို ချစ်ပေမယ့် .. မေမေ့ကို .. သိပ်မကြည်ဖြူချင်ဘူး ဆိုတာလောက်ကိုတော့ .. ကလေးပေမယ့် မိပျို နားလည်နေခဲ့တာပါပဲ .. ဖေဖေ အလွန်ချစ်တဲ့ မေမေ့ကို .. ဘွား စကားတောင်မှ သိပ်ဟက်ဟက်ပက်ပက် မပြောချင်ခဲ့ပဲလေ .. ဒါပေမဲ့ .. မိပျို .. သိထားတာတစ်ခုက .. မေမေဟာ .. ဘုရားစောင်းတန်းမှာ ပန်းရောင်းတဲ့သူမို့ .. ဘွားက မကြည်ဖြူနိုင်တာ ဆိုတာကို .. မေမေ ပြောပြခဲ့လို့ သိခဲ့ရတာတော့ ရှိပါတယ် .."



လုံမေပျို ပြောနေရင်း ပြောနေရင်း မျက်ရည်ကျလာသည်။ အရှမ်းချမ်းသာသော ဖေဖေသည် ဘုရားမှာ ပန်းလှူဖို့ ပန်းဝယ်ရင်း မေမေနှင့် ဆုံဖြစ်ခဲ့သည်တဲ့ ..။

အေးမြတည်ငြိမ်သော အလှများကို ပိုင်ဆိုင်ပါသည့် မေမေ့ကို ဖေဖေ မြတ်နိုးသွားခဲ့သည်မို့ မေမေ့မေတ္တာကိုရဖို့ နှစ်နှင့်ချီ၍ စောင့်ခဲ့ရသည့်နောက်မှာ မေတ္တာမျှခဲ့ကြရသည်တဲ့ ..။

မေမေနှင့် တရားရုံးမှာ ဖေဖေ လက်ထပ်ခဲ့ကာ ဤငုဝါမြိုင်အိမ်ကြီးဆီသို့ ဖေဖေ ခေါ်ခဲ့စဉ်က ဘွားမှာ ရင်တီးလက်ခတ် ဖြစ်ခဲ့ရသည်တဲ့လေ ..။ ဒါပေမဲ့ .. သားကိုမခွဲနိုင်သည်မို့ မေမေ့ကိုလည်း ငုဝါမြိုင်အိမ်ကြီးမှာ နေစေခဲ့ပါသည်တဲ့ ..။ ဒါတွေကို .. မေမေ မိပျိုကို ပြောပြခဲ့ဖူးပါ၏။

"မေမေဟာ ပညာလဲ ရှစ်တန်းလောက်ပဲ သင်ခဲ့ရတယ် .. အစ်မဝမ်းကွဲနဲ့အတူ ဆင်းဆင်းရဲရဲလဲ နေခဲ့ရတယ် .. သမီးဖေဖေနဲ့ အိမ်ထောင်ကျရတဲ့အတွက် .. အရိပ်မှာနေရ .. သမီးဖေဖေရဲ့မေတ္တာရိပ်မှာ လုံလုံခြုံခြုံ ချမ်းချမ်းမြေ့မြေ့ နေရပါတယ် သမီးရယ် .. သမီးရဲ့ဘွားဘက်ကကြည့်ရင် မေမေနဲ့ သမီးဖေဖေကို သဘောမမျှတာ အပြစ်မဖွဲ့သာပါဘူး .. သမီးဖေဖေရဲ့ အစ်ကိုကြီးဆို .. လူချမ်းသာသမီးနဲ့ အိမ်ထောင်ကျတာ မဟုတ်လား .. ပညာတတ်ဘွဲ့ရတစ်ယောက်နဲ့ ညားရတာ .. မေမေ့လို ပန်းသည်မမှ မဟုတ်တာကွယ် .. ဘာပဲဖြစ်ဖြစ် .. သမီးကိုလဲ မြေးဆိုပြီး ဘွားက ချစ်တာပဲလေ .. မေမေ့ကိုလဲ .. မကြည်ဖြူပေမယ့် .. ရက်ရက်စက်စက် ဘာမှမခိုင်း .. ဘာမှလဲ

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ပါဘူး .. ခပ်တန်းတန်း နေတာလေးတစ်ခုပဲ ရှိရှာတာပါ .. သမီးဖေဖေက မေမေ့ကို ပွဲတက်မယားအဖြစ် .. တင့်တင့်တယ်တယ် ခေါ်ခေါ်သွားရင်လည်း မတားမြစ်ခဲ့ပါဘူး .. သမီးရဲ့ဘွားဟာ .. ရိုးသားတယ် သမီး၊ သူမှကြည်ဖြူတာကိုလဲ မကွယ်ဝှက်ဖူး .. ဒါပေမဲ့ .. ချွေးမဖြစ်နေပြီမို့ မေမေ့ကိုလဲ .. ချွေးမအဖြစ်တော့ အသိအမှတ်ပြုထားပါတယ် .."

ဟု မေမေ ပြောခဲ့သော စကားများကို မိပျို့မမေ့ ..။ ဟုတ်လည်း ဟုတ်သည်ပါပဲ ..။ ဘွားသည် မိပျို့ကို ချစ်လည်းချစ်ခဲ့သည်ပါပဲ ..။

ဘွားဆုံးသည့်နေ့သည် မေမေ့ကိုလည်း မိပျို့ ခွဲခဲ့ရသောနေ့ ဖြစ်ပါချေ၏။

ထိုနေ့က မိပျို့ ကျောင်းကပြန်လာတော့ အိမ်မှာ အားလုံး မျက်ရည်တွေနှင့် ဖြစ်ကုန်ကြပြီ။ ဖေဖေဆိုတာ စာကြည့်ခန်းထဲကကို မထွက် ..။ ဘွား၏ စာကြည့်ခန်းထဲမှာ အခန်းထောင့်ရှိ ထိုင်ခုံထက်မှာ ငြိမ်သက်ငိုင်နေလျက် ..။ မျက်ရည်တွေကျနေသည့်အဖြစ် ..။

ထိုနေ့ကို မိပျို့ မမေ့ ..။ ဟုတ်သည် ..။ ဘယ်လိုမှလဲ မေ့၍ရနိုင်မည့်နေ့မျိုး မဟုတ်။ ဖေဖေ ရှိရာသို့ မိပျို့ ရောက်သွားချိန်မှာ ဖေဖေသည် မျက်နှာထက်မှာ မျက်ရည်များ စိုနစ်နေသည်။ မျက်လုံးများ နီရဲနေသည်။

မိပျို့ကိုကြည့်၍ ..

"သွား .. သွား .. သွားနေစမ်း .. ဝေးဝေးကို .."



ဟု အော်ငေါက်ထုတ်ခဲ့တာမို့ မိပျို့ ငိုယို၍ ပြေးထွက်လာစဉ်ခိုက်မှာ ဒေါ်ကြီးနှင်း လာ၍ဖက်ခေါ်သွားခဲ့သည်မဟုတ်ပါလား ..။

"တိတ်စမ်း .. ငိုမနေနဲ့ .. နင့်အမေက .. နင့်အဘွားကို သတ်ပစ်တယ် .. နင့်အမေကိုလဲ ဖမ်းသွားပြီ .. နင့်အဘွားကို ခု ဆေးရုံမှာ ရင်ခွဲစစ်ဆေးနေတယ် .. ကြည့်စမ်း .. နင့်အဖေ ဘယ်လောက် စိတ်ထိခိုက်နေရတဲ့နေ့လဲ .. နင့်မျက်နှာကို မြင်ရတာ .. နင့်အမေ မျက်နှာကို မြင်ရတာနဲ့ တူတူပဲ ရှိနေမှာ .. အမေတူ ချွတ်စွတ်တူတဲ့သမီး .."

ကြီးလတ်ကလည်း အောက်ထပ်မှာ မျက်ရည်ကျရင်း အော်နေသည်။ မိပျို့မှာ နေစရာပင် မကျန်ခဲ့ ..။ ကြောက်သည်းကြောက် ..။ ငိုလည်းငိုနှင့် ရှိခဲ့ရသည့်နေ့၊ ထိုနေ့ကို မိပျို့ ဘယ့်နှယ်လုပ်၍ မေ့နိုင်စွမ်းပါမည်တဲ့လဲလေ ..။

"သားကြီးဖြစ်တဲ့ ကိုသစ္စာ ဆုံးတာနဲ့ မုဆိုးမသားအမိသုံးယောက်ကို ငဝါမြို့မှာ ခေါ်တင်ထားရှာတဲ့ ဘွား .. နင်တို့ရဲ့ဘွားကို .. ဒီကောင်မရဲ့အမေက သတ်ပစ်တာဟဲ့ .."

ဟုလည်း မမကြီးမိုးသဇင်နှင့် မမလေးအင်ကြင်းမေတို့ကို ဖက်၍ ဖက်၍ ငိုငိုပြောနေခဲ့ပါသည့် ကြီးလတ်၏ စကားသံတမာကျောကျောကြီးကို ထိုနေ့က ဒေါ်ကြီးနှင်း တစ်ယောက်တည်းကိုသာ အားကိုးရာအဖြစ် အတင်းကြီး ဖက်တွယ်ထားရင်း ငိုနားထောင်နေခဲ့ရပါလေသော ဆယ်နှစ်သမီးအရွယ် လုံမေပျို့ ဘဝဆိုတာက .. ထိုနေ့ကတည်းက ကြေကွဲစွာ စတင်ဖြတ်သန်းရသည့်နေ့ ဖြစ်ခဲ့သည်တကား ..။

www.burmeseclassic.com

www.burmeseclassic.com



ခု .. ခုတော့ရော .. မိပျို ဆိုတာ ဘာများပြောင်းလဲနေခဲ့သည်မို့လဲကွယ် ..။

သိမ်ငယ်ညှိုးဖျော့စွာ နေနေရပါသည့် လုံမေပျိုအဖြစ် ရှိခဲ့ရဆဲ ..။ အို ... မဟုတ်သေး ..။ ဤနေ့မှာတော့ ပြောင်းလဲမှုတစ်ခု ဖြစ်တည်ခဲ့ပြီပဲလေ ..။ ဟုတ်သည် ..။ မိပျို အရမ်းကိုတောင့်တနေသော အဖြစ်ကြီးတစ်ခုကို .. ပိုင်ဆိုင်လိုက်ရသည့် ပြောင်းလဲမှု ဖြစ်နေသည်။

ဖေဖေ့ရင်ခွင်မှာ လုံမေပျို တိုးဝင်ခွင့်ရခဲ့သည် မဟုတ်ပါလား ..။

ဒါပေမဲ့ .. ဖေဖေသည် .. မျက်ရည်ဝေလာနေသော မျက်ဝန်းများဖြင့် တစ်ချက် ငြိမ်သက်နေခဲ့ပြီးသည့်နောက်မှာ .. အလုပ်သွားတော့မည်ဆိုကာ ထွက်ခွာသွားခဲ့သည်ပါပဲ ..။ မိပျို၏ဆံစလေးတွေကို ဖေဖေ သပ်ပေးခဲ့သည့် အဖြစ်သည် .. တန်ဖိုးဖြတ်မရသော ဆုလာဘ်ကြီးတစ်ပါးအဖြစ် မိပျို၏နှလုံးအိမ်မှာ သိမ်းဆည်းထားမိရပါသည့်အဖြစ်။

“ဘာဘသော် .. ဖေဖေက .. မိပျိုကို .. မမလေးအင်ကြင်နဲ့အတူ ဥပဒေတက်ခွင့်ပေးတယ် ဘာဘသော် .. ကျောင်းတူတူသွားကြတဲ့ .. မမလေးက ဒုတိယနှစ် .. မိပျိုက ပထမနှစ် ဆိုတော့ .. မမလေးကို အားကိုးလို့ရတာပေါ့တဲ့ ..”

ဟု ပြောပြတော့ ဘာဘသော် ကိုယ်တြီး ဆတ်ခနဲဖြစ်ကာ မယုံနိုင်သည့်နှယ် တစ်ချက်ကြည့်သည်။ နောက်တော့ ချက်ချင်း မျက်ဝန်းများ ရွှန်းလဲ့လာကြပါ၏။ ပျော်ရွှင်ကြည်နူးသော ခံစားချက်က ဘာဘသော်၏ မျက်နှာထက်မှာ နေရာယူလာကြသည့်နှယ် မယုံနိုင်ရဲလောက်အောင် ခံစားရတာကလည်း ပျောက်လွင့်နိုင်သေး ..။

နောက်တော့ဖြင့် သက်ပြင်းငွေ့ငွေ့ချကာ စိတ်ဒုန်းဒုန်းချလိုက်ပုံဖြင့် ..

“အင်း .. ဘာပဲဖြစ်ဖြစ် .. ဘာဘ .. ဒီနေ့မှာ .. ပျိုလေးကို ပြောပြလိုက်တော့မယ်လို့ပဲ ဆုံးဖြတ်လိုက်ပါပြီကွယ် .. အဲဒီနေ့က .. ဘာဘသော် .. ငုဝါမြိုင်ကို ပန်းမျိုးစေ့ဝယ်ပြီး ပြန်လာတော့ .. ခြံတံခါးက အတွင်းဘက်မှာ သော့မခတ်ပဲ ထားထားတာနဲ့ ကြုံတယ် .. ခါတိုင်းဆို .. ဘာဘအပြင်ကပြန်လာရင် .. မနှင်း လာဖွင့်ပေးနေကျ .. အဲဒီနေ့က .. မနှင်းကို မမလတ်က .. ညနေဘက် ခေါက်ဆွဲချက်စားမယ် ပြောတာမို့ .. ဈေးအဝယ်သွားနေတယ် .. မောင်ကျော်လဲ မနှင်းကို ကားနဲ့လိုက်ပို့ရတာဆိုတော့ .. ခြံတံခါးကို .. ဘာဘသော် ပြန်လာတဲ့အခါ အလွယ်ဝင်နိုင်အောင် အတွင်းဘက်က သော့ချိတ်ရုံပဲ ချိတ်ထားပုံရတယ် .. ဘာဘသော် လက်လျှိုပြီး သော့ကိုဖြုတ်ဝင်ခဲ့တာ .. ခြံထဲလျှောက်လာတော့ ညည်းသံကြားလို့ကြည့်တော့ .. မမလေးယုဇနရဲ့လက်ထဲမှာက ဓား .. သွေးအိုင်ထဲမှာရှိနေတာက မေမေကြီး .. အဲဒါကိုမြင်တော့ ဘာဘသော်လဲ လန့်ပြီး အိမ်ထဲအော်ပြေးတာပဲ .. အစ်ကိုလေးက အပေါ်ထပ်မှာ .. အလုပ်သွားဖို့ ပြင်နေပုံရတယ် .. ပြေးဆင်းလာတာပဲ .. ဟိုရောက်တော့ .. ပျိုလေးရဲ့ဘွား တစ်ချက်သတိ



www.burmeseclassic.com

www.burmeseclassic.com



လည်လာတယ် .. အစ်ကိုလေးခများ အမေကိုပွေ့ပြီး ငိုလဲ ငို .. ဆေးရုံပို့ဖို့အတွက် .. ကားထုတ်ဖို့ပြောတော့ မောင်ကျော်ကလဲ ဈေးပို့သွားနေတယ် .. အိမ်မှာက မရှိဘူးဖြစ်နေတယ် .. ဘဘသော်ကလဲ ကားမောင်းတတ်တာမှ မဟုတ်တာ .. အစ်ကိုလေးခများ ဖြူဆုတ်နေပြီဖြစ်တဲ့ အမေကို ချထားခဲ့ရမှာလဲခက် .. ဆေးရုံကို ကားနဲ့သွား မောင်းပို့ရမှာ ဖြစ်နေတော့ အမေကိုပွေ့ပြေးမယ် လုပ်တာပဲ .. ကားကိုဒေါင်ထိ ပွေ့ပြေးမယ်ပေါ့ .. အဲဒီအချိန်မှာ.. မေမေကြီးက .. ဓားနဲ့ ငူငိုင်နေတဲ့ မမလေးယုဇနကိုကြည့်ပြီး သူ့လက်ထဲကဓားကို လက်ညှိုးထိုးပြတယ် .. အသံသဲ့သဲ့နဲ့ .. ယုဇန ဆိုတာ သဲ့သဲ့ပြောတယ် .. ခေါင်းယမ်းတယ် .. လက်ကိုခါတယ် .. ပြီးတာနဲ့ ဆုံးရှာတာပါပဲ.. အဲဒါ .. အဲဒီနေ့ကအဖြစ်ပဲ ပျိုလေး .. အစ်ကိုလေးခတာ .. ဓားကို လက်ထဲက မလွှတ်သေးပဲ ကိုင်ထားနေတဲ့ မမလေး ယုဇနကိုကြည့်ပြီး .. ငါ့အမေကို ဘာလို့သတ်တာလဲ .. သတ်တာလဲ .. သူ သဘောမတူတာနဲ့ .. အဖေမလုပ်တာနဲ့ပဲ .. ဒီထိ ရက်စက်ရလားလို့ အော်မေးတာ.. မမလေးကလဲ မဟုတ်ဘူးဆိုတာ ပြောနေတယ် .. အစ်ကိုလေးကလဲ အမေကိုပွေ့ပြီး အိမ်ထဲခေါ်သွား .. ရဲစခန်းကဖုန်းဆက် .. မမလေးယုဇနကို ပါးရိုက်ပစ်ပြီး .. ဘဘသော်ကို စောင့်ကြည့်ခိုင်းထားတော့တာပါပဲ .. မမလေးယုဇ ထွက်မပြေးနိုင်အောင် ကြည့်ထားဆိုတာပဲ ပြောတာရှိတယ်.. အမေကိုပွေ့ပြီး မျက်ရည်ကျနေလိုက်တာလေ .. ရင်ထဲက



မချိအောင်ပါပဲ .. မမလေးယုဇနကို လှည့်ကိုမကြည့်တော့တာ .. အခွေးရထဲ ရေမိုးချိုးဆင်းလာတဲ့ မုံမလတ်ကလဲ.. မမလေးယုဇနကို .. ဒေါသတကြီးနဲ့ထုရိုက်နေတာမို့ ဘဘသော်မှာ မနည်းကိုတားနေရတာ .. မမလေးကတော့ .. သူ မသတ်ဖူးလို့ချည်း ပြောနေတာပါပဲ .."

ဟုပြောတော့ လုံမေပျို မျက်ရည်ကျလာသည်။

ဖျတ်ခနဲ ဘဘသော်ကို ကြည့်လာသည့် အကြည့်က ည်ငြိမ်လွန်းရလျက် ..

"မေမေ ပြောတာကို ဘဘသော် ယုံလားဟင် .."

ဟု မေးချလိုက်သံက မိခင်အပေါ်မှာ အရမ်းကို ကြည်မှုရှိနေသည့် သမီးတစ်ယောက်၏အသံ ဖြစ်နေသည်။ န်ဖြစ်နေသည်။ ဘဘသော် သက်ပြင်းရှိုက်၍ ..

"ဘဘသော် ယုံတယ် မိန်းကလေး .. ယုံတယ် .. သားငါးဝယ်ရင်တောင်မှ အရှင်ဆို မဝယ်ရက်ရဲလောက်အောင် စိတ်ထားနူးညံ့တဲ့ မိန်းကလေး .. ဘုရားစောင်းတန်းမှာ ဘုရားပန်းလှူဖို့အတွက် ပန်းရောင်းပေးနေတဲ့ မိန်းကလေး.. ရုပ်ရည်လေးကအစ .. နူးညံ့သိမ်မွေ့နေတဲ့ မိန်းကလေးပေမို့ ဘဘသော် ယုံတယ် .. ဒါပေမဲ့ .. ခက်တာက .. သူ့လက်ထဲမှာ သမီးဘွားကို သေစေခဲ့တဲ့ဓား ရှိနေတယ်လေ .. မိပျိုလေးရဲ့မေမေကိုပြပြီး ဘွားဆုံးခဲ့တယ်လေ .. ဘယ်လိုဖြစ်ကုန်ကြတယ်ဆိုတာ ဘဘသော်ရဲ့ဉာဏ်နဲ့ မမှီနိုင်အောင်ပါပဲ .. အင်း .. အဆုံးတော့ .. မေမေကြီးကို ရင်ခွဲစစ်ဆေး .. နောက်နေ့ ဇဝါမြိုင်ကို ပြန်သယ်လာ၊ နောက်တော့

www.burmeseclassic.com

www.burmeseclassic.com



လည်း ... ချွေးမသတ်လို့ ဆုံးပါးရရှာတဲ့ ဒေါ်ဖွားရှင်အဖြစ် ဘဝအဆုံးသတ်ခဲ့ရှာတော့တာပါပဲလေ ...”

ဟု ခပ်ညည်းညည်းပြောပြီး လုံမေပျို့ကိုကြည့်တော့ ရေတမာပင်စည်ကိုမှီ၍ ဥယျာဉ်ကျယ်ရှိ နှင်းဆီခင်းဘက်ကို ငေးနေတာမြင်သည်မို့ ...

“ဘာတတ်နိုင်မှာလဲ မိပျို့လေးရယ် ... ဒေါ်ဖွားရှင်သတ်မှုနဲ့ ... မမလေးယုဇနဟာ ... ထောင်ဒဏ်ဆယ်နှစ် ကျခံရတယ် ... သူ့အတွက် အစ်ကိုလေးဟာ ရှေ့နေတောင်မငှားပေးဘူး ... သွားမကြည့်ဘူး၊ သူ့ကို တစ်ရက်မှာ အစ်ကိုလေး သွားတွေ့တယ် ... သွားတွေ့ပြီးနောက်မှာ မမလေးယုဇနက မေမေကြီးကို သူ သတ်ပါတယ်လို့ ရုံးမှာပြောတယ်လို့ ... ဘဘသော် ကြားရတာပါပဲ ... မနေနိုင်လွန်းတာမို့ မနှင်း ခမျာ ငုဝါမြိုင်က မသိအောင် မမလေးကို သွားတွေ့တာတဲ့လေ ... အဲဒီမှာ မမလေးက ... သူ ဝန်ခံပေးလိုက်ပြီဆိုတာ အစ်ကိုလေးကို ပြောပြပေးပါလို့ မှာတာတဲ့ ... မနှင်း ဘယ်သွားပြောပြရဲပါ့မလဲ ... မနှင်းသွားတွေ့တာ အစ်ကိုလေး သိလို့မှ မဖြစ်တာကိုး ... တော်သေးတယ် ... အဲဒီတုန်းက မစီ ဆိုတာ ငုဝါမြိုင်မှာ မရှိသေးလို့ ... သူရှိရင် ဗိုအတွန်းအထောင်လုပ်မှာ ... မမလတ်ရှေ့မှာ မမလေးယုဇန နာမည်တောင်မှ မဟရဘူးလို့ မမလတ်ကလဲ ... အကဲပိုပြီးတော့ကို ... ပြောထားတာဆိုတော့ ... မနှင်း ခမျာ အဲဒီမှာလိုက်တဲ့ဥစ္စာကို ဘယ်ပြောရဲမလဲတွယ် ... မမလေး အတွက် အစိုးရက ရှေ့နေငှားပေးထားတာလေ ...



အဲဒီရှေ့နေလဲ ... ဘယ်လိုလုပ် ကယ်နိုင်ပါ့မလဲ ... မမလေးကိုယ်တိုင်က ... သူ သတ်ပါတယ်လို့ ဝန်ခံတာကိုး ... ထောင်ကျရှာတာပေါ့ ပျို့လေးရယ် ... ဘယ်သူကယ်နိုင်ပါတော့မလဲ ... ဒါပေမဲ့ ... ဘဘသော် မယုံနိုင်ဘူး ... မမလေးဟာ လူသတ်တဲ့ မမလေး မဟုတ်နိုင်ပါဘူး ...”

ဟု ညည်းသည်။ မျက်ရည်တွေ ဝေ့နေရင်းမှ သက်...င်းရှိုက်၏။ နှစ်သက်ကြာအောင် ငုဝါမြိုင်မှာ နေခဲ့တာမို့လည်း ...မြိုင်၏ ကြေကွဲဖွယ်အတိတ်သည် ဘဘသော်၏ နှလုံးအိမ်ဆီသို့...င် ထိခိုက်နေချေမည်သာ ...။ အတွေးဖြင့် လုံမေပျို့ ဘဘသော်၏ ...က်နှာကိုငေးကြည့်နေရင်းမှ မျက်ရည်လည်တက်လာနေရပါပြီ ...။

“မေမေရယ် ... ဘဘသော်တောင်မှ ခံစားတတ်နေရင် ... မိပျို့က ပိုခံစားရတာပေါ့ မေမေရယ် ... မေမေ့အတွက် ... မိပျို့ အမြဲ ဘုရားမှာ ဆုတောင်းပေးပါတယ် မေမေ ... ဘဝရေးဝဋ်ကြွေးရှိလို့ ဒီလိုအဖြစ်ဆိုးထဲမှာ မေမေ ရှိခဲ့ရလေသမျှ ... နောင်ဘဝများမှာ ... ဘယ်သောအခါတွင်မှ ဒီလိုအဖြစ်မျိုး မကြုံရပါစေနဲ့လို့လဲ မိပျို့ ဆုတောင်းပေးပါတယ် မေမေ ...”

မေမေ့အတွက် ရင်ထဲမှစကားတွေ ပြောနေရင်း ...င်ခနဲ ခံစားရသည်။ ဩော် ... မေမေ့အတွက် ... ဖေဖေသည် ...ယ်သောအခါတွင်မျှ ... ဆုမွန်တောင်းပေးရန် မရှိ ...။ နာကြည်း...များနှင့် အမုန်းများကို ယခုတိုင် ဖေဖေ့ရင်မှာ ခိုင်မြဲစွာချည်...င်ထားနေဆဲ ...။ မရှိတော့ပြီဖြစ်ပါသော မေမေ့ကို ... နာကြည်း...ဆဲ ...။

www.burmeseclassic.com

www.burmeseclassic.com



"ဖိုးလေးမေမေ ဆုံးပြီလို့ အစ်ကိုလေး ပြောပြပြီး .. တစ်ပတ်လောက်မှာ ဘဘသော် နာမည်နဲ့ စာတစ်စောင် စာတိုက်က ရောက်လာတယ် .. မမလေး ပို့လာတဲ့စာ .. စာက .. သူ မဆုံးခင် .. နှစ်ပတ်လောက်က ရက်စွဲနဲ့ဖြစ်နေတယ် .."

"ရှင် .. မေမေ့စာ .. မေမေ့စာ .. ဟုတ်လား ဘဘသော် .. မေမေ ဘာတွေရေးထားလဲ ဘဘရယ် .. ပြပါ .. ပြပါ .. မိပျို ဖတ်ပါရစေ .. ဖတ်ပါရစေ .."

ရုတ်ခနဲ ကိုယ်လေးမတ်သွားရကာ .. ရင်သည်လှိုက်တက်လာရလျက် စိတ်လှုပ်ရှားစွာ ကြေကြေကွဲကွဲကြီး မေးလာတော့ ဘဘသော် သက်ပြင်းရှိုက်ရှာပါ၏။

"အဲဒီနေ့က .. ဘဘသော် ဉယျာဉ်ထဲမှာရှိနေတာ .. စာတိုက်က စာလာပို့တော့ ဘဘသော်ပဲ သွားယူလိုက်တာ .. အဲဒီစာတွေထဲမှာ ဘဘသော် နာမည်နဲ့ စာတစ်စောင်လဲပါတယ် .. ဘဘသော်တောင်မှ အံ့သြနေရတာ .. ဘဘသော်လို တစ်ကောင်ကြွက်ကို ဘယ်သူက စာထည့်လာပါလိမ့်ပေါ့ .. အဲဒီစာဟာ .. ပျိုလေးရဲ့မေမေ ရေးလာတဲ့စာပဲ .. စာကို ဖောက်ဖတ်လိုက်တော့မှ .. သူ ကျန်းမာရေးမကောင်းတော့တာ .. ကြာကြာနေရမှာ မဟုတ်ဘူးဆိုတာလဲ သိနေပြီးဖြစ်တာတွေ ရေးလာတယ် .. ပြီးတော့ .. အဲဒီစာအိတ်ထဲမှာ .. သီးသန့်စာတစ်စောင်ပါတယ် ပျိုလေး .. အဲဒါကတော့ .. ပျိုလေးအတွက် ရေးထားတဲ့စာပဲ .. ပျိုလေး .. အရွယ်ရောက်မှ ပေးဖတ်ပါလို့ ဘဘသော်ကိုမှာထားတာ .. အင်း .. ခု .. ဆယ်တန်းတောင်အောင်မှပေါ့ပဲ .. ဘဘသော် .. အဲဒီစာကို ပေးလိုက်တော့မယ် .. သေဆုံးခဲ့ပြီဖြစ်တဲ့သူ တစ်ယောက်ရဲ့ .. ဘဘသော်ဆီကို အပ်နှံထားလေတဲ့တာဝန်ကို .. ဒီနေ့မှာ .. ပြီးဆုံးစေရတော့မှာပေါ့လေ .."

ဟုပြောကာ တစ်ထပ်သွပ်မိုး အိမ်လေးဆီသို့သွားဖို့ အလိုက်စဉ်ခိုက်မှာပဲ မမလေးအင်ကြင်းမေ လျှောက်လာတာမြင်သည်မို့ ပြန်၍ ဘဘသော် ထိုင်လိုက်သည်ပါပဲ ..။

"နောက်မှပဲယူတော့ ပျိုလေးရေ .. အင်ကြင်း နောက်မှာ မိစီလဲ ယောင်ပေပေနဲ့ ပန်းခူးမလို့လို .. ဘာလိုလိုနဲ့သတင်းထောက်ဖို့ ပါလာနေလေရဲ့ .."

ဟု ဘဘသော် စိတ်မောမောဖြင့် ပြောလာစဉ်ခိုက်သုံ့မေပျို မချင့်မရဲကြီး ဖြစ်သွားရပါပြီ ..။ ရင်ထဲမှာ ဇောတင်နေသည်က .. မေမေ့စာကို ဖတ်လိုဇောပါ ..။ မေမေ ဘာတွေများ ရေးသားထားခဲ့ပါသလဲလေ ..။ လွန်ခဲ့သောနှစ်နှစ်က မေမေ့နောက်ဆုံးခရီးတစ်ခုသည် .. ဖေဖေ သွားရောက်သင်္ဂြိုဟ်ပေးလိုက်ခြင်းဖြင့် အဆုံးသတ်သွားခဲ့ရကာ ..။ ထိုခရီးကို .. မိပျိုကိုပင် ဖေဖေသည် ခေါ်မသွားခဲ့ ..။ မေမေ့ကို သင်္ဂြိုဟ်ပြီး ပြန်လာမှ .. ဖေဖေ ပြောပြခဲ့ပါ၏။ မေမေ ဆုံးပြီဟု ..။

ထိုနေ့က .. ဖေဖေသည် .. မိပျိုရှေ့မှာ ရပ်နေသည်။ ဆယ့်ခြောက်နှစ်ရွယ်သမီး၏ရှေ့မှာ ဖေဖေ အတန်ကြာရပ်နေရင်း .. ဘာတွေ ရင်ထဲမှာ တွေးနေချေမည်မသိ။ မိပျို ရှေ့မှာထိုင်လိုက်တာ ဖေဖေ့နှုတ်ခမ်းတွေ တုန်နေတာကို မြင်ခဲ့ရသည်။ မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ဝေ့နေသည့်ကြားထဲမှ ဖေဖေသည် အံခဲထားပါ၏။ နောက်တော့ လုံမေပျို၏လက်ကို ဆုပ်ကိုင်လာသည်။ ဆံစကို သပ်ပေးလာသည်။

"သမီးမေမေ နှလုံးရောဂါနဲ့ဆုံးပြီ သမီး.. သူ့ကို .. ဖေဖေ သဂြိုဟ်ခဲ့တယ် .."

ဟု အသံအက်ကြီးဖြင့် ပြောသံက ခြောက်ခြားနေသည်။ ဖေဖေ့မျက်နှာသည်လည်း ဖြူဆုတ်ဆုတ် နိုင်နေသည်။ မိပျို မယုံနိုင်သလို ဖေဖေ့ကို ငေးကြောင်ကြည့်နေရာမှ မျက်ရည်ပေါက်ကြီးတွေ ဖြိုင်ဖြိုကျလာစဉ်ခိုက် ဖေဖေ ရုတ်ခြည်း အခန်းပြင်ဘက်ဆီသို့ ခြေလှမ်းကျဲကြီးနှင့် ထွက်သွားပါ၏။ အောက်ဘက်ဆီသို့ စကြံရှည်ဝရန်တာဆီမှ ငုံ့ငိုက်ကြည့်ကာ ..

"ဒေါ်နှင်း .. ဒေါ်နှင်း .. လုံမေပျိုကို အဖော်လာလုပ်ပေးပါ .. သူ့နားမှာ နေပေးဝါ .."

ဟု အသံတွေ အက်ခါနေရင်း အော်ပြောနေခဲ့သည်။ ဒေါ်ကြီးနှင်း ကမန်းကတန်း ပြေးတက်လာတော့လည်း ဖေဖေသည် အခန်းတံခါးဝမှာ ပြန်ရပ်နေခဲ့သည့်အတိုင်း မလှုပ်မယှက်ကြီး ရှိနေခဲ့ ..။ မိပျိုကို ငေးစိုက်ကြည့်နေခဲ့ရာမှ ..

"ယုဇန ဆုံးပြီ .. သူ့နားမှာ အမြဲနေပေးပါ .. ကျွန်တော် မနေရက်တော့ဘူး .. မြီးတော့ .. ကျွန်တော်လဲ .."

စကားကို အဆုံးမသတ်နိုင်ဘွာ ပြောခဲ့သည့် ဖေဖေ့အသံတွေသည် အက်အက်ပါအောင် လှိုက်ခါနေကြတာကို .. လုံမေပျို ခုထိမမေ့ ..။ ထိုနေ့က .. ဖေဖေသည်လည်း ဘွား၏ စာကြည့်ခန်းကျယ်ကြီးထဲမှာ တစ်နေ့ကုန် အခန်းတံခါးပိတ်၍ ဘာမျှမစားမသောက်ဘဲ နေနေခဲ့သည်တဲ့ ..။



လုံမေပျိုကရောကွယ် ..။ ဪ .. အထီးကျန်သမီး တစ်ယောက်ကရောကွယ်လေ ..။

လုံမေပျို .. အရမ်းကို ငိုယိုရင်း .. ဖျားခဲ့ရသည် မဟုတ်ပါလား ..။

ထိုဖျားနေစဉ်ကာလများမှာတော့ ဖေဖေသည် မိပျို၏ခုတင်ဘေးမှာ ရှိနေတတ်ခဲ့သည်။ ဖေဖေ စက်ရုံအလုပ်တွေအားလုံးကို ပစ်ထားခဲ့သည်။ သူနာပြုဆရာမတစ်ယောက်ကို စပယ်ရှယ်နာ့စ်အဖြစ် ခေါ်ယူကာ အမြဲမပြတ် ကြည့်စေခဲ့သည်။ ဒေါက်တာဘဘကောင်းနှင့် ကုသပေးခဲ့သည်။

လုံမေပျို နေပြန်ကောင်းသည့် အချိန်ကျတော့လည်း ဖေဖေသည် မေမေ့ကို နာကြည်းသော ဖေဖေ ..။ မေမေနှင့်ရုပ်ချင်းတူလွန်းသော .. လုံမေပျို အဖြစ်ရာ ..။ မေမေ မွေးခဲ့သည့် သမီးအဖြစ်ရော .. မေမေ့ကို နာကြည်းစိတ်ဖြင့် ဆက်၍ခပ်ကင်းကင်း ဆက်နေခဲ့သည် မဟုတ်ပါလား ..။

ဪ .. ခုတော့ .. လုံမေပျိုဆိုသည့် မေမေ့သမီး တစ်ယောက်သည် .. ဖခင်၏ အဖယ်ကျဉ်ခံသမီးအဖြစ် ဧဝါမြိုင်ကြီးမှာ ရှိနေရလျက် ..။ မေမေ ပေးခဲ့သည်ဆိုသော စာတစ်စောင်ကို အငမ်းမရ ဖတ်ချင်နေပါသည့် သမီးအဖြစ် ရှိနေရချေသည်ကော မေမေရယ် ..။

မမလေး အင်ကြင်းမေကတော့ဖြင့် ကြည်နူးပြုံးလေးဖြင့် လျှောက်လာနေဆဲ ..။

"မိပျိုလေးရေ .. ရေမိုးချိုးလိုက်ဦး .. ဘဘက ပြောထားတယ် .. မမလေး မိပျိုကို ခေါ်သွားဖို့ရယ် .. အဝတ်အစား

www.burmeseclassic.com

www.burmeseclassic.com



ဖွေ ဘာတွေ ဝယ်ဖို့ရယ် .. ဘဘရဲ့ရွှေရောင်တနာဆိုင်ကြီးက လက်ဝတ်လက်စားလေးတွေ ဝင်ယူဖို့ရယ် .. သွားရမယ်လေ .. ဟိုရောက်ရင် .. ဘဘရဲ့ရွှေရောင်တာဝန်ခံ ဘဘဦးအုပ်စိုးက .. မိပျိုလေးအတွက် လက်ဝတ်လက်စားတွေ အဆင်သင့်ပေးဖို့ စောင့်နေလိမ့်မယ်တဲ့ .. ဘဘစီမံထားတာ ဖြစ်မှာပေါ့ .. ဖုန်းလှမ်းဆက်ထားပြီးပြီနဲ့တူတယ် .. လာ .. လာ .."

ဟုပြောကာ လှံမေပျို၏ လက်လေးကိုဆွဲ၍ အပျော်တွေဖြင့် လှည့်အထွက်မှာ မလှမ်းမကမ်းမှာ ရှိနေပြီ ဖြစ်ပါသည့် မိစီကို တွေ့တာမို့ မျက်နှာလေး တင်းသွားရကာ ..

"ဘာလာလုပ်တာလဲ မိစီ .. အင်ကြင်း နောက်ကိုလိုက်လာတာပေါ့လေ .."

ဟု မေးတော့ ပခုံးလေး တွန့်ကာ တွန့်ကာဖြင့် ..

"ဟင် .. ဘယ်သူက .. ဘာလုပ်နေလို့လဲ မမလေးရဲ့ .. ဟိုဘက်က ရွက်လှတွေ သွားချိုးမလို့ ဥစ္စာ .. သစ်ခွခိုင်တွေလဲ .. ဘဘသော်ကို ခူးခိုင်းမလို့လေ .."

ဟု မှင်သေသေလေးဖြင့်ပြောနေတော့ မိစီ အကြောင်းသိပေမို့ အင်ကြင်းမေ မျက်စောင်းလေးခဲကာ လှံမေပျို၏လက်လေးကိုဆွဲ၍ ခေါ်လာရင်းမှ ..

"အလှဆုံးအဝတ်တွေ ဝယ်မှာ သိလား .. ပျိုလေးက ကျောင်းတက်ရတော့မှာ ဆိုတော့လေ .."

ဟု မိစီ မခံချင်အောင် ခပ်ကျယ်ကျယ်လေး ပြောပစ်ခဲ့ပါသတည်း ..။



မိပျို အသေအချာကြီး သိနေနှင့်သည်က .. မလွဲမသွေ .. ကြီးလတ်ထံသို့ မိစီ သတင်းတော်ပို့ချဦးမည်ဆိုသည့် အဖြစ်ကိုပါ ..။

ရင်ထဲမှာ ပန်းဟိုက်နေရသည်ပါပဲ ..။

*❤*

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

"စား .. စား .. မျိုးလေး မုန့်ဟင်းခါး ကြိုက်တယ်မဟုတ်လား .. ဝအောင်စား .."

လုံမေပျို ပန်းကန်ထဲ ငနောက်ထပ် ကြက်ဥတွေ၊ ငါးဖယ်ဆုပ်ကြော်တွေ၊ ပဲကပ်ကြော်တွေ ထပ်ထည့်ပေးနေရင်း အင်ကြင်းမေ စိတ်ထဲ ပျော်နေလျက် ပြောနေခြင်းပါ ..။

သရေစာဆို၍ ဘာမျှစားရတာ မဟုတ်သည့် လုံမေပျိုကို အင်ကြင်းမေ သနားသည်လေ။ မေမေရော .. မမကြီးရော.. စားချင်တာဆိုလျှင် ကားနှင့်ထွက်သွား၍ သားအမိတစ်တွေ ဝအောင်စားခဲ့ကြသည်ချည်း ..။ လုံမေပျိုကို ခေါ်ဖို့ဝေး၍ .. အပြန်တွင် ဝယ်လာပေးတာမျိုးပင် မရှိခဲ့စဖူး ..။ အင်ကြင်းမေ ဝယ်ခဲ့လျှင်လည်း ဘာဝယ်လာလာ လက်ထဲက လက်ဦးအောင် ယူယူစားပစ်တတ်ကြတာမို့ နောက်ဆုံးတော့ ဘာမျှဝယ်မလာချင်တော့ ..။ ခက်သည်က .. အင်ကြင်းမေ၏ မေမေနှင့် မမကြီးတို့ ဖြစ်နေကြသည်မို့လည်း အင်ကြင်း ဘာမျှထိပ်တိုက်မပြောချင် ..။ ခု .. အပြင်ရောက်ခိုက် မုန့်ဟင်းခါးကျွေး ..။ မုန့်ပုံး တစ်ပုံးဝယ်နှင့် ရှိသွားရသည်က အင်ကြင်းမေပါ ..။



"ဒီမုန့်ပုံးကို .. ဗီရိုထဲထည့်ထား .. မေမေမေးရင် .. စားချင်လွန်းလို့ ဝယ်လာတာပါလို့ပြော .. မမလေး ဝယ်ပေးတာလို့ပြော .."

ဟု မုန့်ပုံးကိစ္စ ခုကတည်းက သင်ပေးနေသည့် အင်ကြင်းမေပါ ..။

ဆံပင်ရှည်ရှည် နွဲ့နွဲ့နက်နက်လေးတွေက ပိုးသားနယ် ထူထဲထဲလေးရှိလျက် ..။ မျက်ခုံးလေး ခုံးခုံးနက်နက် ..။ မျက်တောင်ထူထူပိန်းပိန်း ရှည်လျားလျားလေးတွေက ကော့ညွတ်နေကြသည်မို့ အရုပ်လေးနှင့်ပင် တူနေသေးသည့် လုံမေပျိုကို ငေးခနဲ အင်ကြင်းမေ ကြည့်မိသည်။ နှာတံစင်းစင်း ထင်းထင်းလေးနှင့် နှုတ်ခမ်းလေးက နုနုဖန့်ဖန့်လေး ပန်းနုရိပ်ပြေးနေသည်ပါပဲ ..။ ပါးချိုင့်လေးနှစ်ဖက် ခွက်နေသည်က စကားလေးပြောလိုက်လျှင်ပင် ပေါ်ပေါ်လာရသည်မို့ ချစ်စရာအလွန်ကောင်းသည့် လုံမေပျိုလေးပါ ..။ ဤညီမလေးကို အင်ကြင်းမေ ချစ်လည်းချစ်သည်။ သနားလည်း သနားရသည်ပါပဲ ..။ နွဲ့ပျောင်းပျောင်းလေး ရှိပါသည့် နုနုနယ်နယ် နိုင်လွန်းပါသော လုံမေပျို၏ဘဝဆိုတာက ခမ်းနား ချမ်းသာသော ငုဝါမြိုင်မှာ သိပ်နုပ်စွာ နေနေရသည့်ဘဝဆိုမို့ .. အလှတရားနှင့်ပင် မမျှ .. ပင်ပန်းလှသည်ပဲလေ ..။ ဘာကယ်ဆို .. လုံမေပျို ဆိုတာက .. ငုဝါမြိုင်၏ အရှင်သခင်မလေးပါ။

"စားလေ .. ထပ်ယူဦး .."

ဟု မုန့်ဟင်းခါး ထပ်ယူခိုင်းနေသည့် အင်ကြင်းမေကို လုံမေပျို ခေါင်းလေးခါ၍ ..

www.burmeseclassic.com

www.burmeseclassic.com



"ဝပါပြီ မမလေးရယ် .. များလှပါပြီ .. ပိုက်ဆံတွေလဲ ကုန်တော့မှာပဲ .. မုန့်ပုံးကိုက ခုနစ်ထောင်ကျော်နေတဲ့ဥစ္စာ အားနာလှပါပြီ မမလေးရယ် .."

ဟု ဖြေသည်ကိုက အောက်ကျို့သိမ်ငယ်ခြင်းများ ဖြင့်ပေမို့ အင်ကြင်းမေ ပို၍ ရင်ထဲမကောင်းနိုင် ..။

"အားနာစရာမှ မရှိတာ မိပျိုလေးရယ် .. ဒီပိုက်ဆံကလဲ .. ဘဘာ ပေးတဲ့ ပိုက်ဆံပါပဲ .. ဘာမှအားမနာနဲ့ .. စားချင်တာ ထပ်စား .. လောလောဆယ်လဲ မပြန်သေးဘူးသိလား .. ရုပ်ရှင်သွားကြည့်ကြရအောင် .. မုန့်တွေ ဝယ်စားရင်း ကြည့်ကြတာပေါ့ .. အာလူးကြော် စားမယ်လေ .. နေကြာစေ့တွေလဲ စားကြမယ် .. ပြောင်းဖူးပေါက်ပေါက်ထုပ်တွေလဲ ဝယ်သွားမယ် .."

ဟု ထပ်ပြောတော့ လုံမေပျို ခေါင်းလေးခါ၍ ..

"ကြာနေရင် ကြီးလတ် စိတ်ပူနေပါ့မယ် မမလေးရယ် .. ပြန်ကြမယ်နော် .. ခုလဲ .. မမလေးကို အားနာလှပါပြီ .."

"ဟော .. ဒါ .. အားနာစရာလား .. ပျိုလေးနော် .. မမလေး အနေခက်အောင် မပြောပါနဲ့ကွယ် .. ဒီမယ် .. အားနာရမှာက မမလေးတို့ သိရဲ့လား .. ဖေဖေ ဆုံးတော့ အိမ်ကြီးကို ကုမ္ပဏီတစ်ခုကို ပိုက်ဆံများများနဲ့ ငှားပစ်ခဲ့ပြီး .. မိသားစုအားလုံး ငုဝါမြိုင်ပေါ် တက်လာစားနေကြတာ ဘယ်လောက်ကြာပြီလဲ .. ပြီးတော့ မေမေက .. ပျိုလေးကို နိုင်စားနေသေးတာ .. ချိုချို .. ချိုချိုနဲ့ ဘဘ ရှေ့ကျရင်တော့ ပြောပေမယ့် .. အဲဒီ ချိုချိုလေး ပြောတဲ့စကား



ကလဲ .. အန်တီယုဇနအကြောင်းတွေ ပြန်ပြန်တူးဆွဖော်နေတဲ့ စကားတွေချည်းပဲ ဖြစ်ဖြစ်နေတာ မဟုတ်လား .. ဘဘ ဘယ်စိတ်ပြောင်းနိုင်ပါတော့မလဲ .. ဒီတစ်သက် .. အခဲကျေနိုင်မှာ မဟုတ်တော့ဘူး .. အန်တီယုဇနကိုလေ .."

ဟု ပြောကာ ခေါင်းယမ်း၍ သက်ပြင်းရှိုက်လိုက်သည်က အင်ကြင်းမေပါ ..။ လုံမေပျို ခေါင်းလေးငုံ့ချလိုက်ကာ မျက်ရည်ကို သိမ်းနေသည်။ မျက်တောင်လေးတွေ ခတ်ခတ်နေ ငိုချင်လေသမျှကို ဟန်ဆယ်တင်းနေရပါသည့်အဖြစ် ..။

တစ်ခါတစ်ခါကျတော့လည်း လုံမေပျို လွင်ပြင်ကျယ်ကြီး တစ်ခုဆီသို့ ပြေးထွက်သွားကာ လွင်ပြင်ကျယ်ကြီး၏ အလယ်တွင် ခြေစုံရပ်၍ လက်ကိုမြှောက်ဆန့်တန်းပစ်ရင်း ..

"မေမေရေ .."

ဟု ရင်ကွဲပက်လက်ကြီး အော်ပစ်ချင်နေသည်။ မေမေကို ဤမျှအထိ မုန်းနေအောင် ကြီးလတ် ရေလောင်းပေါင်းသင်နှင့် ဖေဖေ့ အမုန်းပင်ကို ကြီးအောင်လုပ်နေတာ လုံမေပျိုလည်း သိသည်ပါပဲလေ ..။ အထီးကျန်နိုင်လွန်းပါသည့် ဘဝတစ်ခုကို .. ဖြတ်သန်းသတ်ဖို့ဆိုတာကျတော့လည်း .. ငုဝါမြိုင်တွင် နေနေရပါသည့် ဘဝထဲမှာ .. သေဆုံးသူတစ်ယောက်အဖြစ်ပဲ ထွက်ခွာသွားဖို့ရှိသည့် ဘဝပေးအခြေအနေပါ ..။ မသေမချင်း ဤအမုန်းတွေ .. ထိုကုန်းတိုက်မှုတွေ .. အထီးကျန်မှုတွေကြားထဲမှာ ရွှန်းထုတ်ခွင့် မရှိစွာ ငြိမ်သက်ခေါင်းငုံ့ခံပေးလိုက်ဖို့ပဲ ရှိသည့်အဖြစ်။ အကြောင့်ဆို .. အမိက .. ရှိနေသည်က .. ဖေဖေ့အမုန်းပင် ကြီးထွားလာတာ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး မိပျို .."

ကရုဏာဖြင့် အင်ကြင်းမေ ခေါ်လည်းခေါ် .. လက်လေးကိုလည်း ထွေးဆုပ်၍ ..

"ပျော်စရာကို တွေးပါ ပျိုလေးရယ် .. နောက်ဆို .. မမလေးနဲ့ ကျောင်းတူတူတက်ရတော့မှာပဲဥစ္စာ .. တစ်နေ့မှာ .. ပျိုလေး ဖြစ်ချင်တဲ့ ရှေ့နေကြီး ဖြစ်လာတော့မှာပဲလေ .. အဲဒီအခါကျတော့ .. ကိုယ်ပိုင်ရုံးခန်းကျယ်ကြီးတစ်ခုမှာ .. ထက်မြက်တဲ့ ရှေ့နေ ဒေါ်လုံမေပျို ဆိုပြီး အမှုတွေလက်ခံ .. အမှုတွေကို တရားရုံးတော်တွေမှာ လိုက်ပါဆောင်ရွက်ကြရမှာပေါ့ .. မမလေးလဲ .. ပျိုလေးနဲ့တူတူ ရုံးခန်းမှာရှိမှာလေ .. မမလေးတို့ ညီအစ်မနှစ်ယောက် .. အမှုတွေကို .. လိုက်ပါဆောင်ရွက်ကြမယ် .. စီရင်ထုံးတွေ ဖတ်ကြမယ် .. ကျင့်ထုံးဥပဒေတွေ .. နည်းဥပဒေတွေကို တရားမဥပဒေ ပုဒ်မတွေနဲ့ လေ့လာကြမယ် .. ပြစ်မှုဆိုင်ရာ အမှုတွေအတွက်လည်း .. ဥပဒေစာအုပ်ထူကြီးတွေ ကျင့်ထုံးဥပဒေတွေနဲ့ လေ့လာကြမယ် .. အဲဒီအခါကျတော့ .. မမလေးတို့နှစ်ယောက် .. စာအုပ်ထူထူကြီးတွေ .. စာအုပ်လတ်လတ်တွေ .. စာအုပ်ပါးပါးလေးတွေကအစ .. လှန်လှောဖတ်နေရင်းနဲ့ .. ဥပဒေပညာရှင်တွေ ဖြစ်နေကြမယ်လေ .."

ဟု ဆက်တိုက်ပြောလာသည်က အားမာန်ဖြင့်ပါ .. နားထောင်ရင်း နားထောင်ရင်း လုံမေပျို၏ အနာဂတ်သည်လှပလာသည်။ ပျော်စရာ ဖြစ်လာသည်။ စိတ်အားတက်စရာတွေ ပြည့်နှက်လာသည်။



"ဟုတ်တယ်နော် .. မမလေး ရှိတာပဲ ဥစ္စာ .."

ဟု အားကိုးခြင်းများဖြင့် ခပ်တိုးတိုး လုံမေပျို ပြောတော့ အင်ကြင်းမေ ရယ်သည်။ ကောင်တာမှာ ငွေသွားရှင်းသည်။ တော့ .. လုံမေပျို၏ လက်လေးကိုဆွဲ၍ ထွက်ခဲ့ပါ၏။ ဗိုလ်ချုပ်ထဲမှာ အဝတ်အစားတွေလည်း ဝယ်ခဲ့ပြီးနေပြီ ..။ လက်ဆွဲအိတ်ကြီးတွေဖြင့် ညီအစ်မနှစ်ယောက် ကားပါကင်ထိုးရာသို့ လျှောက်ဖြစ်ခဲ့ကြပါ၏။ ကားထဲရောက်တော့ အင်ကြင်းမေ ရတနာဘူးလေးတွေထည့်ထားရာ စက္ကူအိတ်ကြီးထဲမှ ဘူးပြားကိုထုတ်၍ ဖွင့်ဖွင့်ကြည့်သည်။ ရွှေထည်ချည်းသက်သက်က စီဆင်စာ ..။

ရွှေကြိုးမျှင်လေးနှင့် စိန်လည်ဆွဲ သေးသေးလေးသည့် ဘူးလေးက သီးသန့် ..။ စိန်လက်စွပ်လေးကလည်း ငွင့်မကြီးလှပေမယ့် လှသည်။ နားကပ်လေးကလည်း စိန်ပွင့်သေးလေးဖြင့် ရှိနေသည့်အဖြစ် ..။ စိန်ထည်တွေကို စိန်ပွင့်ကြီးဖြင့် မပေးဖို့ ဘဘဦးအုပ်စိုးကို ဘဘမှ မှာထားတာဖြစ်မည်။ ဘဘ စိတ်ထဲမှာ သမီးကို စိန်ပွင့်ကြီးတွေ ဆင်လိုက်လျှင် မေမေ မမကြီးသဇင်မေတို့မှ မျက်စိရှုးမှာ စိုးသည်လား မသိ။

အတွေးဖြင့် တစ်ချက် အင်ကြင်းမေ ရှိသွားရရင်း .. ဘဘသည် .. မေမေ့စိတ်ထားမှန်ကိုများ ရိပ်မိနေချေမည်လား တွေးမိရပြန်သည်။ ပျိုလေးကို ဘဘ အမြဲမုန်းနေအောင် ပါးပါးနုပ်နုပ် ကြိုးစားတတ်သည် မဟုတ်ပါလား ..။ သဖြင့် ထမင်းပွဲတိုင်း လိုလိုမှာပင် .. ဘွားကြိုက်တတ်သည့် တစ်မယ်မယ် အနည်းဆုံးပါအောင် ဒေါ်ကြီးနှင်းကို ချက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်းတတ်လျက် ..။ ထမင်းစားနေရင်းဖြင့် .. ဘွားကို သတိ ကြောင်း .. ဘွားကြိုက်သည့်ဟင်းကို ဘဘ ပန်းကန်ထဲ ခူးခပ် ထည့်ပေးရင်း ပြောပြောနေတတ်သည်ကိုက မေမေ့ ပါးနပ်ကျွမ်း ကျင်မှု မဟုတ်ပါလားလေ ..။

ဤသို့ဆိုမှတော့ ဘဘ၏ နာကြည်းကြေကွဲမှုတွေ မည်သို့သက်သာ လျော့ပါးသွားနိုင်ပါချေတော့မည်တဲ့လဲ .. သေဆုံးကွယ်လွန်ခဲ့ပြီဖြစ်သော အန်တီယုဇန အပေါ်မှာတင်သည့် ထိုအမုန်းနှင့် နာကြည်းခြင်းတို့သည် .. ပျိုလေးအပေါ်မှာ ပို၍ ဖြစ်တည်သွားစေချင်မည်ပေါ့။

"ဒီရွှေကြိုးမျှင်လေးနဲ့ ဒီစိန်လော်ကက်သီးလေးကို ဆွဲထား နော် .. လော်ကက်သီးလေးက စိန်ငယ်လေးတစ်လုံးပဲပါ တဲ့ လော်ကက်သီးလေး .. စွန်ကုတ်လေးတွေလဲမြတယ် .. ပန်းခြင်းပုံ ရွှေသားထဲမှာ မြှုပ်ထားတာဆိုတော့ .. ဘား စိတ်မပူနဲ့ .. ကျမပျောက်နိုင်ပါဘူး .. စိန်ဆိုပြီး မဆွဲရဲ မနေနဲ့ .. ဟုတ်ပလား .. ဒီလက်ကောက်လေးလဲ ဝတ် ထား .. ဒီလက်စွပ်လေးလဲ ဝတ်ထား .. နားကပ်လေးလဲ .. ဒီဥစ္စာလေးနဲ့ လဲပန်လိုက်မယ် .."

ဟု ပြောပြောဆိုဆိုဖြင့် ပုလဲနားကပ်လေးကိုဖြုတ် ၍ စိန်ပွင့်နားကပ်လေး တပ်ပေး။ လုံးချောလက်ကောက်လေးနှင် ကွင်းကို ဆင့်ဝတ်ပေး ..။ စိန်လက်စွပ်ငယ်လေးကို ဝတ်ပေးနှင့် ရှိသွားရသည်က အင်ကြင်းမေပါ ..။ ဆွဲကြိုးလေးပါဆွဲပေးလိုက် ပြီးသည့်နောက်မှာ တပြုံးပြုံးဖြင့် ပီတိနှင့် အင်ကြင်းမေ ကြည့် သည်။ ဩော် .. မိန်းမပျိုငယ်လေး ဆိုတာက .. လက်ဝတ်ရတနာ



သေး ဆင့်ဆင်လိုက်တာနှင့် ပို၍မိန်းကလေးဆန်လာ။ နန်းဆန် ကြော့စင်စွာ လှလာသည်ပါပဲ ..။

"အဖိုးတန်တွေ မဝတ်ရဲပါဘူး မမလေးရယ် .."

ဟု ငြင်းပေမယ့် မရ ..။

"အဲဒါကို ဝတ်ထား .. ဒီမှာကတည်းက ဝတ်ပေးတာကို က မေမေတို့ ဘဘမှမပြောသေးခင် လက်ဦးအောင် ဝတ် ထားလိုက်တဲ့သဘောပဲ .. ပျောက်မှာစိုးတယ်.ဘာညာဆို ပြီး ယူသိမ်းထားပေးမယ် ပြောရင်လဲ မမလေးအင်ကြင်း ကို .. ပျိုလေးရဲ့ဖေဖေက .. သေချာမှာထားတယ်လို့ပြော .. ဝတ်ထားတာကို သေချာဆက်ဝတ်ရမယ်လို့ မှာတယ်လို့ ပြော .. ဟုတ်ပြီလား .. ဒီကျန်တာတွေကို .. မမလေး သိမ်းထားပေးမယ် .. ပျိုလေးရဲ့ဗီရိုကို .. မိစီ ဝင်မွှေမှာ သေချာတယ် .. မမကြီးပဲဖြစ်ဖြစ် .. မေမေပဲဖြစ်ဖြစ် .. အဲဒီအလုပ်ကို မိစီကို ခိုင်းမှာသေချာတယ် .. ဒီတော့ မမ အင်ကြင်း သိမ်းထားပေးမယ် .. မမအင်ကြင်းရဲ့ဗီရို .. သော့ခတ်ထားတာ .. မိစီလဲ မမွှေရဲဘူး .. ပျိုလေးရဲ့ဗီရို ကျတော့ သော့တစ်ချောင်းကို မေမေ .. ပျိုလေးဆီက တောင်းသိမ်းထားတာဖဲ့ဥစ္စာ .."

ဟုပြောကာ လက်ဝတ်ရတနာဘူးတွေကို သေသေ သပ် ပြန်ထည့် ..။ ကားနောက်ခန်း ဆိုဖာထက်မှာ ပြန်တင် ကာ မမလေးအင်ကြင်းမေ ကားမောင်းထွက်တော့ လုံမေပျို သက်စွာ လိုက်ပါလာသည်ပါပဲ ..။ လက်ဝတ်လက် လေး မမအင်ကြင်းမေ သိမ်းထားပေးမည်ဆို၍ လုံမေပျို ရင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့သွားရသည်ပါပဲ။ ကိုယ့်လက်ထဲရှိနေလျှင် မိစီ ဝင်မွှေ၍ပဲဖြစ်ဖြစ် .. တစ်ခုခု ပျောက်လျှင် မိပျိုမှာ တာဝန်ကြီးသည်လေ ..။ ခုကျတော့ စိတ်ပူစရာမလို ..။ မမအင်ကြင်းမေထံမှာ ရှိနေတာက ပို၍စိတ်သက်သာရာရသည်။

"မျိုးလေး ... ဒါတွေကို .. မဝတ်ရဲပါဘူး မမလေးရယ် .. သိပ်လှနေတာပဲနော် .."

ဟု ခပ်ညည်းညည်းပြောတော့ အင်ကြင်းမေ ရင်ထဲမကောင်းနိုင် ..။ သြော် .... ကြွယ်ပိုးကြွယ်ဝ ချမ်းသာနေရလွန်းပါသည့် ဘဝထဲမှာ ရှိနေရပါလျက် .. ညှိုးဖျော့သိမ်ငယ်စွာ နေနေရသည့် အဖြစ်တစ်ခုသည် .. မယုံကြည်ရဲနိုင်လောက်အောင်ပဲ ပျိုလေး၏ဘဝမှာ တကယ့်ကို ဖြစ်တည်နေချေသည်တကား ..။ ပြီးတော့ .. အင်ကြင်းမေ သိထားသည်လေ ..။ ပျိုလေးသည် .. အစ်မတစ်ယောက် ဖြစ်ပါသည့် အင်ကြင်းမေကို .. ချစ်လည်းချစ် ..။ အားလည်းကိုးရှာလျက် ..။ အရမ်းကိုလည်း ယုံကြည်ထားသည်ဟု။ ခုပဲကြည့် ..။ လက်ဝတ်လက်စားတွေ အင်ကြင်းမေ သိမ်းထားမည်ဆို၍ ရင်ထဲ ပေါ့ပါးသွားတာ အရမ်းကိုသိသာနေချေသည်ပဲ ..။

"ညီမလေးကို .. အင်ကြင်း .. အမြဲစောင့်ရှောက်မယ် .. ပြီးတော့ ဘဘ ရင်ထဲက အမုန်းကို .. မမလေး .. ဖယ်နိုင်ဖို့ ကြိုးစားမယ် ပျိုလေး .. အားမငယ်ရဘူးနော် .."

ဟုပြောကာ လက်လေးကို ထွေးဆုပ်၍ ကားလေးကို ဆက်မောင်းနေရာမှ လမ်းချိုးလေးတစ်ခုဆီသို့ ချိုးကွေ့သည်။ ပြီးမှ တစ်ခုခုကို သတိရလာပုံလေးဖြင့် ကားကိုရပ်လိုက်ပါ၏။



ဘုရားလမ်းဘက်ကို ကားခေါင်းပြန်တည်၍ ခြံတစ်ခု၏ ခြံတံခါးရှေ့ အုတ်ခင်းလမ်းပေါ် ကားကို နောက်ဆုတ်မောင်းလိုက်ရင်း ..

"အဲဒီမှာ .. ကော်ဖီကောင်းကောင်း ရှိတယ် ပျိုလေး .. မမလေး ကျောင်းပြန်တဲ့အခါ .. အဲဒီကော်ဖီဂါးဒင်းမှာ ဝင်ဝင်သောက်တတ်တယ် .."

ဟုပြောကာ ပြုံး၍တစ်ချက်ကြည့်ပြီးမှ နောက်ဆုတ်ချိုးကွေ့ဝင်သည်မို့ ..။ ခြံအဝင်လမ်း အုတ်နီခဲစီ ကွန်ကရစ်ညှပ်လမ်းဘေးမှာ ထောင်ထားသည့် စက်ဘီးတစ်စီးနှင့် မလွတ်ပဲ ဝင်တိုးမိသည်က စက်ဘီးနောက်ဘီး အစွန်းမလွတ်တလွတ်ဖြင့်ပါ ..။

"ဘုရားရေ .. သူများစက်ဘီးတော့ .. ထိပြီ .."

ဟု အလန့်တကြားလေး အင်ကြင်းမေ အော်လိုက်ကာ ကမန်းကတန်းလေး ကားကို လမ်းဘေးထိုးရပ်ကာ စက်ဘီးရှိရာသို့ ကားတံခါးဖွင့် ဆင်းသည်။

လုံမေပျို့ ဆိုတာကတော့ဖြင့် .. လောလောဆယ်မှာ ..ရှင်ကို မမြင်ရသေးသော စက်ဘီးကို .. အုတ်နီခဲစီလမ်းဘေးမှာ ..လျက်သား ရှိနေသမျှ လန့်လန့်ဖြင့် မျက်တောင်မခတ် မျက်လုံး ..းလေးတွေဖြင့် ငေးစိုက်ကြည့်နေမိရဆဲ ..။

စက်ဘီးရှေ့ဘီးကတော့ ကွဲနေပြီ ..။

✻❤✻

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

"ဟင် .. ပီဇာမုန့်ဘူးတွေလဲ ပလက်ဖောင်းပေါ်မှာ ကျကုန်ပြီ .. ဒုက္ခပါပဲ မိပျိုရဲ့ .. ကြည့်ရတာ .. ဟိုခြံထဲ မုန့်သွားပို့နေတာနဲ့ တူပါရဲ့ .."

အင်ကြင်းမေ မျက်နှာငယ်လေးဖြင့် ပြောကာ ဖွင့်လျက်သားရှိနေသည့် ခြံဝင်းတံခါးနှင့် ခြံကျယ်ကြီးဘက်ကို လည်လေးဆန့်၍ မျှော်ကြည့်ရှာပါ၏။

လုံမေပျို စိတ်ထဲမကောင်း ..။

ဤနေ့မှာပဲ ပျိုလေးကို အပြင်သို့ မမလေးအင်ကြင်းမေ ခေါ်လာခဲ့သည်။ ဤနေ့မှာပဲ သူများထောင်ထားသော စက်ဘီးကို ကားကဝင်တိုက်မိခဲ့ပြီ ..။ ပြီးတော့ .. စက်ဘီးနောက်ကယ်ရီယာထက်မှာ ချိတ်တင်ထားသော စက္ကူပုံးကြီးထဲမှ ပီဇာမုန့်ဘူးတွေလည်း ခြံတံခါးရှေ့ အုတ်နီခင်းအဝင်လမ်းပေါ် ပြုတ်ပြိုကျကုန်ပြီ ..။

လုံမေပျိုဆိုတာ ဘယ်သူ့ကိုမဆို ဒုက္ခပေးဖို့ လူလာဖြစ်နေသည်လား မသိ ..။



လုံမေပျို ပလက်ဖောင်းပေါ်မှ ပီဇာဘူးတချို့ကို ကောက်သည်။ စက်ဘီးလေးကို ပြန်ထောင်၍ ဒေါက်ထောက်ထိန်းသည်။ ပြီးတော့ စက္ကူပုံးကြီးထဲ ပီဇာဘူးပြားတွေကို ပြန်၍ စီထည့်ပေးနေမိရပါ၏။

အင်ကြင်းမေမှ စိတ်လှုပ်ရှားစွာဖြင့် မျက်နှာငယ်လေးနှင့် စောင့်နေရသည်က စက်ဘီးပိုင်ရှင်ကိုပါတည့် ..။

မကြာလိုက် ..။ အသက်နှစ်ဆယ့်ရှစ်နှစ်လောက်ရှိမည့် လူရွယ်တစ်ယောက် ခြံတွင်းမှ ပြန်ထွက်လာသည်။ ပီဇာမုန့်ဘူးပြားတွေ ကောက်နေသည့် လုံမေပျို ..။ မျက်နှာလေးဆီးဆုလောက်နှင့် ကြည့်နေသည့် အင်ကြင်းမေတို့ကို မြင်တော့ မျက်မှောင်တစ်ချက်တွန့်၍ ကြည့်လည်းကြည့် ..။ ခြေလှမ်းကျဲကြီးနှင့် သုတ်သုတ်လည်း လျှောက်လာသည်ပါပဲ ..။ စက်ဘီး၏ နောက်ကယ်ရီယာအောက်ရှိ မားကတ်ဖုံးနေရာမှာ ကားတိုက်ထားတာမို့ တွန့်လိမ်နေတာကိုလည်း မြင်သည်။

"ဟာ .. ဒုက္ခပဲ .. အစ်ကိုလေးတော့ ကျွန်တော့်ကို ဆူတော့မှာပဲ .. ဘယ်လိုလဲဗျ .. ကားမမောင်းတတ်ဖူးလား .. ဒါ .. ဂျပန်ဘီးဗျ .. သိန်းကျော်တယ် .. ခင်ဗျားတို့ပိုက်ဆံချမ်းသာတိုင်း ကားအရမ်းမောင်းတာက ကိစ္စမရှိဘူး .. ကျွန်တော်က အလုပ်သမား .. ဘယ်ကပိုက်ဆံနဲ့ .. ဒီနောက်မားကတ်ကို ဝယ်လဲပေးနိုင်မှာလဲ .. အစ်ကိုလေးက အရမ်းစည်းကမ်းကြီးတာဗျ .. သူ့စက်ဘီးနဲ့ မုန့်ပို့နိုင်းတာ ခိုင်းတာပဲ .. စက်ဘီးမရှိသေးတာမျိုးကို အရမ်းစိတ်ဆိုးတတ်တာ .. ခုဥစ္စာက .. စက်ဘီးလက်ကိုင်ကြီးလဲ

www.burmeseclassic.com

www.burmeseclassic.com



လည်ထွက်နေပြီ ... မီးသီးတွေလဲ ကွဲကုန်ပြီ ... နောက်မား ကတ်လဲ လိန်နေပြီ ... ဒါကြီးနဲ့ ကျွန်တော်က အစ်ကိုလေး ဆီ ပြန်ရမှာတဲ့လား ... ကျွတ် ... ဒီနီးနီးနားနားက မုန့် မှာကြရင် ဖုန်းဆက်မှာလိုက်တာနဲ့ ... အစ်ကိုလေးက ... စားသုံးသူရဲ့အိမ်အရောက် ဒီစက်ဘီးနဲ့ လိုက်ပို့ခိုင်းတာဗျ ... ခု ... ပို့စရာတွေလဲ ဟိုအိမ် ဒီအိမ်တွေ ကျန်နေသေးတယ် ... မုန့်တွေလဲ လမ်းပေါ်ကျကုန်တာတွေလဲ ရှိကုန်ပြီဆိုတော့ လိုက်ပို့လို့လဲ မကောင်းတော့ဘူး ... ပြန်ယူသွားရအောင် ကလဲ ... ဒီမုန့်ဖိုးပိုက်ဆံကို ဘယ်သူက ရှင်းမှာလဲ ... ခင်ဗျားဗျာ ... ကားသေချာမောင်းပါလား ...”

ဆက်တိုက် ဖောနှင့်ပြောနေသည့်သူကို အင်ကြင်း မေ ခခယယလေးကြည့်ကာ မျက်နှာငယ်လေးဖြင့်ကြည့်ခိုက် ...

“မိပျို့ လုပ်မိတာပါ အစ်ကိုရယ် ... မိပျို့ အပြစ်ပါ ... ကား မောင်းကျွမ်းတာက မမလေး အင်ကြင်းပါ ... မိပျို့ ပူဆာ လို့ ပေးမောင်းလိုက်တာ ... ခုလို ဖြစ်သွားရတာပါ ...”

ဟု ဝင်၍ ဝန်ခံပေးလိုက်ပါသည့် ဈုံမေပျို့ကို အင်ကြင်းမေ ကြည့်ကာ ရင်ထဲမကောင်းနိုင် ...။

“အင်ကြင်း လျော်ပါ့မယ် ဒီက အစ်ကိုရယ် ... ပိုင်ရှင်ကို လဲ ... အင်ကြင်း လိုက်တောင်းပန်ပါ့မယ် ... ဒီစက်ဘီးကို လဲ ... အင်ကြင်း ... ပြန်ပြင်ပေးပါ့မယ် ... ဒီလိုပါ ... ပိုင် ရှင်က ... အသစ်ပြန်ဝယ်ပေး ဆိုရင်လဲ ... ပြန်ဝယ်ပေးပါ့ မယ် ... သူ ... သူစိတ်ကျေနပ်အောင် အင်ကြင်း လိုက် တောင်းပန်ပါ့မယ် ... ပီဇာမုန့်ဘူးတွေ အားလုံးလဲ အင်ကြင်း



ယူပါ့မယ် ... ပိုက်ဆံရှင်းပါ့မယ် ... ခုလို ... ဖြစ်သွားရတဲ့ အတွက် အင်ကြင်း စိတ်မကောင်းပါဘူးရှင် ... တကယ့်ကို မတော်တဆ ဖြစ်သွားရတာပါ ... အဲဒီ မတော်တဆအတွက် လဲ ... ဒီက အစ်ကို အရမ်းစိတ်အနှောင့်အယှက် ဖြစ်သွား စေတာကို အင်ကြင်း စိတ်မကောင်းပါဘူး ... အပြစ်ရှိတာ က ... အင်ကြင်းပါ ...”

တောက်လျှောက် မနားစတမ်းကြီး မျက်နှာငယ်လေး ဖြင့် မျက်ရည်တွေပါ လည်တက်နေရင်း ခခယယလေး တောင်း ပန်နေတော့လည်း စောစောက စိတ်ရှုပ်ရှုပ်ဖြင့် မျက်နှာကြီးတင်း မှုန်လျက် ပြောမိခဲ့လေသမျှ ကိုတာ မျက်နှာအတန်ပြေလာသည်။

“ဒါဆို ... တစ်ယောက်တော့ နေခဲ့ ... တစ်ယောက်က ... ကားမောင်းသွား ... သစ်ခွမြိုင်ကော်ဖီဂါးဒင်းကို တစ်ယောက် က ကားနဲ့သွားနေချိန်မှာ တစ်ယောက်ကတော့ ကျွန်တော် နဲ့အတူ ဒီစက်ဘီးခွေလိန်လိန်ကြီး တွန်းသွားချိန်မှာ ဘေး မှာပါလာဖို့တော့ လိုလိမ့်မယ် ... ဘာလို့လဲဆိုတော့ ခင်ဗျား တို့ရဲ့ကားပေါ်လဲ ဒီစက်ဘီးကို တင်လို့ရတာမဟုတ်ဘူး ... ကျွန်တော်က ခင်ဗျားတို့ကို သစ်ခွမြိုင်ကို သွားနှင့်လိုက်ပါ လို့ ပြောပြီး နောက်ကတွန်းလိုက်လာတဲ့အခါကျတော့လဲ ... ခင်ဗျားတို့ လစ်မသွားဘူးလို့ မပြောနိုင်ဘူး ... ဟာ ... စိတ်မဆိုးနဲ့လေ ... ဘယ်သူ့ကိုယုံလို့ ဖြစ်မှာလဲ ... ကျွန် တော်က ဆင်းရဲသားဗျ ... လျော်စရာရှိတာ မဟုတ်ဘူး ...”

လစ်ပြေးမှာစိုးသည်ဟု ပြောင်တင်းတင်းကြီးခပ် ရှင်းရှင်း ပြောလာပါသည့် ကိုတာ့ကို ဤတစ်ကြိမ်မှာတော့

www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းမေ စိတ်ထဲ မခံချင်စိတ်ဖြင့် ဆတ်ခနဲ ကြည့်တော့ ကိုတာ လက်ကာ၍ ရင်ထဲရှိတာကို အမှန်အတိုင်း ဆက်ပြောလာပါ၏။

လုံမေပျို့ အင်ကြင်းကိုမေကို ကြည့်ကာ ..

"မိပျို .. ဒီကအစ်ကိုနဲ့ တူတူလိုက်လာပါမယ် မမလေး အင်ကြင်း .. မမလေးက .. အဲဒီကော်ဖီဂါးဒင်းကို ကားမောင်းသွားနှင့်လိုက်နော် .."

ဟုပြောတော့ အင်ကြင်းမေ သက်ပြင်းရှိုက်သည်။ လူတစ်ယောက်ကိုတော့ ချန်ထားခဲ့ဖို့ တောင့်စေ့စေ့နှင့် ပြောနေပါသည့် ကိုတာ့ကိုလည်း နည်းနည်း စိတ်ထဲမကျေလည်နိုင်သေးပုံလေးဖြင့် မျက်မှောင်လေးတွန့်ကွေး၍ ကြည့်သည်။ ကိုယ့်ဘက်ကများတာကိုလည်း ရိုးရိုးသားသား ဝန်ခံပေးနေပါလျက် ..။ အစစ .. ပြင်ပေးပါမည် .. ဒါမှမဟုတ် .. စက်ဘီးအသစ်ကို ဝယ်ပေးဆိုလည်း ဝယ်ပေးပါမည်ဟု တာဝန်ယူထားပါလျက်ကယ်နှင့် လူကိုမယုံသင်္ကာလုပ်နေသေးသည့် သူ့ကိုလည်း စိတ်ထဲ နည်းနည်းမျက်ချင်လာ၊ ကွက်ချင်လာရသည်က အင်ကြင်းမေပါ ..။ ဒါပေမဲ့ .. ဘာတတ်နိုင်မည်တဲ့လဲလေ ..။ ပျိုလေးကလည်း ကားမောင်းတတ်တာ မဟုတ် ..။ ကားမောင်း၍ သစ်ခွမြိုင်သို့သွားဖို့ ဆိုတာကလည်း အင်ကြင်းမေပဲ ရှိသည်ပဲဥစ္စာ ..။

"ကျွန်တော့်နာမည် ကိုတာပါ .. သစ်ခွမြိုင်က သိပ်မဝေးပါဘူး .. ရှေ့လမ်းတစ်ကွေ့လေးမှာပါ .. ခြံကျယ်ကြီးထဲမှာ ပန်းမာန်တွေ ဘာတွေနဲ့ သိပ်လှတဲ့ခြံပါ .. ကော်ဖီဂါးဒင်းက .. သိပ်လှတာဗျ .. ဒါကြောင့် .. လူသူတော်



တော်များများ လာလာစားသောက်ကြတယ် .. အစားအသောက်စုံ ရတယ် .. ကော်ဖီဂါးဒင်းသာ ဆိုတာပါ .. ကော်ဖီကောင်းကောင်းအပြင် .. တခြားအစားအစာတွေ မုန့်တွေ အမယ်စုံရတာပါ .."

"အရေးထဲ .. ဆိုင်ကြော်ငြာနေပြန်ပြီ .. ကဲပါ .. ရှင်ပြောတဲ့ ဆိုင်ဆိုတာကို .. အင်ကြင်း မကြာမကြာရောက်တတ်ပါတယ် .. ဘယ်လောက် သာယာပြီး .. ပန်းပင်တွေ လှလှပပဖြစ်နေတာ အင်ကြင်းမြင်ဖူးပြီးသားပါ .. မရောက်ဖူးတာက ဒီက ပျိုလေး မရောက်ဖူးတာ .. ရှင်တို့ရဲ့ဆိုင်ကို ခေါ်သွားပြီး ကောက်ဖီတိုက်မလို့ဥစ္စာ .. ခုလိုဖြစ်ရတာရှင့် .."

အင်ကြင်းမေ ပြောကာ လုံမေပျိုကို စိတ်မောပုံလေးဖြင့် ကြည့်လာပါ၏။ ကိုတာနှင့်အတူ သွားလိုက်ဖို့ ပြောရမည်မို့လည်း ရင်ထဲ မောနေပုံရသည်။ ကိုတာကိုလည်း စိတ်ထဲသိပ်ကျေလည်ပုံမရ ..။

"မမအင်ကြင်း သွားလိုက်နော် .. မိပျို .. ဒီကအစ်ကိုနဲ့ လိုက်လာပါ့မယ်၊ ဟိုကိုရောက်ရင် .. သူ့ပိုင်ရှင်ကို .. မမလေး အင်ကြင်း ပြောပြထားနှင့်လို့ ရတာပေါ့ .."

ဟု အလိုက်တသိလေး လုံမေပျို ပြောသည်မို့ အင်ကြင်းမေ ကိုတာ့ကို တစ်ချက်တော့ မျက်နှာမှန်တည်တည်လေးဖြင့် ကြည့်ပြီးမှ ကားမောင်းထွက်သွားသည်ပါပဲ ..။

"မယုံတာတော့ မဟုတ်ဖူးပေါ့ မမျိုးရယ် .. ဒီလိုပဲပေါ့ .. လစ်ပြေးသွားမှာကိုလဲ လန့်တာက ရှိနေရသေးတာကိုး ..

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲတော့လဲ .. လျော်စရာ မရှိတော့ .. လန့်တဲ့ကိစ္စကို မေ့ပစ်လိုက်လို့ရမှာမှ မဟုတ်တာ၊ ခပ်ပေါ့ပေါ့ကြီး နှစ်ယောက်စလုံးကို လွှတ်မပေးရဲလို့ပါ ..”

ဟု ရင်ထဲရှိတာကို ရိုးရိုးကြီးထပ်ပြောတော့ လုံမေပျို တစ်ချက်ပြုံးမိသည်။ ကိုတာ့ သောကကိုလည်း လုံမေပျို နားလည်ပါသည်လေ ..။ တကယ်လည်း .. လစ်သွားလျှင်ဖြင့် ကိုတာပဲ လျော်ရမည် မဟုတ်ပါလား။

စက်ဘီးခွေလိန်လိန်ကြီးကို လက်ကိုင်နေရာကို ပြန်၍တည့်နိုင်သမျှတည့်ဖို့ ကိုတာ ကြိုးစားပေမယ့် ဘာအဆင်မပြေသည်မသိ ..။ လက်ကိုင်ကြီးက လိန်နေသည်မို့ ကြိုးကြိုးစားစား တွန်း၍ ကိုတာ လမ်းအတိုင်း စက်ဘီးတစ်စီးနှင့် အလုပ်ရှုပ်နေရသည့်အဖြစ် ..။ ဘေးမှလိုက်လာသည့် လုံမေပျိုကိုလည်း ကြည့်သည်။

စောစောကပြောသည့် စကားထဲမှာ မိပျို ဆိုတာ ထည့်ထည့်ပြောတာမို့ နာမည်ကိုတော့ သိနေရပြီ ..။ ဒါပေမဲ့ .. နာမည်အပြည့်အစုံ ဟုတ်မဟုတ်တော့ မသိရသေး။ လှတော့လှသည့် နာမည်ပေပဲဟု ကိုတာ စတင်၍ တွေးသည်။ စိတ်ထားအေးချမ်းပုံလည်း ရသား .. ဟု ကိုတာ ဆက်တွေးဖြစ်၏။ ရုပ်လေးလည်း အချော .. ဟု နောက်ထပ်ဆက်တွေးကာ မိပျို ဆိုသည့် မိန်းကလေးကို ကြည့်သည်။

“ကော်ဖီသောက်မလို့ကိုး ..”

ဟု စကားကိုဆက်တော့ မိပျို ခေါင်းလေးညိတ်ကာ ..



“ဟုတ်ပါတယ် အစ်ကို .. မမလေး အင်ကြင်းက .. မိပျိုကို .. ကော်ဖီတိုက်ချင်တယ်ဆိုပြီး ခေါ်လာတာပါ .. ဒါနဲ့ ဒီစက်ဘီးပိုင်ရှင်က စိတ်အရမ်းဆိုးနေမှာလား မသိဘူးနော် .. မမလေးကိုများ ဟိုမှာ စိတ်လက်ဆိုးပြီး ပြောနေမှာလား မသိဘူးနော် ..”

ကားနှင့်သွားသူက အရင်ရောက်ရမှာစို့ စိတ်ထဲမဖြောင့်နိုင်ပဲ လုံမေပျို ပြောတော့ ကိုတာ သက်ပြင်းရှိုက်သည်။

“မပြောနိုင်ဘူးဗျ မပျိုရ .. အစ်ကိုလေးက .. စိတ်ရင်းတော့ကောင်းတယ် .. စိတ်ဖြောင့်ကြီးဗျ .. ချမ်းသာတာကလဲ တော်ရုံမဟုတ်ဘူး .. ရွှေကြာဖူးဝေ .. ဆိုတဲ့ .. ဟိုတယ်ကြီး သိလား ..”

လုံမေပျို ခေါင်းယမ်းသည်။ ရွှေကြာဖူးဝေ ဆိုသည့် ဟိုတယ်ကြီး ရှိသည်ဆိုတာပင် ကြားဖူးတာမှ မရှိချေပဲလေ ..။ အမြဲ အိမ်ထဲအောင်းနေရသည့်ဘဝ ..။ ကျောင်းတက်ရတာလေး လောက်ပဲ အပြင်မှာ တစ်ချက်ရှိလိုက်ရသည့် ဘဝထဲမှာ .. ပြင်ပကမ္ဘာဆိုတာ ဘာမျှ မိပျို သိရတာမှ မရှိချေပဲလေ့ ..။

“ဟင် .. မသိဘူး .. ဒီလောက် နာမည်ကြီးတဲ့ဥစ္စာ .. ကျွတ် .. ခက်ပြီပဲ ..”

မသိသည့်သူက မခက်ရ ..။ သိသည့် ကိုတာက စိတ်လက်ညစ်နေသည့်အဖြစ် ..။

“နို့ .. မကြားဖူးဘူးလား .. ရွှေကြာဖူးဝေ ဆိုတဲ့ ဟိုတယ်ကြီးမှာ ပန်းချီပြပွဲလုပ်တာတို့ .. ရတနာထည်တွေကို .. မိုဒယ်တွေနဲ့ .. ကက်ဝေါ့ခ်လျှောက်ခိုင်းပြီး အစ်ကိုလေးက

www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာတာတို့ .. ဘာတို့ .. မဂ္ဂဇင်းတွေမှာ မဖတ်ဖြစ်ဖူးလား .. အစ်ကိုလေးက ရတနာဆိုင်ကြီးလဲ ရှိတယ် သိရဲ့လား .. အဲဒီဟိုတယ်ကြီးမှာကို .. ထည့်ပြီးဖွင့်ထားတာ .. အဲဒါ မကြားဖူးဘူးလား .. သိပ်လှတဲ့ ဟိုတယ်ကြီးပဲဥစ္စာ .. ခု ... သစ်ခွမြိုင်ဆိုတဲ့ ကော်ဖီဂါးဒင်းကလဲ မခေဘူးဗျ ... သိပ်လှတာ .. နို့ .. မကြားဖူးဘူးလား .. နေပြည့်စုံ ဆိုတဲ့ အစ်ကိုလေးရဲ့နာမည်ကို .. အစ်ကိုလေးက .. စာရေးဆရာလဲ စာရေးဆရာလေ .."

မေးလိုက်သမျှအားလုံး လုံမေပျို သိတာ တစ်ခုမျှပါမနေတာက ဆိုးသည်။ ခေါင်းခါပြရမှာ လုံမေပျို အားနာပေမယ့် .. ခေါင်းခါ၍သာ ပြလိုက်ရပါသည့် အဖြစ် ..။ နေပြည့်စုံ ဆိုသည့် နာမည်ကိုက .. အရှိန်အဝါကြီးကြီးနှင့် မဟာဆန်နေသည့်အဖြစ် ..။

လုံမေပျို အတွက်ကတော့ .. နေပြည့်စုံ ဆိုတာ .. အရမ်းကို ထက်မြက်သော လူတစ်ယောက်အဖြစ် .. မမြင်ဖူးခင်ကတည်းက .. ကိုတာ့ စကားတွေဖြင့်ပင် သိနေနှင့်ရပါ၏။

"ဟင် .. တစ်ခုမှ မသိဘူး .. နို့ .. ဘာသိသလဲ ခင်ဗျားက .."

"မိပျို .. ဘယ်ကိုမှ မသွားဖူးမဲ့ အစ်ကိုရဲ့ .. မဂ္ဂဇင်းလဲ မဖတ်ရဘူးလေ .. ကြီးလတ်က .."

ကြီးလတ်က ပေးမဖတ်ဖူး .. ဆိုသည့် စကားကို လွှတ်ခနဲ ပြောမိမယောင်ရှိရာမှ ပြန်၍ထိန်းလိုက်ရသည်က လုံမေပျိုပါ ..။



"အနည်းဆုံး .. စာရေးဆရာ နေပြည့်စုံ ဆိုတာလောက်ကိုတော့ သိနေရမှာပေါ့ ခင်ဗျားကလဲ .. မိန်းကလေးတွေပဲ ဥစ္စာ .. ဝတ္ထုတော့ ဖတ်ကြတာပဲ မဟုတ်လား .. ဒီမယ် အစ်ကိုလေးက .. ခန့်ညားတယ်ဗျ .. မဂ္ဂဇင်းမှာ .. ထူးချွန်သော စီးပွားရေးသမားတစ်ယောက်အဖြစ် .. သူ့အင်တာဗျူးတောင်မှ ပါလာသေးတယ် .. ဓာတ်ပုံတွေ ဘာတွေနဲ့လေ .. အဲဒါ .. မြင်စေချင်လိုက်တာဗျာ .."

ကိုတာကတော့ ဆရာသမားကို မမြင်ဖူးရကောင်းအား .. မသိရကောင်းလားနှင့် မအီမချင့်ကြီး ဖြစ်နေရပေမယ့် ..ေမပျိုကတော့ .. ထို .. နေပြည့်စုံဆိုသူမှ မမလေး အင်ကြင်းကို မဟောက်ပါစေနှင့်ဟုသာ စိတ်ထဲ ပူနေရတာ တစ်ခုပဲ ရင်မှာ ရှိနေရပါသည့်အဖြစ် ..။

နေပြည့်စုံ ဆိုတာ တော်ရုံထူးချွန်သူတစ်ယောက်တဲ့ ဆိုတာလောက်ကိုတော့ လုံမေပျို နားလည်ထားလိုက်ရ၏။

"ဒီလောက် ချမ်းသာတာပဲ ဥစ္စာ .. အစ်ကို့ကို ဒီစက်ဘီးကိစ္စ .. လျော်ခိုင်းပါ့မလား အစ်ကို .."

လမ်းတူတူလျှောက်ဖြစ်ရင်း စကားလေး ပြောဖြစ်တော့လည်း တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးလာရသည် ..။ ကိုတာ ခေါင်းယမ်း၍ ..

"စည်းကမ်းဗျ မပျိုရ .. စည်းကမ်း .. အစ်ကိုလေးက အရမ်းစည်းကမ်းကြီးတာ .. ဘောက်ဆူးပေးတာက သပ်သပ် ... ဖန်ခွက်ကွဲလို့ လျော်ခိုင်းတာက သပ်သပ်ပဲဗျ ..

www.burmeseclassic.com

www.burmeseclassic.com



အဲသလိုကိုရှိတာ .. ဒါပေမဲ့ .. အစ်ကိုလေးကိုဆို .. အလု
သမားတိုင်းက ချစ်ကြောက်ရှိသေပဲ ခင်ဗျ .. သဘောထား
ပြည့်ဝလွန်းလို့ .. ရက်ရောပြီး .. ဘောက်ဆူးချတတ်လွန်း
လို့ ချစ်ကြသလို .. စည်းကမ်းကြီးလွန်းလို့ ရှိသေတဲ့စိတ်
နဲ့ ကြောက်ကြတာလဲ အမှန်ပဲ .. အဲသလို အစ်ကိုလေ
လေ .."

ဟုဆက်ပြောတော့ လုံမေပျို စကားသံလေး တိ
သွားရကာ ကိုတာနှင့်အတူ လျှောက်လာခဲ့ရသည်ပါပဲ ..။ လ
တစ်ကွေ့ ကျော်လိုက်တာနှင့် သစ်ခွမြိုင် .. ဆိုသည့် ကြေးဝါဖွင့်
စာသားပါ .. ဆိုင်းဘုတ်တစ်ခုကို .. မိပျို တွေ့ရပါ၏။

ကားပါကင်ထိုးရမည့် နေရာမှာ မမလေး အင်ကြင်း
မေ၏ကားကို တွေ့ရပြီ ..။ ခပ်ပြာပြာ တစ်ထပ်အဆောင်ကြ
ကြီးဖြင့် ရှိနေပါသည့် ကော်ဖီဂါးဒင်းဆိုသည့် နေရာသည် ကျ
ပြန့်သော မြက်ခင်းစိမ်းမြမြ ..။

မြက်ခင်းထက်မှာ လှပသော ပန်းရောင်စုံတို့က
အကွက်ချထားသည့်နှယ် .. လှလှပပ ဟိုသည်တစ်တွက် ..
သည်တစ်ချိုးတစ်ကွေ့တို့တိုင်းမှာ ပန်းတို့ဝေလျက် ရှိနေကြသည်
အမြင်ကိုက ဆန်းနေလျက်လှလည်းလှ ..။ ချမ်းချမ်းမြေ့မြေ့လည်း
ဖြစ်ရသည်ပါပဲ ..။

သစ်ခွရုံတန်းလေးတွေကလည်း သဘောဆေးသု
သစ်ခွစင်လေးတွေဖြင့် ရှိနေကြပါသည့် အဖြစ် ..။ ထီးမိုးကော်
စားပွဲလေးတွေနှင့် ထိုင်ခုံလေးတွေကလည်း မြက်ခင်းစိမ်းမြ
ထက်မှာ သပ်ရပ်စွာ ရှိနေကြလျက် စားသောက်သူတို့ဖြင့် ပြ



လှနီးပါး ရှိနေကြပြီ ..။ လှပသော သေးနွဲ့နွဲ့ဝါးရုံရိပ်တွေက
လည်း ဟိုသည်တို့မှာ ယိမ်းနွဲ့နွဲ့ စိမ်းလဲ့လဲ့ဖြင့် ရှိနေကြတာမို့
အေးမြသောနေရာ .. ပန်းရနံ့ဝေသော နေရာလေးမှာ ခြေစုံလေး
ရပ်နေရပါသည့် ခံစားချက်က တိုးတိုးဝေ့ဝေ့ ချမ်းချမ်းမြေ့မြေ့
ရှိလှချေသည်တကား ..။

"ကော်ဖီဂါးဒင်း ဆိုတာက .. ကော်ဖီတစ်ခွက်ကို ..
ဥယျာဉ်ကြီးတစ်ခုမှာ .. အေးအေးဆေးဆေး ထိုင်ကြည့်ခံ
စားရင်း သောက်နိုင်အောင်လို့တဲ့လေ .. အစ်ကိုလေးက
ပြောပြတယ် မပျို .."

ဟု ကိုတာ ပြောလာတော့ လုံမေပျို စတင်၍ စိတ်
[ဝ]င်တစား ဖြစ်လာရသည်က ထို .. နေပြည့်စုံ ဆိုသည့်သူ၏
[စိ]တ်ကူးစိတ်သန်းကိုပါ ..။

နေပြည့်စုံ ဆိုသူသည် စိတ်ထားနူးညံ့သိမ်မွေ့ချေ
သိမ့်မည်ဟုလည်း ထင်သည်။

ဆန်းသစ်သော အတွေးတို့ဖြင့် ထက်ထက်မြက်မြက်
[ရှိ]သူတစ်ယောက်ဟုလည်း နားလည်ထားမိပြန်သည်။ နူးညံ့သိမ်
[မွေ့]ခြင်းနှင့် ထက်မြက်ထူးချွန်ခြင်းဆိုသည့် အရည်အသွေးတို့ဖြင့်
[ပြ]ည့်ဝနေသည့် သူတစ်ယောက်ကို မကြာမလင့်မီမှာပင် လုံမေပျို
[မြ]င်ဖူးရချေတော့မည်တကား ..။

"အေးလေ .. သူက .. စာရေးဆရာပဲ .. စိတ်ကူးလှလှ
လေးတွေနဲ့ ဒီဥယျာဉ်ထက်က ကော်ဖီဂါးဒင်းဆိုတာကို
ဖြစ်တည်စေနိုင်တာပေါ့ .."

ဟု လုံမေပျို တွေးမိရပါပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



"အထဲဘက်မှာလဲ ကော်ဖီစားပွဲတွေ ရှိတယ် .. သီးသန့် အခန်းလေးနဲ့ စားသောက်ချင်ရင်လဲ ရတယ် .. အထဲရောက်ရင် .. မပျို တွေ့မှာပါ .. အစ်ကိုလေးကိုတွေ့ဖို့ ရုံးခန်းကို ခေါ်သွားရမှာပဲလေ .. ခင်ဗျားရဲ့အစ်မဆိုတာကိုတော့ အထဲမှာပဲ တွေ့ရမယ်ထင်ပါရဲ့ .. နေဦး .. ဒီဘက်ကို ဒီ စက်ဘီးတွန်းသွားရမှာဗျ .. စက်ဘီးထားတဲ့ စက်ဘီးပါကင် နေရာလဲ ရှိတယ် .. ဆိုင်ကယ်တွေအတွက် ပါကင်ထိုးဖို့ နေရာလေးလဲ ရှိတယ် .. ကျွန်တော်တို့ဝန်ထမ်းတွေအတွက် ထားတဲ့ စက်ဘီးထားရမယ့်နေရာ .. ကားထားရမယ့်နေရာ သီးသန့်ရှိသေးတယ်ဗျ .. စားသုံးသူတွေ အတွက်က သီးသန့်ပါကင်နေရာလေးတွေ အစ်ကိုလေးက .. ပါကင် လေးတွေနဲ့ စီစဉ်ထားပေးတာ .. ကျွန်တော်တို့က အဝေး ပီဇာမုန့်တို့ .. ဘာတို့ .. အမှာရှိလို့ ပို့ရတဲ့အခါကျတော့ .. ကော်ဖီဂါးဒင်းရဲ့ကားနဲ့ ပို့ပေးရတာဗျ .."

တော်တော်ကြီးကြီးကျယ်ကျယ် လုပ်သည့်သူ သာမန်အားဖြင့် ဖျတ်ခနဲအတွေးနှင့် တွေးချေလျှင်တော့ ထို ပြည့်စုံ ဆိုသူအပေါ် တွေးချင်စရာ ဖြစ်စပြုလာရမည်ဖြစ်ပေမယ့် တကယ်တမ်း လေးလေးနက်နက် တွေးလိုက်တော့ .. စားသုံးသူ တို့အပေါ် အတော်ကြီးကို ထောင့်စေ့အောင် တာဝန်ကျေ စေတနာထားကာ .. လုပ်ငန်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့်လ တတ်သည့် သူတစ်ယောက်အဖြစ် နားလည်သွားရကာ ထက်မြ မှုကို အားကျစရာပါ ကောင်းလာသည်ပဲဟု လုံမေပျို တွေးမိ ၏။ သြော် .. စိတ်သွားရာ ကိုယ်ပါ၍ လုပ်လိုသည့်အလုပ်ကို



အောက်ချလုပ်နိုင်သည့် ဘဝတစ်ခုကို .. ကံကောင်းလွန်းစွာ နေ ပြည့်စုံ ဆိုသည့်သူသည် ပိုင်ဆိုင်ရချေသည်ပဲ ..။ လုံမေပျို ဆို သာကတော့ .. ငဝါမြိုင်မှာ သိမ်ငယ်သော မိပျို အဖြစ် .. ရှိနေ ရချေသည်ပဲလေ ..။ ဤသည်ကို .. ကံကြမ္မာဟု ခေါ်ရချေလိမ့် မည် ..။

စက်ဘီးရုံလေးမှာ စက်ဘီးကိုထား၍ ကိုတာ လုံမေ ပျိုကို ဦးဆောင်၍ ရုံးခန်းဘက်ဆီသို့သွားဖို့ ခေါ်လာပါ၏။ စိမ်း မြမြကော်ဇောပြည့်ခင်းထားသော တစ်ထပ်အဆောက်အအုံ ကြမ်း ခင်းထက်မှာ စတီးလ်ကော်ဖီစားပွဲဝိုင်းလေးတွေနှင့် စတီးလ်ထိုင်ခုံ ဆိုဖာဖုံးလေးတွေဖြင့် ရှိနေကြလေသမျှ မမလေးအင်ကြင်းမေ သည်း စားပွဲတစ်နေရာရာမှာများ တွေ့ရချေမည်လားဟု လုံမေ ပျိုနှင့် ကိုတာ ကြည့်သွားရပါ၏။ နှင်းဆီဖြူတစ်ပွင့်ထိုး ပန်းအိုး လေးတွေရှိနေပါသည့် စားပွဲတိုင်းမှာလည်း လူပြည့်လုနီးပါးရှိနေ ။ မမလေး အင်ကြင်းမေကို ရှာနေခိုက်မှာပဲ လုံမေပျိုတို့ ဝင် လာကို ဂရုတစိုက် စောင့်ကြည့်နေပါသည့် မမလေးအင်ကြင်း ထောင့်စားပွဲ နေရာလေးဆီမှ ရပ်၍လက်ပြတာမို့ နှစ်ယောက် လျှောက်လာကြပါ၏။

"ကဲပါ .. ခဏတော့ ထိုင်ကြတာပေါ့ .. အင်ကြင်းတို့ ဆာနေပြီလေ .. ကော်ဖီနဲ့ အာလူးကက်တလိတ်လေး လောက်တော့ စားလိုက်ကြတာပေါ့ .. မိပျိုလေး .. ပီဇာ စားမလား .."

ဟု မမအင်ကြင်း ပြောလည်းပြော ..။ ပြန်လည်း ခုထိရပ်နေဆဲ ကိုတာ့ကို ကြည့်ရင်းမှ ..

www.burmeseclassic.com

www.burmeseclassic.com



"အင်ကြင်း ကျွေးမှာပါ ကိုတာရဲ့ .. ထိုင်ပါရှင် .."

ဟု ထပ်ပြောတော့ ကိုတာ ခေါင်းခါသည်။

"စားစရာရှိတာ .. စားပါ မမလေး ခင်ဗျာ .. ကျွန်တော်တို့က ဒီမှာလာစားတဲ့သူတွေနဲ့ တူတူစားလို့ မရပါဘူး .. သူတို့ကျွေးတာလဲ ထိုင်မစားရပါဘူး ခင်ဗျာ .. မမလေးတို့မှာတဲ့ အစားအသောက်တွေ ကျွန်တော် လာပို့ပေးပါမယ် .."

ဟု တရိုတသေပြောကာ ထွက်သွားတော့ .. အင်ကြင်းမေ ရယ်၍ လုံမေပျိုကို ကြည့်သည် ..။

"သူ့စက်ဘီး ထိုတုန်းက စွာတဲ့ပုံစံနဲ့တော့ တခြားစီပဲ မိပျိုလေးရေ .. သူ့သူဌေးဆိုင်ထဲလဲ မမလေးတို့ရောက်ရော .. တရိုတသေကြီးကိုထားပြီး သူ့အလုပ်သူလုပ်တော့တာပဲ .. အင်း .. ဘာပဲဖြစ်ဖြစ် .. သူ့သူဌေးကတော့ အတော်ကြီးကို စည်းကမ်းကြီးပြီး .. အလုပ်ကို တန်ဖိုးထားသေသေချာချာ လုပ်တတ်တဲ့သူဆိုတာ .. ဒီနေရာကို မမလေး .. စရောက်ဖူးကတည်းက .. အရင်တုန်းကတည်းက သိထားတာပါပဲ .. ဒါပေမဲ့ .. အဲဒီတုန်းက .. ဒီဆိုင်ပိုင်ရှင်ဟာ .. မိန်းမတစ်ယောက်ယောက်ပဲ ဖြစ်မယ်လို့ ထင်ထားမိတာ .. အလှအပကို သိပ်ပြီးမြင်တတ် .. ခင်းကျင်းတတ် .. စိတ်ကူးကောင်းကောင်းလှလှလေးတွေက နှုးညံ့နေတာကိုး .."

ဟု မမလေး အင်ကြင်းမေ ပြောနေခိုက်မှာပဲ အငွေ့ထနေလျက် မွှေးမြသော ကော်ဖီခွက်လှလှလေးနှင့်အတူ အာလူး



ကက်တလိတ်နှစ်ပွဲသည် လင်ပန်းတစ်ခုတွင်းမှာ သေသေသပ်သပ် ညည့်သယ်လာပါသည့် ကိုတာကြောင့် စားပွဲထက်ဆီသို့ ရောက်လာရပါသတည်း။ ရပ်နေဆဲ ကိုတာ့ကို အင်ကြင်းမေ မော့ကြည့်ကာ တစ်ချက်ရယ်သည်။

"အင်ကြင်းတို့က ထွက်ပြေးမှာ မဟုတ်ပါဘူး .. စိတ်ချ .. စားသောက်ပြီးတာနဲ့ .. ရှင့်သူဌေးဆီကို .. အင်ကြင်းတို့သွားတွေ့ တောင်းပန်မှာပါ .. လျော်စရာရှိတာလည်း လျော်မှာပါ .."

ဟု ပြောတော့ ကိုတာ အားနာသလို တစ်ချက်ကြည့်သည်။

"အဲဒါကတော့ .. မလုပ်မဖြစ်လို့ .. ကျွန်တော် .. ဒီက မမလေးနဲ့ မပျိုလေးတို့ကို .. အစ်ကိုလေးဆီ ခေါ်သွားရတာပါ ခင်ဗျာ .."

ဟု ပြောရှာပါသတည်း ..။

လှပသော ပန်းအိုးတွေ စဥ့်ရည်သုတ်အိုးကြီးများ ရှိနေရာအခန်းသည် .. ပန်းရနံ့ဖြင့် မွှေးမြနေသည်။ လေ ဖွင့်ထားတာမို့ အေးမြမြ ခံစားချက်ကလည်း ပန်းရနံ့နှင့် တိုးဝင်၏။

"ပန်းအိုးကြီးတွေမှာ ပန်းတွေ အမြဲဝေနေတာပဲနော် .."

အခန်းထောင့်နေရာတွေမှာရော .. အခန်းထဲရှိ လူ နေရာတွေမှာ စားပွဲဝိုင်းတွေဘေးမှာရော ကြမ်းခင်းထက် ပါသည့် စဥ့်ရည်သုတ်ပန်းအိုးတို့ကို ကြည့်ကာ အင်ကြင်းမေ သော့ ..

www.burmeseclassic.com

www.burmeseclassic.com



"နှောက်ဘက်မှာ .. ပန်းအိုးတွေနဲ့ ရှိနေတဲ့ ဥယျာဉ်ရှိပါတယ်ခင်ဗျ .. ပန်းတွေပွင့်နေတဲ့ အိုးတွေကို .. အရင်ပန်းအိုးတွေ နေရာမှာ ပြန်ရွှေ့ရွှေ့ ပြောင်းထားတာမို့ .. ဒီမှာက တော့ အမြဲ ပန်းတွေဝေနေတာပါခင်ဗျ .."

ဟု ကိုတာ ရှင်းပြတော့ ဤစာရေးဆရာ သူဌေးကြီးဖြင့် လုံမေပျို .. လက်ဖျားပင် ခါမိရပါပြီ ..။ သြော် .. လုံမေပျို ထက်ပင် .. ပို၍ .. စိတ်ကူးစိတ်သန်းလှသော .. နူးညံ့သော အတွေးတို့ ရှိပါသည့် ထိုသူဌေးဆိုသူကို .. မကြာမတင်မှာ မြင် ရချေတော့မည် ..။ ထိုသူသည် .. မည်သို့သော ရုပ်အဆင်းနှင့် ရှိချေမည်တော့ မသိသေး ..။

ဒါပေမဲ့ .. လုံမေပျို စိတ်ထဲမှန်း၍ တွေးမိရပါသော ထိုသူသည် .. မင်းသားတစ်ပါးနှယ် သန့်ပြန့်မွန်ရည်သော .. ခန့် ထည်ထည်လည်း နိုင်နေသော .. သူအဖြစ် ရှိနေပါချေ၏ .. အရုပ်လည်း မြင့်နေပါချေလိမ့်မည် ..။ သေသပ်သော ဝတ်စုံ ဝတ်ဆင်ထားပါလေလိမ့်မည် ..။ အနောက်တိုင်းဝတ်စုံလည်း ဖြစ်နိုင်သည် ..။ ဒါမှမဟုတ် .. ပုဆိုးကွက်စိပ်လေးကို ရုပ်အင်္ကျီ လက်ရှည်ကတုံးဖြင့် တွဲဖက်ဝတ်ဆင်ထားတာမျိုးလည်း ဖြစ်နိုင် သည်။

သေချာသည်ကတော့ .. ထိုသူ၏ရုံးခန်းသည် အဆောင် ကြီးကို သပ်ရပ်လှပနေကာ .. ထိုသူသည်လည်း .. အလုပ်တွေ များနေသည့် သူတစ်ယောက် ဖြစ်နေမည့်အဖြစ် ..။

ကိန်းကြီးခမ်းကြီးနိုင်နေမှာလည်း သေချာနေသည် ဟု လုံမေပျို ထင်လာသည်။



မမလေးအင်ကြင်းမေနှင့် စကားပြော အဆင်ပြေပါ့ မည်လား မသိ ..။

စည်ကမ်းကလနား ကြီးကြီးဖြင့် ထို နေပြည့်စုံ ဆိုသူသည် မမလေးအင်ကြင်းမေကို ခပ်တင်းတင်းကြီးများ ထို စက်ဘီးတိုက်မိသည့်ကိစ္စအပေါ် ဆက်ဆံပြောဆိုနေချေမည်လား မသိ ..။

ရင်ထဲမှာ တစ်ချက် လေးခနဲ ဖြစ်လာမိရသည်က လုံမေပျိုပါ ..။

❋ ❤ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

ကိုတာ ဦးဆောင်ခေါ်လာပါသည့် သူ့ဌေး၏ရုံးခန်း ဆိုတာက ကျယ်ပြန့်သော အခန်းကြီးတစ်ခု ဖြစ်နေတာ မှန်ပေမယ့် ..။ လုံမေပျို ကြိုတင်တွေးဆထားမိသည့်နှယ် ဖြစ်မနေ ..။ အစိမ်းရောင်ကော်ဇောကျယ်ကြီး ဖြန့်ခင်းထားရာ အခန်း၏ထောင့်နေရာတွေမှာ ရွက်လှရွက်ခက်ပင်သာလျှင် စဥ့်ရည်သုတ်ပန်းအိုးကြီးနှင့် ရှိနေကာ ..။ လုံမေပျို ထင်ထားသည့်နှယ် ပန်းပင်လေးတွေ ပန်းအိုးနှင့် တွေ့နေရတာမျိုး ရှိမနေ ..။

အပြာနုရောင်နံရံမှာ ရှုခင်းပုံပန်းချီကားချပ်ကြီးများကို ချိတ်ထားသည်။ အစိမ်းရောင်စားပွဲခင်း သင်္ကာလပ်သားမှာ စိုမြမြ အစိမ်းဖက်ကိုနွယ်လျက် ..။ အလုပ်စားပွဲထက်မှာ သေသပ်သော ဖိုင်တွဲတချို့ စီထပ်လျက်ရှိနေသည်။ အလုပ်စားပွဲနောက်မှာက တာအုပ်ဓာတ်ပုံကြီးက နောက်ကျောဘက် နံရံကို အားလုံးနေရာယူထားသည့်အဖြစ် ..။ တံခါးခန်းဆီးတွေက စိမ်းမြမြစာခန်းဆီးများ ..။

အခန်းသည် .. စိမ်းမြမြ နိုင်နေသည်။ စိမ်းမြမြ တောအုပ်တစ်ခု၏ ရနံ့ကို ရှူရှိုက်ရသည့်နှယ် ခံစားရစေသည့်



အဖြစ် ..။ ဘာကြောင့်ဆို .. နံရံမှာရှိနေသည့် ပန်းချီကားများသည် တောတောင်၏မြင်ကွင်း ..။ တောအုပ်တို့၏ ရှုခင်းတွေကများနေသည်လေ ..။

အလုပ်စားပွဲနေရာမှာ နေပြည့်စုံသည် တယ်လီဖုန်းပြောနေလျက် ရှိပါ၏။

သန့်ပြန့်မွန်ရည်သောမျက်နှာ ..။ ထူထဲသောမျက်ခုံး ..။ နှာတံတင်းတင်းနှင့် ကျယ်ပြန့်သောမေးရိုးရှိကာ မျက်နှာသည် မာနမျက်နှာဘက်ဆီသို့ အနည်းငယ်စွန်းထင်း ချဉ်းဝင်နေသည့်နှယ်ရှိ၏။

"အိမ်ကို မရောက်သေးတာ နေမှာပါ ခင်ဗျာ .. ကျွန်တော့်ဝန်ထမ်း ကိုတာနဲ့ ပို့ခိုင်းထားပါတယ် .. ကျွန်တော် .. မုန့်ပို့တာဝန်ခံကို ခေါ်မေးထားပြီးပါပြီ .. ဟုတ်ကဲ့ပါ အစ်မ ခင်ဗျာ .. ခုလို .. အချိန်လင့် နှောင့်နှေးနေတာကို အားနာလှပါတယ် အစ်မ .. ဟုတ်ကဲ့ပါ .. ဟုတ်ကဲ့ပါ .."

ဟု တလေးတစား ပြောဆိုနေသံကိုလည်း ကြားနေ ...ဘာမို့ လုံမေပျို သိလိုက်ပါပြီ ..။ ကိုတာ မုန့်ပို့တာမရောက် ...ငံပဲ ဖြစ်နေ၍ မှာသူဘက်က ဖုန်းနှင့်လှမ်းမေးနေ ပြောနေတာ ...မည် ..။ ဖုန်းကိုချလိုက်ပြီး နေပြည့်စုံ လှမ်းကြည့်သည်က ...ါးမကြီးဘက်ကိုပါ ..။ လူရိပ်တွေ မြင်နေရသည်ကိုးလေ ..။ ...ကလေးနှစ်ယောက်နှင့်အတူ အခန်းဝမှာ ကုပ်ကုပ်လေးရပ်နေ ...ည့် ကိုတာ့ကို နားမလည်နိုင်သလို ကြည့်သည်။ မျက်နှာစိမ်း ...ဖြစ်သည့် မမလေးအင်ကြင်းမေနှင့် လုံမေပျိုတို့ကို ခေါ်...
...ည်ကိုးလေ ..။

www.burmeseclassic.com

www.burmeseclassic.com



"ခုပဲ .. ပီဇာမုန့်မှာတဲ့ မမယုဆီက ဖုန်းဝင်လာတယ် .. ဟိုမှာက .. ညှော်သည်ရှိနေတာတဲ့လေ .. နေစမ်းပါဦး .. အိမ်ကသိပ်ဝေးတာလဲ မဟုတ်ဖူး .. ဘာကြောင့် .. မပို့ဖြစ် ရသေးတာလဲ ကိုတာ .. ပြီးတော့ သူတို့က .. ဘယ်လိုတူတူပါလာကြတာလဲ .."

ဟု မေးသည်။

"ထိုင်ပါ .. ထိုင်ကြပါ ခင်ဗျာ .."

မုန့်ပို့တာ မရောက်သေးတာမို့ စိတ်ထဲရှုပ်နေပုံရပေမယ့် .. ဝတ္တရားတော့ မပျက်ပါ။ ကိုတာနှင့် အတူပါလာသည့် အင်ကြင်းမေနှင့်လုံမေပျိုတို့ကို နေပြည့်စုံ ထိုင်ခိုင်းသည်က ရုံးခန်းကျယ်ကြီးရှိ ဆိုဖာနီညိုရောင်ကြီးဆီသို့ လက်ကိုဇော့ပြရင်းဖြင့်ပါ ..။

အင်ကြင်းမေရော လုံမေပျိုပါ ရှိရှိကျိုးကျိုးလေးတွေ ထိုင်လိုက်ကြတာကိုလည်း တစ်ချက် အကဲခတ်သလိုကြည့်သည်။ ကိုတာ အကြောင်းမဲ့တော့ မခေါ်လာနိုင်တန်ရာဟု တွေးဆမိပုံဖြင့် ..

"ကိုတာ .. ပြောစမ်းပါဦး .. မုန့်ပို့တဲ့ကိစ္စ .."

ဟု မေးခိုက် အင်ကြင်းမေမှ မျက်နှာငယ်လေးဖြင့် ..

"ဒီလိုပါ အစ်ကိုကြီးရယ် .. အင်ကြင်းရဲ့ကား .. ပြန်ဘက်ဆုတ်ဖို့ ခြံတစ်ခြံရှေ့နေရာလေးမှာ ပြန်ဆုတ်နေတုန်း အဲဒီနေရာမှာ ထောင်ထားတဲ့ .. စက်ဘီးကို မတော်တဆ တိုက်မိသွားတာနဲ့ .. စက်ဘီးလဲ အပျက်အစီးရှိသွားရပါတယ် .. မုန့်တွေလဲ .. ကျကုန်တာတွေ ရှိပါတယ် .. ဒီကိစ္စမှာ ကိုတာ အပြစ်မရှိပါဘူးရှင် .. အပြစ်ရှိတာက ..



"မိပျိုပါ အစ်ကိုရယ် .. မိပျို မမောင်းတတ်ပဲ မောင်းမိရင်း ဖြစ်သွားရတာပါ .. အဲဒါ .. မမလေးအင်ကြင်းက .. သူတိုက်တာလို့ ပြောနေတာပါ"

ဟု လုံမေပျို ကမန်းကတန်းလေး မျက်နှာငယ်လေးဖြင့် ဝင်ပြောတော့ အင်ကြင်းမေနှင့် လုံမေပျိုတို့ကို တစ်လှည့်စီ နေပြည့်စုံ ကြည့်သည်။ ဘာမျှဝင်မပြော ..။ ပုံစံက .. ဆက်နားထောင်ဖို့ စောင့်နေသည့်ဟန် ..။

ခပ်တည်တည်ကြီး နားထောင်သမား လုပ်နေတာမို့ လုံမေပျို လန့်လာသည်။ ဆူထည့်တော့မည်လား မသိ ..။

"အဲဒါ .. ဟို .. စက်ဘီးလဲ .. အင်ကြင်းတို့ ပြင်ပေးပါ့မယ် .. အသစ်ဝယ်ပေးဆိုလဲ ဝယ်ပေးပါ့မယ် .. မုန့်တွေလဲ .. အဲဒီဥစ္စာတွေအားလုံး အင်ကြင်း ဝယ်ပါ့မယ် .. စိတ် .. မ .. ဆိုး .. ပါ .. နဲ့နော် .. အစ်ကိုကြီး"

တကယ့်ကို အစ်ကိုကြီးရှေ့ ရောက်နေသည့် ညီမလေးတစ်ယောက်နှယ် အင်ကြင်းမေ၏ မျက်နှာလေး ညှိုးကျနေတာကို တစ်ချက်လှမ်း၍ နေပြည့်စုံကြည့်သည်။ ပြီးတော့ လုံမေပျိုကို ထပ်ကြည့်သည်။ နောက်တော့ ထိုင်နေရာမှ ထရပ်ကာ ကိုတာကို တစ်ချက်လှမ်းကြည့်၍ ..

"အဲဒါ .. တကယ်ဖြစ်ခဲ့တာ အမှန်ပဲလား .. မင်း ပေါ့ဆလို့တော့ မဟုတ်ပါဘူးနော် .."

ဟု ထပ်မေးလာတော့ လုံမေပျိုမှ ကမန်းကတန်းလေးဝင်၍ ..

www.burmeseclassic.com

www.burmeseclassic.com



"ဒီက အစ်ကိုတာကြောင့် မဟုတ်ပါဘူး .. ဟို .. မိပျို.. ဝင်တိုက်တာပါ .. အစ်ကိုလေး .. ယုံပါ .."

ဟု ဝင်ပြောတော့ အင်ကြင်းမေနှင့် လုံမေပျိုကို တစ်လှည့်စီ ထပ်ကြည့်သည်။ အင်ကြင်းမေမှလည်း ခေါင်းလေး ခါ၍ ...

"မမလေး ဝင်တိုက်တဲ့ဥစ္စာကွယ် .."

ဟု ညည်းပါ၏။

"ကိုတာ .. စောစော မှာထားတဲ့ အိမ်တွေထဲက .. ကျန်နေတဲ့စာရင်းရယ် .. မုန့်တွေရယ် .. သေချာမုန့်ပုန်းထဲထည့် .. ရောသော့ .. အစ်ကိုလေး ကားမှာသွားထည့်ထား"

ဟု ပြောကာ ဆက်တီစားပွဲရှိရာသို့ လျှောက်လာသည်။ တရိုတသေ သော့ယူသည့် ကိုတာကို သော့ပေးလိုက်ရင်းမှ -

"ကော်ဖီသုံးခွက် ယူလာခဲ့ .. အားလူးကက်တလိတ်နဲ့ ကော်ပြန့်လိတ်လဲ ယူလာ .. ဆင်းဒဝစ်ချ်လဲယူလာ .."

ဟု မှာနေတော့ ကိုတာ တရိုတသေလေး ခေါင်းညိတ်သည်။ အစစဝင်၍ တာဝန်ယူပေးပါလေသော အင်ကြင်းမေနှင့် လုံမေပျိုကိုလည်း ကျေးဇူးတင်စကားကို မျက်ဝန်းအကြည့်ဖြင့် ပြောရာလျက် နေရာမှ ထွက်သွားတော့ အေးအေးဆေးဆေး ဟန်ဖြင့် မျက်စောင်းထိုးနေရာမှာ နေပြည့်စုံ ထိုင်ပါ၏။

"ဘာပဲဖြစ်ဖြစ် .. ခုလို .. ရိုးရိုးသားသား လာပြောတာ .. ကိုယ့်ကြောင့်ဖြစ်တာကို တာဝန်ယူတာ .. ကျွန်တော် ကျေနပ်ပါတယ် .. စက်ဘီးကိစ္စ .. ကျွန်တော်ပဲ ဆက်လုပ်ပါမယ် .. မုန့်ဖိုးတော့ .. ပေးချေရပါလိမ့်မယ် ခေါ်အင်ကြင်း"



"ဟုတ်ကဲ့ .. ဟုတ်ကဲ့ပါရှင် .."

ဟု အင်ကြင်းမေ တရိုတသေ ပြောပါ၏။ အရပ်မြင့်မြင့်၊ ဝခုံးကျယ်ကျယ် ..။ အနောက်တိုင်းဝတ်စုံမီးခိုးဖျော့ရောင်ကို သပ်သပ်ရပ်ရပ် ဝတ်ထားပါသည့် နေပြည့်စုံ ..။

မျက်ဝန်းများ ရူးရှလက်တောက်နေလျက် ..။ ပြတ်သားခြင်း၏ အငွေ့အသက်များဖြင့် ပြည့်ဝနေပါသောမျက်နှာ ..။ မှန်သည်ထင်ရာကို ပြတ်ပြတ်သားသား လုပ်တတ်သည့်အရိပ်တွေက သိသိသာသာ နေရာယူထားပါသည့်မျက်နှာ ..။ အထူးသဖြင့် ခပ်မှန်မှန် ခပ်တည်တည် နေတတ်ပုံရလျက် .. ခပ်စေ့စေ့ပိတ်ထားလိုက်တတ်ပါသည့် နှုတ်ခမ်းအစုံ၏ ဟန်ကိုက .. လုပ်ပြီဟေ့ဆိုလျှင် ပြတ်ပြတ်ထင်ထင် ရှိတတ်သည့်ဟန်ကို ဖော်ညွှန်းနေသည့်နှယ် ရှိချေသည့်အဖြစ် ..။ ခုလည်းကြည့် ..။ အိမ်ရှင့်ဝတ္တရားအဖြစ် ကျွေးမွေးညှော်ခံသည်။ မုန့်ဖိုးကိုတော့ ပေးလျော်စေသည်က အလုပ်သဘော ..။

ကော်ဖီနှင့် မုန့်ပွဲတွေ ကိုတာက တရိုတသေ လင်ဗန်းဖြင့် သယ်လာ၍ ချပေးတော့ အေးအေးဆေးဆေး ကော်ပြန့်လိပ်တစ်ခုကိုယူ၍ နေပြည့်စုံ စတင်စားသည်။

"စားကြပါ .. ဒါက .. ဧည့်ဝတ်ပြုတာပါဗျာ .."

ဟု လုံမေပျိုနှင့် အင်ကြင်းမေတို့ နှစ်ယောက်စလုံးကို အေးအေးဆေးဆေး လှမ်းပြောတော့ အင်ကြင်းမေ ကော်ဖီခွက်ကိုကိုင်လိုက်တာမို့ လုံမေပျိုလည်း လိုက်ကိုင်သည်။ အင်ကြင်းမေ သောက်တော့မှ လုံမေပျို လိုက်သောက်သည်။ စားသောက်နေရင်းဖြင့် နေပြည့်စုံ ကြည့်ရုံပဲ ကြည့်နေသည်။ နှုတ်ကထပ်

www.burmeseclassic.com

www.burmeseclassic.com



အာလူးကတ်တလှီတ်တစ်ခုကိုယူ၍ စားသောက်နေသေးသည့်အဖြစ် ..။ အင်ကြင်းမေ ကော်ဖီခွက်လေးကို အသာအယာချလိုက်တော့ လုံမေပျိုလည်း လိုက်ချပါ၏။ မမလေး ယူသောက်မှ လုံမေပျို သောက်ရဲသည်ကိုးလေ ..။ မမလေး သောက်ပြီးပြီဆိုလျှင်လည်း လုံမေပျို ခွက်လေးအသာပြန်ချထားလိုက်ရုံသာ ..။ ရှေ့မှာဖြစ်နေကြပါသည့် မိန်းကလေးနှစ်ယောက်ကို မုန့်လေးစားလိုက် ..။ ကော်ဖီသောက်လိုက်ဖြင့် အံကဲခတ်သလို ကြည့်နေသည်က နေပြည့်စုံပါတည့် ..။ စားသောက်ပြီးစီးတော့ လက်သုတ်ပဝါလေးဖြင့် နှုတ်ခမ်းကိုသုတ်ကာ ..

"ဘာမှမစားကြပဲကိုးဗျ .."

ဟု ပြောလာသည်မို့ ..

"အင်ကြင်းတို့ .. စောစောလေးကပဲ .. ဒီသစ်ခွမြိုင်မှာ .. ကော်ဖီရော မုန့်ရော စားပြီးကြလို့ပါ အစ်ကိုကြီး .. ဒီကိုလာရင်းနဲ့လဲ ကိုတာရဲ့စက်ဘီးကို တိုက်မိခဲ့တာပါ .."

ဟု ဆက်ပြောတော့ ခေါင်းညိတ်ရုံပဲ ညိတ်သည်။

ထရပ်လိုက်ကာ နှစ်ယောက်စလုံးကို ဆီးမိုး၍ကြည့်ပြီးသည့်နောက်မှာ ..

"တိုက်တာက .. ဒီက မိပျိုပါလို့ ဝင်ဝင်ပြောနေတာကို အတည်ပြုလိုက်ပါတယ် .. ကဲ .. ထ .. ကိုယ်နဲ့လိုက်ခဲ့.. ကိုတာ ပို့ဖို့ကျန်တဲ့အိမ်တွေအားလုံးကို .. ကိုယ်ကိုယ်တိုင် အဲဒီအထိ လိုက်လဲပို့ပေးမယ် .. ရှင်းလဲ ရှင်းပြရမယ်.. ဒီကိစ္စကျတော့ စီးပွားရေးကိစ္စဖြစ်နေတယ် .. ကိုယ်တစ်ယောက်တည်း အပြောနဲ့ မပြီးနိုင်ဘူး .. သူတို့က .. ကိုယ့်



ဆီကမှာစားနေတဲ့ ဖောက်သည်တွေ .. သူတို့စိတ်ငြိုငြင်သွားတာမျိုးကို အဖြစ်မခံနိုင်ဘူး .. စားသုံးသူတို့ရဲ့ ညည်းညူချက်နဲ့ မကျေနပ်မှုဟာ သိပ်ကြောက်ဖို့ကောင်းတယ် .. လုပ်ငန်းတစ်ခုလုံးကို .. ထိခိုက်စေနိုင်တယ်လေ .. သူတို့ရဲ့ထင်မြင်သုံးသပ်ချက်ဟာ .. သူတို့ဆီမှာပဲ ရပ်ကျန်နေမှာ မဟုတ်ဘူး .. ဘေးကိုပါ .. ပြန့်သွားမှာ .. ပြီးတော့.. သူတို့ရဲ့အားပေးမှုကိုလဲ .. ကိုယ်က လေးစားရမယ့်တာဝန်ရှိတယ် .. သူတို့ကို .. ဒီကိစ္စ သေချာရှင်းပြရမယ်လေ .. သူတို့ကျေနပ်အောင် .. မုန့်ကိုလဲ .. ပို့ကိုပို့ပေးရဦးမယ် .. နောက်ကျသွားတဲ့အတွက် .. အခကြေးငွေကို မယူတော့ပဲ .. နောက်ကျသွားရတဲ့ကိစ္စကို တောင်းပန်ရဦးမှာပါ .. ဒီကိစ္စ .. မင်းပါ လိုက်ရှင်းပြဖို့ တာဝန်ရှိတယ် မပျို .. လာ .."

ဟု ခေါ်တာမို့ အင်ကြင်းမေ လုံမေပျိုကိုကြည့်ကာ ..

"ပျိုလေး လုပ်တာမှ မဟုတ်တာကွယ် .."

ဟု ညည်းရှာပါ၏။ နေပြည့်စုံ ဆိုတာကတော့ သူ ...သည့် ငါလုပ်သည်နှင့် ပြောနေတာကို ဆက်၍စောင့်နေလိုစိတ် ...ခန့်မတူ ..။

ရှေ့မှ ထွက်သွားတာမို့ အင်ကြင်းမေ နောက်က ...လာရသည်ပါပဲ ..။

"ရုံးခန်းမှာပဲ စောင့်နေပါ မအင်ကြင်း .. မအင်ကြင်းကို အဖော်လုပ်နေဖို့ ဝန်ထမ်းမိန်းကလေးတစ်ယောက် ရောက်လာပါလိမ့်မယ် .. ကဲ .. မမိပျို .. လာခဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ရှေ့မှဆက်၍ ဦးဆောင်ခေါ်သွားတာမို့ မိပျို လိုက်လာခဲ့ရပါပြီ ..။ အင်ကြင်းမေမှာ ခေါင်းလေးကုတ်၍ စိတ် ညစ်ညစ်နှင့် ကျန်ရစ်ခဲ့ရရှာပါသည့် အဖြစ် ..။

ရပ်ထားသော မာစီးဒီးအနက်ရောင်ကြီးကို ရှေ့ခန်း ဖွင့်၍ နေပြည့်စုံ ထိုင်သည်။ ပြီးတော့ ရှေ့ခန်းတံခါးကို အတွင်း ဘက်မှာ ထိုင်နေရင်းဖြင့် နေပြည့်စုံ ဖွင့်ပေးတာမို့ လုံမေပျို မျက် နှာငယ်လေးဖြင့် ... ပ

"မိပျို နောက်က ထိုင်ဗျါမယ် အစ်ကိုလေး .."

ဟု ကိုတာ ခေါ်သလိုလိုက်၍ အစ်ကိုလေးဟုခေ ရင်း တရိုတသေလေးပြောတော့ ..

"နောက်ခန်းမှာ ပီဇာစက္ကူပုံးကြီးရှိတယ် .. ရှေ့ကိုဝင်ပါ"

ဟုအထဲမှပြောနေတာမို့ ကိုယ်လေးငုံ့ကိုင်း၍ ကြည့် လိုက်တော့လည်း ကားမောင်းသူဘက်နေရာ ဖြစ်နေတာမို့ ..

"ဟင် .. မိပျို .. မောင်းရမှာလား .."

ဟု အလန့်တကြားလေးလည်းပြော ..။ မျက်နှာမှ ချက်ချင်း ချွေးတွေစို့လာရလျက် ..

"မိ .. မိပျို .. မောင်း .. လို့ .. ဖြစ် .. ပါ့မလား အစ်ကို လေး .."

ဟု ကြောက်ကြောက်ဖြင့် ပြောသည်က ..။ စောစော က ကိုယ်ကားမောင်းတတ်သလိုကြီး ဝင်၍ ဝင်၍ ဝန်ခံပေးနေသည့် ကိစ္စကြီးက ကြားထဲမှာ ရှိနေ၍ပါ ..။ တစ်ချက် ခပ်တိုးတိုး ပြည့်စုံ ရယ်သည်။ စတင်၍ မြင်လိုက်ရသည့် ရယ်မောမှု .. တည်တင်းယောင်ရှိသော မျက်နှာသည် ခုလိုကျတော့လည်း



အေးချမ်းသိမ်မွေ့ခြင်းဘက်ဆီသို့ နွယ်လာ၏။ ကားတွင်းမှ နေ ပြည့်စုံ ပြန်ဆင်းသည်။ ကားကိုကွေ့ပတ်၍ လျှောက်လာကာ လုံမေပျိုကို ပြုံး၍ကြည့်သည်။ မျက်ဝန်းတွေကအစ ပြုံးရယ်ရိပ် တွေ ပြည့်သိပ်နေကြပါသည့်အဖြစ် ..။ ကလေးတစ်ယောက်ကို ချစ်စနိုး ပြုံးကြည့်နေသည့်ဘက်ကို နွယ်သည့်ဟန် ..။

"သွားထိုင် .. သွားထိုင် .. ဟိုဘက်ကိုသွားထိုင် .."

ဟု ပြောဆဲတွင်လည်း ရယ်သံငွေ့ငွေ့ပါနေသည်။ အကိုစ်အမ်ဖုန်းလေးဖြင့်လည်း ..

"ဟယ်လို .. အန်ကယ်ကြည် .. နေပြည့်စုံပါ .. ရုံးခန်းကို ဝန်ထမ်းထဲက မိန်းကလေးတစ်ယောက် လွှတ်ပေးပါအန် ကယ် .. ဟိုမှာ .. ကျွန်တော့်ညော့်သည် မိန်းကလေးတစ် ယောက် ရှိနေလို့ပါ .. အဖော်လုပ်ပေးဖို့ပါ .."

ဟု ပြောပြီးတာနှင့် ကားတွင်းသို့ဝင်သည်။ ကားကို တ်နှိုး၍ မောင်းထွက်လာရင်းမှ ..

"မလိမ်တတ်ရင် မလိမ်ရဘူး မမိပျိုရဲ့ .. ဘာလို့ .. ကိုယ် တိုင်ကားမောင်းတယ်လို့ ပြောရတာလဲ .."

ဟု ရုတ်ခနဲ မေးချလာတော့ လုံမေပျို အမ်းတမ်း မ်းလေး ဖြစ်သွားရကာ မျက်နှာလေး ရဲတက်သွားရပါသည့် ဖြစ် ..။ ရှက်စိတ်ဖြင့် လုံမေပျို တစ်ချက်မျက်လွှာလေးချသည် ..။ ကယ်က .. မမလေးအင်ကြင်းမေ ကိုယ်စား အပြစ်ပြောခံရဖို့ ဖြင့် မိပျို လိမ်ခဲ့ခြင်းပါ ..။ ဒါပေမဲ့ .. နေပြည့်စုံသည် ထို တည်းက .. မိပျို လိမ်နေသည်ဆိုတာ ရိပ်မိထားပြီးပုံရပါ၏။ ကြောင့်လည်း တမင်တကာ ကားမောင်းခိုင်းတာ ဖြစ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ညီအစ်မက တစ်ယောက်ကို တစ်ယောက် အတော်ချစ်ကြပုံရတယ် .."

ကားမောင်းနေရင်း အေးအေးဆေးဆေး ခရီးသွားနေသည့် သူတစ်ယောက်နှယ် ပြောနေသည့် နေပြည့်စုံကို လုံမေပျို ကြည့်ကာ ..

"ဟုတ်ကဲ့ .."

ဟု ခပ်တိုးတိုး ဖြေသည်။ စောစောက ကားမောင်းတတ်သူအဖြစ် ဝင်ဝင်ပြောခဲ့မိလေသမျှ လူမိခံထားရသလို ဖြစ်နေရတာမို့လည်း အနေကျုံ့ .. အနေကျပ်ရနှင့် ဖြစ်နေရသည်က လုံမေပျိုပါ ..။ နေပြည့်စုံကတော့ ကားကို ဂရုတစိုက်ဆက်မောင်းနေပြန်သည့်အဖြစ် ..။ စကားသံတစ်ချက် ပြတ်သွားရကာ ကားတွင်းမှ လူနှစ်ယောက်သည် တိတ်ဆိတ်မှု၏အောက်မှာ ရှိနေကြသည့်နှယ် ဖြစ်သွားရပြန်ပါ၏။

"နာမည်က မိပျိုတဲ့လား .."

ကားမောင်းနေရင်းမှ ငဲ့ကြည့်ကာ မေးလာတော့ လုံမေပျို လည်ချောင်းလေးတစ်ချက်ရှင်း၍ ..

"လုံမေပျိုပါ .. မမလေး နာမည်က အင်ကြင်းမေပါ .."

ဟု တရိုတသေလေး ဖြေသည်။

"ဟုတ်ပြီ .. လုံမေပျို .. မေးပါရစေဦး .. ဘာလို့လုံမေပျို ကားတကယ်မမောင်းပဲနဲ့ .. ဝင်မောင်းပါတယ်လို့ စောစောက လိမ်ပြောရတာလဲ .."

ဟု ရှင်းရှင်းကြီး သိချင်တာကို နေပြည့်စုံ ဖွင့်မေး လိုက်ရပါပြီ ..။ ဒါကြောင့်လည်း ဤကောင်မလေးကို ခေါ်လာ



ခြင်းပါ ..။ သစ်ခွမြိုင်မှာကတည်းက .. လုံမေပျိုသည် ကားကို မောင်းပါသည်ဟု ဝင်ဝင်ပြောနေသူဖြစ်လျက် အင်ကြင်းမေက လည်း သူပဲ မောင်းပါသည်ဟု ဝင်ပြောတာ ရှိနေကြသည်ကိုး လေ ..။

ကြည့်ရတာ .. ဤကောင်မလေး ကားမောင်းပုံမရ ဟု အကဲခတ်မိရတာမို့ လှူခွဲ၍ တမင်ခေါ်လာခဲ့ခြင်းပါ ..။ တကယ် ကားမောင်းတတ် .. မတတ် သိချင်၍ ကားသော့ကမ်းပေးလိုက် တာနှင့် အားလုံး တစ်ချီတည်းနှင့် ပေါ်သွားရသည်က လုံမေပျို ၏ ထိတ်လန့်တကြားလေး နောက်တွန့်သွားဟန်လေး တစ်ခု တည်းဖြင့်ပါ ..။ အတော်လေးကို ချစ်စရာကောင်းနေသည့် မူရာ လေးပါတည့် ..။ ဘာကြောင့်ရယ် မသိ ..။

ရိုးစင်းစင်းလေးဖြင့် နောက်တွန့်သွားကာ မျက်နှာ လေး ညှိုးလည်းညှိုး .. လန့်လည်းလန့်ရိပ်တွေ ပြည့်သိပ်ကုန်ရ လျက် ကားမောင်းသူ့ နေရာမှာ ဘယ်လိုမှ ဝင်မရဲနိုင်ပဲ ဖြစ်နေ ရှာပါသည့် ကောင်မလေး၏ ချစ်စရာမူရာလေးကို ရင်ထဲမှာစွဲနေ ကြီး ဖြစ်သွားရသည်က အမှန်ပါ ..။ အတော်လေးကို ချစ်စရာ ချစ်ရာလေး ဖြစ်နေသည့်ဟန် ..။

"မမလေးကို ဆူမှာစိုးလို့ပါ .."

မေးသံမျှကိုလည်း မလိမ်ရဲဘဲ အမှန်အတိုင်း ခုကျ တော့လည်း ဖြေနေသည့် တလေးမ ..။

"ဘာလဲ .. ကိုယ့်ပုံက .. အရမ်းဆူတတ် ငေါက်တတ်တဲ့ လူကြီးတစ်ယောက်လို ဖြစ်နေလို့လား .. ဟုတ်လား .."

"ကြား .. ကြားထားတာ .. ရှိ .. ရှိနေလို့ပါ .."

www.burmeseclassic.com

www.burmeseclassic.com



မရဲစိတ်ဖြင့် ခပ်တိုးတိုး ဖြေနေရှာပါသည့် လုံမေပျို့ကို နေပြည့်စုံ ကြည့်သည်။ တစ်ချက် ရယ်သည်။ ခုလို .. စကားလေး တပြောပြောနှင့် ရှိနေရတာကို နေပြည့်စုံ ပျော်လာသည်။ အမြဲအလုပ်တွေနှင့် ပိနေရသည့် နေပြည့်စုံ ဆိုတာ လတ်တလောလေးမှာ လွတ်လပ်စွာ ပြောဆိုနေရသည့် နေရာလေးတစ်ခုကို ပိုင်ဆိုင်နေရပါသည့် လူတစ်ယောက် ဖြစ်နေသည်။

"အင်း .. လုပ်စမ်းပါဦး .. ဘာတွေများ ကြားထားတာရှိနေလို့လဲ .. ကိုယ့်အကြောင်း ကိုယ်ပြန်ကြားရတာပေါ့ .."

ဟု ကားအရှိန်ကို လျှော့မောင်းလိုက်ကာ ငဲ့ကြည့်၍ မေးနေသည်က အပြုံးဖြင့်ပါ ..။ လုံမေပျို့ တစ်ချက် ခပ်ဆဆတွေးနေပုံလေးဖြင့် ငြိမ်နေသည်။ ပြောရနိုးနိုး ..။ မပြောဘဲနေရနိုးနိုး အသွင်လေးမါတည့် ..။

"ဪ .. ခုက္ခပါပဲ .. ဘာလို့ .. မိပျို့ .. အဲဒါကြီးကို လွှတ်ခနဲ ထည့်ပြောမိ ဖြေမိသွားရပါလိမ့် .. လွှတ်ခနဲ အမှန်အတိုင်း ပြောမိသွားတာကို .. ဘယ်နှယ်လုပ်ပြီး ငြင်းလို့ရတော့မှာလဲ .. တကယ်ဆို .. အဲသလောက် ဆူငေါက်မယ့်ပုံတော့ မပေါ်ပါဘူး .. လန့်နေလို့သာ ဝင်ဝင်ပြီး ကားမောင်းသူဟာ မိပျို့ပါလို့ ပြောပြောနေမိတာပါလို့ လိမ်လိုက်ရင်ပြီးရော .. ခု .. ဘယ့်နှယ်လုပ်မလဲ .. မိပျို့ ဖြေလိုက်ရင် .. ကိုတာ အဆူခံထိတော့မှာပဲ .."

ဟု ခုမှ ကိုတာ့အတွက်ထည့်၍ စိတ်ပူလက်ပူ ထပ်ဖြစ်လာရပြန်သည်က လုံမေပျို့ပါ ..။

"ဟာ ... ဖြေလေ .. ဘာငြိမ်နေတာလဲ .."



ဟု နေပြည့်စုံ ထပ်၍ ခပ်ပြုံးပြုံး မေးလာတော့ ..မေပျို့ တစ်ချက် လည်ချောင်းလေးရှင်းသည်။ တံတွေးတမျိုးမျိုး ..သည်း အရှိန်ယူနေရပြန်သည့်အဖြစ် ..။

"အစ်ကိုလေးက .. စာရေးဆရာတဲ့ .. ဟိုတယ်ပိုင်ရှင်ကြီးတဲ့ .. စည်းကမ်းလဲ သိပ်ကြီးတယ်တဲ့ .. အဲဒါတွေ သိ .. သိထားရလို့ပါ .. စည်းကမ်းကြီးတယ်ဆိုတော့ .. စက်ဘီး ပျက်စီးသွားတဲ့ဥစ္စာတွေကို .. စိတ်ဆိုးမှာစိုးလို့ပါ .. ဆူမှာစိုးလို့ပါ .. မမအင်ကြင်းက အရမ်းသဘောကောင်းတာ အစ်ကိုလေးရဲ့ .. မိပျို့မှာ မမလေးပဲ ရှိတဲ့ဥစ္စာ .. ခု .. မိပျို့အတွက် အဝတ်လေးတွေ ဘာလေးတွေ ဝယ်ပေးဖို့ ဖေဖေက မမလေးအင်ကြင်းမေကို ခိုင်းတဲ့ဥစ္စာမှာ .. ခုလို မပျော်လင့်ဘဲ ဖြစ်ကုန်တာဆိုတော့ .. မိပျို့ကိစ္စ မမလေး အင်ကြင်း လိုက်လုပ်ပေးရတာ အဆူခံထိဖို့ကိစ္စ ထပ်ပေါ်လာသလိုကြီး ဖြစ်နေတာနဲ့ .."

"အဲဒီစက်ဘီးကို ညည်း ဝင်တိုက်မိပါတယ်လို့ ဝန်ခံပေးလိုက်တဲ့ကိစ္စကြီး ပေါ်လာတယ် ဆိုပါတော့ ... ကိုယ့်ကို ညာတဲ့ကိစ္စလေ .."

ဟု ဝင်၍ ရယ်သံဖြင့် နေပြည့်စုံဖြတ်၍ ပြောတော့ ..ပျို့ ငြိမ်သွားပါ၏။ လုံမေပျို့ မျက်လုံးနက်လေးတွေဖြင့် ..ရဲလေး နေပြည့်စုံကို ဖျတ်ခနဲ ခိုးကြည့်သည်။ ခိုးကြည့်ပုံ .. ခိုးကြောင်ခိုးဝှက်လေး နိုင်နေသည်။ အပြစ်လုပ်ထားသည့် ..တစ်ယောက် လူကြီးကို ခိုး၍ ခိုး၍ ကြည့်လိုက်သည့် ..း ဖြစ်နေသည်။ နေပြည့်စုံ ရင်ထဲ နွေးခနဲဖြစ်၏။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ချမ်းချမ်းမြေ့မြေ့လည်း ဖြစ်လာရသည်။ ဟုတ်သည် ..။ ချမ်းမြေ့ခြင်း ..။ ဤကောင်မလေး အရမ်းကိုဖြူစင်တာကို ခုလောက် အချိန်တိုလေးအတွင်းမှာပဲ သိနေရပြီ ..။ ပြီးတော့ ကြွေရုပ်လေး နှယ် မှုန်အိနေအောင် ဖြူဥဥလေး လှပါသည့် ဤမိန်းကလေး သည့် ကျက်သရေရှိခြင်းပါ နွယ်သည့်အလှပေမို့ .. မြင်ရသူ ရင်ကို အေးချမ်းခြင်းဆိုသည့် နှောင်ငင်တိုးဖွဲ့တတ်ပါလေသော ခံစားချက်ကို အပ်နှင်းနိုင်စွမ်းပါချေသည်တည့် ..။

ကားက သီရိမွန်ရိပ်ငြိမ်ဆိုသည့် ခြံဝင်းတံခါးကြီး ရှေ့မှာ ရပ်သွားပါပြီ ..။ ကားဟွန်းသံပေးလိုက်ပြီးသည့်နောက် သိပ်မကြာလိုက် ..။ အသားညိုညို၊ အရပ်မြင့်မြင့်နှင့် ဦးကြီးတစ် ယောက် ကားဝင်ဖို့ ခြံဝင်းတံခါးကို လာပြေးဖွင့်သည်။

ကားက ကွန်ကရစ်ခင်းလမ်းအတိုင်း မောင်းလာကာ ပေါ်တီကိုကြီးအောက်မှာ ရပ်သွားပါ၏။ နှစ်ထပ်အဆောက်အအုံ လှလှကြီး၏ အရှင်သခင်ဖြစ်ဟန်တူသည့် အန်တီတစ်ယောက် ကလည်း အပြုံးဖြင့် ထွက်လာကာ ..

"ကိုနေတို့ကတော့လေ .. မမကြီး ဖုန်းလှမ်းဆက်ပြောလို့ တာကို အားနာရမလို ဖြစ်နေပါပြီ .. ကိုယ်တိုင်လာပို့ပေး တာကို: .."

ဟုလည်း အားနာပြုံးဖြင့် ပြောလည်းပြော ..

"ရောက်မှတော့ ဝင်ထိုင်ပါဦး .. မမယုရဲ့ ကော်ဖီလေး ခွက်ကိုတော့ သောက်ပေးပါဦးကွယ် .. သစ်ခွမြိုင်လို သာမမီနိုင်ပေမယ့် မမယုရဲ့ကော်ဖီကလဲ .. လက်ရာကောင်း တော့ လက်ရာကောင်းပါပဲ .."



ဟု ပြုံး၍ပြောနေတော့ နေပြည့်စုံ ကားတွင်းမှထွက် သည်။ ကားနောက်ခန်းတံခါးကိုဖွင့်ကာ ပီဇာမုန့်တွေ ကတ်ဘူး တွေဖြင့် စီထပ်ထည့်ထားရာ စက္ကူမုန့်ပုံးကြီးထဲမှ ဘူးနှစ်ဘူးကို ယူသည်။ တံခါးကို ပြန်ပိတ်ကာနီးကျမှ ..

"ကဲ .. အမိ .. ဆင်း .. မုန့်ပို့နောက်ကျရတဲ့ကိစ္စ ..ဒိုး လေး ကိုယ်တိုင်ရှင်းပြမှ ဖြစ်မှာလေ .. ဒါမှ .. ကိုယ့်ကတ တာမာတွေ ကိုယ့်အပေါ်မှာ တစ်မျိုးမမြင်မှာပေါ့ .. ဒါက.. စီးပွားရေးကိစ္စလေ .."

ဟု ရှေ့ခန်းမှာ ငြိမ်ထိုင်နေသည့် လုံမေပျိုကို ပြော နေတာမို့ တံခါးလေး ဖွင့်ဆင်းလိုက်ရသည်ပါပဲ ..။ ဘာပဲဖြစ် ဖြစ် ..။ ရှင်းပြရမည့်တာဝန်ကတော့ လုံမေပျိုမှာ ရှိနေသည်ပဲ လေ .. ဟု တွေးမိပေမယ့် ..။ ခုလို .. လိုက်ရှင်းပြတာက ကိစ္စ မရှိ ..။ ကြီးလတ် ဆူမှာကိုပဲ လုံမေပျို လန့်နေသည်။ အချိန်က ကြာလွန်းနေပြီ မဟုတ်ပါလား ..။ အဝတ်အစားတွေ ဝယ်နေတုန်း ကလည်း အချိန်က ကြာခဲ့ပြီးပြီ ..။ မမလေး အင်ကြင်းမေက .. လုံမေပျိုအတွက် ဖေဖေ့မှ အဝယ်ခိုင်းလိုက်တာမို့ အဝတ်အစား ဆိုတာ .. မနည်းကြီး ဝယ်ချပစ်လိုက်သည်ပါပဲ ..။ ဖေဖေ့စိတ် တွေ ပြောင်းလာစဉ်ခိုက်မှာ ဝမ်းသာအားရကြီး မမအင်ကြင်းမေ မှ အဝတ်အစားလေးတွေကို ပစ်၍ဝယ်ချလိုက်ခြင်းပါတည့် ..။

အဝတ်ဝယ်ချိန်ကိုက မနည်း ..။ လက်ဝတ်လက် စားကိစ္စကတော့ မြန်ပါသည်။ ဘဘဦးအုပ်စိုးမှ အဆင်သင့်ထား ပြီးသားဘူးလေးတွေကို စာရင်းနှင့်တကွ အင်ကြင်းမေ ဝင်ယူဖြစ် ခဲ့ခြင်းမို့ သိပ်အချိန်မကြာလိုက်ရ ..။ ခု .. လုံးဝထည့်မတွက်

www.burmeseclassic.com

www.burmeseclassic.com



ထားသော အချိန်ကိစ္စက ခုလို .. လိုက်ရှင်းပြရသည့် အဖြစ်ကြောင့် ဖြစ်တည်လာရပြီ ..။ ကြီးလတ်ကတော့ .. အပြင်ထွက်ချိန် အရမ်းကို ကြာသည်ပဲဟု မျက်နှာညိုတော့မှာ သေချာနေသည်။ စိတ်လက်လေးလေးဖြ… လုံမေပျို ဆင်းရရင်း အချိန်တွေ သိပ်မကြာနေဖို့ပဲ …ာင်းနေမိရသည်ပါပဲ ..။ ကားနောက်ခန်းမှာ စက္ကူပုံးကြီးထဲ …ပ်ထည့်ထားပါသည့် ပီဇာမုန့်ဘူးပြားတွေက နည်းလှတာ မဟုတ် ..။ အိမ်တွေ ကျန်နေဦးမှာ သေချာနေသေးသည့်အဖြစ် ..။

ပြီးတော့ .. အကဲခတ်ရပုံကဖြင့် .. အိမ်ထဲဝင်၍ ကော်ဖီတွေ ဘာတွေပင် ဝင်သောက်နေချေဦးမည့် အစ်ကိုလေး နေပြည့်စုံ ဖြစ်နေချေသည်တည့် ..။ စိတ်လက် ပို၍ညစ်လာရပါ၏။

“ကော်ဖီသောက်ရင်း စကားတွေ ဘာတွေ ဆက်နေရင်တော့ .. ကြာတော့မှာပဲ .. ခုလောက်ဆို .. မမလေးဆီကို တောင်မှ ကြီးလတ် ဖုန်းဆက်နေပြီလား မသိဘူး ..”

ဟု စိတ်ထဲထင့်နေရသည်က လုံမေပျိုပါ ..။ မမလေး အင်ကြင်းမေ၏ ဆယ်လူလာဖုန်းလေး မြည်နေလောက်ပြီ .. ဟု ရင်ထဲပို၍ ထင့်လာနေရရင်း ရင်ထဲ မွန်းကျပ်လာရသည်ပါပဲ ..။

“ဒီနေ့ပဲ အပြင်ထွက်တယ် .. ဒီနေ့ပဲ ကျက်သရေမရှိတဲ့ အကြောင်းက ပေါ်နေပြီ .. ကောင်းကြသေးရဲ့လား မီအင်ကြင်းမေ ..”

ဟု ကြီးလတ် အော်ပြောလိုက်မှာကို ကြိုတင်တွေးနေမိရသည်မို့ ရင်ထဲပို၍ မွန်းကျပ်ရှုပ်ထွေးလာနေရပါပြီ ..။

“ရော့ .. ဒီပီဇာမုန့်ဘူးကို ခင်ဗျားလေးကိုင် ..”



ဟု သောကမရှိသည့်သူများ အားကျဖို့ပင်ကောင်းသည်။ လုံမေပျို၏လက်ထဲ ပီဇာမုန့်ဘူးပြားကြီးအမ်၍ ခပ်ကြော့ကြော့ကြီး အိမ်ထဲဆီသို့ ဦးဆောင်ဝင်သွားတော့လည်း လုံမေပျို ငြိမ်ကုပ်ကုပ်လေး နောက်မှလိုက်လာရပါ၏။ မမယု ဆိုသည့် အန့်တီကလည်း လုံမေပျိုကို အကဲခတ်သလို တကြည့်တည်းကြည့်နေတာက ဆိုးသည်။ မြင်လိုက်တာနှင့် ခပ်ငေးငေးကြီး တစ်ချက်ကြည့်လိုက်တာက ပိုဆိုးသည်။ ဘာတွေများ တွေးနေချေသည်လဲမသိ ..။ လူငယ်တစ်ယောက်နှင့် အတူပါလာသည့် ကောင်မလေးတစ်ယောက်က .. ထိုလူငယ်ရောင်းသည့်မုန့်ကို သယ်လာသည့်အဖြင် .. လာသည်ကလည်း .. ထိုသူ၏ကားနှင့်ဆိုတော့ .. လုံမေပျို .. ရင်ထဲ အနေခက်သည်။ ရှက်စိတ်ကလည်း ပြန့်၏။ ဒီအန်တီ တစ်မျိုးများ တွေးသွားလျှင် လုံမေပျို ဘယ်နေတတ်တော့မလဲလေ ..။

“ဟိုဘက်တစ်ခြံကျော်က လာလည်တဲ့ ဧည့်သည်လဲ .. အိမ်ကမုန့်ပဲ စားပြန်ရလေရဲ့ ကိုနေရေ .. ဒါနဲ့ .. သူလေးက .. ဘယ်သူတဲ့လဲ .. မိချိုရေ .. ကော်ဖီဖျော်ဟေ့ ..”

ဟု ပြောနေရင်း ဧည့်ခန်းမှာ ဦးဆောင်ထိုင်လိုက်သည့် ဒေါ်ယုယုကို နေပြည့်စုံ ကြည့်ရင်း ရယ်လိုက်ကာ ..

“စောစောက ပြောတော့ မမယု ဖျော်မှာဆို ..”

ဟု တရင်းစာနှီး ပြောသည်။ လုံမေပျို တစ်ချက်ခိုးကြည့်တော့ ဒေါ်ယုယုမှ လုံမေပျိုကိုပါ ရောကြည့် .. ရော၍ရယ်ပြီးလိုက်ရင်းမှ ..

www.burmeseclassic.com

www.burmeseclassic.com



"မမယု လက်ရာညွှတ်တာ ကိုနေ့ရှေ့မှာချပြလိုက်သလို ဖြစ်သွားမှာ စိုးလို့ပါ ကော်ဖီကျွမ်းကျင်ပညာရှင်ကြီးရယ် ... ဒါကြောင့် မိချိုကိုပဲ ဖျော်ခိုင်းရတာပါ ... ညှဲ့လဲ မိချိုပေါ့ ... ဟုတ်ဖူးလား ..."

ဟု ရယ်သံဖြင့် ပြောနေတော့ နေပြည့်စုံ လိုက်လျော ညီထွေ လိုက်၍ရယ်နေသည်ပါပဲ ...။

နေပြည့်စုံ ဆိုတာ ကိုယ့်စီးပွားရေး အလုပ်ကိုတော့ တော်တော်လေး အလေးအနက် ထားချေသည့် သူမျိုးဆိုတာ ပို၍ ပို၍ လုံမေပျို နားလည်လာရပါ၏။ စောစောက မုန့်ပို့မရောက်လာရသေးသည်ကော ... ဟု စိတ်ထဲ အလိုမကျ ... စိတ်တိုင်းမကျ ဖြစ်နေသည့် ဒေါ်ယုယု ဆိုသူသည် ခုလို ... နေပြည့်စုံ ကိုယ်တိုင် မုန့်လာပို့ချေသည်မို့ ရင်ထဲပြန်၍ ကြည်သာကျေနပ်ရ ...။ အားနာနေရနှင့်ပင် အခြေအနေက ပြောင်းသွားရချေသည် မဟုတ်ပါ လား ...။

အန်တီအရွယ်ပေမယ့် ... နေပြည့်စုံက ... မမယုဟုပင် နုနုပျိုပျိုကြီး အခေါ်ခံရသူမှ ခံစားသွားရအောင် ပြောဆိုတတ် ချေသည်ကောလေ ...။

ကော်ဖီခွက်တွေ ရောက်လာတော့ ...

"သောက်လိုက်ပါဦး ... သောက်လိုက်ပါဦး ..."

ဟု ဒေါ်ယုယု ပြောသည်မို့ လုံမေပျို စိတ်မော လေးဖြင့် ကော်ဖီခွက်ကို ကြည့်မိသည်။ သစ်ခွမြိုင်သို့ မရောက် ခင်က မုန့်ဟင်းခါးစားခဲ့သည်။ ပြီးတော့ ... သစ်ခွမြိုင်ရှိ နေပြည့်စုံ ၏ ရုံးခန်းသို့ မရောက်ခင်မှာ ထပ်၍ ကော်ဖီသောက်ဖြစ်ပြန်သည်။



ဟော ... ထွက်လာခါနီးမှာကျတော့လည်း နေပြည့်စုံ၏ ရုံးခန်းမှာ ကော်ဖီထပ်သောက်ခဲ့ရပြန်သည်။ ခု ... ဤသီရိမွန်မှာ ထပ်၍သောက် ရချေဦးတော့မည် ...။ ရောက်သည့်အိမ်တိုင်းက ကော်ဖီတွေနှင့်ဧည့် ခံနေလျှင် ဒုက္ခ ...။ ဗိုက်ကဆန့်နိုင်လမ်း မရှိ ...။ လုံမေပျိုကို နေပြည့်စုံ ပြုံးရိပ်သမ်းနေသည့် မျက်ဝန်းတွေဖြင့် ကြည့်လာသည်။ လုံမေပျို ဘာတွေတွေးနေသည်ဆိုတာ သိထားပုံဖြင့် ခပ်တိုးတိုး ရယ်လိုက်ကာ ကော်ဖီခွက်ကို ကောက်ကိုင်လိုက်ရင်းမှ ...

"သောက်လိုက်ကြစို့ လုံမေပျိုရေ ..."

ဟု ခပ်ပျော့ပျော့ ပြောနေသည့် လေငွေ့တွေဖြင့် ပြောလာတော့ လုံမေပျို ဘာတတ်နိုင်မည်တဲ့လဲ။ ကော်ဖီခွက်ကို ကောက်ကိုင်လိုက်ရသည်ပါပဲ ...။

"ဒီလို မမယုရဲ့ ... ဒီက လုံမေပျိုတို့ရဲ့ကားနဲ့ ... ကိုတာ့ စက်ဘီးနဲ့ နည်းနည်းထိသွားတာနဲ့ ... ကြာသွားရတာပါ ... အဲဒါကြောင့် ... အချိန်မီမရောက်နိုင်တဲ့ မုန့်ကိစ္စ ... မမယု သိလဲသိရအောင် ... ခွင့်လဲလွှတ်နိုင်အောင် ... ဒီကာယကံ ရှင်ကိုလဲခေါ်လာ ... ကိုယ်တိုင်လဲ ရှင်းပြတာပါ ခင်ဗျာ ..."

ဟု ပြောနေတော့ ဒေါ်ယုယုမှ ရယ်ရင်း ခေါင်းလည်း ခါလိုက်ကာ ...

"အဲဒါများ ကိုနေရယ် ... ဖုန်းနဲ့ မမယု ဆက်လိုက်ချိန် ကတည်းက ထည့်ပြောပြ ရှင်းပြပြီး ... ကိုတာနဲ့ပဲ ထပ် အပို့လွှတ်လိုက်လဲ ရပါတယ် ... ကိုယ်တိုင်လာပြောပြရ ရှင်းပြရ ... လာပို့ရနဲ့လို့ကွယ် ... မဟုတ်သေးပါဘူး ... အားနာစရာတွေ ဖြစ်ကုန်ရပါပြီ ..."

www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်ညည်းညည်းလည်း ပြောပါချေ၏။

လုံမေပျို့ကို ထပ်ကြည့်ကာ တစ်ချက် ခပ်ဆဆတွေး သလိုကြီး ငြိမ်သွားပြီးမှ ..

"ဒါနဲ့ .. မမယု မေးပါရစေဦး .. ဘယ်သူ .. လုံမေပျို့.. ဟုတ်လား .. သမီးလေးကို မမယု မြင်ဖူးတယ် .. မြင်ဖူး သလိုပဲ .. နေဦး .. နေဦး .. ဒီမျက်နှာလေးက .. ယုဇန နဲ့ တူနေတာပဲ .. ဟုတ်ပါတယ် .. ယုဇနရဲ့သမီးလေး မဟုတ်လား .. မမယု မြင်ဖူးတာပေါ့ .. ဘွားဘွားဒေါ်ဘွား ရှင်ရဲ့ ကွယ်လွန်တာ ဘယ်နှနှစ်ပြည့်ဆိုဆိုပြီး .. ငုဝါမြိုင် မှာ ဆွမ်းကျွေးတဲ့အခါတိုင်း .. ကိုရန်လင်းအောင်ကရော.. မမဒေါ်လတ်လတ်အေးကရော .. မမယုတို့ကို ဖိတ်တာပဲ လေ .. မမယုက .. ကိုရန်လင်းအောင်နဲ့ လုပ်ငန်းချင်း ပတ်သက်တယ်လေ .."

စိန်ရွှေရတနာပွဲစား ဒေါ်ယုယုမှ သတိတရဖြင့် ပြောလာသည်မို့ နေပြည့်စုံ တစ်ချက် လုံမေပျို့ကို ကြည့်မိရပါပြီ.။ ရင်ထဲ အံ့သြသွားရသည်က အတော်ကြီးကို တိုးဝင်လာနေစေသည့် ခံစားချက်ဖြင့်ပါတည့် ..။ ဘာကြောင့်ဆို .. လုံမေပျို့၏ မျက်နှာ လေးထက်မှာ သွေးရောင်ပျောက်လုလုမျှ ဖြစ်နေသည်။ ဖြူဆုတ် ဆုတ်လေး ဖြစ်နေသည်။ မျက်နှာလေးထက်မှာ နေစရာမရှိအောင် ထိခိုက်နေသည့် အရိပ်မျိုးတွေ အုပ်မိုးနေကြချေသည်ကောလေ ..။ ဘာတွေဖြစ်ကုန်ပြီလဲဟု နေပြည့်စုံ အံ့သြတကြီး ဖြစ်နေရသည်။

ဒေါ်ယုယုကို ကြည့်လိုက်တော့လည်း လုံမေပျို့ကို တောက်လျှောက်ကြည့်နေတာနှင့် ကြုံသည်။



"သမီးကို .. မမယု တွေ့ဖူးတယ် .. အဲဒီ ငုဝါမြိုင်မှာလေ .. ဆွမ်းကျွေးတဲ့ နေ့တွေမှာပေါ့ .. မမလတ်က .. ဟိုဟာ ဒီဟာလေးတွေ ပိုနိုင်းတာမျိုး ရှိနေတော့ .. စားစရာသောက် စရာလေးတွေ လာလာပို့ပေးနေတဲ့ မင်းလေးကိုပေါ့ .. ဒါနဲ့ .. နာမည်က လုံမေပျို့နော် .. ဟိုမှာကတော့ မိပျို့ မိပျို့နဲ့ ခေါ်ကြတာပဲ မမယု ကြားခဲ့ရတာ .."

ဟု ဆက်မေးနေတော့ နေပြည့်စုံ ရင်ထဲမှာစတင်၍ ခံစားလာရသည်က ပြန်သင့်ပြီဆိုသည့် အချက်ပါ ..။ မျက်နှာလေး ညှိုးဖျော့နေပါသည့် လုံမေပျို့ကို မကြည့်ရက်နိုင်သလို ဖြစ်နေရ ပြီ ..။ ဒေါ်ယုယု ပြောသည့် ငုဝါမြိုင်အိမ်ကြီးမှာ လုံမေပျို့ ဆို သည့် မိန်းကလေးသည် ဒေါ်ယုဇန၏သမီးအဖြစ် ရှိနေသည်ဆို တာလောက်ကိုတော့ နေပြည့်စုံ လောလောဆယ်မှာ သိလိုက်ရ ပြီ ..။ ဘွားအဖြစ်သူ၏ ကွယ်လွန်မှုနှစ်ပြည့်အလွမ်း .. ကောင်းမှု ကုသိုလ်ပြု ဆွမ်းကျွေးသည့်နေ့များမှာ ဒေါ်ယုယုသည် လုံမေပျို့ ရှိရာ ငုဝါမြိုင်သို့ ရောက်ခဲ့ဖူးသည်ဆိုသည့် အချက်ကို ပြောပြ လိုက်တာနှင့် လုံမေပျို့ မျက်နှာထက်မှာ ဘာကြောင့် အားငယ် ညှိုးဖျော့ခြင်းဆိုသည့် အရာတွေ တိုးဝေ့နေရာယူလာကြပါချေ သလဲ ..။ ဤမိန်းကလေး၏ နှလုံးအိမ်ကို ဘာကြောင့် ကြေကွဲ ကျင်နေကြစေပါသတဲ့လဲ ..။ ဤမျှ ညှိုးဖျော့နေသည့် မျက်နှာ လေး ဖြစ်သွားရပြီ ဆိုကတည်းက လုံမေပျို့ အရှမ်းကို စိတ်ထိ ခိုက် ခံစားနေရပြီဆိုတာ နေပြည့်စုံ ချက်ချင်းရိပ်မိသည်ပေါ့ ..။

"ဟုတ်တယ် မဟုတ်လားဟင် .. မိပျို့ မဟုတ်လား .. ဆို ဒေါ်ယုဇနနဲ့ သိပ်တူကတည်းက .. ပြီးတော့ .. မမယု

www.burmeseclassic.com

www.burmeseclassic.com



မှတ်မိနေတာလဲ ရှိနေတော့ .. လုံမေပျိုဟာ .. ငှဲါမြိုင်က မီပျိုပဲ မဟုတ်လားဟင် .. မမယု သေချာပါတယ် .. ဟုတ်တယ် မဟုတ်လား .. မမယု မေးတာ ..”

ဟု အလိုက်ကမ်းတရားမသိ ဆက်တိုက်မေးနေသည့် ဒေါ်ယုယုကိုလည်း နေပြည့်စုံ ချက်ချင်းကြီး အမြင်ကတ်လာသည်။ မကြိုက်ချင်တော့ ..။

“တောက် .. ငါကတော့ .. ကိုယ့်ဆီကိုလာပြီး သူ့ပွဲစား တစ်သိုက်နဲ့ လာလာစားသောက်တတ်တဲ့သူ .. သူ့အိမ်ကို လဲ မှန့်မှာတဲ့သူ ဆိုပြီး .. အလုပ်သဘောအရ .. ဒီလို.. လာပို့တဲ့ဥစ္စာကို .. အလိုက်မသိ .. မေးနေလိုက်တာကွာ၊ ကောင်မလေး ခမျာ .. နေစရာကို ကျန်ပုံမရတော့ဘူး ..”

ဟု တွေးမိရလျက် ပြန်ဖို့ စိတ်ထဲစောနေချိန်မှာပဲ .. မထင်မှတ်သည့်မေးခွန်းတစ်ခုကို ထပ်၍ ဒေါ်ယုယု မေးလာပြန် ပါချေ၏။ ဒေါ်ယုယု ဆိုတာ အလွန်တရာကိုမှ စပ်စပ်စုစုလုပ် တတ်သည့်သူ ဆိုတာလောက်ကိုတော့ ယခင်ကတည်းက ဆက်ဆံ ရဖူးသော အတိုင်းအတာ အတွင်းမှာ နေပြည့်စုံ သိနေခဲ့သည် ပါပဲ ..။ ဒါပေမဲ့ .. ကိုယ်နှင့်အတူ ပါလာသည့် သူတစ်ယောက် ကို ဤမျှစပ်စုနေတာမျိုးကိုကျတော့ ရင်ထဲ မကြိုက်တော့ပြီ..။ မေးသည့်မေးခွန်းကလည်း မကောင်း ..။ ဟုတ်သည် ..။ အတော် ကြီးကို အရုပ်ဆိုးသော မေးခွန်း။

“ဒေါ်ယုဇနဆိုတာ .. ဒေါ်ဘွားရှင်ကို သတ်တဲ့အတွက် ထောင်ကျ .. အဲဒီထောင်မှာပဲ .. ဆုံးခဲ့တာဆို .. ဟုတ်ရဲ့ လားကွယ် .. ဒေါ်လတ်လတ်အေး ပြောပြတာပါပဲ .. မမ



လတ်ကတော့လေ .. လူတွေကြားထဲမှာ ညှော်ခံရင်း ညှော် ခံရင်း .. အဲဒါကို ထည့်ထည့်ပြောနေတာ အမြဲလိုပါပဲ .. တစ်နှစ်တစ်ခါ အဲဒီဆွမ်းကျွေးတဲ့နေ့တိုင်းမှာ ဆိုပါတော့”

ဟု ထပ်ပြောနေခိုက်မှာ လုံမေပျို နေပြည့်စုံကို တစ်ချက်ကြည့်သည်။ မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်သိပ်နေ ပြီ ..။ ချောင်ပိတ်အရိုက်ခံရသည့် ယုန်သူငယ်လေးနှင့် တူနေသည့် နှင်းကလေး ..။ ခေါ်လာမိတာ မှားချေပြီကောဟု နေပြည့်စုံ ရင်ထဲမှာ နောင်တအဖြစ်ကြီးဖြစ်ရ ..။ ယူကျုံးမရဖြစ်ရနှင့်ပါ ..။

“ဟုတ်ပါတယ် အန်တီ .. အဲဒီ မိပျိုဆိုတာ .. ကျွန်မ လုံမေပျိုပါပဲ .. လုံမေပျို ဆိုတာလဲ .. မိပျိုပါပဲ အန်တီ ရယ် .. မေမေ အဲဒီမှာ ဆုံးသွားတယ် ဆိုတာလဲ အမှန်ပါ ပဲ .. ကြီးလတ် ပြောတာ အမှန်ပါပဲ ..”

ဟု မျက်ရည်လည်တက်နေရင်းမှ အသံလေးတွေ ခါနေရင်း ဖြေရှာပါ၏။

“အို .. ဖြစ်ရလေ .. မမယု စိတ်ထဲမကောင်းလိုက်တာ ..”

ဟု တကျွတ်ကျွတ် စုတ်သပ်နေရင်း စကားဆက်ဖို့ ရှုနေသေးသည့် ဒေါ်ယုယုကို မျက်နှာကောင်းပဲ တစ်ချက် ည့် ..။ လုံမေပျို၏ လက်လေးကို ဖျတ်ခနဲ ဆွဲဆုပ်၍ နေ ည့်စုံ ခေါ်ထွက်လာခဲ့ရပါပြီတည်း ..။

ကားရှေ့ခန်းတံခါးကို နေပြည့်စုံ ဖွင့်ပေးသည်။ မေပျို ထိုင်ပြီးတာနှင့် ကားကို ကွေ့ပတ်ကာ ကားတွင်းသို့ ပြီးတာနှင့် ချက်ချင်း ကားကိုစက်နှိုး၍ မောင်းထွက်လာခဲ့သည် အရှိန်ဖြင့်ပါ ..။ ဝေါခနဲ ဆောင့်ထွက်သွားသည့် ကားကို

www.burmeseclassic.com

www.burmeseclassic.com



အရှိန်မတန့်ဘဲ ခြံတွင်းမှ မောင်းထွက်လာရင်း .. နေပြည့်စုံ ရင်ထဲ မကောင်းနိုင်ပဲ လုံမေပျိုကို တကြည့်တည်း ကြည့်ကြည့်လာနေမိရဆဲ ..။ ခေါင်းလေး ငုံ့ချ၍ လုံမေပျို လိုက်လာသည်။ ဒါပေမဲ့ .. လုံမေပျို၏ လက်လေးနှစ်ဖက် လက်ဖဝါးလေးတွေ ကျုပ်ခဲနေအောင် ဆုပ်ခဲထားပေမယ့် ဆတ်ဆတ်ခါနေကြတာ ..။ မျက်တောင်လေးတွေ တဖျပ်ဖျပ်ခတ်နေရင်း မျက်ရည်ကို ကျမလာအောင် အနိုင်နိုင်ထိန်းနေရတာတွေက .. အရမ်းကိုပြင်းထန်သော နှိပ်စက်မှုတွေဖြင့် ရင်ကိုဖိချေနေကြချေပြီဆိုတာ နေပြည့်စုံ သိနေသည်။

"ဖြစ်ရလေကွာ .. ဖြစ်ရလေ .. ငါ .. ဒီကလေးကို .. တမင်ခံစားရအောင် .. ခေါ်လာခဲ့သလို ဖြစ်ကုန်ပြီ .. ငါကတော့ .. ဒီကောင်မလေး ကားမမောင်းတတ်ပဲ မောင်းတယ် မောင်းတယ်နဲ့ ဝင်ဝင်ပြောနေတာကို .. ချစ်စနိုးလေး နောက်ချင်တဲ့စိတ်နဲ့ ခေါ်လာမိတာ .. ပြီးတော့ မုန့်မှာတဲ့ သူတွေကို .. သူ ရှင်းပြနိုင်အောင် ခေါ်လာမိတာ .. ခုကျတော့ သူ့ရဲ့ဘဝအတွင်းရေးကို .. သူတစ်ပါးအိမ်မှာ ဖွင့်အပြောခံဖို့ .. ခေါ်ချသွားသလို ဖြစ်ကုန်ပါရောလား .."

ဟု မချိတင်ကဲကြီး တွေးမိရသည်က ယူကျုံးမရ စိတ်ဖြင့်ပါ ..။

နေပြည့်စုံ ကိုယ်တိုင်လည်း တာဝန်မကင်းသူကာ ယောက်နှယ် မနေတတ် မထိုင်တတ်ကြီး အနေကျပ်လျက်ရှိနေ ရပါ၏။

"လုံမေပျို .. ကိုယ် .. စိတ်ထဲ .."



စိတ်ထဲမကောင်းတာတွေ ခပ်တွန့်တွန့် ခပ်ရွံ့ရွံ့ကြီး နခံပေးဖို့ စကားတွေက ခပ်ဆိုင်းဆိုင်းကြီး အားနာစိတ်ဖြင့် ပြောပြနိုင်ဖို့ ကြိုးစားလိုက်ချိန်မှာ လုံမေပျို လက်ကလေးကာ သည်။ ခေါင်းလေး ငုံ့ငိုက်ချထားရာမှ မော့ခနဲ ကြည့်လာသည်။ ကော်မှောင်နေသော မျက်ဝန်းထက်မှာ မျက်ရည်တွေ လျှံကျလုလု ဖြစ်နေပြီ ..။ မျက်တောင်ထူပိတ်ပိတ်လေးတွေမှာ မျက်ရည်တွေ စွတ်နေကြပြီ ..။

"ဟုတ်ပါတယ် အစ်ကိုလေးရယ် .. အဲဒီ .. လုံမေပျိုဟာ ကျွန်မပါပဲ .. ဘွားကို မေမေ သတ်တယ်ဆိုပြီး .. မိပျို သိရပါတယ် .. မေမေ .. အကျဉ်းထောင်မှာပဲ ဆုံးပါးခဲ့ရ ရှာပါတယ် .. ဘာပဲဖြစ်ဖြစ် .. မေမေဟာ ကျွန်မရဲ့မေမေ ပါ .. မိပျိုရဲ့မေမေပါ .. မေမေ အရမ်းကို စိတ်ထားနူးညံ့တာ မိပျို သိတာပဲ .. မိပျိုကို သိပ်ချစ်တာလဲ မိပျို သိတာ ပါပဲ .. ဘွားရဲ့မြေးဖြစ်တဲ့ မိပျိုဟာ .. တစ်နှစ်မှာတစ်ခါ .. တစ်နှစ်မှာတစ်ကြိမ် အမြဲကျိန်စာတိုက်ခံထားရသလို .. ရင်ထဲ လောင်မြိုက်ကြေကွဲနေရတာပါ .. အဲဒါ ဘာလဲဆိုတော့ .. ဘွားအေကို လွမ်းနေတဲ့ မြေးလုံမေပျိုဟာ .. အဲဒီနေ့ကျရင် .. ဘွားကိုသတ်တဲ့ မေမေ့ရဲ့သမီးအဖြစ် .. လူတွေရှေ့မှာ ကြီးလတ် ခေါ်ခေါ်ပြတဲ့ဒဏ်ကို ရင်ကြေခံပြီး ရင်ဆိုင်ရတဲ့နေ့ပါပဲ .. ဘွားကို မေမေ အေါ်ယုဇနေသတ်တယ် သတ်တယ်နဲ့ .. လူတွေရဲ့ရင်ထဲမှာ .. အဲဒီအဖြစ်ဟာ .. မမေ့ပျောက်နိုင်စရာ ကျန်နေရသလို .. အဲဒီနေ့မှာပဲ .. မိပျိုကို .. ညှော်ခံကျွေးမွေးနေစေတဲ့ အလုပ်တွေကို ကြီးသတ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ခိုင်းနေရင်းနဲ့ .. အဲဒါ .. ဒေါ်ယုဇနရဲ့သမီးလေ .. အမေနဲ့ သိပ်တူတာလေ .. နဲ့ .. ပြောပြော .. ပြနေခဲ့တာတွေကို .. မိပျို .. ခံနေရတာပါ .. ခံနေရတာပါ အစ်ကိုလေးရယ် .. ခု .. အဲဒီ .. ဒေါ်ယုဇနရဲ့သမီး .. ဆိုတဲ့ .. ကျွန်မ .. အစ်ကိုလေးရဲ့ကားပေါ်မှာ ပါလာနေပါပြီ .. လူသတ်တရားခံတစ်ယောက် .. လူသတ်တဲ့ မိန်းမတစ်ယောက်လို့ ဘယ်သူမြင်မြင် .. မိပျို .. မေမေ့ကိုချစ်တယ် .. ချစ်နေတယ် အစ်ကိုလေးရဲ့ .. ဘယ်သူ .. အထင်သေးသေး .. အပြစ်ပြောပြော .. မိပျို မေမေ့ကို ချစ်နေမှာပဲ .. မိပျိုက မေမေ့သမီးဆိုပြီး အထင်သေးသေး မခေါ်ချင်မပြောချင် .. မိပျိုကတော့ .. မေမေ့သမီး ဖြစ်ရတဲ့အတွက် .. ဘယ်တော့မှ ဝမ်းမနည်းဘူး .. မေမေ့ကို သနားနေတာပဲရှိတယ် .. သမီးရဲ့မျက်နှာလေးကို မမြင်ရဘဲ .. ကွယ်လွန်ပေးခဲ့ရတဲ့ .. မေမေ့ကို .. သနားနေတာပဲ ရှိတယ် အစ်ကိုလေး .."

ခုလို .. ပေါ်တင်ကြီး .. တိုက်ရိုက်ကြီး .. အမေ ခံရ အပြောခံရတော့လည်း .. မိပျိုသည်လည်း လူပေပဲလေ .. ကြေကွဲခြင်းတွေ မနိုင်ရင်ကန် ခံစားရရင် .. မျက်ရည်တွေပြိုကျ တောက်လျှောက် ပြောချလိုက် .. ငိုချလိုက်နှင့် ဖြစ်သွားရစဉ်ခိုက် .. နေပြည့်စုံ ကားကိုလမ်းဘေးမှာ ရပ်ပစ်လိုက်ကာ လုံမေပျိုကို .. ရင်ထဲမကောင်းနိုင်တော့ပဲ ထိထိခိုက်ခိုက်ကြီးလည်း ကြည့်မိရ .. သနားနေမိရနှင့်ပါ ..။ သိရှိမှုန်သို့ ခေါ်သွားမိရလေခြင်းနော် .. ဟုလည်း ရင်ထဲမှ မချိတင်ကဲကြီး ညည်းချလိုက်မိရသည့်အဖြ



"အစ်ကိုလေး .. လုံမေပျိုကို ဘယ်တော့မှလဲ အထင်မသေးဘူး .. မခေါ်ချင် မပြောချင်လဲ ဘယ်တော့မှမလုပ်ဖူး .. မိပျိုဟာ အလွန်ဖြူစင်အေးချမ်းတဲ့ မိန်းကလေးဆိုတာ .. အစ်ကိုလေး .. ဒီအချိန်လေးအတွင်းမှာ .. သိနေနားလည်နေမိရတာပါကွယ် .. အလွန်သည်းခံတတ်တဲ့ လုံမေပျို ဆိုတာကိုလဲ အစ်ကိုလေး သိနေရသလို .. အဲဒါကို .. အစ်ကိုလေး .. အလွန် အထင်ကြီးနေမိရတာပါ မိပျိုရယ် .."

ဟု .. ရင်ကိုနှစ်၍ ပြောလိုက်မိရပါပြီတည်း ..။

ကားကို လာလမ်းဘက် ပြန်၍ခေါင်းတည်လိုက်မိ ပြီ ..။

ရှေ့သို့ဆက်သွားချင်စိတ် မရှိတော့ပြီပဲ ..။

အရှမ်းကို ငြိမ်သက် ခေါင်းငုံ့ရင်း မျက်ရည်တွေ အသံတိတ်ကျနေသည့် လုံမေပျိုကို တငွဲငွဲကြည့်နေမိရ ..။ မြင်နေရလေလေ .. ရင်ထဲ .. နင့်နင့်ပါအောင် .. ယူကျုံးမရဖြစ်ရသလေပါ ..။

သြော် .. ကိုယ်က .. ဤမိန်းကလေး .. ဖြူဖြူစင်စင်လေးကို .. ဒေါ်ယုယု ထံသို့ .. မျက်စိရှေ့မှောက်ရောက်အောင် ခေါ်သွားသည့်သူတစ်ယောက် ဖြစ်နေချေသည်ကိုးလေ ..။

နောင်တသည် .. ရင်ကို .. နှိပ်စက်နေချေသည် တကား ..။

လုံမေပျိုသည် .. မေ့ရက်စရာမရှိ .. မေ့နိုင်စွမ်းမရှိသည့် .. မိန်းကလေးအဖြစ် နေပြည့်စုံ၏ဘဝတွင်းသို့ .. သနား

www.burmeseclassic.com

www.burmeseclassic.com



စရာ့ဘဝတစ်ခုနှင့်အတူ .. ပိုင်စိုးစွာ တိုးဝင်နေရာယူသွားခဲ့ေ
သည်ဆိုတာ .. သိနေရသည်က တစ်ခုပဲရှိသည်။

ဟုတ်သည် ..။ နေပြည့်စုံ၏ .. နှလုံးအိမ် ..။
ထိုနှလုံးအိမ်က သိနေချေသည်တကား ..။

*❤*



## အခန်း(၆)

မေး၍မသင့်သည်ကို သိနေသည့်မို့သာ ဖွင့်မမေးဖြစ်ဆဲမယ့် .. လုံမေပျို ဆိုသည့် မိန်းကလေး၏ဘဝလေးကို သိချင်နေသည်ကဖြင့် အမှန်ပါ ..။

လုံမေပျို စိတ်ထိခိုက်နေတာ သိနေရသည်မို့သာ သိချင်သမျှကို မျိုသိပ်ထားလိုက်ရသည်က နေပြည့်စုံပါ ..။ ဘေးဘွင် ငြိမ်သက်လိုက်လာနေရင်းမှ ဖျတ်ခနဲ လုံမေပျို နေပြည့်စုံကို ကြည့်လာကာ ..

"ဟင် .. ပြန်တော့မလို့လား အစ်ကိုလေး .. မဟုတ်တာ အစ်ကိုလေးရယ် .. မုန့်တွေပို့မလို့ဆို .. ပို့ပြီးမှပြန်ပါနော် .. မိပျို သိပါတယ် .. စောစောက ဖြစ်ခဲ့တာတွေကြောင့် အစ်ကိုလေး စိတ်မကောင်းပဲ လှည့်ပြန်တာ မဟုတ်လား ဟင် .. အဲ့သလို လှည့်ပြန်သွားရင် မိပျို ပိုစိတ်မကောင်း ဖြစ်ရမှာပါ .. မိပျိုကြောင့် အစ်ကိုလေး အလုပ်တွေမလုပ် ဖြစ်ပဲ ပြန်သွားရတဲ့ကိစ္စကို .. ဘယ်တော့မှ မိပျို ရင်ထဲ ကောင်းနေနိုင်တော့မှာ မဟုတ်ပါဘူး အစ်ကိုလေးရယ် .. ပြန်လှည့်နော် .. ပြန်လိုက်ပို့လိုက်ပါနော် .."

www.burmeseclassic.com

www.burmeseclassic.com



နှင့် တကယ့်ကို စိတ်ထဲမကောင်းနိုင်ပဲ အားနာစိတ်ဖြင့် တဖွဖွပြောနေသည့် ကောင်မလေးကို နေပြည့်စုံ သနားစိတ်ဖြင့် ကြည့်မိရပါပြီ ..။ အစစ နားလည်ပေးတတ်သော လုံမေပျို ဆိုတာကို သိနေရလျက် ..။ ဤမျှအလိုက်တသိ ရှိတတ်ပါသည့် မိန်းကလေးကို ဒေါယုယုမှ စိတ်သောကဖြစ်အောင် .. ထိခိုက်ခံစားရအောင် မေးလိုက်တာကိုလည်း ရင်ထဲ ဒေါပွနေမိရသည်ပါပဲ ..။ မျက်နှာငယ်လေးဖြင့် မော့ကြည့်နေရှာပါသည့် လုံမေပျိုကို သက်ပြင်းရှိုက်၍လည်း ကြည့်မိရ ..။ တကယ့်ကို ပြန်လှည့်၍ မုန့်မပို့ပါလျှင်လည်း ဤကောင်မလေးစိတ်ထဲ ဤအဖြစ်ကို မေ့နိုင်တော့မှာ မဟုတ်တာကို သိနေရသည်မို့ ကားကိုပြန်လှည့်မောင်းခဲ့ရပြန်ပါသည့်အဖြစ် ..။

ထိုအခါကျမှ လုံမေပျို၏ မျက်နှာလေး အတန်မှလန်းလာရှာပါ၏။

"ကိုယ်က .. လုံမေပျို စိတ်ထိခိုက်နေချိန်မှာ မုန့်တွေလိုက်မပို့ချင်လိုပါကွယ် ."

ဟုပြောတော့ လုံမေပျို ကားပြင်ဘက်ကို တစ်ချက်ငေးကြည့်သည်။ မျက်တောင်ရှည်ကော့တော့လေးတွေက ထူပိန်းနေလေသမျှ ပို၍ထင်းခန့်ရှိနေစေအောင် ဆေးတိုက်လေးရှိနေသည့် လုံမေပျိုကို နေပြည့်စုံ ငေးခနဲ တစ်ချက်ကြည့်မိရပါ၏။ အတော်လေးကိုလှသည့် ကလေးမ ..။ ဖြူဥဥနိုင်လျက် အခြယ်အသကင်းစင်နေသည့်ကြားမှ ဤမိန်းကလေး၏ အလှတရားများက ထင်းထင်းပပ ရှိနိုင်လွန်းသည်က အမှန် ..။ အဝါရောင်ပါတိတ်ဝမ်းဆက်လေးကို ဝတ်ထားပေမယ့် တန်ဖိုးကြီးထဲက





မဟုတ်တာကတော့ သေချာနေသည်။ အင်္ကျီလေးက လည်တိုင်တွင်ဆွဲထားသော ရွှေကြိုးမျှင်နှင့် စိန်လော့ကက်သီးငယ်လေးနှင့် နှိုင်းလိုက်လျှင် အတော်လေးကို မလိုက်ဖက် .. ဈေးနှုန်းသက်သာနေသည့် ပိတ်စမျိုးဖြစ်နေသည်။

အင်ကြင်းမေ ဝတ်ထားသည့် အဝတ်အစားနှင့်ဆိုလျှင် တခြားစီ ..။ အင်ကြင်းမေ၏ အဝတ်အစားလေးတွေက အရမ်းကို တန်ဖိုးကြီးသည့် အဝတ်အစားမျိုး ..။

နေပြည့်စုံ ဆိုတာက ရွှေကြာဖူးငုံ၏ ဟိုတယ်ပိုင်ရှင်ဆပဲလေ ..။ ဟိုတယ်မှာ အဝတ်အစား ရယ်ဒီမိတ်အထည်တွေ၊ ပိတ်စတွေရောင်းသည့် အရောင်းခန်းဆောင်ကျယ်ကြီးရှိသည် မဟုတ်ပါလား။ တန်ဖိုးနှုန်းထားအားဖြင့်ကလည်း ချိုသာတာရော .. တန်ဖိုးကြီးတာရော မျိုးစုံရှိတာမို့လည်း အဝတ်အထည်ကိစ္စကို နေပြည့်စုံ မျက်ရည်ဝနေသည့်အဖြစ်။ ကားမောင်းနေပေမယ့် စကားမပြောဖြစ်နိုင်ကြတော့ပဲ ကားကို တောက်လျှောက်မောင်းသွားလိုက် ..။ ရပ်လိုက် ..။ မုန့်ဘူးတွေဆင်း၍ နေပြည့်စုံပို့လိုက် ..။ မုန့်မှာသူကို တောင်းပန်ခဲ့လိုက်ဖြင့် တစ်ယောက်တည်းသွားခဲ့ပါ၏။ လုံမေပျိုကို ခေါ်မသွားတော့ ..။ ကားထဲမှာပဲ ထိုင်စောင့်ခိုင်းခဲ့ပါသည့်အဖြစ် ..။

ဘာပဲဖြစ်ဖြစ် ..။ အချိန်တော့ နည်းနည်းကြာသွားခဲ့ရသည်ကတော့ အမှန်ပါ ..။ နောက်ဆုံး အိမ်ကိုပို့ပေးပြီးသည့်နောက်မှာ မုန့်ပို့သည့်ကိစ္စပြတ်ပြီမို့ ကားကို သစ်ခွမြိုင်ကော်ဖီဆိုင်း အဆောက်အအုံရှိရာသို့ ပြန်မောင်းခဲ့ရင်းမှ နေပြည့်စုံ တစ်ငုံ့ကြည့်ကြည့်ဖြင့် လုံမေပျိုကို ကြည့်ကြည့်နေမိရမှ ..

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်မယ်ဆိုရင် .. လုံမေပျို .. အစ်ကိုလေးကို .. နည်းနည်းပါးပါးလောက် လုံမေပျိုရဲ့အကြောင်းလေးကို ပြောပြနိုင်မလားဟင် .."

ဟု ဘယ်လိုမှ မျိုသိပ်မထားနိုင်စွာ မေးလိုက်မိရပါပြီတည်း..။ ဟုတ်သည် ..။ ဤကောင်မလေးကို နေပြည်စုံ ရင်ထဲမှာ သနားနေတာတစ်ခုပဲ ပြည့်သိပ်နေသည်။ အထူးသဖြင့် ညှိုးဖျော့ရိပ်များ အုပ်မိုးနေသည့် မျက်ဝန်းနက်နက်လေးတွေမှာ အရိပ်ထင်နေသော အားငယ်ကြေကွဲရိပ်များကို သူ့အာရုံထဲမှာ ဘယ်တော့မှ ဖျောက်ဖျက်ပစ်နိုင်တော့မှာ မဟုတ်တာကိုလည်း သိနှင့်နေရပါ၏။

လုံမေပျို ခေါင်းလေးတစ်ချက် ငုံ့ချလိုက်ကာ အငြိမ်သက်ကြီး ငြိမ်သက်သွားရာမှ ..

"ကူကယ်ရာမဲ့နေတဲ့ ဘဝတစ်ခုထဲက မိပျိုရဲ့အကြောင်းကို မသိတာ ပိုကောင်းပါတယ် အစ်ကိုလေးရယ် .. မိပျို တင်းပဲပြောပါ့မယ် .. မမလေး အင်ကြင်းမေရဲ့မေတ္တာ .. ပြီးတော့ .. ငုဝါမြိုင်က ဥယျာဉ်မှူးဖြစ်တဲ့ .. ဘဘသော်တို့ ထမင်းချက်တဲ့ ဒေါ်ကြီးနှင်းတို့သာ မရှိကြရင် .. မိပျို ဒီလောက် ခံနိုင်ရည်ရှိမှာ မဟုတ်ပါဘူးရှင် .. မိပျိုရဲ့ကံက .. ဒီလိုနေရမယ်လို့ ပါလာတဲ့နောက်မှာ .. ဒီကံတရားရဲ့ အမိုးကြီးအောက်မှာ မိပျို ဒီလိုပဲ နေသွားရမှာပါပဲ .. မိပျို အမြဲဆုတောင်းတတ်ပါတယ် .. ဘာလဲ သိလား အစ်ကိုလေး .. မိပျိုလို ကံကြမ္မာမျိုး .. ဘယ်သူမှမကြုံရပါစေနဲ့လို့ပါ .. အစ်ကိုလေး သိလို့လဲ .. မိပျိုကို ကယ်တင်နိုင်မှာမှ မဟုတ်တာ .. ဖေဖေဟာ .. စီးပွားရေးလောကထဲ



အရှိန်ဩဇာကြီးတဲ့ အောင်မြင်သူလုပ်ငန်းရှင်တစ်ယောက်ပါ .. ရွှေရောရတနာဆိုင်ကြီးနဲ့ ရွှေမိုးတိမ်အိမ်ဆောက်ပစ္စည်းစက်ရုံနဲ့ အရောင်းခန်းမကြီးတွေ ပိုင်ဆိုင်တဲ့ ဖေဖေ ဦးရန်လင်းအောင်ရဲ့ အိမ်တွင်းရေးကိစ္စတစ်ခုကို .. ဘယ်သူမှ ဝင်ပြောလို့လဲ ရနိုင်မယ် မဟုတ်ပါဘူး အစ်ကိုလေးရယ် .. အစ်ကိုလေး သိရင်လဲ မိပျိုကို သနားနေရတာတစ်ခုပဲ ရင်ထဲကျန်နေခဲ့ရမှာပါ .."

ဟု ပြောရင်း မျက်ရည်က ဖြိုက်ခနဲ ကျလာတော့ နေပြည့်စုံ ခေါင်းယမ်းလိုက်ရင်းမှ ..

"အဲသလို မတွေးရဘူးလေ .. လူဆိုတာ .. ကိုယ့်အတွက် .. မိတ်ဆွေကောင်းဆိုတာ လိုအပ်တယ် .. ကိုယ့်အပေါ် တကယ့်ကို စေတနာထားတဲ့သူ .. ကူညီပေးလိုစိတ် ရှိတဲ့သူ .. လိုအပ်တယ် .. လုံမေပျို စောစောကပြောတာ မှားတယ်၊ လုံမေပျိုကို ဘယ်သူမှ မကူညီနိုင်ဘူးဆိုတာမျိုး ဘယ်တော့မှ မတွေးရဘူး .. လုံမေပျိုပြောတဲ့ ကံကြမ္မာဆိုတာကိုပဲ အစ်ကိုလေး ထည့်ပြောမယ် .. ကံကြမ္မာဆိုတာ အမြဲဆိုးမနေနိုင်ဘူး .. အမြဲဝမ်းနည်းစရာတွေချည်း ဖြစ်မနေနိုင်ဘူး .. ကိုယ့်ဘဝမှာ .. ကိုယ့်ကမ္ဘာမှာ .. ကိုယ်သာ တစ်ယောက်တည်း ရှိနေတယ်လို့ တွေးမိနေတာကိုက မှားတယ် .. တစ်ယောက်တည်းပဲ ရှိတယ်လို့ ဆုံးဖြတ်ယုံကြည်ထားလိုက်တဲ့သူဟာ .. အထီးကျန်ဆိုတဲ့ အမြစ်ကြီးတစ်ခုထဲမှာ ကိုယ့်ကိုယ်ကိုယ် နှစ်မြှုပ်ထားလိုက်တာနဲ့ အတူတူပဲ .."

www.burmeseclassic.com

www.burmeseclassic.com



တည်တည်ကြည်ကြည် ပြောနေပါသည့် နေပြည့်စုံကို လုံမေပျို မော့ခနဲ ငေးကြည့်မိရပါ၏။ ရင့်ရင့်ကျက်ကျက်နိုင်နေသော မျက်နှာ ..။ လေးလေးနက်နက်ကြီး ပြောနေသည့်အသွင်ဖြင့် ရှိနေသည့်သူတစ်ယောက် ..။ ဪ .. ထိုသူ၏စကားတွင်းမှာ လုံမေပျို ဆိုသည့် အထီးကျန်လွန်းလှပါသော မိန်းကလေးတစ်ယောက် ဘေးချင်းယှဉ်လျက်ထိုင်ရင်း ပါလာနေရခြင်းသည်ပင်လျှင် .. ကံကြမ္မာဆိုသည့် အရာတစ်ခုက .. အပြောင်းအလဲဆိုသည့် ဦးတည်မှုတစ်ခုဆီသို့ တွန်းပို့ပေးလိုက်ခြင်းများပေလား ..။ လုံမေပျို မဝံ့မရဲလေး တွေးမိလိုက်ရပါသည့်အဖြစ် ..။

"မှန်တဲ့စကားကို ပြောရမယ်ဆိုရင် .. စောစောပိုင်းတုန်းကတော့ လုံမေပျိုဟာ .. စိတ်ရင်းဖြူ သဘောကောင်းလေးဆိုတာလောက်ပဲ သိထားရတဲ့ မိန်းကလေးတစ်ယောက်အဖြစ် ရှိနေခဲ့တာပါ .. ဒါပေမဲ့ .. မမယုနဲ့ တိုးပြီးချိန်မှာတော့ .. စောစောကတည်းက ဖြူစင်တယ်လို့ အစ်ကိုလေးသိထား .. အကဲခတ်ထားပြီး ဖြစ်နေတဲ့ လုံမေပျိုဟာ .. အစ်ကိုလေး .. တတ်နိုင်စွမ်းသမျှ ကူညီပေးချင်နေရတဲ့ မိန်းကလေးတစ်ယောက်အဖြစ် ရှိသွားရသလို .. ဘယ်လိုလဲ .. မေ့နိုင်မှာမဟုတ်တော့တဲ့ မိန်းကလေးတစ်ယောက်ဖြစ်သွားတယ် လုံမေပျို .. ဘာလို့လဲ သိလား .. မင်းဘယ်အထိ ခံစားနေရတယ်ဆိုတာ မင်းရဲ့ကြေကွဲမှု .. မင်းရဲ့ကြေကြေမြည့်မြည့် ခံစားနေရမှုတွေနဲ့ ပြည့်သိပ်နေတဲ့ မင်းရဲ့ရင်ကို မြင်နေမိပြီး ဖြစ်ရလို့ပါပဲ .."



ဟု ထပ်ပြောလာတော့ လုံမေပျို ခေါင်းလေးငုံ့ချလိုက်ကာ မျက်ရည်များ ပြိုကျလာရပါပြီ။

"ဒါဆို .. မမလေး အင်ကြင်းမေ အပြင် .. အစ်ကိုလေးလဲ ရှိနေပြီပေါ့နော် .."

ဟု တဆို့တနင့်ကြီး ရှိုက်သံတွေ ရောထွေးနေလျက်ကလေးလေးလို မော့ခနဲ မေးလာသည့် မျက်နှာလေးကို နေပြည့်စုံကြည့်ရန် အားအင်ပင်မကျန်ချင် ..။ ရင်ထဲ နင့်ခနဲဖြစ်သွားရပါပြီ ..။ 'ထူထဲသော မျက်တောင်တွေမှာ မျက်ရည်ဥတွေ စိုစွတ်နေကြတာ ..။ မျက်နက်ဝန်းလေးတွေမှာ မျက်ရည်တွေ ပြည့်သိပ်လျှံနေကြတာ ..။ ငိုမဲ့မဲ့လေးဖြင့် မော့မေးနေသည့် မျက်နှာလေးပေါ်မှာ အပြစ်ကင်းစင်သော ကလေးတစ်ယောက်၏ အရိပ်လေးတွေ စွန်းထင်းနေကြတာ ..။ အားလုံးကို မြင်နေရပါသည့် နေပြည့်စုံ၏ ရင်ထဲမှာ ဤကလေးမငယ်လေးကို သနားနေမိတာတွေသာ ရှိနေကြပါသည့်အဖြစ် ..။

ပြီးတော့ .. ဖြူဖြူစင်စင် ကလေးငယ်လေးတစ်ယောက်၏ ကြေကွဲနာကျင်နေသည့် မျက်ရည်နှင့် မျက်နှာလေးကို မကြည့်ရက်နိုင်အောင် ခံစားရလျက် ဝေဒနာကူးစက်လာရတတ်သည့် လူကြီးတစ်ယောက်၏ ခံစားမှုမျိုးနှင့်တူသော ခံစားမှုတွေကလည်း ရင်ထဲမှာ ပြည့်ပြည့်သိပ်သိပ် ..။

ဪ .. အင်ကြင်းမေ အပြင် .. နေပြည့်စုံ ဆိုသူ .. အားကိုးရာတစ်ခုအဖြစ် ရှိနေချေသည်ကော .. ဟု မော့ကာ မျက်ရည်တွေနှင့် မေးလာသည့် လုံမေပျိုပါတကား ..။

www.burmeseclassic.com

www.burmeseclassic.com



ဤအမေးလေးတစ်ခုသည် ... ငုဝါမြိုင် ဆိုသည့်အိမ်ကြီးတစ်အိမ်မှာ အဘယ်မျှထိ အထီးကျန်နိုင်လွန်းစွာ ဤမိန်းကလေး ဖြတ်သန်းနေရသည်ဆိုတာ ဖွင့်ချပြလိုက်သည်နှယ်ပါတည့် ...။

"ဟုတ်တယ် လုံမေပျို ... အစ်ကိုလေးလဲ ရှိနေတယ်လို့ ယုံကြည်ထား ... အခက်အခဲကြုံရင် ... အစ်ကိုလေးဆီကို ဖုန်းဆက်လို့ရတယ် ... အစ်ကိုလေး အိမ်ကို လာလို့ရတယ် ... သစ်ခွမြိုင်ကော်ဖီဂါးဒင်းကိုလဲ လာလို့ရတယ် ... ဒါ ... အစ်ကိုလေးရဲ့အိမ် ... ဟိုတယ် ... တို့ရဲ့လိပ်စာပဲ ... သစ်ခွမြိုင်ကော်ဖီဂါးဒင်းကိုတော့ လုံမေပျို ရောက်ဖူးပြီပဲ ... နေပါဦး ... လုံမေပျို ... ရန်ကုန်မြို့ထဲ သွားလာတတ်ရဲ့လား ..."

ဟု ရင်ထဲ ထင့်ခနဲ မေးလိုက်တော့ လုံမေပျို ခေါင်းလေးခါပြတာမို့ လိပ်စာကတ်ကို ကမ်းပေးနေပါသည် နေပြည့်စုံမှာ ရင်ထဲပို၍ ထိခိုက်လာရ ... သနားလာရပါပြီတည်း။

ဤမိန်းကလေး ... တကယ့်ကို ရိုးရိုးစင်းစင်းလေးဖြင့် ထားရာနေ ... ခိုင်းတာလုပ်ဘဝဖြင့် ရှိနေရချေသည်ကောလေ ...။ ပြီးတော့ကျတော့ ... အဖေက ... တကယ့်ကို လူသိများနေသည့် စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက် ဖြစ်နေသည်။

ဤသို့သော သူတစ်ယောက်၏သမီးက ... သိမ်သိမ်ငယ်ငယ် နေနေရသည် ဆိုတာကိုက အံ့သြဖို့ အရမ်းကောင်းနေသည့်အဖြစ် ...။

"အင်ကြင်းမေ ဆိုတာ ... လုံမေပျိုနဲ့ ဘယ်လိုတော်တာလဲ ... ညီအစ်မ အရင်းလား ..."



ဟုဖွင့်မေးချလိုက်တော့ လုံမေပျို ခေါင်းလေးငုံ့ချ ...က်ကာ ... ရင့်ထဲမှာ နှစ်များစွာချို၍ ကြေကွဲအုပ်မိုးနေပါသည့် ...ဖြစ်များကို ... အစ်ကိုလေးကို ပြောပြလိုက်မိရပါပြီ ...။

ဖေဖေနှင့် မေမေတို့၏ မေတ္တာဇာတ်လမ်းမှသည် ...း၏အဖြစ် ... မေမေ ... ထောင်ကျခဲ့ရပါသည့်အဖြစ် ... သြော် ...မေ ဆုံးပါးကွယ်လွန်ခဲ့သည့် အဖြစ်များအထိ ပြောပြခဲ့ရာမှ ...။ ...းလတ်နှင့် မမကြီး သဇင်မေနှင့် မမလေး အင်ကြင်းမေတို့၏ ...ကြောင်းများ ...။ အားလုံး ပြောပြလိုက်ရာမှာ ... ဖေဖေ့အမုန်း ...ကိုတော့ ဖွင့်ချပြောရမှာကို နှလုံးအိမ်မှ ခံနိုင်ရည်မရှိနိုင်လွန်း ...ည်မို့ အစ်ကိုလေးကို မိပျို ပြောမပြနိုင်ဖြစ်တော့ပါ ...။

ဒါပေမဲ့ ... အစ်ကိုလေး နေပြည့်စုံကတော့ ရိပ်မိ ...သည်ပုံဖြင့် သက်ပြင်းရှိုက်၍သာ လုံမေပျိုကို ကြည့်လာသည် ... ...။

လိပ်စာကတ်လေးကို လုံမေပျို နေပြည့်စုံ ပေးလာ... လက်ထဲမှာပဲ ဆုပ်ထားရှာပါ၏။ ထည့်စရာပိုက်ဆံအိတ် ...င် လုံမေပျိုမှာ မရှိရှာတာကို မြင်ရတော့လည်း နေပြည့်စုံ ...ထဲ ပို၍မကောင်းနိုင် ...။ အကျႌအိတ်တွင်းမှ အားရေးအိတ်ပြား ...လေးကိုထုတ်၍ လိပ်စာကတ်ကို လုံမေပျို လက်ထဲမှပြန်ယူ ...။ ...ထဲထည့် ...။ လုံမေပျို၏လက်ထဲ ပြန်ထည့်ပေးရင်းမှ ...

"ဘယ်တော့မှ အားမငယ်ရဘူးနော် ... အစ်ကိုလေး စိုးရိမ်တာ တစ်ခုပဲရှိတယ် ... အားငယ်နေမှာကိုလေ ... အားငယ်နေတာ သိပ်ကြာလာရင် ... လူကိုဒုက္ခပေးတတ်တယ် ... လုံမေပျိုမှာ မမလေး အင်ကြင်းမေ ရှိတယ်ဆို ... သူနဲ့ပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် .. အစ်ကိုလေးကို အကူအညီတောင်းစရာရှိရင် တောင်းခိုင်းလဲ ရတာပဲ .. ဒါမှမဟုတ် .. ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ပါဘူးဆိုပြီး .. အစ်ကိုလေးကို တိုက်ရိုက်ပဲ ဖုန်းဆက်ပြောရင်လဲ ရတာပဲ၊ အစ်ကိုလေး တစ်နည်းနည်းနဲ့ လုံမေပျို့ကို ကူညီမှာပေါ့ ..”

ဟု ပြောလာတော့ လုံမေပျို့ ခေါင်းလေးယမ်း၍ ..

“အစ်ကိုလေး ပေးလို့သာ ဒီလိပ်စာကတ်လေး ယူထားရတာပါ .. မိပျို့ .. ဖေဖေ့အရိပ်အောက်က .. ဘယ်တော့မှ .. ဖေဖေမကြိုက်တာကိုလုပ်ပြီး .. စိတ်ဒုက္ခထပ်ပေးတာမျိုး ပြုရဲမှာ မဟုတ်ပါဘူး အစ်ကိုလေးရယ်၊ ငဝါမြိုင်က အိမ်သားမဟုတ်တဲ့ အေးလူတစ်ယောက်ဆီကို .. လုံမေပျို့ .. အကူအညီတောင်းတယ် ဆိုတာမျိုးကို .. ဖေဖေ ကြိုက်မှာ မဟုတ်ပါဘူး .. မေမေ့ကြောင့် .. ဖေဖေတစ်ခါတုန်းက အလွန်စိတ်ဆင်းရဲခဲ့ရပြီးပါပြီ၊ လုံမေပျို့ကြောင့် .. ဖေဖေ စိတ်ထပ်ထိခိုက်မှာမျိုး .. မလုပ်ရက်ပါဘူး .. ဖေဖေက .. သူ့အိမ်တွင်းရေးကို .. ဒီလောက်ထိ .. မိပျို့ အစ်ကိုလေးကို ပြောပြလိုက်တာကိုတောင် .. ကြိုက်မှာမဟုတ်ပါဘူး အစ်ကိုလေးရယ် .. တကယ်ကတော့ .. မိပျို့ ပြောပြရတာက .. မိပျို့ဟာ .. မေမေ့သမီး ဖြစ်နေတယ်ဆိုရာမှာ .. ဘွားဒေါ်ဖွားရှင်ကိုသတ်တဲ့ မေမေ ဒေါ်ယုဇနရဲ့သမီးတစ်ယောက် ဖြစ်နေတယ်ဆိုတာကို .. အစ်ကိုလေး ပိုပြီးရင်ထဲမှာ မှတ်မိစွဲထင်နေအောင်ပါ ..”



ဟု ထပ်ပြောလာတော့ နေပြည့်စုံ ပို၍ရင်ထဲမကောင်း ..။ လုံမေပျို့ဆိုတာ .. အားငယ်ကြေကွဲခြင်းဆိုသည့် ဝေဒနာ ကြီးကို ဘယ်သောအခါမှ ရင်တွင်းဆီမှ မောင်းနှင်ထုတ်နိုင် ရှိတော့မှာ မဟုတ်တာကိုလည်း နားလည်လာမိရသည်ပါပဲ ..။ ခနဲ တစ်ချက်ဖြစ်သွားရာမှ အားယူ၍ နေပြည့်စုံ ပြုံးကာ ..

“အေးလေ .. ကာယကံရှင်က လုံမေပျို့ ဆိုတော့ .. အစ်ကိုလေးဆီကို .. ဘာတစ်ခုမှ အကူအညီရယ်လို့ မတောင်းဘဲနေနေရင်လဲ .. အစ်ကိုလေးဘက်က .. ဘာတတ်နိုင်မှာတဲ့လဲ .. နေဦး .. အစ်ကိုလေး ပြောတာ မဆုံးသေးဘူး .. လုံမေပျို့ ပြောချင်တာကို အစ်ကိုလေး နားလည်တယ်၊ လုံမေပျို့ရဲ့ဖေဖေ စိတ်မကောင်းဖြစ်မှာကို စိုးလို့ဆိုတာကိုလည်း အစ်ကိုလေး နားလည်တယ် .. လုံမေပျို့ကို အစ်ကိုလေး အပြစ်တင်နေတာ မဟုတ်ပါဘူး၊ ဒါပေမဲ့ .. တစ်ခုတော့ ရင်ထဲမှာမမေ့နဲ့ .. အလွန်ကျဉ်းထဲကျပ်ထဲ .. တစ်ခုခုကြုံရင် .. အစ်ကိုလေးရဲ့ လိပ်စာကတ်လေးကို သတိရပါလို့ .. ပြောချင်တာယ် .. ဘာလို့လဲဆိုတော့ .. လုံမေပျို့ရဲ့ ကြီးလတ်ဆိုတာဟာ .. လုံမေပျို့ ဖေဖေ့ရဲ့ရင်ထဲက ကြေကွဲလောင်မြိုက်နေမှုကို .. အဲဒီ .. ဆွမ်းကျွေး .. လူတွေ ဖိတ်ကျွေးတဲ့အဖြစ်တွေနဲ့ .. နှစ်တိုင်း နှစ်တိုင်းမှာ .. လူ့ပုံအလယ်မှာ လုံမေပျို့ကို ခေါ်ခေါ်ပြရင်း .. အတိတ်ကို ပြန်ပြန်တူးဆွရင်း .. အဲဒီကြေကွဲမှု အစိုင်အခဲကြီးကို .. လုံမေပျို့ရဲ့ ဖေဖေ့ရင်ထဲမှာ အပ်နှံနေတယ်လို့ အစ်ကိုလေး နားလည်ထားလို့ပါပဲ ..”

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ကားကို သစ်ခွမြိုင် ကော်ဖီဂါးဒင်ခြံဝင်းကျယ်ကြီးဆီသို့ မောင်းဝင်လာရ .. ။ ကားပါကင်ထိုးရာမှ ရပ်လိုက်ရနှင့် ရှိသွားရပါပြီ .. ။

နှစ်ယောက်သား ရုံးခန်းရှိရာသို့ လျှောက်လာကြ တော့လည်း တိတ်တိတ်ဆိတ်ဆိတ် နိုင်နေသည်ပါပဲ .. ။

စေ့ပိတ်ထားသော ရုံးခန်းတံခါးကို အသာလေးဆွဲ ဖွင့်စဉ်ခိုက် ..

"ဒီနေ့ပဲ .. သူ့ကို အပြင်ခေါ်ထုတ်ခွင့် သူ့အဖေကပေး တယ် .. လက်ဝတ်လက်စား ဝယ်ပေးတယ် .. အဝတ် အစား ဝယ်ပေးတယ် .. ဒီနေ့မှာ မင်္ဂလာမရှိတဲ့ အမင်္ဂလာ ကိစ္စက ဝင်လာပြီ .. ညည်းမောင်းတဲ့ကား .. သူများစက် ဘီးကို ဝင်တိုက်မိတယ် .. ဒီကောင်မဟာ လူတွေကိုဆုံ ကျိုးပြုဖို့ ရောက်လာတဲ့ ကောင်မ .. သူ့အမေဟာလဲ သူ နဲ့အတူ မနေရဘဲ .. ထောင်ထဲမှာ သေရတဲ့အထိ ဖြစ်ခဲ့ ပြီးပြီ .. သူဟာ .. အမေနဲ့ အတူနေရမယ့်ကံ မပါတဲ့ ကောင်မ .. အဘွားကို အမေကသတ်လို့ .. အမေကထော ထဲကိုရောက် .. ထောင်မှာသေ .. သူက .. သူ့အမေမျက် နဲ့ လူဆက်ဖြစ်နေပြီး .. သူ့အဖေရဲ့ ရင်ထဲကအမုန်းတွေ ကို .. သူလဲခံ .. သူ့အဖေကိုလဲ လောင်စေတဲ့ကောင်မ ခုကြည့် .. မေမေ .. စိတ်ပူလို့ ညည်းရဲ့ဖုန်းကို လှမ်းဆက် မေးကြည့်တော့ .. ဒီမှာက .. မင်္ဂလာမရှိတဲ့ကိစ္စတွေ ဖြစ်နေပြီ .. ဟင် .. ဘယ်လောက်အားနာဖို့ကောင်းလဲ .. ဒါ .. တော်ရုံလူချမ်းသာရဲ့ ရုံးခန်းနေရာ မဟုတ်ဘူး



နေပြည့်စုံ ဆိုတာ စီးပွားရေးလောကမှာ နာမည်သိ .. အောင်မြင်နေတဲ့သူတစ်ယောက် .. သူ့ရုံးခန်းကိုလဲ .. ဒီ မင်္ဂလာမရှိတဲ့ကိစ္စကြီးနဲ့ .. သူ့ရုံးခန်းထဲရောက် .. သတင်း ပြောပြဖို့ ရှိခဲ့ရပြီ .. ဘယ်သူက အဲဒါမျိုးကို ကြိုက်ပါ့ မလဲ .."

ဆက်တိုက်ကြီး ပြောနေသံနှင့် ..

"မပြောပါနဲ့ မေမေရယ် .. ခု .. မေမေနဲ့ မမကြီးတို့ အတွက် ကော်ဖီသွားယူနေတဲ့ ဝန်ထမ်းမိန်းကလေး ပြန် ဝင်လာရင် .. ကြားသွားပါ့မယ် .."

နှင့် ခပ်တိုးတိုး တောင်းပန်နေသံကိုလည်း ကြား နေရသည်။

"အို .. ပြောရမှာပဲ .. ဒီမယ်မိအင်ကြင်း .. ညည်းဘာ ဆေးမိထားလို့ .. ဒီလောက်ကြီးထိ ဒီကောင်မအပေါ်မှာ လိုက်လိုက်သနားနေရတာလဲ၊ လိုက်လိုက်ချစ်နေရတာလဲ .. ခုပဲကြည့် .. သူ့ကိုခေါ်သွားတာ .. ဒီနေ့မှာ ညည်း သူ များရပ်ထားတဲ့စက်ဘီးကိုလဲ ဝင်တိုက်ပြီးပြီ .. မုန့်တွေလဲ ကျကုန်ကြရပြီးပြီ .. ဓော်သေးတယ် .. ငါ့သမီးကို မုန့် အပို့ခိုင်းဖို့ ခေါ်မသွားဘဲ ဒီမှာကျန်ခဲ့လို့ပေါ့ .. နောက် တစ်ခေါက်ဆို .. စက်ဘီးမဟုတ်တော့ဘဲ .. ညည်းလူတိုက် မိလိမ့်မယ် သိရဲ့လား .. သူက .. အမေထောင်ကျမျိုး .. ထောင်ထဲ ညည်းကိုပါပို့မယ့် ကောင်မ .."

ဟု ဆက်ပြောနေလေသမျှ နေပြည့်စုံ စိတ်ထဲ ထိတ်မသာကြီး ကြားနေရပါသည့်အဖြစ် .. ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပါးမှာ ငြိမ်ငြိမ်လေးရပ်ရင်း မျက်ရည်ကျနေသည့် လုံမေပျိုကိုလည်း လှည့်ကြည့်ရင်း ချက်ချင်းပြန်လှည့်ထွက်လာရ ..။ လုံမေပျို၏ လက်မောင်းလေးကိုလည်း ဆွဲခေါ်လာမိရနှင့်ပါ ..။ သီးခြားစားသောက်ခန်းဆောင်လေးမှာ လုံမေပျိုကို ထိုင်ခိုင်းရသည်။ ခုလိုကျတော့လည်း လုံမေပျို မျက်ရည်ကို မထိန်းနိုင်ရှာတော့ ..။ အရွယ်လေးကလည်း ငယ်ငယ်နုနုလေးပေပဲ့လေ ..။ ခံစားရရှာချေမည်ပေါ့ ..။ နုနုဖပ်ဖပ်လေး ရှိပါသည့် ဤမိန်းကလေးသည် အထက်တန်းကျောင်းသူလေးပဲ ရှိနေချဦးမည် ..။ ကလေးတစ်ယောက်ကို ဤမျှထိ လူကြီးတစ်ယောက်က မထောက်မရက်ကြီး ပြောနေတာကို ကြားထဲက နေပြည့်စံ ပင် ရင်ထဲကြေကွဲနာကျင့်နေရပါသည့်အဖြစ် ..။ ထိုင်ခိုင်းသည့် ထိုင်ခုံလေးမှာ ထိုင်ချရင်း မျက်ရည်တွေ ပြိုကျနေရှာပါသည့် လုံမေပျို၏ ရှေ့တည့်တည့်မှာ နေပြည့်စုံ ထိုင်သည်။ နေရင်း နေရင်းဖြင့်ပင် .. နေပြည့်စုံသည် ဤမိန်းကလေးအပေါ် သံယော ဖြစ်ချင်းမက ဖြစ်လာရ .. သနားနေမိရနှင့်ပါ ..။

"ဟုတ် .. ဟုတ်ပါတယ် .. မိပျိုဟာ .. အားလုံးကိုဒု
ပေးတဲ့ မိပျိုပါ .. မိပျို .. သေသွားရင် .. ကောင်း .. မှာ

ဟု ရှိုက်ကြီးတငင်ဖြင့် အသံလေးတွေ တုန်ခါအ ကျနေရင်း သူ့ကိုပဲ တိုင်တည်ပြောသလိုလေးလည်းပြော မျက်ရည်လည်း ထိန်းမရနိုင်အောင် တကျတည်း ကျနေ နေပြည့်စုံ ခေါင်းယမ်း၍ ..

"အဲသလို .. မတွေးရဘူးလေ .. ဘာလို့ .. စိတ်ကိုလျှော့
ချပစ်ရမှာလဲ၊ သတ္တိရှိရမှာပေါ့ .. အဲဒီမှာ မိပျိုနေနေ



ဟာ .. မိပျိုရဲ့အဖေအိမ်ပဲ .. သူတို့ပြောတာကို ခေါင်းထဲထည့်မထားနဲ့ .. မိပျိုရဲ့အဖေက ဆူတယ်ဆိုရင် ကိစ္စမရှိဘူး .. သူတို့ဆူတာကို .. ရင်ထဲထည့်မထားနဲ့ .. ဖျောက်ပစ်လိုက် .."

ဟု ဆံစလေးတွေကို သပ်ပေးရင်း ပြောလိုက်မိရပါပြီ ..။

သီးခြားစားသောက်ခန်းလေးက ရေခဲသေတ္တာတစ်လုံး သီးသန့်ရှိလျက် ..။ အအေးဘူးမျိုးစုံနှင့် ရေသန့်ဘူးကအစ ပါတာမို့ ..။ နေပြည့်စုံ အအေးဘူးနှစ်ဘူးကိုယူကာ ဖောက်၍ တစ်ယောက်တစ်ဘူးစီသောက်ဖို့ စားပွဲပေါ်တင်သည်။ နောက် .. လုံမေပျိုကို တစ်ဘူးကမ်းပေးတော့ ရင်ထဲပူနေရှာသည်လား မသိ ..။ မငြင်းမဆန် ယူသောက်ရှာသည်ပါပဲ ..။

သောက်နေရင်းလည်း မျက်ရည်တွေက တကျတည်း ကျနေသည်က တန့်မရနိုင်ပဲ ဖြစ်နေရှာပါသည့်အဖြစ် ..။ နေပြည့်စုံ တို့ ဘယ်လိုမှ မကောင်းဆိုင် ..။ မြင်ရက်ကြည့်ရက်စရာပင် မရှိသည်ပဲဟု ခံစားရပါ၏။

"ကဲ .. အားပြန်မွေး လုံမေပျို .. ဟိုမှာ စကားတွေဆက်နေတယ်ဆိုရင်ဖြင့် .. အဲဒါကို .. မျက်ရည်ကျရင်း နားထောင်နေရတဲ့ လုံမေပျို မဖြစ်ဖို့ ပြင်ဆင်ထား .. အားမွေးထား .. အဲဒီ ကြီးလတ်ရဲ့ရှေ့မှာ .. မျက်ရည်မကျအောင် ထိန်းထား .. ခုကတည်းက .. သူတို့ကို ရင်ဆိုင်နိုင်တဲ့ လုံမေပျို ဖြစ်အောင် စပြီးကြိုးစား .. အားမငယ်နဲ့တော့ ကြားရဲ့လား .. လာ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု နားထဲဝင်အောင် ပြောလည်းပြော ..။ လက်လေး ဆွဲ၍ ပြန်ခေါ်လာရသည်က တစ်ကွေ့ချိုးလျှင်ရောက်မည့် သူ့ ရုံးခန်းရှိရာသို့ပါ ..။

ရုံးခန်းတံခါးကတော့ စေ့ထားနေဆဲ ..။ အအေ လင်ပန်းလေးဖြင့် လာနေသည့် ဝန်ထမ်း မိဖြူ၏လက်ထဲမှ လင် ပန်းကို လက်ပြောင်း၍ နေပြည့်စုံ ယူလိုက်ကာ ..

"ရတယ် .. ကိုယ်ပဲ ယူသွားလိုက်တော့မယ် .. ပြန်တော့ ပြန်တော့ .."

ဟု ပြောလိုက်ရသည်က .. ကြီးလတ်ပြောတာ ကို မိဖြူ မကြားစေချင်၍ပါ ..။

ကြိုတင်ထင်ထားသည့်နှယ်ပါပဲလေ ..။ အထဲမှာ စကားရှိန်က ရှိနေဆဲ ..။ ရှိနေမြဲ ..။

"သူ့အဖေက .. သူ့သမီးကို ဥပဒေ တက်ခိုင်းရင် ခိုင်း ပေ့စေ .. ညည်း .. သူနဲ့ကျောင်းတူတူ မတက်ရဘူး သူ့ကို .. ကိုကျော် လိုက်မောင်းပို့ပေ့စေ .. ဒီမယ် ထောင်ကျလူသတ်သမရဲ့သမီးနဲ့ ငါ့သမီးကို အတွဲမခံ ဘူး .. ဒီမယ် .. မိအင်ကြင်း .. မေမေ ပြောထားတာ နော် .. တူတူမသွားရဘူးလို့ .. ဒီနေ့ကစပြီး .. မောင်ရန် ကို မေမေ ပြောမယ် .. တူတူလဲ မသွားစေချင်ဘူးဆို လဲ ပြောမယ် .."

"ဘဘအိမ်မှာ အင်ကြင်းတို့ နေနေတာပဲ မေမေရယ် ဘဘကို .. အဲသလိုပြောရင် ဘယ်ကောင်းမလဲ .. လေးက .. ဘဘသမီးပဲဥစ္စာ၊ အင်ကြင်းတို့အိမ်ကိုကျ



ကုမ္ပဏီတစ်ခုကို မေမေပဲ လခကောင်းကောင်းနဲ့ ငှားပစ် ပြီးတော့ .."

ဟု ဆက်ပြောနေခိုက် .. ဟဲ့ .. ဟု တစ်ချက်ငေါက် ဆတ်ဆတ်ကြီး အော်လိုက်သံ ပေါ်လာ၏။ နေပြည့်စုံ အတော် လေး စိတ်ပျက်လက်ပျက် ဖြစ်နေမိသည်ကတော့ အမှန်ပါ ..။ အဆင်ခြင်မရှိသည်ပဲဟု ကြီးလတ် ဆိုသူအပေါ် အထင်သေးချင် သည်။ ကြီးလတ် ဆိုတာက လုံမေပျိုကိုသာ နှိမ့်ချ၍ပြောနေ သည်။ တကယ်တမ်း အောက်တန်း နောက်တန်းကျနေသည်က ကြီးလတ် ကိုယ်တိုင် ဖြစ်နေချေသည် မဟုတ်ပါလား။ သူတစ်ပါး ၏ ရုံးခန်းမှန်းမသိ ဘာမသိ .. လူရှင်းသည့်အထင်ဖြင့် စွတ်နင်း ၍ ပြောချင်ရာ ပြောနေသည့် ကြီးလတ်၏ အတွင်းစရိုက်ကြမ်း ကြီးကို နေပြည့်စုံ သိလိုက်ရပါပြီ ..။

တံခါးခေါက်လိုက်ကာ နေပြည့်စုံ အခန်းတွင်းသို့ ဝင်လာတော့ တိတ်ကျသွားသည်ပါပဲ ..။

"ဩော် .. ညှော်သည်ရောက်နေတာကိုး .. အိမ်ကိုအကြောင်း ကြားလိုက်တာလား မအင်ကြင်းမေ .."

ဟု ဘာမျှမသိသူနှယ် ဟန်မပျက်ပြုံး၍ မေးတော့ ဒေါ်လတ်လတ်အေးမှ ..

"အင်ကြင်း ကြာနေလို့ အန်တီလတ် ဖုန်းဆက်တော့မှ သိရလို့ လိုက်လာတာပါကွယ် .. အန်တီလတ် တောင်းပန် ပါတယ်ကွယ် .. ခုလို .. ဖြစ်ကုန်ရတာ .."

ဟု ပြုံး၍ ပြောလာပါ၏။ အသားဖြူဖြူ ..။ အရွယ် လျှဖြင့် ရုပ်ရည်ချောမောသန့်ပြန့်သော ဒေါ်လတ်လတ်အေး၏

www.burmeseclassic.com

www.burmeseclassic.com



ရုပ်အဆင်းနှင့် အတွင်းစရိုက်တို့ တခြားစီဖြစ်နေကြတာကို နေပြည့်စုံပင် အံ့ဩသွားရသည်ပါပဲ ..။ ခုကျတော့လည်း အေးအေးချမ်းချမ်း မျက်နှာပေး .. လေသံတို့ ဖြစ်နေကြချေသည်ကိုးလေ ..။ အတော်ကြီး ဟန်ဆောင်ကောင်း ပိရိသူပေပဲ .. ဟု နားလည်လာရ လျက်မှ နောက်ဘက်ကို စိတ်လက်ပူစိတ်ဖြင့် လှည့်ကြည့်မိရပါပြီ။ မျက်နှာငယ်လေးဖြင့် ရုပ်နေသည့် မိန်းကလေးဆီမှာဖြင့် သူပြောထားသည့် သတ္တိဆိုတာမျိုး ဘယ်မှာမှ ရှာ၍မရနိုင်သည်ကော လေ .. ဟု စိတ်မောကျသွားရသည်ပါပဲ ..။

ဤမျှ ဟန်ဆောင်ကောင်းသော မိန်းမကြီးတစ်ယောက်နှင့်အတူ လုံမေပျို့ ရှိနေခြင်းမှာ အဘယ်မျှထိ အန္တရာယ်ရှိပါသလဲ ..။ ဤနေ့မှာ .. လုံမေပျို၏ဖခင်ကိုလည်း ထိုကြီးလတ်ဆိုသူမှ ဘာတွေတိုင်ချေဦးမည်မသိ ..။ ရင်ထဲလေးကျသွားရသည်က နေပြည့်စုံပါ ..။

"စက်ဘီးကလဲ ဘာမှမဖြစ်ပါဘူး အန်တီ .. အအေးသောက်ပါဦးခင်ဗျ .. မအင်ကြင်းမေကိုလဲ ဘာမှမဆူပါနဲ့ဗျာ .. သူ တမင်လုပ်တာ မဟုတ်ပါဘူး .."

ဟု ပြုံး၍လည်းပြော ..။ ကြီးလတ်ဟု သိထားရသည့် အမျိုးသမီးကြီး၏ရှေ့ ဆိုဖာနေရာမှာ နေပြည့်စုံ ထိုင်သည်။ ခပ်လှမ်းလှမ်း နေရာလေးမှာ လက်လေးပိုက်၍ ရပ်နေရင်း ဝင်းထိုင်ရဲပဲ ဖြစ်နေရှာသည့် လုံမေပျို့ကို နေပြည့်စုံ လှမ်းခေါ်လိုက်ချင်သည်။ ခေါ်လိုက်ပြန်လျှင် ကြီးလတ်က ကြိုက်မှာမဟုတ်တာကို သိနေရတာမို့ အခေါ်ရခက်နေသည်ပါပဲ။ ကိုယ်က ခေါ်လိုက်တာ အရေးမကြီး ..။ လုံမေပျို့ကို အပြန်လမ်းမှာ ဆူဟယ်ငေါက်



ဟယ်နှင့် လုပ်နေလျှင် အခက် ..။ ကြည့်ရတာ .. လုံမေပျို့ဆိုတာ .. ထိုင်ဆိုမှ .. ထိုင်ရဲထိုင်ဝံ့ရှာသည့် ဘဝထဲမှာ အသားတကျနေနေခဲ့ရပုံရှာန်တူသည်။

"ပျိုလေး .. ထိုင်လေ .. လာ .. မမအင်ကြင်း ဘေးမှာ လာထိုင် .."

ဟု အင်ကြင်းမေ လှမ်းခေါ်တော့ ကြီးလတ် လှမ်းကြည့်သည်။ မျက်နှာက တင်းနေ၏။ နောက်တော့ ချက်ချင်းပြန်၍ထိန်းလိုက်ကာ ..

"အန်တီ့နာမည်က ဒေါ်လတ်လတ်အေးပါ .. မြစ်ရောင်ခြယ်ပရိဘောဂစက်ရုံဟာ .. အန်တီတို့ရဲ့ စက်ရုံပါ .. ဒီက .. မောင်နေပြည့်စုံ .. ဆိုင်အတွက် လိုအပ်တာရှိရင်လဲမှာပါ .. အန်တီတို့အတွက်ကတော့ မောင်နေပြည့်စုံနဲ့ သိရတဲ့အတွက် ဝမ်းသာစရာပါ .. ဒါပေမဲ့ .. ခုလို .. မောင်နေပြည့်စုံရဲ့ စက်ဘီးကို တိုက်မိ .. မုန့်တွေဖိတ်စင်ကျကုန်တဲ့ အဖြစ်မျိုးကို ဖြစ်ပြီးမှ သိကျွမ်းရတဲ့အတွက် .. အန်တီလတ် မျက်နှာပူရ .. တောင်းပန်ရပါတယ်ကွယ် .. အန်တီလတ်တို့ .. ဆက်ပြီး ခင်ခင်မင်မင် နေကြတာပေါ့ .. ဒါက .. အန်တီလတ်ရဲ့သမီးကြီး သဇင်မေပါ .. ဒါကတော့ သိပြီးရောပေါ့ .. သမီးငယ် အင်ကြင်းမေလေ .."

ဟု ပြောလည်းပြော ..။ ပြုံး၍ လက်ကမ်းလာတာမို့ အရိုတသေဟန်ဖြင့် ထရပ်၍ နေပြည့်စုံ လက်ဆွဲနှုတ်ဆက်ပါ၏။ သဇင်မေ ဆိုတာကလည်း အင်ကြင်းမေနှယ်ပင် ရုပ်ရည်လေးသူလှပပရှိလျက် ဝတ်ကောင်းစားလှနှင့်ပါ ..။ လက်ဝတ်ပက်စား

www.burmeseclassic.com

www.burmeseclassic.com



ကလည်း အင်္ကြင်းမေထက် ညွှတ်အိနေအောင် ဝတ်ဆင်ထား သည်ပါပဲ ..။

"ဩော် .. နောက်အပတ်ထဲမှာ .. အန်တီလတ်တို့ ငဝါမြိုင်မှာ .. အွားကွယ်လွန်တာ ရှစ်နှစ်ပြည့် ဆွမ်းကျွေးမှာ ရှိပါတယ် .. အန်တီလတ် .. ဖိတ်စာပို့ပါမယ် .. လာဖြစ်အောင် လာစေချင်ပါတယ် .. မောင်နေပြည့်စုံနဲ့ သိကျွမ်းခဲ့ရတာကိုလဲ .. မောင်ရန့်လင်းရှိန်ကို အန်တီလတ်ပြောပြလိုက်ပါဦးမယ် ! .. ကဲ .. ပြန်ကြတာပေါ့ .. အစစ .. ဖြစ်ခဲ့သမျှကိုတော့ အန်တီလတ် .. တောင်းပန်ပါတယ်ကွယ် .. စက်ဘီးအသစ်လဲ ဝယ်ပေးပါ့မယ် .."

"အို .. မဟုတ်တာဗျာ .. စက်ဘီးက ဘာမှအပျက်အစီး မရှိတာပါ .. ခုလို .. အန်တီလတ်နဲ့ ကြုံရသိရတာကိုပဲ ဝမ်းသာလှပါပြီ .. အန်တီလတ်ဆီက .. ပရိဘောဂတွေ ဝယ်ဖို့ ကျွန်တော် .. စက်ရုံကို လာခဲ့ပါဦးမယ် ခင်ဗျ .. ခုလို .. ကြုံဖန်ဆုံဖြစ်တာကိုပဲ .. ဝမ်းသာလှပါပြီ အန်တီလတ် .."

ဟုပြုံး၍ နေပြည့်စုံ ပြောလည်းပြော ..။ ပြန်ကြ ဖြစ်တာမို့ .. ကားပါကင်ထိုးရာအထိ လိုက်ပို့ဖို့ ထရပ်လိုက်ပြ လည်း ဖြစ်သွားရပါပြီ ..။

ဖျတ်ခနဲ အကြည့်က .. လုံမေပျိုထံသို့ ရောက်ဖြ အောင် ရောက်သွားရစဉ်ခိုက် ..။ မျက်လွှာလေးချ၍ အားလုံး နောက်ပါးမှာ ယို့ယို့လေး ရပ်နေပါသည့် ဟန်လေးဖြင့် ညှိုးငယ် စွာ ခေါင်းလေးငုံ့ချနေတာကိုပဲ မြင်ရတာမို့ ရင်ထဲပို၍မကောင်း



နိုင်။ ဤကလေးမလေး .. လမ်းမှာကတည်းက .. အဆူခံအငေါက် ခံဖြင့် ရှိနေရှာချေမည်လား မသိ ..။

လောလောဆယ်ကိုပဲကြည့် ..။ လုံမေပျို ဆိုတာ ဒေါ်ယုဇနာ၏သမီးဖြစ်တာ ..။ ဒေါ်ယုဇနာကြောင့် .. ဘွားဒေါ်ဖွား ရှင် သေခဲ့ရတာတွေကို မကြာမတင် .. သိစေဖို့ဆိုသည့် ရည်ရွယ် ချက်ကြီးဖြင့် .. ရှစ်နှစ်ပြည့်ဆွမ်းကျွေးသည့်နေ့အတွက် .. ခုက တည်းက .. ဒေါ်လတ်လတ်အေးသည် နေပြည့်စုံကို ဖိတ်ထားနေ ချေသည် မဟုတ်ပါလား။

ဘာကြောင့်ဆို .. လုံမေပျို ဆိုတာ .. လူသတ်သမ တစ်ယောက်၏သမီး ဆိုတာကို .. သိခြင်းဖြင့် .. ဘယ်လိုမှ .. ဆက်ဆံချင်တော့မှာ မဟုတ်ဟု .. ကြိုတင်တွေးထားသည့်စိတ် ကြောင့် ဖြစ်ချေမည်ဆိုတာ .. နေပြည့်စုံ အသေအချာ မှန်းဆ နားလည်ထားနိုင်ရသည့်အတွက် .. ဒေါ်လတ်လတ်အေး၏ စိတ် ရင်းမှန်ကို ပိုသိလာရ ..။

ဩော် .. ပို၍ .. ပို၍ .. လုံမေပျိုလေးကို သနား လာရနိုင်ပါ ..။

ကြီးလတ် ဆိုတာ .. အားငယ် .. အထီးကျန်ခြင်း ဆိုသည့် ဘဝတစ်ခုကို .. ကြေကွဲနေသည့် ခံစားချက်များ ပြည့် သိပ်ရှိနေပြီး ဖြစ်ရှာပါလေသော .. လုံမေပျိုလေးထံသို့ .. ဖြစ် ဘည်အပ်နှံနေသည့် အမျိုးသမီးကြီးတစ်ယောက် ဖြစ်နေသည်ကို တော့ .. နေပြည့်စုံ အချိန်တိုလေးအတွင်းမှာပဲ .. နားလည်သွား ခဲ့ရပြီး ဖြစ်နေပါပြီ ..။

ထပ်၍ .. လုံမေပျိုကို .. ကြည့်မိရပြန်ပါ၏ ..။

www.burmeseclassic.com

www.burmeseclassic.com



ညိုးဖျော့ဖျော့ မျက်နှာလေးသည် .. မော့ရန်ပင် အားမရှိတော့သည့်နှယ်ပါတကား။ မင်းကို .. အစ်ကိုလေး .. သနားတာတစ်ခုတည်း မဟုတ်တော့ပါဘူး မိန်းကလေးရယ်။ စိတ်ကိုမချုနိုင်တော့သလိုပါ ..။

တကယ်တော့ .. မင်းဟာ .. သိပ်ကို .. အထီးကျန် ဆန်နေတာ တစ်ခုတည်းနဲ့တင် မဟုတ်ဘဲ .. ကူကယ်ရာမဲ့နေသလို ကြီး ဖြစ်နေရတယ်လို့ အစ်ကိုလေး နားလည်ထားနေရပါပြီ ..

မင်းဆီမှာ .. ငှဝါမြိုင်ရဲ့ အရှင်သခင်မလေးဆိုတဲ့ မာန်ရိပ်ကို မမြင်ရလေလေ ... အဲဒီအိမ်ကြီးမှာ .. မင်းဟာ .. အနှိမ်ခံအဖြစ် နေနေရတယ်ဆိုတာ ပိုပြီး အစ်ကိုလေး နားလည် နေရလေလေပါ ..။

မင်းလေးကို .. အစ်ကိုလေး .. အဲဒီဘဝထဲက ဆွဲယူ .. ခေါ်ထားလိုက်ချင်တော့တာပါပဲ ကလေးရယ် ..။

❋ ❤ ❋



## အခန်း(၇)

"သဇင် .. အင်ကြင်းရဲ့ကားကို မောင်းစမ်း .. မောင်ကျော် တစ်ယောက်တည်း မမေတို့ စီးလာတဲ့ကားကို မောင်းပြန် လိမ့်မယ် .."

ဟု ခပ်တင်းတင်းကြီး ပြောလည်းပြော ..။ နောက် ခန်းတံခါးကိုဖွင့်၍ ကြီးလတ် ကားထဲဝင်ထိုင်တော့ မမကြီးမှာ ဘာမှမပြောနေတော့ဘဲ ချက်ချင်းကြီးကိုပဲ ကားတံခါးကိုဖွင့်၍ ဒေါင်းသူဘက်မှ ဝင်ထိုင်လိုက်တာမို့ ..။ မမလေး အင်ကြင်းမေ မှ ရှေ့ခန်းနေရာလေးမှာ သက်ပြင်းရှိုက်၍ ဝင်ထိုင်လိုက်ပါသည့် အဖြစ် ..။ လုံမေပျို နောက်ခန်းတံခါးကို ဖွင့်မဝင်ရဲ ..။ ထိုင် လည်း မထိုင်ရဲ ..။ လေးလေးကျော် မောင်းပြန်မည့် ကားရှိရာ သို့ပဲ ပြန်လျှောက်သွားလိုက်ရနိုးနိုး ..။ လေးလေးကျော် ကားနှင့် ပဲ ပြန်လိုက်သွားလျှင် တောင်းနိုးနိုးဖြင့် တစ်ချက် ခပ်ဆဆလေး တွေးလည်းတွေးရ .. ငိုင်လည်း ငိုင်သွားရနှင့်ပါ ..။ နောက်တော့ လည်း သူတို့သားအမိတစ်တွေ သီးသန့်သွားချင်နေမည်ပဲဟု တွေးကာ လေးလေးကျော်၏ကားနှင့်ပဲ လိုက်ဖို့ဆုံးဖြတ်လိုက်မိ ပါ၏။ ခြေလှမ်းလေးပြင်၍ နောက်ဘက်လှည့်စဉ်မှာ ..

www.burmeseclassic.com

www.burmeseclassic.com



"အထဲဝင်ပါ မိပျို .. မောင်ကျော် တစ်ယောက်တည်း ကားမောင်းလာလိမ့်မယ် .. ကဲ .. ဝင်စမ်းပါ .."

ဟု ခပ်ငေါက်ငေါက် ပြောတာမို့ လုံမေပျို ကားတံခါးလေးကိုဖွင့်၍ အထဲဝင်ဖို့ မရဲစိတ်လေးဖြင့် ကိုယ်လေးငုံ့ကိုင်းကာ ကြီးလတ်ကို မျက်နှာငယ်လေးဖြင့် ကြည့်ဖြစ်အောင်တော့ ကြည့်မိလိုက်ရပြန်သေးသည်ပါပဲလေ ..။ လမ်းမှာ ဆူတော့မည်ထင့် ..။ ဘာတွေပြောချေမည် မသိ ..။ စိတ်ချမ်းသာဖွယ် မရှိတာကတော့ သေချာနေသည်။

"ဟဲ့ ... ဝင်လေ"

ခပ်ဆတ်ဆတ် ထပ်ခေါ်တာမို့ လုံမေပျို ကားတံခါးကို လူဝင်သာအောင် ထပ်၍ခပ်ရွံ့ရွံ့ ခပ်ဆိုင်းဆိုင်းလေး ဖွင့်မိရပြန်သည်။ ထိုစဉ်ခိုက် အကြည့်က သစ်ခွမြိုင် အဆောက်အအုံ ပြန့်ပြန့်ကြီးဆီသို့ တစ်ချက် ရောက်မိရပါပြီ ..။ ပေါ်တီကိုနေရာလေးမှာ အစ်ကိုလေးနေပြည့်စုံ ရပ်နေချေသည်တကား ..။ အားလုံးကို အကဲခတ် စောင့်ကြည့်နေခြင်းပေပဲဟု လုံမေပျို နားလည်လိုက်မိရသည်ပါပဲ ..။ မမျှော်လင့်ဘဲ ကြုံကြိုက်ခဲ့ရသည့် ဤနေ့၏ အဖြစ်အပျက်တစ်ခုတွင်းမှာ .. အစ်ကိုလေးသည် .. မိပျို၏ ဘဝတစ်စိတ်တစ်ပိုင်းကို နားလည်နိုင်ခဲ့ပြီ ဆိုတာကိုလည်း မိပျို သိနေရပါသည့်အဖြစ် ..။

အစ်ကိုလေးသည် ပေါ်တီကိုအောက်မှာရပ်လျက် မိပျိုကို ကြည့်ကာ ဘာတွေများ တွေးနေပါချေမည်မသိ ..။ ရပ်ကြည့်သည်က ခိုးကြောင်ခိုးဝှက် မဟုတ် ..။ ပြတင်းပေါက်ခန်းဆီးတစ်ခုကို လှစ်ဟ၍ မသိမသာ ကြည့်နေတာမျိုးမဟုတ် ..။



ကိုယ့်ဆီလာ၍ ပြန်သွားကြသည့်သူများကို နှုတ်ဆက်ရပ်ကြည့်နေသူ အိမ်ရှင်တစ်ယောက်၏ ဟန်ပန်မျိုး ဆန်နေသည်။ ဒါပေမဲ့ မိပျို သိပါသည်လေ ..။ အစ်ကိုလေး အကဲခတ်ကြည့် ကြည့်နေခြင်းဟု ..။

"အင်ကြင်း .. မောင်နေပြည့်စုံကို လက်လေးပြလိုက် .. နှုတ်ဆက်လိုက် .. တွေ့တယ်မဟုတ်လား မိပျို .. ညည်းကို ငါ့သမီးလေး တစ်ခါလေး အပြင်လိုက်ပို့ရတာ .. ပြဿနာကပေါ်ပြီးပြီ .. ဟိုက စက်ဘီးလဲ ပျက်စီးရတယ် .. ဟိုကပိုင်ရှင်လဲ .. ငါတို့ကို .. လိုက်ကြည့်နှုတ်ဆက်နဲ့ အလုပ်ပိုနေရတယ် .. ဟိုက လူယဉ်ကျေး .. လူချမ်းသာ .. အလိုက်တသိနဲ့ ကြီးလတ်တို့ အားမနာရအောင်ဆိုပြီး ပြေပြေလည်လည် စကားတွေကို ရွေးပြောပေးရှာတာ .. စိတ်တော့ အနှောင့်အယှက် မဖြစ်ပဲ နေပါ့မလား .."

ခုထိ ခြေစုံလေးရပ်နေရဆဲ .. အထဲမဝင်ရဲသေးပဲ နေရဆဲမှာပင် ကားအတွင်းမှနေ၍ မအောင့်နိုင်တော့ဘဲ ဆူတော့ မိပျို မျက်ရည်လည်နေရပါပြီ ..။ မမလေးအင်ကြင်းမေ ဆော်တဆလေး .. စက်ဘီးတစ်စီးကို .. အထိအခိုက် သိပ်မရှိဘဲ တိုက်မိလိုက်သည့် အဖြစ်တစ်ခုသည်လည်း .. မိပျို၏ ပယောဂပဲ ဖြစ်နေသည်တဲ့လားလေ ..။ မိပျိုကြောင့် .. လူတွေထိခိုက်နေရသည် တဲ့လား ..။ လူတွေကို ဆိုးကျိုးပေးဖို့ လူ့ဘဝထဲ မိပျိုရောက်လာရသည်တဲ့လား ..။ ရင်ထဲမှာ ဆို့တက်လာနေရပါသည့်အဖြစ်။ ခေါင်းလေးငုံ့ငိုက်ချလိုက်ကာ မျက်ရည်ကျလာတော့ မမလေး အင်ကြင်းမေမှ နောက်ဘက်ကိုလှည့်ကာ ..

www.burmeseclassic.com

www.burmeseclassic.com



"မေမေကလဲ .. မိပျို အထဲတောင် မရောက်ရသေးဘူး မေမေရယ် .. ဆူနေတာက အရင်ဖြစ်နေပြီ .. ကဲ .. ကဲ .. ပျိုလေး .. ဟိုကားပဲ သွားစီးလိုက်တော့ .. လေးလေးကျော်နဲ့ပဲ တူတူပြန်လာတော့ .."

ဟု လူချင်းခွဲသည့် စကားကို ပြောပါပြီ ..။ တူတူပြန်၍မှ မဖြစ်ချေသည်ပဲလေ ..။ တစ်လမ်းလုံး အမေလုပ်သူက ဆူပူနေမှာကို အင်ကြင်းမေ သိသည်ပေါ့ ..။

"အထဲဝင် .. အထဲဝင် .. ဒီမယ် .. မိအင်ကြင်း .. ငါ့ကိစ္စ .. ညည်းဝင်မပါနဲ့ .. ရှေ့မှာ အေးအေးထိုင်လိုက်လာ .. ကဲ .. ဝင်မှာလား ရပ်နေမှာလား .."

ဟု ငေါက်လာသည့် ကြီးလတ်ကို လန့်လန့်ဖြင့် တစ်ချက်မဝံ့မရဲလေးကြည့်ကာ ယို့ယို့လေး ဝင်ထိုင်လိုက်ရသည်က လုံမေပျိုပါ ..။ ကားမောင်းထွက်လာတော့လည်း ကြီးလတ်သည် ပြုံးလျက် အစ်ကိုလေး နေပြည့်စုံကို လက်ပြနှုတ်ဆက်ခဲ့သေးသည့်အဖြစ် ..။ အစ်ကိုလေးကလည်း တုံ့ပြန်ပြုံးပြ၍ ခါးလေးညွတ် နှုတ်ဆက်ခဲ့ပါ၏။

"ကဲ .. ပြစမ်း .. ညည်းရဲ့လက်ဝတ်လက်စားတွေ .."

လက်ဝါးဖြန့်၍ တောင်းလိုက်သည်က ကားလေး လမ်းမပေါ်ရောက်၍ မကြာမတင်လေးမှာပါ ..။ အဝတ်အစားအိတ်တွေကိုလည်း ခပ်တည်တည်ကြီးပဲ ပိုင်စိုးပိုင်နင်းဟန်ဖြင့် ယူကြည့်နေပြန်သေးသည့်အဖြစ် ..။ အင်ကြင်းမေ နောက်ဘက်လှည့်ကြည့်ကာ ..



"မေမေကလဲ .. မိပျိုရဲ့ဥစ္စာတွေကို .. ဘာလို့ ယူကြည့်နေရတာလဲ .. ဘာဘ ဝယ်ခိုင်းလို့ အင်ကြင်း ကိုယ်တိုင်ဝယ်ပေးတာပဲ ဥစ္စာ .."

မျက်နှာပူပုံလေးဖြင့် စိတ်မော ကိုယ်မောလေး အင်ကြင်းမေ ပြောခြင်းပါ ..။

"ဟဲ့ .. ငါက .. လူကြီး .. ဝယ်ချမ်းလာတဲ့ဥစ္စာတွေ ဝတ်ဆင်ဖို့ကိစ္စမှာ .. ယဉ်ယဉ်ကျေးကျေး .. မြန်မာဆန်ဆန်မှ ဟုတ်ရဲ့လား ဆိုတာကိုတော့ ကြည့်ရပြုရမှာပေါ့ .. အမြင်ရိုင်းမယ့် အဝတ်အထည်မျိုး ဖြစ်နေမှာ ငါက မစိုးရိမ်ရတော့ဘူးလား .."

ဟု ချက်နှင့်လက်နှင့် ကြီးလတ် ပြန်ပြောတော့ ...လေး အင်ကြင်းမေ ခေါင်းလေးပြန်လှည့်သွားပါ၏။ အမြင် ...သည့် ရယ်ဒီမိတ်အထည်မျိုးကို မဝယ်ဘူး ဆိုတာကိုလည်း ...လတ် သိနေမည်ဆိုတာ မိပျို နားလည်ထားပါသည်။ မမလေး ...ကြင်းမေ ဝယ်ပေးသည့် ရွေးချယ်ပေးသည့် အဆင်တွေပဲလေ ..။ ...သတ် တမင်ကြည့်ခြင်းဆိုတာကိုလည်း သိနေရလျက် ..။ ...ကြည့်ခြင်းသည်လည်း စိတ်ရင်းကောင်းဖြင့် မဟုတ်တာကို ...ည်း မိပျို သိနေရသည်ပါပဲ ..။ ဩော် .. ဖေဖေ့ထံမှ .. အမုန်း ...ယ်ကျဉ်ထားခြင်း ဆိုသည် အဖြစ်တစ်ခုသည် .. မေမေ့အပေါ် ...ည် မိပျိုထံသို့တိုင် သက်ရောက်နေခြင်း၏ အကျိုးဆက်တစ်ခု ... .. ကြီးလတ်၏ လွှမ်းမိုးချုပ်ကိုင်မှုများနှင့် အထက်ဆီး ...မှုများဆိုသည့် အဖြစ်အပျက်များကို ငုဝါမြိုင်မှာ မိပျိုလက် ...ဆိုင်နေရချေသည်တကား ..။ သမီးတစ်ယောက်ကို ငုဝါမြိုင်

www.burmeseclassic.com

www.burmeseclassic.com



၏အရိပ်မှာ လုံခြုံစွာရှိနေစေခြင်းဆိုသည့် အဖြစ်တစ်ခုမှလွဲ၍ ... ဖေဖေ့ထံမှ မေတ္တာအားလုံးကို မိပျို ဆုံးရှုံးခဲ့လိုက်ရတာ ... ကြာခဲ့ချေပြီပဲလေ ...။

"ဟဲ့ ... ပြလေ ... ဘာကြည့်နေတာလဲ ... လက်ဝတ်လက်စားတွေပြ ... ညည်းက ... အပြင်သိပ်ထွက်ဖူးတာ မဟုတ်ဘူး ... လက်ဝတ်လက်စား ဆိုတာကလဲ ... များများစားစား ဝတ်ဖူးနေတာ မဟုတ်ဖူး ... သိမ်းဆည်းတတ်မှာလဲ မဟုတ်ဖူး ... ငါ သိမ်းထားပေးမယ် ..."

"အင်ကြင်း သိမ်းထားတယ် မေမေ ... မပျောက်ပါဘူး ... စိတ်ချပါ၊ မေမေ ကြည့်ချင်ရင် ... ဘဘရှေ့မှာ အင်ကြင်း အဲဒါတွေ ထပ်ပြမှာပါ ... ဘဘဦးအိမ်စိုး ပေးလိုက်တဲ့ စာရင်းနဲ့ လက်ဝတ်လက်စားတွေ စေ့စေ့စုံစုံ ပါလာတယ် ဆိုတာကို ... ဘဘကို ပြန်ပြရမှာမို့ ... အဲဒီအခါကျရင် ... မေမေ ကြည့်ရမှာပါ မေမေ ... ခုကြည့်ချင်တယ်ဆိုရင်လဲ ... ခဏတော့ ယူကြည့်နိုင်အောင် အင်ကြင်း ပြပါမယ် ... ပစ္စည်းတော့ အားလုံး စာရင်းအင်းနဲ့ ယူလာတာဆိုတော့ ... ဘဘကို ပြတဲ့အခါ စုံစေ့နေရမှာပါ မေမေ ... ဘဘ တစ်ခုပြောရဦးမယ် ... မိပျိုလေးရဲ့ဗီရိုသော့ကို မေမေ ... သိမ်းထားတာဆိုတော့ ... ဗီရိုသော့ မရှိတာကိုတော့ အင်ကြင်း ဘဘကို မပြောပြချင်တာမို့ ဖွင့်မပြောတော့ပါဘူး ... ဒါပေမဲ့ ... ပျိုလေးမှာ ... အာမခံသေတ္တာလေးတစ်လုံး လောက်တော့ လိုနေပြီဆိုဘာလေးတော့ ပြောလိုက်ပါမယ် မေမေ ... အဲဒီသော့ကိုတော့ မိပျို သေချာသိမ်းထားနိုင်



ရမှာပါ ... သူ ကိုင်နိုင်တဲ့အရွယ်လဲ ရောက်ပါပြီ မေမေ ... သူ့အတွက် ... မေမေ စိတ်ပူပြီး လိုက်လိုက်ပြီး လက်ဝတ် လက်စားတွေ သိမ်းပေးနေရမှာ တာဝန်ကြီးပါတယ် မေမေ ရယ် ..."

မမလေးအင်ကြင်းမေကို မိပျို အရမ်းချစ်ရှိသေရ အားကိုးရသည်က ... ဤသို့ မိပျိုဘက်က ... ဝင်၍ ... ဝင်၍ ... ကာကွယ်ပေးရ ... ပြောပေးရနှင့် ရှိလွန်းနေ၍ပါ။ မိပျိုနှင့်ပတ် သက်လာလျှင် ကြီးလတ်ကိုပင် ... ဝင်ထိန်းပေး ...။ ရှေ့မဆက် နိုင်အောင် ဝင်၍ကြားဖြတ်ကာ မိပျိုဘက်မှ ကာကွယ်ပေးနှင့်ရှိ နေတတ်စမြဲ ...။

"မိပျိုလေးရေ ... မိပျိုရဲ့ဗီရိုသော့ ပျောက်သွားလို့ ... သော့ အိမ်အသစ် ပြန်လဲဖို့ ... ဆိုပြီး ... မမလေး ဘဘကိုလဲ ပြောပြလိုက်မယ် ... ဘဘသော် လဲတတ်မှာပါ ... ဒါမှ မဟုတ်ရင်လဲ ... လေးလေးကျော်နဲ့ သော့အိမ်အသစ်တစ်ခု အဲဒီဗီရိုလေးမှာ လဲတပ်လိုက်ကြတာပေါ့ ... သော့ကိုသေ ချာသိမ်းထား ... ခု ... မိပျိုက ဆယ်တန်းတောင်အောင် ပြီ ... ကလေးမှ မဟုတ်တော့တာ ... သော့လောက်တော့ သိမ်းတတ်ပါတယ် မေမေရဲ့ ..."

ဟု ဆက်ပြောနေတော့ ဒေါ်လတ်လတ်အေး တစ် ချက်ငြိမ်သွားသည်။ ခက်သည်က သမီးငယ်ကိုယ်တိုင်က လုံမေပျို ဘက်က ရပ်တည်ပေးနေသည့်အဖြစ် ...။ ခုကြည့် ... သော့အိမ် အသစ်တစ်ခု မိပျို၏ဗီရိုမှာ တပ်ပေးဖို့အထိ ပြောချလာနေပြီ ...။ ယခင်က သော့ယူသိမ်းထားသည့်ကိစ္စ ... ဘာအကျိုးရှိတော့မည်

www.burmeseclassic.com

www.burmeseclassic.com



တဲ့လဲလေ ..။ လောလောဆယ်မှာက မိပျို ဆိုတာ ဆယ်တန်း
ဂုဏ်ထူးနှင့် အောင်ထားတာမို့ အဖေဘက်က သမီးဖော့ဖြင့်ဂုဏ်
ယူနေသည့်အချိန် ဖြစ်နေသည် ..။ ယုဇနနှင့် တူလွန်းသည့်သမီး
ဟု မြင်ရတာ ရင်ထဲ ပန်းဟိုက်ကြေကွဲနေရသည်ဆိုသည့် ခံစား
ချက်တွေ အတန်မျှတော့ လျော့ပါးလာချေမည်လား မသိ ..
ခါတိုင်းလို ဖြစ်မနေတော့တာကတော့ သေချာနေပြီ ..။ ခုပဲကြည့်..
သမီးကျောင်းတက်လျှင် ဝတ်ဖို့အဝတ် ..။ လက်ဝတ်လက်စား
တွေအစ .. စီစဉ်ပေးနေချေပြီ ..။

"ဟင်း .. သားအဖဆိုတာ ဒါပဲလေ .. မုန်းတယ် ..
မျက်နှာမျိုးမြင်ရတာ ရင်ထဲပူတယ်နဲ့ .. ပြောနေတဲ့ပါး
က .. ခုတော့ .. အသံအင်အား လျော့လာပြီ .. အလကား
လူတွေ .. သူ့အမေကိုသတ်တဲ့မိန်းမရဲ့သမီးကို .. ခု
တော့ .. မြင်ရတာ ရင်ထဲမလောင်မြိုက်တော့ဘူးပေ
ယုဇနသမီး ပျောက်ပြီး .. သူ့သမီးဆိုတာပဲ ကျန်တော့
မယ် .. ခက်တာက ငါ့အကြံအစည်တွေကလဲ .. ဆုံး
မတိုင်သေးဘူး .. မပြတ်သေးဘူး၊ တောက် .. အရေးထဲ
သမီးငယ်လုပ်တဲ့သူကလဲ .. ဆေးမိထားတာ ကျနေတာ
ပျိုလေး ပျိုလေးနဲ့ ဟိုကောင်မဘက်က ကာကွယ်နေ
ခက်နေတယ် .."

ဟု ရင်ထဲတက်ခတ်၍ တွေးမိရလျက် မျက်နှာ
တင်းသွားကာ ..

"အေးလေ .. ငါက .. စေတနာနဲ့လုပ်ကိုင်ခဲ့တာ .. ညည်း
တို့က တစ်မျိုးထင်ရင်လဲ ငါ့ကံမွှေ .. ပြီးတာပါပဲ ..



ဒါပေမဲ့ .. လက်ဝတ်လက်စားတွေတော့ ကြည့်မယ် ..
အင်ကြင်းမေ .."

ဟန်မျှပင် မလုပ်နိုင်စွာပဲ လက်ဝတ်လက်စားဖော
င်နေသည့် ဒေါ်လတ်လတ်အေးကို အင်ကြင်းမေမှ စိတ်လျှော့
က်ပုံကြီးဖြင့် ရတနာဘူးတွေ ထည့်ထားရာ ပခုံးသိုင်းအိတ်ကြီး
မှ ပစ္စည်းတစ်ခုစီကို တစ်ခုပြ .. တစ်ခုသိမ်း စနစ်ဖြင့်ပြလိုက်
သည်ပါပဲ။ နီလာ၊ ကျောက်စိမ်း၊ ပြောင်ခေါင်းစိမ်းအပွင့်
က်လေးတွေဖြင့် ရှိနေသော လက်ဝတ်လက်စားလေးများ ..။
မြားအပွင့်သေး ဒီဇိုင်းဆန်းလေးနှင့် လက်ဝတ်လက်စားလေး
ကို တစ်ခုပြ .. တစ်ခုသိမ်းပုံလေးဖြင့် အပျောက်အရှမရှိအောင်
တကျ .. အင်ကြင်းမေ ပြသမှု .. ဒေါ်လတ်လတ်အေးက
ကြည့်သည်ပါပဲ။ ကားမောင်းနေရင်းဖြင့်ပင် မနေနိုင်စွာ
ဆန့်၍ သဇင်မေကလည်း လိုက်လိုက်ကြည့်နေကြတာကို
အနေခက်စိတ်ဖြင့် ခေါင်းလေး ငုံ့ချပစ်လိုက်ရသည်က ..
င်ပန်းလာရလွန်း၍ပါ ..။

"ကောင်းတာပေါ့ အေရယ် .. ခုမှ .. ဦးရန်လင်းအောင်
ရဲ့သူဌေးသမီးကြီး ဆိုတာ ပေါ်တော့မှာပေါ့ .."

ဟု ကြီးလတ် ပြောပြီး ပစ္စည်းတွေအားလုံး အင်ကြင်း
သိမ်းထားလိုက်ပါသည့်အိတ်ကို တစ်ချက်စိုက်ကြည့်သည်။

"ဟုတ်တာပေါ့လေ .. မိပျိုလဲ .. ဆယ်တန်းအောင်ပေါ့
ဝဲ .. ပစ္စည်းတွေ ထိန်းသိမ်းတတ်ပါပြီ .. သိမ်းပေါ့ ..
သော့လဲ .. ကြီးလတ် ပြန်ပေးပါ့မယ် .. သော့အိမ်အသစ်
လဲမနေပါနဲ့တော့ .. ကိုယ့်ပစ္စည်း ကိုယ်သိမ်း .. ကိုယ့်သော့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သေချာသိမ်းပေါ့ .. အိမ်မှာပဲ ဥစ္စာ .. ဘယ်သူရှိ
မှတ်လို့ ပစ္စည်းပျောက်ရှစရာလဲ မရှိပါဘူး .. ကြီးလ
က .. မိပျိုကို .. အိမ်အလုပ်လဲ သိမ်းဆည်းလုပ်ကိုင်တ
အောင် .. မိုင်းကောင်းကျောက်ဖိလေးဖြစ်အောင် .. စေတ
နဲ့ လုပ်ကိုင်ခိုင်းတာတွေပဲ ရှိတာပါ .. သဇင်တို့ အင်ကြ
တို့ကျတော့ .. ကျောင်းပညာသင်ခွင့် ရကြတာပဲလေ
ပြီး .. အိမ်အလုပ် သိပ်မခိုင်းဖြစ်တာပါ .. ဘာလို့လဲ
တော့ .. မိပျိုကို မောင်ရန်လင်းက .. တက္ကသိုလ်
ပေးတက်တော့မယ် မထင်ဘူးလို့ ထင်ထားမိခဲ့တာကို
သဇင်တို့ အင်ကြင်းတို့ကျတော့ တက္ကသိုလ်ပညာသင်
လဲ ရကြတာ မဟုတ်လား .. သူတို့ပညာနဲ့ လုပ်ကိုင်
သောက်ကြလို့ ဖြစ်ကြတာကိုး .. အဲသလို တွေးမိလို့
သူတို့အတွက်က အိမ်မှုကိစ္စဆိုတာ မတတ်လဲ ကိစ္စမရှိ
လေ .. မိပျို ကျတော့ တတ်မှကိုဖြစ်မှာဆိုပြီး လုပ်
ခဲ့တာပါ .. ခုကျတော့ .. မိပျို အဖေက ပညာဆက်
ပေးမယ်ဆိုတော့ .. ကောင်းတာပေါ့အေရယ် .. ညည်း
ကမှ .. ငါ့သမီးနှစ်ကောင်ထက် သာနေသေးတယ်
အိမ်မှုကိစ္စလဲနိုင် .. ပညာတတ်ကြီးလှဲ ဖြစ်မှာ .."

ဟု ပြောလာတော့ လုံမေပျို ခေါင်းလေးငုံ့ချရင်း
"ဒါလဲ ဟုတ်နေတာပဲလေ .. ကြီးလတ် ပြောတာ
ဟုတ်နေတာပဲ ဥစ္စာ"

ဟု အရိုးခံလေးပီပီ အကောင်းဘက်က
ကျေးဇူးလေးပင် တင်မိပြန်ပါ၏။



အင်ကြင်းမေကတော့ သက်ပြင်း ရှိုက်လိုက်သည်
..။

"ဒီကောင်မကို ငယ်ကြောက်လို ငါတို့အပေါ်မှာ ခေါင်းမ
မော်ကြည့်ရဲလောက်အောင်ကို နှိပ်ကွပ်ထားမှဖြစ်မှာ ..
တစ်နေ့ .. သူ့အဖေ မရှိတော့တဲ့အခါ .. ငါတို့ကို သူ
ဘာမှ ခံမပြောရဲပဲ ရှိနေမှဖြစ်မှာ .. စည်းစိမ်မှန်သမျှ ငါ
တို့ ခြယ်လှယ်လို့ရ .. ငါတို့ရကြမှာ .."

ဆိုသည့် မကြာမကြာ ပြောပြောနေတတ်သည့်
အလုပ်သူ၏စကားကို အင်ကြင်းမေ .. ဘယ်တုန်းကမှ မနှစ်
..။ ဒါပေမဲ့ .. ဘာဘာကို ဖွင့်ပြောရအောင်ကျတော့လည်း
က်က ကိုယ့်အမေရင်း ဖြစ်နေသည်။ အမေဆိုရာဒွလည်း
အမေ ..။ အဖေဆုံးခဲ့သည့်နောက်မှာ .. အမေလုပ်သူမုဆိုးမ
.. ထိုမှုအကိုတျတော့လည်း စိတ်ဆင်းရဲအောင် .. အရှက်ရ
အောင် .. မလုပ်ရက်နိုင် ..။ ဒါကြောင့်လည်း .. ပျိုလေးဘက်က
တည်ပေးခြင်းဆိုသည့် အမှန်တရားတစ်ခုကို .. လုပ်သင့်လုပ်
သည့် အလုပ်တစ်ခုအဖြစ် တစ်ဖက်က ရပ်တည်လုပ်ဖြစ်ခဲ့
ပါ ..။

"ညည်းကတော့ .. ညည်းကို .. မတရားခိုင်းစေနေတယ်
လို့ ထင်မှာပေါ့လေ .. တကယ်က .. ညည်းမှာ အမေရယ်
လို့မှ မရှိတာ .. ငါပဲ အမေလိုဝင်ပြီး ထိန်းကျောင်းပေးရ
တာပါ .. အကြောက်ရှိမှ .. ထိန်းနိုင်မှာဆိုပြီး .. ငါက ..
ခပ်တည်တည်ကြီး ပြောပြောနေရတာပါ .. အဲဒါကို ..
ညည်း နားလည်ချင်မှ နားလည်မှာပါအေရယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်ညည်းညည်း ကြီးလတ် ပြောတော့ မိပျို ခေါင်းလေးခါ၍ မျက်ရည်လည်တက်လာကာ ..

"မဟုတ်ပါဘူး ကြီးလတ်ရယ် .. မိပျို .. ကြီးလတ်ရဲ့ကျေးဇူး ကို .. စေတနာကို .. သိပါတယ် .."

ဟု မျက်ရည်လေး လည်တက်လာရင်း .. တစ်ချက်လေးပဲ ခေါ်လတ်လတ်အား မျက်ရည်လည်တက်၍ ဟန်အပြည့်ဖြင့် ပြောလိုက်ရရှာ ရှိသေးသည်။ အရိုးခံ .. အဖြူစင်စိတ်လေးဖြင့် .. လက်အုပ်လေးချီပြောလာတော့ ..။ သက်ပြင်းရှိုက်လိုက်သည်က .. အင်ကြင်းမေပါတည့် ..။

❋❤❋



## အခန်း(၈)

နောက်ဆုံးလက်ကျန်အင်္ကျီကို မီးပူတိုက်ပြီးလုချိန် ဆေးမှာပဲ ခေါ်ကြီးနှင်း အခန်းထဲ ဝင်လာပါ၏။ အင်္ကျီလေးကို နေသားတကျ သေသေသပ်သပ်လေး ခေါက်လိုက်ကာ တိုက်ပြီးသားအင်္ကျီထပ်ထက်မှာ မိပျို တင်လိုက်ရင်းမှ ခေါ်ကြီးနှင်းကို ပြုံးပြလိုက်သည်ပါပဲ ..။

ထားတွင် ခေါ်ကြီးနှင်း လာထိုင်ကာ အဝတ်ထပ်ကို စိတ်မောပုံကြီးဖြင့် တစ်ချက်ကြည့်သည်။ မီးပူတိုက် ရေဖျန်းဘူးလေးဖြင့် ဖျန်း၍တိုက်ခဲ့တာမို့ အဝတ်လေးတွေဆီမှ မွေးမြမြရနံ့က အပူဓာတ်ကျန်နေဆဲ အဝတ်လေးတွေဆီမှ သင်းတာမြမြရှိနေဆဲ ..။

"မမလတ်က .. ပျိုလေး တိုက်တဲ့ အဝတ်မှ သေသပ်တာဆို ဆိုပြီး .. တမင်ခိုင်းနေတာပါ မိန်းကလေးရယ် .. သူ့မှာ သမီးတွေ ရှိတာပဲ ဥစ္စာ .. မိစီနဲ့ မတိုက်ခိုင်းချင်ရင်တောင် မှ .. သူ့သမီးတွေ တိုက်ကြပါစေလား .. ခုဥစ္စာက .. သူ့အဝတ်လဲ တိုက်ရ .. သဇင့် အဝတ်လဲ တိုက်ရ .. အစ်ကို လေး အဝတ်တွေလဲ တိုက်ရနဲ့ကွယ် .. အစ်ကိုလေးဆိုတာက

www.burmeseclassic.com

www.burmeseclassic.com



တော့ .. ပျိုလေးရဲ့ဖေဖေပဲဥစ္စာ .. အဖေ့အဝတ်ကို မီးပူတိုက်ပေးရမှာပေါ့ .. သမီးရဲ့ဝတ္ထုရားပဲ .. သူတို့သားအမိနှစ်ယောက်ရဲ့ အဝတ်တွေကို ထဘီကအစ တိုက်ပေးနေရတာကတော့ မကောင်းတတ်ပါဘူး အရေးယ် .. ဒီလိုကိစ္စကို အစ်ကိုလေးကို ကြီးနှင်း သွားပြောပြပြန်ရင်လဲ .. ကုန်းချော ကုန်းတိုက် လုပ်တယ်လို့ ဖြစ်ဦးမယ် .. အကြောင်းတစ်ခုခုရှာပြီး ကြီးနှင်းကို အလုပ်ကပြုတ်အောင် လုပ်လိမ့်ဦးမယ် .. အဲဒီအခါကျတော့ .. ပျိုလေးပဲ ကျန်ခဲ့ရမှာ .. အလုပ်တွေ ပိုမင်ပန်းအောင် လုပ်နေရဦးမှာ .. အဲဒါတွေ တွေးတွေးမိပြီး ဒေါ်ကြီးနှင်း .. စိတ်ကိုပြန်ပြန်လျှော့ထားရတာ ပျိုလေး .. အင်း .. ခုလို .. ပျိုလေးပင်ပန်းအောင် လုပ်ကိုင်နေရတာ မြင်ရတိုင်း .. မမလေးကိုဖို့သတိရတော့တာပဲကွယ် ..”

ဒေါ်ကြီးနှင်း အဝတ်တွေကို သေသေသပ်သပ် ပြန်၍ရွေးချယ်စီထပ်နေရင်း ပြောနေပါသည့်အဖြစ် ..။ ရင်ထဲလည်း တကယ့်ကို မကောင်းနိုင်ပဲ ဖြစ်ခြင်းမက ဖြစ်နေရသည်ပါပဲ ..။ လုံမေပျို၏ အခန်းဆိုတာကလည်း အပေါ်ဆုံးထပ်ရှိ မြောက်ဘက်ထောင့်ဆုံးခန်းဖြစ်ကာ ..။ တစ်ဖက်မှာက ဘွား၏စာကြည့်ခန်းကျယ်ကြီးရှိသည်။ နောက် .. ဧည့်သည်များလာလျှင် တည်းခိုရန်အတွက် အခန်းကျယ်ကြီးသုံးခန်း ..။ ဘွား၏အခန်း ..။ ပြီးတော့အရှေ့ဘက်ရှုခန်းဆောင်ကျယ်ကြီးက ဘုရားခန်းဆောင်ကြီးပါ ..။

ပြော် .. ဘွား၏အငွေ့အသက်တွေ ကျန်နေချေသည်ဟု ပျိုလေး ယုံကြည်နေရဆဲ ဖြစ်ပါလေသော ဘွား၏အခန်းသည်



ဘုရားခန်းဆောင်နှင့် ကပ်လျက်ရှိနေပါ၏။ ဘွားသည် တရားတရား ကိုင်းရှိုင်းသူမို့ ဘုရားခန်းဆောင်တွင်သာ အနေများသူပါ ..။

တကယ်တော့ .. တိတ်ဆိတ်အထီးကျန်ခြင်းဆိုသည့် အရာသည် ဤအပေါ်ဆုံးထပ်ကြီးတစ်ခုမှာ ပျိုလေးအတွက် ဖြစ်တည်လျက်ရှိနေဆဲ ..။

ဒါကို ဒေါ်ကြီးနှင်း သိနေရသည်။ သိနေရပါလျက် .. မျိုသိပ်နေရသည်ကိုက ဆိုးသည်ပဲဟု .. ဒေါ်ကြီးနှင်း အမြဲညည်းနေတတ်စမြဲပါ ..။ ပျိုလေးကို ခင်းနှီးထုပ်လေးနှင့် ရှိနေသည့် အရွယ်လေးကတည်းက ပွေ့ဟယ် ချီဟယ် ချော့မြှူဟယ်နှင့် ချစ်ခဲ့ရတာမို့လည်း သံယောဇဉ်တင်းရ .. ချစ်ရနှင့်ရှိလေသမျှ .. ခုလို .. ပင်ပန်းနေတာ မြင်ရလေလေ .. ရင်ထဲမချိရလေလေပါ ..။

“အင်း .. ဒုက္ခ .. မြင်ရ ကြားရလေသမျှ .. မမလေးကို တမ်းတရင်း .. ရင်ထဲ မချိရတာပဲ ကျန်နေရတာပါပဲလေ ..”

ဟု ဒေါ်ကြီးနှင်း ညည်းသည်။ လုံမေပျို၏အခန်းဆိုတာ အခန်းကျယ်ကြီးပေမယ့် .. ခုတင်ငယ်လေးတစ်လုံး ..။ ဗီရိုလတ်လေးတစ်လုံး။ စာကြည့်စားပွဲနှင့် မတ်တတ်ပန်ကာလေးတစ်ခုပဲ ရှိသည်။ လေအေးစက် ဆိုတာကလည်း ပျက်နေပြီ ..။ ပြန်လဲတပ်ပေးတာလည်း မရှိတော့ပြီ ..။ ဗာခန်းဆီးတွေကတော့ တစ်အိမ်လုံး တပ်နေသည့် ခန်းဆီးအစုံလိုက် အထပ်လိုက်ကြီးတွေပေမို့ တစ်ပြေးညီပုံစံဖြင့် အခန်းပြတင်းတံခါးတွေမှာ ရှိနေကြသမယ့် ..။ အခန်းတွင်းပစ္စည်းဆို၍ ဘာမျှမယ်မယ်ရရ မရှိလှတာကို ဒေါ်ကြီးနှင်း မြင်နေရလေလေ ရင်ထဲမချိရလေလေပါ။ ဤသည်ကလည်း .. ပျိုလေး အခန်းထဲမှ ပစ္စည်းတွေကို အသစ်

www.burmeseclassic.com

www.burmeseclassic.com



လဲပေးမည်ဟု .. ပြောရင်း .. ပြောရင်း .. တစ်စ .. တစ်စ .. စတိုခန်းကြီးထဲ ပို့ပစ်စေကာ .. ခေါ်လတ်လတ်အေးမှ .. ဘာမျှ ထပ်မဖြည့်ပေးခဲ့၍ပါ ..။

"သမီးရင်းက .. မိန်ပျပျဖြစ်နေပြီး .. မမလတ်နဲ့ သူ့သမီးတွေက ခမ်းနားနေလိုက်ကြရတာလေ .. အစ်ကိုလေးက လဲ .. တစ်ခါလေးတောင်မှ ဒီအခန်းကို လာကြည့်ဖော်လေးတောင် မရှိတော့တာပဲကိုး .. မမလေးက ဘွားကို သတ်လိုက်တယ်ဆိုတဲ့ အဖြစ်ဆိုးကြီးတစ်ခုဟာ ဒီဌာနီမြို့မှာ ရှိမနေခဲ့ဘူးဆိုရင် သိပ်ကောင်းမှာပဲ .. ခုကျတော့ .. အမေကို .. ကိုယ်ယူထားတဲ့မယားက သတ်တယ်ဆိုတဲ့ ခံစားချက်ဆိုးကြီး တစ်ခုရဲ့ဒဏ်ကို လူးလိမ့်နေအောင် အစ်ကိုလေး ခမျာလဲ ခံနေရတာကိုး .. မိပျိုလေးကလဲ .. အမေ့တူရုပ်အဆင်းနဲ့ဆိုတော့ .. အစ်ကိုလေးခမျာ .. ကိုယ့်သမီးမျက်နှာလေး မြင်ရတိုင်း .. အမေကိုသတ်တဲ့သူ .. မမလေးရဲ့မျက်နှာကို ပြန်မြင်နေရသလို .. ကြေကြေကွဲကွဲ နာနာကြည်းကြည်း ခံစားနေရတော့တာပါပဲ .. ပျိုလေးဟာ .. အစ်ကိုလေးနဲ့တူတဲ့သမီးလေး ဖြစ်လိုက်ရင် .. ပိုပြီး ကောင်းနေဦးမှာ .."

ဒေါ်ကြီးနှင်း ခပ်ညည်းညည်း ဆက်ပြောလာတော့ လုံမေပျို ခေါင်းလေးငုံ့ချ၍ ခပ်ငေးငေး ငြိမ်နေသည်ပါပဲ ..။ ဒေါ်ကြီးနှင်းနှင့် နှစ်ယောက်ကြုံရတိုင်း ..။ အထူးသဖြင့် ခုလို မိပျို၏အခန်းလေးမှာ ရှိနေကြရတိုင်းမှာ ဤစကားကို ဒေါ်ကြီးနှင်း မချိတင်ကဲကြီး ပြောပြောနေကျ ..။ ညည်းနေကျပါ ..။



"အစ်ကိုလေးကလဲ .. ဘုရားဆောင်ဝင်ပြီးရင်တောင်မှ .. ပျိုလေး အခန်းဘက်ကို ဝင်လာဖော်လေးတောင် မရနိုင်အောင် ရှိတာကတော့ နည်းနည်းပစ်စလက်ခတ်ကြီးထားရာ ရောက်မနေဘူးလား .. ဟင် .."

ဟု ပျိုလေးကို ချစ်သည့်ဓာဖြင့် ပြောလာတော့ ပျိုလေး ခေါင်းလေးခါလိုက်ကာ ..

"မေမေ့ကို သိပ်နာကြည်းနေတဲ့ ခံစားချက် .. ဘွားအတွက် အရှိမ်းကြေကွဲနာကျင်နေရတဲ့ ဝေဒနာတွေထက်စာရင် .. ပျိုလေးကို .. တတ်နိုင်သမျှ .. ဖေဖေ မမြင်အောင် နေနေတာဟာ .. အသေးအဖွဲ့ပါ ဒေါ်ကြီးရယ် .. ဖေဖေအရှိမ်းကို ခံစားနေရတာကိုးလေ .."

အရွယ်လေးနှင့် မမျှအောင် အဖေအတွက် တွေးပေးတတ် ..။

နားလည်ပေးတတ်ပါလေသော လုံမေပျို၏ ဆံစလေးတွေကို ဒေါ်ကြီးနှင်း သပ်ပေးလာပါ၏။

"လိမ္မာတဲ့သမီး .. တစ်နေ့မှာ .. စိတ်ချမ်းမြေ့ရမှာပါကွယ် .. ဟိုမိန်းမကြီးကလဲ မီးလောင်ရာလေပင့် လုပ်ချင်နေတာမို့ ပိုပိုဆိုးနေရတာပါ .. ခုလဲကြည့် .. ပျိုလေးရဲ့ဘွား ဆုံးတာ ရှစ်နှစ်ပြည့်ဆိုပြီး .. ဆွမ်းကျွေးဖို့ကိစ္စ .. အနက်ရောင်ဝတ်စုံ သစ်တွေ သူတို့သားအမိအတွက် ထပ်ပြီး စက်ဆိုင်အပ်နေလေရဲ့ .. လူတွေများများ ရှိလေလေ ... ရောက်လာလေလေ .. ပျိုလေးကို ခေါ်ခေါ်ပြီး ဟိုအကြောင်းပြခိုင်းလိုက်ဘာလိုက်နဲ့ လုပ်ပြဦးမယ် .. အစ်ကိုလေးရဲ့ရှေ့မှာ .. ညှော်

www.burmeseclassic.com



သည်တွေကို .. ဒါ .. မောင်ရန်လင်းရဲ့ သမီးလေးလေ .. ယုဇနရဲ့ကျန်ခဲ့တဲ့ သမီးလေးပေါ့ .. နဲ့ .. ပြော .. ပြောနေဦးမှာ .. မိတ်ဆက်နေဦးမှာ .. ယုဇနသမီးဆိုမှ ပြောနေမှတော့ .. အစ်ကိုလေး ရင်ထဲက နှင့်နေတဲ့ ထိခိုက်ရတာတွေ .. ဘယ့်နှယ်လုပ် သက်သာလာပါတော့မလဲ .. အဲဒါကိုက .. ပျိုလေးကို .. အစ်ကိုလေး .. ပိုပြီးရှောင်နေအောင် လုပ်နေတာ .. သိပ်ဉာဏ်ပြေးတဲ့ မမလတ် ..”

ဟု ပြောနေတော့လည်း ပျိုလေး ဝင်မပြော ..။ ငြိမ်နေသည်ပါပဲ ..။ သြော် .. ပျိုလေး ဆိုသည့် လုံမေပျိုဆိုတာ တစ်ယောက်တည်း ကြေကွဲနာကျင်နေတတ်တာ အသားတကျ မချွတ်စတမ်းကြီး ရှိနေတတ်တာ နေ့စဉ် ခံစားနေရပါသည့် ဝေဒနာပင် ဖြစ်နေချေသည် မဟုတ်ပါလား ..။

“အဲဒီနေ့က .. မေမေ့အသုံးအဆောင် .. အဝတ်အစားတွေကအစ .. ကားဂိုဒေါင်ကြီးရဲ့ဘေးဘက်က အဆောက်အအုံ လွတ်တစ်ခုမှာ အားလုံးပြောင်းထားလိုက်တာပဲ ဒေါ်ကြီးနှင်း .. မေမေ့ မှန်တင်ခုံကအစ .. ဗီရိုအဆုံး .. အိုအခန်းထဲက စားမွဲ ကုလားထိုင်တွေတောင် အားလုံးပြောင်းထားလိုက်တာပဲလေ .. ဘဘသော်တို့ .. လေးလေးကျော်တို့နဲ့ ပြောင်းသယ်ခိုင်းခဲ့တာပဲ ဒေါ်ကြီးရယ် .. ပျိုလေးကတော့ .. မေမေဟာ ဘာလို့ ဘွားကိုသတ်ပစ်လိုက်ရပါလဲ ဆိုတာကို မယုံရဲနိုင်တာတစ်ခုပဲ ရှိပါတယ် .. မေမေ့အမုန်းကိုလဲ အပြစ်မတင်ပါဘူး .. အဲသလို .. ဖြစ်ပျက်ခဲ့တဲ့ ကြမ္မာကိုပဲ .. ကြေကြေကွဲကွဲနဲ့ မေးချင်တာတစ်ခုပဲ ရှိ



ထဲမှာ ရှိနေရတာပါ .. ဘာလို့ .. ဒီလိုအဖြစ်မျိုး .. ပျိုလေးနဲ့ မေမေ့ဘဝမှာ ဖြစ်တည်လာခဲ့ရတာလဲလို့ပါ ..”

ပြောနေရင်း လုံမေပျို အသံလေးတစ်ချက် တိမ်ဝင်သည်။ မျက်တောင်တဖျပ်ဖျပ် ခတ်လိုက်ရင်း မျက်ရည်ကိုထိန်းပါ၏။

“တကယ်တော့ ဒေါ်ကြီးရယ် .. လူကြားမကောင်းတဲ့ အဖြစ်ဆိုးကြီးတစ်ခုဟာ .. တကယ့်ကို ပိုးစိုးပက်စက်ကြီး ဖြစ်ခဲ့ရတာပါ .. ပျိုလေး အမြဲ ဖေဖေ့ဘက်က တွေးပေးပါတယ် .. ဖေဖေဟာ .. ဖေဖေလက်ထပ်ယူထားခဲ့တဲ့ မေမေ့ လက်ချက်နဲ့ ဘွား ဆုံးခဲ့ရတာယ်ဆိုတဲ့ အဖြစ်ကြီးတစ်ခုကို ဖေဖေ့ဘဝထဲက ဘယ်လိုမှ ဖယ်ထုတ်လို့မှ မဖြစ်နိုင်သလို .. ဖေဖေ့ ဝန်းကျင်မှာလဲ .. ဦးရန်လင်းအောင်ရဲ့ မိန်းမက သူ့အမေကို သတ်လိုက်တာလေ .. သူ့မိန်းမလဲ ထောင်ထဲမှာသေပြီ .. လို့ ပြောကြတဲ့ဒဏ်ကို .. ဘယ်လိုအင်အားနဲ့ ရင်ဆိုးခံနေရမလဲ ဆိုတာကိုပါ .. ဖေဖေ သနားပါတယ် ဒေါ်ကြီးရယ် .. ပျိုလေးကမှ .. ဒီငုဝါမြိုင်အိမ်ကြီးမှာ ငြိမ်ကုပ်ပြီး ဒီဒဏ်ကို ခံနေလို့ ရသေးတယ် .. ဖေဖေက .. လူသိများတဲ့ စီးပွားရေးသမားပေမို့ .. လူတွေကြားထဲမှာ .. သွားလာဆက်ဆံနေရတာ .. အဲဒီစကားသံတွေဟာ .. ဖေဖေ့ကိုလဲ ကျိန်စာတိုက်ထားသလို ရှိနေမှာပါ .. ဖေဖေဟာ သနားစရာ ပိုကောင်းနေတဲ့သူပါ ..”

အသံလေးတွေ တုန်ခါနေရင်း ပျိုလေး ပြောနေချိန် ဒေါ်ကြီးနှင်းကတော့ မျက်ရည်ကျနေပြီ ..။ ပျိုလေး၏ အစလေး

www.burmeseclassic.com

www.burmeseclassic.com



တွေကို သပ်ပေးနေရာမှ မချိတင်ကဲကြီး စိတ်လျှော့ချလိုက်ကာ အသံတွေလည်း မွှင့်ကျလာရင်း ငိုလည်းငိုချ ..။ ပျိုလေး၏ ကိုယ်လေးကိုလည်း ရင်ခွင်ထဲမှာ သိမ်းပွေ့ထားလိုက်ရှာပါပြီ ..။

"ကလေးက လိမ္မာလေလေ .. ဒေါ်ကြီး ရင်ထုမနာ ပိုဖြစ်ရလေပါ .. ကြည့်စမ်း .. ဒေါ်ကြီးတောင်မှ .. အစ်ကိုလေးအပေါ် အဲသလိုမတွေးပေးမိဘူး .. ပျိုလေးကို ပစ်ထားရက်လေခြင်းလို့တောင် ကရုဏာဒေါသောနဲ့ ဖြစ်ဖြစ်နေချင်သေးတာ .. ဟုတ်ပါရဲ့ .. ဟုတ်ပါရဲ့ကွယ် .. အစ်ကိုလေးခမျာ .. မနည်းကြီး ခံစားနေရရှာမှာ .. သူလဲ ဒုက္ခမငယ်လှပါဘူး .."

ဟု ခပ်ညည်းညည်း ပြောနေရှာပါ၏။

ထိုစဉ်ခိုက် တိုးသဲ့သော ချောင်းဟန့်သံကို ကြားလိုက်ရတာမို့ ဒေါ်ကြီးနှင်း နောက်ဘက်ကို လှည့်ကြည့်သည်။ လုံမေပျိုလည်း ဒေါ်ကြီး၏ ရင်ခွင်မှာ မျက်နှာလေးအပ်ကာ မျက်ရည်တွေ ပြိုကျနေခဲ့ရာမှ ကိုယ်လေးလွန့်ခနဲဖြစ်လျက် ဒေါ်ကြီးကြည့်ရာ တံခါးဘက်ကို လိုက်ကြည့်လိုက်မိရပါပြီ ..။ အိုင်ငိုင်တွေတွေကြီး ရပ်နေလျက် လက်တစ်ဖက်က တံခါးခန်းဆီးကို တင်းနေအောင် ဆုပ်ထားပါလေသော ဖေဖေပါတကား ..။ ဖေဖေ့ အကြည့်တွေက တောက်လျှောက်ကြီး မိပျို၏ မျက်နှာလေးထက်မှာ တန့်နေသည်။ မျက်ဝန်းတွေက မျက်ရည်ကြောင့် ပို၍လဲ့နေ၏။ သမီး၏အခန်းသို့ အဖေ ရောက်လာသည်ဆိုတာ ဤမျှ မှင်တက်ငြိမ်ကျနေရဖို့ မဟုတ်တာကို ဖေဖေလည်း သိနေရသည်။ ပျိုလေးလည်း သိနေသည်ပါပဲ ..။ ဒါပေမဲ့ .. ပျိုလေး၏ မျက်နှာထက်မှာ ဖေးတင်စွန်းထင်နေကြပါသည့် အံ့သြမှင်တက်

ခြင်း၏ အရိပ်တွေကို လောလောဆယ်မှာတော့ ပျိုလေး မချုပ်ထိန်းထားနိုင်စွမ်းသေး ..။ မဖယ်ရှားလိုက်နိုင်စွမ်းသေး ..။

ဖေဖေ အခန်းတွင်းသို့ ဝင်လာသည်။ အခန်းကို ဝေ့ကြည့်သည်။ ဖေဖေ့မျက်နှာထက်တွင် မယုံနိုင်သည့် အရိပ်တွေပြည့်သိပ်နေရာယူလာကြပါ၏။

ဖေဖေ့အကြည့်တိုင်း အကြည့်တိုင်းက အခန်းတွင်းရှိ ပစ္စည်းတစ်ခုချင်းစီ တစ်ခုချင်းစီထက်မှာ ရွေ့လျားနေကြသည်။ ပြုစင်သော အိပ်ရာလေး ..။ အသုံးအဆောင် အခင်းအကျင်းမရှိသလောက် ဖြစ်နေပါသည့် အခန်းကျယ်ကြီးတစ်ခု ..။ ကြမ်းပြင်ထက်မှာ သင်ဖျူးဖျာလေးခင်း၍ မီးပူတိုက်စောင်ခေါက်လေးဖြင့် ခေါင်းအုံးပူတစ်ထပ်ကြီး တိုက်ထားပြီးခဲ့တာ မကြာသေးသည့် ဤနေရာ ..။ ဤအခန်းကျယ်ကြီးသည် ဦးရန်လင်းအောင်၏ သမီးနေသော အခန်းတစ်ခု ဖြစ်သည်ဟုပင် ထင်စရာမရှိနေ ..။ ဤအသိကတော့ ဦးရန်လင်းအောင်၏ ရင်ထဲသို့ အရှိန်နှင့် တိုးဝင်သွားပြီးခဲ့ပြီ ..။

စာကြည့်စားပွဲလေး ရှိရာသို့ ဦးရန်လင်းအောင် လျှောက်ကာ ကုလားထိုင်ထက်မှာ ထိုင်၏။ နှင်းဆီဖြူထိုး ပန်းအိုးငယ်လေးဆီမှ နှင်းဆီရနံ့က တိုးဝင်သည်။ သြော် .. ဤသမီးသည် .. အမေတူသမီး ..။ နှင်းဆီကိုချစ်သော သမီးပါတကား ..။

သွေးတွေလူးနေသည့် အမေ ..။ စားကိုင်ထားပါသည့် ယုဇန ..။ ဤမြင်ကွင်းသည် ရင်ထဲမှ ပျောက်၍မရ ..။ အဖေလုပ်သူရှိရာဘက်ကို ကိုယ်လေးလှည့်၍ ထိုင်လိုက်ပါသည့် သမီးလေးကို ဦးရန်လင်းအောင် တစ်ချက်စိုက်ကြည့်သည်။ ခေါက်ခြင်းရှိုက်လိုက်ရင်းမှ ..



www.burmeseclassic.com

www.burmeseclassic.com



"ဆယ်တန်းအောင်တာကို .. ဘာလိုချင်သေးလဲ .. ဖေဖေ ထပ်လာမေးချင်စိတ် ဖြစ်လာတာနဲ့ အလုပ်ကစောပြန်လာပြီး .. ဒီကိုလာခဲ့တာ .. အခန်းထဲမှာလဲ .. ဘာမှမရှိပါလား .."

ဟု အဆောင်အယောင် အခင်းအကျင်း မရှိပါသည့် အခန်းကို ဝေ့ကြည့်ကာ ဦးရန်လင်းအောင် ဖွင့်မေးလာတော့ ဒေါ်ကြီးနှင်းမှ ကိုယ်လေး မတ်ခနဲဖြစ်သွားကာ

"ဒေါ်ကြီးနှင်းလဲ အဲဒါပြောပြချင်နေတာပါ .."

ဟု ဇောတင်၍ ပြောမည်ပြင်ခိုက်

"ပျိုလေး .. ဒီလိုပဲ နေချင်လို့ပါ .. ကြီးလတ်ကပြောပါတယ် .. အခန်းထဲ ဟိုဟာထည့်မယ် .. ဒီဟာထည့်မယ်နဲ့လေ .. ပျိုလေး .. ဒီလိုပဲ နေတတ်လို့ပါ .."

ဟု ဝင်ပြောတော့ ဟင်ခနဲ ဒေါ်ကြီးနှင်း စိတ်ထဲ မအီမချင့်ကြီး ဖြစ်သမျှ မခံချင်ဇောဖြင့် အသံလည်းပွင့်ကျ ..။ နေရာမှလည်း ထွက်သွားပစ်လိုက်သည်ပါပဲ ..။

"ရှိနေရင် ပြောပြနေမိမှာမို့ပါတော် .."

ဟုတော့ ပြောဖြစ်အောင် တစ်ချက်ပြောပစ်ခဲ့သည်က ဒေါ်ကြီးနှင်းပါ ..။

ဒေါ်ကြီး ထွက်သွားတာမို့ အခန်းထဲမှာ သားအဖ နှစ်ယောက်ပဲ ကျန်ခဲ့ပါသည့် အဖြစ် ..။ ပျိုလေး ဖေဖေ့ကိုမော့ကြည့်မိသည်။ ရင်ထဲမှာ ကြည်နူးနေတာပဲ ရှိသည်။ ဝမ်းသာလွန်းနေတာပဲရှိသည်။ ပြီးတော့ .. ရင်ထဲမှာ ဝမ်းသာရှိန် ကြီးနေသမျှ တနင့်နင့်နေအောင် .. ရင်ထဲ ဆို့နေပြန်သည်။ မျက်ရည်လည်း ကျချင်နေပြန်သည့်အဖြစ် ..။



"ဒါပေမဲ့ .. အခန်းထဲကို .. ပစ္စည်းတွေ တော်တော်များများ .. ဖေဖေ .. ပို့ထားလိုက်ရလိမ့်မယ်-ပျိုလေး .. ဒီနေ့ပဲ .. အဲဒါတွေ .. ဒီအခန်းထဲရောက်အောင် ဖေဖေ စီမံမယ် .. ဦးရန်လင်းအောင်ရဲ့သမီးဟာ .. ဒီလိုမနေနေရဘူးလေ .. ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် .. သမီးနဲ့အဖေ သိပ်ပြီးမတွေ့ဖြစ်ကြတာပဲရှိရှိ .. အဲဒါက .. အတိတ်က ဖြစ်တည်ခဲ့တဲ့ အရာတွေရဲ့ အကျိုးဆက်အဖြစ် ရှိနေရတာက ရှိနေရတာပဲပေါ့ .. ဒါပေမဲ့ .. ဖေဖေ့သမီးဟာ .. ဒီလိုနေနေရတယ်လို့ .. ဖေဖေ မထင်မှတ်ခဲ့ဘူး .. အဲဒါ .. ဖေဖေ့ဝတ္တရားပေါ့ပျက်လို့ပဲလို့ ဖေဖေ သတ်မှတ်တယ် .."

မီးပူတိုက်ထားသော အဝတ်ထပ်ကြီးကို ဖေဖေ ကြည့်နေတာကို မြင်ရသည်မို့ မိပျို .. ဘယ်လိုပဲ ဖုံးကွယ်ပေး ဦး ..။ ကြီးလတ် အပေါ်မှာ ဖေဖေ တစ်စိတ်တစ်ပိုင်းမျှ ကော်တော့ဖြင့် မှန်းဆနားလည်ထားစ ပြုနေပြီဟု ပျိုလေး သိ ပါသည့်အဖြစ်။

"သမီး .. ဘာလိုချင်သလဲ .. ဆယ်တန်းအောင်တဲ့ ပျိုလေးကို .. ဖေဖေ .. အဲဒီတောင်းတဲ့အရာကို .. ဖြည့်ပေးမယ် .. ပြော .."

ဟု ပြောလာသံတွင် နူးညံ့ရိပ်နှင့် ချစ်ရိပ်တွေပြည့် သည်။ ဖေဖေ့ မျက်နှာကို ပျိုလေး မော့ကြည့်နေမိရဆဲ ..။ ဒါ လေး၏ဖေဖေ ..။ ပျိုလေးကို ချစ်စိတ်ဖြင့် ကြည့်နေသည့် အဖေဟု ထိန်းသိမ်းမရနိုင်လောက်အောင် ပျော်နေသည့် အပျော် မိပျို တွေးနေမိရဆဲ ..။ ဒီအကြည့်တွေကိုပဲ ပျိုလေး လိုချင်

www.burmeseclassic.com

www.burmeseclassic.com



နေတာပါ ဖေဖေရဲ့ .. ဟု ဖေဖေ့ ခြေအစုံကို သိမ်းဖက်ထားရင် ပျိုလေး အငမ်းမရ ပြောနေချင်သည်။ ကိုယ်လေးကို ရွှေ့လိုက်က ပျိုလေး ဖေဖေ့ခြေအစုံရှေ့မှာ ထိုင်ပါ၏။ လက်အုပ်လေးချီလို ကာ ဖေဖေ့ခြေဖမိုးပေါ် နဖူးကိုဦးခိုက်တင်၍ ..

"သမီး .. ဖေဖေ့ကို .. ညတိုင်း .. ညတိုင်း .. ကန်တော ပြီး အိပ်ခွင့်ရပါရစေ ဖေဖေရယ် .. အရင်ညအထိ ပျိုလေး .. ဖေဖေ့ကို ရည်မှန်းကန်တော့ပြီးမှ .. ဖေ ကျန်းမာဖို့ .. စိတ်ချမ်းသာဖို့ ဆုတောင်းပြီးမှ .. အိပ် တယ် .. ခု .. ဒီညကစပြီး.. ဖေဖေ့ကို .. ညတိုင်း .. က တော့ပြီး .. အိပ်ခွင့်ရချင်ပါတယ် ဖေဖေ .. အဲဒါကို ပျိုလေး .. လိုချင်တာပါ .. ဟိုး .. ဆယ်နှစ်သမီး ပျို လုပ်ခဲ့ရဖူးတဲ့ .. အဲဒီအဖြစ်လေးကို .. ပြန်လိုချင်ပါတ ဖေဖေ .. ပြန် .. လို .. ချင် .. လို့ .. ပါ .. ဖေဖေရဲ့

ဟုတ်သည် ..။ ပြန်လိုချင်သည်။ ပျိုလေး ဆယ် သမီးတိုင် ..။ ဟုတ်သည် .. ပျိုလေးတို့၏ ဘဝကို .. ဘွားအ ခံရခြင်းဆိုသည့် အဖြစ်ဆိုးကြီးမှ ဝါးမျိုမပစ်လိုက်ခင်အထိ ပျိုလေးသည် ဖေဖေနှင့် မေမေ့ကို ကန်တော့ပြီးမှ ညတိုင်း ရာဝင်တတ်ပါသည့် လုံမေပျိုလေးအဖြစ် ရှိခဲ့ရသည် မဟုတ် လား ..။ ခု .. ခုတော့ .. ဖေဖေ့ကို .. ပျိုလေး .. ကန်တော့ မှ ညအိပ်ရာဝင်ပါသည့် ဘဝမျိုးကို ပြန်ရချင်နေခြင်းမှတစ် ပို၍တမ်းတ .. မက်မောလိုချင်သော အဖြစ်မရှိ ..။ ရင်သည် နေ၏။ မျက်ရည်က ပါးပြင်မှာ လူးလဲပြိုကျနေပြီ ..။ ဖေဖေ ဖမိုးပေါ်သို့တိုင် ပျိုလေး၏ မျက်ရည်တွေက စိုစွတ်ပြွတ်



ပြီ ..။ ပျိုလေး၏နဖူးပြင်သည် ဖေဖေ့ ခြေဖမိုးထက်မှာ လူး ခတ်ခတ်။ ရှိုက်သံက ထိန်းမရ ..။

ရင်ထဲမှ တောင့်တမှုသည် အငမ်းမရနိုင်လွန်းနေခဲ့ ..။

ဖေဖေ့ကို .. ကန်တော့ချင်ပါသည့် ဇောသည် ရင် ဆန့် ..။ စိတ်သည် ထိန်းချုပ်မနိုင်ခြင်းဘက်ကို ကူးနေသည်။ ဟစ်ငိုချပစ်လိုက်ချင်သည့် ဘက်ဆီသို့ပင် တိမ်းနေယိမ်းနေ သည့်တိုင်အောင် ဖြစ်နေရပြီ ..။ ဖေဖေ့ လက်အစုံက ပျိုလေး၏ ထက် ညင်ညင်သာသာ ဖေးတင်လာပါပြီ ..။

"ထိုင် .. ထိုင်လိုက်တော့ သမီး .. ဖေဖေတို့ .. စကား ပြောကြတာပေါ့ .."

ဟု ပြောကာ ဖေဖေ စာကြည့်စားပွဲဆားရှိ ခုတင် မှာ ပြောင်း၍ထိုင်သည်။ ပျိုလေးကို စာကြည့်ကုလားထိုင် မှာ ထိုင်စေသည်။

"ဒီညကစပြီး .. ပျိုလေး .. ဖေဖေ့ကို ကန်တော့ပြီးမှ .. အိပ်တော့ .. ဟုတ်ပြီလား .."

ဟု တည်ငြိမ်စွာ ဖေဖေ ပြောလာပါ၏။ ဖေဖေ့ ခန်းမှာကျတော့ မျက်ရည်တွေ စိုစွတ်နေသည်။ ပျိုလေးဖေဖေ့ ကြည့်နေမြဲ ..။ ဘုရားရေ ..။ ဖေဖေသည် .. ဖေဖေသည် .. သားကို .. ညတိုင်း .. အကန်တော့ခံမည်တဲ့ ..။ ပျိုလေး ထိုင်မှ ကိုယ်လေးလျှောချ၍ ကြမ်းပေါ်သို့ ပြန်ထိုင်လိုက် စိတ်ကိုလွှတ်ချပစ်လိုက်ပါပြီ ..။ ဖေဖေ့ခြေကို သိမ်းယူထား ိုက်ထားသည်က အားပါသည်။ ဖေဖေ့ပေါင်ပေါ် ခေါင်းလေး

www.burmeseclassic.com

www.burmeseclassic.com



တင်ပစ်ကာ ငိုချလိုက်သည်က ဝမ်းနည်းတကြီး နိုင်နေသ
ဝမ်းသာမှုတွေကလည်း လွှမ်းခြုံတိုးဝှေ့နေကြသည့်အဖြစ်။

"ဟိုးတုံးခါးမှာ ဖေဖေ ရပ်နေတာ နည်းနည်းကြာသွား
ပြီ သမီး .. တကယ်က .. အားလုံး ဖေဖေကြားထားပြီး
ပြီလို့ ပြောရလိမ့်မယ် .. သမီးနဲ့ ဒေါ်ကြီးနှင်းတို့ ပြော
ကြတာတွေကို ဖေဖေ ကြားသင့်သလောက် ကြားခဲ့ပြီ
ပြီ .. သမီးလေးဟာ အရွယ်နဲ့မမျှအောင် ခွင့်လွှတ်
ဆိုတာ ဖေဖေ .. သိလာရလေလေ .. ရင်ထဲ .. နော
ဖြစ်ရလေလေပါ .. ဒါ .. ဖေဖေ့သွေးပဲ ဆိုတာလော
တော့ ဖေဖေ သိနေသင့်တာပေါ့ .. သမီးမေမေ အ
နာကြည်းနေလေသမျှ .. ဖေဖေ့သွေးကို .. ဖေဖေ
တာ .. နာခဲ့တာ .. ဖေဖေ လူကြီးမဆန်တာပါပဲ .. အ
မဆန်တာပါပဲ .. သမီးလေးက .. ဖေဖေ့အပေါ်မှာ
လည်ပေးတယ် .. အပြစ်မတင်ဘူး .. လူတွေကြ
ဖေဖေ ခံစားရှာမှာပဲလို့ သမီးလေးက နားလည်ပေး
မှာ .. ဖေဖေက .. သမီးလေးအပေါ်မှာ ယုဇနရဲ့
ယုဇနရဲ့မျက်နှာနဲ့ကျန်ခဲ့တဲ့ ယုဇနရဲ့သွေးဆိုပြီး .. နာ
နေတယ် .. အဲဒါ .. ဖေဖေ ဘယ်လောက်မှားခဲ့တဲ့
ဖြစ်နေလဲ .. ဟင် .."

ဖေဖေ ဆက်တိုက်ပြောနေသမျှ ပျို့လေး နား
နေသည်ပါပဲ .. ။ ဖေဖေ ပြောချင်သမျှ ပြောနေစေ .. ။ နား
၍မဝနိုင်သည့် ပျို့လေးအဖြစ် ရှိနေရမည်သာ .. ။ ရင်ထဲမှ
တိတ်စွာ သတိရမိသည်က .. မေမေ .. ။ ဟုတ်သည် .. ။ မေ



"ဖေဖေ .. သမီးအပေါ်မှာ .. နားလည်သွားပြီ မေမေ .. သမီးကို .. အရင်တုန်းကလိုပဲ .. ပြန်ချစ်တော့မယ်ထင်ပါရဲ့ မေမေ .. အဲသလို .. ဖြစ်မယ်လို့ မေမေ ယုံတယ် မဟုတ်လားဟင် .. ဘာပဲဖြစ်ဖြစ် .. ဘွားကို မေမေမသတ်ဖူးလို့ ပျို့လေး ခုထိယုံနေဆဲပါပဲ မေမေ .. ခု .. ဖေဖေ့ရင်ခွင်မှာ သမီးရှိနေပြီ မေမေ .. မေမေ စိတ်ချလိုက်တော့နော် .. စိတ်ချလိုက်တော့နော် .."

ဟု အမေ၏ ကျန်ရစ်ရာ အုတ်ဂူလေးဆီသို့ပင် ယခုတိုင် မရောက်ဖြစ်နိုင်ပါလေသော ဘဝတွင်းမှာ ရှိနေရဆဲ ပျို့လေး .. မေမေ့ကို တမ်းတရင်း ရင်ထဲမှ တောက်လျှောက်ပြောနေမိရ။

မျက်ရည်ချရနှင့်ပါ .. ။

"ဒီနေ့ .. ဖေဖေ .. အလုပ်က စောပြန်ချင်နေတယ် သမီး .. သမီး ဂုဏ်ထူးနဲ့ စာမေးပွဲအောင်တယ် ဆိုကတည်းက .. ဖေဖေ့ရင်ထဲမှာ .. သမီးတစ်ယောက်အပေါ် ကျေနပ်ကြည်နူး ဂုဏ်ယူနေတဲ့ အဖေရဲ့စိတ်တွေက .. ပြည့်သိပ်နေကြတယ် .. တကယ်တော့ .. ဖေဖေဟာ .. သမီးမေမေ့ကို နာနေတဲ့စိတ်နဲ့ .. သမီးလေးအပေါ် .. ခပ်ခွာခွာနေခဲ့ပေမယ့် .. သမီးဟာ ဖေဖေ့သမီး ဆိုတာကိုတော့ .. ဖေဖေ့ရင်ထဲက ဖယ်ထုတ်ပစ်လိုက်နိုင်ခဲ့တာမှ မဟုတ်ဘဲ သမီးရယ် .. ဒါကြောင့် .. ဖေဖေ .. ဒီနေ့မှာ .. သမီးဆီကို ပြန်ချင်နေတယ် .. ပြန့်လဲပြန်လာမိတယ် .. ဒီကိုရောက်တော့ ဖေဖေ .. ဒီအဝတ်တစ်ထပ်ကြီးရယ် .. ဒီအခန်းကျယ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးထဲက .. မရှိသလောက် ဖြစ်နေတဲ့ အခင်းအကျင်းရယ်ကိုကြည့်ပြီး .. မမလတ် .. ဘာလုပ်နေတယ်ဆိုတာ နားလည်ပြီးသွားပြီ .. နေဦး .. ဘာမှဝင်မပြောသေးနဲ့ဦး .. ဖေဖေ ပြောမယ် သမီး .. စောစောက .. သမီးပြောခဲ့တဲ့အထဲမှာ ပါတယ်လေ .. ဖေဖေဟာ .. စီးပွားရေးမှာအောင်မြင်နေတဲ့သူလေ၊ ဒီအခန်းကိုမြင်တာနဲ့ .. ဒီအဝတ်ထုပ်ကြီး မြင်တာနဲ့ .. သမီးဟာ .. ဒီငှဝါမြို့မှာ .. ဘယ်လိုနေနေရတယ်ဆိုတာ ဖေဖေ ချက်ချင်းသိခဲ့ပြီးပြီ။ ပြီးတော့ ဘာဆက်သိရသလဲ ဆိုတော့ .. အရွယ်နဲ့မမျှအောင် သည်းခံနားလည်ပေးတဲ့ .. အတိုင်အတောလဲမရှိတဲ့ သမီးလိမ္မာလေးပါလားဆိုတဲ့ အရာကိုပါ ဖေဖေ ဖမ်းဆုပ်သိလိုက်နိုင်တယ် သမီး .. ဒီနေ့ကစပြီး .. ဦးရန်လင်းအောင်ရဲ့သမီးဟာ .. ဒီငှဝါမြို့မှာ .. ဖေဖေ့မျက်စိအောက်မှာ အရိပ်ကြည့်ခံနေတဲ့ သမီးတစ်ယောက်အဖြစ် .. ရှိနေရလိမ့်မယ် .. ကဲ .. လာ .. လာ .. ဖေဖေ့ဘေးမှာပဲထိုင်လိုက်တော့ .. ထိုင်လိုက်တော့ ..”

ဟု ဖေဖေ တည်ငြိမ်ရင့်ကျက်လွန်းစွာ ပြောလာနေတော့ မိပျို ခေါင်းလေးခါ၍ ..

“ခုလိုပဲ .. ဖေဖေ့ရှေ့ ကြမ်းပြင်မှာပဲ မိပျို ထိုင်ချင်ပါတယ် ဖေဖေ .. ခုလိုပဲ .. ဖေဖေ့ ခြေအစုံကို ဖက်တွယ်ထားချင်ပါတယ် ဖေဖေ ..”

ခေါင်းလေးမော့ရင်း ပြောစဉ်ခိုက် မျက်ရည်ကဖြာခနဲကျ၏။ ဩော် .. နှစ်နှင့်ချီ၍ .. ရင်ထဲမှာ တောင့်တလွန်း



..ှ ’ရှိရပါသည့် ခံစားချက်များစွာတို့ကဖြင့် မျက်ရည်များနှင့်အတူ ဖေဖေ့ကို .. ပြောပြနေကြပါချေလိမ့်မည် ..။

ဖေဖေ ကိုယ်ကိုကိုင်းလိုက်ကာ ဆံစလေးတွေကို ..န်ခါနေသည့် လက်အစုံဖြင့် ဖေးသစ်လာကြလေသမျှကိုလည်း မျက်ဝန်းတွေပိတ်ချ ..။ ပိတ်ချထားပါသည့် မျက်ဝန်းမျက်တောင် ..ကိုဖြတ်၍ မျက်ရည်တွေ ကျလာလေသမျှကိုလည်း မတားသာ ..ာသည်မို့ လွှတ်ချခွင့်ပေးလိုက်ရင်း မိပျို ဖေဖေ့ခြေအစုံကို ..လွှတ်တမ်း ဖက်တွယ်ထားမိရပါချေသည်တကား ..။

“စိတ်ကိုလျှော့ချလိုက် သမီး .. ပြီးတော့ .. ဒီခံစားချက်တွေ အားလုံးကို .. မေ့ပစ်လိုက်တော့ .. နောက်ကို .. ဖေဖေတို့ .. ပျော်ပျော်နေကြတာပေါ့ သမီးရယ် .. သမီးလေး .. ဖေဖေ့အပေါ်မှာ နားလည်ခံစားရင်း ပြောပြပေးတဲ့စကားတွေကြောင့် .. ဖေဖေ .. ပိုပြီး .. နောင်တဖြစ်ရတယ် .. သမီးလေးလောက်တောင်မှ .. ဖေဖေ မရင့်ကျက်ခဲ့ပါလားလို့လေ .. ကဲ .. မျက်ရည်တွေ သုတ်လိုက်ကြရအောင် .. လက်ဝတ်လက်စားလေးတွေ ပြစမ်း သမီး .. ဖေဖေ ကြည့်ချင်တယ် .. အဝတ်လေးတွေလဲ အင်ကြင်းမေနဲ့ ဖေဖေ ဝယ်ခိုင်းခဲ့တာ .. ပြစမ်း .. နောက်ထပ်လဲ .. ဖေဖေ ဝယ်ပေးဦးမယ် .. ကဲ .. ပြ ..”

ဟု .. စိတ်တွေ အပျော်ဘက်သို့ကူးအောင် ဖေဖေ ..ပြာနေရှာမှန်း သိနေလျက် .. ပျိုလေး .. ဖေဖေ့ကို မော့ကြည့်..င်း .. ဖေဖေ့လက်တွေဖြင့် ဖွဖွသုတ်ပေးနေသည့် မျက်ရည်တွေ..ထိန်းရင်း ခေါင်းလေးကို ညိတ်ပြလိုက်မိရပါသတည်း ..။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ကြည်နူးချမ်းမြေ့ခြင်းက တိုးဝင်နေကြ
သည်က ... ဤ .. ဘဝကို ... ပြန်၍မဆုံးရှုံးပါရစေနှင့် ... ဟူ သော
ဆုတောင်းနေခြင်းဖြင့်ပါတကား ...။

ဟုတ်သည် ...။ မဆုံးရှုံးရပါစေနှင့် ... ဖေဖေရယ် ...

* ❤ *



## အခန်း(၉)

လုံမေပို့ ဘဘသော် ရှိရာသို့ ဓာလေးဖြင့် လျှောက်လာခဲ့ခြင်းပါ ...။ မေမေ့စာကို ပျိုလေး ဖတ်ချင်လှပါပြီ ...။ ဖေဖေ အပြင်သို့ ကားလေးဖြင့် တစ်ယောက်တည်း မောင်းထွက်သွားလိုက်ချိန်မှာ ပျိုလေး ဘဘသော်ရှိရာသို့ သုတ်သုတ်လျှောက်လာခဲ့ခြင်းပါ ...။

ကြီးလတ်လည်း အခန်းထဲမှာ မမကြီးနှင့် မမလေးကိုခေါ်၍ ဘာတွေကျိတ်ပြောနေသည် မသိရ ...။ အခန်းတံခါးက အစေ့ပိတ်ထားကာ ပြောဆိုနေကြပုံရတာမို့ ပျိုလေး ပို၍စိတ်လက်ပေါ့ပါးသွားခဲ့ရပါသည့်အဖြစ် ...။ အရေးကြီးသည်က ကြီးလတ် အပြင်ပြန်မထွက်လာသေးခင်မှာ ဘဘသော်ထံမှ မေမေ့စာကို ပျိုလေး ယူထားလိုက်နိုင်ပြီး ဖြစ်ဖို့ပဲလိုသည်။ ဘဘသော် ခမျာမှာလည်း မေမေ့စာကိုအပ်ဖို့ကိစ္စ ကြီးလတ် မသိစေ့ချင်မှန်း ပျိုလေး သိနေရသည် မဟုတ်ပါလား ...။

ဘဘသော် ရှိရာ ပန်းခြံလေးဆီသို့ ပျိုလေး ရောက်သွားစဉ်ခိုက် ပျိုးပင်ထုပ်လေးတွေမှာ ပေါင်းပင်ပေါက်လေးတွေ

www.burmeseclassic.com

www.burmeseclassic.com



စိမ်းမြမြ ပေါက်နေလေသမျှ ပေါင်းနုတ်နေပါသည့် ဘဘသော်ကို တွေ့ရပါ၏။ ဥယျာဉ်လေးမှာ ဘဘသော် ရှိမနေ ..။ ပျိုးဆောင်လေးမှာရှိနေခြင်းပါတည့် ..။

"ဘဘသော် .. စာ .. စာ .. မေမေ့စာ .. ပျိုလေး ဖတ်ချင်လို့ပါ .. ကြီးကြီးလွတ်တို့အားလုံး အခန်းထဲမှာ ဘာလုပ်နေကြတယ် မသိဘူး ဘဘ .. အခန်းတံခါးချက်ကအစ အထဲကပိတ်ထားတာ .. ပျိုလေး .. အဲဒီတံခါးနားအထိ သွားပြီး .. ကြောက်ကြောက်နဲ့ မသိမသာလေ တွန်းကြည့်ခဲ့တာပါ .. သူတို့ တံခါးကို ပျိုလေး အဲသလို ဘယ်တုန်းကမှ သွားတွန်းကြည့်တာမျိုး မလုပ်ခဲ့ဖူးပါဘူး ဘဘရယ် .. ဒီတစ်ခါတော့ နောက်ကြောင်းအေးရအောင် .. လုပ်ခဲ့မိတာပါ .. ကြီးလတ် အလစ်မှာလာဖို့ အရိပ်အခြေ တောက်လျှောက်ကြည့်နေခဲ့တာပါ .. ကြီးလတ် .. မမကြီးနဲ့မမလေးကို အခန်းထဲ ခေါ်သွားပြီး တံခါးကိုပိတ်ထားလိုက်တာမြင်တော့ .. ခြေသံမကြားအောင် အဲဒီကိုသွား .. တံခါးတွန်းကြည့်ခဲ့ပြီးမှ .. တံခါးကအစ ပိတ်ထားတာမို့ .. ကြာကြာ အဲဒီမှာ ရှိနေကြမှာပဲလို့ တွက်ဆမိပြီး .. ဘဘဆီကို လာခဲ့ရတာပါ .. လုပ်ပါ ဘဘရယ် .. စာ .. မေမေ့စာ .. မြန်မြန်လေးပေးပါ .. သွားကြရအောင်နော် .. ဘဘအိမ်လေးကို .."

ဟု ဘဘ၏လက်ကိုဆွဲ၍ စိတ်ဇောဖြင့် ပြောနေတော့ ဘဘသော် ခမျာ မြေကြီးတွေ ပေနေသည့်လက်ကို ရေတိုင်ကီမှာ သွားဆေးနေတာမျိုးပင် မလုပ်တော့ပဲ .. တကယ့်ကို ချက်ချင်း



ကြီး အိမ်ငယ်လေးဆီသို့ ပျိုလေးနှင့်အတူ သုတ်သုတ်လိုက်လာခဲ့ရရှာသည်ပါပဲ ..။

ဘဘသော် နေသည့် ဥယျာဉ်မှူးလေး၏ အိမ်လေးကလည်း တစ်ထပ် အုတ်တက် သွပ်မိုး အိမ်ငယ်လေးပါ ..။ အနီရောင်ဆေးသုတ်ထားသည့် သွပ်မိုး အိမ်လေးမှာ ဘဘသော်၏ စိတ်ကူးတရ သေချာသုတ်ထားသော ပြတင်းပေါက်ပေါင် မီးခိုးရောင်နှင့် တံခါးရွက်ပြာပြာလေးတွေဖြင့် ချစ်စရာလေး ဖြစ်နေတာကတော့ အမှန်ပါ ..။ ခန်းဆီးစပြာပြာလေးတွေကလည်း သန့်ပြန့်အလှကြိုက်သော ဘဘသော် သေချာမီးပူတိုက်၍ တပ်ထားတာမို့ လေအတိုက်မှာ တလွင့်လွင့်ဖြင့် အိမ်လေးနှင့်အပြိုင် မြင်ကွင်းကိုလှပနေစေသည်ပါပဲ ..။

တစ်ကိုယ်ရေသမား ဘဘသည် ဥယျာဉ်မှူးပီပီ .. ပန်းတွေကို ချစ်တတ်လျက် .. စိတ်ထားလည်း အေးချမ်းသူပါ ..။ ဤတစ်ထပ်အိမ်လေးကဖြင့် ဘဘသော် အတွက် ကျယ်ပင်ကျယ်နေသေးသည့်အဖြစ် ..။ အိမ်ရှေ့မှာ ဘဘသော် စိုက်ထားသည့် စံပယ်ရုံတန်းလေးက စိမ်းမြမြ ရှိနေကြသည်ပါပဲ ..။

"ပျိုလေးရဲ့မေမေက .. စံပယ်ကို သိပ်ချစ်တာ .. ပွင့်ပြီဆိုတာနဲ့ ဘုရားပန်းပူဇော်တယ် .. သူလဲ သီကုံးပြီးပန်တယ် .. သတိရလိုက်တာကွယ် .. အင်း .. ကံအဆိုးသတ် .. မကောင်းပေဘူးနော် .."

ဟု ဘဘသော် တစ်ချက်ညည်းသည်။ ပျိုလေး ငိုင်ထဲ နင့်ခနဲ ခံစားရလျက် စံပယ်ရုံတန်းကို ငေးကြည့်မိရပြန်ပါပြီ ..။ မေမေ စံပယ်ပန်းကြိုက်တာ ပျိုလေး သိသည်ပေါ့ ..။

www.burmeseclassic.com

www.burmeseclassic.com



မေမေသည် စံပယ်ပန်းလေးတွေကို ရေသန့်စင်အောင်ဆေးကာ သီကုံးလျက် ဘုရားစင်မှာချိတ်ဆွဲ၍ ပူဇော်တတ်သည်။ မေမေ့ ဆံထုံးနက်နက်လေးထက်မှာ ခွေပတ်ဝိုက်၍ ပန်တတ်သည်။ မေမေ ကြိုက်သည့်ပန်းထဲမှာ စံပယ်ပန်းလည်း ပါသည်။ နှင်းဆီပန်းလည်း ပါသည်။ ပြီးတော့ .. စံကားပန်း ..။ မေမေနှင့်အတူ နေရစဉ်တိုင်း .. မေမေ့ ရင်ခွင်မှာ မှေးမှိန်ခွေနေချိန်တိုင်း .. မေမေ ပြောပြသော ပုံပြင်လေးတွေကို စိတ်ဝင်စားစွာ နားထောင်နေရတိုင်း ..။ ပြော် .. မေမေ သချာလေးတွေ တွက်ပြ သင်ပြပေးတတ်တိုင်း .. ပန်းရနံ့ တစ်မျိုးမျိုးကိုတော့ ပျိုလေး ရှူရှိုက်ရစမြဲ ..။ စံပယ်ရနံ့ ..။ နှင်းဆီရနံ့ ..။ စံကားပန်းရနံ့ ..။

ပန်းတွေကို ချစ်မြတ်နိုးသော မေမေ ..။ စိတ်ထားနူးညံ့အေးချမ်းသော မေမေသည် .., မေမေချစ်သော ဖေဖေ .. မေမေချစ်သော ပျိုလေးတို့ကိုသော်မှ နောက်ဆုံးအချိန်လေးမှာ မမြင်ခဲ့ရှာပဲ ကွယ်လွန်ခဲ့ရရှာချေသည်တကား ..။ မေမေသည် .. ပျိုလေးကို ရင်ထဲမှ အဘယ်မျှထိ တမ်းတသွားရရှာချေမည်မသိ ..။ အဘယ်မျှ မြင်ချင်ဇောကြီးခဲ့ ရှာချေမည်မသိ ..။ အတွေးသည် .. ရင်ကို နင့်ခနဲ ဖြစ်စေ၏။ ပြော် .. ဤခံစားချက် .. ဤအတွေးတို့သည် .. ယခုမှ ပျိုလေး၏ရင်ထဲသို့ တိုးဝင်ကြေကွဲနေစေခဲ့တာ မဟုတ် ..။ အကြိမ်ပေါင်းများစွာ .. မရေမတွက်နိုင်သည့်တိုင်မျှ .. အခါခါတွေးမိရ .. ကြေကွဲရ .. ရင်ထဲဆို့နင့်နေနေရနှင့်ပါ ..။

ဘဘသော် ရေတိုင်လေးမှာ လက်သွားဆေးသည်။ ခြေထောက်ကိုလည်း ထပ်၍ ရေတိုင်မှာ ခပ်သုတ်သုတ်ဆေးသည်။



...ထဲ ဘဘသော် ဝင်တော့ ခြေသုတ်ဖုံမှာ ခြေထောက်ကို သေ...သုတ်နေသေးသည်။ အသန့်အပြန့်ကြိုက်သော ဘဘသော်သည် ...ကမ်းတကျလည်း အရမ်းနေရတတ်သူပါ ..။ ပျိုလေးလည်း ...ထောက်ကို အထပ်ထပ် ခြေသုတ်ဖုံမှာ သုတ်ပြီးမှ ဧည့်ခန်း...လေးသို့ ဝင်ရပါ၏။ အိမ်ဦးခန်းနေရာမှာ ဘုရားစင်သည် ...ဘဝေဝေဖြင့် ရှိနေပါ၏။

ပျိုလေးဘုရားကန်တော့နေခိုက် ဘဘသော်အခန်း... ဝင်သွားပါ၏။ မကြာလိုက် ..။ ဘဘသော် ပြန်ထွက်လာ...။ သင်ဖျူးဖျာလေးထက်မှာ ထိုင်နေပါသည့် ပျိုလေးရှေ့မှာ ...ထိုင်ပါ၏။ ပျိုလေး စိတ်လှုပ်ရှားစွာ ဘဘသော်၏လက်ကို ...ည့်လိုက်တော့ လက်ထဲမှာ ဘာမျှပါမလာ ..။ ပျိုလေး မျှော်...ထားသည်က .. စာတစ်စောင် ..။ မလွဲမသွေ မြင်ကိုမြင်ရချေလိမ့်...ဟု မျှော်လင့်ထားပါသော စာအိတ်တစ်အိတ်သည် ဘဘသော် ...လက်ထဲမှာ ပါမလာခဲ့ ..။ နားမလည်စိတ်ဖြင့် ဘဘသော်ကို ...သေး ကြည့်မိရပါပြီ ..။

ဘာလို့စာကို ယူမလာခဲ့ရတာလဲ ဘဘရယ် .. ဟု ...မေးရန်ပင် မလိုတော့သည့် အကြည့်လေးတွေထဲမှာ မေးခွန်း...တွေက ရောနှောပါနေကြပါသည့်အဖြစ် ..။

ဘဘသော် လက်ညှိုးထောက်ပြသည်။ လက်ညှိုးလေး ...တိုသည့်လှုပ်ရှားပြသည်။ သဘောက ဘာမှမပြောနဲ့ဆိုသည့် ...သော ဖြစ်နေသည်။ ပျိုလေး ခုမှသတိရလာသည်က မိစီ ..။ ...သည် ..။ မိစီကို ပျိုလေး မေ့သွားခဲ့သည်ပဲ ..။ ခု .. ပျိုလေး ...သော်ထံ ရောက်နေသည့်ကိစ္စကို လိုက်မချောင်းပဲ နေမှင်မှနေ

www.burmeseclassic.com

www.burmeseclassic.com



မည် ..။ ကြိုးလတ်က ဘယ်တော့မဆို .. ပျိုလေးနှင့် ပတ်သက်လာလျှင် အစစ အရိပ်နှယ်လိုက်၍ ကြည့်ကြည့်နေခိုင်းသည်က လက်သုံးတော် မိစီ မဟုတ်ပါလားလေ ..။

ဘဘသော် မီးဖိုဆောင်လေးထဲ ဆင်းသွားသည်။ ပြန်လာတော့ ကြွေပန်းကန်လေး တစ်လုံး ပါလာ၏။ ပျိုလေး၏ လက်ထဲ ထည့်ပေးလာတော့ အလိုက်သင့် ယူလိုက်ရသည်ပါပဲ ..။

"နည်းနည်းတော့ ငရုတ်သီးစပ်တယ် ပျိုလေးရေ .. မနှင်းကို ပြောလိုက် .. ဘဘသော် လက်ရာ ငါးပိထောင်းထက် ပိုကောင်းတယ်လို့ ဘယ်တော့မှ မကြွားနဲ့လို့ .. ပျိုလေး စားကြည့်ပေါ့ .. မနှင်း လက်ရာနဲ့ ဘဘလက်ရာ ဘယ်ဟာပိုကောင်းတယ်ဆိုတာ .. ဆုံးဖြတ်ပေး .. ဒီနေ့ မနှင်းက ဘဘကို ကြွားနေတာလေ .. သူ့လက်ရာ ငါးပိထောင်းဆိုတာကို ဘယ်သူမှ မမီဘူးတဲ့ .. ဒီမယ် .. ပုဇွန်ခြောက် နိုင်နိုင်နဲ့ ထောင်းထားတဲ့ ငါးပိထောင်း .. ပျိုလေး စားကြည့် .."

ဟု မှင်သေသေနှင့် ပြောနေတော့ ပျိုလေး ခေါင်းလေးညိတ်၍ ..

"ဟုတ်ကဲ့ပါ ဘဘ .. ခဏတော့ နေလိုက်ဦးမယ် ဘဘရယ် .. နောက်တော့မှပဲ ဒေါ်ကြီးနှင်း,ဆီ ယူသွားလိုက်တော့မယ် ဒီပန်းကန်ကို .."

ဟု ပြောတော့ ဘဘသော် ခေါင်းညိတ်ကာ ..

"ထိုင်ကြတာပေါ့လေ .. ဘဘလဲ ခဏပြန်နားချင်နေတာ .. ဘယ်လိုလဲ .. လက်ဖက်သုပ်စားမလား .. ဘဘသော်



ဈေးထဲက လက်ဖက်ဘူးလေး ဝယ်လာတယ် .. ပျိုလေး စိတ်ကြိုက်သုပ်စားပါလား .. ဘဘလဲ လိုက်စားတာပေါ့ .."

ဟု ပြောလာတောတော့ ပျိုလေး ခေါင်းလေးညိတ်ပြပါ၏။

ထိုအခိုက်လှေကားခြေရင်းမှာ မိစီ ပေါ်လာသည်။ အိမ်ထောင့်နေရာလေးမှာ စောင့်ချောင်း နားထောင်ခဲ့ပြီးပြီဆိုတာကို ပျိုလေး အလိုလို နားလည်သဘောပေါက်ထားလိုက်ပြီးပါပြီ ..။

"ဟဲ့ .. မိစီ .. လာ .. လာ .. အတော်ပဲ .. ဘဘလက်ဖက်သုပ်စားမလို့ဥစ္စာ .. ညည်းလက်ရာက ပိုကောင်းတယ် .. သုတ်စမ်း မိစီ .. ဘဘ လက်ဖက်ဘူး ယူပေးမယ် .. ဒါနဲ့ .. မမလတ် တစ်ခုခုခိုင်းလို့ လာတာလား .. ဘာခိုင်းလိုက်သလဲ .. အဲဒါဆိုရင် ညည်း လက်ဖက်သုပ်ထားနှင့် .. ဘဘ .. ဟိုကိုသွားပြီး လုပ်ကိုင်စရာရှိတာ လုပ်ပေးပြီးပြန်လာခဲ့မယ် .. ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်စားကြရအောင် .."

ဘဘသော် မှင်သေသေဖြင့်ပြောတော့ မိစီ လက်ဖက်သုပ်အကြိုက်အိုးမှာ မျက်နှာလေး အစားဓောကပ်လျက် ဝင်းသွားသည်ပါပဲ ..။ ပျိုလေး ဝရန်တာဆောင်လေးဘက် ထွက်သွားလိုက်သည်က ဘဘသော် မျက်ရိပ်ပြ၍ပါ ..။ လက်ဖက်ဘူးကိုယူ၍ မိစီကို ပေးပြီးသည်နှင့် ဝရန်တာဘက်သို့ ဘဘသော်လိုက်လာသည်။

"ငါးပိထောင်းပန်ကန်လေး မယူဘဲ ပြန်သွားလိုက် .. ဘဘသော် လိုက်ပေးသလိုမျိုးနဲ့ နောက်က လိုက်လာခဲ့မယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်တိုးတိုးပြောကာ မီးဖိုဆောင်လေးဘက်ဆီသို့ ပြန်ကူးသွားသည့်မို့ ပျိုလေး အိမ်လေးပေါ်မှ ဆင်းလာခဲ့ရပါ၏ ရင်ထဲမှာ ရှုပ်ထွေးပန်းဟိုက်နေရသည်ပါပဲ ..။

သြော် .. ကြီးလာတ်၏ စောင့်ကြည့်ခံဘဝဖြင့် နေ ခဲ့ရပါသည့် ကာလတွေကလည်း မနည်းတော့သည်ပဲလေ .. ငြီးငွေ့သည်နှင့်အမျှ .. တစ်ခါ တစ်ခါ စိတ်ဓာတ်ကျဆင်း အာ ငဲယ်လွှန်းခဲ့ရသည်ပါပဲ ..။

မကြာလိုက် ..။ ဘဘသော် ငါးပိထောင်းပန်းကန် လေးဖြင့် လိုက်လာသည်။

"ဟဲ့ .. မိန်းကလေး ပန်းကန် မေ့နေပြန်ပါပြီ .."

ဟုလည်း မီးဖိုဆောင်ဘက်ဆီလောက်က ကြားနိုင် လောက်သည့် ခပ်ညည်းညည်းအသံဖြင့် ဘဘသော် ပြောခဲ့သေး သည့်အဖြစ် ..။

ပျိုလေးနားရောက်တော့ ပန်းကန်ကို ပေးသည်။ ဘဘသော်၏ လက်ထဲမှာ လိပ်ခေါက်ထားသည့် စာအိတ်တစ် အိတ်သည်လည်း ငါးပိထောင်းပန်းကန်လုံးနှင့်အတူ ရှိနေပါ၏။

"အဲဒီသူငယ်မ .. လိုက်လာတာ ဘဘသော် အိမ်ထဲက လှမ်းကြည့်တော့ တွေ့တာနဲ့ .. စာကိုလိပ်ခေါက်ပြီး ဘဘသော် အိတ်ကပ်ထဲ ထည့်ထားလိုက်တာ .. ကဲ .. ကဲ .. သွား .. ငါးပိထောင်းပန်းကန် ပေးတဲ့အခါကျရင် လဲ .. ဘဘသော်နဲ့ မနှင်းတို့ ငါးပိထောင်း သူကောင်း ငါကောင်းနဲ့ ကြွားကြတာ ဒီမနက်ကတည်းကလို့ .. မနှင်းကို သေချာပြောပြထား .. မှာထား .. မိစီ မမလတ်



ဆီကို သတင်းပို့နိုင်တယ် .. ဘဘဆီကို .. ပျိုလေး လာ တဲ့ကိစ္စ .. သူက အမြဲအဲဒါပဲ လုပ်နေတာလေ .. ပျိုလေး ဘဘဆီကို .. ပန်းလာခူးရင်း စကားပြောနေတာတွေတောင် မှ .. ဘာပြောကြတာလဲဆိုတာ ချောင်းနားထောင်ပြီး သတင်းပို့တတ်တဲ့ မိစီပဲ .. ဘာကြောင့် .. မမလတ် ဒီထိ ပျိုလေးကို တကောက်ကောက် လိုက်လိုက်ကြည့်ခိုင်းတာ လဲ ဆိုတာ ဘဘ အသေအချာ မသိပေမယ့် .. ဘွားဆုံး တဲ့နေ့က .. မမလေး လက်ထဲမှာ ဓားရှိပြီး .. ဘွားညည်းညူ နေတာ ဘဘ မြင်ထားတာဆိုတော့ .. အဲဒီအဖြစ်တွေကို .. ပျိုလေး မေးနေမှာ .. ဘဘ ပြောပြနေမှာကို မမလတ် မကြိုက်ဘူး .. အဲဒီကိစ္စကို .. ပျိုလေးကို ဘာမှထပ်ပြော ပြမနေနဲ့လို့ကို အတိအလင်း ဘဘကို လာပြောဖူးတယ် .. အမေက လူသတ်တယ်ဆိုတာကို ပျိုလေးက မယုံဘူးလို့ .. မနှင်းကို ပြောပြနေတာကို မီးဖိုဆောင်မှာ မမလတ် ရုတ် ခနဲ ရောက်သွားတော့ ကြားခဲ့ဖူးတယ်တဲ့ .. အမေလူသတ် တာဟာ လူသတ်တာပဲပေါ့တဲ့လေ .."

ဟု စိတ်မောသံကြီးဖြင့် ခပ်တိုးတိုးပြောကာ ဘဘ သော် အားပေးသောအပြုံးကို ဖျတ်ခနဲ ပြုံးသည်။ ကရုဏာရိပ် သည် ဘဘသော်၏ မျက်ဝန်းထက်မှာ အထင်းသားရှိ၏။ ဖေဖေ လေးအခန်းသို့ ရောက်လာတာ .. ပျိုလေး ဘဘသော်ကို ပြော လိုက်ချင်သည်ပါပဲ ..။

ဖေဖေ့ကို ကန်တော့ပြီး အိပ်ရာဝင်ခွင့်ကိုလည်း ခြင်ရတော့မည် ဆိုတာကိုလည်း ပြောပြလိုက်ချင်သည်။ ပါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာဆိုတာကို ပျိုလေး စိတ်ထဲ မရဲချင်သေး ..။ စိတ်မချ သေး ..။ အကြောင်းတစ်ခုခုကြောင့် ဖေဖေ စိတ်ပြောင်းသွားခ လျှင် .. ပျိုလေး ပြောပြထားလေသမျှကို အပုတ်မှတ်၍ .. နေရှာမည့် ဘဘသော် စိတ်ပြန်ဆင်းရဲသွားရှာမှာကို ပျိုလေ မလိုလား ..။

ငါးပိထောင်းပန်းကန်လုံးလေးကိုကိုင်၍ ပျိုလေ ငုဝါမြိုင်သို့ ပြန်လာခဲ့ပါ၏။ ဘဘသော်ကတော့ နောက်ကြော ပြန်လှည့်လျှောက်သွားပြီ ..။ လက်ဖက်သုပ် ပြန်လာစားဖို့လည် မှာသွားသေးသည့်အဖြစ် ..။

ပျိုလေး နောက်ဖေးဘက်မှပတ်၍ မီးဖိုဆောင်ထဲ ဝင်သည်။ ကမန်းကတန်း စာအိတ်လေး လိပ်ထားတာကို အ အိတ်ကပ်လေးထဲထည့်သည်။ ပြီးတော့ ငါးပိထောင်းပန်းကန် လေးကိုလည်း အပ်ရ ..။ ဘဘသော် မှာလိုက်သည့် ငါးပိထော ကြွားသည်ဆိုသည့် အချက်ကိုလည်း ကြီးလတ် မေးလာလျှ ရှေ့နောက်ညီအောင် ပြောဖို့ကိစ္စကိုလည်း ခပ်တိုးတိုး မှာရ ရှိသွားရပြီးမှ ဒေါ်ကြီးနှင်းကိုကြည့်တော့ သက်ပြင်းရှိုက်လျှ

"တကယ်က .. ဒီငုဝါမြိုင်မှာ .. သူတို့ကိုသာ .. ပျိုလေ
က လိုက်ကြည့် လိုက်ပြောနဲ့ ဖြစ်နေရမှာ .. ပျိုလေ
အရှင်သခင်ဖြစ်တဲ့ အစ်ကိုလေးရဲ့သမီးပဲဥစ္စာ .."

ဟု မခံချင်ဓာဖြင့် မျက်နှာညိုလျက် ပြောရှာပါ
ပျိုလေး တစ်ချက် တွေခနဲ ငိုင်ခနဲ ဖြစ်ရပါပြ
ကြီးလတ်သည် .. မေမေနှင့် ပတ်သက်လာလျှ
အမြဲအစဉ်တစိုက် ပြောနေတတ်သည်က .. ဘွားကို မေမေသ



သည့်ကိစ္စ ..။ တစ်နှစ်တစ်ခါလည်း မပျက်စတမ်း ဆွမ်းကျွေး တ်လျက် ဘွားအပေါ် အရှမ်းကိုဂရုစိုက်သော ချွေးမဒေါ်လတ် တ်အေး အဖြစ် လူများအမြင်မှာ ပေါ်ထင်နေချင်တတ်လျက် ..။ ဖေ့ အမုန်းတွေ ပျိုလေးအပေါ်မှာ ရှိရှိနေအောင်လည်း အမြဲ စားနေတတ်သူတစ်ယောက် ဖြစ်နေပြန်ကာ ..။ မေမေ့အကြောင်း ေးတွေကို .. အထူးသဖြင့် .. အခွင်းဖြစ်သည့်နေ့က မြင်ကွင်း ဘဘသော်ထံမှ ပျိုလေး ဘာမျှမမေးနိုင်အောင် ဘဘကိုပင် ားတားသည်အထိ ဘာကြောင့် ကြိုးစားနေရပါသတဲ့လဲ ..။ ီးလတ်သည် .. မေမေ ဒေါ်ယုဇနာ၏သမီးဖြစ်သည့် ပျိုလေးကို .. သတ်သမ၏သမီးဆိုကာ အမြဲတမ်း ဆက်ဆံတတ်သည်က .. သတ်သမ၏သွေးဆိုသည့် အချက်ဖြင့်ပါ ..။ ဒါပေမဲ့ .. တစ်ခါ စ်ခါကျတော့လည်း .. ချိုချိုသာသာလေး ပြောနေတတ်တာမျိုး ည်း ကြုံရတတ်ပြန်ကာ ..။ ထိုအခါတိုင်းသည် ဖေဖေ့ရှေ့မှာ နေတတ်တာ များပါ၏။ ဖေဖေ့အမြင်မှာ ကြီးလတ်သည် .. လေးကို ဂရုစိုက်သည်ဟု မြင်နေစေသည့် သဘောမျိုးဘက်ကို နေစေသည့် ဆက်ဆံမှုမျိုး ဖြစ်နေတတ်ပြန်သည်။

"ဒီနေ့ပဲကြည့် .. အစ်ကိုလေး နေပြည့်စုံရဲ့ သစ်ခွမြိုင်မှာ ..
ငါ့ကို .. အရှမ်းစိတ်ဆိုးနေတဲ့ ကြီးလတ် အဖြစ်ရှိနေရာ
က .. ကားပေါ်မှာ မာမာကြီး ပြောနေရင်းက .. သူဟာ ..
ပျိုလေးကို ဗိုင်းကောင်းကျောက်ဖိဖြစ်အောင် .. စေတနာ
နဲ့ အလုပ်လုပ်တတ်အောင် သင်ပေးတာပါလို့ ပြောပြန်
ရော .. ကြီးလတ်ဟာ တစ်ခါတစ်ခါမှာ မာကျောနေတတ်
တယ် .. တစ်ခါတစ်ခါမှာ .. ချိုသာနေတတ်တယ် .. ဘာ

www.burmeseclassic.com

www.burmeseclassic.com



လို့ .. ငါလို .. အမိမဲ့သမီးတစ်ယောက်အပေါ်မှာ ဒီလ
ဆက်ဆံနေရတာလဲ .."

ဟု တွေခနဲဖြစ်၏ ..။ ရင်ထဲ ဆို့တက်လာရနှင့်ပါ ..
တကယ်တမ်းက .. ပျိုလေး .. အပေါ်ထပ်အခန်းသို့ပြန်ကာ
မေမေ့စာကို ဖတ်လိုက်ချင်သည်ပါပဲ ..။

ဒါပေမဲ့ .. ကြာနေလျှင် မိစီ ကျေးဇူးဖြင့် ကြီးလ
မသင်္ကာဖြစ်နိုင်သည်။ လက်ဖက်သုပ်စားဖို့ ပြန်ကိုပြန်မှဖြစ်
မှာမို့ ဘဘသော်၏ အိမ်လေးရှိရာသို့ နောက်တစ်ကျော့ ပြန်သ
လိုက်ရသည် ရှေ့နောက်စကား ညီနေစေဖို့ပါ ..။

ဘဘသော်၏အိမ်လေးရှိ ဧည့်ခန်းလေးသို့ ပျိုလေ
ပြန်ရောက်တော့ မိစီ လက်ဖက်သုပ်ပြီးနေပြီ ..။ ဘဘသော်
ခန်းမှာ ထိုင်နေရင်းမှ ..

"ကြည့်နေ .. ဘဘ လက်ရာ .. မနှင်း စားလိုက်ရတာ
ဝန်ခံလိမ့်မယ် .. ဘဘ ငါးပိထောင်း ဘယ်လောက်ကော
တယ်ဆိုတာလေ .."

ဟု ရယ်၍ပြောစဉ်ခိုက် ..

"ဒေါ်ကြီးနှင်းက ပြောပါတယ်ဘဘ .. အမြဲဟင်းတစ်
နှစ်ခွက် ပို့ပို့ပေးနေတာကျတော့ .. မနှင်းလက်ရာ ကော
တယ်လို့ မပြောဘူးလားတဲ့ .."

ဟု တကယ်လည်း ဒေါ်ကြီးနှင်း ထည့်ပြော
လိုက်သည့် စကားကို အသားတကျ ပြောလိုက်ရသည်က ..
စိတ်ထဲမှာ ခု .. ပျိုလေး ဘဘသော်ထံ ရောက်လာရခြင်းသ
သာမန်ဝင်ထွက်ခြင်းဟူ၍ ယုံကြည်စေဖို့ပါ ..။



ရေနွေးကြမ်းဓာတ်ဘူးကြီး အလယ်တွင်ချ ..။ ထမင်း
ပြုပန်းကန် ကိုယ်စီနှင့် လက်ဖက်ပွဲအလယ်တွင်ချ၍ သူတစ်ဇွန်း
ငါတစ်ဇွန်းဖြင့် စားလိုက်ကြတော့လည်း တကယ့်ကိုပဲ .. မိစီ
လက်ရာ လက်ဖက်သုပ်တစ်ပွဲဖြင့် စားမြိန်သောက်မြိန်နှင့် ဝမ်း
ပြည့်သွားကြရသည်ပါပဲ။ စားသောက်ပြီးကြတော့ မိစီပန်းကန်တွေ
ဆေးတော့ ပျိုလေးလည်း ဝိုင်းမှလိုက်ဆေးသည်။ နှစ်ယောက်သား
ဘဘသော့်ကို နှုတ်ဆက်ကာ တူတူပြန်လာဖြစ်ကြပါ၏။

"ကောင်းတယ်နော် .. လက်ဖက်သုပ်က .."

မိစီ စကားစလာတော့ ပျိုလေး ခေါင်းလေးညိတ်
ပြပါ၏။

"အဝတ်သစ်တွေက လှလားဟင် .. ကြီးလတ် ပြောတယ် ..
သိပ်လှတာပဲတဲ့ .."

ပျိုလေး ထပ်၍ခေါင်းညိတ်ပြပါ၏။ စပ်စုတာ
သနားမြဲလျက် .. ကြီးလတ်ကပါ သေချာကို စပ်စုရေးတာဝန်
ခံနှင်းထားတာမို့ မိစီ ဆိုတာ ဘယ်တော့မဆို .. ပျိုလေးကို
စပ်စုစု လုပ်သည့်ကိစ္စမျိုးမှာ အတင့်ရဲတတ်သူပါ ..။

"ဒီနေ့တော့ ငါးပိထောင်းနှစ်မျိုးနဲ့ ထမင်းစားရမယ့်နေ့
ပဲ .."

ဟု သံသယကင်းစွာ မိစီ ပြောလာသည်မို့ ပျိုလေး
ရင်ထဲ ပေါ့သွားရပါပြီ ..။ ငါးပိထောင်းပြိုင်ပွဲဟု မိစီ ယုံသွားပုံ
ပါ၏။

ဘဘသော်လည်း ဥယျာဉ်ဘက်ဆီသို့ လျှောက်သွား
နေတာကို လှည့်ကြည့်တော့ ပျိုလေး တွေ့ရပါ၏။ မေမေ့စာကို

www.burmeseclassic.com

www.burmeseclassic.com



မပျောက်မပျက်ရအောင်လည်း ထိန်းသိမ်းထားလျက် ..။ တကယ်ကိုလည်း မေမေ့ဆန္ဒကို ဖြည့်ဆည်းတာဝန်ကျေစွာ ဘဘသော် မေမေ့စာကို ပျိုလေး လက်ထဲရောက်အောင် ပေးခဲ့သည်မို့ ..။ ဘဘသော်ကို ပျိုလေး ကျေးဇူးတင်ရပါသည် ..။

"ဟယ် .. ဟိုမှာ .. ကားကြီးတစ်စီး .."

ဟု မိစီ ပြောတော့ ပျိုလေး လှမ်းကြည့်မိရပါ၏။ ဖေဖေ့ အလုပ်ရုံသုံးကားကြီးမှန်း သိသာနေသည်။ ကားကြီးက ခြံတံခါးရှေ့မှာရပ်လျက် ဟွန်းတီးနေတာမို့ ဘဘသော် ဦးယျာဉ် ဆီသို့မသွားတော့ဘဲ ပြေး၍တံခါးဖွင့်ပေးနေတာကို မြင်ရပါ၏။

ကားကြီးဝင်လာတာ ..။

ကားပေါ်မှာ အလုပ်သမားတွေ ဆင်းလာကြတာ ..။

အသစ်စက်စက် .. ဆိုဖာဆက်တီကြီးတွေ ..။ မှန်တင်ခုံတွေ ..။ ခုတင်တွေ သယ်ချနေကြတာကို ပျိုလေး မြင်နေရတော့ မှင်တက်ကြည့်နေမိသည်။

ကားပေါ်မှပစ္စည်းတွေ ချချလာတာက မကုန်သေး ..။ တီဗီစင်တွေ ..။ တီဗီကြီးတစ်လုံးနှင့် လှပသော မတ်တတ်မီးအုပ်ဆောင်းတွေ သယ်ချနေကြဆဲ ..။

ဟော .. နောက်ထပ်ချလိုက်သည်က .. လှပသော ဒီဗီ တစ်လုံး ..။

ခြံတွင်းသို့ ကားတစ်စီး ဝင်လာသည် ..။

ဖေဖေ့ကားပါတကား ..။

❋ ❤ ❋



## အခန်း(၁၀)

မြင်ကွင်းကို ငေးစိုက်ကြည့်နေခိုက် ကိုယ့်အခန်းတွင်းသို့ ကိုယ်ဝင်နေသည့် ခံစားချက်ပင် မရှိရဲ ..။ လုံးဝပြောင်းလဲခြားနားသွားသော နေရာလေးတစ်ခု၏ တံခါးဝမှာ ရပ်နေရသည့်နှယ်ရှိ၏။ ဘေးတွင် ရပ်လျက်ရှိနေပါသော ဖေဖေသည် ကြည်နူးပြုံးဖြင့် ပျိုလေးကို ငုံ့မိုးကြည့်နေပါ၏။ ဟုတ်သည် ..။ ပျိုလေးဘဝမှာ အပြောင်းလဲဆုံးသော အဖိုးမဖြတ်နိုင်သည့် အရာတစ်ခုရှိနေသည်။ ထိုအဖြစ်သည် .. ခုလို .. ပျိုလေးဘေးမှာ ဖေဖေ ပြုံးလျက်ရှိနေသည့် အဖြစ်ပါတည့် ..။ ပျောက်ဆုံးခဲ့ .. ဆုံးရှုံးခဲ့ရလျက် .. ဘယ်သောအခါတွင်မျှ ပြန်လည်ပိုင်ဆိုင်နိုင်တော့မည် မဟုတ်ဟု ကြေကွဲနားလည်ထားခဲ့ရပါလေသော အဖြစ်တစ်ခုသည် .. ပြန်လည်၍ ပျိုလေးထံမှာ ဖြစ်တည်ပိုင်စိုးခွင့် ရရှိခဲ့ချေပြီတကား ..။

ဟုတ်သည် ..။ ပျိုလေး ငယ်စဉ်က ဖေဖေ့ထံမှရရှိခဲ့ပါလေသော ချစ်ခြင်းများကို .. ဘွား ကွယ်လွန်သည့်နေ့မှာ ..

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ကြောက်မက်ကြေကွဲဖွယ် ဆုံးရှုံးခဲ့ရလျက် ..။ ယခု .. တစ်ဖန်လည်း၍ ရရှိခွင့်ကို ကံကြမ္မာက ထောက်ညှာဖေးကူစွာ ပျိုလေးကို အပ်နှံပေးခဲ့ချေသည်ကောလေ ..။

"ဒါ .. သမီးရဲ့အခန်းပဲ .. သမီးအခန်းထဲမှာ ရှိနေသင့်တဲ့ ပစ္စည်းတွေပဲ .."

ဟု ဖေဖေ ပြောလာတော့ ပျိုလေး တွေတွေလေး ကြည့်နေဆဲ ..။

လှပသော အဝတ်ဗီရို ..။ သြော် .. လှပါသည့် ဆိုဖာဆက်တီတစ်စုံ ..။ အပြာရင့် အခံတွင် အစိမ်းခက်များ ဝေ ယှက်နေပါသော သားမွေးကော်ဇောကြီးတစ်ချပ် ခင်းကျင်းထားရာ အခန်းကျယ်ကြီးသည် အားလုံး ပြောင်းလဲနေပြီ ..။ အပြာရောင်မီးအုပ်ဆောင်းတပ် ညအိပ်မီးတိုင်ရှည်တစ်လုံးဘေးတွင် ရှိနေပါသည့် ခုတင်ကြီးသည်လည်း အသစ်။ အပြာရောင်ဖဲအိပ်ရာခင်းနှင့် ယုန်မွေးစောင်ပြာပြာလေးသည်လည်း အဖြူရောင်ပန်းပွင့်ကြီးများ ဖောင်းကြွနေလျက် အသစ်စက်စက် ..။ ဖဲသားခေါင်းအုံးစွပ်များသည်ပင်လျှင် အပြာရောင်အခံတွင် အဖြူရောင်ပန်းပွင့်ခက်ကြီးများ ပိုးချည်ဖြင့်ထိုးထားလျက် လှပနေသည်ပါပဲ ..။

"ဒါ .. ပျိုလေးရဲ့ အိပ်ရာတဲ့လား .."

ဟု ငေးခနဲ ကြည့်ရင်း ရင်ထဲမှာ အံ့သြရိုန်ကြီးနေဆဲ ..။ အဘယ်မျှ ခြားနားနေပါသလဲ။ ခုတင်ငယ်တစ်လုံးထက်မှာရှိသော အိပ်ရာအခင်းအကျင်း တစ်ခုသည် မူလနေရာမှာ ပျောက်ကွယ်သွားခဲ့ပြီတဲ့လားလေ ..။ အလှတင်ပန်းခုံထက်မှာ



အဖြူရောင်နှင်းဆီပန်းတို့ မြိုင်နေအောင် ထိုးထားသော တရုတ်ပြည်လုပ် ကြွေပန်းအိုးကြီး ရှိနေ၏။ စာကြည့်စားပွဲသည် ခပ်ကြီးကြီးရှိလျက် စာအုပ်စင်လေးက ဘေးတွင် တောက်ပသစ်လွင်စွာ ပန်းကနုတ်ထွင်းလက်ရာ အနားသတ်တို့ဖြင့် ငါးဆင့်စီထောင်နိုင်သော စာအုပ်များကို အသင့်စောင့်ဆိုင်းနေပြီ ..။

တီဗီစင်ထက်မှာ နှစ်ဆယ့်ကိုးလက်မ တီဗီကြီးရှိနေလျက် ..။ ဒီဗီဒီစက်တစ်လုံးက စင်ထက်မှာရှိနေ၏။ ကွန်ပျူတာတစ်လုံးကလည်း ကွန်ပျူတာခုံလေးထက်မှာ ရှိနေသည်။ အားလုံးသည် အသစ်တွေချည်း ..။ အခန်းနံရံမှာ ပန်းချီကားချပ်များချိတ်ထားလျက် ..။

ခေါင်းရင်းဘက်တွင် ဖေဖေ့ဓာတ်ပုံနှင့် ဘိုးဘိုး .. ဘွားဘွားတို့၏ ဓာတ်ပုံကြီး ချိတ်ထားသည်။ ပျိုလေး မျက်ရည်လည်တက်လာပါပြီ ..။ သြော် .. ဖေဖေသည် .. ပျိုလေး ဆိုတာ ဖေဖေ့သမီး ..။ ဘွား၏မြေးတစ်ယောက် ဖြစ်နေသည်ပဲ .. ဆိုသည့် အသိကို .. မေမေ့အပေါ် နာကြည်းနေမှုများအပေါ် လွှမ်းခြုံပစ်လိုက်နိုင်လျက် ..။ ဤဓာတ်ပုံကြီးများကိုပင် ပျိုလေး၏အခန်းနံရံမှာ ချိတ်ထားခဲ့ချေပြီတကား ..။

ပျိုလေး ကွယ်လွန်ခဲ့ပြီဖြစ်သော ဘိုးဘိုးနှင့် ဘွား၏ ဓာတ်ပုံကြီးရှေ့မှာ သွားရပ်လိုက်လျက် မော့ကြည့်မိပါ၏။

မေမေ့အပေါ် ကြည်ဖြူမှုမရှိလှပေမယ့် .. ပျိုလေးကိုတော့ .. မြေးအဖြစ် ချစ်ခဲ့သည့် ဘွားသည်လည်း ပျိုလေးကို ငုံ့မိုး၍ ကြည့်နေသည်ဟု ခံစားဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်တွင် ထိုင်ချလိုက်ကာ ဘွား၏ဓာတ်ပုံကြီးကို မော့ကြည့်လိုက်ပြီးသည့်နောက်မှာ လက်အုပ်လေးချီ၍ ကန်တော့လိုက်မိရပါပြီ ..။

"ပျိုလေး .. ဒီနေ့ကို မျှော်လင့်နေတာ ကြာခဲ့ပါပြီ ဘွားရယ် .. ဒီအိပ်ခန်းရဲ့နံရံမှာ ဘိုးဘိုးနဲ့ ဘွားရဲ့ဓာတ်ပုံကြီးကို ချိတ်ထားခွင့် .. ခုလို .. ကန်တော့ခွင့်ရနိုင်မယ့်ဘဝကို စောင့်ဆိုင်းတောင့်တနေခဲ့ရတာလဲ ရှစ်နှစ်ရှိခဲ့ပါပြီ .. ဘွားဆုံးတဲ့နေ့ .. မေမေ မရှိတော့တဲ့နေ့မှာ .. မေမေ့ပစ္စည်းတွေအားလုံး ဖေဖေနဲ့ မေမေ့အခန်းထဲက ပျောက်ဆုံးပြောင်းရွှေ့ခံလိုက်ရသလို .. ပျိုလေးလဲ .. ဒီအပေါ်ဆုံးထပ်အခန်းကျယ်ကြီးထဲမှာ အထီးကျန်နေခဲ့ရတာပါ .. ဆယ်နှစ်သမီးအရွယ် ပျိုလေးဟာ .. မေမေနဲ့ သိပ်တူနေတဲ့ မျက်နှာလေးကို ပိုင်ဆိုင်ရတာမို့ .. မေမေ့ကို နာကြည်းလွန်းနေတဲ့ ဖေဖေဟာ .. တော်ရုံနဲ့လဲ ပျိုလေးကို မတွေ့တော့တာပါပဲ .. ထမင်းစားချိန်လေး တစ်ခုပဲ ပျိုလေးနဲ့ စားဖြစ်ခဲ့တာပါ .. ဒါကလဲ .. ဒေါ်ကြီးနှင်း ပြောလွန်း ဖျောင်းဖျပေးလွန်းလို့ပါ ဘွားရယ် .. ဒီနေ့မှာ .. ဖေဖေလေ .. ပျိုလေးကို .. ဟိုးအရင်တုန်းကလိုပဲ .. ပြန်ချစ်လာ .. ဂရုစိုက်လာပါပြီ ဘွားရယ် .. တစ်နေ့မှာ .. မေမေ့အပေါ်ကို .. ဖေဖေ ခွင့်လွှတ်ပေးလိုက်နိုင်ပါစေလို့လဲ ဆိုတောင်းသလို .. ဒီအခန်းနံရံမှာ မေမေ့ဓာတ်ပုံကိုလဲ ချိတ်ထားခွင့်ရဖို့ ပျိုလေး ဆုတောင်းပါတယ် .. မေမေ့ကို .. ခွင့်လွှတ်ပေးပါ ဘွားရယ် .. ဒီနေ့မှာ .. ပျိုလေးလေ .. မေမေ့စာကိုလဲ .. ရခဲ့



ပါပြီ .. ဖေဖေ့ဆီက အချစ်ကိုလဲ ရခဲ့ပါပြီ .. ပျိုလေး ဆယ်တန်းအောင်တဲ့ နေ့တစ်နေ့ဟာ .. ဘယ်တော့မှ .. မေ့လို့ရနိုင်တော့မယ့်နေ့ မဟုတ်ပါဘူး ဘွားရယ် .. အရမ်းကို ထူးခြားတဲ့နေ့တစ်နေ့ ဖြစ်နေတာပါ .."

ပျိုလေး မော့ကြည့်ရင်း စိတ်ထဲမှ ပြောနေမိရာမှ မျက်ရည်ကျလာသည်။ ဖေဖေ ဘေးမှာထိုင်လိုက်ကာ ပျိုလေး၏ မျက်ရည်ကို ဖွဖွသုတ်ပေးလာပါပြီ ..။ ဖေဖေ့ မျက်ဝန်းတွေ အရမ်းကို နူးညံ့နေကြကာ ကြေကွဲထိခိုက်ရိပ်တွေလည်း မျက်နှာထက်မှာ အုပ်မိုးစွန်းထင်းနေကြပါချေ၏။

"ဖေဖေ နောင်တရနေတယ် သမီး .. သမီး မေမေ့ကို မုန်းတီးနာကြည်းနေတဲ့စိတ်ဟာ .. ဖေဖေ့ရင်ကို အမြဲလောင်မြိုက်နေတယ် .. ခုလဲ လောင်မြိုက်နေဆဲပဲ .. အဲဒီလှောင်မြိုက်မှုကို ဖေဖေ ခုထိ ငြိမ်းသတ်နိုင်စွမ်းလဲ မရှိနိုင်သေးဘူး သမီး .. သမီး စဉ်းစားကြည့်စမ်း .. ဖေဖေ့ကိုအလွန်ချစ်တဲ့ .. မေမေဟာ .. ဖေဖေ လက်ထပ်လိုက်တဲ့ မိန်းမတစ်ယောက်ရဲ့ သတ်ဖြတ်မှုကြောင့် ကွယ်လွန်ခဲ့ရတယ် .. အဲဒီအဖြစ်ထက် .. ဆိုးဝါးတဲ့ .. ကြေကွဲဖို့ကောင်းတဲ့ .. အဖြစ် .. ဘယ်မှာရှိလာနိုင်ပါ့မလဲ .. သွေးအလူးလူးနဲ့ မေမေဟာ ဖေဖေ့ရင်ခွင်မှာ ဆုံးပါးခဲ့ရရှာတာ .. အဲဒါကို .. ဖေဖေ မေ့ပျောက်ပစ်နိုင်ပါ့မလား .. အလွယ်တကူ မေ့ပစ်လိုက်လို့ ဖြစ်တဲ့ကိစ္စမှ မဟုတ်ပဲ .."

ဖေဖေ ပြောကာ ထရပ်သည်။ ပြတင်းအနီးမှာ သွားရပ်လိုက်ကာ မျက်ဝန်းများ ညှိုးဖျော့သွားကြလျက်ပြင်ပကို

www.burmeseclassic.com

www.burmeseclassic.com



ခပ်ငေးငေးကြီး အတန်ကြာကြည့်နေပါ၏။ ဖေဖေ့နဖူးပြင်ထက်မှာ ဆံနွယ်များ ပြိုကျနေသည်။ ပျို့လေး ဖေဖေ့ကို ငေးကြည့်ရင်း ရင်ထဲမှာ လှိုက်၍ဆို့လာရပါ၏။ ကြေကွဲခြင်းက ပျို့လေးရင်သို့ တိုင်လည်း ကူးစက်လောင်မြိုက်နေကြသည်ပါဝဲ ဖေဖေရယ် ..။

ဖေဖေသည် .. ဤခံစားချက်ကို .. ခုမှ .. ပျို့လေးထံမှာ .. ဖွင့်ချလိုက်ဟန်တူသည်။ မျက်ဝန်းထက်မှာ မျက်ရည်စို့နေကြသည်ကိုလည်း ပျို့လေး လှမ်းလင့်မြင်နေရသည်ပါပဲ ..။ ဖေဖေ့ ရင်ထဲမှအပူသည် .. အစဉ်တစိုက် တညီးညီးလောင်မြိုက်နေသည့် အပူမျိုးပေမို့ ပျို့လေး ဖေဖေ့ကို သနားလှပါပြီ ..။ သားအဖနှစ်ယောက်တည်း ရှိနေသော အခန်းကျယ်ကြီးသည် ရုတ်ခြည်းလုံးဝတိတ်ကျသွားသည့်နှယ် ရှိ၏။ ဖေဖေ အတန်ကြာ ငြိမ်သက်နေရာမှ ပြန်၍ ပျို့လေးကို ကြည့်လာပါ၏။ ပြတင်းအနီးမှာတော့ ရပ်နေဆဲ ..။

"ဖေဖေဟာ .. ဖေဖေ့ လောင်မြိုက်မှုဒဏ်ကို ခံနေရင်း .. အဲဒီအပူမီးကို .. သမီးလေးကိုပါ ဟပ်စေခဲ့တဲ့ အဖေတစ်ယောက် ဖြစ်နေခဲ့တယ်ကွယ် .. သမီးဟာ .. သမီးမေမေနဲ့ ရုပ်ချင်းသိပ်တူတယ် .. အမေတူသမီးလေး .. ကြေးရုပ်လေးလိုလှတဲ့ သမီးလေးဆိုပြီး ဖေဖေ ချစ်ရတဲ့ သမီးလေးကို .. အဲဒီနေ့ကစပြီး .. အမေတူရုပ်အဆင်းကို မြင်ရတာ လောင်မြိုက်တယ်ဆိုပြီး .. တတ်နိုင်သမျှ .. ရှောင်နေသလိုကြီး လုပ်ခဲ့မိတယ် .. ဘယ်လောက် .. ဖေဖေဟာ .. သမီးလေးအပေါ်မှာ တွေးမပေးခဲ့သလဲကွယ် .. အမေကထောင်ထဲမှာ .. အဘွားက ဆုံးပြီ .. အဖေက .. ရှောင်သလိုလုပ်



နေတယ် .. မချစ်တော့သလို နေပြနေတယ် .. နောက်တော့ ထောင်ထဲမှာ ယုဇန ဆုံးပြန်တယ် .. သမီးလေး ဘယ်လောက် အထီးကျန်ဖြစ်နေမလဲ .. ငိုနေမလဲ .. အဲဒါကို ဖေဖေ မတွေးပေးတဲ့အပြင် .. အဲသလို နေနေတာကိုက .. မှန်နေတဲ့ ဆုံးဖြတ်မှုတစ်ခုလို့တောင် ထင်မှတ်နေခဲ့သေးတယ် .. ဘယ်လောက်တောင်မှ အဲသလို အတ္တကြီး နေခဲ့သလဲ ဆိုရင် .. ရှစ်နှစ် .. ရှစ်နှစ်တောင်မှ ကြာခဲ့တဲ့ အထိပဲ .. ဖေဖေ့သမီးလေး .. ငယ်ငယ်နုနု .. ဆယ်နှစ်သမီး အရွယ်လေးနဲ့မမျှ .. ခံစမ်းဟဲ့ဆိုပြီး ငြိုးသူရန်ဘက်ကြီးလို ဖေဖေက .. သမီးမေမေ့အပေါ်မှာ ကလဲ့စားချေနေသလိုကြီး ဖြစ်နေအောင် လုပ်ပြခဲ့သလို ရှိခဲ့တယ် မဟုတ်လား .."

ဖေဖေ့ အသံတွေ အက်ကွဲလာသည်။ ဖေဖေ့အကြည့်တွေ လုံးဝပြောင်းလဲသွားခဲ့ပြီ ..။ လွန်ခဲ့သော ရှစ်နှစ်တာကာလမှ အစပျိုးခဲ့သော အမုန်းကြည့် .. နာကြည်းကြည့်တွေ လုံးဝပျက်သုဉ်းသွားပြီဆိုတာ ဖေဖေ့ မျက်ရည်တွေက ပြောပြနေကြသည့်နှယ်ပါတကား ..။

ဖေဖေ့ရင်ကို ပျို့လေး မြင်နေရသည်။ ဖေဖေ့ ကြေကွဲမှုနှင့် နောင်တကို ပျို့လေး မြင်နေရသည် ..။ ဖေဖေ့ကို သနားလှပါပြီ ..။

ဆက်မပြောပါနဲ့တော့ ဖေဖေရယ် .. ဟု ပင်ပန်းမှု ဦးစိတ်ဖြင့် ပျို့လေး ပြောလိုက်ချင်သည်။ တား၍ရမှာ မဟုတ်တာကိုလည်း ပျို့လေး သိနှင့်နေပြန်သည် ..။ ဖေဖေဆက်ကို ပြောချေမည်သာ ..။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေဟာ .. လူတွေကြားထဲမှာ သမီးကို ခေါ်သွားတာ မလုပ်ခဲ့ဘူး .. သမီးအခန်းကိုတောင်မှ တက်မကြည့်တော့တဲ့ အဖေတစ်ယောက်အဖြစ် နေနေခဲ့တယ် .. သမီးအမေပြုလုပ်ခဲ့တဲ့ .. ကြီးမားပြီး ကြောက်ဖို့ကောင်းတဲ့ .. မယုံကြည်ရဲလောက်အောင် ဆိုးဝါးတဲ့ အပြစ်ကြီးတစ်ခုကို အကြောင်းပြုပြီး .. ဖေဖေ့သမီးလေးကိုပါ .. ဖေဖေပစ်ပယ်ထားခဲ့တယ် .. ဒါပေမဲ့ .. ဒီနေ့မှာ .. သမီး လေးဘာသာဂုဏ်ထူးနဲ့ စာမေးပွဲအောင်တယ် ဆိုတာလဲ ကြားလိုက်ရရော .. ဖေဖေ မြှုပ်ထားတဲ့ အချစ်တွေဟာ ရှန်းကြွပြီး .. ခေါင်းမော်လာကြတယ် သမီး .. တကယ်တော့ .. သမီးရယ် .. ဖေဖေဟာ .. သမီးကို .. ဘယ်လိုမှ မုန်းလို့ရနိုင်မှာ မဟုတ်ပါဘူး .. ဖေဖေဟာ သမီးရဲ့ဖေဖေ ဖြစ်နေတယ်လေ .. အဖေဖြစ်နေတယ် .. အဖေတစ်ယောက်ရဲ့ ချစ်ခြင်းကို မီးရှို့ပြာချပစ်လိုက်လို့ ရနိုင်တာမှ မဟုတ်ဘဲ .."

ဖေဖေ စတင်၍ ငိုကြွေးလာသည်။ လွန်ခဲ့သော ရှစ်နှစ်ကာလက .. သမီးအပေါ် .. ညှိနေ့ထိ .. စိမ်းပြတ်သယောင်ကြီး လုပ်ခဲ့လေသမျှ .. ရင့်ထုမနာကြီး ဖြစ်နေမှန်း အရမ်းကို သိသာနေသည်ပါပဲ ..။

"မပြောပါနဲ့တော့ ဖေဖေရဲ့ .. မပြောပါနဲ့တော့ .. ပျို့လေးကို ဖေဖေ ချစ်နေတာပဲ ဥစ္စာ .. ပျို့လေး သိနေပါတယ် ဖေဖေ၊ ဖေဖေ ငိုနေရင် .. ပျို့လေး လိုက်ငိုမှာပဲ ဖေဖေရဲ့"

ပျို့လေး ဖေဖေ့ထံ ကပ်ထိုင်လိုက်ရင်းမှ ကလေးလေးလို ပြောလည်းပြော ..။ လိုက်လည်း ငိုနေတော့ ဖေဖေ ခေါင်းသိမ်းသည်။ သမီးကို ကလေးလေး သိမ်းပွေ့သလို ပွေ့ယူကာ ခေါင်းလေးကို ရင်မှာကပ်ထားရင်း ဆံစလေးတွေကို သပ်ပေးနေရှာပါ၏။



ဖေဖေ့လက်တွေက ပျို့လေး၏ခေါင်းထက်မှာ ဖေးအပ်ထားနေကြသည်ပဲ ..။

"ဒီနေ့ .. သမီးအခန်းကို ဖေဖေ ရောက်ချင်တယ် .. သမီးဆီကို ဖေဖေ ရောက်ချင်ဇောကြီးနေတယ် .. ဆယ်တန်းအောင်တဲ့ သမီးတစ်ယောက်ရဲ့အဖေအဖြစ် .. ရင်ထဲမှာ ဂုဏ်တက်နေတယ် .. ငါ့သမီး .. ဂုဏ်ထူးနဲ့အောင်တာ .. ငါနဲ့တူလို့ .. ဆိုတဲ့ ကြွားနေတဲ့ စိတ်ကလဲ အလုပ်လုပ်လို့ မဖြောင့်အောင် လိပ်ပြာလေး ဝဲသလို ဝဲနေတာ .. အဲဒါကြောင့် ဖေဖေ စောပြန်လာမိတယ် .. သမီးလေးဆီ ရောက်လာမိတယ် .. အဲဒီမှာ .. သမီးအခန်းမှာ ဒေါ်ကြီးနှင်းနဲ့ ပြောနေတာတွေ ဖေဖေ ကြားရတဲ့အခါမှာ .. ဖေဖေ့အတ္တတွေအားလုံး .. နောင်တ ဖြစ်ကုန်ကြတာပါပဲ သမီးရယ် .. သမီးဟာ .. ဖေဖေ့အပေါ်မှာ .. တွေးပေးတတ်တဲ့ နားလည်ပေးတတ်တဲ့သမီး ဖြစ်နေချိန်မှာ .. ဖေဖေက .. သမီးအမေအပေါ်မုန်းနေတဲ့ အမုန်းရဲ့အောက်မှာ တကောက်ကောက်လိုက်ရင်း .. သမီးအပေါ်မှာ အပြစ်ပေးနေသလိုကြီး လုပ်နေခဲ့တဲ့ အဖေတစ်ယောက် ဖြစ်နေတယ်လေ .. အဲဒါ .. ဖေဖေ ယူကျုံးမရ အဖြစ်ရဆုံးပါပဲ သမီးရယ် .. သမီး မကျူးလွန်တဲ့ အပြစ်တစ်ခုကို .. ဖေဖေက .. ဘာလို့ .. အပြစ်ပေးနေရမှာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ ဖေဖေ ဆံစလေးတွေ သပ်ပေးနေပြ[illegible] ပါ၏။ မေမေ့ကို ခွင့်လွှတ်ပေးလိုက်ပါတော့ ဖေဖေရယ် .. ဟု ပျိုလေး ပြော၍ရနိုင်မှာ မဟုတ်တာကို သိနေသည်။

ဖေဖေ အရမ်းကို စိတ်ထဲမချိအောင် ဖြစ်နေတာ[illegible] လည်း သိနေရသည်ပါပဲ ..။

"ခု .. ဖေဖေတို့ .. သားအဖ .. ဟိုးအရင်တုန်းကလို ဖြ[illegible] နေကြတာပေါ့ သမီးရယ် .. ကြည့်စမ်း ! ဒီအခန်းကို .. ဖေဖေ စိတ်တိုင်းကျ .. အခန်းပြင်ဆင်တဲ့သူတွေကို[illegible] ခေါ်လာပြီး ပြင်ခိုင်းလိုက်ပြီ .. သမီးလေးကို .. အခန်[illegible] ပြင်ဆင်ပြီးမှ တက်ကြည့်ခွင့် ပေးလိုက်တာကိုက .. အာ[illegible] လုံး တစ်ခါတည်း .. လှလှပပ မြင်လိုက်အောင် .. ပျော်[illegible] အောင်လို့ပေါ့ သမီးရယ် .."

ဖေဖေ ပြုံး၍ပြောကာ မျက်ရည်လေးတွေကို ပျိုလေ[illegible] ပါးပြင်ဆီမှ သုတ်ပေးနေတော့ ဖေဖေ့မျက်ရည်ကိုလည်း ပျိုလေ[illegible] မော့သုတ်ပေးမိသည်ပါပဲ ..။ သားအဖနှစ်ယောက်စလုံး မျက်ရည်[illegible] ကျနေကြသည်။ ပြီးတော့ .. တစ်ယောက်မျက်ရည်ကို တစ်ယောက်[illegible] သုတ်ပေးနေကြသည့် မြင်ကွင်းကိုဖြင့် .. ဘွားသည် .. ဓာတ်[illegible] ကြီးဆီမှ ကြည်နူးစွာ ကြည့်နေချေမည်လား မသိ ..။

"သမီးကို .. ကွန်ပျူတာလဲ သင်ပေးဖို့ ဆရာမကို .. ဖေဖေ ဒီအိမ်လာသင်ပေးဖို့ ခေါ်ထားမယ် သမီး .. ဦးရ[illegible] လင်းအောင်ရဲ့ သမီးဟာ .. ထူးချွန်ထက်မြက်တဲ့ ဥပဒေ[illegible] ပညာရှင်တစ်ယောက် ဖြစ်နေစေရမယ်၊ ပြီးတော့ .. ဖေဖေ[illegible] စီးပွားရေးလုပ်ငန်းတွေကိုလဲ .. ဦးဆောင်လုပ်ကိုင်ပေးနိုင်[illegible]



မယ့် လုံမေပျိုလဲ ဖြစ်နေစေရမယ် သမီး .. ဒါ .. ဖေဖေ့ မျိုးဆက်သွေးရဲ့ ဂုဏ်ပေပဲ .."

-ဟု ဖေဖေ မျှော်လင့်ချက်များဖြင့် တောက်ပနေသော မျက်ဝန်းတွေဖြင့် ပျိုလေးကို ကြည့်ကာ တည်ငြိမ်စွာပြောလာပါ၏။

"အားလုံးကို ချန်ပစ်ခဲ့ရလိမ့်မယ် သမီး .. အတိတ်ကအဖြစ်ကို .. သမီး မေ့ပစ်ရလိမ့်မယ် .. ဒီအခန်းထဲက ပစ္စည်းဟောင်းတွေ မရှိတော့သလို .. အထီးကျန်တဲ့ဘဝ ဆိုတာလဲ ပျောက်ဆုံးသွားကြပြီ .. အဆုံးစွန် ဖေဖေပြောမယ် သမီး .. သမီးဝတ်ခဲ့တဲ့ အဝတ်တွေ .. အဲဒါတွေကအစ .. ဒီအခန်းထဲမှာ မရှိစေရတော့ဘူး .. အထီးကျန်ခြင်းရဲ့အငွေ့ အသက်တွေနဲ့ ရင်းနှီးခဲ့ရတဲ့ အဝတ်တွေကိုတောင်မှ .. ဖေဖေ .. တခြားမှာ ရှိစေချင်တယ် သမီး .. သမီးပေးချင်တဲ့သူကိုပေး .. လှူချင်လှူ .. သမီးဘဝမှာ .. ဒီအချိန်က စလို့ .. အဝတ်အစားကအစ .. အားလုံး အသစ်တွေပဲ ဖြစ်နေစေရမယ် .. သမီးတစ်ယောက်တည်း ငိုကြွေးနေချိန်မှာ .. အဲဒီတုန်းက .. မျက်ရည်လေးတွေကို သုတ်ခဲ့ရတဲ့ လက်ကိုင်ပဝါလေးတောင်မှ မချန်ရစ်စေနဲ့တော့ .. ဖေဖေ ပြောတာ သဘောပေါက်ရဲ့လား သမီး .."

ဟု ဖေဖေပြောလာတော့ ပျိုလေး ဖေဖေ့ကို ခေါင်းသေးလည်း ညိတ်ပြ ..။

ဖေဖေ့ရင်ခွင်ထဲ ကလေးလို တိုးဝင်ကာ .. ဖေဖေ သိအောင် ကျိတ်၍ မျက်ရည်ကျလာမိရပြန်ပါပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



ပျိုလေး ငိုနေတာကို ဖေဖေ မမြင်စေချင်ပါ ..။

ဒါပေမဲ့ .. ဤမျက်ရည်သည် .. ဖေဖေ့ ချစ်ခြင်း၏ အရိပ်ကို ခိုဝင်ပိုင်စိုးခွင့်ရသည့် သမီးတစ်ယောက်၏ .. ကြည်နူး မျက်ရည်ဆိုတာကိုတော့ .. ပျိုလေး သိနေရသည်ပါပဲ ဖေဖေရယ် ..။

ဘယ်တော့မှ .. ဘယ်တော့မှ .. အဲဒီဖခင်အချစ်တွေ ကို .. ပြန်ရုပ်မသိမ်းလိုက်ပါနဲ့ ဖေဖေရယ် ..။

ဖေဖေ ပြောတဲ့ ဒီဘဝသစ်တစ်ခု ဆိုတာဟာ .. ဘယ်တော့မှ မပျောက်ဆုံးတဲ့ .. မပျောက်ဆုံးနိုင်တဲ့ .. ဘဝသစ် တစ်ခုဖြစ်ဖို့ .. ပျိုလေး ဆုတောင်းပါတယ် ဖေဖေ ..။

ဒီတစ်ကြိမ်မှာတော့ .. ဖေဖေ့ အချစ်တွေကို ဆုံးရှုံး ခံလိုက်ရတဲ့ လုံမေပျို .. ပြန်မဖြစ်ပါရစေနဲ့တော့ ..။ မဖြစ်ပါရ စေနဲ့တော့ ဖေဖေ ..။

* ❤ *



## အခန်း(၁၁)

"အဲဒီကိစ္စတွေ အားလုံးဟာ ညည်း မလိမ္မာလို့ ဖြစ်ရတာ တွေချည်းပဲ .. နေစမ်းပါဦး .. သူ့သမီး ဆယ်တန်းဖြေ ထားတဲ့ကိစ္စ .. လေးဘာသာဂုဏ်ထူးနဲ့ အောင်တာတွေ ဘာတွေကို သူက စိတ်ဝင်စားဖို့ပဲအရေးကြီးတာ .. ညည်း က ဘာကိစ္စနဲ့ .. သွားသတင်းပို့ .. သံတော်ဦးတင်ရတာ လဲ .. ခုကြည့်စမ်း .. သူ့သမီး အလိမ္မာတုံးကြီးဆိုပြီး ဝယ် လာလိုက်တဲ့ပစ္စည်းတွေ .. နည်းသလား .. ပြီးတော့ .. မြို့ရောင်ခြယ်ပရိဘောဂစက်ရုံကြီးက ထွက်တဲ့ ဥစ္စာတွေထဲ က .. ကောင်းတာတွေချည်း ရွေးယူချလာတာ .. ငါက ပိုက်ဆံယူလို့ ကောင်းပါ့မလားဟဲ့ .."

"မေမေကလဲ .. အင်ကြင်းတို့အားလုံး ဒီမှာနေ ဒီမှာစား နဲ့ အလကားနေနေတာကျတော့ ထည့်မပြောဘူး .. အဲဒီ ခုတင်တွေ ဗီရိုတွေလောက်ကို အလကားထည့်ပြောနေတယ် မေမေရယ် .."

www.burmeseclassic.com

www.burmeseclassic.com



"မိအင်ကြင်းနော် .. ဘယ်တော့မဆို .. အဲဒီမိပျိုဘက်က ချည်း ဝင်ဝင်ပြောပေးနေတာပဲ .. ခုကြည့်စမ်း .. ဓာခန်း ဆီးတွေကအစ .. အသစ်တပ်ခိုင်းသတဲ့ .. မိစီ ခမျာလဲ .. အဲဒီအလုပ်သမားတွေကြားထဲ ဝင်ဝင်လုပ်ကိုင် ကူလိုက် ရတာ ဖတ်ဖတ်ကိုမောလို့ .. ငါတို့သားအမိ ကားရပ်သံ ကြားရတာကြောင့်ရော .. ပစ္စည်းတွေ ထမ်းဟယ်ပိုးဟယ် နဲ့ အပေါ်ဆုံးထပ်ထိ အလုပ်သမားတွေ လုပ်ကိုင်နေကြရ တော့ .. အခန်းအောင်း မနေသာတာမို့ .. ထွက်ကြည့် တော့ .. မိပျို အတွက်ဆိုတာလဲ သိရ .. လိုက်ကြည့်လုပ် ကိုင်ကူပါ့မယ်လို့ မောင်ရန်လင်းအောင် ကျေနပ်အောင် စကားလေး ဘာလေး ချိုလိုက်တော့လဲ .. ဘာပြောလဲ ဟင် .. နေပါစေတဲ့ .. အလုပ်သမားတွေ ရှိနေတာပဲဥစ္စာ တဲ့ .. ငါတို့ လိုက်ကြည့်ဖို့တောင်မှ .. မကြည့်အောင် ပြောခဲ့တယ် မဟုတ်လား မောင်ရန်လင်းက .."

ပစ္စည်းတွေ ဘယ်လောက်အထိ ဝယ်ချလာသည် ဆိုတာ စပ်စုချင်ဇောဖြင့် တကယ်လည်း မိပျို အခန်းမှာ လိုက် ကြည့်ကြပ် လုပ်ကိုင်ပေးပါမည် ဆိုတာတောင်မှ ဒေါ်လတ်လတ် အားကို ဦးရန်လင်းအောင်မှ ခေါင်းခါခဲ့သည်ပဲလေ ..။ ကားကြီး တစ်စီးနှင့် ဝယ်ခြမ်းသယ်လာတာ ဆိုကတည်းက ဒေါ်လတ်လတ် အား ရင်ထဲမွှေနေပြီ ..။ မလိုမုန်းထားစိတ်က လုံမေပျို အပေါ် မှာ ပို၍ဖြစ်တည်နေရချေသည့်အဖြစ် ..။

"ဘဘက ပြောတာပဲ ဥစ္စာ .. ပရိဘောဂတွေအတွက် ချက်လက်မှတ်နဲ့ ချေထားပါတယ်တဲ့လေ .. မေမေကလဲ ..



မေမေ့ပစ္စည်းဖိုးတွေ မဆုံးပါဘူး .. မေမေ့ မျက်နှာပျက် နေတာ ဘဘ မြင်ရင် .. အားနာစရာ ဖြစ်နေပါမယ် မေမေရယ် .. အင်ကြင်းတို့ နေနေတဲ့ စားနေတဲ့ဥစ္စာတွေ .. ဘဘက မေမေနဲ့ အင်ကြင်းတို့အတွက် .. တစ်လ တစ်လ သုံးဖို့ဆိုပြီး ဘဏ်မှာ သွားထုတ်မှုခိုင်းတဲ့ ပိုက်ဆံတွေက နည်းသလားလို့ .. မေမေ့ မြရောင်ခြယ်စက်ရုံကဝင်တဲ့ ပိုက်ဆံဆိုတာထဲက .. လုပ်အားခရယ် .. ကုန်ကြမ်းစရိတ် ရယ် .. ပို့ဆောင်ခရယ်တို့ ဘာတို့ပဲ .. မေမေလည်ပတ် သုံးနေရတာပါ .. ဝန်ထမ်းစရိတ်ကုန်တာလောက်ပဲ ရှိရ တာပါ .. ကျန်တာအားလုံး မေမေ လုပ်ငန်းတိုးချဲ့တာ ရယ် .. ဘဏ်မှာ ပိုက်ဆံစုထားတာရယ်နဲ့ .. အသားတင် ပဲဥစ္စာ .. ဒီပရိဘောဂအိုးလေးလောက်ကိုတော့ မေမေ မယူသင့်ပါဘူး .."

ဘဘ ချေမည့် ပိုက်ဆံက ချက်လက်မှတ်ဖြင့်ပေး တာမို့ .. အလိုက်မသိကြီး အမေ လုပ်သူက လက်ခံယူလိုက် တာကို အင်ကြင်း စိုးရိမ်သည်လေ ..။ တဖွဖွ ဒါကိုချည်း သတိ ပေးသလို ပြောနေတော့ ဒေါ်လတ်လတ်အား မျက်စောင်းဖြင့်ကြည့် သည်။ စိတ်ထဲ လုံးဝမကျေမချမ်းကြီး ဖြစ်နေသည်က .. အင်ကြင်း တို့ လုံမေပျို ဂုဏ်ထူးနှင့် စာမေးပွဲအောင်သည့်ကိစ္စ သွားပြောပေး လိုက်၍ပါ ..။ ခုကျတော့ .. သားအဖနှစ်ယောက် .. တချစ်တခင် ပြန်ဖြစ်ကုန်ရချေသည်ကိုးလေ ..။

"မိပျိုကို .. ငါတို့က ဦးနှိမ်ထား .. ချုပ်ကိုင်နှိပ်ကွပ်ထား ဖို့ အရေးကြီးနေတယ်ဆိုတာ သိရက်နဲ့အေ .. သူ့အဖေမရှိ

www.burmeseclassic.com

www.burmeseclassic.com



တော့ရင် .. ငါတို့ သူ့ကိုချုပ်ကိုင်လွှမ်းမိုးနိုင်ဖို့ ငါ ကြိုး
စားခဲ့လေသမျှ .. ခုတော့ ရေစုန်မျောပါပြီ .."

ဒေါ်လတ်လတ်အေး ဟီးချ၍ ညည်းခိုက် အင်ကြင်း
မေ မျက်နှာမကောင်း ..။

ဘာပဲဖြစ်ဖြစ် ..။ ဘဘ ဆိုတာက .. အဖေ၏ညီ
မို့ .. ဘဘကို အင်ကြင်း ချစ်သည်။ ဘဘကလည်း .. အင်ကြင်း
တို့ညီအစ်မကို .. အဖမဲ့သမီးလေးများဆိုကာ ချစ်လည်းချစ်၊ ..
ကြေးကအစ .. တကယ့်ကို .. အလှူပယ်မှု တစ်လတစ်လ
ဖို့ ပေးခဲ့သည်ပဲလေ ..။

ခုဥစ္စာက .. ရလေလိုလေ ဇောတင်လျက် .. ဘ
သေမည့်အချိန်ကိုပင် စောင့်နေသည့် အမေဖြစ်သူကို အင်ကြင်း
စိတ်ထဲ မော်ကျနေအောင် ခံစားရင်း စိတ်ပျက် လက်ပျက်
ရင်ထဲမှာ ဖြစ်လည်းဖြစ်ရ ..။ အံ့သြရနှင့်ပါ ..။ ဒါကြောင့် လည်း
.. အမေဖြစ်သူသည် အကြံကြီးကြီးဖြင့် မတ်လုပ်သူ
ငဝါမြှင်အိမ်ကြီးပေါ် ရအောင်တက်လာသည်ပဲဟု အင်ကြင်း
တွေးမိပြန်သည်။ ကောင်းသူက ဘယ်လောက်ကောင်းနေ
လောဘဇောကြီးနေပါသည့် ဒေါ်လတ်လတ်အေးကတော့ မကောင်း
သည့်စိတ်ပဲ ရှိနေချေသည့်အဖြစ်။

"ဘာပဲဖြစ်ဖြစ် .. ပျိုလေးကို ခုလို .. ဘဘ ဂရုစိုက်တာ
အင်ကြင်းတော့ ပျော်တယ် .."

ဟုတော့ဖြင့် ရင်ထဲရှိတာကို ဖွင့်မပြောရဲ ..။
ကြီး သဇင်မေကလည်း မျက်စောင်းတခဲခဲဖြင့် အင်ကြင်း
မာန်စောင်နေပြီ ..။ ပျိုလေး ထူးထူးချွန်ချွန် စာမေးပွဲအောင်သ



ကိစ္စကို ဘဘ သိအောင် ပြောပြခဲ့သည့် 'ကိစ္စတစ်ခုသည် ..
မေမေနှင့် မမကြီးတို့အတွက်က .. အင်ကြင်း အပေါ် အပြစ်ကြီး
တစ်ခုလို ဖွဲ့ဆိုစရာကြီးပင် ဖြစ်နေချေသည့်အဖြစ်။

အပေါ်ထပ်သို့ ပျိုလေးကိုပင် ဘဘက မတက်စေ
ပဲ စောင့်ခိုင်းခဲ့တာမို့ အခန်းပြင်ဆင်နေရာချပြီးချိန်ထိ ပျိုလေး
ဆိုတာ ဘဘနှင့်အတူ စာကြည့်ခန်းထဲမှာ သားအဖနှစ်ယောက်
ရှိနေခဲ့တာမို့ ..။ ထိုသို့ သားအဖတစ်တွေ ပြန်ဖြစ်ကုန်တာကိုလည်း
ဧည့်ခန်းမှ ထိုင်စောင့်ကြည့်နေရင်း မမကြီးသဇင်မေ မျက်မှန်းကျိုး
ကြီးဖြင့် အင်ကြင်းကိုချည်း အပြစ်တင်ကြည့်တွေဖြင့် တကြည့်
တည်း ကြည့်ပြနေခဲ့သည်မဟုတ်ပါလား။ ခုကျတော့ .. အခန်းပြင်
ဆင်သူအလုပ်သမားနှင့် အလှဆင်ငွေကြာရိပ်မှ မမတို့ အလုပ်ပြီး
စီး၍ ဘဘကို နှုတ်ဆက်ပြန်သွားကြ ..။ ဘဘတို့လည်း အပေါ်
ထပ်သို့တက်သွားကြလေသမျှ .. ပြန်ဆင်းအလာကို မေမေဦးဆောင်
၍ ဧည့်ခန်းမှာ ထိုင်စောင့်နေရင်း အင်ကြင်းကို ကျိတ်ကျိတ် ..
ကျိတ်ကျိတ်နှင့် ဆူနေခြင်းပါ ..။ ဘယ်လောက်ပဲ ဆူဆူ ..။
အင်ကြင်းကတော့ ရင်ထဲမှာလည်း မနာနေတော့ပါ ..။ ပျိုလေး
ကောင်းကောင်းမွန်မွန် စိတ်လက်ချမ်းသာစွာနေရသည်ဆိုတာတစ်ခု
တည်းဖြင့်ပင် အင်ကြင်းကဖြင့် ပျော်နေသည်ပါပဲ ..။

"ကြည့်နေ .. နောက်ကျမှ .. ညည်းတို့ညီအစ်မနှစ်ယောက်
ညည်းဘဘရဲ့ပြုံးပြဖော်လေးတောင် ရတော့မှာမဟုတ်ဘူး"

ဟု မေမေပြောနေတော့ မမကြီး ပို၍ မျက်စောင်းခဲ
လာသည်က အင်ကြင်းကိုပါ ..။ လောလောဆယ်မှာတော့ ဤမျက်
စောင်းတွေချည်းပဲ လက်ခံနေရမည်ဆိုတာ အင်ကြင်းသိနေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ … ကိုယ် … ကောင်းကောင်းနေနေရတာကို … သူများနောက်ရောက်အောင်လုပ်တယ် … အကင်းကိုမပါးဘူး၊ ဒီလောက် တုံးနေရသတဲ့လား မိအင်ကြင်း …"

မမကြီး ဆူတော့လည်း အင်ကြင်းမေ ပြုံးနေလိုက်သည်ပါပဲ …။

ထိုစဉ်ခိုက် ဘဘနှင့် ပျိုလေးတို့ ဆင်းလာကြတာမြင်ရတာမို့ အင်ကြင်းမေ ထရပ်လိုက်ချိန်မှာပဲ မေမေ အရင်ဆုံး လှေကားရှိရာသို့ လျှောက်သွားကာ …

"မမလတ် ဝင်လုပ်ကိုင်ကူပါ့မယ်ဆိုတာကိုကွယ် … မောင်ရန်လင်းအောင်က ပေးမလုပ်ပဲကိုး၊ … အေး … အဲသလို ပျိုလေးကို နေ့စွဲချင်နေတာ မမလတ်ရဲ့ဆန္ဒပါကွယ် … မောင်ရန်လင်းကို ပြောချင်နေတာလဲကြာပါပြီ … မောင်ရန်လင်း … ဟို … မေမေ ဆုံးတဲ့ကိစ္စကို ပြန်ပြန်သတိရမှာစိုးတာနဲ့ … မပြောရဲလို့ မပြောဖြစ်ခဲ့ရတာပါ … ခုလို သားအဖ တစ်တွေ … ပြန်ပြီး အရင်လိုချစ်ကြတာကို မမလတ် ဝမ်းသာလှပါပြီကွယ် … ယုဇနရဲ့သမီးလေး … ခုလို … ရှိနေတော့လဲ … ယုဇန ဝမ်းသာမှာပေါ့ မောင်ရန်လင်းရေ"

တကယ်က … ယုဇနဆိုသည့်အမည်ကို ကြားရလျှင်ပို၍ ရင်ထဲမှအနာဆိုးရတတ်တာသိသည်မို့လည်း တမင်တကာကြီးကို ပြောနေခြင်းဆိုတာ သိနေသည်က အင်ကြင်းမေနှင့် သဇင်မေတို့ပါ …။ ဘဘမည်သို့ မျက်နှာရိပ်တွေ ပြောင်းကုန်မည်လဲဆိုတာကိုလည်း စောဖြင့်ကြည့်မိကြပါ၏။ မှန်းပါစေ … ဆိုသည့် စောက ဒေါ်လတ်လတ်နှင့် သဇင်မေ့ မျက်နှာထက်မှာထင်၏။ ပျိုလေး



စိတ်ပြန်ဆင်းရဲရမည့်အဖြစ်တွေ ပြန်ဖြစ်မလာပါစေနှင့်ဟူသော ခိုးရိမ်စောက အင်ကြင်းမေ၏ မျက်နှာနုနုစင်စင်လေးထက်မှာ အုပ်မိုးလျက်ရှိနေကြပါ၏။ ခံစားချက်နှစ်ခုသည် ခြားနားလှစွာဖြင့် လူသုံးယောက်၏မျက်နှာထက်မှာ ဖေးထင်နေကြသည်ပါပဲ။ နှစ်ယောက်က အဆိုးဘက်ကိုဖြစ်တည်စေလိုသည့်အရိပ်တွေ အုပ်မိုး၏။ တစ်ယောက်မှာ အကောင်းဘက်ကိုသာ တည်မြဲစေဖို့ စိတ်ရင်းခံလေးဖြင့် အရိပ်တွေပြည့်သိပ်နေပါချေသည်တည့် …။

ပျိုလေး ဖေဖေ့ကိုကြည့်လိုက်တော့ တည်ငြိမ်စွာ ရင့်ရင့်ကျက်ကျက်ကြီး အားလုံးကို ဝေ့ကြည့်လိုက်တာကို မြင်ရပါ၏။

"မေမေလဲ ဝမ်းသာမှာပါ မမလတ် … သူ့မြေးကို … မေမေလဲ ချစ်တာပဲလေ …"

ဟု အေးချမ်းစွာပြောချလာတော့ ပျိုလေး ဖေဖေ့ကို ချက်ရည်ဝဲနေသော မျက်ဝန်းလေးတွေဖြင့် မော့ကြည့်မိရပါပြီ …။ ဖေဖေ ပြုံး၍ ပျိုလေးကိုကြည့်သည်။

"လာ … ဖေဖေတို့အားလုံး … ညနေခင်းစာ … တစ်ခုခု စားလိုက်ကြရအောင် … သမီးရဲ့ဒေါ်ကြီးနှင်းကို ဖေဖေ စောစောကမှာခဲ့တယ် … ညနေခင်းစာ တစ်ခုခုစားချင်တယ်လို့ … 'ဒီနေ့မှာ သမီးလေးရဲ့အောင်မြင်မှုကို ဂုဏ်ပြုဖို့လို တယ်လေ … ပြီးတော့ … သမီး ဆယ်တန်းကို ထူးထူးချွန်ချွန်အောင်တဲ့အတွက် … အိမ်မှာ ကျွေးမွေးတဲ့ပွဲလေး တစ်ခု ဖေဖေ စီစဉ်ပေးမယ် … သမီး ဖိတ်ချင်တဲ့သူရှိရင် ဖိတ် … သူငယ်ချင်းတွေ ရှိတယ်မဟုတ်လား …"

www.burmeseclassic.com

www.burmeseclassic.com



ဟုမေးတော့ ပျိုလေး ခေါင်းညိတ်ပြပါ၏။ ရင်ထဲမှာ ကြည်နူးနေတာပဲရှိနေသည်။ ဖျတ်ခနဲသတိရမိသည်က သူငယ်ချင်းအတန်းဖော်များနှင့်အတူ .. အစ်ကိုလေး၏မျက်နှာကိုပါ .. ပျိုလေး အရမ်းထိခိုက်ခံစားနေရချိန်မှာ .. အစ်ကိုလေးသည် .. သစ်ခွမြိုင်၏သီးသန့်ဆောင်ခန်းလေးမှာ အအေးကိုတိုက်၍ ဖျောင်းဖျစကား ပြောခဲ့သေးသည်ပဲ။

"ကံကြမ္မာဆိုတာ အမြဲဆိုးမနေနိုင်ဘူး .. အမြဲဝမ်းနည်းစရာတွေချည်း ဖြစ်မနေနိုင်ဘူး .. ကိုယ့်ဘဝမှာ ကိုယ့်ကမ္ဘာမှာ .. ကိုယ်ဟာ တစ်ယောက်တည်းရှိနေတယ်လို့ တွေးနေတာကိုက မှားတယ် .."

ဘာကြာသေးလို့လဲလေ ..။ မှန့်တွေပို့ပြီးမှ အပြန်မှာ အစ်ကိုလေးပြောခဲ့သော အားပေးစကား ..။ သြော် .. ဤနေ့မှာ ပြောခဲ့ပါလေသော အစ်ကိုလေး၏စကားသည် .. ယခုကျတော့ မှန်ချေသည်ကောလေ ..။ ကံကြမ္မာဆိုတာ အမြဲမဆိုးနိုင်တဲ့လား လေ ..။ ဟုတ်သည် ..။ ခု .. ပျိုလေး၏ကံကြမ္မာသည် ဖေဖေ မေတ္တာရိပ်အောက်မှာ အေးမြချမ်းငြိမ်းစွာနေရသည့် ကံကြမ္မာဖြစ်ချေသည်တကား ..။ ဤနေ့သည် .. ပျိုလေးအတွက် အမှတ်တရ နေ့ဖြစ်နေသည်။ ပျိုလေး စာမေးပွဲအောင်သည်။ ဖေဖေ့အချစ်ကို ရသည်။ သြော် .. ပြီးတော့ .. ပျိုလေးအပေါ် အစ်ကိုတစ်ယောက် နှယ် မျှဝေနားလည်ပေးသော အစ်ကိုလေးတစ်ယောက်နှင့်လည်း တွေ့ခဲ့ရချေသည်တကား ..။ ပျိုလေး အရမ်းကို ခံစား မျက်ရည် ကျနေချိန်မှာ အစ်ကိုလေးသည် ဘေးမှာရှိနေလျက် ပျိုလေး အားပေးစကားများ ပြောခဲ့သည်။ အရေးအကြောင်းဆိုလျှင် အာ



ကိုးရာအဖြစ် ရှိစေဖို့အတွက်လည်း အစ်ကိုလေး၏ လိပ်စာလေးကိုလည်း ပေးခဲ့သေးသည်။ အို .. အစ်ကိုလေးသည် ပျိုလေးအပေါ် အရမ်းကို စိတ်ပူပေးတတ်သော .. အစ်ကိုလေးအဖြစ် ရှိနေခဲ့သည် မဟုတ်ပါလား ..။ အထူးသဖြင့် .. ပျိုလေး မျက်ရည်ကျနေချိန်မှာ အရမ်းကို စိတ်ထိခိုက်လျက် .. နူးညံ့စွာကြည့်တတ်ပါလေသော မျက်ဝန်းများကို ပျိုလေး ပို၍ သတိရလာနေမိရပါ၏။ ပျိုလေး ဝမ်းနည်းအားငယ်နေချိန်မှာ .. အားပေးစကားတွေကို .. အင်အားအဖြစ် ခံစားလာနိုင်စေအောင် အစ်ကိုလေး ရှာဖွေပြောပေးနေတတ်သည်။ ဖျောင်းဖျပြောနေတတ်သည်။

"ဟုတ်တယ် .. သူငယ်ချင်းတွေအပြင် .. အစ်ကိုလေးကိုလဲ .. ပျိုလေး ဖိတ်မယ် .. ဖေဖေ .. ပျိုလေးကို ဟိုးအရင်တုန်းကလိုပဲပြန်ချစ် .. ပြန်ဂရုစိုက်နေပြီဆိုတာ အရင်ဆုံးသိဖို့ပြောပြရမယ့်သူဟာ .. အစ်ကိုလေးပဲ .. အစ်ကိုလေးခမျာ .. ကြီးလတ်နဲ့အတူ ပျိုလေး ပြန်လိုက်လာခဲ့ရတုန်းက စိတ်မဖြောင့်နိုင်သလိုကြီး လိုက်ကြည့်ကျန်ခဲ့ရှာတာ .."

ဟု တောက်လျှောက်လေးလည်းတွေးမိရ ..။ အစ်ကိုလေးကို ဖုန်းဆက်ပြောပြလိုက်မည်ဟု ရင်ထဲမှာ သေချာလေးကို ဆုံးဖြတ်ထားလိုက်ရပါပြီ ..။ အစ်ကိုလေး ကြားလျှင်ဖြင့် စိတ်ချမ်းအေးသွားမည်။ တွေ့တယ်မဟုတ်လား ပျိုလေး .. ကံကြမ္မာဆိုတာကိုလေ .. ဟုလည်း ပြောချေမည်လားမသိ။

ဖေဖေဦးဆောင်၍ ထမင်းစားခန်းဆောင်သို့ လျှောက်လာကြတော့လည်း ပျိုလေး ဖေဖေ့လက်မောင်းကြီးကို အားကိုးအဖြစ် လက်လေးနှင့်ဆုပ်ကိုင်ထားရင်း လိုက်လာမည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



မမလေး အင်ကြင်းကိုလည်း ဘေးမှာ ခေါ်ထားလိုက်မိရကာ .. ကျန်လက်လေးတစ်ဖက်ဖြင့် မမလေး၏ လက်လေးကို ထွေးဆုပ်ထားမိရသည်က ပျိုလေးပါ ..။ ထမင်းစား စားပွဲရှည်ကြီးမှာ အားလုံး မျက်နှာချင်းဆိုင်ထိုင်စားဖြစ်ကြတော့လည်း ဖေဖေသည် ပျိုလေးကို ဘေးမှာထိုင်ခိုင်းပါ၏။ ပျိုလေးဘေးမှာကျတော့ မမလေး အင်ကြင်းမေ ထိုင်နေသည်ပါပဲ ..။ ဖေဖေ့မျက်နှာသည် ကြည်ကြည်သာသာဖြစ်လျက် လောလောဆယ်မှာ သမီးကိုချစ်သော အဖေတစ်ယောက်၏ မေတ္တာမှတစ်ပါး အခြားဘာဆိုဘာမျှ မသိနိုင်တော့သည့်နှယ် ဝင်းကြည်စင်နေသည့်အဖြစ် ..။ ဘဘသော်လည်း ရောက်လာသည်။ လေးလေးကျော်လည်း ရောက်လာသည်။ မိခိနှင့် ဒေါ်ကြီးနှင်းလည်း တစ်စားပွဲတည်းမှာ တူတူစားသောက်ရမည်သဘော ..။ အားလုံး ဖေဖေ ကြိုတင်၍ ဒေါ်ကြီးနှင်းကို ပြောထားပုံရပါ၏။ ဘဘသော်၏ မျက်နှာမှာ ဖုံးဖိမရလောက်အောင် ဝမ်းသာရိပ်တွေ အုပ်မိုးနေလျက် ဒေါ်ကြီးနှင်း ခမျာမှာလည်း ဝမ်းသာလွန်း၍ထင့် ..။ မျက်ရည်လေးတလည်လည်ဖြင့် ရှိနေသည်ပါပဲ။ ဒေါ်ကြီးနှင်း ကမန်းကတန်း စီစဉ်ပါလာလေသော ကြက်သားပလာတာ၊ ကြက်ဥပူတင်း၊ အားလူးကက်တလိတ်နှင့် ကော်ဖီမွှေးမွှေးတို့ကို အားလုံး စားသောက်ကြသည်ကလည်း မြိန်မြိန်ရှက်ရှက်ပါတည့် ..။

"အင်ကြင်းက .. သမီးကို ကားမောင်းသင်ပေးလိုက်ဦး .. သေချာသင်နော် သမီး .."

ကြက်ဥပူတင်းကို ဇွန်းဖြင့်ခပ်စားလိုက်ရင်း ဖေဖေ အင်ကြင်းမေကိုလည်းကြည့် ပျိုလေးကိုလည်းကြည့်နှင့် ရှိနေရင်း



ပြောလာတော့ မမလေးအင်ကြင်းမေ ဝမ်းသာအားရလေး ခေါင်းညိတ်ပြစဉ်ခိုက် ကြီးလတ်ကတော့ တစ်ချက်ခပ်ဆဆ တွေးသလို ငြိမ်ကျသွားတာကို ပျိုလေး မြင်လိုက်ရသည်ပါပဲ ..။ တကယ်က .. ပျိုလေးလည်း ကားမမောင်းရဲပါ ..။ ဒါပေမဲ့ .. ဖေဖေ စိတ်ချမ်းသာနေချိန်မှာ ဖေဖေစီမံနေလေသမျှကို ငြိမ်သက် နားထောင်ပေးသင့်သည်ဆိုတာကို ပျိုလေး နားလည်ထားပါ၏။ ဖေဖေ့အစီအမံကို ငြင်းလိုက်လျှင် ဖေဖေ စိတ်မကောင်းဖြစ်သွားမည်ပေါ့ ..။

"ပြီးတော့ .. ရော့ .. ဒါ .. ဖေဖေ့ဂျီအက်စ်အမ်ဖုန်း .. သမီး ယူထားလိုက်တော့ .. ဖေဖေ့မှာ ဆယ်လူလာလဲရှိတာပဲ၊ ကျောင်းပဲသွားတက်တက် .. ဈေးဝယ်ပဲထွက်ထွက် .. အိမ်မှာပဲနေနေ .. ဖေဖေ့ကို တစ်ခုခုပူဆာချင်တာရှိရင် .. ချက်ချင်း .. ဖေဖေရှိနေတဲ့အလုပ်ကို ဖုန်းလှမ်းဆက်ကြားရဲ့လား .. အိမ်မှာ ဖေဖေရှိနေချိန်ဆိုရင်လည်း ဖေဖေ့ကိုလာပြော .."

အိတ်အတွင်းမှ ဖုန်းလေးကိုထုတ်၍ ပျိုလေးကို ကမ်းပေးတော့ ပျိုလေး ဖေဖေ့ကိုကြည့်ကာ ..

"ဖေဖေ သုံးနေတာပဲဥစ္စာ ... ပျိုလေး ဖုန်းမလိုပါဘူး ဖေဖေရဲ့ .."

ဟူ၍ ဤတစ်ကြိမ်မှာတော့ မရဲတရဲလေး အရဲကိုး၍ ငြင်းလိုက်တော့ ဖေဖေ ခေါင်းခါသည်။ အင်ကြင်းမေ ရယ်၍ ဖုန်းလေးကို ဖေဖေ့ထံမှယူလိုက်ကာ ပျိုလေးလက်ထဲ ထည့်ပေးသာပါ၏။

"အဟမ်း .. မမလတ် တစ်ခုပြောမလို့ မောင်နှမလင်း .."

www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်ချက်ချောင်းဟန့် အားယူသလို လုပ်ပြီးမှ ကြီးလတ် စကားစလာတော့ မမလေးအင်ကြင်းမေ မျက်နှာကွက် ခနဲပျက်ချင်သည်။ တစ်ခုခုများ စိတ်လက်မချမ်းသာစရာကို အမေလုပ်သူပြောလိုက်တော့မည်လားဟု ကြိုတင်စိတ်လက်ပူသွားတာလည်း အရမ်းကို သိသာနေသည်ပါပဲ ..

"ပြောပါ မမလတ် .."

ဖေဖေ ကော်ဖီကို စိတ်အေးလက်အေးသောက်နေလျက် ပြုံး၍ပြောလာတော့ ...

"အားတော့နာတယ်ကွယ် .. ဒီလိုအချိန်မျိုးမှာ ဒီစကားမပြောအပ်ဖူး ဆိုတာတော့ မမလတ် နားလည်ပါတယ် .. ဒါပေမဲ့ ... သမီးငယ်အင်ကြင်းက ပျိုလေးကို ကားမောင်းသင်ပေးရမယ်ဆိုလို့သာ မပြောမဖြစ်လို့ ပြောရတော့တာပါ .. ဒီနေ့ .. အင်ကြင်းမေ .. ပျိုလေးကို ဈေးဝယ်ခေါ်သွားပြီး ပြန်လာတော့ .. သူများစက်ဘီးကို ဝင်တိုက်မိတယ်တဲ့လေ .. မောင်ရန်လင်း ကြားဖူးမှာပေါ့ .. စာရေးဆရာနေပြည့်စုံ ဆိုတာလေ .. ရွှေကြာဖူးဝေဟိုတယ်ပိုင်ရှင်ဆိုတာပေါ့ .. သစ်ခွမြိုင်ကော်ဖီဂါးဒင်းရဲ့ပိုင်ရှင် .. အဲဒီလူရဲ့ အလုပ်သမားစက်ဘီးကို ဝင်တိုက်တယ် .. အဲဒါ .. ပိုင်ရှင်က သဘောကောင်းပြီး ဘာမှအလျော်မတောင်းဘူး၊ ခု .. အင်ကြင်းက ပျိုလေးကို ကားမောင်းသင်ပေးမယ်ဆိုရင် ဖြစ်ပါ့မလား .. အင်ကြင်းက ကားမောင်းကျွမ်းတာမှမဟုတ်ဘဲ .. ခုပဲကြည့် .. သူက သူများထောင်ရပ်ထားတဲ့စက်ဘီးကိုတောင် ဝင်တိုက်ခဲ့ပြီးနေပြီ .."



အစက .. ပျိုလေးနှင့်တူတူ စထွက်သည့်နေ့မှာ မင်္ဂလာမရှိသည့်ကိစ္စ ဖြစ်သည်ဟုပြောဖို့ ဒေါ်လတ်လတ်အား ဆုံးဖြတ်ထားပေမယ့် ..။ လက်ရှိအချိန်မှာကျတော့ .. သမီးကို အတော်လေးဂရုတစိုက်ကြီး ဖြစ်နေတာကိုမြင်နေရတာမို့ ဦးရန်လင်းအောင်ကို တစ်ဖက်ကလည်း ကိုယ့်သမီး ကားမောင်းမကျွမ်းသည့်သဘောမျိုး ထည့်ပြောလည်းထည့်ပြော ..။ ပြီးတော့ .. ဤနေ့မှာပဲ ပျိုလေးကို လိုက်ပို့ပေးရရင်းမှ .. စက်ဘီးတစ်စီးကို တိုက်ခဲ့တာကိုလည်း သိအောင်ပြောနှင့် တမင်ပြောနေခြင်းပါ။

"ဟုတ်လား .. ဒါဆို .. အင်ကြင်း .. ကားမမောင်းနဲ့တော့ .. လေးလေးကျော်နဲ့ပဲသွား .. ဟုတ်ပြီလား .. ပျိုလေးလဲ .. လေးလေးကျော် ကားမောင်းပို့တာနဲ့ပဲ သွားနေဦး၊ နောက်မှ အင်ကြင်းနဲ့အတူတူ ကားမောင်းသင်တန်းတစ်ခုကို တက်ကြတာပေါ့ .."

ဟု ဖေဖေ ခပ်အေးအေးပြောကာ အားလုံးကို ပြုံး၍ ဝေ့ကြည့်သည်။

"ဒီနေ့ဟာ .. သမီးလုံ့မေပျိုရဲ့ ပျော်ရတဲ့နေ့တစ်နေ့ဖြစ်တယ်လို့ပဲ အားလုံးသိနေကြမှာပါ .. နောင်လဲ ဒီလိုပဲ ပျော်နေရမှာပါ .. သမီးကိုလဲ .. အားလုံး .. ဂရုတစိုက်နေပေးကြပါလို့ ပြောချင်တယ် .. အားလုံး သိထားကြတဲ့အတိုင်း .. မေမေ့ကိစ္စကြောင့် .. ကျွန်တော် ဘယ်လိုခံစားရတယ် .. သမီးအပေါ်မှာ .. စိမ်းစိမ်းရက်ရက်နေခဲ့တယ်ဆိုတာ သိထားကြမှာပါ .. အဲဒါတွေကို .. ဒီနေ့ကစလို့ ဆုံးခန်းတိုင်သွားခဲ့ပြီဆိုတာကို .. အားလုံးပျော်နေကြစေမယ့်

www.burmeseclassic.com

www.burmeseclassic.com



စကားအဖြစ် ကျွန်တော် ပြောပြရင်း .. ကတိလဲပေးပါတယ် အင်ကြင်းမေ .. ဘဘ ကျေးဇူးတင်တယ် .. သမီး စာမေးပွဲအောင်တာကို .. ပြောပြလို့လေ .. ဘဘဟာ .. ကိုယ့်သမီး စာမေးပွဲဖြေတာ .. စာမေးပွဲအောင်စာရင်းတွေထွက်နေတာလောက်ကိုတောင်မှ သတိမထားခဲ့တဲ့ တာဝန်မကျေတဲ့ အဖေတစ်ယောက်တောင် ဖြစ်နေခဲ့တာပါ .."

ဟု ဖေဖေ ပြောလာတော့ ပျိုလေး ရင်ထဲမကောင်းနိုင် ..။ ဖေဖေ အဲသလိုမပြောပါနဲ့ ဖေဖေရယ်ဟု လှမ်းတားလိုက်ချင်သည်။ ဒါပေမဲ့ .. ဤစကားတွေကို ဖေဖေ တမင် အားလုံးရှေ့မှာ ပြောပြနေခြင်းဆိုတာကိုလည်း တစ်ဖက်ကသိလာနေရပါ၏။ ဖေဖေ ပျိုလေးအပေါ်မှာ ဘယ်သောအခါတွင်မှ အချစ်မလျော့တော့ဆိုတာကို အသိပေးနေခြင်းပါတကား ..။

"ရွှေကြာဖူးဝေဟိုတယ်ဆိုတာ နာမည်ကြီးဟိုတယ်တစ်ခုပါ .. ကျွန်တော် သိပါတယ် မမလတ် .. မနက်ဖြန်ကျရင် .. အဲဒီကို ကျွန်တော် လိုက်သွားပါ့မယ်၊ အဲဒီမှာမရှိဘူးဆိုရင်လဲ .. သစ်ခွမြိုင်ကို လိုက်သွားပါ့မယ် .. အဲဒီမောင်နေပြည့်စုံ ဆိုတဲ့သူကို .. ကျွန်တော် ကျေးဇူးတင်စကားသွားပြောပါ့မယ် .. စက်ဘီးအသစ်တစ်စီးကိုလဲ ကျွန်တော်တစ်ပါတည်းယူသွားလိုက်ပါ့မယ် မမလတ် .."

ဟုပြောက ဖေဖေ ထရပ်ပါ၏။

"ကဲ .. သမီး .. အခန်းပြန်နားတော့ .. သမီးရဲ့အိပ်ရာပေါ်မှာ ဖေဖေ ထပ်ဝယ်ပြီး ကားထဲမှာထည့်ထားခဲ့တဲ့ ရယ်ဒီမိတ်ထည်တွေ .. ဒေါ်ကြီးနှင်းကို သွားပို့ထားခိုင်းတာရှိတယ်"



ဟု ထပ်ပြောစဥ်ခိုက် ..

"သမီးရဲ့အဝတ်ဟောင်းတွေကို ဘယ်သူ့ကိုပေးပေး .. ပေးလိုက် .."

ဟု ပြောစဥ်ခိုက် ..

"မိစီ ယူမယ် .. မိစီ .."

နှင့် ထုံးစံအတိုင်း လိုချင်ဇောပဲသိလျက် ချက်ချင်းကြီးဝင်ပြောပါသည့် မိစီကို ကြီးလတ် မျက်ထောင့်ဖြင့်ကြည့်တာမို့ မျက်နှာငယ်လေးဖြင့် ငြိမ်ကျသွားပါ၏။

"ပျိုလေး .. မမမိစီကိုပဲ ပေးမှာပါ .."

ဟုပြောတော့ ဖေဖေ တစ်ချက်လှမ်းကြည့်လာသည်။ မျက်နှာတစ်ချက်ညှိုး၏။ ဩော် .. အဖေလုပ်သူက ခပ်တည်တည်ခပ်တင်းတင်း နေခဲ့ချိန်များမှာ .. ဤသမီးသည် အိမ်ဖော်ကိုမျှပင် မမိစီဟု တရိုတသေထား၍ ပြောဆိုနေရှာသည်ကော .. ဟု တွေးမိပုံရ၏။ ဘာမျှ ဆက်မပြောတော့ဘဲ ဖေဖေ ထွက်သွားခိုက် ..

"မိစီ .. ဘာလို့ လူကြီးစကားထဲ ဝင်ပါရတာလဲ .."

ဟု ခပ်ဝေါက်ဝေါက် အသံက မမကြီးသဇင်ထံမှ ပေါ်လာသည်။

"လာ .. ပျိုလေး .. အခန်းထဲသွားကြရအောင် .."

ဟု မမလေးအင်ကြင်းမှ အားလုံးကို ဝေ့၍ ပြုံးပြုံးလေးတစ်ချက်ကြည့်ပြီးမှ ပျိုလေးကို ခေါ်ထွက်လာပါသတည်း။

ပျိုလေးရင်ထဲမှာ .. မေမေ ရှိနေသည်ဟု ခံစားမိပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည် ..။ မေမေ့စာက ခုထိ .. ပျို့လေး အကျီအိတ်ကပ်လေးထဲမှာ ရှိနေဆဲ ..။ မေမေသည် ဤနေ့မြင်ကွင်း ကိုမြင်လျက် .. သမီးအတွက် ကျေနပ်ကြည်နူးနေရှာပါလိမ့် မည်။

ပျို့လေး တစ်ချက် မျက်လွှာချာလိုက်မိစဉ် နှာခေါင်း သို့ တိုးဝင်လာသည့် ပန်းတို့၏ရနံ့ ..။ ဥယျာဉ်ဆီမှလွင့်ပျံ့စွာ ... ခြံတွင်းဆီမှ လွင့်ပျံ့စွာတိုးဝင်လာပါသည့် ပန်းစံကားဘို့၏ရနံ့ စံပယ်တို့၏ရနံ့ ..။ နှင်းဆီတို့၏ရနံ့ပါတကား ..။

✻❤✻



## အခန်း(၁၂)

အခန်းတံခါးကို သေချာပိတ်ထားပြီးသည့်နောက်မှာ ... ပျို့ မေမေ့စာကို တယုတယ ထုတ်ယူလိုက်မိရပါ၏။ မေမေ့ ...ရေးဖြင့် ရေးသားထားပါသော စာလေးကို မကြာမလင့်မီမှာ ...း ဖတ်ရတော့မည်ဆိုတာကို သိနေရသည်ကိုက ရင်ကို ...တ် လှုပ်ရှားနေစေသည့်အဖြစ် ..။ ရင်ထဲမှာ ဝမ်းနည်းနေတာ ...ရှိနေသည်။ မေမေ့ကို တမ်းတစိတ်က ထုထည်ကြီးကြီးဖြင့် ...အုပ်မိုးထားချေသည့်အဖြစ် ..။ ပြီးတော့ .. မေမေ့နှုတ်မှ ...ပြောလာသည့်နှယ် ခံစားရစေမည့် စာလေးတစ်စောင်ကို ...း ဖတ်ရချေမည်ပဲဟု သိနေရင်း ရင်ထဲမှာကြည်နူးခြင်းလည်း ...ည်။ ပြီးတော့ .. မေမေ မရှိတော့သည်ပဲဟု သိနေရပါသည့် ...ကလည်း ရင်ကို ကြေကွဲဆို့နင့်နေစေပြန်ပါ၏။ လုံမေပျို့ ...ကို မှီလိုက်ကာ စာလေးကို ရင်မှာအပ်ထားမိရပါ၏။ ...င်တောက်ပနေသော အခန်းကျယ်ကြီးထဲမှာ မိပျို့ ရောက် ...က .. ဖေဖေ့မေတ္တာရိပ်ကြီးတစ်ခုကို ပြန်လည်ပိုင်ဆိုင်ရ ...စေသည့် အမှတ်အသားကြီးတစ်ခု ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လောင်လာဆယ်မှာ .. ဖေဖေ့မေတ္တာရိပ်ကြီးထဲမှာ မိပျို ရှိနေရသလို .. မေမေ့စာလေး ရှိနေပြန်တာကလဲ .. မေမေ ရင်ခွင်မှာ ပျိုလေး ခိုဝင်နေရသလို ဖြစ်နေပြန်ပါတယ် မေမေ .. ဖေဖေ မိပျိုကို အရင်တုန်းကလိုပဲ ပြန်ချစ်နေ ပြီ မေမေ .. မေမေ စိတ်ချလိုက်တော့နော် .. စိတ်ချလိုက် ပါတော့ မေမေရယ် .."

အသံလေးတွေ တစ်ချက်တိမ်ခနဲဖြစ်၏။ မျက်ရည် က ဖြာခနဲကျလာသည်။ စာလေးကို တစ်စိမ့်စိမ့်ငုံ့မိုး၍ မျက်တော မခတ် စိုက်ကြည့်နေမိရင်းမှ ပျိုလေး ကျုံး၍ အားယူထမိရပါ၏ တုန်ခါနေသောလက်အစုံဖြင့် ပျိုလေး၏ အဝတ်ဗီရိုဟောင်းလေး ရှေ့မှာ ရပ်မိသည်။ ဗီရိုတံခါးရွက်ကို ဖွင့်လိုက်တာ တုန်ခါနေ လက်ကလေးတွေဖြင့် ဗီရို၏အတွင်းဘက်အောက်ဆင့် အောက်ခံ မှ အံဆွဲလေးကို ဆွဲဖွင့်သည်။ အံဆွဲလေး ရွှေ့ခနဲ အပြင်ဘက် ရောက်လာတော့ အံဆွဲ၏အပေါ်ဘက် ဗီရိုအခင်းနေရာလေး စက္ကူအိတ်လေးတစ်ခုကို တိတ်သားလေးဖြင့် ကပ်ထားတာ စက္ကူအိတ်လေးထဲ လက်လေးသွင်း၍ ထုတ်ယူလိုက်ရသည် မေမေ့ဓာတ်ပုံပါတကား ..။ ကြီးလတ် ဗီရိုလာမွှေလျှင် တော နှင့်မတွေ့နိုင်သည့်နေရာလေးမှာ မထင်မှတ်နိုင်သောနေရာလေး စက္ကူအိတ်ထူထဲ မေမေ့ဓာတ်ပုံကို ထည့်၍ တိတ်သားလေး စက္ကူအိတ်လေးကို ကပ်ထားရခြင်းပါ ..။ မေမေ့ကို အရမ်းမုန်းနေတာမို့ မေမေ့ဓာတ်ပုံဆိုတာ ဘာမျှကို ငဝါ မကျန်တော့သည်အဖြစ် ..။ ဤဓာတ်ပုံလေးသည်ပင်လျှင် နှင့် မီးမရှို့ဘဲ ဖေဖေ့စကားကို တစ်ခုတည်းသော ဤဓာတ်ပုံ



ချန်ရစ်ခဲ့စေလိုက်ခြင်းဖြင့် ဆန့်ကျင်မိခဲ့ရကာ ..။ ကျန်ဓာတ်ပုံ တွေကိုတော့ မီးရှို့ပစ်ခဲ့ရလျက် ..။ ပျိုလေးကို .. ဓာတ်ပုံလေး ခုကိုချန်ထား ခိုးပေးခဲ့ခြင်းဆိုတာ ဖေဖေလည်း ယနေ့တိုင် သိနိုင်ခဲ့ ..။ ကြီးလတ်သည်လည်း ဓာတ်ပုံလေးကို ရှာဖွေမတွေ့ အောင် မိပျို လျှို့လျှို့ဝှက်ဝှက်လေးထားနိုင်ခဲ့ပါ၏။ ကြီးလတ် တာ ပျိုလေး ကျောင်းသွားနေချိန်များမှာ ဤဗီရိုလေးကို ကြာမကြာ လာလာဖွတတ် မွှေတတ်တာ ပျိုလေး သိသည်ပေါ့။ လေး အဝတ်အစားလေးတွေ ထားသိုတာ အနေအထား ပျက် နေသည်ပဲလေ။

ဒါပေမဲ့ .. အဝတ်တွေပဲ မွှေမွှေ ..။ ဗီရိုအံဆွဲကိုပဲ ကြည့်ကြည့် ..။ ဘာမျှမတွေ့နိုင်ခဲ့ ..။ အံဆွဲအထက်က ဗီရို ခင်းသားနေရာလေးမှာ မေမေ့ဓာတ်ပုံလေးကို ဤသို့ ဖွက်ထား လိမ့်မည်ဟုလည်း ထင်မှတ်ထားနိုင်မှာ မဟုတ်သည်မို့ ..။ ထို မေမေ့ဓာတ်ပုံလေးသည် ဖေဖေ မသိနိုင်အောင် .. ပျိုလေးထံ ရှိနေခဲ့ရချေသည်တည့် ..။

"မေမေ .."

ခပ်တိုးတိုးလေး ပျိုလေးခေါ်လိုက်မိရကာ မေမေ့ ဓာတ်ပုံလေးကို ငေးကြည့်မိရပါပြီ။ မေမေသည် အဖြူရောင်နှင်းဆီ ပန်းတစ်ပွင့်ကို ဆံထုံးလေးထက်မှာ ပန်ထားသည်။ အဝါရောင် ကော်စကအင်္ကျီလေးကို ဝတ်ထားကာ .. အဝါခံတွင် သဇင်လက် ခင်ခက်များနှယ် ဝေယုက်ပုံဖော်ပါသည့် ရွှေအိုရောင် ပိုးချည်ခက် ထဘီလေးကို ဝတ်ထားသည်။ မေမေ့လက်မှာ တောက်ပသော လက်စွပ်လေးရှိနေလျက် ..။ ကျားခေါင်းလက်ကောက်နှစ်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ဖက်စီမှာ ဝတ်ထားသည်။ မေမေ့လည်တိုင်မှာ တောက်ပ သော ကျောက်စီလည်ဆွဲ ရောင်စုံလေးကို ဝတ်ဆင်ထားပါ၏။ မေမေသည် အလွန်တရာကိုမှ နန်းဆန်ကြော့စင်နေသည်။ မေမေ့ မျက်လုံးလေးတွေက လှမ်း၍ စကားပြောတော့မည့်နှယ် ရွှန်းလဲ့ အသက်ဝင်နေကြပါ၏။ စိမ်းမြမြဘက်ကူးအောင် နက်နေသည့် ဆံနုယဉ်လေးတွေက မေမေ့နဖူးပြင်ထက်မှာ ခွေနွဲ့နွဲ့ ပျောင်းနွဲ့နွဲ့ တင်သည်။

"မေမေ .. မေမေ့ကို ပျိုလေး သတိရလိုက်တာ မေမေရယ် တကယ်တော့ .. မေမေနဲ့တူတူ ... ပျိုလေး ရှိနေပ ကံကြမ္မာက ခွင့်မပြုခဲ့ဘူးနော် .. ခု .. မေမေ့စာ .. ပျိုလေး ဆီမှာနေနေပြီ မေမေ .. အထဲမှာ ဘာတွေရေးထားသလဲဆို တာ ပျိုလေး သိချင်နေတယ် .. ပြီးတော့ .. ရင်ထဲမှာဆို နေတယ် မေမေ .. မေမေ မရှိတော့ဘူးဆိုတာ ပျိုလေး သိနေရသလို .. မေမေ မကွယ်လွန်မီမှာ ရေးခဲ့တဲ့စာဆိုတာ လဲ သိနေရတာမို့ ... ရင်ထဲမှာဆို့နေတယ် မေမေ .. စဉ်းစားကြည့်ပါဦး မေမေရယ် .. သမီးဟာ မေမေ့စာကို ဖတ်နေရချိန်မှာ .. ဒီစာကိုရေးခဲ့တဲ့ အမေဟာ မရှိတော ဘူးဆိုတာကို သိနေရတယ်လေ .. ပျိုလေးမှ ရင်မကွဲရင် ဘယ်သူရင်ကွဲပါ့မလဲ မေမေရယ် .. စာလေးတွေ တစ်လုံး ချင်းတစ်လုံးချင်းကို ဖတ်နေရချိန်တိုင်း .. အဲဒီစာလေးတွေ ကို ဖတ်ပြီးသွားရချိန်တိုင်းမှာ .. ကြေကွဲနာကျင်နေတ မျက်ရည်ချောင်းလေးတွေကို ဖြတ်ဖြတ်ကူးပြီး ကျော်လွ လာရသလို ရှိနေရမှာပါ .. ရှိနေရမှာပါ မေမေရယ် ..



ပြောနေရင်း ပျိုလေး မျက်ရည်တွေ ဆက်တိုက်ပြို ကျလာနေရပါပြီ ..။ မေမေ့ဓာတ်ပုံလေးကို ရင်မှာအပ်ထားရင်း အမိမဲ့သမီးလေးတစ်ယောက်အဖြစ် ပျိုလေး ခေါင်းငိုက်စိုက်ချ၍ ငိုရှိုက်နေမိရဆဲ ..။ ဤမျက်ရည်တို့ ဘယ်လိုခန်းနိုင်ပါ့မလဲလေ။ မေမေ့လက်လေးတွေဖြင့် သုတ်ပေးနိုင်စွမ်းမရှိတော့ပါသည့် သမီး လေးတစ်ယောက်၏ မျက်ရည်ဥ မျက်ရည်စက်များကို တမလွန်မှ မေမေသည်လည်း ရင်တနင့်နင့်ဖြင့် မြင်နေရချေမည်သာ။ မေမေ စိတ်ဆင်းရဲစေမည့်မျက်ရည်များကို ပျိုလေး တန့်ထားချင်ပါသည် မေမေရယ်။ ဒါပေမဲ့ .. မေမေ့ကို လွမ်းဆွတ်တမ်းတနေသည့် သမီးတစ်ယောက်၏ မျက်ရည်ဆိုတာ ဘယ်လိုမှ မခန်းနိုင်တာ မေမေ သိနိုင်မှာပါ ..။

ပျိုလေး အသံလေးတွေ ပွင့်ကျရင်း ငိုနေမိရဆဲ ..။ စာလေးကို တုန်ခါနေသည့်လက်လေးတွေဖြင့် စာအိတ်လေးထဲမှ ထုတ်ယူလိုက်နိုင်ဖို့ ပိတ်ထားသောစာအိတ်လေးကို စာညှပ်ကတ် ကြေးလေးဖြင့် ပျိုလေး ညှပ်လိုက်မိရပါ၏။ သြော် .. မေမေ့လက် ချောင်းလေးတွေဖြင့် ပိတ်ထားခဲ့ပါလေသော စာအိတ်လေး ..။ ဤစာအိတ်လေးကို ပိတ်နေစဉ်ခိုက် မေမေ ငိုနေချေမည်ဆိုတာ ပျိုလေး သိနေသည်။ လိမ္မာရစ်တော့ သမီးလေးရေ .. ဟု မေမေ့ စာထဲမှာ ရေးသားထားမှာကိုလည်း ပျိုလေး သိနေသည်။ နောက်ဆုံး ရေးခဲ့သောစာ ဆိုတာကိုလည်း မေမေသိနေမည်။ ဤသို့ သိနေရပါ သည့် အမေတစ်ယောက်၏ရင်ထဲမှာ အဘယ်မျှထိလောင်မြိုက်ကြေ ကွဲနေချေမည်တဲ့လဲလေ ..။ မေမေ့ဓာတ်ပုံလေးကို စားပွဲပေါ် တင်လိုက်မိကာ ပျိုလေးကတော့ နံရံကိုမှီ၍ ကြမ်းပေါ်ထိုင်နေ

www.burmeseclassic.com

www.burmeseclassic.com



လျက်ပုံစံလေးဖြင့်ပဲ စိတ်လှုပ်ရှားစွာ စာလေးကို ထုတ်ယူမိရ ..။ ဖတ်မိလိုက်ရပါပြီတည်း ..။

သေသပ်လှပသော မေမေ့လက်ရေးလေးများကို မျက်တောင်မခတ် ငေးစိုက်ကြည့်ရင်း မျက်ရည်က ထပ်ကျလာပြန်သည်။ စာတွေကို ဖတ်၍မရတော့ ..။ မျက်ရည်တွေပိတ်ဖုံးပြည့်ကျပ်နေသည့် မျက်ဝန်းကြောင့် စာတွေအားလုံးသည် ဝေဝါးလာကုန်ကြပြီ ..။ မျက်ရည်ကို လက်ဖမိုးလေးဖြင့် ပွတ်သုတ်လိုက်ကာ ထပ်၍ ပျိုလေး ကြိုးစားပမ်းစား ဖတ်မိပြန်ပါ၏။

"သမီးလေး လုံမေပျို ...

မေမေ စာရေးခဲ့တယ် သမီးလေးရယ် ..။ သမီးလေး ငိုနေသလား ..။ ငိုနေမယ်ဆိုတာ မေမေ သိနေပါတယ် သမီး။ ဒါပေမဲ့ မေမေ ဒီစာကိုမရေးလို့မဖြစ်တာမို့ ရေးခဲ့ခြင်းဆိုတာ မေမေ သိနေသလို .. မေမေ ဘာတွေရေးခဲ့ပါလိမ့်ဆိုတာကိုလဲ သမီးလေး သိချင်နေမယ်ဆိုတာ မေမေ ကြိုတင်နားလည်ထားပြီးသားပါ ..။ ဒီစာကို သမီးလေးဖတ်နေချိန်မှာ မေမေ မရှိတော့ဘူးဆိုတာ မေမေ သိနေတယ်လေ ..။ ကွယ်လွန်သူ အမေတစ်ယောက်ရဲ့လက်နဲ့ ရေးခဲ့တဲ့ စာပေမို့ .. စာလေးတွေဟာ အက္ခရာလေးတွေအဖြစ်သာမန်ရပ်တည်နေမှာမဟုတ်ဘဲ .. ငါ့အမေရေးခဲ့တဲ့စာ .. ငါ့အမေရေးခဲ့တဲ့စာ .. ဆိုပြီး သမီးလေးငိုရင်း ဖတ်နေရှာမယ်ဆိုတာ မေမေ သိနေတယ် ..။ ဘာလို့လဲဆိုတော့ .. မေမေဟာ အမေတစ်ယောက်ဖြစ်နေလို့ပဲ သမီး ..။ အမေဆိုတာ သားသမီးနဲ့ပတ်သက်လာရင် .. ကိုယ် ကွယ်လွန်



ပြီးချိန်မှာ သားသမီးလေးတွေ ဘယ်လိုခံစားနေရရှာမယ်ဆိုတာကအစ .. သိနေတတ်ကြတယ်လေ ..။ အဲဒါ .. အမေတိုင်းမှာရှိတဲ့ ခံစားချက်ပဲ ..။ မငိုနဲ့သမီးလို့ မေမေ မတားရက်ပါဘူး သမီးလေးရယ် ..။ တားလို့ရနိုင်မှာမဟုတ်တဲ့ မျက်ရည်တွေဆိုတာ မေမေ သိပါတယ် ..။ မေမေ ဝမ်းနည်းတာ တစ်ခုပဲရှိတယ်။ သမီးလေးရဲ့မျက်ရည်ကို မေမေ သုတ်မပေးနိုင်တဲ့အတွက်ပါ ..။ သမီးလေးကို မေမေ ရင်ခွင်ထဲမှာ သိမ်းပွေ့ထားပြီး မျက်ရည်တွေကို သုတ်ပေးချင်လိုက်တာ သမီးလေးရယ် ..။ ခဏလေးလောက်ပဲဖြစ်ဖြစ် မေမေ တမလွန်ကနေ .. လာခွင့်ရလိုက်ချင်ပါတယ် ..။ ကျနေတဲ့ သမီးလေးရဲ့မျက်ရည်တွေကို မေမေ သုတ်ပေးလိုက်ချင်ပါတယ် ..။ ဒါပေမဲ့ မေမေ့လက်တံမမီသာတော့တာမို့ .. ကြိုးစားပြီး မျက်ရည်ကိုထိန်းယူတော့ သမီး ..။ မျက်ရည်ကို သိမ်းယူလိုက်ပါတော့ ပျိုလေးရယ်။

မျက်ရည်လေးတွေ သုတ်လိုက် ..။ စာလေးကို ရအောင် ငုံ့မိုး၍ဖတ်လိုက် ..။ ထပ်၍ မျက်ရည်တွေ ပိတ်ဖုံးလာလေသမျှ လက်ဖမိုးလေးဖြင့် ပွတ်သုတ်၍ မျက်ရည်သိမ်းလိုက်။ ပြန်ဖတ်လိုက်ဖြင့် ပျိုလေး ရှိနေရလျက် ..။ နှုတ်ခမ်းမှလည်း ရှိုက်သံတွေ တောက်လျှောက်ပွင့်ကျနေသည်။ ဘယ်လိုမှ ဆက်မဖတ်နိုင်လောက်အောင် ရင်ထဲဆို့တက်လာနေသည်ပဲဟု သိနေရလျက် ပျိုလေး ဇက်လေးကို လှန်ကာ ခေါင်းကို နံရံမှာဖေးတင်မှီထားလိုက်ရင်း ကလေးနှယ် အသံလေးတွေ ပွင့်ကျငိုချလိုက်မိရပါပြီတည်း ..။

www.burmeseclassic.com

www.burmeseclassic.com



မေမေ့လက်တံ မမီသာတော့သည်တဲ့လား မေမေရယ် .. ဟု ရင်ထဲနင့်နေအောင် တွေးနေမိရသည်က ခံနိုင်ရည် မရှိနိုင်လောက်သည့် ကြေကွဲရှိန်ကြီးဖြင့်ပါ ..။

ဟုတ်ပါတယ် မေမေ ..။ ပျိုလေး ငိုနေပါတယ် မေမေရဲ့ .. ဟု နှုတ်မှ အရှုးအမူးကြီး ပွင့်ကျနေလျက် အသံလေးတွေက ရှိုက်သံဖြင့် ထွေးယှက်နေသည်။ ရင်ခေါင်းထဲ အရှိန်နှင့် ဆောင့်နေသည်က ရှိုက်ငင်နေခြင်းများ ..။ ပျိုလေး ဘေးမှာ ဖျောင်းဖျပေးနိုင်မည့် အဖော်သဟဲဆိုတာ မရှိနိုင် ..။ ဟုတ်သည် .. ရှိခွင့်မရနိုင်သည့် ဘဝထဲမှာ ရပ်တည်နေရတာမို့ ဖျောင်းဖျဖော်ဟူ၍ပင် ပျိုလေးမှာ မရှိနိုင်စွမ်း ..။ မေမေ့ ဓာတ်ပုံလေးကို ခိုးကြောင်ခိုးဝှက်လေး လှို့ဝှက်စွာ သိမ်းဆည်းထားရပါလေသော ဘဝ။

မေမေ့စာလေးကို ခိုးခိုးဝှက်ဝှက်လေး ဖတ်ရပါလေသော ဘဝပေမို့ ..။ ဒါ .. မေမေ့စာ .. မေမေ ရေးထားတာ .. ဟု ပြရန် ဘယ်သူမှ ပျိုလေးမှာမရှိ ..။ အဆုံးစွန် မမလေးအင်ကြင်းကိုပင် မပြရဲ ..။ ဖေဖေ မသိအောင် ဤမျှအထိ ပျိုလေးလုပ်မှာကိုတော့ မမလေးလည်း လက်ခံချင်မှ လက်ခံမည် ..။ ဖေဖေ့နာကြည်းမှုတွေ အဘယ်မျှထိ အရှိန်တပြင်းပြင်းဖြင့် မေမေ့အပေါ် လောင်မြိုက်အုပ်မိုးကျနေသည်ဆိုတာ မမလေးအင်ကြင်းလည်း သိနေသည်ပဲလေ ..။ ဩော် .. ခုတော့ .. ခုတော့ .. အမိမဲ့သမီး တစ်ယောက်၏ တနင့်နင့်ပါအောင် .. ငိုရှိုက်နေသည့် အဖြစ်တစ်ခုသည် .. အခန်းကျယ်ကြီးတစ်ခုရှိ ကြမ်းခင်းနေရာထက်မှာ အားအင်ပြတ်နေသည့် သူတစ်ယောက်နှယ် ခြိုးခြုံးကျမှ ကြေကွဲလှောင်



မြိုက်စွာ နံရံကိုကျောမှီထိုင်နေရရင်းဖြင့် တစ်ယောက်တည်း .. ထည်းထည်းမျှ .. ရှိနေရချေသည်တကား ..။

စာကို ရှေ့ဆက်ဖတ်ဖို့ မနည်းအားယူရဦးမည်ဆိုတာ ပျိုလေး သိနေသည်။ မျက်ရည်ကို အားတင်း၍ သုတ်ပစ်လိုက်ပြီး စာကို ဆက်ဖတ်ဖို့ ပျိုလေး ကြိုးစားယူရပြန်ပါပြီ ..။

"ဒီစာကို မေမေ ရေးခဲ့တာဟာ .. သမီးလေး တစ်ယောက်အပေါ်မှာ မေမေ ... ဝေဒနာဆိုးကြီးတစ်ခုကို .. မထားရစ်ပေးခဲ့ချင်လို့ပါ ..။ ဘယ်သူယုံယုံ .. မယုံယုံ .. သမီးလေး ယုံဖို့လိုပါတယ် သမီးရယ် ..။ ဘွားကို .. မေမေ .. မသတ်ခဲ့ဘူး ဆိုတာကို .. သမီးလေး သိစေချင်တယ် ..။ ငါ့အမေဟာ .. လူသတ်သမား ဆိုတာကြီးကို .. သမီးလေး သိတတ် နားလည်နေချိန်မှာ ပိုပြီးခံစားနေရမယ်ဆိုတာကို .. မေမေ နားလည်နေတယ် ..။ သိနေတယ် ..။ သမီးလေးကို .. အဲဒီဝေဒနာ မကျန်ခဲ့စေချင်ဘူး ..။ မေမေဟာ သေလူပါကွယ် ..။ မေမေ့မှာ .. ကျန်းမာရေးမကောင်းတော့တာ မေမေ သိနေတာပါပဲ ..။ ဘယ်လိုပဲ ဆေးကုသပေးပေး ..။ မေမေ့နှလုံးက အလုပ်ကောင်းကောင်း မလုပ်နိုင်ဘူးဆိုတာ မေမေ သိနေတာပါပဲ ..။ အဲဒီလို .. သေလူဖြစ်နေတဲ့ မေမေဟာ .. သမီးလေးအပေါ်မှာ မညာခဲ့ဘူးဆိုတာ သမီး သိမှာပါ ..။ ဘယ်သူတွေ မသိစေဦး ..။ မေမေ့သမီးလေး သိနေမှာပါကွယ် ..။ မေမေ .. သမီးရဲ့ဘွားကို မသတ်ခဲ့ပါဘူးကွယ် .. ကွယ်လွန်ရတော့မယ့် .. သေခြင်းတရားဆိုတာကြီးကို .. မေမေ .. လက်ခံရတော့မှာပါ ..။ သေ

www.burmeseclassic.com

www.burmeseclassic.com



ခါနီးလူတစ်ယောက်ဟာ မညာဘူးဆိုတာကို သမီးလေး သိနေမှာပါ သမီးရယ် ..။ မေမေလေ ..။ သမီးလေးရဲ့ရင်ထဲမှာ ကြေကွဲခံစားနေစေတဲ့ .. အရှက်ရနေစေတဲ့ .. ခေါင်းမဖော်ရဲအောင် ခံစားနေရစေတဲ့ .. လူသတ်သမတစ်ယောက် .. ဆိုတဲ့ အမေအပေါ်မှာ လက်ခံနားလည်ပေးထားလိုက်ရတဲ့ ခံစားချက်ကို သမီးလေးရဲ့ရင်ထဲက ထုတ်သိမ်းနုတ်ဖယ်ထားလိုက်ချင်တာပါ ..။ သမီးလေးတစ်ယောက်တည်း သိနေရုံနဲ့ပဲ မေမေ .. ကျေနပ်ပါပြီ ..။ သမီး .. မေမေ့ကို .. ယုံပါတယ်လို့ ပြောလိုက်စမ်းပါ သမီးရယ် .. ဘွားကို မေမေ မသတ်ဘူးဆိုတာ သမီးယုံပါတယ်လို့ ပြောလိုက်စမ်းပါ ..။ မေမေ ကြားချင်လွန်းလို့ပါ ..။ ကြားချင်လွန်းလို့ပါ .. ပျိုလေးရယ် ..”

ပျိုလေး အခန်းကို ဝေ့ကြည့်မိသည်။ ပန်းရနံ့လေးတွေ ပြတင်းဆီမှ တိုးဝင်လာနေကြပါသည့်အခန်း ..။ ဥယျာဉ်ဆီမှ နှင်းဆီရနံ့ ..။ စံပယ်ရနံ့ ..။ ခြော် .. ပန်းစံကားတို့မှရနံ့ .. ထိုရနံ့တွေက အခန်းထဲမှာ ခါတိုင်းနေ့များထက် ပို၍တိုးဝင်လာနေကြသည်ဟု ပျိုလေးထင်လာသည်။ မေမေ ရောက်လာနေပြီလည်း ယုံကြည်လာသည်။ ရင်သည် .. မွမွကြေနေသည်သို့ရှိ၏။

“ခုမှ မဟုတ်ပါဘူး မေမေရယ် .. စိတ်ထားအလွန်နူးညံ့တဲ့ မေမေဟာ .. ဘွားကိုမသတ်ဖူးဆိုတာ .. ပျိုလေး .. အရင်ကတည်းက .. ယုံကြည်ထားတဲ့သမီးပါ .. ဒါပေမဲ့ .. မေမေရယ် .. တခြားလူတွေက .. မေမေ ဘွားကိုသတ်တယ်လို့ ယုံကြည်ထားကြတယ်လေ .. မေမေ့ကို .. ဘယ်



သူက .. ဘယ်လိုထင်ထင် .. ပျိုလေးကတော့ .. မေမေ့ကို ချစ်လဲချစ်နေသလို .. မေမေဟာ လူသတ်သမား မဟုတ်ဘူးဆိုတာ ပျိုလေး ယုံကြည်ထားပါတယ် မေမေရဲ့ .. ခုလဲ .. ပျိုလေး ထပ်ပြောပါမယ် .. မေမေ သေချာနားထောင်နော် .. ဘွားကို မေမေ မသတ်ဘူးဆိုတာ သမီးယုံပါတယ် .. ယုံပါတယ် မေမေ .. မေမေ ကြားလိုက်ပါတော့ .. ကြားလိုက်ပါတော့ ..”

ဟု ပြောလည်းပြော ..။ မေမေ့ဓာတ်ပုံလေးကိုယူလိုက်ကာ မျက်ရည်လူးနေသည့် မျက်နှာလေးဖြင့် အပ်လိုက်မိရင်းမှ ပျိုလေး ရှိုက်ရှိုက်ငင်ငင်လေး ငိုချလိုက်မိရပါပြီတည်း ..။ ပန်းရနံ့တွေ ပိုတိုးဝင်လာသည်သို့ရှိ၏။ ပန်းပွင့်ပန်းခိုင်လေးတွေ ပျိုလေးဘေးမှာ ရှိနေသည့်နှယ် အနီးတကပ်ကြီး ရှိနေသည်ဟုလည်း ခံစားဖြစ်၏။ ပျိုလေး ခေါင်းလေးမော့လာကာ ဘေးကို ဝေ့ကြည့်သည်။

“မေမေ ..”

ဟု ထပ်ခေါ်ခိုက် .. လေပြည်နုသည် အခန်းတွင်းဆီသို့ အခန်းဆီးတွေကို တိုက်ခတ်၍ တိုးတိုးဝင်ဝင် ..။ လေပြည်နုနှင့်အတူ ပန်းရနံ့က မွှေးမွှေးမြမြ .. တတိုးဝင်ဝင် .. ပိုရှိလာကြပါချေသည်တကား ..။

“အဲဒီနေ့ကအဖြစ်ကို မေမေ ရေးပြမယ် .. သမီးလေးက ကျောင်းသွားနေပြီ .. အဲဒီနေ့ဟာ .. ဘွားအသက်ရှင်ခွင့်ရတဲ့ နောက်ဆုံးနေ့တစ်နေ့အဖြစ် .. ဖြစ်တည်လာလိမ့်မယ်လို့ မေမေလဲ .. ဘယ်လိုသိထားနိုင်ပါ့မလဲ သမီးရယ် ..”

www.burmeseclassic.com

www.burmeseclassic.com



ပျိုလေး ရင်ထဲ ပို၍လှုပ်ရှားလာသည်။ စာကိုအာရုံ
စိုက်၍ဖတ်ဖို့ ဓာတင်လာခိုက် ..။ တံခါးခေါက်သံ ပေါ်လာချေ
သည်တကား ..။ ပျိုလေး ကမန်းကတန်းလေး စာလေးကိုပြန်
ခေါက် ..။ စာအိတ်လေးထဲထည့် ..။ ဓာတ်ပုံလေးကိုပြန်သိမ်း ..။
စာရော .. ဓာတ်ပုံလေးရော .. ဗီရိုအံဆွဲအထက် ဗီရိုသစ်သားခေ
ရာမှာ ပြန်၍ကတ်ထူစက္ကူအိတ်ထဲ လက်ချောင်းလေးတွေဖြင့်
သွင်းထည့် ..။ ကမန်းကတန်းလေး ဗီရိုကိုပြန်ပိတ် ..။ မျက်နှာ
မှ မျက်ရည်ကို စင်အောင်သုတ်ပြီး တံခါးသွားဖွင့်လိုက်တော့ ရပ်
နေသူသည် .. ဖေဖေ ဖြစ်နေပါချေသည်တည့် ..။ ဖေဖေ့မျက်ဝန်း
တွေက ... ပျိုလေး၏မျက်နှာလေးထက်မှာ တန့်နေသည်။

"သမီးလေး ငိုထားသလား .."

ဟု ဖေဖေ မေးလာတော့ ပျိုလေး ဟန်မဆောင်
နိုင်တော့ ..။

မေမေ့စာကြောင့် .. တစ်ယောက်တည်း ငိုရှိုက်ခဲ့ရ
နေရလေသမျှ .. ကလေးလိုပဲ .. ဖေဖေ့ရင်ခွင်ထဲ တိုးဝင်မိကာ
ငိုချလိုက်မိရပါပြီ ..။

ဩော် .. ပျိုလေးမှာ .. တိုးဝင်ငိုရှိုက်ခွင့်ရပါသည်
ဖေဖေ့ရင်ခွင်ဆိုတာ ရှိနေချေပါပြီ မေမေရယ် .. ဟု တိုးသက်မှာ
ရင်ထဲမှ မေမေ့ကို တမ်းတရင်း ပြောမိရပါပြီ ..။ အခန်းထဲမှာ
မေမေ့ဝိညာဉ်လေး ရှိနေသည်ဟု ပျိုလေး ယုံကြည်နေသည်။ ဤ
မြင်ကွင်းကို မေမေသည်လည်း မျက်ရည်ကျရင်း မြင်နေမည်ဟု
လည်း ယုံကြည်သည်။ ဖေဖေ့ ရင်ခွင်မှာ ပျိုလေး ခုလို .. တိုး
ဝင်ငိုရှိုက်ချလိုက်ခွင့်ရှိသည့် ဘဝကို .. ပျိုလေး ပြန်လည်ပိုင်ဆိုင်



ရချေသည့်အတွက်လည်း မေမေ ဝမ်းသာစိတ်ချသွားပါချေလိမ့်
မည် ..။

"မငိုနဲ့ .. မငိုပါနဲ့ သမီးရယ် .."

ဟု ဖေဖေ့အသံတွေ တုန်ခါနေရင်း ပြောလာစဉ်
ခိုက် ..

"ပျိုလေးကို .. သမီးကို .. နောက် .. နောက်ထပ် .. ဘယ်
တော့မှ .. မ .. မမုန်းလိုက်ပါနဲ့ ဖေဖေရယ် .. သမီး
ကြောက်တယ် .."

ဟု ကလေးလေးလို ငိုရှိုက်၍ ဖေဖေ့ရင်ခွင်မှာ
မျက်နှာလေးကို အပ်ထား၍ မဗ္ဗာနိုင်စတမ်းလေး ဖေးကပ်၍ရှိုက်သံ
တွေ ရောတွေးနေလျက်ပြောတော့ ဖေဖေ့လက်တွေ ပျိုလေး၏
မျက်နှာလေးကို ဆွဲမော့သည်။ သမီး၏မျက်နှာလေးကိုကြည့်ကာ
ဖေဖေလည်း မျက်ရည်ဝဲနေရှာပါ၏။

ဖေဖေ အရမ်းကို စိတ်ထိခိုက်သွားချေသည်ပဲဟု
သိရပြန်သည်မို့ ပျိုလေး စိတ်ကိုအားတင်း၍ ထိန်းသည်။ ရှိုက်သံ
ကိုလည်း ထိန်းသည်။ မျက်ရည်ကိုလည်း ထိန်းသည်။

"ဖေဖေ .. သမီးလေးကို .. အမြဲတမ်း ချစ်နေတဲ့အဖေဝါ
ကွယ် .. အရင်တုန်းကလည်း .. သမီးအမေ .. ကို .. နာ
နေတဲ့စိတ်နဲ့ .."

ဟု ပြောနေရာမှ စကားပြတ်တောက်သွားကာ ငိုင်
ကျသွားသည်က ဖေဖေပါ ..။ နောက်တော့ ခေါင်းခါသည်။

"အဲဒါတွေ .. ဘာလို့ ပြန်ပြောနေကြတော့မှာလဲ သမီး
ရယ် .. ကဲ .. ထိုင် .. ထိုင် .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပျိုလေးကို စာကြည့်ကုလားထိုင်လေးမှာ ထိုင်ခိုင်းပါ၏။ မကြာလိုက် ..။ လေးလေးကျော်နှင့် ဘာဘာသော်တို့ ရောက်လာကြပါ၏။ ဖေဖေ ခေါ်ထားတာဖြစ်မည်။

"သမီး .. အဲဒီ ဗီရိုထဲက အဝတ်အစားတွေထုတ် .. သပ်သပ်ထား .. ပြီးတော့ .. ဗီရိုထဲက .. သမီးလိုချင်တာလေးတွေ ဖယ်ထား .. အဝတ်အစားတွေကို မိစီကို ပေးမယ်ဆို .. ပေးလိုက် .. လိုချင်တာလေးတွေ ဘာလေးတွေ ရှိတာယူထား .. ဖေဖေ ဝယ်ပေးတဲ့ လက်ဝတ်လက်စားတွေလဲ အဲဒီထဲမှာပဲ လောလောဆယ်ရှိနေမှာ မဟုတ်လား .. အဲဒါတွေလဲ သိမ်းယူထားလိုက် .. ပြီးရင် .. ဒီဗီရိုကို စတိုခန်းထဲ ပို့ထားလိုက်တော့မယ် .. ဖေဖေ ဝယ်ထားပေးတဲ့ ဗီရိုကြီးထဲမှာ အဝတ်အစားသစ်တွေပဲ ထည့်ရမယ် .. သမီး လုံမေပျိုဟာ .. ဒီနေ့ကစပြီး .. အားလုံး .. အသစ်တွေနဲ့ ဘဝသစ်တစ်ခုကို စတင်ခြေလှမ်းတဲ့နေ့လို့ ဖေဖေ မှတ်ယူတယ် သမီး .."

ဖေဖေ ပြောတော့ ပျိုလေး ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရပါပြီတည်း ..။ ဗီရိုထဲမှာ .. မေမေ့စာ ရှိသည်။ ဟုတ်သည်။ ပျိုလေး အဆုံးသတ်အောင် မဖတ်ရသေးသည့်စာရှိသည်။ ပျိုလေး မေမေ့ဓာတ်ပုံရှိသည်။ စာကိုရော .. မေမေ့ဓာတ်ပုံကိုရော ဖေဖေ့ ရှေ့မှာ ဘယ်လိုမှ ထုတ်သိမ်း၍မရ ..။ မဖြစ် ..။ ရင်ထဲမှာ ဆောက်ကျသွားရပါသည့်အဖြစ်။

"အဲလိုမှန်းသိရင် .. စောစောက .. စာကြည့်စားပွဲအံဆွဲထဲပဲ .. ထည့်ထားလိုက်မိရင် ကောင်းသား .. ပိုစိတ်ချ



လုံခြုံတယ်ဆိုတဲ့ အတွေးနဲ့ ဗီရိုထဲ ထည့်ထားမိတာ .. ခု ဘယ့်နှယ်လုပ်မလဲ .."

ပျိုလေး ခေါင်းတွေကိုက်တက်လာသည်။ စောစောကတည်းက စိတ်ပန်းကိုယ်ပန်းဖြင့် ဝမ်းနည်းရှိန်ကြီးခဲ့ရသည့်အကြာကလည်း မသေးလှ ..။ ငိုထားတာကလည်း ရင်ထဲဆို့ကျပ်ခဲနေအောင် ပြင်းထန်သည့် ခံစားမှုတွေဖြင့်ပေမို့ .. ခေါင်းသည် ဆစ်ဆစ်ပါအောင် ကိုက်ခဲလာနေပြီ ..။

"ဒီ .. ဒီဗီရိုလေးကိုတော့ .. မမမိစီကို မပေးပါရစေနဲ့ ဖေဖေ"

ဟု အရဲကိုး၍ပြောတော့ ဖေဖေ ခေါင်းညိတ်သည်။ ဗီရိုကိစ္စက ဖေဖေ့အတွက် သိပ်အလေးအနက် ရှိမနေတာကိုပဲ ကျေးဇူးတင်ရမလို ဖြစ်နေပါ၏။

"အဝတ်အစားတွေပဲပေးလေ .. ဘာလဲ .. သမီးက ဗီရိုကို နှမြောနေတာလား .. ဟိုမှာ အသစ်ကြီးမှ အကြီးကြီးပဲ သမီးရယ် .. အဲဒါလေးကို မမက်နေပါနဲ့ .."

ဟုပြောလာတော့ !

"ပျိုလေး .. စာအုပ်တွေ .. ထည့်ချင်လို့ပါ ဖေဖေ .."

ဟု အရဲကိုး၍ ပြောပေမယ့် ..

"ဟိုမှာစာအုပ်စင်လဲ ရှိတယ် .. စာအုပ်ဗီရိုလဲ ရှိတယ် .. အဟောင်းတွေအားလုံး .. ဒီမှာမထားနဲ့တော့ သမီးရယ် .. ဘာဘာသော် .. အဲဒါတွေ .. စတိုခန်းထဲလဲ ထားမနေပါနဲ့တော့ .. ဟိုအခန်းထဲ ထည့်ထားလိုက် .. ပြီးရင် .. သော့ပိတ်ထားလိုက်တော့ .. အဲဒီအခန်းကို နောက်ထပ်သည် တော့မှလဲ ဖွင့်မနေနဲ့တော့ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလာသည်မို့ မေမေ့ပစ္စည်းတွေထားသည့် သီးခြားရှိနေပါသော ပစ္စည်းတွေနှင့်အတူ ပျိုလေး၏ဗီရိုလေး ရောက်သွားတော့မည်ပဲ ဆိုတာ သိလိုက်ရပါ၏။ ဘာပဲဖြစ်ဖြစ်[illegible] ကြီးလတ် အချိန်မရွေး ဝင်နိုင် မွေနိုင်သည့် စတိုခန်းကြီးထဲမှာ တော့ ပျိုလေး၏ဗီရိုလေး ရောက်မသွားဖြစ်တော့တာကိုပဲ ကြဖန် ၍ ကျေးဇူးတင်လိုက်မိရပါပြီ ..။ မေမေ့ပစ္စည်းတွေချည်း အားလုံး ပွတ်သိပ်ထားရှိပါသည့် သီးခြားတိုက်ဆောင်ငယ်လေးထဲမှာ ပျိုလေး ၏ဗီရိုလေး လောလောဆယ် ရောက်သွားရခြင်းဖြင့် .. မေမေ ဓာတ်ပုံနှင့် မေမေ့စာသည် လုံလုံခြုံခြုံတော့ ရှိနေချေမည်သာ ..။ မေမေ့စာကို ဆုံးအောင်မဖတ်လိုက်ရလေခြင်းဟု ရင်ထဲမှာမချ[illegible] မရဲကြီး ဖြစ်နေရ ..။ အံဆွဲဆင့်နေလေးတွေ ရှိနေပါသည့် စာ ကြည့်စားပွဲကို နောင်တဖြင့် ကြည့်နေမိရနှင့်ပါ။ သိများသိလျှင် စာကြည့်စားပွဲအံဆွဲထဲ ထည့်ထားမိပါရဲ့ .. ဟု မချင့်မရဲကြီး တွေးနေမိရသည်ကလည်း မိပျိုပါတည့် ..။

"ဗီရိုသွားထားပြီးတာနဲ့ .. သော့ခတ်လိုက်တဲ့ အဲဒီအခန်း တံခါးသော့ကို .. ကျွန်တော့်ကို လာပေးပါ ဘဘသော် .."

ဟု ဖေဖေ ထပ်ပြောလာတော့မှ .. မိပျိုမျက်စိတွေ ပြာခနဲဖြစ်၏။

ဘုရားရေ ..။ မေမေ့ပစ္စည်းတွေအားလုံး ထည့်ထား ရာ တိုက်ဆောင်ငယ်လေး၏ တံခါးသော့ကို .. ဖေဖေ ယူသိမ်း ထားမည်တဲ့လားလေ ..။

မျှော်လင့်ချက်သည် .. လုံးဝပျောက်ဆုံးသွားသည် သို့ရှိ၏။



သွားချေပြီကောလေ ..။

မေမေ့စာကို .. ဘယ်လိုမှ .. ပျိုလေး မဖတ်နိုင်တော့ ပြီတည့် ..။

ဖေဖေ့ထံမှ .. ထိုသော့ကို တောင်း၍ရနိုင်သည်မှ မဟုတ်ချေပဲ ..။

စိတ်မာတ်ကျဆင်းခြင်းက .. ဆောက်တည်ရာမရနိုင် ပဲ ဖြစ်နေသည့် ကြေကွဲလောင်မြိုက်ခြင်းများနှင့်အတူ .. ပျိုလေးကို ဖိဆီးလိုက်ချေသည်တကား ..။

ဗီရိုလေးကို .. ကြေကြေကွဲကွဲကြီး ပျိုလေး မျက် တောင်မခတ် ငေးစိုက်ကြည့်နေရာမှ .. ဘယ်လိုမှ တားဆီးမရနိုင် မှာ မျက်ရည်က အိခနဲပြိုကျ၏။

"ဘာလို့ ဒီဗီရိုလေးကို တွယ်တာနေရတာလဲ သမီးရယ် .. ဒီအခန်းထဲမှာ သမီးဟာ .. စိတ်သစ် .. လူသစ် .. နေရ မှာလေ .. အရင်ခံစားခဲ့ရတာတွေ အားလုံးကို မေ့ပျောက် ပစ်လိုက်နိုင်ဖို့ .. ဒီအခန်းထဲမှာ သမီးလေး ထိတွေ့ရတဲ့ အရာတိုင်းဟာ အသစ်တွေချည်း ဖြစ်နေစေချင်တယ် .. ပြီးတော့ .. ဦးရန်လင်းအောင်ရဲ့ သမီးတစ်ယောက်ရဲ့အခန်း ဟာ .. ဒီလို .. ခန့်သန့်လှပနေတဲ့ ပစ္စည်းတွေနဲ့မှ .. တူ တန်တာ .. ပြီးတော့ .. ဖေဖေ ထပ်ပြောမယ် သမီး .. အဲဒီဗီရိုလေးဟာ .. အရင်တုန်းက .. သမီးလေးရဲ့မေမေ .. သုံးခဲ့တဲ့ ဗီရိုလေး ဖြစ်နေတယ်ဆိုတာ သမီးလဲ သိနေမှာ ပါ .. သူ .. အဲဒီထဲမှာ ပန်းထိုးပိတ်စတွေ .. ပန်းထိုးချည် လုံးတွေ .. ထားတာ .. သမီးကို .. ဒီဗီရိုလေးတစ်လုံးသုံး

www.burmeseclassic.com

www.burmeseclassic.com



ဖို့ ဖေဖေမရှိတုန်း မမလတ် ဦးသော်တို့နဲ့ ဟိုနေရာက ပြန်သယ်ယူလာပေးထားတာ ဖြစ်လိမ့်မယ် .. ဒါကြောင့် ဒီဗီရိုကို .. ဖေဖေ ထပ်မတွေ့ပါရစေနဲ့ သမီးရယ် .. ဖေဖေ ဘာကိုရည်ရွယ်တယ် ပြောချင်နေတယ်ဆိုတာ သမီး နားလည်မှာပါ .."

ဟု ဖေဖေ ထပ်ပြောလာတော့ ပျိုလေး ခေါင်းလေး ငိုက်ချလိုက်မိရပါပြီ ..။ သြော် .. ဖေဖေသည် ဤဗီရိုလေးအပေါ် အလေးအနက်မရှိဟု စောစောက ထင်ထားမိခဲ့တာ မှားနေပြီကော လေ ..။

"ဟုတ်ကဲ့ပါ ဖေဖေ .. ဖေဖေ့သဘောပါ .."

ဟု တိုးသဲ့စွာ ဖြေမိရပါ၏။ ဖေဖေ သက်ပြင်းတစ် ချက်ရှိုက်ကာ ပျိုလေး၏ ဆံစလေးကို သပ်ပေးနေစဉ်ခိုက် .. ဘဘသော်နှင့် လေးလေးကျော်သည် ပျိုလေး ထုတ်ထားသော ပစ္စည်းနှင့် အထည်တွေကို ချန်ထားခဲ့လျက် ဗီရိုလေးကို သယ် သွားချေသည်တကား ..။

သြော် .. ခုကျတော့ .. ဗီရိုလေးသည် .. မေမေ စာ .. မေမေ့ဓာတ်ပုံလေးတွေ ထားပါလေသော ဗီရိုလေးတစ်လုံး ဖြစ်နေသည့်အပြင် .. မေမေ တစ်ချိန်က .. သုံးခဲ့သော ဗီရိုလေး ဖြစ်နေချေသည်မို့ .. မျက်ရည်ရစ်ဝိုင်းလျက် .. ကြေကြေကွဲကွဲ လေးလည်း ငေးကြည့်မိရ ..။ နှမြောနေမိရင်းဖြင့် ပျိုလေး ကျန်ခဲ့ ရချေသည်တည့် ..။

* ❤ *



## အခန်း(၁၃)

"အေး .. သာဓု .. သာဓု .. သာဓုပါ သမီးရယ် .. ဖေဖေ့ သမီး ပညာအရာမှာ ထူးချွန်နေတဲ့သမီး .. ဖေဖေ့ကိုချစ် တဲ့သမီး .. အဖေနှင့်တူသောစိတ်ဓာတ်ရှိတဲ့သမီး .. လိမ္မာ ရေးခြားရှိတဲ့သမီးအဖြစ် .. ရှိပါစေ .. ဘေးကင်းရန်ကွာ အမြဲရှိပါစေ .."

ဟု ဖေဖေ့ဆုပေးသံ အဆုံးမှာ .. ပျိုလေး ဦးခိုက် နေရာမှ ပေးတဲ့ဆုနှင့်ပြည့်ပါစေ .. ဟု ဆုတောင်းမိရသည်ပါပဲ ..။ အဖေ့ချစ်ခြင်းတွေ အစဉ်ပိုင်စိုးရတဲ့သမီး ဖြစ်စေဆိုတဲ့ဆုကို ဆည့်ပေးပါ ဖေဖေရယ် .. ဟု မော့ပြောချင်ပေမယ့် ..။ ခုလည်း ဖေဖေ ချစ်နေတာပဲလေ .. ဆိုသည့် အဖြေကို ရမှာမို့ .. မပြော ဖြစ်တော့ပါ ..။

ဖေဖေ့ မျက်ဝန်းတွေက ပျိုလေးကို ငုံ့မိုး၍ကြည့်နေ ပါ၏။ ခုတင်ထက်မှာ ဖေဖေ ထိုင်နေသည် ..။ ခေါင်းရင်းမှာ တရားစာအုပ်သည် ဖတ်လက်စအနေအထား ဖြန့်မှောက်ထားလျက် သား ရှိနေပါ၏။ သြော် .. ဖေဖေသည် .. မေမေ မရှိတော့သည့် ဤငုဝါမြိုင်အိမ်ကြီးမှာ တစ်ယောက်တည်းပဲ နေခဲ့လျှက် ..။ အိမ်

www.burmeseclassic.com

www.burmeseclassic.com



ထောင်လည်း မထူခဲ့ ..။ မေမေ့ကို စိတ်နာနေသည့် ဖေဖေသည် နောက်အိမ်ထောင်ထူတာကိုကျတော့လည်း မလုပ်ခဲ့ ..။

ဤသို့ပင် .. တစ်ယောက်တည်း အခန်းထဲမှာညည .. တွေမှာ ရှိနေရတတ်လျက် .. တရားစာအုပ်ကို ဖတ်နေ ပေလိမ့်မည် ..။ တကယ်တမ်းကျတော့လည်း .. ဖေဖေသည်လည်း အလုပ်နှင့်အိမ် ..။ အိမ်နှင့်အလုပ် .. ရှိနေတတ်ရကာ ..။ ကျယ်ပြန့်သော စီးပွားရေးလုပ်ငန်းကြီးကို ဦးဆောင်လုပ်ကိုင်နေရသည့်သူပေမို့ အလုပ်နှင့်ပတ်သက်၍ လူအများနှင့် ဆက်ဆံရတာမှန်ပေမယ့် ..။ အိမ်မှာကျတော့ .. ခုလို .. အခန်းထဲမှာ တစ်ယောက်တည်း ရှိနေတတ်ရလျက် .. အထီးကျန်နေနေရရှာသည်ကော ဟု ခုမှ .. ပို၍ဖေဖေ့ကို စာနာနားလည်လာမိရပါပြီတည်း ..။

"ဖေဖေတို့ .. လသာဆောင်မှာ ထိုင်လိုက်ကြရအောင် သမီး .. လလည်းသာနေတာပဲ .."

ဟု ဖေဖေ ပြောလာတော့ ပျိုလေး ခေါင်းလေးညိတ်ကာ ဖေဖေနှင့်အတူ လသာဆောင်ကျယ်ကြီးဆီသို့ ရောက်ခဲ့ရပါပြီ ..။ ကြိမ်ကုလားထိုင်ဝိုင်းကြီးမှာ ဖေဖေ ထိုင်လိုက်တော့ ပျိုလေး ကြမ်းပေါ်ထိုင်ကာ ဖေဖေ့ခြေသလုံးတွေကို ခပ်ဖွဖွနှိပ်ပေးနေမိရပါ၏။ ဖေဖေ့ကို .. ပျိုလေး နှိပ်ပေးချင်သည်။ စကားကြောလေးတွေ ဆွဲပေးချင်သည်။ ဖေဖေနှင့် စကားလေးတွေပြောနေချင်သည်။ ဖေဖေ ပြောသည့်စကားတွေကို မငြီးငွေ့စတမ်း မရောင့်ရဲနိုင်စွာ နားထောင်နေချင်သည် ..။ ဒါတွေက .. ပျိုလေး အထီးကျန်ရှိနေရစဉ် ကာလတစ်လျှောက်လုံးမှာ အတောင့်အကြ တောင့်တခဲ့ရပါသည့် ဆန္ဒများပါ ..။ ဇောများပါ ..။ ဩော် ..



ခုတော့ .. ပျိုလေး တမ်းတ .. ဖြစ်တည်လွန်းရပါသည့် တောင့်တမှုများ ပြည့်ဝလာရချေပြီတကား ..။

ပျိုလေး နှိပ်ပေးနေတာကို ဖေဖေ မတား ..။

"ညောင်းနေတာနဲ့ အတော်ပါပဲ သမီးရယ် .."

ဟု တိုးဖွဖွပြောသည်။

"သမီးကို ဖေဖေ ပြောချင်တာရှိတယ် သမီး .. သမီးလေးဟာ .. ရုပ်ရည်ချောမွေ့တယ် .. နေထိုင်တာလေးတွေလဲ .. သိမ်မွေ့တယ် .. အဲသလိုပဲ .. သမီးရဲ့မေမေဟာလဲ သိမ်မွေ့အေးချမ်းတဲ့သဏ္ဍာန် ရှိခဲ့တာပါပဲ .. အဲဒီသိမ်မွေ့အေးချမ်းခြင်းကို ဖေဖေ တန်ဖိုးထားခဲ့တာမို့ .. သူ့ကို ဖေဖေ လက်ထပ်ခဲ့တာပါ သမီး .. သမီးဟာ .. သမီးမေမေနဲ့ ရုပ်အဆင်း တူလွန်းတယ် .. သိမ်မွေ့တဲ့ဟန်လဲ ရှိတယ် .. ဒါကြောင့် .. ဖေဖေ စိုးရိမ်တာကို ထပ်ပြောမယ် .. အမေတူတဲ့သမီးဟာ .. တကယ်တမ်းကျတော့ .. အသွေးအသားထဲမှာ .. လူသတ်ရဲတဲ့အထိ ကြမ်းတမ်းရက်စက်တဲ့စိတ် ရှိနေမှာမျိုး မဖြစ်ပါစေနဲ့ကွယ် .. ဖေဖေနဲ့တူတဲ့ သမီး .. ဖေဖေ့စိတ်ဓာတ်ရှိတဲ့ သမီးမျိုးပဲ ဖြစ်ပါစေ .."

ဟု လေးလေးနက်နက်ကြီး ပြောလာတော့ ပျိုလေး ခေါင်းငုံ့ချလိုက်မိရပါ၏။

"မေမေက .. ဘွားကို မသတ်ဖူးဆိုတာ .. စာထဲမှာရေးထားတယ် ဖေဖေ .."

ဟု ဖွင့်မပြောရဲ ..။ မေမေ့စာသည် .. အမှန်အတိုင်းရေးသားလာသည့် စာတစ်စောင် ဖြစ်သည်ဆိုတာ ပျိုလေး

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ပေမယ့် ..။ ဖေဖေကတော့ ယုံကြည်နိုင်မှာ မဟုတ်တာကို ပျိုလေး သိနှင့်နေသည်ပဲလေ ..။ မေမေသည် မေမေ့အပြစ်ကို .. မျက်စိမှိတ်၍ ဖွတ်ညာရေးသားလာခြင်းပေပဲဟု ဖေဖေ မှတ်ယူလိုက်ချေမည်သာ ..။ ဖေဖေ့စိတ်ထဲမှာ မေမေသည် ဘွားကိုသတ်ခဲ့သည်ဆိုတာပဲ စွဲနေသည်။ မေမေကလည်း အမှုမှာ ဖြောင့်ချက်ပင် ပေးခဲ့သည်ဟု ဘဘသော် ပြောပြခဲ့သည်ပဲလေ ..။

ခု .. ပျိုလေး .. မေမေ့စာကိစ္စ ပြောလိုက်တာနှင့် ဖေဖေသည် မေမေ့စာ ဘယ်မှာလဲ ဆိုတာကို မေးလာမည် .. စာကိုယူခိုင်းမည် ..။ ဖတ်ဖို့ဝေးစွ ..။ အစိတ်စိတ်အမြွာမြွာ ဆုတ်ပစ်လိုက်နိုင်သည်။ ပျိုလေး မေမေ့စာကို ဆုံးအောင်ပင် မဖတ်လိုက်ရခြင်းဖြင့်ပဲ စာလေးသည် အဆုံးသတ်သွားရပါချေလိမ့်မည် ..။ ဒါကြောင့် .. မေမေ့စာကိစ္စကို လောလောဆယ်မှ လေသံလေးမျှပင် ပျိုလေး မဟဝံ့ ..။

"ကဲ .. နားတော့ .. နားတော့ .. သွားနားချေတော့ .. သမီး စာမေးပွဲအောင်တဲ့ အထိမ်းအမှတ်နဲ့ ဂုဏ်ပြုပွဲလေး ဖေဖေ သန်ဘက်ခါကျရင် လုပ်ပေးမယ် .. မနက်ဖြန် အားလုံး စီစဉ်မယ် .. သမီးဖိတ်ချင်တဲ့သူရှိရင် .. ဖေဖေ့ကိုပြော .. သမီးသူငယ်ချင်းတွေကိုလဲဖိတ် .. ဖုန်းနဲ့ကြို ဖိတ်ထားချင်ရင်လဲ ဖိတ်ထား .. မနက်ဖြန် .. ဖိတ်စာတွေ နေ့လယ်လောက်ရအောင် ဖေဖေ စီစဉ်မယ် .. ဖေဖေ့ မိတ်ဆွေတွေထဲက ရင်းနှီးသူတချို့ကိုလဲ ဖိတ်မယ် .. အထူးသဖြင့် ဒီပွဲက သမီးရဲ့ပွဲပေမို့ .. သမီးသူငယ်ချင်းတွေနဲ့ လွတ်လွတ်လပ်လပ် ပျော်ဖို့အရေးကြီးပါတယ် .."



ဟု ပြောလာတော့ ပျိုလေး ခေါင်းလေးညိတ်ပြရပါ၏။ ပျိုလေး ဖေဖေ့ကို နှိပ်ပေးနေချင်သေးတာမို့ ဆက်နှိပ်နေတော့ ဖေဖေ ပြုံး၍ ..

"ဖေဖေ အညောင်းပြေပါပြီ သမီးရယ် .. နားချေတော့ .. ဖေဖေ တရားစာအုပ် ဆက်ဖတ်လိုက်ဦးမယ် .."

ဟု ပြောလာကာမို့ ပျိုလေး ဖေဖေ့ထံမှ ထွက်ခဲ့ရပါ၏။ လသာဆောင်အဆုံးနေရာလေးရောက်တော့ ပျိုလေးတစ်ချက် တန့်ခနဲဖြစ်သည်။ ဖေဖေ့ကို လှည့်ကြည့်တော့ လှမ်းကြည့်နေတာနှင့် တိုးပါ၏။ ဖေဖေ ပြုံး၍ ..

"ဘာပြောမလို့လဲ သမီး .."

ဟု မေးလာတော့ ပျိုလေး ရင်ထဲ ဆို့ခနဲဖြစ်လာသည်။ ဖေဖေ့ထံ ဟိုးငယ်စဉ်တုန်းကနယ် ပြန်လှည့်ပြေးလာမိရကာ ဖေဖေ့ခြေအစုံကို လက်ဖြင့်သိမ်းဖက်၍ ဖေဖေ့ပေါင်ပေါ်မှာ မျက်နှာလေးမှောက်လိုက်မိရကာ ..

"သမီးကို .. ဘယ်တော့မှ .. ပြန် .. မမုန်း .. လိုက် .. ပါ .. နဲ့ .. ဖေဖေရဲ့ .."

ဟု ငိုပြောမိရပါပြီတည်း ..။ ပျိုလေး ရင်ထဲမှာ စိုးရွံ့ထိတ်လန့်စွာ ကျုပ်ခဲမွန်းသိပ်နေရပါသည့် ခံစားချက်တွေက မနိုင်မနင်း ဖြစ်နေရပြီပဲလေ ..။ ထိန်းသိမ်းနိုင်ရန် အားအင်မရှိလောက်အောင် တစ်ခါတစ်ခါမှာ ဆိုးဝါးလွန်းစွာ ပျိုလေးကို ခြောက်လှန့်နေကြပါသည့်အဖြစ်။ ဖေဖေ့အမုန်းကို ပျိုလေး ပြန်ရလိုက်မှာကို သေမတတ် ကြောက်နေမိရလေသမျှ ဖေဖေ့ကို ခြေအစုံဖက်၍ ခယယလေး တောင်းပန်နေမိရပါသည်ကော ..။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ .. မုန်းရမှာလဲ သမီးရယ် .. ကဲ .. တိတ် .. တိတ်
တော့ .. ဖေဖေ .. တစ်ချိန်က .. စိတ်လိုက်မာန်ပါကြီး
ရှိခဲ့မိ .. မဆိုင်တဲ့ သမီးလေးအပေါ်မှာတောင် .. ခပ်ကင်း
ကင်း နေမိခဲ့တာ .. သမီးလေးခမျာ .. သွေးလန့်နေရသည်
ကြီးပါလားလေ .."

ဟု ထိထိခိုက်ခိုက်ကြီး ခပ်ညည်းညည်းလေးပြော
ပို့ုလေး၏ မျက်ရည်ကိုလည်း သုတ်ပေးလာပါသည့် ဖေဖေ့
ပို့ုလေး လက်အုပ်လေးချီ၍ မော့ကြည့်ကာ ...

"ပို့ုလေး .. ပို့ုလေးက .. ဖေဖေ့ကို သိပ်ချစ်တာ ဖေဖေ
ရဲ့ .."

ဟု ကလေးလိုပဲ မော့ပြောလေး ပြောနေတော့
ဖေဖေ ခေါင်းညိတ်သည်။ နဖူးပြင်လေးကို ငုံ့နမ်းသည်။ ဆံ
လေးတွေကို သပ်ပေးလာသည်။

"မငိုနဲ့တော့ .. အဲဒါတွေကို .. ပြန်မတွေးနဲ့တော့ .. ကဲ
ပြန်နားချေဦး သမီး .. ဖေဖေ လိုက်ပို့ပေးရမလား .."

ဟု အခန်း ပြန်နားခိုင်းနေသည့် ဖေဖေ့ကို ခေါင်း
လေးခါပြမိရပါပြီ ..။

"ပို့ုလေး ပန်းခြံထဲ ခဏဆင်းချင်သေးတယ် ဖေဖေ .. ပြီး
မှပဲ အခန်းပြန်နားပါ့မယ် .. ဖေဖေ့ကို တရားစာအုပ်လေး
ပို့ုလေး ဖတ်ပြရမလားဟင် .."

"ဖေဖေပဲ ဖတ်မယ် သမီး .. ကဲ .. ဒါဆို .. ပန်းခြံထဲ
ဆင်းချင်ဆင်း .. ဒါနဲ့ သမီး .. သမီးကို သမီးရဲ့ကြီးလတ်
က .. ဂရုတစိုက် ရှိခဲ့မယ် .. သမီးကို ကြီးတော်တစ်



ယောက်အနေနဲ့ သွန်သင်ဆုံးမ ဂရုစိုက်မယ်လို့ ဖေဖေ
မှတ်ယူထားခဲ့တယ် .. အဲဒါ .. ကြီးလတ် .. သမီးအပေါ်
ဘယ်အတိုင်းအတာထိ ဆက်ဆံထားတာမျိုး ရှိနေလဲ
သမီး .. ဖေဖေ့ကို အမှန်အတိုင်း ပြောစေချင်တယ် ..
သမီးရဲ့အခန်းကို ဖေဖေ ဒီနေ့မှ ရောက်ခဲ့ဖူးတာ .. သမီး
လေးနေရတဲ့ အခန်းဟာ ဖေဖေ ထင်ထားတဲ့ အခင်းအကျင်း
မျိုး ဖြစ်မနေတာတော့ အမှန်ပဲ .. မမလတ် အဲသလောက်
သမီးလေးအပေါ်မှာ လုပ်လိမ့်မယ်လို့ ဖေဖေ မထင်ခဲ့ဘူး
လေ .. တစ်ပိုင်းကလဲ .. ဖေဖေ ကိုယ်တိုင်က .. ဒီလောက်
နှစ်ကြာအောင် သမီးလေးအပေါ်မှာ ဥပေက္ခာပြုထားရာ
ရောက်နေတာမို့ .. ဖေဖေ့တာဝန်လဲ မကင်းပါဘူး ..
ဒါပေမဲ့ .. မိန်းမသားပေမို့ ကြီးလတ်ဟာ .. ပို့ုလေးအပေါ်
မှာ .. ဂရုတစိုက်နဲ့ ဖြစ်သင့်တာကို လုပ်ကိုင်ထားပေးမယ်လို့
ဖေဖေထင်ထားမိခဲ့တာလဲ ပါပါတယ် .. ဖြေစမ်း သမီး .."

ဖြုတ်ခနဲ မထင်မှတ်ထားသော မေးခွန်းကို ဖေဖေ
ထဲမထားနိုင်တော့သည့်နှယ် ဖွင့်ချမေးလာတော့ ပို့ုလေး ခေါင်း
လေးငုံ့ကာ ..

"ကြီးလတ်က ပို့ုလေးကို ဂရုစိုက်ပါတယ် ဖေဖေ .. မိန်း
ကလေးတစ်ယောက် မီးဖိုဆောင်နိုင်အောင် .. လိမ္မာရေး
ခြားရှိအောင် .. ထားပါတယ် .. ကျူရှင်ကလည်း ကိုယ်
တိုင်က မတက်ချင်တာပါ .. အခန်းထဲမှာလဲ ပစ္စည်းတွေ
အများကြီး ပို့ုလေးကိုက မထားချင်တာပါ .. ကြီးလတ်
က .. ဝယ်ပေးချင်နေတာပါ .."

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောတော့ ဖေဖေ ပြုံး၍ ဆံစလေးကိုသပ်ပေး
ကာ ..

"အဖေတူ သမီးပေပဲ .."

ဟု အေးချမ်းစွာ ပြောလာပါ၏။

"ဘာပဲဖြစ်ဖြစ် .. သမီးရဲ့ကြီးလတ်ဟာ .. ဖေဖေ့အစ်ကို
ကြီးရဲ့ဇနီးဖြစ်တယ် .. အစ်ကိုကြီးကလဲ ဆုံးခဲ့ပြီ .. သူ့မှာ
အားကိုးရာအဖြစ် ဖေဖေပဲရှိတာ .. သူ့အပေါ်မှာ .. ဖေဖေ
ဘာကိုပဲ ပြောမိမယ် ဆိုမိမယ် ဆိုတာမျိုး မဖြစ်ရစေဖို့ ..
ကွယ်လွန်သူ အစ်ကိုကြီးရဲ့ မျက်နှာကြောင့် .. ဖေဖေအ
ထိန်းသိမ်းပါတယ် သမီး .. သမီးလဲ .. အဲသလိုစိတ်ထား
ရှိတာ ဖေဖေ သိနေရပါပြီ .. သူ့ကို .. သမီးရဲ့ဘကြီးတော်
သူရဲ့ ဇနီးဖြစ်တယ် ဆိုတာကို မမေ့ဘဲ တရိုတသေပဲထား
ပါ သမီးရယ်"

ဟု ပြောလာတော့ ပျိုလေး ခေါင်းလေးညိတ်ပြရ
၏။ ပျိုလေး အဝတ်တွေ တစ်ထပ်ကြီး မီးပူတိုက်နေခဲ့ရတာ ..
အဝတ်တွေထဲမှာ ကြီးလတ်နှင့် မမကြီး သဇင်မေတို့၏ အဝတ်
တွေပင် ပါနေတာ ..။ ပျိုလေး၏ အခန်းထဲမှာ တခမ်းတနား
ဆို၍ ဘာအဆောင်အယောင်မျှ မရှိတာတွေကို ဖေဖေ မြင်ခဲ့
သည်မို့ ..။

ကြီးလတ်နှင့် ပတ်သက်၍ ဖေဖေ ..သင့်သလောက်
တော့ ရိပ်စားသိနေခဲ့ပြီးပြီဆိုတာကိုလည်း ပျိုလေး နားလည်မိ
ရပါ၏။ ဖေဖေ ခုတင်ရှိရာသို့ ပြန်လျှောက်သွား ဘုရားစာအုပ်ကို
ကိုင်လိုက်တာမို့ ပျိုလေး အခန်းတွင်းမှ ခပ်ဖွဖွ ထွက်ခဲ့ကာ



တံခါးကို ပြန်စေ့ပိတ်ခဲ့ပြီးမှ ပန်းခြံသို့ဆင်းလာမိရပါ၏။ ပျိုလေး
ခပ်သုတ်သုတ် ဘဘသော်၏အိမ်လေးရှိရာသို့ လျှောက်လာမိရပါ
ပြီ ..။

ရင်ထဲမှာ မေမေ့စာနှင့် မေမေ့ဓာတ်ပုံလေးကို ပြန်
လိုချင်နေသည့်ဇောက အုပ်စီးထားချေသည်မို့ ညပင်မအိပ်နိုင်ပဲ
ဖြစ်နေရသည်က ပျိုလေးပါ ..။

ဘဘသော် မအိပ်သေး ..။ ဝရန်တာဆောင်လေး
မှာ ရေနွေးကြမ်းအိုးလေး ချထားကာ ချင်းသုပ်တစ်ပန်းကန်နှင့်
ထိုင်နေတာကို လှမ်းမြင်ရပါ၏။

"ဘဘ .."

ညကြီးမင်းကြီး ရောက်လာပါသည့် ပျိုလေးကို
ဘဘသော် အံ့ဩသလို တစ်ချက်လှမ်းကြည့်၏။ မီးသီးလေးတစ်
လုံး ထွန်းထားသည့် ဝရန်တာဆောင်လေးသို့ ပျိုလေး တက်လာ
တော့ ..

"ဟဲ့ .. မိန်းကလေး .. ညကြီးကွယ် .. လာ .. လာ ..
ချင်းသုပ်စား .. အင်း .. ရှစ်နာရီတောင် ခွဲရော့မယ် ..
အင်း .. ထင်တော့ ထင်သား .. ဒါပေမဲ့ .. မနက်ဖြန်
မနက်လောက်မှ အစောကြီး ဘဘဆီကို ပေါက်ချလာ
လိမ့်မယ်လို့ ထင်ထားမိတာ .. ခုတော့ ဒီညကိုပဲ ရောက်
လာတော့တာကိုး .."

ဟု ခပ်ညည်းညည်း ပြောတော့ ..

"ဟင် .. ပျိုလေး လာမယ်ဆိုတာ ဘဘသိတယ် .. ဟုတ်
လား .."

www.burmeseclassic.com

www.burmeseclassic.com



ဟု တအံ့တသြလေး မေးတော့ ဘဘသော် သက်ပြင်းရှိုက်သည်။ ချင်းသုပ်ပန်းကန်လေး လှမ်းပေးနေတာမို့ ပျိုလေးယူကာ ချင်းသုပ်တစ်ဇွန်းကို စားဖြစ်၏။

"ပျိုလေးဟာ ဘဘ လက်ထဲ ကြီးလာတာပါကွယ် .. ဘဘ သိတာပေါ့ .. အဲဒီ ဗီရိုလေးကို မမလေးရဲ့ပစ္စည်းတွေထားတဲ့ အခန်းလေးထဲ ပို့လိုက်တာ .. ပျိုလေးအတွေ့ကြီး စိတ်သောက ဖြစ်နေတာ ဘဘ သိတယ် .. အစ်ကိုလေးကို သော့ပါအပ်ရမယ်ဆိုတော့လဲ ပျိုလေး မျက်စိမျက်နှာ မကောင်းနိုင်ပဲ မျက်ရည်တွေ ကျလာတာလဲ ဘဘ မြင်နေရတာပဲ .. ဘဘဆီမှာ .. သော့ပိုတစ်ချောင်း ရှိတယ် မိန်းကလေး .. စိတ်မပူနဲ့ .. အစ်ကိုလေးကို သော့အပ်လိုက်ပေမယ့် .. ဘဘဆီမှာ သော့ပိုတစ်ချောင်းရှိတယ် .. ကဲ .. အဲဒီ ဗီရိုကိစ္စ .. ဘဘ်ကို ပြောပြစမ်းပါဦး .."

ဟု ခပ်တိုးတိုး ပြောလာတော့ ပျိုလေး ရင်ထဲ ဝ[illegible]သာလိုက်သည်မှာ နှိုင်းစရာပင် မကျန်တော့အောင်ပါ ..။

"အဲဒီ ဗီရို အံဆွဲရဲ့အပေါ်ဘက် သစ်သားနေရာမှာ မေမေ ဓာတ်ပုံနဲ့ ဘဘဆီကရတဲ့ မေမေ့စာကို စာအိတ်ကတ္တူ[illegible]နဲ့ တိတ်သားနဲ့ကပ်ပြီး ထားထားတာ ပါသွားတယ် ဘဘ .. ဖေဖေ့ရှေ့မှာ မယူရဲဘူးလေ .. တံခါးခေါက်သံကြားတော့ အဲဒီတွေကို .. ပြေးသိမ်းပြီးမှ တံခါးဖွင့်တော့ ဖေဖေ ဖြ[illegible]နေတာ .. စာကို .. ပျိုလေး ဆုံးအောင်တောင်မှ မဖတ်ရသေးဘူး ဘဘရယ် .. ပျိုလေးဖြင့် ရင်ထဲမှာ .. စာ[illegible]



ဓာတ်ပုံရော .. လမ်းဆုံးရောက်ပါပြီဆိုပြီး နေမရ ထိုင်မရကြီးကို ဖြစ်နေရတာ .. ဝမ်းနည်းလိုက်ရတာ ဘဘရယ် .."

ပျိုလေးကလည်း ခပ်တိုးတိုးလေး ပြောပြနေရခြင်း ..။

"အဲဒီဗီရိုကြီး အဖေပါထပ်က သယ်ချလာတော့ မမလတ်က မေးတယ် .. အစ်ကိုလေး သယ်ချခိုင်းတာဆိုတော့ .. မိစီကို ပေးလိုက်မယ်ဆိုပြီး ဗီရိုကို မိစီ အခန်းထဲ သယ်ပို့ခိုင်းတယ်လေ .. အဲဒါ .. ဘဘလဲ လူကြီးဆိုတော့ ပြောရခက်နေတုန်း .. မောင်ကျော်က .. အဲဒီဗီရိုကို .. မမလေးရဲ့ပစ္စည်းတွေထားတဲ့ အခန်းမှာပဲ ထားကိုထားရမှာမို့ .. အစ်ကိုလေးမှာတဲ့အတိုင်း သွားထားမှ ဖြစ်မှာပါ .. ဆိုပြီး ဝင်ပြောရတယ်လေ .. အင်း .. ဘဘလဲ .. မမလတ် စိတ်ထားကို .. ကိုယ်က လူကြီးဆိုတော့ .. မသုံးသပ်ချင်တော့ပါဘူးလေ .."

ဟု ခပ်ညည်းညည်း ပြောနေရာမှ ပျိုလေးကို [illegible]ရုဏာသက်သည့် အကြည့်ဖြင့် ကြည့်လာပါ၏။ ပျိုလေး [illegible]ဘယ်မျှထိ ကြီးလတ်ခိုင်းသမျှ လုပ်ကိုင်ပေးရတာတွေကို ဒေါ်ကြီး[illegible]င်းလည်းသိ ..။ ဘဘသော်လည်းသိ ..။ လေးလေးကျော်လည်း [illegible]သိသည်မဟုတ်ပါလား ..။

"လောလောဆယ်တော့ .. အရင်စလို မလုပ်နဲ့ဦး ပျိုလေး .. ဗီရိုလေးကို အဲဒီမှာထားလိုက်ပြီးတာနဲ့ .. ချက်ချင်းသော့ဖွင့်ဝင်လိုက်တာမျိုး မလုပ်သင့်သေးဘူး .. အထူးသဖြင့် မိစီက ဆိုးတယ် .. တကောက်ကောက် .. လိုက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တတ်တဲ့ အကျင့်ကို .. မမလတ်က တာဝန်ပေးထာ
တာတွေ လုပ်ရင်း လုပ်ရင်းနဲ့ .. အကျင့်ပါနေပြီ .. နည်
နည်းရက်လေးရမှ .. ဘဘာ .. သူတို့အလစ်မှာ .. အဓိ
အကဲကြည့်ပြီး .. အဲဒီကို သော့ဖွင့်ဝင်မယ်၊ ပျိုလေး ပြော
တဲ့နေရာက .. စာရေး .. ဓာတ်ပုံရေး .. ဘဘာ ယူသိမ်
ထားမယ် .. ပျိုလေးကို .. ပြန်ပေးမယ် .. ဟုတ်ပြီလား
စိတ်မပူနဲ့”

ဟု ပြောတော့ ပျိုလေး ရင်ထဲအေးသွားရပါ၏

“တော်သေးတာပေါ့ ဘဘရယ် .. ဘဘဆီမှာ သော့
တစ်ချောင်း ရှိနေလို့ ..”

ဟု သက်ပြင်းရှိုက်၍ပြောတော့ ဘဘသော် ရေနွေးကြမ်းလေးငှဲ့ကာ ပျိုလေးကို ကမ်းပေးသည်။ ချင်းသုပ်လေးဆက်စားဖို့လည်း မျက်ရိပ်ပြတာမို့ ပျိုလေး ချင်းသုပ်လေးစားလိုက် .. ရေနွေးကြမ်းလေး သောက်လိုက်နှင့် ခဏတော့ နေလိုက်ရပါ၏ ထင်ထားသည့်အတိုင်းပါပဲလေ ..။ မိစီကို ဥယျာဉ်လေးဆီ လျှောက်လာနေတာကို မြင်လိုက်ရပါသည့် အဖြစ် ..။ ဘယ်က နေ .. မြင်လိုက်သည် မသိသည်ပဲ .. ဟု စိတ်မောလျက် ပျိုလေး ဟန်မပျက် ချင်းသုပ်လေး ဆက်စားနေရပါပြီ ..။ မိစီ .. ဉာ်တခ ကြိမ်မှာတော့ လိုက်မလာ ..။ ပျိုလေးလည်း ဘဘသော်၏အိမ် လေးမှ ဟန်မပျက် ပြန်ခဲ့ရပါ၏။ ဥယျာဉ်ဆီမှ နှင်းဆီရနံ့က သင်းပျံ့စွာ တိုးဝင်လာသည်မို့ ပျိုလေး ဥယျာဉ်လေးဆီသို့ ဆက် လျှောက်ဖြစ်၏။ မိစီကို ခုံတန်းလေးမှာ ထိုင်လျက်သား တွေ့ရ ပေမယ့် ပျိုလေး ဘာမှမပြောမိ ..။ ပန်းခြံထဲဝင်ကာ လရောင်



အောက်မှာ ပွင့်ဝေနေပါသည့် နှင်းဆီပန်းလေးတွေကို အနီးတကပ် ငုံ့ငေးကြည့်နေမိရပါ၏။ ရင်ထဲမှာ မေမေ့ကို တမ်းတနေတာပဲ ရှိနေသည်။ ပျိုလေး အပေါ်ထပ် ပြန်တက်လာသည့်တိုင် မိစီ ခုံတန်းထက်မှာ ထိုင်လျက်ကျန်ခဲ့ပါ၏။

မေမေ့ဂရုစိုက်မှုတွေ ပျိုလေး ထံမှာ ရှိနေပြီဆိုတာ အားလုံးလည်း သိနေ မြင်နေကြရပြီမို့ ခါတိုင်းလိုပင် မိစီသည် ပျိုလေးကို ပေါ်ပေါ်တင်တင်ကြီး လာမစပ်စုရဲတော့ ..။

ဘဘသော်ဆီ ဘာသွားလုပ်တာလဲ .. ဆိုသည့်အမေးကို ခါတိုင်းလိုဆို လာမေးမှာ သေချာသည်လေ ..။ ခုကတော့ .. အကဲခတ်နေသည့် မျက်ဝန်းများဖြင့်သာ ကြည့်နေပါသည့်အဖြစ်၊ ကြီးလတ်သည် .. ဘာကြောင့် .. ပျိုလေးကို .. မိစီနှင့်ဉာ်မျှ တကြည့်ကြည့် လုပ်စေပါလိမ့်ဟု တစ်ခါတစ်ခါကျတော့လည်း ပျိုလေး နားမလည်နိုင်ပဲ ဖြစ်ရသည်ပါပဲ ..။

ပျိုလေး အပြစ်လုပ်တာမျိုးကို မြင်သည့်ဆိုလျှင် မေမေ့ကို တိုင်တောဖို့များပေလား ..။ ပျိုလေးကလည်း ဘယ်တော့မှ အပြစ်လုပ်တာမျိုးမဟုတ် ..။

ခက်သည်ပဲလေ .. ဟု ရင်ထဲမှ ညည်းမိရင်း ပျိုလေး အပေါ်ထပ်စင်္ကြံရှည်အတိုင်း လျှောက်လာမိစဉ်ခိုက် ဖျတ်ခနဲ့ရပ် သွားမိသည်က .. ဘွား၏စာကြည့်ခန်းတံခါးကြီး ရှေ့မှာပါ ..။ ဘွားသည် စာဖတ်အားသန်လျက် ..။ စာအုပ်ကောင်းများကို ဗီရိုကြီးများဖြင့်ထားကာ ..။ ဘွား၏စာအုပ်များကို ဘွား၏ခွင့်ပြုချက် ရပဲ ကိုင်တာမျိုး မကြိုက်ဟု သိထားရသည်ပါပဲ ..။ ပျိုလေး ယ်တုန်းကတော့ .. ဘွား၏စာကြည့်ခန်းထဲမှာ ဘွားနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေတတ်တာမျိုးလည်း ရှိခဲ့ဖူးပါ၏။ မေမေ့ကို ခပ်တန်းတန်း နေပေမယ့် ပျိုလေးကိုတော့ ဘွားချစ်ပါသည်။ ဘွား၏စာကြည့်ခန်းထဲမှာ .. ပုံပြင်စာအုပ်ထူလေးတွေ ရှိလာခဲ့သည်က .. ပျိုလေးကို မွေးဖွားပြီးသည့်နောက်ပိုင်းမှာ ဖြစ်ခဲ့ခြင်းပါတဲ့ ..။ ပျိုလေးကို ပုံပြင်လေးတွေ ဘွား ပြောပြောပြတတ်လျက် ..။ နောက်ပိုင်းမှာ ဘွား စာဖတ်နေချိန်များမှာ .. ပျိုလေးကို ခေါ်ထားတတ်ကာ .. ပုံပြင်လေးတွေ ဖတ်နေစေခြင်းဖြင့် ပျိုလေးကို စာဖတ်ခြင်း၌ မွေ့လျော်အောင် ငယ်ကတည်းက ဘွား စနစ်တကျ ဖြစ်တည်စေခဲ့ခြင်းပါ ..။ ပျိုလေး နှစ်တန်း သုံးတန်း အရွယ်လေးကတည်းက .. ပုံပြင်လေးတွေ ဖတ်နေရတတ်သည်ပဲလေ ..။

ပျိုလေး ဉာဏ်မှာ တော်တော်နှင့် အိပ်နိုင်မှာမဟုတ်တာကို မိမိဘာသာလည်း သိနေသည်။ မေမေ့စာနှင့် ဓာတ်ပုံလေးကို ဗီရိုနှင့်အတူ ပါသွားတာကလည်း ရင်ကို ပင်ပန်းမွန်းကျပ်နေစေသည့်အဖြစ် ..။ ဖေဖေ့ထံမှ ချစ်ခြင်းများကို ရရှိသည်ကလည်း ဝမ်းသာကြည်နူးမဆုံးစေသည့် ခံစားချက်များစွာကို အားတက်ခြင်းများနှင့်အတူတူ ပျော်မွေ့မွေ့ ပိုင်စိုးနေရစေပြန်သည်မို့ .. ပျိုလေး တော်ရုံဖြင့် အိပ်ပျော်နိုင်တော့မှာ မဟုတ်တာ သေချာနေသည်လေ ..။

ပျိုလေး ဘွား၏စာကြည့်ခန်း တံခါးကြီးကို တွန်းဖွင့်၍ ဝင်လာမိရပါ၏။ စာကြည့်ခန်းမီးကို ဖွင့်လိုက်မိသည်။ တိတ်ဆိတ်နေသော အခန်းကျယ်ကြီးသည် စာအုပ်ဗီရိုကြီးများနှင့်အတူ ပျိုလေးကို ကြိုလင့်၏။ တောက်ပနေသော စာအုပ်ဗီရိုကြီးများက ပျိုလေးကို လှမ်း၍ကြည့်နေကြသည့်နှယ် ခံစားဖြစ်၏



ဘွား စာကြည့်လေ့ရှိပါသော စာကြည့်စားပွဲကြီးသည် .. နေ့စဉ်မှတ်တိုက် သန့်ရှင်းမှုများကြောင့် .. အနီရောင်စာကြည့်စားပွဲခင်း သက္ကလပ်သားကြီးဖြင့် သန့်စင်နေသည်ပါပဲ ..။

ငှက်ကြီးဝံပိုနှင့် မြွေမင်းသားပုံပြင်လေးကို ဘွားရင်ခွင်မှာမှီရင်း နားထောင်ခဲ့ရသည့် ငယ်ဘဝလေးကို ပျိုလေး လွမ်းဆွတ်လာမိရပါ၏။ သတိတရကြီး ဖြစ်နေရစိတ်ဖြင့် စာကြည့်စားပွဲကြီးကို ပျိုလေး ငေးကြည့်နေမိရဆဲ ..။

အခန်းတံခါးကို သေချာစေ့ပိတ်ပစ်လိုက်ပြီးမှ ပျိုလေး စာအုပ်ဗီရိုကြီးရှေ့မှာ ရပ်လိုက်မိသည် ..။ ငယ်တုန်းက ဖတ်ခဲ့ရသော ပုံပြင်စာအုပ်လေးတွေက စာအုပ်ဗီရိုကြီးတစ်လုံး၏ အောက်ဆုံးအဆင့်နေရာမှာ အတန်းလိုက် သီးသန့်စီထောင်ထားချေ၏။ ပျိုလေး စာအုပ်လေးတွေကို အရပ်လေးနှင့်မီအောင် ယူနိုင်အောင် အောက်ဆုံးဆင့် နေရာလေးမှာ ဘွား စီထောင်ထားရှိစေခြင်းပါ ..။

"ဘွားရေ .."

တိုးသဲ့စွာ ပျိုလေး ဘွားကို တမ်းတခေါ်ငင်မိရပါ၏။ လုပပျောင်းနွဲ့သော ဘွားသည် ပျိုလေးကို စာဖတ်ခြင်းဆိုသည့် အကျင့်တစ်ခုကို .. ငယ်ကတည်းက စွဲမက်အောင် သင်ပေးခဲ့ခြင်းပါ ..။ သြော် .. ခုတော့ .. ဘွား၏မြေး .. ပျိုလေးသည် .. ဘွားဝယ်ထားခဲ့ပါလေသော ပုံပြင်စာအုပ်များရှိရာ စာအုပ်ဗီရိုကြီးတစ်လုံးရှေ့မှာ ရပ်နေချေသည် .. တကား ..။

စာအုပ်လေးတွေကို ပျိုလေး ကြမ်းပြင်ပေါ် ထိုင်ချလိုက်ကာ ဗီရိုတံခါးရွက်ကိုဖွင့်၍ တစ်အုပ်ချင်း လိုက်ကြည့်နေမိပါ၏။ စိတ်က ငယ်ဘဝသို့ ပြန်ရောက်သည်ပဲ ..။ ဖြူဖြူလေး

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကောင်မလေးတစ်ယောက်သည် ... ဂါဝန်ပွပွလှလှလေးနှင့် ဤအခန်းထဲမှာ ဘွားနှင့်အတူ ကြိမ်ဖန်များစွာ ရှိခဲ့ဖူးသည်။ ပုံပြင်စာအုပ်လေးတွေထဲ ပုံပြင်လေးတွေကို စိတ်ဝင်တစား ... သံချင်ဖောဖြင့် ဖတ်နေခဲ့ဖူးသည်။ ထိုပုံရိပ်လေးတွေ ဤအခန်းကျယ်ကြီးမှာ ပြန်၍လူးလွန့်သက်ဝင်လာကြသည့်နှယ် ရှိချေ၏။

ပုံပြင်စာအုပ်လေးတွေ ထုတ်ကြည့်လိုက် ...။ ပွတ်သပ်ကြည့်လိုက် ...။ ပြန်ထည့်လိုက်နှင့် ပျိုလေး ရှိသွားရပါ၏။ ထိုစဉ်ခိုက် အမှတ်မထင် ... ပျိုလေး၏ ပုံပြင်စာအုပ်လေးတွေ စီထောင်ထားရာ၏ အပေါ်ဘက် သစ်သားတန်းနေရာမှာ တိတ်သားဖြင့်ကပ်ထားသော စက္ကူကတ်ထူအိတ်တစ်ခုဟု ထင်ရတာကို ထိတွေ့မိရချေသည်တကား ...။

ဘုရားရေ ...။ ဘွားသည် ... ဤကတ်ထူအိတ်တစ်ခုကို ... ဤနေရာမှာ ဘာကြောင့်ထားခဲ့ပါသတဲ့လဲ ...။ ပျိုလေးသည်လည်း ... ဩော် ... ပျိုလေးသည်လည်း ... ဘွား၏မြေးပီပီ ... ဘွား၏ အမူအကျင့်တစ်ခုကို ... သင်စရာပင် မလိုပဲ ... အလိုလိုတတ်မြောက်စွာ ... မေမေ့ဓာတ်ပုံကို ... ဤနည်းနှင်နှင်ပင် ... ပျိုလေး၏ဗီရိုလေးမှာ တိတ်သားဖြင့် ကပ်ထားသော ကတ်ထူစာအိတ်ထဲမှာ ထည့်ထားခဲ့ချေသည်ကောလေ ...။ ပျိုလေး တိတ်သားကို စိတ်လှုပ်ရှားစွာ ခွာသည်။ ကတ်ထူအိတ်ကို ယူသည်။ အထဲမှာ ဘာထည့်ထားသည် မသိ ...။ ချက်ချင်း တံခါးဘက်ကိုအလောတကြီး နောက်ကြောင်းမလှည့်စွာ ကြည့်မိရပါ၏။ စောစောကနှယ် စိတ်သည် လွတ်လွတ်လပ်လပ် မဟုတ်တော့ပြီ ...။ တစ်ယောက်ယောက် လှမ်းမြင်မှာ စိုးလာရပြီ ...။ တံခါးကို ဖွင့်ဝင်လာလိုက်



ကို ပူပန်လာရပြီ ...။ ငယ်ဘဝက ပုံပြင်ဖတ်ခဲ့ရတာတွေကို ...၍ တမ်းတလွမ်းဆွတ်စွာ စာအုပ်ဗီရိုရှေ့မှာရပ်ရင်း ငေးကြည့်နေရသည့် လုံမေပျို မဟုတ်တော့ ...။ တစ်ယောက်ယောက် မြင်သွားမှာကို သောကဖြစ်နေရသည့် ပျိုလေး ဖြစ်နေရပြီ ...။ တစ်စုံတစ်ခုသော လျှို့ဝှက်ခြင်းတရားတစ်ခုကို ... ဤကတ်ထူအိတ်ထဲ ... ပျိုလေး တွေ့ရှိရတော့မည် ဆိုတာကိုတော့ အလိုလို ကြိုတင်...နေရသည်မို့ ကမန်းကတန်း ကတ်ထူအိတ်ကို အကျီကြားထဲ...ည့်လိုက်ကာ မီးကိုပြန်ပိတ် ...။ တံခါးကို ပြန်ပိတ်မိရကာ ခြေ...မ်းမှန်မှန်ဖြင့် အခန်းသို့ ပြန်ခဲ့ရပါ၏။ ခြေလှမ်းသုတ်သုတ်ဖြင့် ...လျှောက်၍မဖြစ်။ အထူးသဖြင့် မိစီ ဆိုတာ လိုက်ကြည့်နေတာမျိုး ...ဖြစ်နေလျှင် ...။ ဒါမှမဟုတ် ... ကြီးလတ်ပဲ လိုက်ကြည့်နေလျှင် ... ...သုတ်သုတ် လျှောက်နေတာဆိုလျှင် မသင်္ကာဖြစ်နိုင်သည်လေ ...။ ...လေး အခန်းတံခါးကို ဖွင့်နေစဉ်ခိုက် ဘုရားခန်းမှ ထွက်လာ...သည့် ကြီးလတ်ကို ... လှည့်အကြည့်မှာ တွေ့မြင်လိုက်ရပါပြီ ...။

တော်သေးသည် ...။

ဘွား၏စာကြည့်ခန်းမီးကိုဖွင့်၍ ပျိုလေး ... ကြာနေ...င် ... ကြီးလတ် ... စာကြည့်ခန်းထဲ လိုက်ဝင်လာနိုင်သည် ...။

ပျိုလေး စောထွက်ခဲ့တာ ကံကောင်းသည်ပဲ ... ဟု ...ဖြစ်ရကာ ... အခန်းတွင်းသို့ ဝင်လည်းဝင် ...။ ချက်ချ၍ ...လည်း ပိတ်လိုက်မိရပါပြီ ...။

ဇောသည် ... ကတ်ထူအိတ်လေးထက်မှာ စုပြုံဖြစ်...ည်နေသည့်အဖြစ် ...။

အထဲမှာ ... ဘာရှိချေသည်လည်းလေ ...။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပျို့လေး သိချင်လှပါပြီ ..။

ဘွားသည် .. လှို့ဝှက်ခြင်းတရားတစ်ခုကို .. ဤ ကတ်ထူအိတ်အတွင်းမှာ ချန်ထားရစ်ခဲ့ဟန်တူသည် ..။

ထိုသို့ ချန်ထားတာကို .. ဘယ်သူမျှ မသိလိုက် ခဲ့တာလည်း သေချာသည် ..။

ဘာကြောင့်ဆို .. ဤကတ်ထူအိတ်လေးသည် ရှစ်နှစ်တာမျှ .. ပျို့လေး ဖတ်သည့် ပုံပြင်စာအုပ်များရှိရာ တစ်ခု၏ .. ပုံပြင်စာအုပ်များ စီထောင်ထားရာအထက်ရှိ သစ်သား တန်းခင်းတစ်ခုမှာ .. မပျက်မယွင်းစွာ ငြိမ် သက်ရှိနေခဲ့ရချေသည် မဟုတ်ပါလား ..။

❋ ❤ ❋



## အခန်း(၁၄)

မျက်တောင်မခတ် ငေးစိုက်ကြည့်နေမိရသည်က ဘဘကြီး ဦးသစ္စာအောင်၏စာ ..။ ဘွားထံလိပ်မူ၍ ဘဘကြီးပို့ ခဲ့သောစာ ..။ ပြီးတော့ .. စာချုပ်တစ်စောင် ..။ ဆေးမှတ်တမ်း စာတစ်စောင် ..။

အားလုံးကို မယုံကြည်နိုင်ရဲသောစိတ် ..။ ပြီးတော့.. မမလေး အင်ကြင်းမေ အတွက် ကြေကွဲထိခိုက်နေမိရပါလေသော စိတ် ..။ မယုံကြည်ရက်နိုင်သောစိတ်တို့ဖြင့် စာကိုပြန်ခေါက် ..။ စာချုပ်ကိုလည်း ပြန်ခေါက် ..။ ဆေးစာရွက်ကိုလည်း ပြန်ခေါက် နှင့် စိတ်တွေ့နောက်ကျိကြေကွဲနေစိတ်ဖြင့် ငြိမ်သက်နေရသည်က လုံမေ့ပျို့ပါ ..။

ဘာဆက်လုပ်ရမည် ဆိုတာကို .. ပျို့လေး မဝေခွဲ နိုင်သေး ..။ ဤကတ်ထူအိတ်တစ်ခုကို ဤစာတွေနှင့်အတူ ဘွား သည် .. ဘယ်သူမှ မထင်မှတ်ထားနိုင်သော နေရာတစ်ခုမှာ လှို့ဝှက်စွာ ထားရှိခဲ့ချေသည်တကား ..။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဘွားသည် .. မမျှော်လင့်သော အဖြစ်အပျက်ကြီး တစ်ခုအတွင်းမှာ ကွယ်လွန်ရချေလိမ့်မည်ဟုတော့ ထင်မှတ်ထားပုံမရ ..။ စာချုပ်ပါရက်စွဲကို ကြည့်လိုက်တော့ .. ဘွားမကွယ်လွန်မီ တစ်လနီးပါးကာလက ဖြစ်နေလျက် ..။ ထိုကာလသည် .. ဘဘကြီး မကွယ်လွန်မီ တစ်ပတ်လောက်က ဖြစ်နေတာကိုတော့ ပျိုလေး သတိထားမိရပါ၏။ ဘဘကြီး ကွယ်လွန်ပြီး ရက်လည်ဆွမ်းကျွေးပြီးတာနှင့် ဘွားသည် .. ကြီးလတ်တို့ကို ငုဝါမြို့သို့ ပြောင်းရွှေ့နေထိုင်စေခဲ့တာကိုလည်း ပျိုလေး အမှတ်ရနေမိဆဲပါ ..။

ဤစာတွေသည် .. ကြီးလတ်တို့ ငုဝါမြို့သို့ရောက်ပြီးမှ ဘွားထံသို့ ရောက်ခဲ့တာကတော့ သေချာနေသည် ..။ ဘာကြောင့်ဆို .. ထိုစာချုပ်နှင့် စာတွေကိုသာ ဘွား အရင်ရခဲ့လျှင် ကြီးလတ်ကို .. ငုဝါမြို့သို့ ဘွား အဝင်ခံတော့မှာ မဟုတ်တာ သေချာနေသည်ကိုးလေ ..။

"ငါ .. ဖေဖေ့ကို .. ဒီစာတွေ ပြလိုက်ရမလား .. ဟင့်အင်း .. မပြသင့်ဘူး ထင်ပါရဲ့ .. မမလေးအင်ကြင်းကို .. ငါ .. ရင်မကွဲစေချင်ဘူး .. ရင်မကွဲစေချင်ဘူး .. မမလေးဟာ .. ငါ့အပေါ် .. အရမ်းကောင်းတာ .. အရမ်းသံယောဇဉ်ရှိတာ .. ငါ့ဘက်က ရပ်တည်ပေးတတ်တာ .. ငါအသိ .. ငါ .. မမလေးရဲ့ရင်ကို ကြေပြုန်းစေမယ့် ကိစ္စတစ်ခုကို ဖြစ်တည်စေဖို့အတွက် .. ဒီစာတွေအားလုံးကို ဖေဖေ့လက်ထဲအပ်လိုက်တဲ့သူ .. မဖြစ်သင့်ဘူး .. ငါ .. ပေးလိုက်ရင် .. မမလေးအင်ကြင်းကို စိတ်ဆင်းရဲစေတဲ့ ဖြစ်ရပ်ကို ဖြစ်တည်စေတဲ့ အဓိကတရားခံဟာ .. ငါကိုယ်တိုင်ပဲ ဖြစ်နေမှာ .."



ဟု ဆက်တွေးဖြစ်နေရကာ တွေဝေနေမိရဆဲ ..။ ရင်သည် ရှုပ်ထွေးပင်ပန်းနေသည်။ ဘွား၏ဆန္ဒဆိုတာကိုလည်း ပျိုလေး သိနေသည်။ ဘွား၏ ခံပြင်းမှုတွေကိုလည်း ပျိုလေး ခန့်မှန်းဆနေမိရသည် ..။

သို့ဝှက်ထားခြင်းသည် .. ဘွားအပေါ်မှာ တာဝန်မကျေရာ ရောက်မည်ဟုလည်း တစ်ဖက်က လိပ်ပြာမလုံပြန် ..။ စာတွေအားလုံးကို ခေါက်လိုက် .. ပြန်ဖြန့်ဖတ်လိုက်နှင့် ပျိုလေး စိတ်တွေ ပငြိမ်မသက် အဖြစ်ကြီး ဖြစ်နေရဆဲ ..။

"အို .. နောက်တော့မှ .. သေွးအေးအေးနဲ့ စဉ်းစားတော့မယ်၊ ဒီစာကို .. ဒါတွေအားလုံးကို .. ငါ့ဗီရိုထဲ ထည့်သိမ်းထားလိုက်တာပဲ လောလောဆယ်မှာ အမှန်ဆုံး ဆုံးဖြတ်ချက်တစ်ခု ဖြစ်နေမှာပါပဲ .. ဗီရိုသော့တွေကလဲ ငါ့လက်ထဲမှာပဲရှိတဲ့ဥစ္စာ .. ကြီးလတ်လဲ ဝင်မွှေနိုင်တော့တာမှ မဟုတ်တာ"

ဟု တွေးကာ ကတ်တူအိတ်လေးထဲ အားလုံးထည့် ..။ ထုံးစံအတိုင်း .. ဗီရိုအံဆွဲအထက်မှ သစ်သားနေရာတွင် တိတ်သားဖြင့် ကပ်ထားလိုက်သည်ပါပဲ ..။ သြော် .. ဘွားနှင့်တူသော အကျင့်တစ်ခုသည် .. ဘယ်သူ့မှ မသင်လိုက်ရပါပဲနှင့် ပျိုလေးထံမှာလည်း တူညီစွာ ရှိနေခဲ့ချေသည်တကား ..။

ဘွားကို တမ်းတစိတ်ဖြင့် ပျိုလေး မျက်ရည်ဝဲ့နေမိရဆဲ ..။ ဘွား၏ဓာတ်ပုံကြီးကို မော့ခနဲ ကြည့်မိသည် ..။ ဘွားဓာတ်ပုံဘေးမှာက ဘိုးဘိုး၏ဓာတ်ပုံကြီးက ခန့်သန့်စွာ ရှိနေသည်ပါပဲ ..။ ဘိုးနှင့် ဘွားတို့ကို လက်အုပ်လေးချီ၍ ကန်တော့လိုက်မိရင်းမှ ..

www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ်မှာ .. မြေးဟာ .. ဘာလုပ်ရမယ်ဆိုတာ .. ပြတ်ပြတ်ထင်ထင် မလုပ်ရက်အောင် တွေဝေနေတဲ့အတွက် ဘွား .. ခွင့်လွှတ်ပေးပါနော် .."

ဟု တိုးသဲ့စွာ တောင်းပန်မိရပါပြီ ..။ ဤညသည်အိပ်ပျော်နိုင်စွမ်းမည့်ည မဟုတ်နိုင်တော့ပြီ ဆိုတာကိုတော့ ပျိုလေး အလိုလိုသိနေရပါသည့်အဖြစ် ..။ မမျှော်လင့်စွာပဲ ပျိုလေး လက်ထဲမှာ ရောက်ရှိနေပြီဖြစ်ပါသည့် ကတ်ထူအိတ်လေးအတွင်းမှ စာသားတို့သည် ပျိုလေးကို တုန်လှုပ်ချောက်ချားမှုစေသည့် အသိများကို .. ရနေစေလျက် ..။ ဖြစ်ရလေ .. ဟူသော မချိတင်ကဲကြီး ခံစားနေရသည်ကလည်း မမလေးအင်ကြင်းမေ အတွက်ပါ ..။

ပျိုလေး .. ပြတင်းကိုဖွင့်လိုက်ကာ ခန်းဆီးစကိုတီးဖယ်လိုက်ရင်းမှ လရောင်အောက်ဆီမှ ခြံဝင်းကျယ်ကြီးကို ငေးကြည့်နေမိရပါ၏။ စိတ်တွေကတော့ .. ယောက်ယက်ခတ်နေဆဲ ..။ ပျိုလေး အခန်းမီးကိုပိတ်ပစ်လိုက်ကာ တစ်ယောက်တည်းပြတင်းအနီးမှာ ရပ်နေလျက် တိတ်ဆိတ်နေသော ညတစ်ည၏အောက်မှာ နစ်မြုပ်နေသည့် ပျိုလေးအဖြစ်ရှိနေရပါ၏။

ထိုစဉ်ခိုက် ခြေသံကြားရတာမို့ ပျိုလေး ငြိမ်ခနဲ ပိုရှိသွားရကာ နားစွင့်လိုက်မိရပါသည့် အဖြစ် ..။ တိုင်ကပ်နာရီကြီးဆီမှ ည၁၁နာရီထိုးနေပြီဆိုသည့် မြည်သံကြားနေရပြီ ..။ ခြေသံက အောက်ထပ်ဆီမှ လှေကားအတိုင်း တက်လာနေသည့် ခြေသံ ..။

အဘယ်သူသည် .. လူတွေ အိပ်စက်နေချိန်မှာ အပေါ်ထပ်သို့ တက်လာရပါသတဲ့လဲ ..။ အပေါ်ထပ်မှာက ..



ပျိုလေးပဲရှိသည့်ဥစ္စာ ..။ ခြေသံသည် ကြီးလတ်၏ခြေသံပဲ ဖြစ်ဖို့များနေသည် ..။ ဒါမှမဟုတ်လျှင် အဘယ်သူ ဖြစ်ချေမည်လဲ ..။ မေမေမရှိတော့သည့်နောက်ပိုင်း ..။ ဘွားမရှိတော့သည့် နောက်ပိုင်းမှာ .. ကြီးလတ်သည် ငုဝါမြိုင်၏ တစ်ဦးတည်းသော မိန်းမသားအဖြစ် ရရှိရပ်တည်ခဲ့ရသည်က .. ငုဝါမြိုင်ကို မိန်းမသားတို့နှင့် သက်ဆိုင်သော စီမံရာကိစ္စများကို စိတ်တိုင်းကျ စီမံလုပ်ကိုင်ခွင့်ပါတည့် ..။ ကြီးလတ်သည် ဘဘကြီး ဦးသစ္စာအောင်၏ဇနီးဖြစ်သည်မို့ ..။ ဖေဖေ့ အစ်ကိုကြီး၏ ဇနီးတစ်ယောက်အဖြစ် .. ငုဝါမြိုင်မှာ .. မီးဖိုဆောင်ကိစ္စ .. အိမ်ထောင်ထိန်းသိမ်း စီမံရာကိစ္စတို့မှာ .. ဩဇာညောင်းလာရသော ကြီးလတ်အဖြစ် ရှိခဲ့ရသည် မဟုတ်ပါလား ..။ ဖေဖေ ဆိုတာက .. အလုပ်တွေနှင့် အမြဲရှုပ်ထွေးပင်ပန်းနေရတာမို့ .. အိမ်ကိစ္စကိုတော့ .. မရီးတော်သူ ကြီးလတ်လက်ထဲ အပ်ထားခဲ့ခြင်းပါ ..။

ခု .. အဘယ်သူသည် .. အပေါ်ဆုံးထပ်ဆီသို့ ညကြီးအချိန်မတော် တက်လာရပါသတဲ့လဲ ..။

"ဆာလို့အိပ်ရာက ထတယ်ဆိုရင်လဲ .. မီးဖိုဆောင်ကိုပဲ သွားရမှာ .. အပေါ်တက်မှာက .. ဘာရှိလို့လဲ .. ဘွားရဲ့အခန်းရယ် .. ငါ့အခန်းရယ် .. ဧည့်သည်တွေလာရင် တည်းခိုဖို့အခန်းတွေရယ် .. ပြီးတော့ .. ဘုရားခန်းရယ်ပဲရှိတာ .."

ပျိုလေး တွေခနဲတွေးကာ တံခါးလေးကို မသိမသာဟ၍ .. မြင်သာရုံလေး ချောင်းကြည့်မိရပါ၏။ ကြီးလတ်နှင့် ခမကြီးသဇင်မေတို့ပါတကား ..။ ညဝတ်အင်္ကျီဖြူဖြူနဲ့ ကို ဝတ်

www.burmeseclassic.com

www.burmeseclassic.com



ဆင်ထားလျက် သားအမိနှစ်ယောက် ဘာကြောင့် .. ကိုယ့်အိမ်ခန်းမှာ ရှိမနေကြပဲ အပေါ်ထပ်ဆီသို့ တက်လာကြရပါသတဲ့လဲ။

ကြီးလတ်နှင့် မမကြီးသဇင်မေတို့၏ အကြည့်က ပျိုလေး၏ အခန်းရှိရာဘက်ဆီသို့ တည့်တည့်မတ်မတ် လှည့်ကြည့်လာကြတာမို့ ကမန်းကတန်းလေး တံခါးကို စေ့ပိတ်လိုက်ရပါသည့်အဖြစ် ..။

တံခါးချက်ကို အသံမမြည်အောင် ပိတ်ချလိုက်ရကာ တံခါးဝမှာပဲ အငြိမ်ကြီး ငြိမ်သက်စွာ ပျိုလေး ရပ်နေမိရသည်။ ခုတင်ဆီသို့ မလှမ်းရဲ ..။ မတော်တဆ .. ခြေသံတွေ ဘာတွေကို ကြားသွားမှာစိုးသည်။ ဘာကြောင့်ဆို .. ကြီးလတ်တို့သည် .. ပျိုးလေးအခန်းဆီသို့တိုင် ရောက်လာနိုင်ကြသည်ကိုးလေ ..။ မျှော်လင့်ထားသည့်နှယ်ပင် .. ခြေသံဖွဖွက ပျိုလေး အခန်းဆီသို့တိုင် ရောက်လာကြလျက် .. တံခါးရှေ့မှာ တန့်သွားပါ၏။ အသက်ရှူသံလေးပင် ပွင့်ကျမလာနိုင်အောင် ပျိုလေး အောင့်ထားရကာ နားစွင့်နေမိရဆဲ ..။ ပျိုလေး အခန်းတံခါးရွက်ကို တွန်းကြည့်နေတာကို ပျိုလေး သိနေသည်။ တစ်အောင့်လောက်ပဲကြာမည် ..။ ပျိုလေး အခန်းတံခါးပိတ်ထားပြီဟု မှတ်ယူသွားပုံရလျက် .. ခြေသံတွေက စင်္ကြံရှည်အတိုင်း ဆက်သွားနေတာမို့ .. ပျိုလေး တစ်အောင့်လောက်ပဲ နေလိုက်မိရကာ ကြောက်ကြောက်ဖြင့် စိတ်လှုပ်ရှားစွာ တံခါးကို အသံမမြည်အောင် ချက်ဖွင့် .. တံခါးရွက်ကိုဟ၍ ဖွင့်ကြည့် ချောင်းကြည့်မိရပါပြီ ..။ ဘုရားရေ ..။ ကြီးလတ်တို့သည် .. ဘွား၏အခန်းတွင်းသို့ ဝင်သွားကြချေသည်တကား ..။ အချိန်မရွေး ဘွားအခန်းသို့ နေ့ခင်းပိုင်းမှာ



ဝင်နိုင်ပါလျက်ကယ်နှင့် ကြီးလတ်တို့သည် ညအချိန်မတော်ကြီးမှာ ခိုးကြောင်ခိုးဝှက်နိုင်စွာ ဘာကြောင့် ဝင်ကြရပါသတဲ့လဲ ..။ ပြီးတော့ .. ကြီးလတ်တစ်ယောက်တည်းမဟုတ် ..။ မမကြီးသဇင်မေပါ ပါနေသေးသည် ..။ ပျိုလေးထက် ခြောက်နှစ်လောက်ကြီးသည့် မမကြီးသဇင်မေ ဆိုတာ ခပ်တင်းတင်း ခပ်တည်တည်ကြီး အမြဲဆက်ဆံတတ်သည်ကဖြင့် ကြီးလတ် အတိုင်းပါ ..။ ပျိုလေးစိတ်ကိုတင်းသည်။ ဘာပဲဖြစ်ဖြစ် ..။ ပျိုလေး ကြောက်နေ၍မဖြစ် ..။ ကြောက်စိတ်ဖြင့် .. ကြီးလတ်တို့ကိစ္စကို ဤအတိုင်းမသိနိုးနားဖြင့် အခန်းထဲအောင်းနေ၍ မဖြစ် ..။ လိုက်ကြည့်ရမည် ..။ ညညတွေမှာ ကြီးလတ်တို့သည် အကြိမ်ပေါင်းမည်မျှတိုင်အောင် .. ဘွား၏အခန်းသို့ ခုလို .. ဝင်ဝင်နေကြသည်တော့ မသိ ..။ ပျိုလေး .. ခုမှ .. သိမြင်ရခြင်းပါ ..။

ပျိုလေး နှုတ်ခမ်းကိုကိုက်လိုက်ကာ ထဘီလေးကိုတင်းနေအောင်ဝတ် ..။ ခြေသံဖွဖွဖြင့် ခပ်သုတ်သုတ်လေး ဘွားအခန်းရှိရာသို့ လျှောက်လာမိရပါပြီ ..။ သိလိုဇောသည် .. ကြီးလတ်ကို ကြောက်သောစိတ်ကို လွှမ်းမိုးသွားခဲ့ပြီး နေတာတော့ အမှန်ပါ ..။

အခန်းတံခါးရှေ့ရောက်တော့ စေ့ထားသော တံခါးကို အသာလေးတွန်းကြည့်တော့ မသိမသာလေး ဟသွားပါ၏။ ချောင်းကြည့်တော့ .. ကြီးလတ်နှင့် မမကြီးတို့သည် .. ဘွား၏ဗီရိုကိုဖွင့်၍ ရှာသူကရှာ ..။ စာကြည့်စားပွဲ အံဆွဲကြီးကိုဖွင့်၍ မွှေသူကမွှေဖြင့် ကတိုက်ကရိုက်ကြီးလည်းနိုင်စွာ ရှိနေကြတာကို အံ့သြမှင်တက်လျက် ငေးကြည့်နေမိရပါပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ .. ဘာရှာနေကြတာလဲ .. ဘာကိုရှာနေကြတာလဲ .."

ဟု ပျိုလေး နားမလည်ချင် ..။ မမကြီးသဇင်မေသည် .. ဘွားအခန်းကို ဘာကိစ္စဖြင့် ကြီးလတ်နှင့်အတူ .. တစ်ကျိတ်တည်း တစ်ညဏ်တည်း ဝင်ရှာနေရပါသတဲ့လဲ ..။

ဘွား၏အခန်းကို ဘွားရှိစဉ်ကအတိုင်း လူရှိနေသည့်သဘောမျိုးဖြင့် အိပ်ရာကအစ ခင်းကျင်းထားဖို့အထိ .. ခြေရာလက်ရာ .. မပျက်အောင် စီစဉ်ထားဖို့အထိ .. ဒေါ်ကြီးနှင်းကို ဖေဖေ မှာထားတာမို့ ..။ ဒေါ်ကြီးနှင်း အမြဲ .. ဘွားအခန်းကို အစစ .. ဘွားရှိစဉ်ကအတိုင်း ရှိနေစေခဲ့သည်ပါပဲ ..။

"အထပ်ထပ် ရှာပြီးနေတာပဲ ဥစ္စာ .. ဘယ်လိုလုပ်တွေ့နိုင်ပါ့မလဲ မေမေရဲ့ .. ရှာခဲ့တာဝ .. ညီညတွေ .. တစ်လတစ်ခါလောက်ဖြစ်ဖြစ် နှစ်ခါလောက်ဖြစ်ဖြစ် .. လူရှိင်လူကဲ ကြည့်ကြည့်ပြီး .. ဘွားအခန်းကို ဝင်ရှာနေတာပဲ ဥစ္စာ .. ဘာတွေ့နိုင်တော့မှာတဲ့လဲ .."

ဗီရိုထဲမှ အဝတ်တွေကို ထုတ်ယူရှာဖွေပြီးသည့်နောက် ..။ အဝတ်တွေကို ခုတင်ထက်ဆီမှ ပြန်၍ယူ ..။ ပြန်ထပ်နေရင်းမှ မကြီးသဇင်မေ ပြောနေတော့ ကြီးလတ် စိတ်မောကြီးဖြစ်စွာ ခုတင်ကို တစ်ချက်ထုသည်။

"အဘွားကြီး ဉာဏ်များတယ် သဇင်မေ .. သူ .. ဘယ်နားဖွက်ထားတယ်ကို မသိဘူး .. အဲဒါ .. မေမေ့အတွက်အသက်ထက် အရေးကြီးတယ် .. သမီးတို့အတွက်လည်း အရေးကြီးတယ် .. မောင်ရန်လင်း .. အဲဒါသိလို့ မဖြစ်ဘူး .. သူ .. ခုထိလဲ သိပုံရမဘူး .. သူ့ကို အဘွားကြီး ဘာမှ



မပြောလိုက်နိုင်ခဲ့ဘူး ဆိုတာ သေချာတယ် .. အဲဒါ .. ငါတို့ကံကောင်းနေတာ သိရဲ့လား .."

ဟု ပြောတော့ ပျိုလေး မိုက်ခနဲ ဖြစ်ချင်သည်။

ကြီးလတ် ရှာနေသည့်အရာသည် .. ခု .. ခု .. လေး လက်ထဲ ရောက်နေသည့် .. စာတွေများလား .. ဟုတွေးသာမိရပါသည့်အဖြစ် ..။

"ထူးခြားတာ တစ်ခုခုတွေ့ရင် မေမေ့ကို ပြရမယ်ဆိုလို့သာ .. မေမေနဲ့အတူ ရှာနေရတာ .. ဘာရှာနေတယ်ဆိုတာ မေမေ ပြောမပြတာက ခက်တယ် .. ဘာလဲ မေမေ .. ဘွားရဲ့လက်ဝတ်လက်စားတွေ ဖွက်ထားတယ်လို့ထင်လို့လား .."

"ရှာမှာသာရှာ .. တစ်ခုခု ထူးတာတွေ့ရင်ပြ .. မေမေပြောထားပြီးပြီပဲ .. မေမေတို့အတွက် အရေးကြီးတယ်လို့ .. တစ်ယောက်တည်း ရှာနေရင် မျက်စိလျှမ်းပြီး မတွေ့ပဲနေသလားဆိုပြီး .. ညည်းကိုပါ ခေါ်ရှာခိုင်းရတာ .."

မဖြစ် ..။ အမြန်ဆုံး ပျိုလေး ပြန်မှဖြစ်မည် ..။ ရှာတာ လက်ပန်းကျနေပုံဖြင့် စိတ်ဓာတ်ပါ ကျနေကြပါသည့် အမိနှစ်ယောက်စလုံးသည် အချိန်မရွေး အခန်းတံခါးရွက်ကို ပြန်ထွက်လာနိုင်ကြသည်ပဲ ..။

ပျိုလေး ကမန်းကတန်း စကြံအတိုင်း နောက်ကြောင်းလျှောက်မိရပါ၏။

"ဟဲ့ .. ဟိုတံခါးရွက်က ဟနေပါလား .. သေချာမပိတ်ခဲ့ဘူးလား .. မီးရောင်တော့ အပြင်ကမြင်တော့မှာပဲ ..

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက် ... ဆာလို့ပဲဖြစ်ဖြစ် ... အောက်ထ
မီးဖိုဘက် ဆင်းတဲ့အခါ ... မြင်သွားရင် ... ဘယ့်နှယ်လ
မလဲ သခင်မေ ... ပေါ့လှချေလား ...”

ဟု ခပ်ဆူဆူ အသံကို စတင်နောက်ကြောင်းပြ
လိုက်ချိန်လေးမှာပဲ ကြားလိုက်ရတာမို့ အသက်တွေအောင့်
လိုက်မိရင်းမှ တောက်လျှောက် ခြေကုန်သုတ်ရပါသည့်အဖြစ် ...
ဘယ်လိုမှ အချိန်သည်းလုံလောက်နိုင် ...။ ကြီးလတ်သာ တံခ
ရွက်ကို ပြန်သွားစေမည် ...။

ပြီးတော့ ... အပြင်ဘက်ကိုလဲ လူ့သဘာဝအ
ခေါင်းလေးဖြူ အကဲခတ်ပါ ကြည့်ကြည့်လိုက်မည့်ဆိုလျှင်
ပျိုလေးကို နောက်ကြောင်းပြန်လျှောက်နေတာ ကြီးလတ် မြင်
မြင်တော့မှာ သေချာနေသည် ...။ ကမန်းကတန်း ပျိုလေး တွ
ဖွင့်ဝင်လိုက်ရသည်က ဘွားရဲ့စာကြည့်ခန်းတွင်းဆီသို့ပါ
တံခါးရွက်လေးဆွဲစေ့ ...။ မသိမသာလေးဟ၍ အပြင်ဘက်
ကြည့်လိုက်တော့ ထင်ထားသည့်အတိုင်း တံခါးရွက်ကို အတွ
ဘက်မှ ဆွဲဖွင့်လိုက်တာ ...။

ကြီးလတ် တစ်ချက်အပြင်ထွက်လာတာ ...။ ဟို
သည်သည် ကြည့်လိုက်တာကို မြင်ရပါသည့်အဖြစ်။ တံခါးရွ
ကို ကြီးလတ်ကိုင်ထားဆဲ ...။ တစ်အောင့်လောက်တော့ တစ်ချ
ငြိမ်သက်၍ အိမ်ကြီးရဲ့ ငြိမ်သက်မှုအောက်မှာ ကြီးလတ် အ
ခတ်ကြည့်နေသေးသည်။ ပြီးတော့မှ ... အခန်းထဲ ပြန်ဝင်သွ
ကာ ...။ တံခါးရွက်ကို ပြန်စေ့ပိတ်လိုက်သည်နှင့် တစ်ပြိုင်နက်
ပျိုလေး ခပ်သုတ်သုတ် အခန်းတွင်းမှထွက် ...။ ပျိုလေး အခ



သို့ တောက်လျှောက် အပြေးတစ်ဝက် သွားလိုက်ရပါ၏။ အခန်း
တံခါးကို ဆွဲဖွင့်ဝင်ပြီးသည့်နောက်မှာ တံခါးချက်ပိတ်လိုက်ပြီး
သည့်နောက် ... ပျိုလေး တံခါးရွက်ကို ကျောမှီကာ အသက်ကို
ပါးစပ်လေးဟ၍ ရှူရှိုက်နေမိရပါ၏။ ပြီးတော့ ... ခုတင်ဆီသို့
သွားကာ လှဲချလိုက်ရင်း စောင်ကို ကျစ်နေအောင် ဆုပ်ခဲထားမိ
ကာ ဝိုင်းစက်နေသော မျက်ဝန်းလေးတွေဖြင့် တံခါးရွက်ကြီးရှိ
ရာသို့ စိုက်ကြည့်နေမိရသည်။ ကြီးလတ်တို့ ဘာဆက်လုပ်နေချေ
မည်လဲ ဆိုတာကိုလည်း သိချင်နေသည့်စိတ်က ဆောင်နေပြန်သည်
ခို ...။ ခြေသံဖွဖွဖြင့် ပြန်ထ ...။ တံခါးရွက်ဆီသို့ ပြန်လျှောက်
နှင့် လုံမေပျိုသည်လည်း စိတ်တွေ ဂနာမငြိမ်နိုင်ပဲ ဖြစ်နေရပါ
ပြီ။

ပျိုလေး ချောင်းကြည့်နေတာကို ကြီးလတ်တို့ မြင်
သွားမှာကိုလည်း ကြောက်သည်။ ဒါပေမဲ့ ချောင်းလည်းကြည့်ချင်
နေသည်။

နောက်ဆုံးတော့လည်း ... တံခါးရွက်လေးကို ချက်ပြန်
ဖွင့်၍ မသိမသာလေးဟကာ ချောင်းကြည့်နေမိရပြန်သည်ပါပဲ ...။

ကြီးလတ်တို့သားအမိ ... ဘွားအခန်းမှ ထွက်လာ
ကြပြန်တာ ...။ ပြီးတော့ကျတော့ ... ဘွားရဲ့စာကြည့်ခန်းထဲဝင်
သွားကြပြန်တာတွေကို မှင်တက်စွာပဲ ပျိုလေး ကြည့်နေမိရဆဲ။
ဘွားရဲ့စာအုပ်ဗီရိုတွေကိုလည်း လိုက်ကြည့်ကြချေမည်သာ ...။
ဘုရားရေ ...။

ကြီးလတ်တို့သည် ... ဘာကိုရှာနေသည်တော့ သိ။
ဒါပေမဲ့ ... ညနေ့မှာ ... ပျိုလေး ရခဲ့ပါသည့် ကတ်ထူစိတ်လေး

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ မတွေ့ခဲ့ကြတာ သေချာနေသည့်အဖြစ် ..။ ထိုအိတ်ထဲမှာ ကြီးလတ်တို့၏ဘဝကို ပေါက်သတ်လိုက်သည့်နယ်ရှိမည့် အဆိပ်ပြင်းသော မြွေတစ်ကောင်ပမာ ငြိမ်သက်စွာ ရှစ်နှစ်တာ ကာလတိုင်အောင် ခေါက်လျှက်သား ရှိနေပါသည့် စာရွက်တွေကို ကြီးလတ်တွေ့ချေလျှင်ဖြင့် .. အစဖျောက်ပစ်လိုက်မှာ သေချာနေသည်ပဲ ..။

ကလေးတစ်ယောက် ဖတ်ရှုဖို့အတွက် ရည်စူးဝယ်ထားပေးကာ .. စီထောင်ထားသော စာအုပ်တန်းလေးတွေရှိရာ ဗီရို၏အောက်ဆုံးထပ် ..။ ပုံပြင်စာအုပ်လေးတွေကိုတော့ ကြီးလတ်တို့ အထင်တကြီးလည်း ထားမှာမဟုတ် ..။ ထိုဗီရိုနေရာလေးကိုလည်း အာရုံထားကြမှာ မဟုတ် ..။ သာမန်မျှလောက်ပဲ ဟိုသည်ကိုင်ကြည့်လိုက်တာလောက်ပဲ ရှိကောင်းရှိနိုင်သည်။ ဘွား၏ အဖိုးတန်စာအုပ်ကြီးများ စီထောင်ထားရာ ဗီရိုကြီးတွေ .. စာအုပ်တွေကိုသာ .. ထုတ်ယူကိုင်ကြည့်ရှာဖွေကြတာလောက်ပဲ ရှိနိုင်ကြသည်ပဲ ..။

ကြီးလတ်တို့ ပြန်ထွက်လာချိန်သည် .. နာရီဝက်နီးပါးမျှလောက်တိုင်အောင် ကြာပြီးမှ ဖြစ်နေတာမို့ ..။ ပျိုလေး လိုက်ချောင်းကြည့်လိုက်လျှင် ကောင်းသား .. ဟုပင် မချင့်မရဲ ကြီး ဖြစ်သွားရသည်က ပျိုလေးပါ ..။

တံခါးရွက်ကို ပြန်၍စေ့ပိတ် ..။ ချက်ပိတ်ချလိုက်ပြီးသည့်နောက်မှာ ပျိုလေး တံခါးရွက်အနီးမှာပဲ ငြိမ်သက်စွာ ရပ်နေကာ ခြေသံကို နားစွင့်နေမိရပါသည့်အဖြစ် ..။ ခြေသံက .. ဤတစ်ကြိမ်မှာလည်း .. ပျိုလေး အခန်းတံခါးရှေ့သို့တိုင်အောင်



ပြန်ရောက်လာခဲ့သေးလျက် ..။ တံခါးရွက်ကိုပင် တွန်းကြည့်နေသေးသည်ပဲလေ ..။

ပျိုလေး အိပ်နေသည်ပဲ .. စိတ်ချသွားပုံဖြင့် ..

"နိုးနေရင်တောင်မှ .. အပြင်ထွက်ရဲတဲ့ ကောင်မလေး မဟုတ်ပါဘူး မေမေရယ် .. ငကြောက်ပါ .."

ဟု တိုးဖွဖွ အထင်သေးသံဖြင့် မမကြီးသဇင်မေ ပြောလိုက်သံကို တံခါးရွက်လေးပဲ ခြားနေတာမို့ ပျိုလေး ကြားလိုက်ရပါပြီ ..။

"သတိဆိုတာ .. မပိုဘူး သဇင်မေ .."

ဟု ကြီးလတ် ခပ်တိုးတိုးပြောလိုက်တာ ..။

ခြေသံတွေ ညင်ညင်သာသာလေးပြန်၍ လှေကားဘက်ဆီသို့ ရွေ့လျားနေကြတာကို တံခါးရွက်နေရာလေးမှာရပ်ရင်း ပျိုလေး ကြားနေရပါသည်။ ပျိုလေး အသေအချာ ယုံကြည်လိုက်မိသည်က .. ကြီးလတ်တို့ရှာနေသည့် အရာသည် .. ပျိုလေးထံမှာ ရှိနေသည့် စာရွက်တွေပဲဆိုသည့် အသိပါတည့် ..။

ချွေးတွေနစ်နေရာမှ စိတ်လှုပ်ရှား ပင်ပန်းနေရလေသမျှကို ကိုယ်လေး လျှောချလိုက်ကာ တံခါးရွက်ကို ကျောမှီထိုင်ချလိုက်မိရင်း မျက်ဝန်းများကို စုံမှိတ်ထားလိုက်မိသည်။

ပျိုလေးထံမှာ .. ထိုစာရွက်တွေ ရှိနေသည်ဆိုတာများ သိလျှင် .. ကြီးလတ် .. ပျိုလေးကို ဘာလုပ်ချေမည်တဲ့လဲ။ အတွေးသည် တန့်ခနဲ ဖြစ်၏။ ဘုရားရေ .. ကြီးလတ်သည် ထိုအဖြစ်များ .. ပျောက်ဆုံးမြုပ်နှံလိုက်ဖို့ရာ .. တစ်ခုခုကျန်သည် ..။ ထိုအရာသည် ပျိုလေးကို .. လောကကြီးမှ ထွက်ခွာ

www.burmeseclassic.com

www.burmeseclassic.com



သွားစေခြင်း ..။ ဆက်စပ်တွေးယူလိုက်မိသည့် အသိသည် .. မိုက်ခနဲ ရင်ကိုလာဆောင့်စေသည့်အဖြစ် ..။

ဘွားကို မေမေ မသတ်ပါဘူး သမီးရယ် .. ဟုရေးသားထားပါလေသော မေမေ့စာ ..။ မေမေ့ မျက်နှာလေးကိုလည်း မြင်မိရလျက် ..။

ရင်ထဲမှာ ကြေကွဲရှိုက်တက်နေသည် ..။

အားလုံးသည် ကုန်ဆုံးဖြစ်တည်သွားခဲ့ပြီးပြီ ..။

ဘွားသည်လည်း ကွယ်လွန်ခဲ့ပြီ ..။

မေမေသည်လည်း .. ကွယ်လွန်ခဲ့ပြီ ..။

ကျန်ရစ်သူထဲမှာက .. ပျိုလေးကို ချစ်ပါလေသော မမလေးအင်ကြင်းမေ၏ မျက်နှာနုနုစင်စင်လေးက .. ပျိုလေးရှေ့မှာ ရစ်ဝဲနေကြပါလေ၏။

မျက်ရည်ကျနေမည့် မမလေးအင်ကြင်းမေကို ခံစားချက်ကင်းမဲ့စွာဖြင့် ပျိုလေး .. ကြည့်နေရက်နိုင်သည့် အတိုင်းအတာထိ .. ခံနိုင်ရည်ရှိနိုင်မှာ မဟုတ်တာကိုလည်း သိနေရပါသည့်အဖြစ် ..။

ပြီးတော့ .. ပျိုလေး .. ဆက်စပ်တွေးယူနေရပါသည့် အတွေးတွေထဲမှာ .. အတွေးဆိုတာပဲ ရှိလျက် ..။ သက်သေအထောက်အထား မရှိနိုင်တာကလည်း သေချာနေသည်။

ဟုတ်သည် ..။ ဘွား .. မည်သို့သေဆုံးခဲ့ရသည် ဆိုတာ .. အထောက်အထား .. ပျိုလေး မပြနိုင် ..။

လက်တွေ့မှာကတော့ .. မေမေသည် .. ဘွားကိုသတ်ခဲ့သူအဖြစ် .. ရှိနေခဲ့ရပြီးပြီ ..။ ရင်သည် ဆို့နေ၏။



မေမေ့သိက္ခာ ..။ မေမေ့ ကိုယ်ကျင့်တရားအတွက် .. ပျိုလေး .. အမှန်တရားတစ်ခု၏ အစွန်းတစ်စ .. သဲလွန်စတစ်ခုကို .. ဆုပ်ကိုင်ထားနေမိရပြီ ဆိုတာကိုလည်း သိနေရပြန်သည်။ ဤအဖြစ်ကို .. ပျိုလေး မျက်ကွယ်ပြုထားအပ်ပါသတဲ့လား ..။

မေမေ့ကိုယ်ကျင့်တရားသည်ရော .. အရေးမကြီးတော့ပြီတဲ့လား ..။

နူးညံ့သိမ်မွေ့သော မေမေ့စိတ်ရင်းခံလေးတွေကို .. သူတွေ ပြန်လည်အသိအမှတ်ပြုနိုင်ဖို့အတွက် .. ပျိုလေးသည် .. အထောက်အထားတွေကို ရှာဖွေယူနိုင်ရအောင် ကြိုးစားနေသင့်သည် မဟုတ်ပါလား ..။

ဒါပေမဲ့ .. ထိုအရာတွေ ဖြစ်တည်လာဖို့အတွက် .. ပျိုလေး ရင်နီးရချေမည်က .. မမလေး အင်ကြင်းမေ၏မျက်ရည်တော်များ ..။ ကြေကွဲလောင်မြိုက်မှုများ ..။

အရှက်သည်းမှုများ ဖြစ်နေကြချေပြန်သည်တကား ..။

ပျိုလေး .. မျက်ရည်ကျလာနေရပါပြီတည်း ..။

မေမေ့ကို ပျိုလေး ချစ်သည် ..။

မမလေးအင်ကြင်းမေကိုလည်း .. ပျိုလေး ချစ်နေမိရပြန်ပါသည်ကောလေ ..။

ပျိုလေး .. မေမေ့မျက်နှာလေးကို မြင်ယောင်လာနေမိရရင်းမှ မျက်ရည်တွေ ဖြိုင်ခနဲ ကျလာပြန်ချေသည်တည့် ..။

အခန်းကတော့ ငြိမ်သက်နေဆဲ ..။

✻ ❤ ✻

www.burmeseclassic.com

www.burmeseclassic.com






စကားဖြူ သူ့ရန်
သင်းပျံ့လို့ လှိုင်ကြူ
ဘယ်သူတွေ ယှဉ်နိုင်လိမ့်
မွှေးတငြိမ့်ငြိမ့်ကြူ ...။

နှင်းဆီနီဖြူဝါတစ်သင်း
ပန်းခင်းနှင့်သူမင်းမူ
ဘယ်သူတွေယှဉ်နိုင်လိမ့်
မွှေးတသိမ့်သိမ့်ကြူ ...။

နှလုံးသားက သူဖန်ဆင်း
ချစ်ပန်းခင်းက မွှေးမြဖြူ
ပန်းဘယ်သူ ယှဉ်နိုင်လိမ့်
မွှေးတစိမ့်စိမ့်ကြူ ...။
ဩော် ...
ပန်းဘယ်သူယှဉ်နိုင်လိမ့်
မွှေးတစိမ့်စိမ့်ကြူ ... ...။ ။





## အခန်း(၁၅)

ရင်ထဲမှာ ဟာနေသည်။ ရွှေကြာဖူးဝေဟိုတယ်၏ အပေါ်ဆုံးထပ်ရှိ ရုံးခန်းကျယ်ကြီးမှာ ရှိနေရပေမယ့် .. စိတ်က အလုပ်ထဲမှာ နှစ်မနေနိုင် ..။ ခါတိုင်းနေ့များနှယ် ပေါ့ပါးနေသော နေပြည့်စုံ ဖြစ်မနေတာကို မိမိဘာသာလည်း သိနေသည်။ မနေ့က .. လုံမေပျိုနှင့် ဆုံခဲ့ရပြီးသည့်နောက်မှာ .. ပျိုလေး ဆိုသည့် ကောင်မလေးအတွက် စိတ်ရတက်မအေးနိုင်ပဲ ဖြစ်နေတာကိုလည်း သိနေရသည်ပဲ ..။ ဟုတ်သည် ..။ ညကလည်း အိပ်မပျော်နိုင်ခဲ့ ..။ ကောင်မလေးကိုများ ကြီးလတ် ဆိုသူသည် အိမ်မှာဆူဟယ် ငေါက်ဟယ်နှင့် လုပ်နေချေဦးမည်လား မသိဆိုသည့် သောကနှင့် စိတ်ပူပန်မှုက မနေ့ကတည်းက သူ့ရင်ထဲမှာဖြစ်တည်ကျန်ခဲ့တာ အမှန်ပါ ..။ ပျိုလေးကို သစ်ခွမြိုင်မှ ခေါ်သွားလိုက်ကတည်းက ထိုအပူသည် သူ့ရင်မှာ ကျန်ခဲ့သည့်အဖြစ် ..။

"တောက် .. ဒီကောင်မလေး .. ကျိတ်ခံမှာ သေချာတယ် .. အဲသလိုပဲ ငါ နားလည်ထားတယ် .. ငါပေးလိုက်တဲ့ လိပ်စာကတ်ထဲမှာ သစ်ခွမြိုင်ရဲ့ ဖုန်းနံပါတ်ရော .. ရွှေကြာဖူးဝေရဲ့ ငါ့ရုံးခန်းဖုန်းနံပါတ်ရော .. ပြီးတော့ .. ငါနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



နဲ့သာမြိုင်ရဲ့ဖုန်းနံပါတ်ရော ပါနေတာပဲ .. ငါ့ဂျီအက်စ်အမ် ဖုန်းနံပါတ်လဲ ရှိနေတာပဲဥစ္စာ .. အနည်းဆုံး .. ငါ့ဂျီအက်စ်အမ်ကိုတော့ ဖုန်းလေး ဘာလေး ဆက်သင့်တာပေါ့ .. သူ့ဆီ ဆက်ရအောင်ကျတော့လဲ .. သူ့ဖုန်းနံပါတ်လဲ ငါ မသိ .. ဆက်လို့လဲ .. မကောင်းပါဘူး .. ကြီးလတ် လာကိုင်နေရင် .. ပိုဆိုးကုန်မှာ .. ငါ .. အဲဒီ ငုဝါမြိုင်ဆိုတဲ့နေရာကို သိရင်လဲ ကောင်းသား .. လိပ်စာလဲမပြောပြခဲ့ဘူး ဒီကောင်မလေး .."

ယောက်ယက်ခတ်နေသည့်စိတ်သည် ခုထိ မငြိမ်သက်နိုင်သေး ..။ အရှိန်မလျော့ပါးနိုင်သေး ..။ မျက်ရည်ဥလေးတွေ ဖြာဖြာကျနေသည့် ပျိုလေး၏ မျက်နှာလေးက သူ့အာရုံထဲမှ ပျောက်၍မရနိုင်ဘဲ ဖြစ်နေသည်။ သနားစိတ်သည် ရင်မှာအုံ့ကျင်းနှင့် ဖြစ်တည်၏။

ကူကယ်လိုစိတ်ကလည်း ရင်မှာဖြစ်တွန်းသည်။ ဒါပေမဲ့ .. အရှမ်းကိုချမ်းသာသည့် ဦးရန်လင်းအောင် ဆိုသူ၏ သမီးလေးကို သူက ကူကယ်လိုပါသည်ဟု အိမ်သို့တိုင်အောင်သွား၍ စွက်ဖက်နိုင်ခွင့်လည်း မရှိပြန် ..။ ထိုသို့ပြု၍လည်း မရစကောင်း။ သက်ပြင်းကြမ်းကြီး ရှိုက်ချလိုက်ကာ ရုံးခန်းထဲ ခေါက်တုံ့ခေါက်တင် လျှောက်မိပြန်သည်။

"ဒီကောင်မလေးအတွက် ငါ စိတ်ပူနေတာက .. ငါ့ကိုပြစားထားလိုက်သလိုကြီးပါလား .. ဒုက္ခပါပဲ .. သနားစရာကောင်းနေမှန်းလဲ သိနေတယ် .. ကူလို့ကယ်လို့လဲမရ .. ဘယ့်နှယ်လုပ်မလဲ .. ကျွတ် .."



စိတ်ပန်း ကိုယ်ပန်းဖြင့် သူ ခေါင်းယမ်းမိသည်။ မနက်ကတည်းက ဘာမျှ သူ မလုပ်ဖြစ်သေး ..။ ဟိုတယ်ခန်းတွေကို .. ဘယ်တော့မှ မန်နေဂျာကိုချည်းပုံ ယုံပြီးအပ်ထားလိုက်တာမျိုးမရှိခဲ့ ..။ အခန်းအားသည် ဆိုတာနှင့် ထိုအခန်းကို သူ လိုက်ကြည့်သည်။ အားလုံး လိုက်ကာကအစ အသစ်ပြန်လဲခိုင်းသည်။ အလှထိုးပန်းအိုးကြီးထဲမှ ပန်းကာအစ အသစ်ပြန်လဲခိုင်းသည် ..။ တာဝန်ကျဝန်ထမ်း၏ လုပ်ဆောင်မှုတိုင်းကို သူ စစ်ဆေးသည် ..။

အချိန်မရလျှင် .. ဘဘဦးပြည်စိုးကို .. အသေးစိတ်လိုက်ကြည့်စစ်ခိုင်းသည်။ ဘဘ ဆိုတာက .. မိဘများလက်ထက်ကတည်းက လူယုံကြီးပေမို့ .. အားလုံး စိတ်ချထားရသည်လေ ..။

သူ့မှာက .. သစ်ခွမြိုင်ဂါးဒင်းအတွက်က တစ်ဖက်။ ချကြာဖူးဝေကို ကြီးကြပ်အုပ်ချုပ်ရသည်ကတစ်ဖက်ဖြင့် အချိန်ရယ်လို့ သိပ်မကျန်လှ ..။ အခန်းမှာ လာတည်းခိုသူတိုင်း စိတ်တိုင်းကျ အေးချမ်းစွာ နေထိုင်နိုင်ဖို့အတွက် .. နေ့စဉ် အိပ်ရာခင်းအကျင်း၊ လိုက်ကာကြီးတွေနှင့် ပန်းအိုးထိုးထားတာတွေက အစ .. အမြဲလဲခိုင်းစေသည်က .. သူ့အစီအမံပါ ..။ တစ်ခါတလည်း အခန်းအပြင်အဆင်က မပြောင်းလဲ၊ ပန်းအိုးကအစ နှမ်းမချင်း မလဲပဲထားလိုက်တာမျိုးကို သူ မလိုလား ..။ တည်းခိုသူသည် .. တစ်နေ့တစ်မျိုး အခန်းအခင်းအကျင်းကို မြင်နေရစေခြင်းဖြင့် .. ပို၍ လန်းဆတ်သော အပြောင်းအလဲ ခံစားချက်မျိုးကို ခံစားရစေမည်ဟု သူ မှတ်ယူသည်လေ ..။

www.burmeseclassic.com

www.burmeseclassic.com



ဤနေ့မှာတော့ .. အလုပ်တွေအားလုံး ဘာဘဦးပြည်
ပဲ လုပ်ကိုင်သွားနေရပါသည့် အဖြစ် ..။ ဇောသည် .. လုံးဝေ
အတွက် ပူပန်နေခြင်းနှင့် သနားနေသည့် ခံစားချက်များဖြင့်
နေရပါချေသည်တည့် ..။

ထိုအခိုက် ဝန်ထမ်းကောင်လေးတစ်ယောက် အခ
တံခါးကိုခေါက်၍ ခွင့်တောင်းကာ သူ့ခွင့်ပြုသံကြားရမှ ဝင်လာ
ပါ၏။

"ဦးရန်လင်းအောင် ဆိုတာ .. အစ်ကိုလေးကို တွေ့ချ
လို့ပါတဲ့ .. ရီဆက်ပ်ရှင်မှာ ပြောလာပါတယ် အစ်ကိုလေး"

ဟု ပြောလိုက်တာနှင့် သူ စိတ်လှုပ်ရှားသွားရ
ကိုယ်ကို မတ်ခနဲပြုလိုက်မိ .. ခေါင်းလည်း ညိတ်လိုက်မိရပါပြီ
ဦးရန်လင်းအောင် ဆိုတာ ပျိုလေး၏ဖခင်ဆိုတာ သူသိနေသ
လေ။ ဘာကိစ္စကြောင့် ရောက်လာပါလိမ့်ဟုတော့ တွေးမိ
မယ် ..။ ဘာကြောင့်ပဲလာလာ။ သူ ဝမ်းသာပါသည်။ ဖြစ်
သည်ကတော့ .. စက်ဘီးကိစ္စ .. လာတောင်းပန်ဖို့ပဲ များပါသည်
အဖြစ် ..။

"ကောင်းပြီ .. အစ်ကိုလေး ရုံးခန်းကို .. အရောက် ..
ပို့ပေးလိုက်ပါ .. ပြီးရင် .. ကော်ဖီနဲ့ .. မုန့်လာပို့ပါ
မုန့်သုံးလေးမျိုး ဖြစ်ပါစေ .."

"ဟုတ်ကဲ့ပါ အစ်ကိုလေး .."

ဟု တရိုတသေ ပြောပြီးတာနှင့် ဝန်ထမ်းကော
လေး ထွက်သွားတော့ ..။ သူ ခါတ်လှေကားအနီးမှာ အသ
သွားရပ်စောင့်လိုက်မိရပါပြီ ..။ မကြာလိုက် ..။ စောစောက



ထမ်းကောင်လေးပဲ ဦးရန်လင်းအောင်ကို လိုက်ပို့တာမို့ .. ဓာတ်
လှေကားတံခါး ပွင့်လာတော့ သူပြုံး၍ ကြိုနေနှင့်လိုက်ရသည်ပါပဲ။

ဦးရန်လင်းအောင် ဆိုတာ ရုပ်ရည်သန့်ပြန့်လျက်
ရုပ်ကောင်းကာ .. အရပ်မြင့်မြင့်ကြီးနှင့် နက်မှောင်သော
ဆံပင်များကို သေသေသပ်သပ် ဖြီးထားသော သူတစ်ယောက်ဖြစ်
တာကို ပထမဆုံး သူ သတိထားမိပါ၏။ ပြီးတော့ .. ထူထဲ
သော မျက်ခုံးကြီးအောက်မှ နက်မှောင်သည်နှင့်အမျှ လက်တောက်
နေသော မျက်ဝန်းများကိုလည်း သူ မြင်ရသည်မို့ ပြတ်သားပြီးပြတ်
လျှင်လည်း နောက်ကိုလှည့်မကြည့်စတမ်း နေလိုက်တတ်မည့်
ထက်လွန်းသူတစ်ယောက် ဆိုတာကိုလည်း သူ အကဲခတ်
လည်လိုက်မိရသည်ပါပဲ ..။

"ကျွန်တော် .. နေပြည့်စုံပါ အန်ကယ် .. အန်ကယ့်လို ..
အောင်မြင်တဲ့ လုပ်ငန်းရှင်ကြီးတစ်ယောက်က .. ကျွန်တော့်
ဆီကို အလည်လာတဲ့အတွက် .. ဂုဏ်ယူဝမ်းသာလှပါတယ်
ခင်ဗျာ .."

ဟု သူ ပြောတော့ ဦးရန်လင်းအောင်၏ အပြုံးက
နုပ်ပြုံးဖြစ်နေလျက် ရောက်လာရသည့်အတွက် ရင်ထဲကျေနပ်
ခိုက်သွားသည့် အရိပ်ငွေ့ ည်း မျက်နှာထက်မှာထင်၏။
ယောက်သား တူတူလျှောက်လာကြကာ သူ့ရုံးခန်းတွင်းသို့ဝင်
ကြရပျက် ..။ နီညိုရောင် ဆိုဖာကြီးမှာ မျက်နှာချင်းဆိုင်ထိုင်
၏။

မကြာလိုက် ..။ ဝန်ထမ်းကောင်လေး ရောက်လာ
ကော်ဖီနှင့် မုန့်ပွဲတွေ သေသေသပ်သပ် ချထားပေး၏။

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ့်နာမည်ကိုတော့ ရီဆက်ပ်ရှင်က .. ကလေးတွေ မောင်နေပြည့်စုံကို ပြောပြထားမှာမို့ .. သိပြီးရောပေါ့ .. အန်ကယ် .. လုံမေပျိုရဲ့ဖေဖေပါ .. မနေ့က .. အင်ကြင်း မေနဲ့ ပျိုလေးတို့ .. ဈေးဝယ်ထွက်ကြရာက .. မမျှော်လင့် ပဲ .. မောင်နေပြည့်စုံရဲ့ အလုပ်သုံးစက်ဘီးကို တိုက်မိတာ ကို အန်ကယ် သိရတော့ အားနာပါတယ် .. အန်ကယ် ဒီကိုမလာခင် .. စက်ဘီးအသစ်တစ်စီးဝယ်ပြီး .. အန်ကယ် ဝန်ထမ်းနဲ့ သစ်ခွမြိုင်ကို အပို့ခိုင်းလိုက်ပါပြီ .."

"ဟာ .. မဟုတ်တာ အန်ကယ် .. စက်ဘီးက ဘာမှသိ အပျက်အစီး မရှိပါဘူး .. မအင်ကြင်းမေကိုရော လုံမေပျို ကိုရော .. ကျွန်တော် မနေ့ကတည်းက .. အဲဒါကို ဘာ လုပ်ပေးစရာ မလိုပါဘူးလို့ ပြောထားရက်နဲ့ဗျာ .. အန်ကယ် ကို အလကား သွားပြောနေတယ်ဗျာ .. ကျွန်တော် စက်ဘီးကို အန်ကယ့်ဆီပဲ ပြန်ပို့ပါရစေဗျာ .. ခဏ ခင်ဗျာ .. ခဏပါ .."

ဟု ကမန်းကတန်းလည်း အားနာတကြီးပြော စိတ်လည်း မကောင်းနိုင်ပဲ ကမန်းကတန်းကြီးပဲ တယ်လီဖုန်း ဆက်လိုက်ရသည်က သစ်ခွမြိုင်မှ အန်ကယ်ကြည့်ထံသို့ပါ

"ဟယ်လို .. အန်ကယ်ကြည်လား .. နေပြည့်စုံပါ .. အဲ ကို .. အန်ကယ်ဦးရန်လင်းအောင် လွှတ်လိုက်တဲ့သူရော လာပြီလား .. ဘာလဲ .. ရောက်ပြီးတော့ ပြန်သွားပြီဟုတ် လား .. ဟာဗျာ .. ဘာလို့လက်ခံလိုက်ရတာလဲ .. ကျွန် တော့်ကို အရင်ဖုန်းဆက် မေးရောပေါ့ အန်ကယ်ရာ



အတင်းထားသွားတာမို့ လက်ခံလိုက်ရတယ် .. တားလို့ကို မရဘူး .. ဟုတ်လား .. ဪ .. ငုဝါမြိုင်ရဲ့လိပ်စာကို တော့ ရအောင် တောင်းထားလိုက်တယ် ဟုတ်လား .. ကောင်းတယ် အန်ကယ်ကြည် .. အဲဒီလိပ်စာအတိုင်းပဲ .. စက်ဘီးကို .. ပြန်ပို့လိုက်ပါဗျာ .."

သူ ပြောဆိုနေသမျှကို သက်သောင့်သက်သာပုံစံ ဖြင့် ထိုင်နေရင်း ဦးရန်လင်းအောင် ခပ်ပြုံးပြုံးကြီး နားထောင်နေ တာကိုလည်း သူ မြင်နေရသည်။

အေးအေးဆေးဆေး ကော်ဖီတွေ ဘာတွေပင်သောက် နေလိုက်သေးသည့်အဖြစ် ..။

သူ .. ဖုန်းကိုပိတ်လိုက်ကာ ..

"အန်ကယ်ပို့ခိုင်းတဲ့သူက ပြောတယ်တဲ့ .. အန်ကယ်က .. ပို့ခိုင်းတာပါတဲ့ .. ပြန်ယူလာဖို့ မမှာတာမို့ ပြန်မယူသွား ရဲပါဘူးတဲ့ .. အဲဒါ .. တားလို့မရ .. လက်မခံဘူးလို့ ငြင်း လို့လဲမရ .. ကျွန်တော့်ဆီ ဖုန်းလှမ်းဆက်မေးပါရစေဦး ဆိုတာလဲ မရ .. ဇွတ်ထားခဲ့တာပါတဲ့ .. အန်ကယ်ကြည် လဲ .. အန်ကယ်ရဲ့လိပ်စာကို အတင်းမေးနေတော့မှ .. အန်ကယ်နေတဲ့ ငုဝါမြိုင်လိပ်စာကို မပြောချင် ပြောချင်နဲ့ မျက်နှာကြီးပျက်ပြီး ပြောပြသွားတာတဲ့ .. အန်ကယ်လွှတ် လိုက်တဲ့သူကတော့ တကယ့်ကို အန်ကယ့်စကားကို အတိ အကျကြီးကို လိုက်နာတာပါပဲ အန်ကယ် .. စက်ဘီးကို မထားခဲ့ရရင် မဖြစ်ဘူးဆိုတာ မျက်နှာမှာ ချွေးတွေနစ်လာ အောင် ပြောနေတာတဲ့ အန်ကယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဟု သူ စိတ်လက်ညစ်လျက်ပြောတော့ ဦးရန်လင်းအောင် ရယ်သည်။ မျက်နှာထက်တွင် ရင်းနှီးရိပ်ထင်၏။ ခုလို.. စက်ဘီးကိစ္စ .. သူ အကျောက်အကန်ကြီး အားနာတကြီး ငြင်းနေတာကို မြင်ရတော့ .. တရင်းတချာအဖြစ် စတင်ခံစားလိုက်ရပုံပေါ်သည်။

"အန်ကယ်တို့တူတူ ကော်ဖီသောက်လိုက်ကြရင် ပိုကောင်းမယ် ထင်ပါရဲ့ မောင်နေပြည့်စုံ .. ဒီဆိတ်သားမုန့်လေးက ကောင်းလိုက်တာ .. ကိတ်မုန့်ကလဲ ကောင်းတာပါပဲ.."

အေးအေးဆေးဆေး စကားစမြည်ပြောရင်း စားသောက်မည့်သူတစ်ယောက်၏ ဟန်ပန်က ဦးရန်လင်းအောင်ထံမှာ ဖြစ်တည်၏။ သူ .. ဦးရန်လင်းအောင်နှင့် တူတူထိုင်ကာ ကော်ဖီသောက်ရပါသည့်အဖြစ် ..။ လောလောဆယ်မှာက စက်ဘီးကိစ္စ စိတ်ထဲဝင်နေတော့ မုန့်စားဖို့လဲ သတိမရ ..။ ဦးရန်လင်းအောင်ကပဲ အိမ်ရှင်လုပ်၍ မုန့်ပန်းကန်ကို ရှေ့တိုးပေးကာ စားဖို့သောက်ဖို့ကိစ္စ ပြောနေတာမို့ တစ်ချက် သူ ရက်ရယ်ရယ်မိရပါပြီ ..။ ဆိတ်သားမုန့်တစ်ခုကိုပဲ သူ ယူစားဖြစ်၏။

လေအေးစက်သံညင်ညင်က အခန်းထဲမှာ တိုးသဲ့စွာ ရှိနေကြပါသည့်အဖြစ် ..။

"သမီးက .. မောင်နေပြည့်စုံရဲ့စက်ဘီးကို .. ပြန်လျော်ပေးပါလို့တော့ မပြောပါဘူး .. ဒါပေမဲ့ .. အဲသလိုစက်ဘီးပျက်စီးသွားရတာတွေ ရှိခဲ့တာကိုတော့ စိတ်မကောင်းဘူးပေါ့လေ .. ဒါပေမဲ့ .. မောင်နေပြည့်စုံက ဒီလောက်ထိ..



ငြင်းနေတယ်ဆိုရင်လဲ .. အန်ကယ် .. မောင်နေပြည့်စုံ စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်တော့ပါဘူး .. ခုလို စိတ်ထားပြည့်ဝတဲ့ မောင်နေပြည့်စုံကို .. ဆုံရတဲ့အတွက် .. ရင်းနှီးရတဲ့အတွက် .. အန်ကယ် .. ဝမ်းသာပါတယ် .."

ဟု ပြောလာတော့မှ သူ့မျက်နှာ ကြည်လင်လာရသည်။ စိတ်ထဲ ပေါ့ပေါ့ပါးပါး ဖြစ်သွားတာလည်း သိသာသည်။

"ဒါက .. ဖိတ်စာပါ .. မနက်ဖြန် လာခဲ့ဖို့လဲ အန်ကယ် သေချာထပ်ပြောပါရစေ .. သမီးလဲ .. မောင်နေပြည့်စုံ လာတဲ့အတွက် ဝမ်းသာမှာပါ .."

ဖိတ်စာတစ်စောင်ကို ဆုကျေ့စ်ထဲမှ ထုတ်ယူလိုက်တာ ကမ်းပေးတော့ သူ့ရင်ထဲ ထိတ်ခနဲလည်း ဖြစ်သွားရ ..။ မျက်နှာလည်း ပျက်သွားရနိုင်ပါ ..။ ဘုရားရေ ..။ ပျိုလေး၏ ဖိတ်စာပေးများလား ..။ ပျိုလေးကိုများ မင်္ဂလာဆောင်ပေးလိုက်ချပြီတဲ့လား ..။ အဘယ်သူနှင့်များ နေရာချပေးလိုက်ပါသတဲ့လဲ ..။ ရင်ထဲမှာ တုန်လှုပ်ချောက်ချားခြင်းနဲ့ နှမြောကြေကွဲခြင်းက ရုတ်ခြည်းနေရာယူလာကြတာကို မိမိဘာသာလည်း အံ့သြတကြီး နားလည်နေမိရပါသည့်အဖြစ် ..။ ပျိုလေးကို မနေ့ကမှ သူ တွေ့ခဲ့ရသည်။ ပျိုလေး၏ မျက်ရည်စက်များကိုလည်း သူ မြင်ခဲ့ရသည်။ ပျိုလေး၏ နာကျင်ကြေကွဲနေသည့် ခံစားချက်များစွာကိုလည်း မျှဝေခံစားနားလည်နေမိခဲ့ရသည်နှင့်အမျှ ..။ သနားခြင်းမက သနားနေမိရတာကလည်း တော်ရုံခံစားချက်ဖြင့်မဟုတ်။

ခု .. ခု .. ထိုမိန်းကလေးနှင့် ပတ်သက်သော.. ဖိတ်စာတစ်စောင် ဆိုတာကို သိလိုက်ရချိန်မှာ .. ရင်သည် ..

www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်ခြင်းအတိဖြင့် ဆောက်တည်ရာမရနိုင်ပဲ ဖြစ်ကုန်ရတာ ဘာကြောင့်ပါတဲ့လဲ ..။

မျက်နှာကြီး ပျက်ခနဲဖြစ်သွားရကာ ဖိတ်စာကိုလှမ်း ယူလိုက်ရမှာကိုပင် ဝန်လေးသလိုကြီး ဖြစ်နေပါသည့် သူ့ရ အနိုင်နိုင်ပြန်၍ ဟန်ဆယ်ယူရကာ ဖိတ်စာကို လှမ်းယူလိုက်ရ ပါပြီ။

"သမီး ဆယ်တန်းအောင်တဲ့အတွက် .. လေးဘာသာဂုဏ် ထူးနဲ့အောင်တဲ့အတွက် .. ဂုဏ်ပြုပေးတဲ့ပွဲလေးပါ .. မနက် စောစောမှာတော့ .. သံဃာတော်အရှင်သူမြတ်တို့ကို အာ ဆွမ်းကပ်ပါမယ် .. နောက် .. မနက်ကိုးနာရီကနေ ညနေသုံးနာရီထိ .. သမီးအပေါင်းအသင်း သူငယ်ချင်းတွေ သမီးရဲ့ ဆရာ ဆရာမတွေ .. အန်ကယ့်မိတ်ဆွေတ တွေ .. အဲဒါကို ဖိတ်ကျွေးတဲ့သဘောပါ .. မောင်နေပြည် ကိုလဲ အန်ကယ် ဖိတ်တာပါ .."

ဟု ပြောလာတော့မှ သူ့ရင်ထဲမှအပူသည် အံ့ဩ စရာကောင်းလောက်အောင် အကြွင်းအကျန် မထင်အောင် ပျော ခနဲ ပျောက်ချေသတည်း ..။ မျက်နှာကြီး လန်းကြည်သွားရကာ ဖိတ်စာကို စိတ်လက်ပေါ့ပါးစွာပဲ ငုံ့မိုးဖတ်လိုက်မိရပါသည့်အဖြစ် သတိရလာ၍ အန်ကယ့်ကိုကြည့်လိုက်တော့ လူကြီးပီပီ အေးချမ်း စွာ ပြုံးကြည့်နေတာနှင့် ကြုံသည်။ ခုမှ .. သူ ရှက်ရမှန်းသိလာ သည်။ စောစောက ဘယ်လိုမှ ဟန်ဆောင်မရလောက်အောင် ပျက် ကျသွားပါသည့် မျက်နှာနှင့် ခုမျက်နှာက တိုတောင်းသောအချိန် ပိုင်းလေးအတွင်းမှာ လုံးဝပြောင်းလဲသွားသည်ကိုးလေ ..။ အန်ကယ်



များ ရိပ်မိနေချေပြီလားဟု အနေကျုံ့ချင်သည်။ ရှက်အမ်းအမ်း ပုံဖြင့် အန်ကယ့်ကို ကြည့်ကာ ..

"လုံမေပျိုက .. ခုမှ .. ကလေးပဲ ရှိသေးတာ .."

ဟု လွတ်ခနဲ ပြောမိပြီးသည့်နောက်မှာ ပို၍အနေ ခက်ရပြန်ပါပြီ ..။ ကလေးကို .. အိမ်ထောင်ချပေးတော့မှာတဲ့ လား .. ဟု စောစောက စိတ်မောကိုယ်မောကြီး တွေးမိသည့် ကိစ္စ ..။ ဘယ်သူကမှ ရိုက်မစစ်ရပါပဲနှင့် အလိုလို .. အလကား နေရင်း သွားပြောနေမိသည့် ကိုယ့်အဖြစ်ကိုလည်း ကိုယ်ပြန်တွေး မရချင် ..။ နားလည်းမလည်ချင်။ ဣန္ဒြေလေးမျှပင် မလုပ်နိုင် လောက်အောင် ဖြစ်နေတာကိုလည်း ရှက်ကိုးရှက်ကန်းကြီးဖြစ် ချင်နေသည်။ ဘယ့်နှယ် ..။ ပျိုလေး၏ဖေဖေ .. အန်ကယ်ဦးရန် လင်းအောင်၏ရှေ့မှာ အလိုလို သူ့ရင်ထဲက ခံစားရလေသမျှကို ဝန်ခံပြနေတာနှင့် တူနေသည်ကိုးလေ ..။

"သမီးကိုလဲ အန်ကယ် ပြောပြလိုက်ပါ့မယ် .. အန်ကယ့် .. ဖိတ်စာပေးခဲ့ပြီဆိုတဲ့ အကြောင်းကိုပေါ့ .. ဒါပေမဲ့ .. သမီး နဲ့လဲ .. ထပ်ဖိတ်ခိုင်းပါ့မယ် .. မောင်နေပြည့်စုံဆီကို ဖုန်း နဲ့ဆက်ပြီးတော့ပဲဖြစ်ဖြစ် .. ကိုယ်တိုင်လာဖိတ်လို့ပဲဖြစ်ဖြစ် ဆိုပါတော့ .. မောင်နေပြည့်စုံရဲ့ ဖုန်းနံပါတ်လေး အန်ကယ့် ကို ပေးပါလား .. သမီးကို ပေးလိုက်ရအောင်ပါ .."

ဟု ပြောတော့ .. သူ .. လိပ်စာကတ်နှစ်ခုကို ဦးရန် လင်းအောင်အား တရိုတသေ ပေးရပါ၏။ ပျိုလေးကို လိပ်စာကတ် လေး ပေးထားတာကို အန်ကယ်ဦးရန်လင်းအောင်ကို မပြောပြ သင့်ဟု တွေးမိတာမို့ မပြောဖြစ်လိုက်တော့ပါ ..။ ပျိုလေးထံမှာ

www.burmeseclassic.com

www.burmeseclassic.com



လိပ်စာကတ်ရှိတာ အန်ကယ်ဦးရန်လင်းအောင် သိလျှင် .. သူ့ ထံမှာ ဖုန်းနံပါတ်တောင်းမည်မှ မဟုတ်ချေပဲလေ ..။ ပျို့လေး ပြောပြထားပုံမရ ..။

"ကဲ .. အန်ကယ် သွားမယ် .. ခွင့်ပြုပါဦး မောင်နေပြည့် စုံ .. နောင်လဲ .. အန်ကယ့်ဆီကိုလဲ အလည်လာပါ .. စက်ရုံကိုလဲ လာလို့ရပါတယ် .. ဒါ .. အန်ကယ့်လိပ်စာ ကတ်ပါ .."

ဟု ပြောကာ ကတ်လေးပေးလာတော့လည်း သူ တရိုတသေ ယူသည်။ ဦးရန်လင်းအောင်ကို ဟိုတယ်ရှိကားပါကင် ထိုးရပ်ရာ နေရာအထိ သူ တရိုတသေ လိုက်ပို့ပါ၏။

"မောင်နေပြည့်စုံက စာရေးဆရာဆို .. မမလတ် ပြောပြ ပါတယ် .."

ဟု ကားထဲဝင်ခါနီးမှာ ဦးရန်လင်းအောင် ပြောတော့ သူ တရိုတသေ ခေါင်းညိတ်ပြရပါ၏။ နှုတ်မှလည်း ..

"ဟုတ်ကဲ့ပါ အန်ကယ် .. ညဘက်တွေကျမှပဲ စာရေးနိုင် တော့တာပါ ခင်ဗျာ .. နေ့လယ်ဘက်ကတော့ အလုပ်တွေ နဲ့ လုံးလည်လိုက်နေရတာပါ .."

ဟု ဖြေတော့ ဦးရင်လင်းအောင် ပြုံး၍ ..

"စာရေးဆရာတစ်ယောက်နဲ့ ခုလိုသိကျွမ်းရတာကို စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်နဲ့ သိကျွမ်းရတာထက် ပိုဝမ်းသာတယ်ကွယ် .. အန်ကယ့်မေမေဟာ အလွန်စာ ဖတ်တာ .. အန်ကယ်လဲ .. စာဖတ်ပါတယ် .. အန်ကယ် တို့ ငဝါမြိုင်မှာ မေမေ့စာကြည့်ခန်းတစ်ခု .. အန်ကယ်



စာကြည့်ခန်းတစ်ခုကို ရှိတာပါ .. အိမ်ရောက်တဲ့အခါ .. စာကြည့်ခန်းထဲမှာ စာအုပ်တွေ ဘာတွေ ဝင်ကြည့်ပါ .. မောင်နေပြည့်စုံရဲ့ ဝတ္ထုလေးတွေထဲကလဲ .. အန်ကယ်ဖတ် ဖို့အတွက် ... နည်းနည်းပါးပါး လက်ဆောင်ပေးစေချင် ပါတယ် .. နေပြည့်စုံရဲ့ ဝတ္ထုတချို့ အန်ကယ် ဖတ်ဖူးပါ တယ်၊ အထူးသဖြင့် .. ပုဂံသူ .. ဆိုတဲ့ ဝတ္ထုကို .. အန်ကယ် ပိုသဘောကျပါတယ် .. အဲဒီ နေပြည့်စုံဟာ .. မနေ့က .. မမလတ်တို့ တွေ့ခဲ့ကြရတဲ့ .. နေပြည့်စုံ ဆို တာကို အန်ကယ် .. ခုမှသိရတော့ .. ဘာပဲဖြစ်ဖြစ် .. စာရေးဆရာငယ်လေး တစ်ယောက်နဲ့ သိကျွမ်းခွင့်ရတဲ့ အတွက် .. အန်ကယ် ဂုဏ်ယူဝမ်းသာပါတယ် .."

ဟု ပြောကာ လက်ပြ၍ ကားကိုမောင်းထွက်သွား တော့ သူ ရင်ထဲ ကြည်နူးကျန်ခဲ့ရသည်ပါပဲ။ သူ့စာပေတွေကို အန်ကယ် နှစ်သက်သည်ဆို၍ပါ ..။

ခုမှ .. သူ .. ဟိုတယ် အလုပ်ကိစ္စတွေလည်း စိတ် သက်ပေါ့ပါးစွာ လုပ်ကိုင်နိုင်ခဲ့ရပါ၏။ ပျို့လေး အခြေအနေကောင်း နေသည်ဟု သူ နားလည်လိုက်မိရသည်ကိုးလေ ..။ ဘာကြောင့် ဆို .. ဦးရန်လင်းအောင် ကိုယ်တိုင်က သမီးအတွက် ဂုဏ်ပြုပွဲ သေးတစ်ခုကိုပင် မနက်ဖြန်မှာ ငဝါမြိုင်မှာ လုပ်ပေးတော့မည် ဟုတ်ပါလားလေ ..။ ကြီးလတ် .. အပြစ်တင်စကားတွေ မပြော စလိုက်နိုင်ဟု မှန်းဆမိရပြန်သည်။ ဟိုတယ်ကိစ္စပြီးတော့ သစ်ခွ ခြံသို့ ကားလေးဖြင့် ထွက်ခဲ့ရတော့လည်း တယ်လီဖုန်းလေး ငယ်တော့ မြည်လာမလဲဆိုတာ စိတ်လှုပ်ရှားစွာဖြင့် တမျှော်

www.burmeseclassic.com

www.burmeseclassic.com



စောင့် ရှိနေရခြင်းဖြစ်ပါ ..။ ကားမောင်းနေစဉ်မှာပင် ဖုန်းလေးကို မပိတ်နိုင် ..။ မတော် .. ပျို့လေးထံ ဖုန်းခေါ်လာလျှင် ဘယ်နှယ်လုပ်မည်လဲဆိုသည့် နောက်ကြောင်းမအေးနိုင်ဘဲ နောက်ဆံငင်နေရတာက ရင်ကို အတော်လေး အုပ်စီးနေသည့်အဖြစ် ..။

သစ်ခွမြိုင်သို့သာ ရောက်သည်။ ဖုန်းကဖြင့် မဝင်လာသေး ..။ လာလိုက်သည့်ဖုန်းတွေကလည်း တခြားကိစ္စတွေချည်း ဖြစ်နေသည်။

"ဒီကောင်မလေး .. နေကို နေစိမ့်ပါတယ် .. တကယ်ဆို မနေ့ကတည်းက .. ငါ့ဆီကို ဖုန်းဆက်ပါလား .. အခြေအနေလေးလဲ သိရတာပေါ့ .. ခုတော့ .. ငါ့မှာ .. တပူပူတပင်ပင်နဲ့ ညတောင်အိပ်မပျော်ဘူး .. မနက်လဲ စိတ်မဖြောင့်ဘူး .. ကိုယ့်မှာသာ နေမဖြောင့်ပဲ ဖြစ်နေရတာ .. သူက .. ဟိုမှာဟန်ကျလို့ .. သူ့အဖေကဖြင့် ဂုဏ်ပြုပွဲတွေဘာတွေတောင် စီမံလို့ .. ငါ့မှာဖြင့် သူ့ မျက်ရည်ကျနေပြီ .. အားငယ်နေပြီ .. သနားပါတယ် .. ဒုက္ခပါပဲ .. ဘယ်လိုလုပ်ပေးရပါ့နဲ့ .. စိတ်တွေပူနေလိုက်ရတာ .."

ဟု တညည်းညည်းညူညူဖြင့် ရှိနေရပေမယ့် မျက်စိကစားပွဲထက်မှာ တင်ထားသော ဖုန်းလေးဆီသို့သာ တဝေ့ဝေ့ရောက်နေရပါသည့်အဖြစ်။ ဖုန်းလေး မလာတကာ့ မလာပဲ ဖြစ်နေတော့ စိတ်လက်မရှည်နိုင်တော့ပဲ ကျွတ်ခနဲ စုတ်သပ်၍ ပြတင်းအနီးမှာ သွားရပ်နေမိရပြန်သည်။

"တော်တော် ဒုက္ခပေးတဲ့ ကောင်မလေး .. ညလဲ .. စိတ်သောကနဲ့ ငါ့မှာမောနေရ .. ခုလဲ .. မနက်က .. သူ့



အတွက် ပူနေရ .. သူ့အဖေရောက်လာတော့ အပူသက်သာပေမယ့် .. သူ့ဖုန်းဆက်အလာကို စောင့်နေရနဲ့ .. စိတ်ကိုမသက်သာရတော့ဘူး .. မောနေရတာချည်းပဲ အဖတ်တင်နေရတယ် .. တော်တော်ပြင်းထန်တဲ့ အမောပဲ .."

ဟု ပြောလည်း ပြောမိရ ..။ စိတ်လက်မရှည်ချင်တော့အောင်လည်း စိတ်စောနေမိရနှင့်ပါ ..။ ကောက်ကာငင်ကာကြီး ငုဝါမြိုင်သို့တိုင်အောင် လိုက်သွား၍များရလျှင် .. လိုက်သွားချင်နေသည့်ကိုက သူ့ဘာသာသူလည်း အံ့သြခြင်းဖြင့် သိနေရသည်။

"ရှူးနေပြီ .. ဟုတ်တယ် .. ရူးကုန်ပြီ .. ငါ .. ငါ .. စိတ်လဲမငြိမ် .. လူလဲမငြိမ် .. ရူးနေပြီ .. တောက် .. ဒီကောင်မလေးကို .. ငါ .. မေ့လို့ကိုမရနိုင်တာက .. တကယ့်အရူးတစ်ပိုင်းကြီးလို ဖြစ်နေပါလား .. ဒုက္ခပဲ .. သူ .. ဖုန်းဆက်ဖို့ သတ္တိရှိပါ့မလား .. မဆက်ရဲဘူး ထင်ပါရဲ့ .. သူ့အဖေက ဆက်ခိုင်းတာဆိုတော့ .. မဆက်ပဲလဲ နေရဲရှာမှာ မဟုတ်ပါဘူး .. ဆက်လာမှာပါ .."

သူ့အတွက် အရေးကြီးဆုံးကိစ္စသည် ပျို့လေးထံမှ ဆက်လာမည့် ဖုန်းကိစ္စကြီးတစ်ခုပဲ ဖြစ်နေသည်။ ဘာမှကိုလုပ်၍ ကိုင်၍ကို မရနိုင်တော့ပြန် ..။ ယောက်ယက်ခတ်နေသည်။ တော်နကြာ ဖုန်းလေးကို စိုက်ကြည့်လိုက် ..။ တော်နေကြာ လမ်းလျှောက်နေလိုက် ..။ ဖုန်းခေါ်သံကြားတိုင်း ပြေးကောက်လိုက် ..။ နားထောင်လိုက် ..။ တခြားကဆက်တာတွေချည်း ဖြစ်နေလိုက် .. စိတ်မောလိုက် ..။ မချင့်မရဲဖြစ်လိုက်နှင့် တကယ့်ကိုပဲ .. သူသည်

www.burmeseclassic.com

www.burmeseclassic.com



လုံမေပျိုဆိုသည့် ကောင်မလေးတစ်ယောက်၏ ဖမ်းစားထားခြင်းကို ခံနေရသည့် သူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာနေရချေတော့သည့်အဖြစ် ..။

သူ့ဂျီအက်စ်အမ်လေး မြည်လာတော့ ..

"ဟယ်လို .. နေပြည့်စုံပါ ခင်ဗျာ .."

ဟု မျှော်လင့်ခြင်းဖြင့် ထူးမိရပြန်သည်။ အကြိမ်ပေါင်းမည်မျှ ရှိခဲ့ပြီတဲ့လဲလေ ..။

ဖုန်းမြည်လာတိုင်း .. ထိုမျှော်လင့်ချွေတင်၍ ထူးနေမိရသည့် အကြိမ်ပေါင်း မနည်းလှတော့ပြီပဲ ..။ စိတ်ဓာတ်လက်ဓာတ်လည်း ကျချင်လာနေပြန်သည်။

"အစ်ကိုလေးလားဟင် .. ပျိုလေးပါ .."

ဟု တိုးသဲ့သော ခေါ်သံလေးကြားတော့ ရင်သည် ထိတ်ခနဲ ခုန်၏။ ရှိန်းခနဲ နွေးမြမြဖြစ်၏။ ဟုတ်သည် ..။ နွေးမြမြ ..။ ပူလောင်သော နွေးထွေးမှုမျိုးမဟုတ်။ အေးမြမြ ခံစားရစေသည့် နွေးမြမြ ..။

"ပျိုလေးလား .. ဟုတ်တယ် .. အစ်ကိုလေးပဲ .. အန်ကယ်လာသွားတယ် .. ပျိုလေး စက်ဘီးကိစ္စလျော်ဖို့ ပြောလိုက်တယ်ပေါ့ .."

ဟု ပြောတော့ ငြိမ်နေသည်။ နောက်တော့မှ ..

"ဖေဖေ ပြောပြပါတယ် အစ်ကိုလေး .. အစ်ကိုလေး ငြင်းလိုက်တာမှ အရမ်းပါပဲတဲ့ .. ပြီးတော့ .. အစ်ကိုလေးကို ဖိတ်စာလဲ ပေးခဲ့တယ်တဲ့ .. အစ်ကိုလေးဆီကို .. ဖုန်းလဲ ထပ်ဆက်လိုက်ပါတဲ့ .. လိပ်စာကတ်လေး .. ဖေဖေပေး



ရင်း ပြောတာပါ .. မနက်ဖြန် .. အစ်ကိုလေးလာနော် .. ပျိုလေးမှာ သူငယ်ချင်း ဆိုတာကလဲ .. လေး၊ ငါးယောက်လောက်ပဲရှိတာပါ .. အစ်ကိုလေး လာခဲ့နော် .. ပျိုလေးလဲ အစ်ကိုလေးကို ဖိတ်ချင်နေတာပါ .. ဖေဖေက .. ဖုန်းပါဆက်ဆိုလို့ .. ဆက်လိုက်ရတာပါ .. အစက .. မဆက်ရဲလို့ပါ အစ်ကိုလေး .."

သူ .. ရင်ထဲမကောင်းနိုင် ..။ စောစောက .. မချင့်မရဲကြီး ဖြစ်နေသမျှ .. အားလုံး ပြေသွားရသည်ပါပဲ ..။ ပျိုလေးခမျာ .. ဖုန်းမဆက်ရဲ၍ပဲလေ .. ဟု တွေးဖြစ်ရကာ .. သနားလိုက်ရပြန်သည်ပါပဲ ..။ အသံလေး တိုးနွဲ့နွဲ့ရှိလျက် .. အားငယ်နေရပါသည့် ဘဝလေးထဲက ရုန်းမထွက်တတ်သေးပဲ စွဲထင်ကျန်နေဆဲ ဆိုတာကိုလည်း သိနားလည်လိုက်မိရပြန်ပါ၏။ ဤကောင်မလေးနှင့် ပတ်သက်လာလျှင် သူသည် .. နားလည်ပေးနိုင်စွမ်းသူတစ်ယောက် ဖြစ်ချင်းမက ဖြစ်လာနေချေသည်ကော .. ဟုလည်း အလိုလို မိမိဘာသာလည်း သိနေရသည်ပါပဲ ..။

"အစ်ကိုလေးကို .. ပျိုလေး .. မနေ့က ပြောပြချင်နေတာပါ .. ဖေဖေ .. ပျိုလေးကို အရမ်းဂရုစိုက်တာတွေကိုလေ .. အစ်ကိုလေးက ပျိုလေးအတွက် စိတ်ပူနေမှာ ပျိုလေးသိနေသလိုပဲ .."

"သိနေသလိုပဲ .. ဟုတ်လား .. ဘယ်လိုပြောလိုက်တာလဲ မိပျိုလေးရဲ့ .. စိတ်ကိုပူနေတာဗျ .. သိရဲ့လား .. ညကလဲ နေမဖြောင့် .. မနက်ကျတော့လဲ .. အလုပ်ထဲ စိတ်မဝင်နိုင် ဖြစ်နေရတာ .. ကြီးလတ်များ အိမ်မှာ ကြမ်းနေရောလား

www.burmeseclassic.com

www.burmeseclassic.com



လို့လေ .. သူက .. သစ်ခွမြိုင်မှာကတည်းက တော်တော်လေး .. ပြောနေဆိုနေတာ မဟုတ်လား ..”

ဟု သူ ဝန်ခံလိုက်မိရစဉ်ခိုက် ပျိုလေးဘက်မှ အသံလေး ဟိတ်သွားသည်။

သူကလည်း ပျိုလေး ဘာများပြောလာတော့မည်လဲ ဆိုကာ စကားမဆက်ပဲ စောင့်နေမိ ..။ ပျိုလေးကလည်း ဘာမျှ ပြောမလာသေးပဲ နှစ်ယောက်သား တစ်ချက်ငြိမ်သွားရာမှ ..

“ပျိုလေး .. ဘာမှပြောစရာမရှိတော့ဘူးလား အစ်ကိုလေး ကို ..”

ဟု မေးမိတော့ တစ်ချက် ထပ်ငြိမ်သွားရာမှ ..

“ဟို .. ပျိုလေး .. အစ်ကိုလေးကို .. မနေ့က .. အရမ်း သတိရနေတာပါ .. ပြီးတော့ .. ပျိုလေးဆီမှာ .. ရှိနေတဲ့ ပစ္စည်းတစ်ခု .. အဲဒါကို .. အခန်းထဲ ထားရမှာ စိတ်ထဲ မဖြောင့်နိုင်တာမို့ .. အစ်ကိုလေးဆီ အပ်ထားချင်လို့ပါ .. အစ်ကိုလေး .. ဖွင့်မကြည့်ပါဘူးဆိုပြီး ကတိပေးနော် .. အဲလိုပြောလို့ .. အစ်ကိုလေး စိတ်မဆိုးပါနဲ့ရှင် .. အစ်ကို လေးကို မယုံလို့ မဟုတ်ပါဘူး .. ဒါပေမဲ့ .. ကတိတောင်း ထားတော့ .. အမှတ်တမဲ့ ဖွင့်ကြည့်လိုက်တာမျိုး မလုပ် တော့ပဲ ရှိမှာမို့ပါ .. ပျိုလေး သူငယ်ချင်းတွေ ဆိုတာက လဲ .. အရမ်းကြီး စိတ်မချရဲဘူးလေ .. မိန်းကလေးတွေ ဆိုတော့ .. စပ်စုစိတ်နဲ့ပဲဖြစ်ဖြစ် .. ဖွင့်ပြုကြည့်လိုက်မှာ စိုးလို့ပါ .. အိမ်မှာကျတော့လဲ .. ထားကို မထားရဲလို့ပါ .. ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် .. တနည်းနည်းနဲ့ .. ကြီးလတ်



ပဲဖြစ်ဖြစ် .. ဖေဖေပဲဖြစ်ဖြစ် .. အဲဒါကို တွေ့သွားမှာစိုး လို့ပါ ..”

ဟု ပြောလာတော့ .. သူ နားလည်လိုက်မိရသည် က ..။ ပျိုလေးသည် .. ဘယ်သူ့ကိုမှ မကြည့်စေချင် .. မသိ စေချင်သော အရာတစ်ခုကို .. သူ့ထံမှာ ယုံကြည်စွာ အပ်နှံထား ချင်နေသည်ကော .. ဆိုသည့် အဖြစ်တစ်ခုကိုပါ ..။

“ကောင်းပြီ .. အစ်ကိုလေး သိမ်းထားပေးမယ် .. မနက် ဖြန် .. အစ်ကိုလေး လာမှာပဲ .. ပျိုလေးဖေဖေက .. စာ ကြည့်ခန်းတွေ ဘာတွေ ဝင်ကြည့်ဖို့တောင် ပြောထားတာ ရှိတယ် .. ပျိုလေး အစ်ကိုလေးကို စာကြည့်ခန်းထဲလိုက် ပို့ပေးပေါ့ .. အဲဒီမှာ .. ပျိုလေး ပေးချင်တာလဲ အစ်ကို လေးကို ပေးလိုက် .. နေပါဦး .. ပေးမယ့်ပစ္စည်းက .. ကြီးနေလား .. သေးသေးလေးလား ..”

“ကတ်ထူအိတ်လေးတစ်ခုပါ အစ်ကိုလေး ..”

ဟု ဖြေတော့ သူ စိတ်အေးသွားသည် ..။ ကြီးနေ သည့်ပစ္စည်းဆိုလျှင်တော့ လူမြင်သူမြင်ဖြစ်မည်လေ ..။ အထုပ်အပိုး ငယ်လေးတစ်ခုစာလောက်ပဲ ဖြစ်စေဦးတော့ ..။ ကိုယ်ကအပြန်မှာ ကိုင်ပြုရှုသယ်ယူသွားတာ မြင်နိုင်သည် မဟုတ်ပါလားလေ ..။

“အစ်ကိုလေး .. မနက်ဖြန် တကယ်ကို လာခဲ့နော် ..”

“ဘာလဲ .. တကယ်လာစေချင်လို့လား .. ဒါမှမဟုတ် .. ပစ္စည်းအပ်ဖို့လား ..”

ဟု လှမ်းနောက်မိမလို ဖြစ်သွားရပေမယ့် .. တကယ် တမ်း မပြောရက် ..။ ကောင်မလေးက အရမ်းကို အရိုးသားလေး ..။

www.burmeseclassic.com

www.burmeseclassic.com



သူ .. တကယ်ပြောသည်ထင်ကာ .. စိတ်ထိခိုက်သွားနိုင်သည်မို့ .. မပြောရက်ချင် ..။ မပြောထွက်ချင် ..။

"နေဦး .. ပျိုလေး ဖုန်းနံပါတ်လေးလဲ ပေးပါဦး .. အစ်ကိုလေး ဆက်လို့ရအောင် .."

ဟု ပြောတော့ ပျိုလေး ဖုန်းနံပါတ်လေး ပြောပြရာမှ ..

"အဲဒါ .. ဖေဖေ့ဖုန်းပါ .. ဖေဖေက .. ပျိုလေးကိုပေးထားတာ .. မနေ့ကမှ ရတာပါ အစ်ကိုလေး .."

ဟု အစစ .. ရှင်းပြပြောပြရှာပါ၏။ သူ .. မျက်တောင်ထူထူရှည်ရှည်လေးနှင့် ကောင်မလေး၏ မျက်နှာလေးကို ငေ့ခနဲ မြင်လိုက်ရလျှက် ..

"ညကတည်းက .. အခြေအနေလေးလောက်တော့ .. ပြောရောပေါ့ ပျိုလေးရာ .. စိတ်ပူနေရတာ မသက်သာဘူးကွ"

ဟု ဖွင့်ပြောလိုက်မိရပါပြီတည်း ..။ ရင်ထဲက .. သံယောဇဉ်ဆိုတာက .. လျှို့ဝှက်စွာ မနေသာတော့သည့်နယ် .. ဝန်ခံပြီးရင်း ဝန်ခံရင်း ဖြစ်နေချေသည်ကော ပျိုလေးရယ် .. ဟု ခပ်ဖွဖွညည်းလိုက်ချင်တော့သည်ပါပဲလေ ..။

* ❤ *



## အခန်း(၁၆)

အဖြူပွင့်လေးတွေက တကယ့်နှင်းဆီပွင့်လေးများပမာ ရှိနေကြတာမို့ ပိုးဂါဝန်ဝါဝါနုနုလေးက နုနုယဉ်ယဉ်လေး လှနေတာ အမှန် ..။ ပိုးသားဖြင့် နှင်းဆီပွင့်လေးပမာ ပွင့်ခက်ဝေဝေလေးတွေဖြင့် ကပ်၍ချုပ်ထားသည့်မို့ အင်္ကျီလေးက ယဉ်သည်နှင့်အမျှ .. ကျက်သရေလည်း ရှိနေသည်ပါပဲ ..။

မှန်ထက်မှာ ထင်နေသော ပုံရိပ်လေးကို ပျိုလေး ငေးခနဲ ကြည့်မိရပါ၏။ ဩော် .. မေမေသာရှိချေလျှင် ..။ ကွယ်လွန်ကြပါလေသော ဘိုးနှင့် ဘွားသာ ရှိချေလျှင် .. ပျိုလေးကို အရိပ်တကြည့်ကြည့်ဖြင့် ရှိနေပါချေလိမ့်မည် ..။ ဂုဏ်ထူးနှင့် အောင်သည့် ပျိုလေးကို တကြွားဝင့်ဝင့် ဖြင့် ဧည့်သည်တို့အလယ်မှာ လက်လေးဆွဲ၍ ခေါ်သွားကြပါချေလိမ့်မည် ..။

ဤဝတ်စုံလေးကို မနေ့က .. မမလေးအင်ကြင်းမေကို ထပ်၍ ဝယ်စေခဲ့သည်က ဖေဖေပါ ..။ ရယ်ဒီမိတ်လေးမို့ ပျိုလေးနှင့် နည်းနည်းတော့ ချောင်နေသည်။ ဒါကိုလည်း ဒေါ်ကြီးနှင်းက ငုဝါမြိုင်မှာ စက်ဖြင့်ပြန်ချုပ်၍ ကျဉ်းပေးလိုက်တာမို့အနေ

www.burmeseclassic.com

www.burmeseclassic.com



တော်လေး ဖြစ်သွားရကာ အရမ်းကိုလှနေသည်ကတော့ အမှန် ပါ ..။

ထိုစဉ်ခိုက်အခန်းတွင်းသို့ ကြီးလတ် ဝင်လာပါ၏။ လက်ထဲမှာလည်း ပိုးသားဝတ်စုံ သုံးလေးစုံကို ဖေးကိုင်ပိုက်ရှ ၍ ပါလာစေသည့်အဖြစ် ..။

အခန်းတွင်းကို ဝေ့ဝဲ၍ ကြီးလတ် ကြည့်သည် အပြင်အဆင် အခင်းအကျင်း အရမ်းကို သစ်လွင်ကောင်းမွန်နေ တာကို ကြည့်နေရင်းမှ တစ်ချက်ပြုံး၍ ဘာ ..

"ဟောဒီမှာ .. ပျိုလေး အတွက် .. ကြီးလတ် လက်ဆော် ပေးတာ .. ကြီးလတ် ကိုယ်တိုင် သွားဝယ်တာလေ တစ်ထည်လောက် ခဏဝတ်ပြပါလား ကြီးလတ် ကြည့်ချ လို့ပါ .. ပြီးတော့မှ .. ဒီဝတ်စုံဖြူလေးကို ပြန်ဝတ်ပေ အင်း .. လှလိုက်တာ ပျိုလေးရယ် .. အဟုတ် .. ကျ သရေလဲ ရှိလိုက်တာ၊ ခုလို .. ဆိုပြန်တော့လဲ .. ယု လေးကို ပြန်မြင်နေရသလိုပါပဲ .. ပိုပြီးတော့တောင် လာနေသေးတယ် .."

ဟု ပြောလာတော့ ပျိုလေး တစ်ချက် ငိုင်ခနဲ ၏။ မေမေ့ကို မုန်းလည်းမုန်း .. နာကြည်းလည်း နာကြည်းနေ သည့် ဖေဖေသည် .. ပျိုလေးကို ဤနေ့မှာ အရမ်း ကို လှလှ လေး တွေ့စဉ်ခိုက် မေမေကို ပြန်သတိရလာချေမှာပေ့ သေ သည်။ ထိုသို့ သတိရအောင်လည်း ကြီးလတ် ကြိုးစားမှာလည် သေချာနေသည်။ ဒါကိုတော့ ပျိုလေး ကြိုတင်သိနှင့်နေသည် ပဲ ..။ ဘာကြောင့်ဆို .. ကြီးလတ်သည် .. ဘွားကိုရည်စူး၍



မှာ ဆွမ်းကျွေးတိုင်း .. မေမေ့ကို ဖေဖေ ပိုနာကြည်းအောင် အမြဲ စကားချိုလေးဖြင့် ပြောနေကျ ..။ ပျိုလေးကိုလည်း လူပုံအလယ် မှာ .. ထား၍ .. ထား၍ .. မေမေ့သမီးဆိုတာကို ရုပ်ချင်းအလွန် တူသည်ပဲ .. ဆိုသည့် စကားဖြည့်ပြောလေးဖြင့် အမြဲ ဖေဖေ လည်းကြားအောင် မိတ်ဆက်ပေးသလိုဖြင့် ပြောပြောနေကျ ..။ နှစ်စဉ် တစ်နှစ်တစ်ကြိမ် ထိုအဖြစ်ကို ပျိုလေး ရင်ဆိုင်ခဲ့ရစမြဲပေ မို့ ထုသားပေသား ကျနေသည့် အဖြစ်တစ်ခုအဖြစ် ရှိနေတာ ကြာခဲ့ပါပြီ ..။ ဤနေ့မှာတော့ .. ကြီးလတ် ထပ်၍ .. ဘယ်လို ကြိုးစားချေဦးမည် မသိ။ ပြီးတော့ .. ဘွားဆုံးသည့် ရှစ်နှစ်မြောက် ဆွမ်းကျွေးမည့်နေ့ ဆိုတာကလည်း ရက်သိပ်ကျန်တော့တာမှ မဟုတ်ချေမဲ ..။ ဤနေ့မှာလည်း ဖေဖေ့ ရင်ထဲမှာ မေမေ့အပေါ် မုန်းနေသည့် အမုန်းကို ပိုခံစားရအောင် ကြီးလတ် ကြိုးစားဦး မည်။ နောက် .. ဘွားအတွက် ရည်စူးဆွမ်းကျွေးသည့် နေ့ကျ လျှင်လည်း ကြီးလတ် ထပ်၍ကြိုးစားချေဦးမည်။ ရက်ချင်းအရမ်း ကပ်နေတာမို့ .. ဖေဖေ့ရင်ထဲမှာ အမုန်းအစိုင်အခဲကြီး ပို၍ခိုင် တည်သည်ထက် ခိုင်တည် ..။ ပို၍ပြင်းထန်သည်ထက် ပြင်းထန် ချေဦးတော့မည် ..။

ဒါပေမဲ့ .. ခက်သည်က .. ကြီးလတ်သည် .. ပျိုလေး အတွက် ဝတ်စုံလေး ကွမင် တကန်တက ယူလာလျက် ဝတ်ဆင် စေဖို့အထိ တပြုံးပြုံးဖြင့် ပြောနေတော့ ..။ မကောင်းစိတ်ဖြင့် တစ်ခုခု လုပ်ချေဦးတော့မည့် ကြီးလတ် ဟူ၍ ဘယ်နှယ်ပုံ ပြော၍ ကောင်းနိုင်ပါမည်တဲ့လဲ။ ထင်၍ကောင်းနိုင်ပါတော့မည်တဲ့ လဲလေ ..။ ဤဝတ်စုံသစ်လေးတွေ ဝယ်ပေးသည့်ကိစ္စကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့နားထဲ ပေါက်အောင် ကြီးလတ် ပြောကိုပြောမှာလည်း သေချာသည်။

ကြီးလတ်ဆိုတာ အဘယ်မျှထိ မှင်သေပိရိသည့် အမျိုးသမီးကြီးတစ်ယောက် ဖြစ်သည်ဆိုတာ .. ဘွားရဲ့စာကြည့်ခန်းထဲမှ ရခဲ့သည့် ကတ်ထူအိတ်လေးထဲမှ စာသားတွေဖြင့်ပင် လျှင် ပျိုလေး သိနေပြီးဖြစ်ပါပြီ ..။

"သွားဝတ်လိုက်ပါကွယ် .. ကြီးလတ် ကြည့်ချင်လို့ .. ပြီးတော့ .. ဒီဝတ်စုံလေးတွေကို .. ကြီးလတ်ပဲ .. ပျိုလေးရဲ့ဗီရိုထဲ ထည့်ပေးမယ်လေ .."

ဟု ပြောလာတော့ ပျိုလေး ရင်ထဲ ထင့်ခနဲ ဖြစ်ရပါပြီ ..။

"ဗီရိုသော့ ဖွင့်ပေးရတော့မှာပါလား .. ပျိုလေး အဝတ်ထဲ နေ့တုန်း .. ကြီးလတ် ဗီရိုကိုမွှေမှာတော့ သေချာတယ် .. မတော်တဆ ဟိုကတ်ထူအိတ်လေးကို အံဆွဲအပေါ်သို့ သားနေရာမှာ ငါ ကပ်ထားတာ လက်နဲ့များထိလို့ သိသွားရင် ဘယ့်နှယ်လုပ်မလဲ .."

ရင်ထဲ အထင့်ကြီး ထင့်ရ ..။ သောကဖြစ်ရပြန် ပျိုလေး ငိုင်ကျသွားရပါပြီ ..။ ဒါကြောင့်လည်း .. ကတ်ထူအိတ်လေးကို ကြာရှည်လက်ထဲမှာ မထားချင်ရခြင်းပါ ..။ ခုလို .. ဗီရိုသော့ဖွင့်ခိုင်းသည့် နည်းမျိုးဖြင့် ကြီးလတ် အကြိမ်ကြိမ် လုပ်လာနိုင်သည် မဟုတ်ပါလား ..။ ပျိုလေး ငြင်းပြန်လျှင်လည်း မပြီး မသက်မှာမို့ စိတ်လေးလေးဖြင့် ပျိုလေးဗီရိုသော့လေးကို မှန်တင်ခုံအံဆွဲထဲမှ ထုတ်ယူကာ ဗီရိုကို ဖွင့်ပေးလိုက်ရပါပြီ ..။



ကြီးလတ် ပိုးဂါဝန်ရှည်သုံးစုံကို အထပ်လိုက်ကိုင်သည်။ မိုးပြာရောင်လေးကို ကမ်းပေးသည်။ ပြုံး၍ ..

"ဝတ်ကြည့်ပါဦး .."

ဟု ဇွတ်ကြီးခိုင်းနေ်တော့ အားလုံး အသင့်ဝတ်ဆင်ထားပြီးဖြစ်ပါသည့် အဖြူရောင်ဂါဝန်ရှည်လေးကို ပြန်လဲ ..။ ကြီးလတ်ရဲ့ ဝတ်စုံပြာလေးကို ပြန်ဝတ်ဖြင့် ရေချိုးခန်းလေးထဲဝင်၍ အဝတ်အစား လဲရမည့်သဘော ဖြစ်နေသည်။ ပျိုလေး စိတ်လေးလေးဖြင့် ဗီရိုတစ်လုံးလုံးကို ကြီးလတ် လက်ထဲ ဝကွက်အပ်ခဲ့ရသည့် အဖြစ်မျိုးကြီးကို ချန်ထားခဲ့ရလျက် ရေချိုးခန်းတံခါးလေးကိုဖွင့်ကာ အတွင်းသို့ ဝင်ရပါ၏။ စိတ်မချသည်မို့ အခန်းတံခါးရွက်လေး မသိမသာဟ၍ ချောင်းကြည့်တော့ ဗီရိုထဲသို့ အင်္ကျီလေးတွေကို သေသေသပ်သပ် ထည့်နေတာကို မြင်ရသည်။ နောက်တော့ ထင်သည့်အတိုင်းပါပဲလေ ..။ အင်္ကျီထပ်ငွေကြားထဲ လက်လျှို၍ ဟိုဟိုသည်သည် စမ်းသည်။ ဗီရိုရဲ့အလယ်ဆင့်နေရာမှာရှိသည့် အံဆွဲကိုဖွင့်၍ ကြည့်သည်။ ရတနာဘူးပြားတွေကို ဖွင့်ကြည့်သည်။ ထိုရတနာဘူးတွေထဲမှာ ဖေဖေ ထပ်ပေးထားသည့် ပတ္တမြားတစ်ဆင်စာလည်း ရှိနေပါ၏။ အကြည့်သည် ခပ်လောလောနိုင်၏။ လက်က အံဆွဲထဲမှ ဘူးတွေကို ခပ်သုတ်သုတ်ဆွဲလိုက် ..။ ဖွင့်ကြည့်လိုက်ဖြင့် ရှိနေသည်ကလည်း ၊ ကသုတ်ကရက်နိုင်နေသည်။ မျက်ဝန်းများက ရတနာဘူးတွေထဲမှ လက်ဝတ်လက်စားများကို ငေးစိုက်ကြည့်နေရင်း လက်တောက်လာ၏။ အံခဲထားတာကလည်း မလိုတမာနိုင်လွန်းနေသည့်အတွင်းမနောကို ကိုယ်စားပြုနေသည့်နှယ် ရှိပါချေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပျိုလေးဆက်၍ မရပ်နေနိုင် ..။ ဘာပဲဖြစ်ဖြစ်
အမြန်ဆုံးပြန်ထွက်သင့်နေပြီဆိုတာ ဦးနှောက်က သတိပေးနေ
ကြီးလတ် ပိုးဂါဝန်ပြာလေးကို မဝတ်တော့ပဲ
ထွက်လာလိုက်စဉ်ခိုက်မှာ ကြီးလတ်သည် ရတနာဘူးပြား
တစ်ခုကို ကမန်းကတန်း ပြန်ချလိုက်ရချိန်ပဲ ဖြစ်ပါ၏။

"ဒီဂါဝန်ရှည်လေးက ချွတ်ရတာခက်နေလို့ .. ပျို
နောက်မှပဲ ဝတ်တော့မယ်နော် .."

ဟု ပြောတော့ ကြီးလတ် ရတနာဘူးပြားကိုချ
သောလက်ကို မျက်နှာပျက်ပျက်ဖြင့် ပြန်ရပ်သည်။ ထိုစဉ်
ပျိုလေး သိလိုက်ရသည်က ကြီးလတ်၏ လက်ဖမိုးသည် တ
ကို ထိခတ်မိသွားချေပြီဟု ..။ ဟုတ်သည် ..။ ကတ်ထူအိတ်
ကို ကပ်ထားသည့်ကိစ္စ .. ကြီးလတ်၏ လက်ဖမိုးကဖြင့် ထိ
ခတ်ခတ် ပွတ်တိုက်မိသွားချေပြီထင့် ..။

ကြီးလတ် ချက်ချင်း ခေါင်းကိုငိုက်ချကာ အံဆွဲအ
ဘက် ဗီရိုခင်းသစ်သားနေရာကို ကြည့်နေစဉ်ခိုက် ပျိုလေးခြေ
သွက်သွက်ဖြင့် လျှောက်သွားလိုက်ရပါပြီတည်း ..။ မတတ်နိုင်
ဘယ်တုန်းကမှ ကြီးလတ်ကို ပေါ်တင်ကြီး ခုလို .. မလုပ်ခဲ့
မယ့် ..။ ခုကိစ္စက .. ကတ်ထူအိတ်လေး ကြီးလတ် လက်ထဲအ
မခံနိုင်သည့်ကိစ္စပေမို့ ..။ ခွတ်ကြီးပဲ ဗီရိုအံဆွဲနေရာလေးကို
ကိုယ်လေးနှင့် တွန်းပစ်လိုက်ရပါသည့်အဖြစ် ..။ ဗီရိုအံဆွဲ
လည်း ကိုယ်နှင့်တွန်းတိုက်၍ နေသားတကျ နေရာလေး
ရောက် ..။ ပျိုလေးလဲ တံခါးရွက်ကိုပိတ်၍ သော့ခတ်ပစ်
တာက ဆက်တိုက်ကြီး ဖြစ်သွားရပါပြီ .."



"အထဲမှာ ဘာလဲ ပျိုလေး .."

ဟု မျက်နှာကြီးတည်လျက် ခပ်တင်းတင်းကြီး သူ
များကိစ္စ ပေါ်တင်မေးလာတော့ ပျိုလေး ခေါင်းလေးယမ်းပစ်
လိုက်ကာ ..

"ဘာမှမဟုတ်ပါဘူး ကြီးလတ် .. ပျိုလေး ကဗျာလေးတွေ
စပ်စပ်ထားတာလေးတွေပါ .. ဖေဖေ သိရင် ဆူမှာစိုးလို့
ကတ်ထူအိတ်လေးနဲ့ .. ထည့်ဖွက်ထားရတာပါ .. ဖေဖေ့
ကို ပြန်မပြောပြနဲ့နော် .."

ဟု ခပ်ယယလေး ပြောလိုက်တော့ ဇဝေဇဝါဖြင့်
ကြီးလတ် တစ်ချက်ငြိမ်သည်။ နောက်တော့ ပြုံးကာ ..

"ကြီးလတ် ဖတ်ကြည့်မယ်လေ .. မောင်ရန်လင်းကိုတော့
မပြောပါဘူး စိတ်ချ .."

ဟု ပြောလာစဉ်ခိုက် ဖေဖေ အခန်းတွင်း ဝင်လာ
တာမို့ ကိုယ်ရှိန်ပြန်သတ်လိုက်သည်က ကြီးလတ်ပါ ..။

"သမီး အဝတ်အစား လဲထားပြီးပြီကိုး .. နေစမ်းပါဦး ..
ဘာလို့ လက်ဝတ်ရတနာတွေကို မဝတ်ထားရတာတုံလဲ ..
ပြန်ဝတ် .. ကဲ .. ဗီရိုဖွင့် .. ဖေဖေ ရွေးပေးမယ် .."

ဟု ပြောစဉ်ခိုက် ပျိုလေး စိတ်မောကိုယ်မောဖြစ်
သွားရပါပြီတည်း ..။ ဘုရားရေ ..။ ကြီးလတ်များ အခွင့်ကောင်း
ယူသည်ပဲဟု သဘောပိုက်ကာ ထိုကတ်ထူအိတ်လေးကို ဖွက်ထား
သည့်နေရာမှယူ၍ ဖေဖေ့ကို ပြလိုက်လျှင် ဒုက္ခ ..။ မမလေးအင်
ကြင်းမေ၏ မျက်နှာနုနုလေးက သနားစရာ ပေါ်လာရပါသည့်
အဖြစ် ..။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရန်လေးရေ .. မမလတ် .. ပျိုလေးအတွက် ဂါ
လေးတွေ ဝယ်လာသေးတယ် .. ပြလိုက် ပျိုလေး ..
လိုက် .."

ဟု ပြုံး၍ပြောတာမို့ ပျိုလေး ဗီရိုထဲမှထုတ်၍ လိုက်တော့ ဖေဖေ ပြုံး၍ကြည့်သည်။

"အတော်လုတာပဲ .. ကြီးလတ်ကို ကျေးဇူးတင်ကြော ပြောပြီးပြီလား သမီး"

ဟု မေးတော့မှ .. ကတ်ထူအိတ်လေးအတွက် ကပ်ပူမန်နေရတာမို့ တကယ့်ကိုပဲ ကျေးဇူးတင်စကားလေးသော် မပြောရသေးတာကို ခုမှပျိုလေးလည်း သတိရလာသည်။

"ပျိုလေး ပြောမလို့ပါ ဖေဖေ .. ဖေဖေ ရောက်လာ ပါ .. ကျေးဇူးတင်ပါတယ် ကြီးလတ် .."

ဟု ပြောတော့ ကြီးလတ် ရယ်နေသည်ပါပဲ ..

အံဆွဲထဲမှ ရတနာဘူးပြားလေးတွေကို ပျိုလေးထ ပေးတော့ ဖေဖေ နီလာထည်လေးတွေကို ရွေးချယ်ပေးသည် ဝတ်ဆင်ပြီးသည်အထိလည်း စောင့်ကြည့်သည်။

"ဂါဝန်ဖြူလေးဆိုတော့ .. နီလာလေးနဲ့ ထင်းနေမှာ ကဲ .. အောက်ဆင်းကြရအောင် သမီး .. မကြာခင် .. သည်တွေ ရောက်လာတော့မှာ .."

ဟု ပြောတာမို့ ပျိုလေး ကြီးလတ်ကို ကြည့်သ ပြီးတော့ကျတော့ .. အလှကိုင်အိတ်လေးထဲ ဗီရိုသော့လေ ထည့်လိုက်ပြီး ဖေဖေနှင့်အတူ ထွက်ခဲ့တော့ ကြီးလတ် မျက် ကွက်ခနဲ ပျက်သွားသည်။ ကြီးလတ် မျှော်လင့်ထားပုံရသည်က



မှန်တင်ခုံအံဆွဲလေးထဲ ထည့်ချန်ထားခဲ့ချေမည်ဟု ..။ ခုကျ တော့ .. နောက်မှတွတ္တလိုက်လာသည်က ကြီးလတ်ပါ။ အောက် ခန်းမှာကတော့ မနေ့ညနေကတည်းက ပြင်ဆင်ထားပြီး ဖြစ်ပါ သည့် စားပွဲဝိုင်းကြီးတွေက ညှို့ခန်းပြည့် ရှိနေပါချေ၏။

ပျိုလေး၏သူငယ်ချင်းတွေလည်း မရောက်လာကြ သေး ..။ ပျိုလေး ဖိတ်သည်ကလည်း အရမ်းကိုရင်းနှီးသည့် ကြွယ်ကြွယ်၊ မိုးပြာနှင့် ချယ်ရီတို့သုံးယောက်ပဲ ရှိပါသည်။ ကြီးလတ် ခြံထဲမျက်နှာမကောင်းပဲ ဆင်းသွားတော့ ဖေဖေ အကဲ ခတ်သလို ပျိုလေးကို ကြည့်သည်။

"သမီး တစ်ခုခု .. ကြီးလတ်ကို ပြောမိလိုက်တာရှိသလား .. သူ ဝယ်ပေးတာ မဝတ်တာတို့ ဘာတို့ ဆိုပါတော့ .."

ဟု မေးလာတော့ ပျိုလေး ဖေဖေ့ကို မော့ကြည့် ရသည် ..

"ဖေဖေ ဝယ်ပေးတဲ့ ဒီဝတ်စုံလေးကိုပဲ ပျိုလေး ဝတ်ချင် တာပါ .. ကြီးလတ်က .. မိုးပြာရောင်လေးကို ဝတ်ကြည့် ပါလို့ ပြောတာတော့ ရှိပါတယ် ဖေဖေ .."

ဟု ဖြေတော့ ဖေဖေ ပြုံးကာ ..

"ဒါဆိုလဲ .. အဲဒါလေးပဲ သွားဝတ်လိုက်သမီး .. သူက ဝတ်စေချင်လို့ ပြောတာပဲလေ .. ဖေဖေ ဝယ်ပေးတာလဲ .. ခုဝတ်ထားပြီပဲ .. သွားပြန်လဲဝတ်လိုက် .. သမီးအတွက် ဝယ်လာပေးတာပဲလေ .. ခုလို .. မဝတ်တော့ မီမလတ် စိတ်မကောင်း ဖြစ်မှာပေါ့ .. အင်း .. ဘာပဲဖြစ်ဖြစ် ဘာကြောင့်ပဲဖြစ်ဖြစ် .. သမီးအပေါ်မှာ .. ခုလို .. ရ

www.burmeseclassic.com

www.burmeseclassic.com



တစိုက် မမလတ် ရှိလာတာကိုတော့ ဖေဖေ ဝမ်းသာပါ တယ် ..”

ဟု ပြောတာမို့ ပျိုလေး အပေါ်ထပ်ပြန်တက်ရ .. အဝတ်လေး ပြန်လဲလိုက်ရနှင့် ရှိသွားရပြန်သည့်အဖြစ် ..။ တစ် လက်စတည်း ကတ်ထူအိတ်လေးကို ပြန်ထုတ် ..။ လက်ကိုင်အိတ် ထဲ ခေါက်သားတကျခေါက်၍ သေသေသပ်သပ်လေး ထည့်နှင့် ရှိသွားရသည့်နောက်မှာ ပျိုလေး ဗီရိုသော့ပြန်ပိတ်ဆင်းလာခဲ့ရ သည့်အဖြစ် ..။ အောက်ပြန်ရောက်တော့ ဖေဖေ့မိတ်ဆွေတွေပင် ရောက်နေကြပြီ ..။

ပျိုလေးကို ပခုံးလေးဖက်၍ ဖေဖေ ခေါ်သွားသည်က ဖေဖေ့မိတ်ဆွေများဆီသို့ပါ။

“ဒါပဲဗျ .. ကျွန်တော့်သမီး လုံမေပျို ဆိုတာ .. ဥပဒေ တက်မယ်တဲ့လေ .. သူ ဝါသနာပါတဲ့ပညာကိုပဲ ကျွန်တော် ကလဲ သင်ပေးချင်တယ်လေ ..”

“ဒါဆို .. ရှေ့နေကြီး လုပ်တော့မယ်ပေါ့ ..”

ဟု ဖေဖေ့သူငယ်ချင်း အန်ကယ်ကြီး ပြုံး၍မေးပြီး

“သမီးချော့ပဲဗျ ..”

ဟု ပြောတော့ ဖေဖေ ပြုံးနေသည်။

“ကြက်ခေါက်ဆွဲကြော် ..။ ကြက်အူချောင်းကြော် မုန့်ဟင်းခါး ..။ ကြက်သားပလာတာ ..။ ကြက်ထမင်းကြော် အာလူးကတ်တလိတ် ..။ ကြက်ဥပေါင်မုန့်ကြော် ..။ ကြာဆံကြော် ဒန်ပေါက် ..။ အုန်းထမင်း ..။ ကြက်သားဟင်း ..။ အားလုံးသည် ဘူဖေးစနစ်ဖြင့် ကြိုက်ရာကို ကြိုက်သလောက် ယူစားနိုင်အော



ဖေ စီစဉ်ထားသည့်အဖြစ် ..။ ကြက်ဥဟာတ်ဖရိုင်ကြော်နှင့် ပေါင်မုန့်လည်းရှိသည်။ ကော်ဖီနှင့်လက်ဖက်ရည် ..။ သစ်သီးဖျော် ရည် ..။ ကြိုက်ရာယူသောက်နိုင်သည် ..။ အားလုံး သေသေသပ် သပ်နှင့် ရှိနေပါသည့်အဖြစ် ..။

တချို့လည်း စားသောက်နေကြပြီ ..။ တချို့ကျတော့ လည်း အေးအေးဆေးဆေး ထိုင်လျက် စကားစမြည်ပြောနေကြ သဲ ..။ ဖျော်ရည်လောက်ပဲ သောက်နေကြသေးသည့်အဖြစ် ..။ ထားသည်က .. ဖေဖေ့မိတ်ဆွေ စီးပွားရေးလောကမှ ဖြစ်ကြပါ၏။

ဘဘသော်တို့ လေးလေးကျော်တို့ကလည်း ညွှ ည်ကြိုရသည့်အလုပ်ကို တပြုံးပြုံးဖြင့် လုပ်နေကြပါ၏။ မမလေး အင်ကြင်းမေကတော့ လေးလေးကျော်တို့နှင့်အတူ ရှိနေသည်။ ဝတ်ထားသည်က ပျိုလေးနှင့်တူသော မိုးပြာရောင်ပိုးဂါဝန်ရှည် လေးပါပဲ ..။ မမလေးအင်ကြင်းမေ ပျိုလေးကိုမြင်တော့ ပြုံး၍ လျှောက်လာကာ ..

“မမလေး လာမလို့ပဲ .. မေမေက သူ သွားမယ်ဆိုပြီး ပျိုလေးဆီ သွားလိုက်တာ .. ဘာပဲဖြစ်ဖြစ် .. ခုလို .. ပျိုလေးအတွက် မေမေ အဝတ်အစားလေးတွေ ဝယ်လာ တော့ မမလေး အင်ကြင်း ပျော်ပါတယ်”

ဟု ကြည်နူးပြုံးလေးဖြင့် ပြောရှာပါ၏။ ကြီးလတ် ဝယ်လာသည့် မိုးပြာရောင်ဝတ်စုံလေးကို ပျိုလေး ဝတ်ထားတာမို့ လည်း ပို၍ဝမ်းသာနေပုံရသည်။ အမေလုပ်သူနှင့် ပျိုလေးတို့ ဖြည်းဖြည်း ပို၍အဆင်တပြေ ရှိသွားလိမ့်မည်ဟု မျှော်လင့်ထား သည်း ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ကြွယ်တို့အုပ်စု ရောက်လာတာမို့ ပျိုလေးနှင့် အင်ကြင်းမေတို့ ရောက်သွားရပြန်သည်။

"ဟယ် .. သားနားနေလိုက်တာဟယ် .. နေ .. နေ .. စားစရာတွေ ထည့်ခပ်ပြီး .. ခြံထဲက သစ်ရိပ်မှာ စိတ်ရှိလက်ရှိ .. ဘယ်သူမြင်မှာမှ မကြောက်ရတော့ပဲ .. လွတ်လပ်စွာ .. ပါးလုတ်ပါးလောင်း စားကြရအောင် .."

ကြွယ်ကြွယ် ဆိုတာ .. ပျော်ပျော်နေတတ်တာမို့ တကယ့်ကိုပဲ ပန်းကန်ပြားနှင့် ဇွန်းခက်ရင်းကို စီထပ်ထားရာမှ သွားယူကာ ကြိုက်ရာလေးတွေထည့်၍ ခြံထဲဆင်းတာမို့ .. မိုးပြာနှင့် ချယ်ရီလည်း လိုက်ဆင်းသွားကြပါသည့်အဖြစ် ..။ ပျိုလေးရယ်မောရင်း လိုက်သွားရပါပြီ ..။ လူကြီးဝိုင်းမှာ စကားပြောနေသည့် ဖေဖေကလည်း ခေါင်းလှမ်းညိတ်ပြသည်။ သူငယ်ချင်းတွေနှင့် တူတူနေ .. ဆိုသည့်သဘော ..။

"ဟယ် .. နင့်အိမ်ကို အလည်မခေါ်တာတော့ .. ဆိုးတယ်ဟာ .. နင် ဒီလောက်ချမ်းသာတာကို ငါတို့ကိုပြောတောင် မပြောပြဘူး .. လာတော့လဲ .. လေးလေးကျော် ပို့ပေးတဲ့ .. မာဇဒါလေးနဲ့ပဲ ကျောင်းတက်တက်နေတာကိုး .. လက်ဝတ်လက်စားလဲ ဘာမှဝတ်တာ မဟုတ်ဘူး .. နင့်နေရာ ငါရှိလို့ကတော့ .. ဒီလက်ချောင်းတွေနဲ့တောင် အားမရလို့ .. ဒီကောင်တွေဆီက လက်ချောင်းတွေ ငှားငှားပြီး ဝတ်ပစ်မှာ အသေအချာပဲ .."

"ဟော့ .. အငှားအရမ်း ဝါသနာပါဘူးနော် .. နင်ကြွားဖို့အတွက် .. ငါက .. လက်မပြည့်မစုံနဲ့ နေပေးရမယ် ဟုတ်



လား .. ဆောရီးပဲ .. ငါ့ဆီက ခဲဖျက်ငှားတာတောင် ပြန်မပေးတဲ့ကောင် .. ဘောလ်ပင်လဲ အိမ်မှာမေ့ချန်ပစ်ခဲ့ပြီး .. ငါ့ဆီက .. ဘောလ်ပင်ချည်း ငှားငှားရေးနေတဲ့ကောင် .. ငါ့မှာ ဘောလ်ပင် အကောင်းစားတောင် မဝယ်ရဲတော့ဘူး .. နင် ယူလွန်းလို့ .."

"အေးလေ .. ငါ့ဆီက ခဏဆိုပြီး ယူထားတဲ့ ပေတံလဲ .. အမေ့ခံပြီး ပြောင်ပြောင်တင်းတင်း .. သူ့ဥစ္စာလိုလုပ်ပြီးတော့ .. နေ့တိုင်း သုံးနေတာပဲ .. တော်နေကြာ ပေတံမေ့လာလို့ .. တော်နေကြာ .. ခဲတံမေ့ခဲ့လို့ .. ချွန်စက်ပါမလာလို့ .. ကွန်ပါမေ့ခဲ့လို့ .. မုန့်ဖိုးယူဖို့ ကျန်ခဲ့လို့ .. ဘာလို့ .. ညာလို့နဲ့ .. ငါတို့ဘတ်ဂျက် ပွန်းပဲ့ရပေါင်းများခဲ့ပြီ .. ခုဥစ္စာတော့ .. ဆောရီးပဲ .."

မိုးပြာနှင့် ချယ်ရီတို့ ဝိုင်းပြောကြတော့ ကြွယ်ကြွယ်ရယ်နေသည်။ ကြက်ခေါက်ဆွဲကြော်ထဲမှာ ပါလာသည့် ကြက်ဥပြုတ်ဝါဝါတွေက သွားမှာကပ်နေသည်။

"ဟိုဘက်လှည့်စားဟာ .. ဒါမှမဟုတ်ရင်လဲ .. မရယ်နဲ့ .. နင့်သွားတွေ မြင်ရတာ .. အစားအသောက် ပျက်လွန်းလို့ပါ"

မိုးပြာ မျက်မှောင်ကုတ်၍ ပြောတော့ ကြွယ်ကြွယ် လျှာဖြင့် သွားတွေရှေ့မှ ပွတ်သုတ်သိမ်းနေပြန်သည်။

"ပိုဆိုးလာပြီနော် .. ကြည့်ရတာ မကောင်းဘူး .. ဒါကြောင့် ခြံထဲဆင်းစားတာပဲ ကောင်းတယ်ဆိုပြီး ငါတို့ပါလိုက်လာတာ .. မိကြွယ်နော် .. အစားအသောက်ကို .. ညစ်ပတ်ပတ်မစားနဲ့ဟာ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ .. ကြာကြာနေမယ့်သူကို .. ရှက်အောင်မပြောချင်စမ်းပါနဲ့ .. ဒါတွေစားပြီးရင် .. ခဏနားမယ် .. ပြီးရင် .. မုန့်ဟင်းခါးကို အကြော်နဲ့စားမယ် .. အစီအစဉ် .. အစီအစဉ် .."

ဟု အစီအစဉ်ကို ကြေညာလျက် ကြက်အူချောင်းကြော်ကို ပေါင်မုန့်ကြက်ဥကြော်ထဲညှပ်၍ စားနေပြန်သည်။ ပန်းကန်ထဲမှာ ကြက်ဥပဇာတ်ဖရိုင်လဲ ပါသည်။ ပေါင်မုန့်လည်းပါသည်။ ခေါက်ဆွဲကြော်လည်း ပါသည်။ အာလူးကတ်တလိတ်လည်း ပါသည်။ ကြာဆံကြော်လည်း ပါသည်။ တစ်ခုနည်းနည်း တစ်ခုနည်းနည်းနှင့် အမယ်စုံအောင် သယ်လာသည့် ကြွယ်ကြွယ်ပါ။

"ငါကလဲ .. လက်ချောင်းငှားမယ်ဆိုတာ စကားအဖြစ်ပြောတာပါ .. ဘယ် .. တကယ်ရတဲ့ဥစ္စာမှ မဟုတ်တာ .."

"ဟော့ .. တကယ်ရလဲ .. မပေးပါဘူး .. ဒီမယ် .. တက္ကသိုလ်တက်ချိန်မှာတော့ .. နင် ဘာမေ့ခဲ့မေ့ခဲ့ .. ငါတို့ဆီက ရမယ်မထင်နဲ့ .. မုန့်ဖိုးမေ့ခဲ့တဲ့ အကျင့်ကို ထိပ်ဆုံးက ဖျောက်ပါ .. ငါတို့ကတော့ .. အငတ်ထားမှာနော် .."

"မပူပါဘူးနော် .. ပျိုလေး ရှိတာ တစ်ခုနဲ့တင် ဘာမေ့မေ့ ရတဲ့သဘောကို ဆောင်နေပြီ .. ဒီကောင် .. ဒီလောက်ချမ်းသာနေတာ ခုမှသိရတာ ငါ မချင့်မရဲ အဖြစ်ဆုံးပဲ .. မုန့်ဖိုးဘယ်တော့မှ ငါယူမလာတော့ဘူး .. ပျိုလေးပဲ ငါ့ဘေးမှာရှိနေဖို့ပဲ အရေးကြီးတယ် .. တကယ့်ကိုပဲ ပျိုလေးရာ .. နင် တကယ့်ကို ပိပိရိရိနေတာကိုး .. ဟော့ .. ငါတို့ ကျောင်းဆင်း ကျောင်းတက် .. ဒီကောင့်ကားနဲ့



တက်မယ်လို့ ဆုံးဖြတ်လိုက်ကြရင် မကောင်းဘူးလား .. ပရာဒိုလောက်နဲ့ဆိုရင် ဖြစ်တယ် မဟုတ်လား .."

"တော်တော်မျက်နှာပြောင်တဲ့ ညှော်သည်ပဲ .. စားတာကျတော့လဲ .. ပန်ကန်မျက်နှာပြင်ကို ရှင်းလင်းပီပြင်စွာမြင်ရတဲ့အဆင့် ရောက်နေပြီ .. ငါတို့ ပန်းကန်က ဘာမှမကုန်သေးဘူး .. သူက တက်တက်ပြောင်နေပြီ .. စားတာကျတော့ မြန်ပါ့ .. သူများကားစီးဖို့ကျတော့လဲ .. ကားကအစ ရွေးချယ်ပြီးနေပြီ .."

ကြွယ်ကြွယ့်ကို မိုးမြာ ခေါင်းလေးယမ်း၍ ပြောနေတော့လည်း ရယ်နေသည်ဝါပဲ ..။ ပျိုလေး ပြုံးနေရပါ၏။ ပျိုလေးကို ချမ်းသာသမျှ ဘိုဝှက်ထားသူဟု ဝိုင်းဝန်းပြောနေကြပေမယ့် .. ပျိုလေး ရှင်းမပြနေတော့ပါ ..။ အတန်းတဲမှာ ခပ်အေးအေးနေတတ်သည့် ပျိုလေးကို အေးတာလေးကြောင့်ရော .. ဖြူစင်တာကြောင့်ရော .. ဝိုင်းချစ်ကြတာ ပျိုလေး သိပါသည်။ အထူးသဖြင့် မုန့်ဖိုးလေးပင် ပါသည့်ရက်မှ ပါတတ်ပါသည့် ပျိုလေးဆိုတာ ခုနလည်း ကျောင်းမုန့်ဆိုင်မှာ သိပ်မဝယ်စားဖြစ်ခဲ့ ..။ ဤသူငယ်ချင်းတွေက ဝယ်ဝယ်ကျွေးကြသည်ချည်း။ မစား၍လည်းမရ ..။ နှတ်ကျွေးကြသည် ..။ အိမ်က အပြင်စာ သိပ်မပေးစားစေချင်၍ပါ .. ဟု မုန့်ဖိုးမရသည့်ကိစ္စကို ကြည့်ကောင်းအောင် ပျိုလေးသာခဲ့ရသည် မဟုတ်ပါလားလေ ..။ ဩော် .. ဟိုစဉ်တုန်းက ပျိုလေးကို မုန့်ဝယ်ဝယ်ကျွေးကြပါသည့် သူငယ်ချင်းတွေ ..။ ခုကျတော့ .. ပျိုလေးကို အိမ်နေကုပ်သူလေးအဖြစ် အထင်တကြီးနှင့်ပင် ရှိနေကြပြန်သေးသည့်အဖြစ် ..။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ခိုက် ခြံတွင်းသို့ ကားတစ်စီး ဝင်လာသည်မို့ လှမ်းကြည့်မိတော့ အစ်ကိုလေး နေပြည့်စုံ၏ ကားလေးဖြစ်နေပါ၏။ ကားပေါ်မှ အစ်ကိုလေး ဆင်းလိုက်တာ မြင်သည်မို့ ထရပ်လိုက်ကာ ..

"ဟိုမှာ .. အစ်ကိုလေးလာနေဘယ် .. ငါ သွားလိုက်ဦးမယ်"

ဟု ပြောတော့ ထုံးစံအတိုင်း ကြွယ်ကြွယ် မျက်လုံးကိုပြူးပြဲ၍ ကြည့်သည်။ မျက်မှန်တပ်ထားပေမယ့် ဘယ်တော့မှ အဝေးမြင်ကိစ္စ .. မျက်မှန်ကို အားမရနိုင်ပဲ တစ်ခါတစ်ခါ မျက်မှန်ကိုပွတ်သုတ်၍ပင် ကြည့်တတ်သည့် အကျင့်အတိုင်း ..။ ခုလည်း ကသုတ်ကရက် မျက်မှန်ကိုချွတ်၍ လက်ကိုင်ပဝါဖြင့် ပွတ်သုတ်ရ ..။ ပြန်ကြည့်ရနှင့် ဖြစ်နေပြီ ..။

"ဟ .. ဘာတဲ့ .. အစ်ကိုလေး .. ဟုတ်လား .. အမယ် .. အချောစားကြီးပါလား .. နက်ပြာရောင် အနောက်တိုင်းဝတ်စုံကြီးနဲ့ သန့်ခန့်နေတာပဲဟ .. ငါတို့ကို .. ဒီအစ်ကိုလေးအကြောင်း မပြောပြသေးဘူးနော် .. ကောင်မလေး မိပျို .. ဘာကြောင့် ဒါကိုချန်ထားရတာလဲ .. ဒီမယ် .. ချမ်းသာတာကိုလဲ ထိန်ချန်ထားတယ် .. အစ်ကိုလေးဆိုတာကိုလဲ .. ထိမ်ချန်ထားတယ် .. နင် .. ထိမ်ချန်မှုနဲ့ အရေးယူခံရကိန်းနီးနေပြီနော် .."

ဥပဒေပင် မသင်ရသေး ..။ စကားက ကျယ်နေပြီ..။ ကြွယ်ကြွယ့်ကို ပျိုလေး ပြုံးပြကာ ..

"နောက်မှ ရှင်းပြမယ်ဟယ်.. နေခဲ့ကြနော် .. ငါ .. အရေးကြီးလို့ .."



"ဟေ့ .. ငါတို့ထက် အရေးကြီးနေတဲ့ စာရင်းထဲက ပုဂ္ဂိုလ်ကြီးကို .. ငါတို့က လက်လွှတ်ခံမယ်များ မှတ်နေလား .. မရဘူး .. ငါတို့လဲ လိုက်လေ့လာကြမှ ဖြစ်မှာ.."

ကြွယ်ကြွယ် ထရပ်တော့ မိုးပြာနှင့် ချယ်ရီတို့ ဝိုင်းဆွဲထားကြသည်မို့ တော်သေးသည့်အဖြစ်။

"နင်စားသောက်ပြီးတိုင်း အဲဒီကို လိုက်သွားလို့ ရမလား .. ငါတို့ပန်းကန်ကို .. ဒီမြက်ခင်းပြင်ပေါ်မှာ ဒီတိုင်းချန်ထားခဲ့ရတော့မှာလား .. နေခဲ့ .. သူ့ဧည့်သည် .. သူဧည့်ခံမှာပေါ့ .. နင် ဧည့်ခံချင်ရင် .. သူ့လိုပဲ .. အစ်ကိုလေး ရှာပါလား .."

"အေးလေ .."

နှင့် ဝိုင်းတားနေကြတာမို့ ကြွယ်ကြွယ် ထိုင်ချလိုက်ရပါပြီ ..။

"ကျန်ခဲ့ပေမယ့် .. မျက်မှန်အားကိုးနဲ့ .. ထင်ရှားစွာမြင်နေတဲ့ ငါ့မျက်လုံးတွေကိုတော့ .. ငါ အားကိုးနေမယ်ဆိုတာ နင် မမေ့နဲ့ မိပျိုလေး .."

ဟု လှမ်းမှာနေတာမို့ ပျိုလေး ကြာကြာမနေရဲ ..။ ဘာမှန်း ညာမှန်း မသိရသေးပဲ အရမ်းကို နောက်နေသည့် ကြွယ်ကြွယ့် ဆီးမှ ခပ်သုတ်သုတ် လျှောက်လာရင်း ရက်သွေးဖျန်းချင်၏။ အစ်ကိုလေးကလည်း ပျိုလေး လာနေတာကိုမြင်သည်ထင့် ..။ ရပ်ထားသည့် ရေတမာရိပ်မှာပဲ ပြုံး၍ရပ်စောင့်နေသည် ..။

www.burmeseclassic.com

www.burmeseclassic.com



"အတော်ပဲ အစ်ကိုလေး .. ဒီမှာ လူရှင်းတယ် .. ရော့ .. ရော့ .. အစ်ကိုလေး အိတ်ကပ်ထဲ တစ်ခါတည်း ထည့်ထားလိုက်နော် .. ပျိုလေး .. ကြီးလတ် လက်ထဲ ဒါပါသွားမှာကြောက်လို့ပါ .. မြန်မြန်ယူပါ အစ်ကိုလေးရဲ့ .. ကြီးလတ်ပဲဖြစ်ဖြစ် .. မမကြီးသဇင်နဲ့ မိစီပဲဖြစ်ဖြစ် .. မြင်ရင် .. မေးနေကြမှာ .. မိစီက သတင်းပို့မှာ အစ်ကိုလေး .. ကြီးလတ်နဲ့ မမသဇင်ကျတော့ .. မေးကိုမေးကြမှာ .."

နောက်ကြောင်းတစ်ချက်ကြည့် ..။ ကတ်ထူအိတ်ခေါက်ကို အလှကိုင်အိတ်လေးထဲမှ ထုတ်ကာ အစ်ကိုလေးကို ကမ်းပေးတော့ ..။ အစ်ကိုလေးကလည်း ဘာမျှကို မမေးနေတော့ပါ ..။ အလိုက်တသိ ယူလည်းယူ ..။ ချက်ချင်း ကုတ်အင်္ကျီအိတ်ထဲ ထည့်လိုက်သည်ပါပဲ။ အစ်ကိုလေးကို ညှော်ခန်းသို့ ခေါ်လာတော့ ..

"ဒါက .. အစ်ကိုလေးရဲ့လက်ဆောင် .."

ဟု လှပသည့် နာရီလေးတစ်လုံးကို ကမ်းပေးလာသည်မို့ ပျိုလေး ယူရမှာ အားနာနေမိရပါပြီ ..။ ဘူးလေးကိုဖွင့်လျက် ပြောတာမို့ အရုမ်းကိုလှသည့် ကျောက်စီနာရီလေးဆိုတာ မြင်နေရသည်လေ ..။

"ညှော်ခန်းမှာ လူတွေများတယ် မဟုတ်လား .. ဒီမှာပဲယူလိုက်လေ နာရီလေးကို .. ပျိုလေး လက်ထဲ အပ်ချင်တာမို့ .. ဒီမှာပဲ ပေးတာ၊ ပတ်ထားလိုက်နော် .."



ဟု ပြုံး၍ပြောနေပါသည့် အစ်ကိုလေးကို ကြည့်လိုက်မိရကာ ..။

လက်ဆောင်လေးတွေ ယူယူလာ၍ ပေးကြလေသမျှ တရိုတသေလေးလည်း ယူခဲ့ရ၏။ ဂုဏ်ပြုလက်ဆောင်ဘူးလေးတွေ စီထပ်တင်ထားရာ စားပွဲမှာလည်း ထားထားရတာတွေလည်းရှိနေခဲ့တာမို့ ..။ အစ်ကိုလေး ပေးလာပါသည့် နာရီလေးကိုလည်း မယူဘဲနေ၍ ဘယ်ကောင်းမည်တဲ့လဲလေ ..။ ဖေဖေ့မိတ်ဆွေတွေ ပေးလာသည့် လက်ဆောင်တွေ ဆိုတာကလည်း စားပွဲထက်မှာ စီထပ်နေတာ မနည်းတော့ပြီပဲလေ ..။ အစ်ကိုလေး ပေးလာသည့် နာရီလေးကို တရိုတသေလေးလည်း ယူလိုက်ရ ..။ လက်မှာလည်း မပတ်ပဲနေ၍ မရနိုင်တာ သိသည်မို့ ပတ်ထားလိုက်ရပါသည့် အဖြစ် ..။

ညှော်ခန်းသို့ရောက်တော့ .. ဖေဖေ အစ်ကိုလေးကို မြင်လိုက်တာနှင့် လာကြိုသည်။ ဖေဖေနှင့် အစ်ကိုလေး စကားပြောနေခိုက် ပျိုလေး ကြွယ်ကြွယ်တို့ကို ထားခဲ့ရပါသည့် နေရာလေးဆီသို့ လျှောက်လာခဲ့ရပါ၏။

"ပျိုလေး .. ဓတ .. ခဏ .."

ဘဘသော် ခပ်သုတ်သုတ် လိုက်လာကာ ခေါ်တာမို့ လှည့်ကြည့်လိုက်ရစဥ်ခိုက် ..

"ဘဘ .. မမလေးရဲ့ဓာတ်ပုံနဲ့ ဟိုစာကို မနက်စောစော ဝင်ယူထားတယ် .. လူတွေရှုပ်နေကြတုန်း .. သူတို့အလုပ်နဲ့သူတို့ များနေကြတုန်း .. ဘဘ .. အခန်းထဲဝင် .. အဲဒါတွေကို ယူထားတာ ရှိတယ် .. လာ .. လာ .. လိုက်ယူ

www.burmeseclassic.com

www.burmeseclassic.com



လှည့် .. သူတို့လဲ လူတွေများနေတော့ .. သတိထားနိုင်မှာ မဟုတ်ဘူး .."

ဟု ပြောလည်းပြော ..။ ခပ်သုတ်သုတ် ဆက်လျှောက်သွားတော့ .. ပျိုလေး လိုက်သွားရပါပြီ ..။ ရင်ထဲမှာ ပျော်သွားရသည်ပါပဲ ..။ ခုလိုကျတော့လည်း အစစ မြန်ဆန်အဆင်ပြေနေသည်ပဲဟု ရင်ထဲမှာပင် ပေါ့ပေါ့ပါးပါးကြီး ဖြစ်နေရပြန်သည် အဖြစ် ..။ ကြည့် .. ဘာမျှအခက်အခဲ မရှိစွာပဲ .. ဘဘသော်သည် .. မေမေ့ဓာတ်ပုံနှင့် စာလေးကို ပြန်ယူလာနိုင်ခဲ့ပြီ။ ပျိုလေးကိုလည်း ပြန်ပေးလိုက်တော့မည် ..။ ပျိုလေးကလည်း .. မေမေ့ဓာတ်ပုံနှင့်စာလေးကို လက်ကိုင်အိတ်လေးထဲ ထည့်သိမ်းယူပြန်လာလိုက်ရုံပဲရှိသည် ..။

ဤနေ့မှာ .. ပျိုလေးသည် .. မေမေ့စာကို .. အခန်းတံခါးပိတ်၍ .. လုံခြုံစွာ အစအဆုံး ဖတ်လိုက်ရပါသည့် လုံမေပျို အဖြစ် ရှိသွားရတော့မည် ..။

ပျိုလေး ဘဘသော်၏ အိမ်ရှေ့လေးမှာ စိတ်လှုပ်ရှားစွာ ရပ်စောင့်နေမိရပါ၏။ ရင်ထဲပေါ့ပါး .. ကြည်နူးနေရသည်က သပ်သပ် ..။ မေမေ့စာကို ဖတ်ရတော့မည်ပဲဟု ခံစားရစိတ်ဖြင့် စိတ်လှုပ်ရှားနေမိရသည်ကသပ်သပ် ..။

ဘဘသော် ပြန်ထွက်လာကာ ကတ္တူအိတ်လေးကို ပေးလာတော့ ပျိုလေး သေသေသပ်သပ်လေး ခေါက်သည်။ အထူးသဖြင့် မေမေ့ဓာတ်ပုံလေး ခေါက်သားကျိုးသွားတာမျိုး မဖြစ်ရအောင် ဂရုတစိုက်ခေါက်ပြီးမှ ကတ်ထူအိတ်လေးကို လက်ကိုင်အိတ်ထဲ ထည့်သည်။



ထိုစဉ်ခိုက် စိတ်ထဲ ရုတ်ခြည်း သတိပေးလာသည့်နယ် ရှိသွားရတာမို့ ဟိုဟိုသည်သည် ကြည့်လိုက်တော့ .. မမကြီး သဇင်သည် အပေါ်ထပ် ပြတင်းဆီမှ ရပ်ကြည့်နေချေသည်တကား ..။

ဘဘသော်ကတော့ ခြေလှမ်းသုတ်သုတ်ဖြင့် ပြန်လျှောက်သွားတာမို့ မြင်လိုက်ဟန်မတူ ..။ ပျိုလေးသာ စိတ်လေးလေးဖြင့် ကြွယ်ကြွယ်တို့ရှိရာသို့ လျှောက်လာမိရပါပြီ ..။

စောစောက ခံစားရပါသည့် ပေါ့ပါးခြင်းဆိုတာ ပျောက်ဆုံးသွားပြန်သည်။ မကြာမီ .. မမကြီးသဇင်သည် .. ကြီးလတ်ကို ပြောပြမှာ သေချာနေသည်။ ဘဘသော် ထံမှ .. တစ်စုံတစ်ရာသော ပစ္စည်းကို .. ပျိုလေး ယူနေပါသည်ဟု ..။

ဘဘသော်နှင့် ပျိုလေးတို့ ခပ်သုတ်သုတ် တူတူ လျှောက်သွားကြတာ ..။

ဘဘသော် ပေးလာသည့်အရာကို .. ပျိုလေးယူလိုက်တာ ..။

ထိုအရာများသည် .. လျှို့လျှို့ဝှက်ဝှက် နိုင်နေသည်ဟု မမကြီးသဇင်မေ ထင်ချေမည်သာ။ သံသယဖြင့် .. ကြီးလတ်ကို ပြောပြချေတော့မည်သာ ..။

မေမေ့စာနှင့် မေမေ့ဓာတ်ပုံလေးကို .. ဖေဖေ့လက်ထဲ အပ်လိုက်ရတာမျိုး အဖြစ်မခံနိုင် ..။ ကြီးလက်လက်ထဲလည်း မအပ်နိုင် ..။ မေမေ ဘာတွေရေးသားထားသည် ဆိုတာတောင် မသိလိုက်ရသည့် လုံမေပျိုလည်း အဖြစ်မခံနိုင် ..။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုလေးလက်ထဲ အပ်ဖို့ဆိုတာကလည်း .. အသေအချာကြီးတော့ ပြော၍မရနိုင်သေး။ မေမေ့စာကိုတော့ .. လောလောဆယ်မှာ .. ပျိုလေး လက်ထဲမှာပဲ ထားချင်နေသေးသည်။ အစ်ကိုလေးလက်ထဲ အပ်ဖို့ဆိုတာကျတော့လည်း .. အခြေအနေကလည်း ပေးချင်မှပေးမည် ..။ လောလောဆယ်မှာ ပျိုလေး စိတ်တွေ ရှုပ်ထွေးနောက်ကျိနေသည်။ လေးလံနေသည်။ သောက ဖိစီးလျက် ဘာဆက်လုပ်ရကောင်းမှန်း ချက်ချင်းမဆုံးဖြတ်နိုင်သေးပဲ ဖြစ်နေသည်။

တစ်ခုကတော့ သေချာနေသည်။

စိတ်ပင်ပန်း ရှုပ်ထွေးရမည့် ကာလသည် .. မကြာမလင့်မီမှာ ရောက်ရှိလာချေမည်ဟု ..။

* ❤ *



## အခန်း(၁၇)

ပျိုလေး ကြွယ်ကြွယ်တို့နှင့်အတူ ငုဝါမြိုင်၏ဧည့်ခန်းသို့ ပြန်ဝင်လာကြစဉ်ခိုက် ဖေဖေနှင့် အစ်ကိုလေးတို့အပေါ်ထပ်ဆီမှ ဆင်းလာကြတာနှင့် ကြုံသည်။

အစ်ကိုလေးလက်ထဲမှာ စာအုပ်တချို့ ပါလာပါ၏။ ထိုစာအုပ်များသည် ဘွား၏စာကြည့်ခန်းထဲမှ ဖြစ်နေမည်ဆိုလျှင်တော့ အတော်လေး အံ့သြဖို့ကောင်းနေတာ သေချာနေပါ၏။

ဘာကြောင့်ဆို .. ဘွားသည် .. ဘွား၏စာအုပ်များကို အလွန်တရာကိုမှ တန်ဖိုးထားကာ ဘယ်သူ့ကိုမှလဲ ငှားရမ်းတာမျိုးလည်း မရှိခဲ့ ..။ ဘွား၏စာအုပ်တွေကို ဘွား၏ခွင့်ပြုချက်မရပဲ .. ယူဖတ်တာမျိုး .. ဝင်၍ ဟိုဟိုသည်သည် ယူကြည့်ကြတာမျိုးကိုမှ မကြိုက်ချေပဲလေ ..။ ဖေဖေသော်မှ .. ဘွား၏စာအုပ်ဆိုလျှင် ဘွားကို ခွင့်တောင်းပြီးမှ ယူဖတ်ရသည်အထိပါ ..။ တစ်ခုပဲရှိသည် ..။ ပျိုလေးကတော့ .. ပျိုလေး၏ပုံပြင်စာအုပ်တွေကို အချိန်မရွေး ယူဖတ်နိုင်သည်။ ထိုသို့ ဖတ်နိုင်စေဖို့အတွက်လည်း .. ဗီရိုကိုသော့ပိတ်မထား။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ .. ထိုဗီရို၏အပေါ်ဆင့်ရှိ စာအုပ်တွေ
တော့ ပျိုလေးပင်ယူ၍ သဘောကျ ကိုင်ကြည့်တာ ဖတ်ကြ
တာမျိုး မလုပ်ဖို့ ဘွားက စည်းကမ်းထုတ်ထားသည်ပဲလေ ..
ဘွားက .. ဘွားစာအုပ်တွေကို စာအုပ်စီထောင်ထားသည့်အတိုင်
ဂဏန်းအမှတ်အသားလေးတွေ စာအုပ်ထောင့်မှာ ကပ်ထားသည
အထိ စည်းကမ်းကြီးသူပါ ..။

ဖြစ်ဖို့များသည်က .. ခု .. အစ်ကိုလေး ယူလာသည
စာအုပ်များသည် .. ဖေဖေ့စာကြည့်ခန်းထဲက ဖြစ်ဖို့များသည်
ပဲ့ ..။

ထိုစဉ်ခိုက် မမကြီးသဇင်မေမှ ပျိုလေးထံလှ
လာကာ ..

"မေမေက .. ခဏတဲ့ .."

ဟု ပြောတာမို့ ရင်ထဲလေးသွားရသည်က ပျိုလေ
ပါ ..။ ဒါပေမဲ့ .. မမကြီး လာခေါ်သည်က ကြွယ်ကြွယ်တို့
မှာဖြစ်နေတာမို့ မသွားပဲ နေပြန်လျှင်လည်း မကောင်း ..။ သွ
ပြန်လျှင်လည်း စောစောကစာကိစ္စ မေးမှာသေချာနေပြီဟု ခံ
ဖြစ်သည်မို့ အခက်ကြုံနေရသည်ပါပဲ ..။

"ပျိုလေး လာခဲ့ပါ့မယ် .. ကြွယ်ကြွယ် တို့ကို .. ခဏ
ခံလိုက်မယ်လို့ ပြောပေးပါနော် .."

ဟုပြောတော့ အလိုက်ကမ်းတရားမသိ မိကြွယ်
"သွားလိုက် .. သွားလိုက် .. ငါတို့က ဟိုမှာစားစရာ
ယူယူတီးလိုက်ဦးမယ် .. ဟော့ .. ဖျော်ရည်အရင်သော
လိုက်ကြရအောင် .. အအီပြေ .."



ဟု စောစောက စားထားတာတွေ အအီပြေမည့်
အစားအသောက်ကိစ္စ ဦးတည်ပြောနေတော့ ဘာတတ်နိုင်မည်တဲ့
လဲလေ ..။ ပျိုလေး တစ်ချက် ခပ်ဆဆတွေးပြီးမှ ချယ်ရီ့လက်
ထဲ လက်ကိုင်အိတ်လေးကို ထည့်ပေးလိုက်ရကာ ..

"ခဏကိုင်ထားပေးဟယ် .."

ဟု ပြောလည်းပြော ..။ မမကြီး ရပ်စောင့်နေတာမို့
လိုက်လည်းလိုက်ခဲ့ရတော့ .. မမကြီးသဇင်မေမှ 'ပျိုလေး လက်
ကိုင်အိတ်ကိုပဲ အရေးတကြီးဟန်ဖြင့် စိုက်ခနဲကြည့်လိုက်တာ
မြင်လိုက်ရပါပြီ ..။ ဒါဆိုလျှင်ဖြင့် ဤတစ်ကြိမ်မှာတော့ ရင်ဆိုင်
မည့်ကိစ္စသည် .. အတော်ကြီး အခက်တွေ့ရမည့်ကိစ္စဆိုတာ
သေချာနေချေပြီဆိုတာ ပျိုလေး မှန်းဆနေမိရပါပြီ ..။

ကြီးလတ်မေးမည့် မေးခွန်းများသည် ဘာဘာသော်
ာမှ ပျိုလေး ယူလိုက်သည့် အရာသည် ဘာဖြစ်ချေသည်လဲ ..
ဆိုသည့် မေးခွန်းပဲ ဖြစ်ချေမှာမလွဲ ..။ တကယ်တော့ .. ပျိုလေး
၏ ကိုယ်ရေးကိုယ်တာကိစ္စကို အရမ်းဝင်စွက်ဖက်နေသည့် ဖြစ်
ပ်တစ်ခုအဖြစ် သတ်မှတ်လိုက်ကာ ခပ်တင်းတင်း ပြန်ဆက်ဆံ
သာ ကျန်ပေမယ့် ..။ ကြီးလတ်ကို .. ဘယ်တုန်းကမျှ မရှိမသေ
လုပ်တတ်ခဲ့ပါသော ပျိုလေး၏စရိုက် ..။ ပြီးတော့ .. ကြီးလတ်
ကို ငယ်ကြောက်ပမာလည်း ရှိနေရတာမို့ .. ခပ်တင်းတင်းကြီး
န်ပြောနိုင်မှာ မဟုတ်တာလည်း မိမိဘာသာ ကြိုသိနေရသည်က
လေးပါ ..။

တစ်ခုတော့ ရှိသည် ..။ ချယ်ရီက စည်းကမ်းသ...။
လေး လက်ကိုင်အိတ်လေးကို မမကြီးမှ သွားတော့...လျှင်

www.burmeseclassic.com

www.burmeseclassic.com



လည်း ပေးမှာမဟုတ် ..။ ဘာကြောင့်ဆို .. မမကြီး လာခေါ်တော့မှ ပျိုလေး လက်ကိုင်အိတ်လေးရဲ့ တမင်ထားခဲ့တာပဲလေ .. အကင်းလည်းပါးသော ချယ်ရီပေမို့ .. လက်ကိုင်အိတ်လေးက တော့ မမကြီးသဇင်မေ .. သွားတောင်းလည်း ပေးမှာမဟုတ်တာ ကတော့ စိတ်ချလက်ချ ထားလိုက်နိုင်သည်ပါပဲ။

ကြီးလတ်ကို .. နောက်ဖက်စိုက်ခင်းနေရာလေးမှာ ရပ်စောင့်လျက်သား တွေ့ရတော့ ရင်ထဲပိုလေးလာရပါပြီ .. တကယ်တော့ .. ကြီးလတ်သည် .. ဘာကိုပဲ မေးချင်မေးချင် ငုဝါမြိုင်မှာ လောလောဆယ် ဂုဏ်ပြုပွဲလေး ရှိနေတာမို့ မမေးသ သေးတာကတော့ အမှန်ပါ။

ခုကျတော့ .. ကြီးလတ်၏ အလောတကောနိုင်လွှ မှုနှင့် စီးစီးပိုးပိုး နိုင်လွှန်းမှုအပေါ် ပျိုလေး ကိုယ်တိုင် စိတ် ကြေကြေကွဲကွဲကြီးလည်း ခံစားရ .. စိတ်မော ကိုယ်မောလည်း ဖြစ်ရ .. စိတ်လည်း ကုန်လာရသည်ပါပဲ ..။ ဒါပေမဲ့ .. သည် တတ်သည့် အကျင့်လေးက .. ငယ်ကျင့်လို ရှိနေရတာမို့ ကြီးလ စောင့်နေသည့် နေရာဆီသို့ မမကြီးသဇင်မေနှင့် အတူလျှော လာခဲ့ရသည့်အဖြစ် ..။

"ကဲ .. စကားရှည်ရှည်လဲ မပြောချင်ဘူး မိပျို .. ဇေလ ကြောင်ပတ်လည်း မလုပ်ချင်ဘူး .. ညည်း .. ဦးသော် က ယူလိုက်တဲ့ဥစ္စာ .. ကြီးလတ်ကိုပေး .. လောလောဆ မှာ .. ညည်းရဲ့လက်ကိုင်အိတ်ထဲမှာပဲ ရှိနေသေးတယ် တာ ကြီးလတ် သိထားတယ် .."

ဟု လက်ဖြန့်တောင်းစဉ်ခိုက် ..



"သူက ပိုလည်နေတယ် မေမေ .. အိတ်ကို .. သူ့သူငယ် ချင်းဆီ ပေးထားခဲ့တာ .. ဟိုမှာကျန်ခဲ့ပြီ .."

ဟု မမကြီးသဇင်မေ ဝင်ပြောတော့ ကြီးလတ် စိုက်ကြည့်လာသည်။ ကြီးလတ် စိတ်ထဲမှာ ပျိုလေး ဆိုတာ အရွယ်လေးရောက်လာနေပြီဖြစ်သည့် လုံမေပျို ဟူ၍ မြင်ဟန်မတူ။ ဟိုးငယ်စဉ်တုန်းက လုံမေပျိုလေးဟုပဲ မြင်နေပုံရလျက် ..။ ငယ် ကြောက်ပမာဖြစ်အောင် ကျင့်သားတကျ ရှိနေခဲ့တာကိုပဲ .. အသေမှတ်ယူထားကာ .. တစ်ခုခု လုပ်ချင်ပြီဆိုလျှင် ခပ်တင်း တင်း လုပ်ပြတတ်သည့် အကျင့်အတိုင်း .. ခုလည်း ခပ်တင်းတင်း ကြီး စူးစူးရှရှ စိုက်ကြည့်နေပါပြီ။

ပျိုလေး ကြက်သီးဖြန်းခနဲ ထသည်။ ရင်ဆိုင်ရမည့် ဝန်ထုပ်ဝန်ပိုးကြီးသည် လောင်လောင်မြိုက်မြိုက်နှင့် အန္တရာယ် ကြီးလှပြီဟု နားလည်လာမိရပါပြီ ..။

ဖေဖေ့ကို .. ကြီးလတ် သွားတိုင်နိုင်သည် .. ဟု ထိတ်လန့်တကြားလေးလည်း တွေးတောမိလာနေရပြီ ..။ မေမေ့ ခါတ်ပုံနှင့် မေမေ့စာကို လျှို့ဝှက်စွာ ပျိုလေးက တမြတ်တနိုး တရိုတသေ ထားထားသည်ဆိုတာ ဖေဖေ သိလျှင် မိုးမီးလောင် မှာကတော့ သေချာနေသည်ပဲ ..။

"ဟဲ့ .. အဲဒါကို .. သွားယူခဲ့ .. ပျိုလေးက ပေးလိုက်ဖို့ ပြောတယ်လို့ ပြောလိုက် .."

ဟု ကြီးလတ် ပြောတော့ မမကြီးသဇင်မေ ခပ်သုတ် သုတ် ထွက်သွားပါ၏။ မကြာလိုက် .. မျက်နှာလေးပျက်ပျက် ပြင်းပုံလေးဖြင့် အံခဲ၍ ပြန်လာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ပျိုလေး ကိုယ်တိုင်ပဲ ပေးတာမျိုးက ပိုကောင်းပါတယ်တဲ့ .. ပျိုလေးဆီကပဲ တောင်းပါတဲ့ .. သူ ပျိုလေးလက်ထဲပဲ .. အဲဒီလက်ကိုင်အိတ်လေးကို အပ်နိုင်ပါတယ်တဲ့ .. ဘာလို့လဲဆိုတော့ .. သူ့ကို လက်ကိုင်အိတ်လေး ပေးထားခဲ့တာက ပျိုလေး မို့လို့ပါပဲတဲ့ .. သိပ်ပြီးတော့ စနစ်ဇယားကြီးတဲ့ ခပ်ဘဝင်မြင့်မြင့်နဲ့ ကောင်မလေးပဲ မေမေ .."

ဟု ပြောလာတော့ ..

"မမကြီးကိုမှ သူတို့ မသိဘဲ ကြီးလတ် .. အဲဒါကြောင့် မပေးတာ ဖြစ်မှာပါ .."

ဟု ပျိုလေး ဝင်ဖြေလိုက်ရသည်က ချယ်ရီ့ကိုဆက်၍ ဆက်၍ မြည်တွန်တောက်တီးနေမှာကို မကြားလို၍ပါ ..။ ပျိုလေးကြောင့် ချယ်ရီ အပြောခံရသလိုကြီး ရှိနေရသည်ကိုးလေ ..။ ချယ်ရီ ကြားကြား .. မကြားကြား ..။ ပျိုလေး .. ထိုမြည်တွန်တောက်တီးသံတွေကို ဆက်၍ မဖြစ်တည်စေချင်ပါ ..။ ချယ်ရီ့ကို အားနာသည် ..။

"ဟဲ့ .. အဲ့သလို တမင်ထားခဲ့တာပဲ မဟုတ်လား .. ညည်းက .."

ကြီးလတ် ခပ်ငေါက်ငေါက် ပြောတော့ ပျိုလေး လက်လေးပိုက်၍ ငြိမ်ရပ်နေသည်။ ချယ်ရီတို့ ဆိုတာကလည်း ငုဝါမြိုင်သို့ ခုမှရောက်ဖူးသည်ပဲလေ ..။ မမကြီးကို ဘယ့်နှယ်လုပ်၍ သိနိုင်ပါမည်တဲ့လဲ ..။

"အဲဒီအိတ်ကို ပြန်ယူပြီး .. ကြီးလတ်ကို ပေးစမ်း .. ဟဲ့ ပြောနေတာ မကြားဘူးလား .. ဦးသော်ကိုလဲ .. ဒီပွဲပြီး



လူတွေကြိုနေရတဲ့ကိစ္စပြတ်မှ .. ခေါ်ကိုမေးရဦးမယ် .. ဒီငုဝါမြိုင်မှာ ကြီးလတ်တို့ မောင်ရန်လင်းအောင်တို့ မသိအောင် လျှို့လျှို့ဝှက်ဝှက် လုပ်နေတာမျိုးကို မကြိုက်ဖူး .. နောင်မလုပ်ဖို့ သတိကြပ်ကြပ် ပေးထားရမယ် .."

ခုကတည်းက မြားဦးက ဘာဘာသော်ဘက်ကို အတိအလင်း လှည့်နေပြီ ..။ ပျိုလေး ပို၍စိတ်ရှုပ်ထွေးလာရပါသည့်အဖြစ်။ ဖေဖေ့ထိ နားပေါက်အောင် လုပ်လိုက်လျှင် ဘာဘာသော်ကို ဖေဖေ အလုပ်ကပင် ဖြုတ်ပစ်လိုက်နိုင်သည်လေ ..။ မေမေ့အပေါ် အရှိန်ကိုနာကြည်းနေသည့် ခံစားချက်က ပြင်းပြင်းရှရှကြီး ရှိတာမို့ ဘာဘာသော် အပေါ် ဒေါသအရှိန်ထွက်မှာလည်း ကြိုတင်သိနှင့်နေရပြီးပါပြီ ..။

"ကဲ .. ပေးစမ်း .. အဲဒီဥစ္စာ .. ညည်း .. သူ့ဆီကယူတယ်ဆိုတာ .. ဘာလဲ .."

ဟု ဆက်မေးနေတော့ ပျိုလေး ခေါင်းယမ်းပြသည်။ မျက်နှာလေး တစ်ချက် တည်တည်ငြိမ်ငြိမ်ကြီး ဖြစ်သွားကာ ..

"ပျိုလေး .. ကလေးတစ်ယောက် မဟုတ်ပါဘူး ကြီးလတ် .. မမကြီးတို့ ဘာကိုယူတယ် .. ဘာလုပ်တယ် .. ဘာရှိတယ်ဆိုတာ ပျိုလေး ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ပါဘူး .. ပျိုလေး ဘာကိုပဲယူယူ .. အဲဒါကို .. မပေးနိုင်ပါဘူး .."

ဟုတည်တည်လေး အားတင်းပြောရသည်က တာန်ကိုယ့်ဖို့သဘောဖြင့်ပါ ..။ ဒါပေမဲ့ .. ကြီးလတ်၏ ဒေါသသည် ဟုန်းခနဲ ဖြစ်သွားရလျက် ပျိုလေးကို ဆတ်ခနဲဆောင့်ခါပစ်လိုက်ကာ ..

www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... ညည်းက ... ငါ့ကို ပြောရဲနေတယ် ... ဟုတ်လား ... ဒီမယ် မိပျို ... ညည်းအဖေက ညည်းကိုချစ်နေတာ အားကိုးရနေပြီ ဆိုပါတော့ ... ဒီမယ် ... ညည်းအပေါ်ချစ်နေတဲ့ အချစ်တွေ စိတ်ပျက်တဲ့ဘက်ကို ရောက်သွားအောင် ငါလုပ်ပြမယ် ... ကြည့် ..."

ဟု ပြောလည်းပြော ...။ အံခဲ၍ စိုက်ကြည့်နေရာမှ ထုံးဖွဲ့ထားသော ဆံပင်ကို ဖြေချလိုက်သည်မို့ ပျိုလေးပင် ဘာမှန်း နားမလည်နိုင်ပဲ အံ့အားတသင့်ကြီး ကြည့်နေမိရပါ၏။

ကြီးလတ် တစ်ချက် ခပ်မဲ့မဲ့ပြုံးကာ လက်ကောက်ပျော့လေးကို ဖျတ်ခနဲချွတ်၍ ပစ်ချလိုက်သည်။ အင်္ကျီကြယ်သီးတစ်လုံးကို ဖြုတ်ပစ်သည်။ မြေပြင်တွင် ထိုင်ချလိုက်ကာ အင်္ကျီမှာ မြေကြီးပေါ် လက်ဖြင့်ပွတ်လိုက်တာတွေကို ပွတ်သုတ်ပေကျံနေစေတော့ ပျိုလေးပင် မဆိုထားနှင့် ...။ မမကြီးသဇင်မေပင်သူ့အမေ ဘာတွေလုပ်နေသည်ကို ဉာဏ်မမီနိုင်သည့်နှယ် ငေးစိုက်ကြည့်နေရာမှ ...

"အဝတ်တွေ ပေကုန်ပြီ ... ဘာလုပ်နေတာလဲ မေမေရဲ့"

ဟု ပြောနေခိုက် ကြီးလတ် မြေပြင်ပေါ် ခြေဆင်းထိုင်လိုက်ကာ ဖိနပ်တစ်ဖက်ကို ခါထုတ်ပစ်လိုက်ပါပြီ ...။

"ကဲ ... သူ့ကိုချုပ်လိုက်စမ်း သဇင်မေ ... မေမေ့အပေါ်ကို တွန်းချလိုက် ... တွန်းချလိုက် ..."

ဟု ပြောတော့ ပျိုလေး လန့်လန့်ဖြင့် နောက်ဆုတ်သည်။ ဘာလုပ်မည်ဆိုတာကို နားလည်းမလည်နိုင်စွမ်းတော့ ... သဇင်မေကလည်း ပျိုလေး၏ကိုယ်လေးကို ဖမ်းလည်းဖမ်းချုပ်



ကြီးလတ်ပေါ်လည်း တကယ့်ကို တွန်းချလိုက်ပါပြီ ...။ ကြီးလတ် မြေပေါ် ပက်လက်လှဲပစ်လိုက်ကာ ပျိုလေး၏လက်တွေကို မလွှတ်တမ်း ဖမ်းဆုပ်ထားသည်။ လက်တစ်ဖက်က ပျိုလေး၏ဆံပင်တွေကို ဆွဲဖွပစ်နေသည်။ လန့်လွန်း၍ ပျိုလေး တစ်ကိုယ်လုံး တုန်ခါလာနေရပါပြီ။

"သဇင် ... အပေါ်က သူ့ကို မလွှတ်အောင် ဖိထား ... မေမေ့ကိုယ်ပေါ် ဖိထား ... သူ ရုန်းလဲ ဖိထား ... အော်စမ်း ... လာကြပါဦးလို့ အော်စမ်း"

ဟု ပြောနေတော့ ပျိုလေးမျက်စိတွေ ပြာခနဲဖြစ်၏။ ကြီးလတ် မရိုးသားသည်မှ ရက်ရက်စက်စက်ကြီးကို မရိုးသားသည်ပဲ ... ဟု သိလည်းသိ ...။ ရုန်းလည်းရုန်းနှင့် ပျိုလေး၏ ဆံပင်တွေ ခုမှပို၍ ပြိုခနဲ ဖြစ်ကုန်ရပါပြီ ...။ ကြီးလတ်၏ လက်တွေကလည်း ပျိုလေး၏လက်တွေကို မလွှတ်တမ်း ဆုပ်ထားသည်။ မမကြီးသဇင်မေ၏ လက်တွေကလည်း ပျိုလေးကို ဖိထားသည်။ ဒါပေမဲ့ ... ပျိုလေး ရုန်းကန်လိုက်တိုင်း ကြီးလတ်၏ကိုယ်ကြီးကလည်း လိုက်၍ လိုက်၍ ပါလာနေရာမှ ...။ သေးကကြည့်လျှင် ပျိုလေးက ကြီးလတ်ကို တက်ဖိလုံးထွေးနေလျက် ... မမကြီးက အော်လည်းအော် ... ဆွဲလည်းဆွဲလိုက်သည့်ပုံမျိုး ဖြစ်နေချေပြီဆိုတာ ပျိုလေး သဘောပေါက်လာပါသည့်အဖြစ် ...။ ထိုအချိန်ကျမှတော့ လူတွေအတော်များများ ရောက်လာနေကြပြီ။

"ဘာတွေ ဖြစ်နေကြတာလဲ ... ဟင် ..."

ဟူသော စိတ်ရှုပ်ထွေးစွာ ... စိတ်ပျက်လက်ပျက်လည်း နိုင်စွာ ... ပြီးတော့ ... အရှက်သည်းစွာ မေးနေပါသည့်

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကို .. မမကြီးသဇင်မေ၏လက်အလျှော့မှာ ရန်း၍ ကြုံး၍ ထလည်းထ .. မော့လည်းကြည့်မိပါသည့် ပျိုလေးကို တွေ့လိုက်ရပါပြီတည်း ..။ ကြီးလတ် ငိုနေသည်။ ဆံပင်ကိုပြင်၍ သပ်၍ ပြန်ထုံးနေသည်။ မမလေးအင်ကြင်းမေလည်း ပြေးလာကာ ပျိုလေး၏ အဝတ်လေးတွေကို ဆွဲဆန့်ပေးနေသည်။ ဆံပင်တွေကိုသပ်ပေးနေသည်။ နားမလည်နိုင်သလိုလည်း ပျိုလေးကို ငေးစိုက်ကြည့်နေသည်။ ကြီးလတ် ခြေထောက်မှာ ဖိနပ်တစ်ဖက်ပဲ ရှိနေသည်။ ပြီးတော့ မမကြီးသဇင်မေက မြေပေါ်မှာပြုတ်ကျနေသည့် သဘောမျိုး လုပ်ထားပါသည့် လက်ကောက်ကို သွားကောက်၍ ..

“မေမေ ပြန်ဝတ် ..”

ဟု ငိုသံကြီးနှင့်ပြောတော့ ..

“မမလတ် .. သူ့ကို .. လိမ္မာရေးခြားရှိအောင် အမြဲသွန်သင်ပါတယ် .. သူကိုက .. သူ့အမေလို စရိုက်ကိုက ကြမ်းနေတာ ဆိုးတယ် .. ခုလဲ .. သူ .. သူ မကြိုက်တာကို .. မမလတ်က လုပ်တယ်ဆိုပြီး .. နပန်းဖက်လုံးတော့တာ .. အံမယ်လေး .. ကြမ်းလာလိုက်တဲ့ စရိုက်ပါလားနော် .. မောင်ရန်လင်း အားကိုးနဲ့ ကြီးလတ်ကို .. မုဆိုးမဆိုပြီး အနိုင်အထက်တွေတောင် ပြုရဲလာပါပေါ့လား ..”

ဟု ပြောပြောငိုနေတော့ ညော့သည်တွေ၏ မျက်ဝန်းတွေက ပျိုလေးကို အထင်တသေးနိုင်စွာ ကြည့်လာနေကြပါပြီ ..။ ပျိုလေး ခေါင်းယမ်းနေသည်။

“ပျိုလေး မလုပ်ပါဘူး ဖေဖေရဲ့ .. ပျိုလေး မလုပ်ပါဘူး ..”

ဟု ငိုယို၍ ပြောပေမယ့် ဖေဖေ နားဝင်ပုံမရတော့ ..။



“သဇင်မေ အော်တာကြားလို့ ဖေဖေ ပြေးလာတော့ .. ဖေဖေ အဝေးကတည်းက မြင်နေရပြီပဲ သမီးရယ် .. အမေတူသမီးကိုမှ .. ငါ မွေးရပါပေါ့လား ..”

ဖေဖေ ညော့သည်တွေကို မျက်နှာမပြရဲရှာသည့်နှယ် ခြေလှမ်းကျဲကျဲကြီးဖြင့် ထွက်ခွာသွားစဉ်ခိုက် ..။ ပျိုလေးကတော့ တဆို့တနင့်ကြီး ဖေဖေ ကြေကြေကွဲကွဲ ပြောခဲ့ပါသည့် စကားသံကို ရင်နှင့်မဆန့်အောင် ဝမ်းနည်းတကြီး ခံယူကျန်ရစ်ခဲ့ရသူ ဖြစ်ရပါချေပြီတကား ..။

ညော့သည်တွေ ပြန်ကုန်ကြသည်။ ပျိုလေးသာ နေရာမှာ မမလေးအင်ကြင်းမေနှင့်အတူ ခြေစုံလေးရပ်၍ ကျန်နေခဲ့ရပါ၏။ ကြီးလတ်လည်း ခေါင်းငိုက်စိုက်ချ၍ ငိုရင်း ရှိုက်ရင်းဖြင့် မမကြီးသဇင်မေ တွဲခေါ်ရာသို့ ပါသွားပါချေသည့်အဖြစ် ..။

ဤသို့ .. ကြီးလတ် .. ပိပိရိရိကြီး လုပ်ပစ်လိုက်ချေလိမ့်မည်ဟုပင် ဘယ်သောအခါကမျှ မထင်ခဲ့စဖူး ..။ ရုတ်တရက် လုပ်ကြံခံလိုက်ရသည့် ရှုပ်ထွေးမှုတွေ ကြားထဲမှာ ပျိုလေး ခေါင်းတွေ မူးနောက်နေလျက် ကျန်ခဲ့ရသည်။

ခပ်လှမ်းလှမ်းမှာ အစ်ကိုလေး ရပ်နေတာကို ပျိုလေး မြင်နေရသည်။ ဘာတစ်ခွန်းမျှ အစ်ကိုလေး မပြော ..။ ပျိုလေးကိုသာ တောက်လျှောက်ကြည့်နေသည်။ နောက်တော့ .. ခြေလှမ်းမှန်မှန်ဖြင့် ပျိုလေးထံ လျှောက်လာကာ ..

“ပျိုလေး .. မညာဘူးဆိုတာ အစ်ကိုလေး ယုံတယ် ..”

ဟု တိုးသက်စွာ ပြောလာတော့မှ ပျိုလေး နှုတ်ခမ်းလေးပေါ် လက်ဖမိုးလေးအုပ်မိုး၍ မော့ခန့်လည်း အစ်ကိုလေးကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိ ..။ ကလေးနှယ် အသံလေးတွေ ဆက်တိုက်ပွင့်ကျ၍ ငိုလည်းငိုချလိုက်မိရပါပြီ ..။ မမလေး အင်ကြင်းမေကတော့ အသံတိတ်နေသည်။ အမေကို လုံးထွေးသတ်ပုတ်နေသည့် ဆိုတာမျိုးကို ခပ်လှမ်းလှမ်းက ပြေးလာနေရင်း မြင်နေရတာကလည်း ရှိထားတာမို့ ..။ ဘယ်သူ့ဘယ်သူ အမှန်ဆိုတာကို မဝေခွဲနိုင်သေးသည့် အသွင်။ ပျိုလေး .. မမလေးအင်ကြင်းကို ဝမ်းနည်းတကြီးကြည့်ကာ ..

"ပျိုလေး .. အဲသလို မလုပ်ပါဘူး မမလေးရဲ့ .. မမလေး မယုံနိုင်တော့ဘူးလားဟင် .. ပျိုလေးကို .. မမလေးတောင်မှ မယုံပေးနိုင်တော့ဘူးလားဟင် .."

ဟု ရင်ထဲ လိုက်ဆို့နေရရင်း ငိုသံတွေ ရောထွေးနေလျက် ကြေကြေကွဲကွဲကြီး မေးချလိုက်သံလေးက အက်သံပင်ပါနေသည်။ ငိုသံက ရင်ကိုဖောက်ထွက်လာသည့်နှယ်ရှိ၏။ ငိုညည်းသံလေးဖြစ်နေသည်။

"ဖေဖေလဲ .. ပျိုလေးကြောင့် .. အရှက်ကွဲရပြီ .. ပျိုလေး လုပ်တယ်လို့ထင်ပြီး အရှက်တကွဲ ဖြစ်ရပြီ .."

ပျိုလေး ရင်ထဲမှာ တမြည့်မြည့်ကျေအောင် ခံစားတွေးနေမိရဆဲ ..။ မျက်ရည်က တောက်လျှောက်ကျနေသည်။

ဧည့်သည်တွေလည်း ဆက်နေ၍ မကောင်းသည်မို့ အားလုံး ပြန်ကုန်ကြပြီ ..။ ပျိုလေးအတွက် ဖေဖေ ကြည်နူးစွာ ပြုလုပ်ပေးသည့် ဂုဏ်ပြုပွဲလေးသည် ဖေဖေ့ကို အရှက်ခွဲသည့်ပွဲကြီးတစ်ပွဲအဖြစ် ဖြစ်တည်ကျန်ရစ်ခဲ့ရပြီးပြီ ..။ ပျိုလေး မြေပြင်လေးပေါ် ထိုင်ချလိုက်ကာ ဒူးလေးကိုသိမ်း၍ လက်လေးဖြင့်



ယှက်ထွေးထားရင်း ခေါင်းလေးကို ဒူးပေါ်တင်ကာ ငိုပဲငိုနေမိရသည်ပါပဲ ..။

ထိုစဉ်ခိုက် ဘဘသော် ရောက်လာသည်။ မျက်စိမျက်နှာကြီးပျက်၍ ..

"ဘာတွေ ဖြစ်ကုန်တာလဲ မိန်းကလေးရယ် .. ဟင် .. ဘဘသော် ဧည့်သည်တွေအားလုံး ပြန်ကုန်တဲ့အထိ .. ခြံဝင်းတံခါးဖွင့်ပြီး စောင့်နေရလို့ .. ခုမှ .. လာမေးရတော့တာ .. ကြီးလတ်ကို .. ပျိုလေး .. အပေါ်ကနေ လှုပ်ယမ်းနေတာ .. သဇင်မေ အတင်းဆွဲနေရင်း အော်နေတာ ဘဘမြင်တော့ အံ့သြနေမိရတာ .. လူတွေများနေတုန်းကျမှ .. ဖြစ်ရတယ်လို့ကွယ် .. အဆင့်ခြင်နည်းလှချေလား မိန်းကလေးရဲ့ .."

ဟု မချိတင်ကဲကြီး ပြောလာတော့ ပျိုလေး တဖြည်းဖြည်း နားလည်လာရသည်က .. ပျိုလေး အပေါ်မှာ ဘဘသော်င် နားမလည်နိုင်ပဲ ဖြစ်ကုန်ပါပေါ့လား .. ဟူ၍ပါ ..။

ပျိုလေး မျက်ရည်ကျလာသည်။ စိတ်ထဲ တစ်ချက်သွတ်သွားရကာ ..

"ကြီးလတ်က .. ဘဘသော် ဆီကရတဲ့စာကို တောင်းနေတာ .. ဘာရယ်ဆိုတာ ဖွင့်မပြောပေမယ့် .. အဲဒါကိုပေးပါလို့ တောင်းနေတာ.. မပေးတော့ .. မပေးတော့ .. ပျိုလေးကို .. ကြီးလတ်နဲ့မမကြီးသဇင်တို့က .. ခုလို.. ကြီးလတ်.. အပေါ် ပျိုလေးကို တွန်းချ .. လုပ်ကြကြတာ .. ဘဘသိလို့လား ဘဘရဲ့ .. ဟင် .. ဘဘသိလို့လား .. ခုတော့

www.burmeseclassic.com

www.burmeseclassic.com



ပျိုလေးပဲ အရိုင်းအစိုင်း ဖြစ်ကျန်ရတော့တာပါပဲ .. မေ
ရေ .. ပျိုလေးကို တစ်ခါတည်း ခေါ်သွားလိုက်ပါတော့ ..
ပျိုလေး သေချင်တယ် .. မေမေရှိတဲ့နေရာ .. မေမေ့
ခွင်မှာပဲ ပျိုလေး နေလိုက်ချင်တော့တယ် .. တမံလွန်မှာ
မေမေနဲ့ပဲ ပျိုလေးနေလိုက်ချင်ပါတယ် .. ပျိုလေးနေရ
ထက် .. သေရမှာကို ပိုမက်မောလာရပါပြီ မေမေရဲ့ ..

ဟု ပြောလည်းပြော ..။ စိတ်လွတ်လက်လွှတ်လေ
လည်း ငိုချလိုက်တော့ ဘဘသော်လည်း ငိုင်ကျသွားရ ..။ အ
ကြင်းမေလည်း အမေလုပ်သူ ဘာတောင်းသည် ဆိုတာကိုတော
မသိရပေမယ့် ..။ ထိုသို့ .. ပျိုလေးကို လုပ်ကြသည်ဆိုတာ
တော့ .. ချက်ချင်းကို ယုံလိုက်ရကာ ပျိုလေးကို ရင်ခွင်ထဲ
သွင်းလိုက်၍ မျက်ရည်ကျလာရှာပါပြီတည်း ..။ နေပြည့်
တော့ စိတ်ထိခိုက်စွာပဲ ငြိမ်သက်ရပ်နေရဆဲ ..။ ဘာဝင်ပြော
မှ မကောင်းသည့် သူတစ်ပါး၏ အိမ်တွင်းရေးပေမို့ .. ငြိမ်နေ
ပေမယ့် ..။ ရင်ထဲမှာ မဖြေသာ ..။ နေ၍မရနိုင်အောင် စိတ်
ထိခိုက်နေမိရပါသည့်အဖြစ် ..။ ပျိုလေး အမှန်အတိုင်း ပြော
ခြင်းဆိုတာကို သူ ယုံသည်။ ပျိုလေး ငိုကြွေးနေသည်က .. ဟ
ဆောင်နေသည့် အမူအရာမျိုး မဟုတ်။

တကယ့်ကို တနင့်နင့် .. မွမွကြေအောင် ခံစား
ငိုနေသည့် အသွင်လေး ..။ ကြီးလတ် ဆိုသူ၏ မျက်ရည်မျာ
စီးကျနေသည့် မျက်နှာထက်မှာ .. ဟန်ဆောင်ထားမှုတစ်ခုသည
အုပ်မိုးထားတာနှင့် တူနေသည်။ ပိရိသေသပ်စွာ ဖွဲ့တည်ထာ
သည့် မျက်နှာဖုံးအတုတစ်ခုနှင့် တူနေသည်ဟု နေပြည့်စုံ



သည်။ ကြီးလတ်၏ အတွင်းမနော ဆိုတာကြီးကို .. သစ်ခွမြိုင်
မှာကတည်းက .. တံခါးအကွယ်မှာ သူနှင့် ပျိုလေး ကွယ်ရပ်နေ
စဉ်က ကြားခဲ့ပြီးပြီပဲလေ။ သိခဲ့ရပြီးနေချေပြီပဲ ..။

"အဲဒီတောင်းတဲ့စာက .. ဘာလဲ .. လုံမေပျို .."

ပြတ်သားစွာ မေးလာသံ ..။ ဟုတ်သည် ..။ ခပ်
လှမ်းလှမ်းရှိ ဇွန်ပန်းရုံကြီးဆီမှ ထွက်ရပ်လာပါသည့် ဖေဖေ့
အသံ ..။ ပျိုလေး အလန့်တကြား ကြည့်မိရစဉ်ခိုက် ဖေဖေက
တော့ တည်ငြိမ်လွန်းစွာ ပျိုလေး၏မျက်နှာလေးကို စူးစိုက်ကြည့်
နေပါ၏။ ဖေဖေသည် နောက်တစ်ကျော့ ဤနောက်ဖေးဘက်
ခိုက်ခင်းနေရာဆီသို့ ရှေ့ဘက်ဆီမှ ကွေ့ပတ်၍လာခဲ့ဟန်တူသည်။
ဇွန်ပန်းရုံ အကွယ်ဆီမှလည်း ရပ်နားထောင်နေခဲ့ဟန်တူသည် ..။
ပျိုလေး ရင်ထဲ ခုမှပို၍ ချောက်ချားလာနေရပါသည့်အဖြစ် ..။

ခပ်လှမ်းလှမ်းဆီမှ မျက်နှာငယ်လေးတွေ ကိုယ်စီ
ဖြင့် လာနေကြပြီဖြစ်ပါသည့် ကြွယ်ကြွယ်တို့အုပ်စုကိုလည်း
ပျိုလေး မြင်နေရပြီ ..။

ချယ်ရီ့လက်ထဲမှာက ပျိုလေး၏ လက်ကိုင်အိတ်
လေး ပါလာနေပါ၏။

ပျိုလေးကို ပြန်ပေးရမှာမို့ သူတို့ခမျာမှာ ပြန်၍က
လည်း မဖြစ် ..။ နေရမှာကျတော့လည်း ညှော်သည်တွေမကျန်
သော့သည်မို့ အနေရခက် အထိုင်ရခက်နှင့် ဖြစ်နေကြရှာသည့်
အသွင်။ ခုတော့ .. ပြန်မှကို ဖြစ်တော့မည်ပဲ .. ဟု စိတ်ကို ဒုန်း
ဒုန်းချ၍ .. မျက်နှာလေးတွေ မကောင်းနိုင်ပဲ ရောက်လာကြသည့်
အသွင် ..။

www.burmeseclassic.com

www.burmeseclassic.com



ခုလို .. ပျိုလေး .. ကြီးလတ်ကို ရိုင်းရိုင်းပျပျဆက်ဆံသည်ဆိုသည့်အဖြစ် .. ကိုယ်ထိလက်ရောက်ပင် လုပ်သည်ဆိုသည့် အဖြစ်တွေ ဖြစ်ကျန်ခဲ့နေတာကိုလည်း နားမလည်နိုင်သည့် အကြည့်လေးတွေဖြင့် ကြည့်နေကြဆဲ ..။

ချယ်ရီ မျက်နှာငယ်လေးဖြင့် အားလုံးကိုကြည့်လည်းကြည့် ..။ ပျိုလေးထံသို့လာကာ .. လက်ကိုင်အိတ်လေးကိုလည်း အပ် ..

"ငါတို့ပြန်တော့မယ်ဟယ် .. စိတ်မကောင်းဘူး .."

ဟု ခပ်တိုးတိုးပြောသည်။

"ဟိုအစ်မတစ်ယောက် .. ငါ့ဆီ .. ဒီအိတ်ကို လာတောင်းသေးတယ်၊ ငါ မပေးလိုက်ဖူး"

ဟုလည်း တစ်ချက်ထပ်ပြောသည်။ ခပ်လှမ်းလှမ်းမှာ ရပ်နေသည့် ဖေဖေကတော့ ဘာမျှဝင်မပြောသေး။ စောင်ကြည့်နေသည့်ဟန်ဖြင့် ငြိမ်သက်နေသည်။

ကြွယ်ကြွယ်တို့အုပ်စု .. မျက်နှာငယ်လေးတွေဖြင့် ခပ်သုတ်သုတ် ပြန်သွားကြတော့ ပျိုလေး ပို၍အထီးကျန်ဆန်လာသည်။ အပေါင်းအသင်းသော်မျှ မကျန်တော့ပြီပဲဟု ရင်ထဲမှ နာလည်နေမိရချေပြီပဲလေ။

"အဲဒီတောင်းတဲ့စာမှာ .. မမလေးရဲ့စာပါ အစ်ကိုလေး .. ဦးသော် မိန်းကလေးကို .. ဒီနေ့ပေးလိုက်တာပါ .. သူ့အမေရဲ့စာကို သူ မပေးနိုင်တဲ့ကိစ္စ .. သူ မှန်ပါတယ် .. အဲဒါကိုတော့ .. ဦးသော် .. အဲဒါကို အပြစ်မပြောပါဘူး .. ဒါပေမဲ့ .. မပေးချင်တဲ့ဥစ္စာကို .. ကိုယ်ထိလက်ရောက်



လုံးသတ်တာမျိုးကိုတော့ ဦးသော်လဲ အားမပေးပါဘူးလေ .. အင်း .. ခက်တာက .. သူတို့ဘက်ကလဲ .. သူတစ်ပါးကိစ္စ ဒီထိဝင်ပါနေကြဖို့ မကောင်းဘူးလေ .. စွက်ဖက်လွန်းတာက .. အတိုင်းအတာ များလွန်းနေပြီ .. လွန်နေပြီ .."

ဟု စာကိစ္စလည်း ဝင်ဖြေပေး ..။ ကြီးလတ်ကိုလည်း ခဏနှင့် ဘဘသော် ပြောချလိုက်စဉ်ခိုက် ဖေဖေ့မျက်နှာထက်မှာ တုန်လှုပ်ချောက်ချားရိပ်တွေ အုပ်မိုးလာသည်။ ခြေလှမ်းနှစ်လှမ်းလောက် ကယောင်ကတမ်းဆန်စွာ ဆုတ်သွားသည်။

"ဘာပြောတယ် ဦးသော် .. သူ့အမေဆီကစာ .. လာတယ် .. ဟုတ်လား .. သူက .. စာတွေ ဘာတွေတောင် ဆက်သွယ်နေတာကိုး .."

ဟု နာကြည်းသံကြီးဖြင့် ပြောလည်းပြော ..။ ပျိုလေးကိုလည်းကြည့် ..။

ဘဘသော်ကိုလည်း ကြည့်လိုက်ရင်းမှ စူးရှနေသည့် အကြည့်တွေ ပို၍တောက်ပလာပြန်ကာ ..

"ဦးသော် .. ဖြစ်နိုင်ရင် ဒီနေ့ပဲ ရွာကိုပြန်ပါတော့ .. ကျွန်တော် တစ်နှစ်စာ လခအပို့ဆောင်းပေးလိုက်ပါမယ် .. လုံမေပျို .. ဖေဖေ့ စာကြည့်ခန်းကို လိုက်လာခဲ့"

ဟု ပြတ်သားစွာ ပြောချလိုက်ပါပြီတည်း ..။

ဘဘသော် မျက်နှာအပျက်ကြီး ပျက်သွားချိန်မှာ ပျိုလေးလည်း ငိုနေပြီ ..။ ပျိုလေးကြောင့် ဘဘသော်မှာ အလုပ်ပြုတ်ခဲ့လိုက်ရချေပြီကိုးလေ ..။ ဘဘသော် ခေါင်းယမ်းသည်။ ပျိုလေးကို ကြင်ကြင်နာနာကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လိမ္မာနော် မိန်းကလေး .."

ဟု အသံတွေ အက်ကျရင်း နှုတ်ဆက်သည့်သဘော ကိုနွယ်သည့် စကားကို အနိုင်နိုင်ပြောပြီးသည့်နောက်မှာ ခြေလှမ်း ကျဲကြီးဖြင့် အိမ်လေးရှိရာသို့ လျှောက်သွားတော့ ပျိုလေး ငိုနေ တာ တစ်ခုပဲ တတ်နိုင်သည့်နှယ် တငိုတည်း ငိုနေမိရသည်ပါပဲ ..

နေပြည့်စုံလည်း မျက်နှာမကောင်း ..။ ဆက်နေ လည်း မကောင်းတော့တာ သိနေသည်မို့ ..။ လှည့်ပြန်သွားလို ပြီးမှ တစ်ချက်ပြန်တန့်ကာ လှည့်ကြည့်လာသည်။

"အရေးအကြောင်းဆို .. အစ်ကိုလေးကို မမေ့ပါနဲ့ ပျိုလေး"

ဟု နောက်ဆံငင်လျက် မှာဖြစ်အောင် မှာမိလိုက် ပါပြီတည်း ..။

နေပြည့်စုံ ကားရှိရာသို့ လျှောက်နေရပေမယ့် ငိုင် လေးနေဆဲ ..။

ကြီးလတ်သည် .. လုံမေပျို အတွက်ကတော့ မကောင်းဆိုးဝါးတစ်ယောက် ဖြစ်နေသည်ကတော့ အမှန် ဤသို့ .. သူ နားလည်ထားသည် ..။

နုနုဖန့်ဖန့်နိုင်သော ပျိုလေး၏ အပြစ်ကင်းစင်သော မျက်နှာလေးကို မြင်လာမိလျက် ..

"ကောင်မလေးတော့ .. ဒုက္ခပဲ .. ဘာတွေ ဆက်ဖြစ်မလဲ မသိဘူး၊ ဘဘသော်လဲ အလုပ်ဖြုတ်ခံလိုက်ရပြီ .. ဒါ အားလုံးဟာ .. အဲဒီကြီးလတ်ရဲ့ စံနက်တွေချည်းပဲ"

ဟု စိတ်လက်မချမ်းသာနိုင်ပဲ တွေးလည်းတွေး ကားကို မောင်းထွက်လာမိခဲ့ရပါပြီ။



ခံ့ထည်သော ငုဝါမြိုင်သည် သောကတွေ လောင် မြိုက်နေသည့် အဆောက်အအုံကြီးအဖြစ် ကျန်ရစ်ခဲ့ပြီဟု သူ ထင် သည်။

ပန်းစံကားနှင့် နှင်းဆီရနံ့တို့ကတော့ ဝေနေဆဲ ..။ သြော် .. သူတို့ဥယျာဉ်မှူးကြီး ဘဘသော်ကို ခွဲခွာကြရချေတော့ သည် ဆိုတာကို မသိကြရသေးပါသည့် ပန်းလေးတို့ကတော့ မွှေး ရနံ့ထုံဝေနေကြဆဲပါတကား ..။

ကားကို လမ်းဆောင်းမှာ သူ တန့်ရပ်ပစ်လိုက်မိရပါ ပြီ ..။

ရှေ့ဆက်ရမှာကို ဝန်လေးနေသည့် ရင်သည် .. ဘာန်တဆကြီးမျှ သူ့ကို ဖိစီးနေကြချေသည် မဟုတ်ပါလား ..။

❋ ❤ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

ဖေဖေ့အကြည့်တွေက ပျို့လေး ဘာတွေတွေးနေသည် ဆိုတာကအစ ထွင်းဖောက်သိမြင်နိုင်ဖို့ ကြိုးစားနေသည့် အကြည့် စူးစူးတွေ ဖြစ်နေသည်။ ဖေဖေ့ မျက်နှာထက်တွင် ခံပြင်းရိပ်တွေ က သိုသိပ်ထားခြင်း ကင်းစင်စွာဖြင့် အတိအလင်း စွန်းထင်းေ ကြချေ၏။

ဖေဖေ့ရှေ့မှာ ရပ်နေရင်း ပျို့လေး ရင်ထဲမှာ အဓ ရာကို ဆုံးရှုံးနေရသူ တစ်ယောက်၏ အားငယ်အထီးကျန်မှုတေ က ရင်မှာ နေရာယူနေပြီးကြပြီ ..။ ဖေဖေ .. ပျို့လေးကို ဤတ ကြိမ်မှာတော့ ခွင့်လွှတ်နိုင်တော့မှာ မဟုတ် ..။

ဒါပေမဲ့ .. ပျို့လေး မေမေ့စာကို သိမ်းဆည်းထာ ခြင်းသည် အပြစ်မဟုတ်တာကိုတော့ လိပ်ပြာသန့်သန့်ဖြင့် ပျို့လေ ယုံကြည်ပါ၏။ ဘာပဲဖြစ်ဖြစ်။ ပျို့လေးသည် မေမေ့စာကိုတေ သမီးတစ်ယောက်အနေဖြင့် သိမ်းဆည်းထားပိုင်ခွင့် ရှိသည်မဟု ပါလား။



ဖေဖေ .. စိတ်အနာကြီး နာနေသည့် မေမေ့အပေါ် မှာ .. မေမေ့အမည်ပင် မဟာချင်လောက်အောင် ပြင်းထန်နေပါ သည့် ဖေဖေ့ အဆုံးအဖြတ်နှင့် ရပ်တည်မှုကိုလည်း ပျို့လေး အပြစ်မမြင်ပါ ..။ ဘာကြောင့်ဆို .. ဘွားသည် .. ဖေဖေ့အမေ ရင်း ဖြစ်သည်မဟုတ်ပါလား။ အမေကိုသတ်သည့် ဓနီးသည်အပေါ် မှာ နာကြည်းနေခြင်းသည် ဖေဖေ့ဘက်က တရားပါသည်။

ဒါပေမဲ့ .. မေမေ့အပေါ် ချစ်သည့် ပျို့လေး၏ ချစ် ခြင်းများသည်လည်း .. သမီးဘက်ကကြည့်လျှင် တရားနေသည် ပါပဲလေ ..။

"ဘာကြောင့် .. အဲသလို .. လုပ်ရတာလဲ လုံမေပျို့ .. ဖေဖေ မကြိုက်ဆုံးကိစ္စကို .. ဘာကြောင့် လုပ်ရတာလဲ"

စာကြည့်စားပွဲကို လက်ဖြင့်ထောက်၍ ရပ်နေရင်း ဖေဖေ မျက်ဝန်းတွေ နီလာရင်း မေးလာတော့ ပျို့လေး မျက်လွှာ လေး ချလိုက်မိသည်။

ပျို့လေး ဖြေလိုက်မည့် အဖြေသည် ဖေဖေ့ ကျေနပ် နိုင်မှာ မဟုတ်တာကိုလည်း အသေအချာ သိနှင့်နေသည်မို့ ဖြေ မှာ ဝန်လေးနေမိရပါသည့်အဖြစ် ..။

"ပျို့လေး သိမ်းထားရတာက .. အဲဒီစာဟာ .. မေမေ့စာ ဖြစ်နေလို့ပါပဲ ဖေဖေ .. ပြီးတော့ .. ဖေဖေ အလွန်မုန်း တီးနာကြည်းနေတဲ့ မေမေ့စာမို့လည်း ပျို့လေး .. ဖေဖေ့ကို မပြတော့တာပါ ဖေဖေ .. ပြီးတော့ .. မေမေ့စာကို .. ပျို့လေး ဆုံးအောင်မဖတ်ရသေးပါဘူး ဖေဖေ .. မေမေ ဘာတွေရေး

www.burmeseclassic.com

www.burmeseclassic.com



ထားတယ်ဆိုတာ ပျိုလေး .. မျက်ရည်ကျနေရင်း ဖတ်နေ ချင်ပါသေးတယ် ဖေဖေရယ် .. ကွယ်လွန်ခဲ့ပြီဖြစ်တဲ့ မေမေ ဟာ .. မေမေ့နောက်ဆုံးအချိန်နဲ့ နီးကပ်လာချိန်မှာ .. ဘာ တွေရေးခဲ့တယ် ဆိုတာ ပျိုလေး ဖတ်လဲဖတ်ချင်တယ် .. အဲဒီစာဟာ .. မေမေ့လက်နဲ့ ရေးခဲ့တဲ့စာပေမို့ .. မေမေ ကိုယ်ပွားတစ်ခုလိုပဲ .. မေမေ့ နောက်ဆုံးစကားအဖြစ်နဲ့ ပဲ .. ပျိုလေး .. ကြေကြေကွဲကွဲ .. လွမ်းလွမ်းဆွတ်ဆွတ် သိမ်းဆည်းထားရမှာပါ ဖေဖေ .."

ဟု ပျိုလေး ဤတစ်ကြိမ်မှာတော့ မျက်ရည်တွေ ကျကျလာနေရင်းမှ ရှိုက်သံတွေ ပြည့်သိပ်လာနေရင်း ပြောနေ ရပါပြီ ..။

ဖေဖေ .. ငြိမ်သက်စွာ နားထောင်နေသည်။ အံ ထားရင်းလည်း ပျိုလေးကို ကြည့်နေသည်။

"စာတစ်စောင်ဆိုတာ .. တန်ဖိုးချင်းတော့ မတူနိုင်ပါဘူး ဖေဖေ .. ခု .. စာက .. မေမေ .. ပျိုလေးရဲ့မေမေ .. ကိုယ်တိုင် .. မေမေ့လက်နဲ့ နောက်ဆုံး .. ရေးခဲ့တဲ့စာ မို့ .. တန်ဖိုးမဖြတ်နိုင်အောင် .. ပျိုလေး အတွက် .. အရေး ကြီးလှပါတယ် ဖေဖေရယ် .."

"အေး .. အဲဒီစာဟာ .. ဖေဖေ့အတွက်တော့ .. အဆိပ် လုံမေပျို .. သူ့စာကို .. ဖေဖေ့သမီး သိမ်းဆည်းထားတာ ကို သိနေရတာကိုက .. ဖေဖေ့နှလုံးသားကို အဆိပ်သင့် နေစေတဲ့စာပဲ .."



ပျိုလေး၏စကားကို ဖေဖေ ဖြတ်၍ ပြတ်သားစွာ ပြောလာသည်။ ရှေ့တိုးလာရင်းမှ ပျိုလေးကို ကြည့်လာသည်။ လက်ကိုဖြန့်၍ ..

"ပေးစမ်း လုံမေပျို .. အဲဒီစာကို ပေးစမ်း .."

ဟု ပြောလာတော့ ပျိုလေး ခေါင်းခါသည်။ ရင်ထဲ မှာ ထိတ်လန့်ချောက်ချားနေတာပဲ ရှိသည်။ ဆောက်တည်ရာမရ အောင် ကြောက်နေတာပဲ ရှိနေသည်။ ဖေဖေ .. မေမေ့စာကို စုတ်ပစ်လိုက်နိုင်သည်။ မီးရှို့ပစ်လိုက်နိုင်သည်။ ထိုသို့ ပျိုလေး အဖြစ်မခံနိုင် ..။

"မပေးပါရစေနဲ့ ဖေဖေရယ် .. မေမေ .. နောက်ဆုံးရေး ခဲ့တဲ့စာမို့ပါ ဖေဖေရဲ့ .. ပျိုလေးကို မေမေ သိပ်ချစ်တာ ဖေဖေ သိပါတယ် .. မေမေဟာ .. မေမေ သိပ်ချစ်တဲ့ သမီးတစ်ယောက် အပေါ်မှာ စာလေးတစ်စောင်တောင်မှ ချန်ထားပေးပိုင်ခွင့် မရှိတော့ဘူးလား ဖေဖေ .. ပျိုလေး ကရော .. မေမေ့စာလေးကို သိမ်းထားခွင့် မရှိတော့ဘူး လား .. ပျိုလေးရဲ့မေမေဟာ .. ပျိုလေးရဲ့မေမေပါပဲ ဖေဖေ .. မေမေ့ကို .. ပျိုလေးရဲ့အမေအဖြစ်က .. ဘယ် တော့မှ .. ဖယ်ရှားလို့ ရနိုင်တာမှ မဟုတ်ပဲ ဖေဖေရယ် .. ဖေဖေ့ကိုလဲ ပျိုလေး ချစ်ပါတယ် .. မေမေ့ကိုလဲ ပျိုလေး ချစ်ပါတယ် ဖေဖေ .. ဘာလို့လဲဆိုတော့ .. ပျိုလေးဟာ မိဘရဲ့အချစ်ကို အလွန်တန်ဖိုးထားသလို .. မိဘတို့ကလဲ အလွန်ချစ် ရှိသေတဲ့ လုံမေပျို ဖြစ်နေလို့ပါပဲ ဖေဖေ .."

www.burmeseclassic.com

www.burmeseclassic.com



လက်အုပ်လေးချီ၍ ပျိုလေး ဖေဖေ့ကို မော့ကြည့်ပြောနေတော့ ဖေဖေ ခေါင်းခါသည်။ ပျိုလေးကို ကြေကြေကွဲကွဲ ကြည့်သည်။

"သမီးက .. သမီးရဲ့ဘွားဘွားကိုတော့ မေ့ထားတယ်ပေါ့ .. ဟုတ်လား .. ဟင် .. ဖေဖေ ရင်ထဲမကောင်းလိုက်တာကွယ် .. မေမေ့ကိုယ်စား .. ဖေဖေ ရင်ထဲမချိလိုက်တာ .. ဒီအိမ်ထဲမှာ .. မေမေ့ဝိညာဉ် ရှိနေတယ် .. သိရဲ့လား .. မေမေ ရှိနေတယ် .. အဲသလို ဖေဖေ ယုံကြည်တယ် .. ခု .. သမီး ပြောလိုက်တဲ့ စကားတွေကို မေမေ ကြားရင် .. သူ့မြေးဟာ .. သူ့အတွက် ဘာမှမခံစားပဲ .. သူ့အမေအတွက်ပဲ စဉ်းစားချစ်ကြင်နေပါလားလို့ ခံစားရင်း .. ဘယ်လောက်များ .. ရင်ကွဲရှာမလဲ .. ဟင် .."

ဖေဖေ့အသံတွေ အက်ကျလာသည်။ ဤတစ်ကြိမ်တွင်တော့ ဖေဖေ့အကြည့်သည် ခံပြင်းခြင်းဘက်ဆီသို့ နွယ်လာ၏။

"စာနာတတ်ရတယ် ပျိုလေး .. ကိုယ့်အမေ ဒီလောက်ချစ်တတ်နေတဲ့ လုံမေပျိုဟာ .. ပျိုလေးရဲ့ဘွားကို သတိမရရင်တောင်မှ .. အမေကိုချစ်တဲ့သားတစ်ယောက်ရဲ့ အချစ် .. အဲဒါကိုတော့ .. နားလည်ပေးရမှာပေါ့ .. ဖေဖေဟာလဲ ဖေဖေ့ရဲ့မေမေ .. သမီးရဲ့ဘွားကို သိပ်ချစ်တဲ့သားတစ်ယောက် ဖြစ်နေတယ်လေ .."

ဟု ထိထိခိုက်ခိုက်ကြီး ပြောချလိုက်သံက အက်အက်ကွဲကွဲ နိုင်နေသည် ..။



ပျိုလေး ဖေဖေ့ရှေ့မှာ ထိုင်ချလိုက်ကာ လက်အုပ်လေးချီ၍ မော့ကြည့်လိုက်ရင်းမှ ..

"ဘွားကိုလဲ ပျိုလေး ချစ်ပါတယ် ဖေဖေ .. ဖေဖေ့ကိုလဲ ချစ်ပါတယ် .. ဖေဖေ ပျိုလေးကိုမမုန်းလိုက်ပါနဲ့ .. မမုန်းလိုက်ပါနဲ့ ဖေဖေရဲ့"

ကလေးကို ငိုပြောနေသည့် သမီးကို ဖေဖေကြည့်ကာ ခေါင်းခါနေရင်းမှ ...

"သမီး ရွေးချယ်ရမှာက .. အဲဒီစာကို ရွေးမလား .. ဖေဖေ့မေတ္တာရိပ်ကို ရွေးမလား .. ဒါပဲဆုံးဖြတ်ရမှာ .. ဒီနေ့မှာ သမီး ကြီးလတ် အပေါ် လုပ်ခဲ့တာကလဲ အလွန်ရိုင်းပျတယ် .. စရိုက်ကြမ်းတယ်၊ အဲဒါဟာ .. သမီးရဲ့မေမေနဲ့ တူတာပဲ .. ယုဇနဟာလဲ နူးညံ့သိမ်မွေ့တယ်လို့ ထင်ရပေမယ့် .. တကယ်ကျတော့ .. ကြမ်းတမ်း ရက်စက်တဲ့ စရိုက်ဆိုးကြီးရှိတယ် .. ဒါကြောင့် သူ မေမေ့ကို သတ်ရဲတာပေါ့ .. ခု .. သမီးမှာလဲ .. အဲသလို .. သိမ်မွေ့နူးညံ့ပုံလေး ရှိနေရင်းနဲ့ ကြမ်းတမ်းရိုင်းပျတဲ့စရိုက် .. လူသူအများရှိနေတာကိုမှ မဆင်ခြင်ပဲ .. ကိုယ့်စရိုက်ကြမ်းကြီးကို လူပုံအလယ်မှာ ချပြရဲတဲ့အထိ .. ကြီးလတ် အပေါ် ကိုယ်ထိလက်ရောက် .. လုံးသတ်ရဲတဲ့စရိုက်ကို .. ဖေဖေ မြင်ရကတည်းက .. ရင်ထဲမှာ .. ရှက်တာတစ်ခုပဲ ကျန်တော့တာပါပဲ .. မင်းကို .. အရင်တုန်းကလိုပဲ .. ဖေဖေ ကင်းကင်းနေသလို .. ဆက်နေခဲ့ရင် သိပ်ကောင်းမှာ .. အဖေ့ဝတ္တရားမပျက်အောင် .. စာသင်ပေးခဲ့တယ် .. ထမင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွေးမွေးတယ် .. အရိပ်ပေးတယ် .. ငွေကြေးအတွက် မပူပင်ရဘူး .. အဲသလိုပဲ ဆက်ထားရမှာ .. ငါ့သမီးလေး .. စာတော်ရှာတယ် .. ငါနဲ့တူတယ် .. ထက်မြက်တယ် .. အဲသလို .. ခံစားရင်း .. ဖခင်ရဲ့ပီတိနဲ့ .. ဂရုတစိုက်လေး လဲ လုပ်မိရော .. အကြောက်တရား မရှိတော့ပဲ .. စရိုက်ကြမ်းကို .. လူပုံအလယ်မှာ .. 'စိတ်လိုက်မာန်ပါကြီး လုပ်ပြရဲပါလေရောလား .."

ဖေဖေ ဆက်တိုက်ပြောသည်။ ပြောနေရင်း ဖေဖေ့ အသံတွေ တိုးသည့်အခါ တိုးသွားသည်။ စိတ်ခတ်ကျဆင်းသည့်နှယ် သက်ပြင်းရှိုက်သည့်အခါ ရှိုက်ချလာသည်။ ယူကျုံးမရသည့်နှယ် ခေါင်းခါသည့်အခါလည်း ရှိသည်။ ဖေဖေ မျက်နှာထက်တွင် အိုစာရိပ်သည် ချက်ချင်း အုံ့သြစရာကောင်းလောက်အောင် .. တရိပ်ရိပ် တက်လာနေတာကိုလည်း ပျိုလေး ကြေကြေကွဲကွဲ မြင်နေရပါ၏။

ဖေဖေ့ နဖူးပြင်ထက်မှာ ဆံစတို့ ပြိုဝဲကျနေသည်။ အရုက်သည်းသည့် သူတစ်ယောက်၏ ထိခိုက်မွန်းကျပ်နေသည့် ဝေဒနာများကလည်း ဖေဖေ့ မျက်နှာထက်မှာ အုပ်အုပ်မိုးမိုး ရှိနေကြပါချေ၏။ သြော် .. ဖေဖေသည် .. ကြိုးလတ်ကို ပျိုလေး ဖက်၍ နပန်းလုံးသတ်ခဲ့သည်ဟု မှတ်ယူရင်း .. ဖေဖေ့မိတ်ဆွေများရှေ့မှာ မျက်နှာမပြရဲလောက်အောင် ရှက်နေရှာပါလိမ့်မည်။ ပြီးတော့ .. ပျိုလေးသည် အရမ်းကို စရိုက်ကြမ်းသောစိတ်တွေ ပြည့်သိပ်နေသည့် လုံမပျိုပေပဲဟု မချိတင်ကဲကြီးတွေးရင်း .. ယူကျုံးမရ ဖြစ်နေရှာပါလိမ့်မည်။



"ပျိုလေး .. ကြိုးလတ်ကို .. ဘာမှမလုပ်ခဲ့ပါဘူး ဖေဖေ ..၊ ကြိုးလတ် လုပ်ယူတာတွေချည်းပါ .."

ဟု ရှင်းပြပေမယ့် ဖေဖေ ခေါင်းခါနေသည်။ လက်မခံနိုင်ပုံဖြင့် မျက်ဝန်းများကို ပိတ်ကာ ခေါင်းတွင်တွင်ခါသည်။

"ဖေဖေ ကိုယ်တိုင် မြင်တာလေ .. ဟိုတစ်ခါတုန်းကလိုပေါ့ .. မေမေ့ကို ယုဇနသတ်လိုက်တာကို မြင်ခဲ့ရသလိုပေါ့ .. သူ့လက်ထဲမှာ ဓားရှိနေတယ် .. ဖေဖေ ရောက်သွားချိန်မှာ .. ယုဇန ဆိုတဲ့ နာမည်ကို မေမေ ပြောနေတယ်လေ .. ယူကျုံးမရသလို ခံစားရင်း မျက်ရည်ကျခေါင်းခါနေတဲ့ မေမေဟာ .. ဖေဖေ့ ရင်ခွင်ထဲမှာပဲ ကွယ်လွန်ခဲ့တာပါ .. ဟင် .. စဉ်းစားကြည့်စမ်းပါ .. ဒီရင်ထဲမှာမှ မနာရင် .. ဘယ်သူ့ရင်က နာမှာတဲ့လဲကွ .. ဟော .. ဒီရင်မှ မကွဲ .. ဘယ်သူကွဲမလဲ .. ငါဟာ .. မေမေ့သား .. သားတစ်ယောက်ပါ သမီးရယ် .."

ဖေဖေ မျက်ရည်ပြိုကျလာတော့ ပျိုလေး လည်ချောင်းတနင်နင်ဖြင့် ရင်ထဲဆို့တက်နေရသည်ပါပဲ။ မတတ်နိုင် ..။ ဖေဖေ့ကို .. ပျိုလေး သုံးခြည်သည့်စကားကိုလည်း ဤအချိန်မှာတော့ ပြောကို ပြောမှဖြစ်ချေတော့မည်သာ ..။ လည်ချောင်းတနင်နင်ဖြင့် အရှိန်ယူ အားတင်းလိုက်ရပြီးမှ ..

"မေမေ့စာထဲမှာ .. ဘွားကို .. မေမေ မသတ်ဖူးဆိုတာကိုတော့ ရေးထားတာ ပျိုလေး ဖတ်ခဲ့ရပါတယ် ဖေဖေ .. မေမေ့ကို .. သမီး ယုံတယ် ဖေဖေ .. ကွယ်လွန်ခါနီးမှာ .. မေမေ .. ရေးခဲ့တဲ့စာကို သမီး ယုံတယ် ဖေဖေ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့ ဖေဖေ အံ့ခဲ့သည်။ ခေါင်းခါ၍ ပျိုလေးကို ကြည့်သည်။

"ဖြစ်ရပ်က တစ်ခုတည်းရှိနေတာ ပျိုလေး .. မေမေဆုံးခဲ့တဲ့ ဖြစ်ရပ်တစ်ခုမှာ .. အမှားနှစ်ခု အမှန်နှစ်ခု မရှိနိုင်ဘူး .. တစ်ခုပဲ ရှိရမှာ .. သမီးမှန်ရင် ဖေဖေ မှားနေမယ် .. ဖေဖေ မှန်နေရင် သမီး မှားနေမယ် .. ဘွားကို .. သမီးရဲ့ဘွားကို .. ယုဇန သတ်တာဟာ အမှန်ဖြစ်နေတယ်ဆိုရင် .. သမီးပြောသလို .. သမီးရဲ့မေမေ့စာဟာ .. ဘယ်လိုမှ မမှန်နိုင်ဘူး .. အမှန်ဆိုတာ နှစ်ခုမဖြစ်နိုင်ဘူး၊ ဆန့်ကျင်ဘက်နှစ်ခုဟာ .. အမှန်နှစ်ခုအဖြစ် မရပ်တည်နိုင်ဘူး .. ဒီတော့ .. ဖေဖေက မျက်စိနဲ့ မြင်ရတဲ့သူ .. သမီးရဲ့ဘွားကို ပွေ့ပိုက်ငိုကြွေးနေရတဲ့သူ .. မေမေ နောက်ဆုံးပြောခဲ့တာက .. ယုဇန ဆိုကာပဲ .. ဓားကိုင်ပြီးရပ်နေတဲ့ ယုဇနကို ဖေဖေ .. အော်ဟစ်နေချိန်မှာ .. သမီးရဲ့ဘွား .. ပြောခဲ့တာက .. ယုဇန ဆိုတာပဲ .."

ဟု နင့်နင့်ပါအောင် ခံစားရင်း ပြောလည်းပြော .. လက်ကိုလည်း ဖြန့်လိုက်ကာ ..

"မျက်မြင်ကိုယ်တွေ့ ဖြစ်နေတဲ့ ဖေဖေ့စကားကိုတောင်မှ လက်မခံနိုင်တော့ဘူးလား လုံမေပျို .. ပေးစမ်း .. အဲဒီ အဆိပ်ပြင်းတဲ့ စာလုံးတွေနဲ့ ပြည့်သိပ်နေတဲ့စာကို ဖေဖေ့ကို ပေးစမ်း .."

ဟု ပြောလာတော့ ပျိုလေး ခေါင်းခါရပါပြီ .. မပေးနိုင် ..။ ညှိမှိုင်ထိ ပြင်းပြင်းထန်ထန်ကြီး မျက်ရည်ကျရင်း



ခံပြင်းစိတ်တွေပါ ပြည့်သိပ်မွန်းကျပ်နေပြီ ဖြစ်ပါသည့် ဖေဖေ့ လက်ထဲ စာလေးရောက်သွား၍တော့ဖြင့် .. ဆွဲဆုတ်လိုက်တာကို ခံလိုက်ရမှာ သေချာနေသည်။

မေမေ့စာကို ပျိုလေး မပေးနိုင် ..။

"ဒါပေမဲ့ .. ပျိုလေး .. မေမေ့ကို ယုံတယ် ဖေဖေ .."

ပျိုလေး တည်တည်ငြိမ်ငြိမ်လေးဖြစ်အောင် မနည်းကြိုးစားယူနေရရင်းမှ ဖြေမိတော့ ဖေဖေ့အကြည့်တွေက စူးစူးရှရှ နိုင်လာသည်။ ဒေါသသင့်လာသည်။ မခံချင်ဖောဝင်လာနေသည်။ မာကျောသော အကြည့်ဘက်သို့ သိသိသာသာ နေရာယူလာသည်။ ဖေဖေ့မျက်နှာကို ပျိုလေး မကြည့်ရဲ ..။ အံတု၍ ကြည့်နေသည့် သမီးအဖြစ် ဖေဖေ ထင်သွားမှာကို ပျိုလေး လန့်နေရသည်ပါပဲ ..။

"ဘာလို့ ယုံတာလဲ .. ဘာလို့ ယုံတာလဲ .. ရှင်းပြစမ်းပါဦးကွ .."

ဟု ခံပြင်းသံဖြင့် ဖေဖေ အော်တော့ ပျိုလေး မျက်ရည်တွေ လန့်လန့်ဖြင့် ကျလာသည်။ စိုက်ကြည့်နေသည့် ဖေဖေ့ အကြည့်တွေကို ပျိုလေး လန့်နေသည်ကိုးလေ ..။

"မေမေဟာ .. ကွယ်လွန်ခဲ့ပြီးလို့ပါပဲ ဖေဖေ .."

ပျိုလေး အားစိုက်၍ မနည်းကြိုးစား ပြောပြနေမိသည်။ မဖြေ၍ မဖြစ်သည်မို့ ဖြေကိုဖြေရမည့်စကား။ ပြောကိုပြောရမည့် အချိန်မို့ .. ပျိုလေး စိတ်ကို မနည်းကြီး ကြိုးစား၍ ငြိမ်အောင်ထိန်းယူနေရပါ၏။ ဖြစ်နိုင်မည်ဆိုလျှင် ရှိုက်ကြီးတငင် ငိုချပစ်လိုက်ရင်း ဖေဖေ့ ခြေအစုံကို ခေါင်းဖြင့်ဖေးတင်ဦးချိုက်လိုက်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ .. အမှန်အတိုင်း ပြောတယ်ဆိုတာ .. ဖေဖေ .. ယုံပေးပါ ဖေဖေရဲ့ .."

ဟု ခဲယယ တောင်းပန်ချင်နေသည်။

"ဒီအချိန်မှာ .. မေမေဟာ မရှိရှာတော့ပါဘူး ဖေဖေ .. မေမေဟာ .. ဘယ်သူ့ကိုမှ .. ဘာကိုမှ .. လာရှင်းမပြနိုင်ရှာတော့ပါဘူး .. ဘာပဲဖြစ်ဖြစ် .. ဘယ်သူယုံယုံ .. မယုံယုံ .. မရပ်တည်တည် .. ပျိုလေးဟာ .. မေမေ့သမီးတစ်ယောက်အနေနဲ့ .. မေမေ့ကို ယုံတယ် ဖေဖေ .. မေမေ့ဘက်က ရပ်တည်ပါရစေ .. ဖေဖေ ပြောသလိုပါပဲ ဖေဖေရယ် .. မေမေ့ဝိညာဉ်လေးသာ ဒီမှာရှိနေရင် .. မေမေ့ကို ယုံကြည်ပေးတဲ့သူတစ်ယောက်အဖြစ် .. တစ်ယောက်တည်းသောသူအဖြစ် ပျိုလေး ရှိနေတာ .. မေမေ့သမီး လုံမေပျို ဆိုတာ ရှိနေတာလေးကို .. အဲဒီ တစ်ခုတည်းသော .. ယုံကြည်ခြင်းဆိုတာလေးကို .. မေမေ ပိုင်ဆိုင်လိုက်ခွင့်ရစေချင်ပါတယ် ဖေဖေ .."

ဟု ပြောတော့ ဖေဖေ့ကိုယ်ကြီး မတ်ခနဲ ဖြစ်သည်။ အံခဲ၍ အတန်ကြာ ငြိမ်သက်ရပ်နေသည်။ မျက်နှာထက်တွင် ဖမ်းဆုပ်သိမြင်နိုင်ရန် ခက်ခဲသည့် ခံစားချက်များစွာတို့ ရောပြွမ်း ရှုပ်ထွေးနေသည့်အရိပ်တွေ ဖျတ်ခနဲ ဖျတ်ခနဲ ဖြတ်သန်းစွန်းထင်နေရာယူနေကြပါချေ၏။ ဖေဖေ .. ဆိုဖာထက်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပါ၏။ ခေါင်းကိုလှန်၍ အတန်ကြာ မျက်နှာကြက်ကို မော့ကြည့်နေသည်။ ဖေဖေ့ မျက်ဝန်းတွေ ရီဝေမှိုင်းညို့နေကြသည်ပေါ့ပဲ နောက်ဆုံးတော့ ဆုံးဖြတ်လိုက်သည့်နှယ် ကိုယ်ကိုပြင်



မတ်၍ ထိုင်သည်။ ပျိုလေးကို ကြည့်သည်။ ဖေဖေ့ မျက်နှာထက်တွင် ပြတ်သားရိပ်တစ်ခုသာ သိသိသာသာ အုပ်မိုးလျက် ရှိနေပါချေ၏။

ဖေဖေ့ လှုပ်ရှားမှုတိုင်းကို မျက်ရည်ကျရင်း လန့်လန့်ဖြင့် အားငယ်ပါးငယ်လေး တောက်လျှောက်လိုက်လည်းကြည့် .. ငိုလည်းငိုနှင့် ဖြစ်နေပါသည့် ပျိုလေး ရင်ထဲ ပို၍ မျှော်လင့်ချက် ပျောက်ဆုံးလာနေရသည်သို့ ရှိလာနေရပါပြီ။ ဖေဖေသည် .. မေမေ့အပေါ်မှာ သဘောထားပြောင်းလဲမည့် အရိပ်အရောင်ရှိ ..။ ဖေဖေ့ မျက်နှာထက်မှာ ထိုအရိပ်တွေကို စိုးစဉ်းသော်မျှတွေ့ရ ..။ နာကြည်းရိပ်သာ ထင်လျက်ရှိနေချေသည်တကား ..။

"အဲဒီစာကို .. ဖေဖေ တောင်းတယ်ဆိုတာက .. သမီးရဲ့ အဆုံးအဖြတ် တစ်ခုကိုပါ တောင်းနေသလို ဖြစ်နေပြီ .. သမီး ရွေးချယ်ပေတော့ .. စာကို သမီးသိမ်းထားနိုင်တယ် .. ဒါပေမဲ့ .. ဖေဖေ့မေတ္တာတွေ အားလုံးကိုတော့ .. သမီး .. ဆုံးရှုံးရလိမ့်မယ် သမီး .. ဒီစာတစ်စောင်ဟာ .. ဖေဖေ့ထက်တော့ .. ပိုအရေးမကြီးနိုင်ဘူးလို့ ဖေဖေ ထင်တယ်လေ .. ဟုတ်တယ် မဟုတ်လား .."

ဖေဖေ ယတိပြတ်ကြီး ပြောချလာတော့ ပျိုလေး ထိတ်ခနဲ ဖြစ်သည်။ လက်ကိုင်အိတ်လေးကို တင်းနေအောင် ဆုပ်ကိုင်ထားရင်း ပျိုလေး မွန်းကျပ်လာနေရပါသည့်အဖြစ်။ အသက်ရှူ၍ မဝနိုင် ..။ မျက်ဝန်းကို ပျိုလေး စုံမှိတ်ချလိုက်မိရသည်။ မျက်ရည်ဥတွေက သောခနဲ သောခနဲ ပြိုကျလာနေရပါချေသည်တကား ..။

www.burmeseclassic.com

www.burmeseclassic.com



"မေမေဟာ .. ကွယ်လွန်ခဲ့ပါပြီ ဖေဖေ .."

ရှိုက်ရင်း ပျိုလေး ခပ်တိုးတိုး ပြောသည်။ ပျိုလေး ပြောသမျှကိုလည်း ဖေဖေ မျက်တောင်မခတ် ရူးစိုက်ကြည့်နေရင်း ငြိမ်သက်နားထောင်နေပါ၏။ ဘာမျှဝင်မစွက်။ ဝင်မပြော .. အရှမ်းကို အေးစက်သော. မျက်နှာတစ်ခုကိုပဲ ပျိုလေး မြင်နေရ သည်။ ထိုအေးစက်နေသည့် ဖေဖေ့အကြည့်တွေကြောင့် ပျိုလေး ပို၍ ချောက်ချားလာနေရပါ၏။ ပို၍ကြေကွဲနေရပါ၏။ ဖြေ ဖြေရမည့် အဖြေတစ်ခုကို .. ပျိုလေးသည်လည်း ဆုံးရှုံးမှုကြီးကို ရင်း၍ ပေးရမည့်အဖြေတစ်ခု ဖြစ်နေသည်။

"မေမေဟာ .. ပျိုလေး အတွက် .. နောက်ထပ် စာတ စောင်ကိုလဲ ရေးနိုင်ပေးနိုင်တော့မှာ မဟုတ်ပါဘူး ဖေဖေ .. အသက်ရှင်ကျန်ခဲ့ရတဲ့ သမီးအဖြစ် .. ပျိုလေးဟာ .. ကွယ်လွန်သူ မေမေ့စာကို .. သိမ်းဆည်းထားရမယ့် တာဝန် .. မေမေ ဖြစ်ချင်ရှာတဲ့ ဆန္ဒဖြစ်တဲ့ .. သူ့စာကို .. ပျိုလေ ဖတ်စေချင်တဲ့ဆန္ဒ .. အဲဒါတွေကို .. ဖြည့်ဆည်းလိုက်န ဖို့ သမီး တစ်ယောက်အနေနဲ့ ပျိုလေးမှာ တာဝန်ရှိပါတယ် ဖေဖေ .. ကွယ်လွန်သူတစ်ယောက်အပေါ် .. ပျိုလေး တာဝန်ကျေပါရစေ ဖေဖေ .. ဘာလို့လဲဆိုတော့ .. ကွ လွန်သူဟာ .. သူစိမ်းတစ်ယောက် မဟုတ်ပါဘူး .. ပျိုလေ ရဲ့မေမေ ဖြစ်နေပါတယ် .. သူစိမ်းတစ်ယောက်ရဲ့ဆန္ဒ တောင်မှ .. လူတွေက .. သေသူရဲ့ဆန္ဒဆိုရင် .. မငြင် ရက်ကြပါဘူး ဖေဖေ .. ခု .. ခု .. မေမေက .. ပျိုလေ ရဲ့မေမေပါ .. မေမေ့ဆန္ဒကို ပျိုလေး .. မငြင်းပါရစေနဲ့ ..



ပျိုလေး မငြင်းရက်လို့ပါ ဖေဖေ .. မေမေ့မှာ .. ပျိုလေးပဲ ကျန်တော့တာ .. မေမေ့ကိုချစ်တဲ့သူဆိုလို့ .. ပျိုလေးပဲရှိ တော့တာ .."

ဟု လည်ချောင်းတွေ တနင်နင်ဖြင့် ရင်ထဲဆို့တက် ာနေရင်း ပျိုလေး ပြောတော့ ဖေဖေ ဉာဏ်တစ်ကြိမ်မှာ ခေါင်း တ်သည်။ အရမ်းကို အေးစက်သော အကြည့်ဖြင့်လည်း ကြည့် သည်။ ပျိုလေး ပြောနေသမျှကိုလည်း ငြိမ်သက် နားထောင်နေ သည်။ ပျိုလေး ငိုနေတာကိုလည်း မျက်တောင်မခတ် စိုက်ကြည့် ခဲ့သည်။ နောက်ဆုံးတော့ .. ဖေဖေ ထရပ်သည်။ အရာရာကို .. ဖြေထုတ်ပြီးသူတစ်ယောက်၏ တည်ငြိမ်ရင့်ကျက်မှုနှင့် ပြတ် းမှုတို့ကို ဖေဖေ့မျက်နှာမြင်ရုံဖြင့် သိနေရပါပြီ။

"ဟုတ်တာပေါ့ .. ဒါ .. အခွင့်အရေးပဲ .. ပျိုလေးရဲ့အခွင့် အရေးပဲ .. ဟုတ်တာပေါ့ .. လူတိုင်းဟာ ခံစားချက်ဆို တာ ရှိတယ် .. အဲဒီ ခံစားချက်ရဲ့ အဆုံးအဖြတ်ဟာ .. သူ့အခွင့်အရေးပဲပေါ့ .. ဒီတော့ .. မင်း .. မင်းရဲ့အမေ .. ယုဇနစာကို သိမ်းထားနိုင်တယ် .. သေတစ်ပန်သက်တစ် ဆုံး သိမ်းထားနိုင်တယ် .. ငါလဲ .. အဖြေတစ်ခုကို တိတိ ကျကျ သိလိုက်ရပြီ .. ဘာလဲဆိုတော့ .. ငါ့သမီးဟာ .. ငါ့ကို မရွေးချယ်ဘူး ဆိုတာကိုပဲ .. နေဦး .. ဝင်မပြောနဲ့ .. မဖြေရှင်းနဲ့ .. မိပျို ပြောတာတွေ အားလုံးကို .. ဖေဖေ နားထောင်ခဲ့ပြီးပြီလေ၊ အဲဒီတုန်းက စကားတစ်လုံးမှဝင် မစွက်ခဲ့ဘူး .. ပြောချင်တာ အားလုံး ပြောခွင့်ပေးခဲ့ပြီးပြီ .. ခု .. ငါပြောတဲ့အခါမှာ .. မင်း .. နားထောင်နေရလိမ့်

www.burmeseclassic.com

www.burmeseclassic.com



မယ် .. အဖြေထုတ်စခုကို ရလိုက်ပြီးတဲ့အချိန်မှာ .. ငါ
ထဲမှာ ဘာတွေဖြစ်နေတယ် .. ဘယ်လိုကြေကွဲနေတ
ဆိုတာ .. မင်း သိဖို့မလိုတော့ဘူး လုံမေပျို .. မင်း
ချယ်တဲ့လမ်းကို .. ဆုံးအောက်လျှောက်ဖို့ပဲ ရှိတယ်

ဖေဖေ ဆက်တိုက်ပြောနေသည်က ပြတ်ပြတ်သ
သားနိုင်နေသည်။ စိတ်လိုက်မာန်ပါ နိုင်နေသည်။ ကြေကြေ
ကြီးလည်း ဖြစ်နေသည်။ ဖေဖေ့မျက်ဝန်းတွေ လက်တောက်နေ
ပျိုလေး ရှင်းပြဖို့ ကြိုးစားပေမယ့် .. ဖေဖေ လက်မခံ ..။ ခေါ
ခါ၍ လက်ကိုကာ၍ .. နှုတ်ခမ်းကို တွန့်ကွေးကွေးဖြုံး၍ .. ဆ
တိုက် ဆက်ပြောနေခဲ့သည့် အဖြစ် ..။ စကားဆုံးတော့ ဖေ
စာကြည့်စားပွဲ အံဆွဲထဲမှ စာရွက်တစ်ရွက်ကို ထုတ်သ
ဘောလ်ပင်ဖြင့် စိတ်လိုက်မာန်ပါကြီးပဲ ရေးနေသည်။ စာရွ
ခေါက်လိုက်သည်။ အားလုံးသည် စိတ်ချမ်းမြေ့ဖွယ်မရှိ..။ ဖေ
မျက်နှာထက်မှာ ခံပြင်းရိပ်ကိုလည်း ပျိုလေး တဖြည်းဖြည်း
၍ ထပ်၍ .. မြင်မြင်လာနေရငြိန်ချေသည်တကား ..။

"ခဏ ထိုင်နေ .. ခဏ .."

ဟု အသံတွေ အက်ကျနေရင်း ဖော့နှင့်ပြော
ခြေလှမ်းကျဲကြီးဖြင့် အပြင်သို့ ဖေဖေ ထွက်သွားတော့ ပျို
ငိုယိုရင်း ကျန်ခဲ့ပါ၏။ ဘုရားရေ ..။ ဖေဖေ .. ပျိုလေးကိုမ
ချင်လောက်အောင် နာကြည်းသွားချေပြီတကား ..။ ကြေကွဲ
တွေလည်း ရောထွေးစွာ ဖေဖေ့မျက်ဝန်းများမှာ ပျိုလေး
တွေ့ရှိရသည်ဟု ခံစားဖြစ်၏။ ကြမ်းပြင်ပေါ်မှာ ပျိုလေး
ရင်း ကျန်ခဲ့ပါ၏။ မေမေ့စာလေးပါသည့် လက်ကိုင်အိတ်



သြော် .. မေမေ့စာတပ်ပုံလေးပါသည့် လက်ကိုင်အိတ်လေးကိုသာ
အားကိုးရာတစ်ခုအဖြစ် ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း ပျိုလေး
အားငယ် ညှိုးဖျော့စွာ မျက်ရည်ကျနေရပါ၏။

ဖေဖေ ပျိုလေးကို အထင်လည်း သေးခဲ့ပြီ။ ဟုတ်
သည် ..။ စရိုက်ကြမ်းသူအဖြစ် အထင်သေးခဲ့ပြီးပြီ ..။ စိတ်ပျက်
လက်ပျက်လည်း ဖြစ်ခဲ့ပါချေမည် ..။ သြော် .. ခုတော့ ဖေဖေ
သည် .. ပျိုလေးကို .. စိတ်လက်ကုန်ခန်းသွားသည့်နှယ် ဖြစ်သွား
ချေပြီထင့်။

ဖေဖေ့ကို မေမေ့စာလောက် တန်ဖိုးမထားဟုလည်း
တ်ယူနာကျင်သွားပုံလည်းရသည်။ အဲသလို မဟုတ်ပါဘူး ဖေဖေ
.. ဟု ဖေဖေ့ ခြေအစုံကို ဖက်ထားရင်း ပျိုလေး ရှင်းပြချင်
သည်။ ဒါပေမဲ့ .. ထိုအခွင့်အရေးသည် .. လမ်းဆုံးတိုင်သွားခဲ့
ပြီတည့် ..။

ဖေဖေ လုံးဝခွင့်ပြုတော့မှာ မဟုတ်ဟု နားလည်လာ
ခမိရသည်ကိုက ရင်ကို ပြင်းထန်သော ကြေကွဲမှုကြီးနှင့် တုန်
လှုပ်ချောက်ချားခြင်းများကို ဖြစ်တည်နေစေသည်။

မကြာလိုက် .. ဖေဖေ ပြန်ဝင်လာသည်။ အနက်
ရောင် သားရေအိတ်ကို ပျိုလေးရှေ့မှာ ဖုတ်ခနဲ ပစ်ချလိုက်တော့
ဘာမှန်းမသိစွာ မော့ခနဲ အားငယ်ပါးငယ်လေး ကြည့်တော့ ..
ဖေဖေ ပျိုလေးကို မကြည့် ..။ တမင်မကြည့်ဖြစ်အောင် မျက်နှာ
လွှဲထားသည်။ အံခဲထားသည်။ စကားတစ်ခွန်းမျှ မဆိုသေး ..။
တစ်ယောက်ယောက်ကို စောင့်နေသည့်နှယ် အခန်းတံခါးဆီသို့သာ
ကြည့်ကြည့်နေလိုက်တာမျိုးပဲ တစ်ချက် တစ်ချက်မှာရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာရှိနေသည့် သားရေအိတ်နက်ကိုလည်း ပျိုလေး မကိုင်ရဲ .. မထိရဲ ..။ ဘာတွေဆက်ဖြစ်လာမည်ဆိုတာကိုလည်း ပျိုလေ မတွေးရဲ ..။ မှန်းလည်း မမှန်းဆတတ် ..။

တစ်ခုပဲ သေချာနေသည်က .. ဖေဖေသည် .. ပျိုလေ ကို အတော်ကြီး စိတ်နာနေသည် ဆိုသည့်အချက် ..။ ဒါ သိနေရလျက် ..။ ထိုအသိသည် .. ပျိုလေးကို ဆောက်တည် မဲ့ ဖြစ်နေစေသည်။ ကူကယ်ရာမဲ့ ဖြစ်နေစေသည်။ အားကိုး ဖြစ်နေစေသည်။

အထီးကျန် အဖြစ်ကြီး ဖြစ်နေစေသည်တကား ..

"အဲဒီအိတ်ထဲမှာ .. ပိုက်ဆံတွေ ငါထည့်ထားတယ် .. ဘယ်လောက်ဆိုတာ .. နောက်မှ .. မင်း ရေတွက်ကြ ပါ လုံမေပျို .."

ဟု ရုတ်ခနဲ ဖေဖေ ပြောချလာသံက ပြတ်သာ သည့်အဖြစ် ..။

"နေဦး .. မယူချင်တာတွေ ဘာတွေ ပြောမနေနဲ့ .. ပဲ .. အဲဒါတွေကို ငါ လက်မခံဘူး .. မင်း ယူသွားရ မယ် လုံမေပျို .."

ဟု မော့၍ ခေါင်းလေးခါလိုက်သည့် ပျိုလေ ချက်ချင်း ပြတ်ပြတ်ကြီး ဖေဖေ ပြောချလာတော့ ပျိုလေး ခနဲ ဖြစ်သွားရပါ၏။ လက်က .. ကြမ်းကို ဖေးထောက် လိုက်မိရပါပြီ ..။ ဖေဖေသည် .. ပျိုလေးကို .. ဤငှါမြိုင် ထွက်ခွာစေမည့် စကားမျိုးကို ပြောချလာချေပြီကောလေ ဘာတဲ့ ..။ ပျိုလေး .. ယူသွားရလိမ့်မည်တဲ့လား ဖေဖေရယ်



ထိုငွေအိတ်ကို ပျိုလေး ယူသွားရမည်တဲ့လား ..။ ယူသွား .. ဆိုသည့်အတွက် .. ပျိုလေးသည် .. ဤငှါမြိုင်မှာ ဆက်လက်နေထိုင်ရန် အကြောင်းမရှိတော့ပြီဆိုသည့် သဘောကို ဆောင်နေချေသည့်အဖြစ် ..။ မယုံကြည်နိုင်စွာ ဖေဖေ့ကို မော့ခနဲ ကြည့်မိသည်။

"ပျိုလေးက ဘယ်ကိုသွားရမှာလဲ ဖေဖေရယ် .."

ဟု မေးချင်သည်။ ငိုချင်သည်။ ဒါပေမဲ့ .. ဖေဖေသည် လုံးဝ ပျိုလေးကို ကြည့်မလာ ..။

ထိုစဉ်ခိုက် တံခါးပွင့်လာကာ ဒေါ်ကြီးနှင်းနှင့် ဘဘသော်တို့ ရောက်လာကြပါ၏။ ဘဘသော် ပစ္စည်းတွေ သိမ်းနေချိန်မှာ ဖေဖေသည် .. ဘဘသော်ကို .. ဤအခန်းသို့ လာစေဖို့ ဒေါ်ကြီးနှင်းနှင့် ခေါ်ခိုင်းလိုက်ဟန်တူပါ၏။

"ကျွန်တော် ထင်တာက .. ယုဇနဟာ .. စာတွေရေးရေး လာနေတယ်လို့ ထင်လိုက်မိတာပါ .. သူ့ဆီမှာ စာရောက်နေတယ် ဆိုတာကိုး .. ဒါပေမဲ့ .. လုံမေပျိုကို မေးတော့ .. စာကိုအပ်ဖို့ပြောတော့ .. သူက ငြင်းတယ် .. သူ့အမေဟာ .. ကွယ်လွန်ခဲ့ပြီမို့ .. အဲဒီစာကို ထပ်မရနိုင်တော့တာမို့ .. မပေးနိုင်ဘူးတဲ့ .."

"ကလေးမှာ အပြစ်မရှိပါဘူး အစ်ကိုလေးရယ် .. ဦးသော်မှာသာ တာဝန်ရှိတာပါ .. ဒီစာရောက်နေတာ ကြာပါပြီ .. မမလေး မဆုံးခင်က ရေးလာတဲ့စာပါ .. နောက်ထပ်လဲ မရေးလာနိုင်ရှာတော့ပါဘူး .. ခမျာ .. ဆုံးခါနီး ရေးလာတာပါ .. ဦးသော် သိမ်းထားခဲ့တာပါ .. ကလေးအရွယ် လေးရောက်မှ ပေးပါဆိုလို့ .."

www.burmeseclassic.com

www.burmeseclassic.com



ကမန်းကတန်း ဝင်၍ ပျို့လေးကို ကာကွယ်ပြော ပေးရှာပါသော ဘာဘာသော်ကို ဖေဖေ မကြည့် ..။

ဒေါ်ကြီးနှင်းမှာလည်း စိတ်မချမ်းမမြေ့ ဖြစ်ရှာလျက် မျက်ရည်သာ ကျနေသည်။ ရုတ်ခြည်း ဖြစ်လာခဲ့သည့် ဤနေ့မှ ဖြစ်ရပ်သည် ကြီးလှတ်၏ လုပ်ကြံဖြစ်တည်စေမှုဖြင့် ဖြစ်လာခဲ့ ရတာမို့ .. ရင်ထဲမှာ ပျို့လေး နာကျင်ကြေကွဲနေရပါပြီ ..။

"ထားပါတော့လေ .. အဲဒါတွေက .. ဖြစ်ပြီးကုန်ပြီပဲ .. ကျွန်တော် ပြောမယ် .. ဦးသော် .. ဒီကိစ္စမှာ .. ဦးသော် က စာတွေ ဘာတွေကအစ .. သေချာသိမ်းဆည်းပေးအင် တဲ့သူဆိုတော့ .. ပိုပြီး တာဝန်ရှိတာပေါ့လေ .. သူ့ကို .. ဒီလိပ်စာအတိုင်း ခေါ်သွားပါ .. သူ အလွန်တန်ဖိုးထားတဲ့ သူ့ဆီကို ခေါ်သွားပါ .. ဘယ်သူ့ဆီလဲ သိလား .. သူ့ အမေဆီကိုလေ .. ယုဇနဆီကိုပေါ့ .. သူတို့သားအမိ .. ဟိုမှာ .. တူတူနေကြပါစေ .. ဦးသော်လဲ .. အဲဒီမှာ .. ဆက်နေပေါ့ .. ဒါ .. သူ့လိပ်စာပဲ .. သူ .. မသေဘူး ဦးသော် .. လွတ်ငြိမ်းချမ်းသာခွင့်ရလို့ သူ လွတ်တယ် .. လွတ်တဲ့အခါမှာ .. ကျွန်တော့်ကို ဆက်သွယ်တယ် .. သူ့ ကို .. ငုဝါမြိုင်ကို ဘယ်တော့မှ မလာရဘူးလို့ ကျွန်တော် ပြောခဲ့တယ်၊ မိုင်းလှိုင် ဆိုတဲ့မြို့မှာ .. သူ နေထိုင်ဖို့ .. ကျွန်တော် စီစဉ်ပေးခဲ့တယ် .. အဲဒါ .. သူ့ကို .. ငုဝါမြိုင် နဲ့ ကင်းစေချင်လို့ စီစဉ်ပေးခဲ့ခြင်းပဲ .. ဟိုမှာ .. သူ .. စတိုးဆိုင်ငယ်လေးတစ်ခုဖွင့်ပြီး နေနိုင်အောင်လဲ ကျွန်တော် စီစဉ်ပေးခဲ့တယ် .. သံယောဇဉ်ရှိလို့ မဟုတ်ဘူး ဦးသော် ..



နာကြည်းလို့ပါ .. သူ့အရိပ်ကို .. ငုဝါမြိုင်ကို မနင်းစေချင် ဘူးလေ .. သမီးဆီကိုလဲ .. မလာစေချင်ဘူးလေ .. အဲဒါ တွေ လုပ်ပေးပြီး ကျွန်တော် ပြန်လာခဲ့တယ် .. သူသေ ပြီလို့ ကျွန်တော် ပြောခဲ့တယ် .. သူ လွတ်ငြိမ်းချမ်းသာ ခွင့်အမိန့်နဲ့ လွတ်တဲ့နေ့က .. ဖုန်းဆက်ခေါ်လာတာကို .. သူ သေလို့ .. သွားခဲ့တာဆိုပြီး ကျွန်တော် ပြောခဲ့တယ် .. တကယ်တော့ .. သူဟာ .. ကျွန်တော့်နှလုံးသားထဲမှာ .. သေသူတစ်ယောက်အဖြစ်ပဲ ရှိနေတာပါ .. ခု .. အဲဒီကို လိုက်သွားကြပေတော့ .. လုံမေပျို .. မင်းအလွန်တန်ဖိုး ထားတဲ့ .. မင်းရဲ့အမေ .. မင်းအလွန်ချစ်တဲ့အမေနဲ့ .. နေပေတော့ .. ငါ့ဆီကို .. ဘယ်တော့မှ မလာနဲ့ .. ငါ သေတောင် .. မလာနဲ့ .. ဒါပဲ .. ကဲ .. သွားကြတော့ .. သွားကြတော့ .."

ဟု ပြောတော့ မထင်မှတ်တာတွေ ဆက်တိုက်ကြီး ကြားနေရတာမို့ မှင်တက်အံ့ဩစွာ နားထောင်နေရင်း ..။ အမေ .. မေမေ ရှိနေပါလား .. ဟုလည်း သိရ။

ဝမ်းလည်းသာမိရ ..။ မေမေ့ကိုလည်း မြင်ချင်ရ နှင့်ရှိနေရင်းမှ ..။ ဖေဖေ့ကိုလည်း မခွဲနိုင်ဘဲဖြစ်နေရ ..။ ဖေဖေ အရမ်းကို နာကြည်းနေလေသမျှကိုလည်း ဘယ်လိုမှ လက်မခံနိုင်ဘဲ ဖြစ်နေရရင်းမှ ...

"မေမေက .. မေမေက .. သူ မရှိတော့ဘူးဆိုတဲ့ သဘော မျိုးနဲ့ ဒီစာကိုရေးလာတာပါ ဖေဖေရဲ့ .. ဖေဖေ့ကို .. သမီး မခွဲပါရစေနဲ့ ဖေဖေရဲ့ .. ဖေဖေ့ကို .. သမီးချစ်ပါရစေ

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရဲ့ .. သမီး .. မေမေ့ကိုလဲ တွေ့ပါရစေ .. ဖေဖေ့ကိုလဲ မခွဲပါရစေနဲ့ .. မခွဲပါရစေနဲ့ .. သမီးကို မမုန်းပါနဲ့ ဖေဖေရဲ့ ..”

အရှုးအမူးပြောလည်းပြော ..။ ဖေဖေ့နောက်သို့လည်း ငိုယိုရင်း ပြေးလိုက်သွားတော့ ဖေဖေ ရုတ်ခနဲရပ်သည်။ ထွက်လုလု တံခါးရွက်နေရာမှာ ခြေလှမ်းကို တုံ့ခနဲရပ်တန့်ပစ်သည်။

“အားလုံးပြီးသွားပြီ လုံမေပျို .. သမီးရွေးချယ်တဲ့လမ်း .. ဖေဖေ မြင်ရပြီးပြီပဲ .. ဘာမှဆက်မပြောနဲ့တော့ .. မကြိုးစားနဲ့တော့ .. အားလုံးပြီးကုန်ပြီ .. အဆုံးသတ်ကုန်ပြီ .. ဘာမှ .. ဆက်ပြီးဒုက္ခမပေးပါနဲ့တော့ .. နားပါရစေတော့ .. နားပါရစေတော့ .. ဦးသော် .. ခေါ်သွားပါတော့ .. လုံမေပျို .. မင်း လိုချင်တာတွေ အားလုံးယူသွားနိုင်တယ် ..”

ဟု ပြတ်ပြတ်သားသားကြီး ပြောသည့်နောက်မှာ ဒေါ်ကြီးနှင်းကိုကြည့်၍ ..

“သူတို့ သွားလိုက်ပြီးရင် .. သူ့အခန်းထဲက ပစ္စည်းမှန်သမျှ သူ့အမေတုန်းကလိုပဲ .. အဲဒီအခန်းမှာ .. အာလုံး ဦးကော် နဲ့ ပြောင်းထားလိုက်ပါ ဒေါ်ကြီးနှင်း .. အခန်းကိုသော့ခတ် ထားလိုက်ပါ .. လုံမေပျိုဟာ .. ငုဝါမြိုင်မှာ .. မရှိတော့ဘူး .. ဘယ်တော့မှလဲ .. မရှိတော့ဘူး .. သူ့ မှာ အဘွားအတွက် .. အဖေ့အတွက် ခံစားချက်မရှိဘူး၊ အမေပဲရှိတာ .. အမေနဲ့ နေပါစေ .. သူ .. စိတ်ချမ်းသာ ကိုယ်ချမ်းသာနေပါစေ ..”

ဟုပြော်ကာ ခြေလှမ်းကျဲကြီးဖြင့် ဖေဖေ လျှောက် သွားတော့ ပျိုလေး နံရံကိုမှီရပ်လိုက်ရင်း ..



“ပျိုလေး သွားဆိုရင်လဲ သွားပါ့မယ် ဖေဖေရဲ့ .. မလာနဲ့ ဆိုလဲ .. မလာတော့ပါဘူး ဖေဖေရဲ့ .. ဒါပေမဲ့ .. ဖေဖေ့ ကို ပျိုလေး ချစ်တယ် ဖေဖေ .. ပျိုလေး ချစ်တယ် ဖေဖေ၊ ယုံပါ .. အဲဒါကိုတော့ .. ယုံပါ ဖေဖေရဲ့ ..”

ဟု ကလေးလို အော်၍ငိုယိုပြောရင်း ကြမ်းပေါ်ပုံပုံ ကျ ထိုင်ချလိုက်ကာ ရှိုက်ကြီးတငင် ငိုချလိုက်မိရပါပြီ ..။

ဒါပေမဲ့ .. ဖေဖေ ပြန်လှည့်မလာ ..။ လုံးဝ လှည့် မလာ ..။

ဦးသော်၏လက်ဖဝါးတွေက ပျိုလေး၏ ဆံစလေး တွေကို သပ်ပေးလာစဉ်ခိုက် ဒေါ်ကြီးနှင်းမှ ပျိုလေးကို ရင်ခွင်မှာ ဆွဲပွေ့ရင်း ..

“ဩော် .. ခွဲကြရပါပေါ့လား မိန်းကလေးရယ် .. မကြည့် ရက်လိုက်တာနော် .. ဒါ .. ဟိုကောင်မ .. မိစီကြောင့် ဖြစ်ရတာ .. ကိုသော် ပျိုလေးကို ခပ်ကျိတ်ကျိတ်ခေါ်နေတဲ့ နေရာရဲ့ .. စက္ကူပြန်းရုံနားမှာ .. မိစီ ရပ်နေတာ ကျွန်မ စားစရာတွေသယ်ရင်း လှမ်းမြင်တယ် .. သူ .. အားလုံးကြား တယ်နဲ့တူတယ် .. ခပ်သုတ်သုတ် ပြန်လာပြီး .. သခင်မေ ကိုပြောနေတာမြင်တယ် .. ဒါပေမဲ့ .. ဒီလောက်ပြဿနာကြီး မယ့်ကိစ္စ မထင်မိဘူး .. ကြည့်ရတာ .. မမလေးရဲ့စာကို ပေးဖို့ခေါ်တယ်ဆိုတာ ကြားကိုကြားသွားတာဖြစ်မယ် .. မမလေးစာ ပျိုလေးဆီမှာ ရှိမှန်းသိလို့ .. တောင်ပြီး အစ်ကိုလေးကို ကုန်းထိုးကုန်းတိုက်လုပ်ဖို့ ကြိုးစားတာဖြစ် မယ် .. ခုတော့ .. ခုတော့ .. သူတို့ .. အကြံအောင်ပါ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့လား .. ကျွန်မလဲ မနေချင်တော့ပါဘူး ကိုသော်ရယ်၊ ကျွန်မပါ လိုက်ခဲ့တော့မယ် ..”

ဟု မခံချင်ဇောဖြင့်လည်းပြော ..။ ဝမ်းနည်းရှိန်ဖြင့် လည်းပြောနေတော့ ..

“ဖေဖေ တစ်ယောက်တည်းကျန်နေပါ့မယ် ဒေါ်ကြီးရယ် .. နေခဲ့ပါ .. ပျိုလေးရဲ့ .. ဖေဖေ့ကို .. ဂရုစိုက်ပေးပါ ဒေါ်ကြီးရယ် ..”

ဟု ပျိုလေး မျက်ရည်ကျရင်း ပြောကာ ဖေဖေ့အခန်းသို့ လိုက်ခဲ့တော့ တံခါးပိတ်ထားတာမို့ ..

“ဖေဖေ တံခါးမဖွင့်ဘူးဆိုတာ ပျိုလေး သိပါတယ် ဖေဖေ၊ ဖေဖေ့ကို .. ပျိုလေး .. အပြင်ကပဲ .. ကန်တော့ခဲ့ပါတယ် ဖေဖေရဲ့ .. ပျိုလေးကို .. ဖေဖေ .. ခွင့်လွှတ်ပါ .. ဖေဖေ့ကို ပျိုလေး ချစ်ပါတယ် .. ဖေဖေ လာခေါ်မယ့်ရက်ကို ပျိုလေး စောင့်ပါမယ် .. ဒါပေမဲ့ .. ခုလောလောဆယ်မှာ မေမေ့ဆီကို .. ပျိုလေး မသွားပါဘူး ဖေဖေ .. ဖေဖေ ကြေကွဲခံစားရင်း ကျန်ခဲ့ချိန်မှာ .. မေမေ့ဆီကို ပျိုလေး မသွားရက်ပါဘူး ဖေဖေ .. ဒါပေမဲ့ .. ဖေဖေ လက်မခံတော့တဲ့ .. နှဝါမြိုင်ကတော့ .. ဖေဖေ .. ပြန်ခေါ်မယ့်ရက် အထိ .. ထွက်ခွာသွားပေးလိုက်ပါ့မယ် ဖေဖေ .. ပျိုလေး ဘာမှ ယူမသွားပါဘူး ဖေဖေ .. အားလုံး ချန်ခဲ့ပါတယ်”

ဟု တံခါးပြင်မှာ ပျပ်ဝပ်စွာလည်း ကန်တော့ ..။ ငိုရှိုက်လည်းပြောပြီးတာနှင့် ပျိုလေး တောက်လျှောက် လှေကားထစ်တွေ နင်းဖြတ်ပြေးဆင်းလာမိရပါပြီ ..။ ဘာဘာသော် ပြေးလိုက်



လာတာ ..။ နောက်မှ တောက်လျှောက်ခေါ်နေတာ ..။ အားလုံး ပျိုလေး ကြားနေရသည်။ ဒါပေမဲ့ .. ပျိုလေး မရပ် ..။ ဆက် တိုက်ပြေးနေသည်။ ခြံဝင်းတံခါးကြီးကို ဖြတ်ကျော်လာခဲ့ပြီ ..။ လက်ထဲမှာ မေမေ့ဓာတ်ပုံလေးနှင့် စာလေးပါသည့် လက်ကိုင် အိတ်လေးရှိနေသည်။ ပိုက်ဆံတချို့ရှိနေသည်။

ဖေဖေ ပေးသော ပိုက်ဆံအိတ်လည်း ဖေဖေ့စာကြည့် ခန်းထဲမှာ ကျန်ခဲ့ပြီ ..။

ပျိုလေး ချန်ပစ်ခဲ့ပြီ ..။

လောလောဆယ်မှာ ပျိုလေးသွားရမည့် နေရာသည် တစ်နေရာပဲရှိသည်။ သစ်ခွမြိုင် ..။ ဟုတ်သည် ..။ အစ်ကိုလေး ရှိနေသည့် သစ်ခွမြိုင် ..။ သစ်ခွမြိုင်မှာ အစ်ကိုလေး ရှိမနေလျှင် သဇင်မြိုင်သို့ လိုက်သွားရမည်။ အစ်ကိုလေးထံသို့ ပျိုလေး မသွား၍မဖြစ် ..။ အစ်ကိုလေးဆီမှာ .. ကတ်ထူအိတ်လေးဖြင့် ထည့် ထားပါသော စာတွေရှိနေသည်လေ ..။

ထိုစာတွေကို .. ပျိုလေး သိမ်းဆည်းထားရမည်။

မမလေး အင်ကြင်းမေအတွက် .. သိမ်းဆည်းထား ပေးရမည် ..။

အငှားကားတစ်စီးကိုစား၍ ပျိုလေး သွားရမည့် နေရာသည် သစ်ခွမြိုင်ဖြစ်ပါ၏။

လမ်းအတိုင်း ပျိုလေး ပြေးလာနေစဉ်ခိုက် ကားတစ် စီး၏ အားတံခါးပွင့်သွားကာ ..

“ပျိုလေး ... ဖြစ်ရလေ ပျိုလေးရယ် .. ငိုပြီးပြေးနေတာပါပဲ လား .. လာ .. လာ .. ဝင် .. ဝင် ..”

www.burmeseclassic.com

www.burmeseclassic.com



ဟု အစ်ကိုလေး၏လက်တွေက ပျိုလေး၏လက်လေးကို ဖမ်းဆုပ်၍ခေါ်လိုက်ပါပြီတည်း။ အလောတကြီး ကားပေါ်မှ အစ်ကိုလေး ဆင်းလာတာ ..။

ပျိုလေးကို ကရုဏာမျက်ဝန်းများဖြင့် ကြည့်လာတာ ..။

ဂရုတစိုက်ကြီး ကားထဲမှာ ထိုင်စေတာ ...။

အားလုံးသည် မကြာလိုက် ..။ ဘာဆိုဘာမျှမကြာလိုက် ..။ အစ်ကိုလေး၏ကားကလည်း ပျိုလေးတို့၏ ငုဝါမြိုင်နှင့် အလှမ်းမဝေးသောနေရာ .. သစ်ရိပ်အောက်မှာ ရပ်ထားတာမို့ .. ခြံပြင်ရောက်ပြီး သိပ်မကြာခင်မှာပဲ .. အစ်ကိုလေး ကားရှိနေသည့် နေရာသို့ ပြေးလာသည့် ပျိုလေး ရောက်သွားရချေသည့်အဖြစ်။ မမျှော်လင့်ဘဲ အစ်ကိုလေးကို တွေ့ရတာမို့ ပျိုလေးမှာ မှင်တက်သွားမိရပေမယ့် .. ရင်ထဲအုံဖွဲ့နှိပ်စက်နေကြပါသည့် အားငယ်ကြေကွဲရိပ်ကြီးဖြင့် မျက်ရည်က တောက်လျှောက်ဖြာကျနေဆဲ ..။ အစ်ကိုလေး ကားစက်နိုး မောင်းထွက်လာပါ၏။

နောက်ကို ပျိုလေး လှည့်ကြည့်တော့ .. ခုမှ ဘသာသော် ခြံပြင်ကိုရောက်ရုံပဲရှိသေးသည်။ ပျိုလေးကို ဟိုဟိုသည်သည် လိုက်ကြည့်ရင်း ရှာဖွေနေဆဲ ..။ ကားပေါ် ပျိုလေး ပါသွားတာကိုလည်း မသိရှာ ..။ ပျိုလေး .. ခေါင်းလေး ပြန်လှည့်လိုက်ကာ တငိုတည်း ငိုနေမိရပါပြီ ..။

"အစ်ကိုလေး ..စိတ်မဖြောင့်ဘဲ ရင်ထဲလေးလာတာမို့ .. ဒီမှာ ကားရပ်ရင်း စိတ်တွေလေးနေမိရတာ .. ငုဝါမြိုင်ကိုပဲ ပြန်လိုက်သွားကြည့်ရင် ကောင်းမလား .. အဲသလိုတွေးမိ၊ သွားလို့ ကောင်းပါ့မလားလို့ ပြန်ချင့်ချိန်မိ .. မပြန်နိုင်ဘဲ ဆက်ပြီးကားရပ်ရင်း .. စိတ်က .. ငုဝါမြိုင်ကိုပဲရောက်နေမိရင်း .. ဒီမှာရှိနေရတာ .. သိပ်တောင်မကြာလိုက်ဘူး ပျိုလေး ငိုယိုပြေးထွက်လာတာကို .. အစ်ကိုလေး ကားနောက်မှန်က မြင်လိုက်ရတာ .. သနားလိုက်တာ ပျိုလေးရယ် .."

ဟု အစ်ကိုလေး ခပ်ညည်းညည်းပြောကာ တငဲ့ကြည့်ကြည့်ဖြင့် ရင်ထဲထိခိုက်နေပုံကြီးဖြင့် ကြည့်နေပါ၏။ လက်ကိုင်ပဝါကို ထုတ်ပေး၍ ပျိုလေးကို မျက်ရည်သုတ်စေသည်။

ပျိုလေးကတော့ .. လောလောဆယ်မှာ ငိုနေတာတစ်ခုပဲရှိနေသည်။ ငိုချင်နေတာပဲရှိနေသည်။ အရာရာ .. ကြေကွဲပြီးဆုံးကုန်ပြီကောလေ ..။

ထိန်းသိမ်း၍ မရနိုင်လောက်အောင် အားငယ်ကြေကွဲခြင်းက ရင်ကို ဖျပ်ဖျပ်လူးနေစေသည့်နှယ်ရှိ၏။

"နောက်မှ .. အစ်ကိုလေးကို .. ပျိုလေး ဘာတွေကြုံခဲ့တယ်ဆိုတာ ပြောပြနော် .. လောလောဆယ် .. အန်ကယ် စိတ်မပူအောင် .. ပျိုလေး .. ဒီမှာ အစ်ကိုလေးနဲ့အတူတူ ရှိနေတယ်လို့ ဖုန်းဆက်ပြောပြထားလိုက်မယ်နော် .. ဘာပဲဖြစ်ဖြစ် .. ခုလို .. တစ်ယောက်တည်း .. ငိုပြီး ပျိုလေး ပြေးလာတာမှားတယ် ..ဟိုမှာ .. လူကြီးတွေ .. စိတ်ပူကုန်မှာပေါ့ .."

ဟု ပြောတော့ ပျိုလေး ရင်ထဲ .. ပို၍ .. ကြေကွဲဝမ်းနည်းလာရ .. ပို၍ ငိုလိုက်မိရရင်းမှ ..



www.burmeseclassic.com

www.burmeseclassic.com



"မေမေက .. ပျိုလေးကို .. ငှဝါမြိုင်မှာမှ .. ပေးမနေတော့တာ .. မေမေ့ကို .. ဖုန်းမဆက်ပါနဲ့ .. အစ်ကိုလေးရယ် ပျိုလေး .. အစ်ကိုလေးဆီမှာလဲ ကြာကြာမနေပါဘူး .. အပ်ထားတဲ့ ကတ်ထူအိတ်လေး အခု .. ယူပြန်ရုံပဲ .. ပျိုလေး .. ပျိုလေး .. ဘယ်သူ့ကိုမှလဲ .. ဒုက္ခမပေးရက်ပါဘူး .. ခု .. ကတ်ထူအိတ်လေးလဲ အစ်ကိုလေးဆီမှာရှိနေတာပဲဥစ္စာ .. ပျိုလေးကို ပြန်ပေးလိုက်နော် .. ဟိုနားကျရင် .. ရပ်လိုက်ပါ အစ်ကိုလေးရယ် .. ပျိုလေး .. ဆင်းနေပါမယ် .."

ဟု ရှိုက်သံလေးတွေ လည်ချောင်းကို ဆောင့်ခနဲဆောင့်ခနဲ နေအောင်ထွက်လာလိုက် ..။ စကားလေးတွေ ထစ်ခနဲထစ်ခနဲ ရပ်သွားလိုက် ..။ ပြန်၍ ကြိုးစားပြောနေလိုက်ဖြင့် ပျိုလေး ပြောနေသမျှ နားထောင်ရင်း သူ .. မကြည့်ရက်နိုင်တော့။ မကြားရက်နိုင်တော့ ..။

"မဟုတ်တာ .. ဘာလို့ .. ပျိုလေးကို တစ်ယောက်တည်းထားခဲ့ရမှာလဲ .. ဘယ်သွားစရာရှိလို့လဲ .. အဲသလိုမလုပ်ရဘူး ပျိုလေး .. ဒုက္ခတွေ့တတ်တယ် ..၊ မငိုနဲ့တော့ ပျိုလေးရယ် .. နားလိုက်တော့နော် .. ခေါင်းကိုကားကုရှင်မှာ မှီထားလိုက် .. မျက်စိကိုမှိတ်ထားလိုက် .. အစ်ကိုလေးရဲ့နံ့သာမြိုင်အိမ်ကိုလိုက်ခဲ့ .. ဟိုမှာ ခဏနား .. ပြီးရင် ဘာဆက်လုပ်ရမယ် ဆိုတာကို .. ပျိုလေး ပြောတာတွေအားလုံးနားထောင်ပြီးမှ အစ်ကိုလေး ဆုံးဖြတ်ပေးမယ် .. ဟုတ်ပြီလား .."



ဟုပြောတော့ ပျိုလေး ခေါင်းယမ်းသည်။ လောလောဆယ် .. ချယ်ရီ့အိမ်မှာ ခဏသွားနေမည်။

အားလုံးထဲမှာ ချယ်ရီ့ကို ပျိုလေး ပိုအားကိုးသည်။ ဒါပေမဲ့ .. ချယ်ရီ့မိဘကိုတော့ ပျိုလေး မသိ ..။ ချယ်ရီ့လိပ်စာကိုသာ ပျိုလေး သိရခြင်းပါ ..။ ဒါတလည်း .. ချယ်ရီတို့အုပ်စုအားလုံး၏လိပ်စာလေးတွေကို .. ဆယ်တန်းဖြေပြီးသည့်နေ့က .. ပျိုလေးကို ပေးထားကြ၍ပါ ..။ သူငယ်ချင်းချင်း ဆိုပေမယ့် .. ချစ်သာချစ်ကြသည်။ ကျောင်းမှာတတွဲတွဲရှိကြပေမယ့် ..။ တကယ်တမ်း ဆယ်တန်းဖြေပြီးမှသာ .. သူ့လိပ်စာ ကိုယ့်လိပ်စာ .. ပေးကြပြုကြနှင့် ထိုအခါကျမှသာ ရှိခဲ့ရခြင်းပါ ..။

ချယ်ရီ့မိဘတွေ လက်ခံနိုင်ကောင်းရဲ့ .. ဟုတော့ ဆုတောင်းချင်သည်ဂါပဲ ..။

"ဒီမယ် .. ပြောထားမယ်နော် .. နံ့သာမြိုင်ကို အရင်သွားမယ် .. ဟိုမှာ .. စိတ်ငြိမ်အောင်ကြိုးစား .. စိတ်ကိုထိန်း၊ ပြီးမှ .. ဘာဆက်လုပ်ရမယ် ဆိုတာ .. ခေါင်းအေးအေးနဲ့ စဉ်းစားရမယ့်ကိစ္စ .. ဟော .. ပြောနေရင်း .. ငိုနေပြန်ပြီ ပျိုလေးရာ .. ပင်ပန်းလှပါပြီ ပျိုလေးရယ် .. မငိုပါနဲ့တော့နော် .. ပျိုလေးဟာ ဘယ်တော့မှမလိမ်ဘူး .. မလိမ်တတ်ဘူးဆိုတာ အစ်ကိုလေး ယုံတယ် .. ပျိုလေးကို အစ်ကိုလေး .. ကူမယ် .. တစ်ယောက်တည်းပဲ ရှိနေတယ်လို့ ဘယ်တော့မှ အားမငယ်နဲ့ .. ကြားရဲ့လား အစ်ကိုလေး ပြောတာ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု သူပြောနေတော့ ပျို့လေး မျက်လွှာလေး
မှေးပိတ်ထားရင်း ခေါင်းလေးအနိုင်နိုင်ညိတ်ပြရှာသည်။

သူပြောသည့်နှယ် ကားနောက်မှီလေးမှာ ခေါင်း
ကို မှေးမှီထားသည်။ မျက်လွှာလေးကို ပိတ်ထားသည်။

ဒါပေမဲ့ .. တန့်ဆည်မရအောင် .. ကျနေသည့်မျ
ရည်ဥတွေက တအိအိဖြိုင်ကျနေကြချေသည်တကား ..။

သူ .. ရင်ထဲမကောင်း ..။ တော်ရုံကြေကွဲထိ
ခြင်း မဟုတ်ချေသည်ပဲ .. ဟု သူ မှန်းဆသိနေရသည်ပါပဲ

ပျို့လေး၏ လက်ထဲမှာတော့ .. လက်ကိုင်အိတ်
က ဆုပ်ခဲခဲလေး ဆုပ်ကိုင်ထားလျှက်ရှိနေဆဲ ..။

* ❤ *



## အခန်း(၁၉)

"မိစီက အသေအချာ လာပြောပြတာ .. ဘဘသော်က
ပျို့လေးရဲ့မေမေ့ စာနဲ့မှတ်ပုံကို ပေးမယ်ပြောတာတဲ့ ..
အဲဒါ .. အံ့သြပြီး ပြေးပြီးလာလဲပြော .. ပျို့လေးအမေရဲ့
စာဆိုတာရှိနေ ရောက်နေတယ်ဆိုပါလားဆိုပြီးတော့လဲပြော
နေတော့ .. သဇင်တောင် အံ့သြနေတာ .. အဲဒါ .. အပေါ်
ထပ်တက်ပြီး သေချာစောင့်ကြည့်တော့ .. အားလုံး မြင်ရ
တာမို့ မေမေ့ကို သဇင် ပြောပြလိုက်တာ .. ခုတော့ ..
အားလုံး ကိစ္စပြတ်ကုန်ရော .."

ဝမ်းသာအားရကြီးပြောနေသည့် မမကြီးသဇင်မေကို
ကြည့်နိုင်လောက်အောင် စိတ်ဓာတ်သိလိုက်ရတာမို့ အင်ကြင်း
စိတ်ကိုထိခိုက်နေရပါပြီ ..။

အားလုံး ပူးပေါင်းကြံစည်ရက်လေခြင်း ဟုလည်း
ကြကွဲရပါသည့်အဖြစ် ..။

ခုတော့ .. ပျို့လေးလည်း အိမ်ကြီးပေါ်မှ ဆင်းသွား
..။

www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းမေ ဘာဘနှင့် ပျိုလေးတို့ စာကြည့်ခန်း
ရှိနေစဉ်မှာ လိုက်သွားချင်ပေမယ့် .. မေမေက .. အခန်းထဲဝင်ခိုင်
တံခါးကိုပိတ်ချထားပြီး ...

"သူတို့သားအဖ သူတို့ဘာသာရှင်းကြပေ့စေ .. ဝင်မပါ
လူကြီးကိစ္စ .. ညည်းဝင်မပါနဲ့ ..."

ဟု အခန်းတံခါးရှေ့မှာ ပိတ်ရပ်နေတာမို့ ဘာ
ဝင်မပြောသာခဲ့ရ ..။

ပျိုလေး အိမ်မှပြေးထွက်သွားတာကအစ ဒေါ်ကြီး
နှင့် ဘာဘသော်တို့ စိုးရိမ်တကြီး ပြောကြ .. လိုက်ကြ .. ဒေ
နှင့်ရှိနေချိန်မှာလည်း မေမေသည် .. အရသာခံ၍ တပြုံးပြုံး
အခန်းထဲမှာရှိနေ ငြိမ်နေခဲ့သည်ပါပဲ ..။ မေမေ့ကို အံ့ဩစိတ်
ရှက်စိတ်သည်းလျက် အင်ကြင်းမေ ခေါင်းခါမိရပါသည့်အ
လူတစ်ယောက် ဒုက္ခရောက်နေခြင်းအပေါ် ဝမ်းသာအား
ဖြစ်နေလောက်အောင် မေမေ့စိတ်ထားတွေ မာကျောနေတာ
အညာအတာ ကင်းနေတာကို အင်ကြင်းမေ ယုံရန်ပင်ခက်
သည်။ ဤမျှအထိ မေမေ့စိတ်ထားတွေ သိမ်နုပ်နေလိမ့်မည်ဟု
မထင်ထားရက် ..။ ပျိုလေးအပေါ်မှာ မေမေ စိတ်ထားမမှန်
မကောင်းတာ သိထားပေမယ့် .. ဤမျှအတိုင်းအတာကြီးထိ
မထင်ထားမိခဲ့ ..။ ခုကျတော့ မမကြီးသဇင်မေနှင့် မေမေတို့
စိတ်တူလက်ညီဖြင့် ပျိုလေးအပေါ်မှာ .. မကောင်းကြံရက်နေကြ
သည်တကား ..။

"မောင်ကျော်ကို ဦးသော် ပြေးပြီး ကားနဲ့လိုက်ရှာဖို့
နေတာ .. ခု .. တွေ့ပြီးပြန်ပါလာနေဦးမှာလား မသိ



တစ်ခါတည်းကိစ္စပြတ် .. မတွေ့ဘဲရှိရင် သိပ်ကောင်းမှာ၊
ကြည့်ရတာ .. မောင်ရန်လင်းက ပျိုလေးကို စိတ်နာနာနဲ့
နှင်ချလိုက်ပြီ ထင်တယ် .. ကောင်းတယ် .. ခု .. ဒီအိမ်
ကြီးမှာ .. ငါတို့ပဲကျန်တော့တယ် .. ဒီမယ်မိအင်ကြင်း ..
ညည်း .. ဝင်မပါနဲ့ .. မှာထားရက်နဲ့ .. မပါနဲ့ .. သူတို့
သားအဖကိစ္စ .. သူတို့ဘာသာရှိနေတာ .. ဝင်ပြီး လေ
ပြည်အေးလုပ်ဖို့ မကြိုးစားနဲ့ .. ဒီကောင်မလေးက မျိုးရိုး
ကိုက .. ကောင်းတာမဟုတ်ဘူး .. အမေက ထောင်ထဲသေ
တာ .."

မျက်နှာထွားတည်၍ ပြောလာတော့ အင်ကြင်းမေ
ယ်လိုမှ ငြိမ်မနေသာ ..။ လေးလေးကျော်ကို .. ကားဖြင့်လိုက်
ဖို့ ဘာဘသော် အလောတကြီး အော်ပြောနေခဲ့တာတွေကိုလည်း
င်ကြင်းမေ ကြားခဲ့ရသည်က အခန်းထဲမှပါ ..။ မေမေကလည်း
င်ကြင်းမေကိုလည်း ပေးမထွက် ..။ မေမေကိုယ်တိုင်လည်း
ခန်းထဲမှ ထွက်မကြည့် ..။ ခပ်အေးအေး .. ပီတိဝေလျက်ပင်
နေသေးသည့်အဖြစ် ..။

အင်ကြင်းမေ မျက်ရည်ကျလာသည်။ နုနုနယ်နယ်
သားဖြင့် အရှမ်းကို စိတ်ထားအေးချမ်းသော ပျိုလေးအတွက်
င်ထဲမှာ ပူလှပြီ ..။

ရပ်နေသော မေမေ့ကို အတင်းတွန်းဖယ်လိုက်မိကာ
င်ကြင်းမေ အခန်းတံခါးဖွင့်၍ အပြင်ထွက်လာတော့ ဧည့်ခန်း
ခါးမကြီးဘေးကြမ်းပြင်မှာ ထိုင်ချရင်းငိုနေသည့် ဒေါ်ကြီးနှင့်
မြင်ရသည်။ အင်ကြင်းမေ ထွက်လာတာမြင်တော့ ..

www.burmeseclassic.com

www.burmeseclassic.com



"ကံဆိုးမလေး ... မရှိတော့ဘူး ... မရှိတော့ပါဘူး ... ကွယ် ..."

ဟု ရင်ကွဲသံဖြင့် ပြောငိုသည်။ အင်ကြင်းမေ ခ... ထွက်လာတာကို အပြစ်တင်ချင်သည့် အကြည့်ဖြင့်လည်း တ... ချက်ကြည့်သည်။ အင်ကြင်းမေ နောက်ဘက်ကိုပြန်လှည့်ကြည့်တော့ မေမေသည် တံခါးပြန်ပိတ်ထားပြီးဖြစ်နေပြီ ...။ ထွက်မလာ ... အင်ကြင်းမေ အပေါ်ထပ်သို့ တောက်လျှောက်ပြေးတက်ခဲ့သည်... ဘဘ အခန်းသို့ပါ ...။ အခန်းတွင်းသို့ အင်ကြင်းမေ ဝင်တော့ ဘဘတစ်ယောက်တည်း ခုတင်ထက်မှာ ငိုင်ငိုင်ကြီးထိုင်နေတာ... မြင်ရပါသည့်အဖြစ် ...။

"ပျိုလေးဟာ ... ဘဘရဲ့သမီးပါ ... သမီးရင်းပါ ဘဘ... သူဟာ ... သူ့အမေရဲ့စာလေးတစ်စောင်ကို သိမ်းထားလို... ရုံလေးနဲ့ ... ဒီလောက်ထိ ဘဘ ... နှင်ထုတ်ပစ်တာမကောင်း... ပါဘူး ..."

ဟု ရင်ထဲမခံနိုင်သမျှ ဘယ်တုန်းကမှ ဘဘ... ဤသို့မပြောရဲပါလျက်နှင့် ခုတော့ ဖွင့်ပြောလိုက်မိရပါပြီတည်း...

ဘဘ လှမ်းကြည့်လာသည်။ မျက်ဝန်းမျာ... နာကြည်းရိပ် အထင်းသား ... နေရာယူထားပါသည့်အဖြစ် ...

"သူက ... သူ့အမေကို ချွေးတယ်လေ ... သူ့အမေ့... ကို ... ငါထက် မိုတန်ဖိုးထားတာ ..."

ဟု ပြောကာ ခေါင်းယမ်းသည်။

"သူ့အဘွားကို သတ်တဲ့သူဟာ ... သူ့အမေ ဖြစ်နေ... အသေအချာသိပါရက်ကယ်နဲ့ ... အဘွားအတွက် ဝမ်းန... ဘဲ ... သူ့အမေကိုပဲ သူက ... ဦးစားပေးတာ ..."



ဟု ဆက်ပြောတော့ အင်ကြင်းမေ ရင်ထဲ ... ဘဘ ဤတစ်ကြိမ်မှာတော့ ဘဘကို ပြောလိုက်ဖို့ပဲ ဆုံးဖြတ်လိုက်အတွက ...ာ ရှေ့သို့တိုး၍ လျှောက်လည်းလျှောက်လာမိ ...။ ဘဘရှေ့ပျိုလေး ...ငိုင်နေရာမှာ ထိုင်လည်း ထိုင်ချလိုက်မိရပါပြီ ...။

"အင်ကြင်း ဆိုရင်လဲ ... အဲသလိုပဲဆုံးဖြတ်မှာပါ ဘဘ ...အင် ဘာလို့လဲဆိုတော့ ကိုယ်ကမှ မရပ်တည်ပေးရင် ... ကိုယ့် ... အမေဘက်မှာ ဘယ်သူမှ မရပ်တည်ပေးကြဘူးဆိုတာ သိ ... ထားရတာမို့ပါ ... ပျိုလေး ဆုံးဖြတ်တာ ... အဲသလိုဆုံး ဖြတ်တာပါပဲ ဘဘ ... ဘာလို့လဲ ဆိုတော့ ... အမေဟာ ထောင်ကျချင်ကျနေမယ် ... ဆင်းရဲချင် ဆင်းရဲနေမယ် ... ဆွံ့အ,ရင်အ,နေမယ် ... အဲဒါတွေဖြစ်ကုန်ရတာနဲ့ ... အမေ ဆိုတာက ဖယ်ရှားပစ်လို့ ရနိုင်တာမှမဟုတ်ဘဲ ... အမေဟာ အမေနေရာမှာ အမြဲရှိနေတာပါ ဘဘ ... အသက်ရှင်သည် ဖြစ်စေ ... ကွယ်လွန်ခဲ့ပြီဖြစ်စေ ... အမေဟာ ... အမေပါပဲ၊ ကျန်ရစ်တဲ့သားသမီးအတွက် အမေပါပဲ ..."

ဟု ပြောကာ ဘဘကို မော့လည်းကြည့်မိ ...။ မျက် ...ည်လည်းကျလာရပါပြီ ...။

"ပျိုလေးဟာ အလွန်လိမ္မာတာပါ ... အန်တီယုဇနအပေါ် ဘဘ မုန်းနေတာ သူ သိနေရပေမယ့် ... တစ်ခါမှ ဘဘ အပေါ် သူ အပြစ်မမြင်ခဲ့ပါဘူး ... ထောင်ကျမိန်းမတစ် ယောက်ရဲ့သမီးအဖြစ် သိမ်သိမ်ငယ်ငယ် ဒီအိမ်မှာ နေနေ ရတာပါ ... ဘယ်အထိ သိမ်ငယ်သလဲဆိုရင် ... အင်ကြင်း... မေမေကအစ ... ပျိုလေးကို ဦးနှိမ်ထားလေသမျှ ... တစ်

www.burmeseclassic.com

www.burmeseclassic.com



ခွန်း .. ဘဘကို တိုင်ခဲ့ဖူးလို့လား .. အင်ကြင်း ကိုယ်တိုင်လဲ .. ကိုယ့်အမေက .. ပျိုလေးအပေါ်မှာ .. ကျေးကျွန်လိုဆက်ဆံချင်နေတာကို .. ပျိုလေးဘက်က .. လိုက်လိုက်ပြောပေးနေပေမယ့် .. ဘဘကိုကျတော့ .. မတိုင်ပြောခဲ့ဘူးလေ .. အဲဒါ .. အတ္တပေါ့ ဘဘ .. အင်ကြင်းရဲ့အမေဖြစ်နေတဲ့ .. မေမေ့အပေါ် ဘဘ အပြစ်မပြောအောင် .. အင်ကြင်း ငြိမ်နေခဲ့တာပဲလေ .. မတရားတာကို မတရားဘူးလို့ အမှန်အတိုင်းပြောရဲကြစတမ်းဆိုရင် .. အင်ကြင်းတောင်မှ .. ကိုယ့်အမေအပေါ် အပြောမခံရအောင် ဘဘကို မတိုင်ခဲ့တဲ့ အင်ကြင်းမေ ဖြစ်ခဲ့တာပဲလေ .. အတ္တရဲ့နောက်လိုက်ဖြစ်ခဲ့သေးတာပါပဲ ..”

ဟု ပြောတော့ ဘဘ အင်ကြင်းမေကို ကြည့်လာသည်။

“ဘာလဲ .. ဘဘကလဲ .. ဘဘရဲ့အမေအတွက် .. အတ္တတွေနဲ့ ပျိုလေးအပေါ်မှာ သမီးရင်းပေမယ့် .. ခပ်ကင်းကင်းနေခဲ့တာ အတ္တလို့ ပြောချင်တာလား အင်ကြင်းမေ ..”

ဟု အသံတွေ အက်ကျလာရင်း မခံချင်သည့်နှယ် မေးလာတော့ ..

“လူတိုင်း လူတိုင်းဟာ .. အမေနဲ့ပတ်သက်လာရင် .. အဲသလိုပဲ .. အတ္တဆိုတာမျိုး မွေးမိတတ်တာရှိကြတာကို ပြောတာပါ ဘဘ .. အင်ကြင်းဟာ ပျိုလေးအပေါ်မှာ မတရားလုပ်နေတဲ့ မေမေ့ကို .. အမေဆိုပြီး .. အပြစ်တင်မခံရအောင် .. ဘဘဆီကို .. ဖွင့်မပြောပြဘဲ ရှိခဲ့တာဟာ



ပျိုလေးအပေါ်မှာ အတ္တကြီးခဲ့တာပဲပေါ့ .. ခုလဲ .. ဘဘဟာ .. ဘဘရဲ့သမီးရင်းအပေါ်မှာ .. ထားခဲ့တဲ့အတ္တက အန်တီယုဇနကို တုံ့ပြန်လိုတဲ့ဇောဟူသမျှကို .. ပျိုလေးအပေါ် ပုံချလိုက်တဲ့အတ္တ ဖြစ်နေတယ် ..”

ဟု မထိမ်မချန်စတမ်းကြီး ပြောချလိုက်သည့် အင်ကြင်းမေကို အံ့ဩမှင်တက်စွာ ဘဘ ကြည့်လာသည်။ ပျောင်းနံ့နံ့မိန်းကလေးတစ်ယောက် ..။ တူမတစ်ယောက် ..။ ခုကျတော့ ပျိုလေးအတွက် .. ခံစားရင်း .. ပြောသင့်သည်ဟု ထင်သမျှကို မချွင်းမချန်စတမ်း .. အားမနာစတမ်းကြီး ပြောချလာနေသည်ကောလေ ..။

“ပျိုလေးဟာ .. အန်တီယုဇနရဲ့ ချစ်ခြင်းအောက်မှာ .. ကြီးခဲ့တာပါ .. သူ့အမေပဲ သူချစ်မှာပေါ့ .. ဘယ်သူကပဲ ပစ်ပယ်ရက်ရက် .. သူ့အမေကိုချစ်တဲ့ သူ့အချစ် .. သူ့ကိုချစ်တဲ့ သူ့အမေရဲ့အချစ်ကြောင့် .. သူ့အမေကို .. ဘယ်တော့မှ .. ပစ်ပယ်ရက်မှာလဲမဟုတ်သလို .. ရင်ထဲက ဖယ်ရှားပစ်လိုက်နိုင်မှာလဲ မဟုတ်ဘူး .. အဲဒါ အတ္တမဟုတ်ဘူး ဘဘ .. အမေကိုချစ်တဲ့အချစ် .. အင်ကြင်းရဲ့အတ္တ၊ ဘဘရဲ့အတ္တ .. အဲဒါနဲ့မတူဘူး .. ပျိုလေးရဲ့အချစ်က .. မျှတတဲ့အချစ် .. အဲဒီအချစ်က ဖြစ်တည်တဲ့အတ္တ ဆိုရင်တောင်မှ .. မျှတတဲ့အတ္တ ဆိုတာပဲဖြစ်မယ် .. လူဆိုတာ .. အတ္တနဲ့တော့ မကင်းနိုင်ကြပါဘူး ဘဘရယ် .. သူ့အမေရဲ့ စာလေးတစ်စောင်ကို .. သိမ်းဆည်းထားခွင့်လေး တစ်ခု ဘဘ ပေးလိုက်ခဲ့ရင် .. အတ္တကိုလျှော့လိုက်ရင် .. ဒီနေ့

www.burmeseclassic.com

www.burmeseclassic.com



လို .. ပျိုလေး .. ထွက်ပြေးသွားရတဲ့အဖြစ်မျိုး ဖြစ်လာစရာ အကြောင်းမရှိပါဘူး ဘဘ .. ခု .. ပျိုလေး .. မရှိတော့ဘူးလေ .. ဘဘ ပျော်ပါတော့ ... မေမေကတော့ ပျော်နေတယ် .. အခန်းထဲမှာ တံခါးပိတ်ထားပြီး အင်ကြင်း အပြင်ထွက်လို့မရအောင် တားဆီးတားတဲ့ မေမေကတော့ ပျော်နေတယ် .. အဲဒါ .. မေမေ့စိတ်ရင်းသဏ္ဌာန်အမှန်ပဲ ဘဘ .. ခု .. အင်ကြင်းရဲ့အတ္တကို ဖယ်ရှားပစ်လိုက်ပြီ၊ အမှန်တရားကို ဘဘကို သိအောင်ဖွင့်ပြောပြလိုက်ပြီ .. အဲသလိုပဲ .. ဘဘရဲ့အတ္တကိုလဲ မဖယ်ရှားလိုက်နိုင်သေးဘူးလား .. ဘဘရယ် .. ဟင် ..”

ဟု ပြောတော့ ဘဘ ငိုင်ခနဲဖြစ်နေရာမှ ..

“သူထွက်သွားတာက .. ဘဘသော်နဲ့ပါ .. သူ့အမေရှိတဲ့နေရာကိုပါ ..”

ဟု အက်ကွဲနေသောအသံဖြင့် ကြေကြေကွဲကွဲ ပြောချလိုက်၍ ဤတစ်ကြိမ်မှာ အံ့သြမှင်တက်သွားရသည်က အင်ကြင်းမေပါ ..။ မယုံကြည်နိုင်အောင်လည်း ခံစားနေရပုံလေးဖြင့် ခပ်ငေးငေးကြီး ဘဘကိုကြည့်မိရပါပြီ ..။

“အန့်တီယုဇနဆီကို .. ဟုတ်လား .. ဒါဖြင့် .. ဒါဖြင့် ..”

ဟု အနိုင်နိုင် အံ့သြတကြီး မေးနေချိန်မှာပင် စိတ်လှုပ်ရှားရလွန်း၍ အင်ကြင်းမေ၏ မျက်နှာလေး သွေးရောင်ဖျန်းလာနေသည်။

“ဟုတ်တယ် ... ယုဇနရှိနေတယ် .. သူ .. သူ .. မသေဘူး ..”



ဟု စိတ်လိုက်မာန်ပါကြီး ဘဘ တစ်ချက်ပြောကာ ငိုင်ကျသွားသည်။ မျက်ရည်ကျလာသည်။

“ငါ့အမေကိုသတ်တဲ့မိန်းမ .. အသက်ရှင်နေတုန်းပဲ အင်ကြင်းမေ .. သူ .. သူ .. ဘဘရဲ့သမီးဆီကို မလာအောင် မဆက်သွယ်အောင် .. သူ့ကို မိုင်းလှိုင်ဆိုတဲ့ မြို့လေးတစ်မြို့ကို ဘဘ ပို့ခဲ့တာ .. သူ ထောင်က လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်ခဲ့စဉ်က .. ဘဘဆီကို .. ဆက်သွယ်ခဲ့တယ်၊ သူ့သမီးကို သူ တွေ့ပါရစေတွေ့ ဘာတွေလုပ်ခဲ့တယ် .. ဘဘ လက်မခံခဲ့ဘူး .. သမီးကို သူ့လက်ထဲ မထည့်နိုင်တာ ဘဘရဲ့အတ္တလား .. ဘဘရဲ့အရိပ်မှာ ထားတာဟာ ဘဘရဲ့အတ္တလား .. အဲသလိုပြောဦးမလား .. လုံမေပျိုကို .. ဘဘ .. ဒီအိမ်မှာထားတယ် .. လုံခြုံအောင်ထားတယ် .. သူ့အမေနဲ့တူလွန်းတဲ့ ရုပ်အဆင်းကြောင့် .. သူ့အမေရဲ့သွေးပါတယ်ဆိုတဲ့ အတွေးကြောင့် .. ဘဘ .. သူ့ကို ကင်းအောင်စောင့်နေခဲ့တယ် .. ဒါပေမဲ့ .. ပျိုလေးကို သူ့အမေဆီကို မထည့်ခဲ့ဘူး .. ဘဘရဲ့အရိပ်မှာပဲ ဆက်ထားတယ် .. အဲဒါဟာ အဖေတစ်ယောက်ရဲ့ချစ်ခြင်းကြောင့်ပဲ .. အဲဒါကို အတ္တလို့ပြောဦးမလား အင်ကြင်းမေ .. ဟင် ပြောဦးမလား ..”

ဘဘသည်လည်း ရင်ဖွင့်ရာတစ်ခုအဖြစ် အင်ကြင်းမေကို နေရာထားလျက် ပြောလည်းပြော မျက်ရည်လည်း လည်နေတော့ အင်ကြင်းမေ တစ်ချက်ငြိမ်နေသည်။ ပျိုလေးမှာ အမေရှိနေဆဲ ..။ အသက်ရှင်နေဆဲ .. ဆိုတာကို လောလောလတ်လတ်

www.burmeseclassic.com

www.burmeseclassic.com



ကြီး ခုမှသိလိုက်ရတာမို့ ရုတ်တရက် ငြိမ်ကျသွားခြင်းမက ငြိမ်ကျနေရသည့်အဖြစ် ..။ ဤအဖြစ်ကို မမကြီး သခင်မေရော .. မေမေရော မသိကြသေး ..။ သိလျှင် ဘာတွေဆက်ပြောကြရချဦးမည်မသိ ..။ ပျိုလေး မရှိတော့တာကို အရမ်းပျော်နေကြသည့် အတ္တတွေဖြင့် လက်ရှိအချိန်မှာတော့ အခန်းထဲမှာ မေမေနှင့် မမကြီးတို့ စိတ်လက်ကြည်သာနေကြချေပေလိမ့်မည်။ ဘာဘ မျက်ရည်လည်နေချိန် ..။ ပျိုလေး မျက်ရည်ကျလျက် .. ငုဝါမြိုင်မှာပင် မရှိတော့သည့်အချိန်မှာ ပျော်ရက်နေနိုင်စွမ်းပါ[illegible]ည့် မိခင်နှင့်အစ်မကြီးကိုတော့ .. အင်ကြင်းမေ လက်ဖျားခါအောင် စိတ်ပျက်နားလည်ခဲ့ရပါသည့်အဖြစ် ..။

"ဟင် .. ပြောဦးမလို့လား .. ဘာဘကို အတ္တကြီးတယ်လို့"

ဟု ထပ်၍မေးလာတော့ အင်ကြင်းမေ ခေါင်းညိတ်သည်။ မတတ်နိုင် ..။ ဤအချိန်မှာ နားဝင်ချိုအောင် စကားလှလှလေးတွေနှင့် ပြောနေခြင်းထက် ..။ အမှန်တရားကို သတ္တိရှိရှိ .. ရဲဝံ့စွာပြောချလိုက်ရဲဖို့ လိုအပ်နေပြီ ..။

လက်အုပ်လေးချီ၍ ဘာဘကို ကန်တော့လိုက်ပြီးမှ ..

"အင်ကြင်း ပြောတာကို .. ကန်တော့ပါတယ် ဘာဘရယ်၊ ခွင့်လွှတ်နားထောင်ပေးပါ .. ဘာဘ မေးလာလို့ အင်ကြင်း ဖြေပါ့မယ် .. အဲဒါ .. ဘာဘ အတ္တကြီးတာပါပဲ .. ပျိုလေးကို ဘာဘ ကင်းအောင်လဲနေတယ် .. ဒီအိမ်ကြီးမှာ အထီးကျန်နေစေခဲ့တယ် .. ပျိုလေးဟာ .. ဒီငုဝါမြိုင်မှာ အနှိမ်ခံအဖြစ်နေရတာထက် .. အဖေရဲ့ဥပေက္ခာပြုထားတဲ့အဖြစ်ကို ရင်ဆိုင်လက်ခံပေးနေရတာထက် .. အဲဒီမိုင်းလှိုင်ဆိုတဲ့



မြို့လေးမှာ အမေနဲ့အတူနေနေရတာကမှ .. စိတ်ချမ်းသာနေရမှာပါ .. ဘာဘဟာ .. အေးမြတဲ့ချစ်ခြင်းရဲ့အရိပ်ကိုလဲ ပျိုလေးကို မပေးဘူး .. ပြီးတော့ .. အမေရဲ့အရိပ်မှာလဲ မထားဘူး .. ငုဝါမြိုင်မှာပဲ ပျိုလေးကို အထီးကျန်နေစေခဲ့တယ် .. ဘယ်နှခါများ .. ပျိုလေး ပညာရေး ဘယ်လိုရှိနေလဲဆိုတာ ဘာဘ မေးဖူးလဲ .. ပျိုလေး ဆွယ်တာန်းအောင်တာတောင် ဘာဘ စိတ်ဝင်စားခဲ့ရဲ့လား .. ပျိုလေး ဘယ်လိုဝတ်စားရတယ် .. ဘယ်လိုနေထိုင်နေရတယ် .. ပျိုလေးရဲ့အခန်းနဲ့ .. အင်ကြင်းတို့ရဲ့အခန်း .. ဘယ်လောက်ခြားနားနေတယ် ဆိုတာ ဘာဘ သိခဲ့ဖူးလို့လား .. ဘာဘဟာ ဘွားကိုသတ်တဲ့ အန်တီယုဇနအပေါ်မှာ နာကြည်းနေတာကို မဖျောက်နိုင်ဘဲ ဖြစ်နေရင်း ပျိုလေးအပေါ်မှာ ဥပေက္ခာပြုထားပုံကြီးက တာဝန်မဲ့လွန်းနေသလို ဖြစ်နေတယ် .. ကန်တော့ရင်း ပြောပါရစေ .. ဆက်ပြောပါရစေ .. အမှန်တရားအတွက် အင်ကြင်း ပြောချလိုက်ပါရစေတော့ .. အဲသလို ဘာဘ နေပြခဲ့တာကို အင်ကြင်းတောင် မကြည့်ရက်ဘူး .. ဒါပေမဲ့ ပျိုလေးဟာ ဘယ်တုန်းကမှ .. ဘာဘကို အပြစ်မပြောခဲ့ဖူးဘူး .. အဖေကို ချစ်နေတာပဲ ရှိခဲ့တယ် .. ဘာဘဟာ ဘယ်လောက်အထိ အတ္တကြီးခဲ့သလဲ ဆိုရင် .. သမီးတစ်ယောက်ဟာ .. သူ့အဖေကို ချစ်နေရှာမှာပါလားဆိုတဲ့ အသိ .. သမီးရဲ့အချစ်ကိုတောင် မေ့ထားခဲ့ရက်နိုင်တာပဲ လေ .. ပျိုလေးဟာ သူ့အဖေကို အမြဲရည်မှန်းကန်တော့ပြီးမှ အိပ်ရာဝင်တဲ့ ပျိုလေးပါ .. ဘယ်လောက်မယုံနိုင်စရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ ငုဝါမြိုင်လဲ ... ဟင် ... အဖေနဲ့အတူနေတဲ့ သမီးတစ်ယောက်ဟာ ... အဖေကို ... ညတိုင်း ... ကိုယ်တိုင်ကန်တော့ခွင့်မရခဲ့တာ ဘယ်လောက်ကြာခဲ့ဖူးသလဲ ... ခု ... နောက်ပိုင်းကျမှ ... ကန်တော့ခွင့်ရခဲ့တာပါ ... ဒီတော့ ဘဘဟာ ဘဘ မပေးခဲ့တဲ့ အချစ်တွေကို ပေးနိုင်မယ့် အန့်တီ ယုဇနဆီကိုလဲ ပျိုလေးကိုမထည့်ဘူး ... ဘဘကိုယ်တိုင်ကလဲ ... ဖခင်ရဲ့ချစ်ခြင်းကို ... ပျိုလေးအပေါ်မှာ မပေးခဲ့ဘူး ... အဲဒါဟာ အတ္တမဟုတ်လို့ ... ဘာလို့ခေါ်ရမှာလဲ ဘဘရယ် ... ခု ... အားလုံးကို ပျိုလေး အရှုံးပေးသွားပြီ ဘဘ ... သူ မနေတော့ဘူး ... ငုဝါမြိုင်က ထွက်သွားပြီ”

ဆက်တိုက် အင်ကြင်းမေ ပြောနေသည်။ ဘဘ ခေါင်းယမ်းနေဆဲ ...။ လက်မခံနိုင်သေးဘဲ ဖြစ်နေသည့်နှယ် ရှိနေဆဲ။

“သူ မရှိတော့တဲ့အတွက် ... ဘဘကလဲ ... ဒီမှာ ... ထိုင်နေတဲ့ အဖေတစ်ယောက်အဖြစ်ရှိနေတယ် ... လိုက်မရှာဘူး ... မေမေနဲ့ မမကြီးကလဲ အခန်းထဲမှာ ပျော်နေကြတယ် ... အဲသလို ပျော်နေကြတာကို ... ခု ... အင်ကြင်း ... ဘယ်လိုမှ မျိုသိပ်ဖုံးကွယ်မထားနိုင်တော့ဘဲ ... ဖွင့်ပြောချလိုက်ပြီ ... ခု ... ... ဘဘ သိနေပြီ ... ဘဘ ဘာဆက်လုပ်ဖို့ ဆုံးဖြတ်ထားသလဲ ... ဘာမှ မဆုံးဖြတ်သေးဘူး ... ခုထိ ... ဘဘရဲ့ အတ္တနဲ့ ဘဘ ရှိနေတုန်းပဲ ...”

ဟုပြောတော့ ဘဘ ခေါင်းမော့လာသည်။ ထိုင်နေသည့် အင်ကြင်းမေကို ... ဖျတ်ခနဲ ငုံ့ငိုက်၍ စိုက်ကြည့်လာသည်။



ခေါင်းငိုက်စိုက်ချထားရာမှ ပြောင်းလဲလာသည့်ဟန်သည် ခပ်တင်းတင်းဘက်ဆီသို့ ဖျတ်ခနဲ ဖျတ်ခနဲ ကူးသွားနေသည်။

“ဘာဆက်လုပ်ရမလဲ ... ဟုတ်လား ... သူ့အမေဆီသွားလိုက်တာကို ... ဘဘက ဘာလုပ်ရမှာလဲ ... ဘာလုပ်ရဦးမှာလဲ ... သူ့လမ်းသူ ရွေးချယ်ပြီးသွားပြီလေ ... ခု ... ခု ဘဘ ... အထီးကျန်ရှိနေတယ် ဆိုတာကို ... ဘာလို့ ... အင်ကြင်းမေ မပြောနိုင်ရတာလဲ ... သတိမထားနိုင်ရတာလဲ”

ဟု မခံချင်ဇောဖြင့် အော်ပြောလာတော့ အင်ကြင်းမေ ဤတစ်ကြိမ်မှာတော့ အလျှော့မပေးနိုင်သည့်နှယ် ကိုယ်လေးကို ပြန်မတ်၍ ဘဘကို မော့ကြည့်ဝံ့သည်။

“အထီးကျန် ... ဟုတ်လား ဘဘ ... ဘဘမှာ စည်းစိမ်ချမ်းသာလဲရှိတယ် ... ဘာလိုချင်ချင် ... အရန်သင့်ရှိတယ် ... စားချိန်တန်စား ... လုပ်စရာရှိတာလုပ် ... အားလုံးအသင့်၊ ဘဘ ... အစဉ်တစိုက် ... အချိန်ကြာမြင့်စွာ ... ဥပေက္ခာပြုထားတဲ့ဒဏ်ကို ပျိုလေး ခံနိုင်အောင် ... မျိုသိပ်ရင်ဆိုင်ခဲ့တုန်းက ဘာတစ်ခွန်းမှ မပြောခဲ့ဖူးဘူး ... ခု ... ပျိုလေး တစ်ခါပဲ ... သူ့အမေဘက်ကို ရပ်တည်လိုက်ရုံနဲ့ ... ဘဘက အထီးကျန်နေရပြီလို့ ... ပြောနေတယ် ဟုတ်လား ... အဲဒါကို အထီးကျန်လို့ ဘဘ ပြောရင် ... ဒီအထီးကျန်မှုဟာ ... အချိန်ပိုင်းပဲ ရှိသေးတယ် ... ပျိုလေးက ... နှစ်နဲ့ချီ ခံစားခဲ့ရတာပါ ဘဘရဲ့ ...”

ဟု ပြောလာတော့ ဘဘ တစ်ချက်အငိုင်ကြီးငိုင်ကျသွားရကာ ခပ်တွေတွေကြီး အင်ကြင်းမေကို စိုက်ကြည့်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘဘ၏နှုတ်ခမ်းတွေ တုန်ခါလာနေသည်။ မျက်ဝန်းများကို စုံမှိတ်ချလိုက်သည်။ လက်ဖဝါးတွေက ခုတင်စွန်းနေရာကို ဆုပ်ခဲထားသည်။

"ဟုတ်နေတာပါပဲလား .. ဟုတ်နေတာပါပဲလား .."

ဟု ခပ်ညည်းညည်း ပြောသံသည် တဆို့တနင့် နိုင်နေသည်။

အင်ကြင်းမေ၏ ဆံစများထက်မှာ ဘဘ၏ လက်ဖဝါးတွေ တုန်တုန်ခါခါ ဖေးတင်လာကြပါ၏။

"ပျိုလေး မရှိတဲ့အတွက် .. မျက်ရည်ကျနေတဲ့သူဟာ .. ဒေါ်ကြီးနှင်းရယ် .. အင်ကြင်းရယ် .. ပြီးတော့ .. ဘဘသော်ရယ်ပါ .. လေးလေးကျော်လဲ ပျိုလေးကို ကားနဲ့ လိုက်ရှာနေတယ် .. ပြန်မလာသေးဘူး .. တွေ့မှတွေ့ပါ့ မလားမသိဘူး ဘဘ .."

ဟု ဘဘ၏ ပျော့ပျောင်းလာသည့် မျက်နှာကို မော့ကြည့်ကာ ဝမ်းနည်းရှိုက်တက်လာရင်း ခုမှ အားကိုးရသလို ဘဘ၏ပေါင်ပေါ် ခေါင်းကိုတင်ရင်း အင်ကြင်းမေ ငိုပြောနေတော့ ဘဘအသံမှ ဟင်ခနဲ အသံပွင့်ထွက်လာသည်။

"ဦးသော် ကျန်နေတယ် .. ဟုတ်လား .. တူတူသွားလိုက်ကြတာ မဟုတ်ဘူးလား .."

ဟု နားမလည်နိုင်သလိုလည်းမေး .. စိတ်လည်းပူပန်သွားရပုံကြီးဖြင့် ထရပ်လိုက်ပါပြီတည်း ..။

"ဟုတ်တယ် .. ဘဘသော် မပါသွားဘူး .. ပျိုလေးတစ်ယောက်တည်း ထွက်ပြေးသွားတာ .. ရိုးရိုးမဟုတ်ဘူး ..



ငိုပြေးသွားရှာမှာ .. အင်ကြင်း သိတယ် .. ငိုရင်းသွားလိုက်ရှာမှာ .."

အခန်းထဲမှာ ချောင်ပိတ်မိနေရသလို အင်ကြင်းမေရတာမို့ ပျိုလေး ထွက်ပြေးသွားရလေသမျှ မမြင်ရပေမယ့် ..။ လိုလိုသိနှင့်နေလေသမျှ ဖွင့်ပြောတော့ ဘဘ ခြေလှမ်းကျဲကြီး အပြင်သို့ထွက်ခဲ့သည်။

"ဦးသော် .. ဦးသော် .."

ဟု အောက်ဘက်ကို ငုံ့ကိုင်း၍ အော်ခေါ်နေတာမို့ ကြားလိုက် ဘဘသော် တက်လာပါ၏။ မျက်နှာပျက်လျက် ဘဘသော် ရပ်နေတော့ ..

"ပျိုလေးနဲ့ တူတူသွားလိုက်ကြပြီထင်နေတာ .."

ဟု ဘဘ မေးတော့ .. ဘဘသော်မှ ..

"ဦးသော် .. ပျိုလေး အဲ့သလိုထွက်ပြေးသွားမယ် ဆိုတာကိုလဲ မထင်ခဲ့မိဘူးလေ .. အစ်ကိုလေးကို အခန်းပြင်ကကန်တော့နေရင်း ပျိုလေး ငိုနေတာပါပဲ .. အဲဒီကနေ .. ရုတ်တရက်ကြီး ပြေးထွက်သွားတော့ .. ဦးသော် လိုက်ပေမယ့် မမီတော့ဘူး .."

ဟု ပြောရင်း မျက်ရည်ကျနေခိုက် ..

"သူ့အမေဆီ သွားလိုက်ပြီထင်တယ် .."

ဟု ဘဘ ပြောခိုက် ဘဘသော်မှ ခေါင်းခါကာ ..

"လိပ်စာကိုမှ ပျိုလေး မသိတာပဲ အစ်ကိုလေးရယ် .. လိပ်စာက .. ဦးသော်ဆီမှာပဲ ရှိနေတာ .. ပျိုလေး .. အရမ်းကို စိတ်ထိခိုက်ပြီးထွက်သွားတာ .. ဘယ်ကိုရော

www.burmeseclassic.com

www.burmeseclassic.com



မယ်ပေါက်မယ်တောင် မသိပေါင်ကွယ် .. ခု .. ဦးသော်
လဲ မောင်ကျော်အလာကို စောင့်နေတာပါ .. ပျိုလေးကိုတွေ့
လာတယ်ဆိုရင် .. သူ့ကိုခေါ်ပြီး မမလေးဆီသွားဖို့ပါ ..
သူ့အမေနဲ့ သမီး တွေ့ကြပြီးရင်တော့ .. ဦးသော်လဲ
ရှာပြန်မှာပါပဲ .."

ဟု မျက်ရည်ကျရင်း တောက်လျှောက်ပြောနေသော ဦးရန်လင်းအောင်၏ နှုတ်မှ ဟင်းခနဲ အသံပွင့်ကျလာသည့် မျက်စိတွေ ပြာခနဲဖြစ်လာလျက် လက်က ရပ်နေသည့်အပေါ်ဘ စကြိုလမ်းလက်ရန်းနေရာမှာ လက်ဖဝါးတွေ ဆုပ်တင်ထားလို ရပါပြီတည်း ..။

"ပျိုလေး သွား .. ဆိုရင်လဲ သွားပါ့မယ် ဖေဖေရဲ့
မလာနဲ့ဆိုရင်လဲ မလာတော့ပါဘူး ဖေဖေရဲ့ .. ဒါပေ
ဖေဖေ့ကို ပျိုလေး ချစ်တယ် ဖေဖေ .. ပျိုလေး ချစ်တ
ဖေဖေ .. ယုံပါ .. အဲဒါကိုတော့ .. ယုံပါ ဖေဖေရဲ့"

ဟု စာကြည့်ခန်းမှ အဖေလှပ်သူ နောက်ကိုလ မကြည့်စတမ်း ထွက်ခွာခဲ့စဉ်တုန်းက ငိုယိုအော်ဟစ်ရင်း ပြော ရှာပါသည့် သမီး၏စကားသံလေးတွေ ခုကျမှ ပြန်၍ ပြ တနင့်နင့်ခံစားရင်း ကြားနေမိရ ..။ နောင်တဖြစ်နေရနှင့်ပ ထိုစဉ်တုန်းကတော့ .. အမေကို ရွေးချယ်သည့်သမီး .. အ နေလေတော့ .. ဟု နာကြည်းကြေကွဲစိတ်ဖြင့် နောက်က လှည့်မကြည့်မိခဲ့ ..။ သြော် .. ပို့ကျနေချေမည့် သမီးလေး၏ မျ ရည်စက်များကိုပင် ငဲ့မကြည့်ဖြစ်ခဲ့ချေသည်ကော ..။ ခုကျ ရင်သည် .. မွမွကျေနေသည်သို့ ရှိလာနေရပါပြီတည်း ..။



"ငါ့အခန်းတံခါး အပြင်ဘက်မှာထိ .. သမီးလေး လိုက်လာ ပြီး ကန်တော့သွားတယ် ဆိုပါလား .. အို .. အဲဒီအချိန် တုန်းက .. ငါလဲ .. ငါလဲ .. ရေချိုးခန်းဗေစင်မှာ မျက် နှာသစ်နေခဲ့တယ် .. ကျလာတဲ့မျက်ရည်တွေကို ရေနဲ့ရော ထွေးနေစေခဲ့ရင်း ငိုနေခဲ့တယ် .. သမီးလေးအခန်းပြင်မှာ ရှိနေတာ .. ငါ မသိခဲ့ဘူး .. သူ .. သူ .. ကန်တော့ရင်း ဘာတွေများပြောခဲ့ရှာပါလိမ့် .. ပြောခဲ့ရှာပါလိမ့် .."

ဟု တွေးလည်းတွေး ..။ ဦးသော်ကိုလည်း မေးချ က်မိရပါပြီ ..။

"ကျွန်တော့်ကို အခန်းပြင်မှာကန်တော့ရင်း .. သမီးလေး ဘာတွေပြောခဲ့သလဲ ဦးသော် .. ဘာတွေများ ပြောခဲ့သလဲ ဗျာ"

ဟု မေးသံက ကွဲကွဲအက်အက် ..။ တုန်တုန်ခါခါ ..။

"အခန်းတံခါးကို အစ်ကိုလေး ဖွင့်မပေးဘူးဆိုတာ သူ သိပါတယ်တဲ့ .. ဒါပေမဲ့ .. ကန်တော့ခဲ့ပါရစေတဲ့ .. သူ့ အဖေ ကြေကွဲခံစားနေချိန်မှာ .. သူ့အမေဆီကို သူ မသွား ရက်ပါဘူးတဲ့ .. သူ့အမေဆီကိုလဲ မသွားပါဘူးတဲ့၊ သူ့ကို အစ်ကိုလေး ပြန်ခေါ်မယ့်ရက်အထိ .. သူ ဧဝါမြိုင်က ထွက်သွားပေးလိုက်ပါ့မယ်တဲ့ .. သူ .. ဘာမှယူမသွားပါ ဘူးတဲ့ .. အားလုံး ချန်ခဲ့ပါတယ်တဲ့ .. အဲသလို ငိုပြောနေ တာမှ မကြည့်ရက်စရာပါ .. ပြီးတာနဲ့ ဖြန်းစားကြီး ပြေးထွက် သွားတော့ ဦးသော်လဲ .. မထင်ထားတာမို့ သူ့ကိုဖမ်းထား ချိန်မရလိုက်ဘူး .. ဦးသော် နောက်ကပြေးလိုက်တာပါပဲ ..

www.burmeseclassic.com

မမိတော့ဘူး .. အရေးထဲ မောင်ကျော်ကလဲ .. ဒီနေ့ဖြစ်တာတွေကို စိတ်လက်ဆင်းရဲလှချေရဲ့ ဆိုပြီး ခြံနောက်ဘက်က ပိတောက်ပင်ကြီးအောက်မှာ သွားထိုင်နေသတဲ့ .. ဦးသော်.. ပျိုလေးကို လိုက်မမီလို့ သူ့ကားနဲ့လိုက်ရှာပေးဖို့ ပြောဖို့ဥစ္စာ .. သူ့ကို မနည်းတွေ့အောင် လိုက်ရှာယူရတယ် .. နဲ့ .. မောင်ကျော် .. ကားနဲ့ သွားရှာနေပါတယ် အစ်ကိုလေး ..”

ဟု ဦးသော် ပြောတော့ ..

“ဟင် .. ဘာမှ ယူမသွားဘူး ..”

ဟု ဦးရန်လင်းအောင် နှုတ်မှလည်း ပွင့်ကျသွားရ။

မျက်နှာထက်မှာ သွေးရောင်ဖျော့ကျသွားကာ ..

“အမြန်ဆုံး သမီးကို လိုက်ရှာမှဖြစ်မယ် .. ဒုက္ခပါပဲ .. သမီးလေး ဘယ်ကို ထွက်သွားတာတဲ့လဲ .. သူ့အမေဆီ မသွားဘဲ ဘယ်ကိုသွားလိုက်တာတဲ့လဲ .. ဘယ်ကိုလိုက်ရှာရမှာလဲ .. သူ့သူငယ်ချင်းတွေအိမ်ကို အရင်လိုက်ရှာရမယ် .. ဦးသော် .. အဲဒီ ပျိုလေးရဲ့သူငယ်ချင်းတွေရဲ့ လိပ်စာသိတယ်မဟုတ်လား .. အိမ်ကိုရောသိတယ်မဟုတ်လား .. ဖိတ်စာလိုက်ပို့ပေးရတယ်မဟုတ်လား .. အဲဒီကို အရင်လိုက်ကြရအောင် ..”

ဟု ပြောတော့ ..

“ပျိုလေးက .. သူငယ်ချင်းတွေကို .. ဖုန်းနဲ့လည်းဆက်ပြီး ဖိတ်တယ် .. အိမ်ကိုလဲ ဖိတ်စာပို့ပါတယ် အစ်ကိုလေး .. မောင်ကျော် သိပါလိမ့်မယ် ..”



ဟု ဖြေတော့ လမ်းဆုံးနေပြီ ..။ ဦးကျော်ကလည်း ပြန်မရောက်သေး ..။ ဦးရန်လင်းအောင် သမီးဆောဖြင့် လှေကားထစ်တွေကို ဖြတ်နင်း၍ အလောတကြီးဆင်းသည်။ ကားရပ်ထားပါသည့် ပေါ်တီကိုအောက်ရောက်တော့ ..

“ဦးကျော် သမီးကို တွေ့လို့ ပြန်ခေါ်လာတယ်ဆိုရင် .. အိမ်မှာ .. သမီးကို ဂရုတစိုက်ရှိကြပါ .. ကျွန်တော် သမီးကို လိုက်ရှာနေတယ်ဆိုတာကိုလဲ ပြောပြကြပါ .. ကျွန်တော့် လက်ကိုင်ဖုန်းကိုလဲ ဖုန်းဆက်ပြောကြပါ .. ကဲ သမီး အင်ကြင်းမေ .. ဘဘနဲ့ အတူလိုက်ခဲ့ .. သူ့သူငယ်ချင်းတွေ အိမ်သိလား ..”

ဟု မေးတော့ အင်ကြင်းမေ ခေါင်းခါသည်။ ဟုတ်သည် .. အိမ်ကိုတော့ အင်ကြင်းမေမှ မသိဘဲလေ ..။ အိမ်မသိဟု ဖြေတာမို့ ဦးရန်လင်းအောင် စိတ်မောသွားပုံဖြင့် ကားထဲသို့ အလောတကြီးဝင်သည်။ အင်ကြင်းမေက ကမန်းကတမ်းလေး ကားမောင်းသူနေရာကို အရင်ဝင်လိုက်ရကာ ..

“အင်ကြင်း မောင်းပါမယ် ဘဘ”

ဟု ပြောလိုက်ရပါပြီတည်း ..။ အရမ်းကို စိတ်ပူနေပါသည့် ဘဘကို ကားမမောင်းစေချင်သည်က အင်ကြင်းမေပါ။

ထိုစဉ်ခိုက် ဦးကျော် မောင်းဝင်လာသည့်ကားကို မြင်ကြရတာမို့ ကားထဲမှ ပြန်ဆင်းကြ ..။ အလောတကြီး ပူပန်သလဲဖြင့် ကားထဲမှာ ပျိုလေး ပါလာချေသည်လားဟု မျှော်လင့်ချင်စိတ်ဖြင့် ကြည့်မိကြနှင့်ပါ ..။

www.burmeseclassic.com



ဒါပေမဲ့ .. ဦးကျော်တစ်ယောက်တည်းဖြစ်နေတာမို

"လေးလေးကျော် .. အင်ကြင်းတို့ ပျိုလေးရဲ့သူငယ်ချင်း
တွေအိမ်ကို လိုက်ကြည့်ကြရအောင် .."

ဟုပြောခိုက် .. လေးလေးကျော်မှ ခေါင်းခါလိုက်
သည်ကိုသာ ရင်မောစွာ .. မြင်လိုက်ကြရချေသည်တကား ..

ပျိုလေးကို .. သူငယ်ချင်းတွေအိမ်အထိ လေးလေး
ကျော် လိုက်ရှာခဲ့ပြီးပြီ ဆိုတာ အင်ကြင်း သိလည်းသိလိုက်ရ ..
ပျိုလေးအတွက် စိတ်အရမ်းပူရနှင့် ဖြစ်နေရစဉ်ခိုက် ..

"ဒါဆို .. ဒါဆို .. သမီးကို .. ဘယ်လိုရှာကြရတော့မှာ
ဘုရား .. ဘုရား .. သမီးလေး .. ဖေဖေ့ကို စိတ်အရမ်း
ပြီး .. ထွက်သွားတာမဟုတ်ဘူး ဆိုတာလဲ ဖေဖေ သိ
တယ်၊ .. ဖေဖေ့အမုန်းတွေ ရပြီဆိုပြီး အရမ်းကြေကွဲအ
ငယ်နေရှာတယ် ဆိုတာကိုလဲ သိနေရတယ် .. ခုမှ ..
ဖေဖေ .. နောင်တအရကြီး ရနေပါပေါ့ သမီးလေးရယ် .."

ဟု ပြောလည်းပြော ..။ မျက်ရည်တွေကျလာ
ပေါ်တီကိုအောက်ရှိ အိမ်အဝင်လှေကားထစ်ထက်မှာ ဦးရန်
အောင် မျက်နှာကို လက်ဝါးအုပ်၍ ထိုင်ချရင်း .. ငိုချလိုက်
သည်တည့် ..။

✻ ❤ ✻





မျှဝေခံစားတတ်တဲ့
နှလုံးသားနုနုလေးဟာ
ခိုင်မာသိမ်မွေ့တဲ့
အနာဂတ်ပန်းချီကားကို
ဖန်ဆင်းနိုင်သလို ...
လှပနူးညံ့တဲ့
ဘဝကဗျာတစ်ပုဒ်ကိုလည်း
ဖန်ဆင်းနိုင်တယ် ...။

အဲဒီ ...
ကဗျာရေးတဲ့ ...
ပန်းချီဆွဲတဲ့ ...
နှလုံးသားဟာ
အင်အားကြီးမားတဲ့
ဖန်ဆင်းရှင်တစ်ခုပါပဲ ...။



✻ ❤ ✻

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၀)

အစ်ကိုလေး၏ နံ့သာမြိုင်သည် သစ်ခွမြိုင်တော... ဂါးဒင်းနှယ်ပင် ပန်းမျိုးစုံသော နေရာကြီးတစ်ခု ဖြစ်လျက် ... နှစ်ထပ်အဆောက်အအုံမြင့်မြင့်ကြီးက မိုးပြာရောင် အုတ်နံရံ... အမြင်အေးစဖွယ် ရှိနေသည်ပါပဲ ..။

ပေါ်တီကိုကြီးအောက်မှာ ကားကိုရပ်လိုက်ချိန်... အစ်ကိုလေး ပြုံး၍ ပျိုလေးကို ကြည့်လာပါ၏။ အားပေးပြုံး... ဆန်သည်။ အစ်ကိုကြီးတစ်ယောက်နှယ်လည်း ရှိသည်။

"နံ့သာမြိုင်ဟာ .. ပျိုလေးရဲ့ အစ်ကိုတစ်ယောက်ရဲ့ အ... ဖြစ်တယ်ဆိုတာမမေ့နဲ့ ပျိုလေး .. ထပ်ပြောမယ် .. ပျို... ရဲ့အစ်ကို့အိမ် .. ဟုတ်ပြီလား .. လာ .. ဆင်းကြ... နံ့သာမြိုင်က လူတွေရှေ့မှာ မျက်ရည်မကျရဘူးနော် ညီမလေးတစ်ယောက်က အစ်ကိုတစ်ယောက်ရဲ့အိမ်... ရောက်လာတဲ့ ပုံမျိုးလေးဖြစ်အောင် .. ပျော်ရွှင်သွက်လ... နေတဲ့ ခြေလှမ်းလေးတွေနဲ့ နံ့သာမြိုင်ကို ဝင်ရလိမ့်... ပျိုလေး .."



တကယ်တော့ .. ပျိုလေး မျက်ရည်မကျအောင် .. စိတ်မထိခိုက်အောင် အတတ်နိုင်ဆုံး ကြိုးစားနေခြင်းဆိုတာ ပျိုလေး သိပါသည်။ အစ်ကိုလေး ကားပေါ်မှဆင်းတော့ ပျိုလေးလည်း တံခါးရွက်ကိုဖွင့်၍ ဆင်းသည်။ ပျိုလေး ဆင်းဖို့အတွက် အစ်ကိုလေးက ကားတံခါးကအစ ဖွင့်ပေးနေရစေသည်အထိ စောင့်ဆိုင်းနေတာမျိုး မလုပ်အပ် ..။ ဒါကို .. ပျိုလေး တရိုတသေထားစိတ်လေးဖြင့် မှတ်ယူလျက် ကားတံခါးကိုဖွင့်ဆင်းလိုက်ရခြင်းပါ။ ဒါပေမဲ့ .. ရင်ထဲမှာ ကြေကွဲနေတာကတော့ ကြေကွဲနေသည်ပါပဲလေ ..။ စိတ်ထိခိုက်နေခြင်းကလည်း ရင်နှင့်မဆန့် ..။ ဖေဖေ့မျက်ဝန်းတွေမှာ မြင်ခဲ့ရပါလေသော ခံပြင်းရိပ်နှင့် ကြေကွဲနာကျင်နေသည့်အရိပ်တွေကို ပျိုလေး အာရုံထဲမှ ဖျောက်၍မရ ..။ ဖေဖေ အရမ်းကို စိတ်နာသွားပြီဆိုတာကို သိနေရခြင်းကိုက ပျိုလေး၏ ရင်ကို လောင်မြိုက်နေစေသည်။ အားငယ်ချောက်ချားနေစေသည်။ ဆောက်တည်ရာမရဖြစ်နေသည် ..။

ကားသံကြောင့် အိမ်တံခါးမကြီးမှာ အဒေါ်ကြီးတစ်ယောက် ရောက်လာသည်။ ချာတိတ်မလေးတစ်ယောက်လည်း ရောက်လာသည်။ အစ်ကိုလေး လက်ထဲမှ သားရေအိတ်ကို ချာတိတ်မလေး တရိုတသေယူတော့ ကမ်းပေးလိုက်ရင်းမှ ..

"အစ်ကိုလေးရဲ့ စာကြည့်ခန်းထဲယူသွား .. ပြီးတော့ ဒီက မမလေးအတွက် ကော်ဖီပူပူတစ်ခွက် .. အစ်ကိုလေးအတွက်လဲ တစ်ခွက်ယူလာခဲ့ .. ဒေါ်လေးငြိမ်း ဘာမုန့်ရှိလဲ .. ကောင်းတာလေး မြရီနဲ့ ထည့်ပေးလိုက်ပါ .. ဒါ.. ကျွန်တော့ညီမ .. လုံမေပျို .. သူ့အတွက် .. အခန်းသေချာ

www.burmeseclassic.com

www.burmeseclassic.com



ပြင်ပေးပါ .. အပေါ်ထပ်မှာပြင်ပါ .. ညကျရင် .. မြရီ အဖော်လုပ်အိပ်ပါစေ .. သူ .. လိုတာအားလုံး လိုက်လုပ်ပေးပါ .. ပျိုလေးက .. နည်းနည်း နေထိုင်မကောင်းချင်ဘူး၊ သူ့ကို ဂရုတစိုက်ရှိစေချင်ပါတယ် .. ကဲ .. ပျိုလေး .. အစ်ကိုလေးရဲ့ စာကြည့်ခန်းကိုသွားကြရအောင် .. အစ်ကိုလေး စာလဲရေးတဲ့အခန်း ဆိုပါတော့ .. လာ .. လာ .."

ဟု အားလုံး ဦးဆောင်၍ .. အစ်ကိုလေး မိတ်ဆက်ပေး ..။ ခေါ်လည်း ခေါ်လာတော့ ပျိုလေး လိုက်ခဲ့ရသည်ပါပဲ ..။ အားလုံးကိုလည်း ပျိုလေး ပြုံးပြဖြစ်ခဲ့ပါ၏။ မြရီဆိုသည့် ချာတိတ်မလေးကတော့ အစ်ကိုလေး၏ သားရေအိတ်ကို စာကြည့်ခန်းမှာ အရင်ပြေး၍ထားကာ ပြန်လှည့်လာတော့လည်း ပျိုလေးကို တကြည့်တကြည့်နှင့် ရှိနေပါ၏။ မျက်ဝန်းလေးတွေမှာ စိတ်ဝင်တစားရှိတာရော .. တခင်တမင် ရှိချင်နေတာလေးတွေရော .. ထင်းနေသည်ပါပဲလေ ..။

ပြုံးရယ်ရိပ် သမ်းနေလျက် ဖြူစင်စင်ပုံလေးဖြင့် ရှိနေပါသော မြရီပါ ..။ အသက်ကလည်း သိပ်ကြီးပုံမရသေး။ ဆယ်နှစ်ကျော်လေးပဲ ရှိပုံရသည် ..။

စာကြည့်ခန်းထဲသို့ အစ်ကိုလေးနှင့်အတူ ပျိုလေး ရောက်တော့ အခန်းကျယ်ကြီးမှာ စာအုပ်ဗီရိုကြီးတွေက နံရံပြည့်နီးပါးမျှ ရှိနေကြပါ၏။ အခန်း၏ညာဘက်နေရာမှာ ကွန်ပျူတာရှိနေသည်။ ကြည့်ရတာ .. အစ်ကိုလေး ကွန်ပျူတာဖြင့် စာရေးပုံရပါ၏။ စာအုပ်ဗီရိုကြီးတွေစီ၍ရှိနေသည့် ညာဘက်နံရံသို့ အစ်ကိုလေး ခေါ်လာတော့ ပျိုလေး နောက်က လိုက်လာရသည်ပါပဲ။



"ဒီဗီရိုကြီးထဲက စာအုပ်တွေက .. အစ်ကိုလေး ရေးခဲ့တဲ့ ဝတ္ထုတွေပေါ့ .. ထွက်ခဲ့ပြီးတဲ့စာအုပ်တွေလေ .. ဖတ်ဖူးလား .. အစ်ကိုလေးရဲ့ဝတ္ထု .."

ဟု ပြုံး၍ ငုံ့မိုးကြည့်ရင်း မေးလာတော့ ပျိုလေး အနေခက်ချင်သည်။ အားနာစိတ်လည်း ဖြစ်ရသည်။ စာအုပ်ဗီရိုကို ကြည့်လိုက်တော့ စာအုပ်ပေါင်းမနည်းတော့ပြီပဲဟု နားလည်ဖြစ်၏။

"မဖတ်ဖူးဘူး မဟုတ်လား ကောင်မလေးရဲ့ .. ဟင် .."

ပျိုလေး ရင်ထဲမှာ ဘာတွေတွေးနေတာ နားလည်နေပုံဖြင့် ရယ်သံစွက်လျက်မေးနေသည်က တကယ့် တရင်းတချာနိုင်နေသည့်လေသံ ..။

စာအုပ်တွေကို ပျိုလေး ငေးကြည့်ရုံပဲ ရှိနေလျက် အသံပင်မထွက်ရဲ ..။ အဘယ်မျှထိ အားနာဖို့ကောင်းနေပါသတဲ့လဲ။ အစ်ကိုလေး၏ ထွက်ရှိထားသည့် စာအုပ်တွေထဲက .. တစ်အုပ်လေးလောက်သော်မျှ ပျိုလေး ဖတ်ဖူးခဲ့ရတာမရှိ ..။ ပျိုလေးမှာ ဝတ္ထုဖတ်ဖို့လည်း အခွင့်အရေးမှ မရှိချေပဲလေ ..။ ကျောင်းသွား။ အိမ်ပြန်ရောက်တာနှင့် မီးဖိုဆောင်အလုပ် ..။ အိမ်သန့်ရှင်းရေးအလုပ် ..။ မီးပူတိုက် ..။ ကြမ်းခင်းကော်ဇောကြီးတွေ ဖုန်စုပ်စက်ဖြင့်စုပ် ..။ မီးဖိုဆောင်ကိစ္စဝင်လုပ်နှင့် အမြဲ အလုပ်နှင့်လက်မပြတ်ရှိရသည့်အထဲ ..။ ကြီးလတ်က .. ဝတ္ထုဆိုလျှင် မဖတ်ရဟု အတိအလင်း တားမြစ်ထားသည်ကိုးလေ ..။ မမကြီးနှင့် မမလေး အင်ကြင်းမေတို့ကျတော့ ဝတ္ထုဖတ်၍လည်းရသည်။ မဂ္ဂဇင်းဖတ်၍လည်းရသည်။ ဒါပေမဲ့ .. မည်သည့်စာအုပ်ကိုမျှ ပျိုလေးကိုင်ပြကြည့်တာမျိုး မပြုရ ..။ ဒါ .. ကြီးလတ်၏ စည်းကမ်း ..။ ဘွား

www.burmeseclassic.com

www.burmeseclassic.com



၏ စာကြည့်ခန်းထဲမှ စာအုပ်တွေထဲမှာလည်း အစ်ကိုလေး၏ ဝတ္ထုစာအုပ်မရှိ ..။

"ကိုလေး ဝတ္ထုရေးတာ ရှစ်နှစ်လောက်ရှိပြီလားဟင် .."

ရုတ်ခနဲ မေးလိုက်သည့်မေးခွန်းကြောင့် အစ်ကိုလေး တစ်ချက်နားမလည်ပုံဖြင့် ကြည့်လာသည်။ ဒါပေမဲ့ .. ဖြေတော့ဖြေလိုက်သည်ပါပဲ ..။

"အစ်ကိုလေး ဝတ္ထုတွေ ဆက်တိုက်ထွက်ဖြစ်တာ ခြောက်နှစ်ကျော်ရုံပဲ ရှိသေးတယ် .."

ဟုဖြေတော့ ပျိုလေး လက်ကလေးပိုက်လိုက်ကာ -

"ဒါကြောင့် .. ဘွားရဲ့စာကြည့်ခန်းထဲမှာ အစ်ကိုလေးရဲ့ ဝတ္ထု မရှိတာပေါ့၊ ဘွားဆုံးတာ ရှစ်နှစ်ရှိပြီလေ .. ဒါကြောင့် ပျိုလေး အစ်ကိုလေးရဲ့ဝတ္ထုတွေကို မဖတ်ဖြစ်ရတာပေါ့။ ပျိုလေး စာဖတ်ခွင့်ရတာက .. ဘွားရဲ့စာကြည့်ခန်းထဲက စာအုပ်တွေပဲ .. အဲဒါလဲ .. ညကျမှ .. အလုပ်မရှိချိန်ကျမှပါ"

ဟု လက်ကလေးပိုက်၍ အားနာပုံလေးဖြင့် တရိုတသေဖြေတော့ သူ ရင်ထဲမကောင်း။ သူ့စာအုပ်တွေ မဖတ်ဖြစ်ခဲ့ရတာကို အားနာအနေခက်နေမှန်းသိလျက် ..

"အခုဖတ်ပေါ့ ပျိုလေးရယ် .. အားနေတော့မှာပဲဥစ္စာ - ဖတ်လဲဖတ် .. အားလဲအားပေး .. ဝေဖန်လဲဝေဖန်ပေါ့ .."

ဟု ရယ်လျက်ပြောတော့ ..

"ဟင် .. ပျိုလေးက ဘာမှ မတတ်တာပဲဥစ္စာ .. အစ်ကိုလေးဝတ္ထု မဝေဖန်တတ်ပါဘူး.."



ဟု မျက်နှာငယ်လေးဖြင့် လန့်ရှိန်လေးဖြင့် ငြင်းတော့ သူ ရယ်မိသည်။အရမ်းကို အပြစ်ကင်းစင်သည်ပဲဟု ချက်ချင်းတွေးဖြစ်ရသည်ပါပဲလေ ..။

မြရီ ဝင်လာကာ ကော်ဖီခွက်ကို အခန်းလယ်မကျတကျမှာရှိနေသည့် ဆက်တီစားပွဲထက်မှာ သွားတင်သည်။ မုန့်ပန်းကန်ကိုချသည်။ ပျိုလေးကိုလည်း ကြည့်ကွက် ကြည့်ကွက်နှင့် စပ်စုသလိုလေးကြည့်ကြည့်နေသည်။ ပြီးတော့ .. လက်သုတ်ပဝါပန်းကန်လေးပါချပြီးသည့်နောက် အခန်းတွင်းမှ ထွက်သွားပါ၏။

"သူ .. ပျိုလေးကို အတော်ကြီး စိတ်ဝင်စားနေတာလေ .. သူနဲ့တူတူနေတော့မှ ဖျိုလေး သိလိမ့်မယ် .. အလွန်လေပေါတဲ့ မြရီ .. မေးပြပါလိမ့်မယ် .. ဘယ်လိုညီမတော်လဲ ဘာလဲနဲ့လေ .. ကြည့်သာဖြေ .. ဘာမှစိတ်မပူနဲ့ .. ပျိုလေး ပြောတာကို .. ယုံလိမ့်မယ် .. မြရီဆိုတာ .. အရိုးလေး .. သိပ်ပြီးလည်လည်ဝယ်ဝယ်လဲ ရှိတာမဟုတ်ဘူး .. လေသာများတာ .. လေကတော့ .. အပြည့်အဝများတယ်၊ အဲဒါနဲ့ပဲ သူ့ဒေါ်လေးနဲ့ တကျက်ကျက်ဆူနေရတာ .."

မြရီနှင့်အတူနေရမှာမို့ ပျိုလေး ကြိုသိအောင် သူ ပြောပြခြင်းပါ ..။ ကော်ဖီခွက်တွေ ရှေ့မှာထိုင်ဖြစ်ကြတော့လည်း သူပဲ စတင်၍သောက်မှ ပျိုလေး လိုက်သောက်သည်။ သူ မုန့်ယူစားမှ ပျိုလေး လိုက်ယူစားသည်။ သူ လက်သုတ်ပဝါဖြင့် လက်သုတ်ပြီးပြန်ချလိုက်တော့လည်း ပျိုလေး လက်သုတ်သည်။ အစ်ကိုလုပ်သူ ရှေ့ကလုပ်လေသမျှ နောက်ကတကောက်ကောက် လိုက်တုလုပ်နေသည့် ညီမပေါက်စလေးနှင့်တူနေသေးသည့်အဖြစ် ..။

www.burmeseclassic.com

www.burmeseclassic.com



အားကိုးတာလည်းပါသည်။ တရိုတသေထားတာလည်းပါသည်။ ဤကောင်မလေး အရမ်းကို ဖြူစင်သည်ပဲဟု သူ ပို၍ မြင်နေရသိနေရပါပြီ ..။

"ကဲ .. စားသောက်လို့လဲပြီးကြပြီ .. အစ်ကိုလေးတို့ .. ဆွေးနွေးကြဖို့ .. စလိုက်ကြစို့ရဲ့ .."

ဟု ပြောလာတော့ ပျိုလေး တရိုတသေလေး ငြိမ်သက်စောင့်ဆိုင်းနားထောင်နေပါ၏။

"ပျိုလေး .. အစ်ကိုလေးကို ကတိတစ်ခု တောင်းခဲ့တာ အစ်ကိုလေး မမေ့ပါဘူး .. ဒီနေ့မှာ အစ်ကိုလေး လက်ထဲ အပ်ခဲ့တဲ့ ကတ်ထူအိတ်လေးထဲမှာ ဥစ္စာတွေကို မကြည့်ပါဘူးဆိုတာလေ .."

သူ ပြောကာ ပျိုလေးကို အကဲခတ်သလိုကြည့်တော့ စိတ်ရှုပ်ထွေးလာပုံလေးဖြင့် ကြည့်နေတာကိုကြုံသည်။ ကတ်ထူအိတ်ထဲကအရာကို .. သူ ကြည့်လိုက်မှာကို လိုလားပုံမရ ..။

"ငပါမြိုင်နဲ့ပတ်သက်ပြီး .. ပျိုလေးမှာ လျှို့ဝှက်ထားတဲ့ ကိစ္စတွေ ရှိနေတယ်ဆိုတာ အစ်ကိုလေး ရိပ်မိတယ် .. တွက်ဆထားမိတယ် .. အဲဒီလျှို့ဝှက်ခြင်းဟာ .. ပျိုလေးနဲ့လဲ အဓိက ပတ်သက်နေသလို .. ငပါမြိုင်နဲ့လဲပတ်သက်နေပြီးတော့ .. အရေးပါမှုတစ်ခုလဲ ဖြစ်နေမယ်ဆိုတာကိုလဲ အစ်ကိုလေး နားလည်ထားတယ် .. ဘာလို့လဲ ဆိုတော့ .. အဲဒီကတ်ထူအိတ်ကို .. ငပါမြိုင်မှာ ထားလိုက်ရမှာ မလုံခြုံဘူးလို့ ပျိုလေး အသေအချာ နားလည်ထားတာမို့ .. အစ်ကိုလေး လက်ထဲအပ်ထားခြင်းဖြစ်တယ် မဟုတ်လား"



သူ ပြောကာ ပျိုလေးကို အကဲခတ်သလိုကြည့်မိသည်။ ပျိုလေး ငြိမ်သက်နားထောင်နေသည့်ဟန်လေးမှ မလျော့။ မပြောင်းလဲဘဲ ငြိမ်သက်နားထောင်နေမြဲပုံလေးဖြင့် ရှိနေဖါသည့်အဖြစ် ..။

"အဲဒီ ကတ်ထူအိတ်ထဲကဥစ္စာကို .. ကြီးလတ် တွေ့မှာ ပျိုလေး စိုးရိမ်တယ် .. ပျိုလေးရဲ့ဖေဖေ တွေ့သွားမှာကိုလဲ စိုးရိမ်တယ် .. အဲဒီဥစ္စာကို .. ပျိုလေးပဲ လျှို့ဝှက်စွာ သိမ်းထားချင်တယ် .. ပျိုလေး တစ်ယောက်ပဲ သိနေချင်တယ်၊ ဘယ်သူ့ကိုမှ မတွေ့စေချင်ဘူး .. အဲဒီတော့ .. ကြီးလတ်နဲ့ အဓိကပတ်နေတဲ့အရာလို့ အစ်ကိုလေး ကောက်ချက်ချတယ် .. ဒီအချိန်မှာ .. ပျိုလေး .. နားသင့်နေတယ်ဆိုတာ အစ်ကိုလေး သိတယ် .. ဒါပေမဲ့ .. သွေးပူနေတုန်းလောလောလတ်လတ်အချိန်မှာ .. အစ်ကိုလေး သိသင့်နေပြီလို့မှတ်ယူတဲ့ .. အဲဒီကတ်ထူအိတ်က .. အရာကို .. အစ်ကိုလေး ကြည့်ခွင့်ရပါရစေ .. ဘာလို့လဲ ဆိုတော့ .. ပျိုလေးရှေ့က ရပ်တည်မှုလဲဖြစ်တော့မယ် .. ပြီးတော့ .. အစ်ကိုလေး ကိုယ်တိုင်ကလဲ ရပ်တည်နေချင်နေတဲ့အတွက် ပျိုလေးနဲ့ပတ်သက်တဲ့အရာတိုင်းကို .. သိနေမှဖြစ်တော့မှာမို့ အစ်ကိုလေး .. ကြည့်ပါရစေ .."

ဟု ပြောလာတော့ ပျိုလေး ခပ်ထွေထွေလေးငြိမ်သက်နေသည်။ မျက်နှာလေးထက်မှာ စိတ်ပင်ပန်းရိပ်နှင့် ရှုပ်ထွေးရိပ်လေးတွေက ပြည့်သိပ်လာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ .. သိပ်ခက်ခဲနေရင်တော့ .. ပျိုလေး သဘောပါ၊ ရော့ .. ပျိုလေးရဲ့ .. ကတ်ထူအိတ် .."

ကားထဲရောက်ခိုက် သူ သေသေချာချာ သားရေအိတ်ထဲ ထည့်သိမ်းလာသော ကတ်ထူအိတ်ကို သူ ကမ်းပေးတော့ ပျိုလေး မယူသေး ..။ မျက်နှာငယ်လေးဖြင့် သူ့ကို ကြည့်လာသည်။ အားတုံ့အားနာနှင့် အနေရအထိုင်ရခက်နေပုံလေးဖြင့်လည်း ရှိနေသည်။ မျက်နှာပူနေပုံလေးဖြင့်လည်း မဝံ့မရဲလေးကြည့်နေသည်။

"အစ်ကိုလေးကို မယုံလို့မဟုတ်ပါဘူး အစ်ကိုလေးရယ်၊ ဒါ .. ဘွား ဖွက်ထားတဲ့ ကတ်ထူအိတ်ပါ .. ပျိုလေး ငယ်တုန်းကဖတ်တဲ့ .. ပုံပြင်စာအုပ်လေးတွေရှိတဲ့ ဗီရိုမှာ တွေ့ခဲ့ရတာပါ .."

ပျိုလေး မဝံ့မရဲလေး ကြည့်နေမြဲ ပုံလေးဖြင့် ခပ်တိုးတိုးပြောရမှာ မျက်ရည်ဝဲလာသည်။

"အစ်ကိုလေး .. ဖတ်ကြည့်ရင် .. ဘာမှ မထူးနိုင်ပါဘူး အစ်ကိုလေးရယ် .."

ဟု ပြောလာတော့ သူ သက်ပြင်းရှိုက်သည်။ ကတ်ထူအိတ်ကို စားပွဲထက်မှာချသည်။

"အေးလေ .. အစ်ကိုလေးကတော့ .. ဒီလျှို့ဝှက်ထားမှုဟာ .. ကြီးလတ်နဲ့ ပျိုလေးရဲ့ ဖေဖေ့ကို မသိစေချင်တဲ့ အရာဖြစ်နေတယ်ဆိုလို့ .. ပျိုလေးရဲ့ အခက်အခဲတစ်ခုကို ကူညီဖြေရှင်းပေးတန်ကောင်းရဲ့လို့ .. ဖောနဲ့ပြောမိတာပါ၊ ဘာလို့လဲဆိုတော့ .. ပျိုလေးအပေါ်မှာ ကြီးလတ်ဟာ စေတနာမရှိဘူးဆိုတာ အစ်ကိုလေး သစ်ခွမြိုင်မှာကတည်း



က ကြားခဲ့ မြင်ခဲ့ရတာလဲ ရှိနေတယ်လေ .. ဒီနေ့မှာလဲ ပျိုလေးအပေါ် .. သူ .. တမင်လုပ်ခဲ့တာတွေ ရှိနေခဲ့တာမို့ လောကကြီးမှာ တစ်ယောက်တည်းရယ်လို့ အားငယ်ကြေကွဲနေတဲ့ ပျိုလေးကို ကူညီချင်တဲ့ဖောတစ်ခုတည်းနဲ့ .. ခုလို ပြောမိခဲ့တာပါ .."

ဟု ခပ်လေးလေး ပြောလာတော့ ပျိုလေး မျက်နှာမကောင်း ..။ ခေါင်းလေးငုံ့ချလိုက်ရာမှ မသိမသာလေး ခေါင်းကို ခိုးမော့၍ကြည့်သည်။ လောလောဆယ်မှာ ပျိုလေးဆိုတာ ကိုလေး၏အရိပ်မှာ အားကိုးစွာရောက်လာနေရပြီးပြီ ..။ မယုံမကြည်ရာရောက်နေသည့် အနေအထားမျိုး အစ်ကိုလေးအပေါ် မဆက်ဆံအပ်တာကိုလည်း နားလည်လာနေရသည်။ အစ်ကိုလေး၏အကူအညီဆိုတာက .. တကယ့်ကိုစိတ်ရင်းမှန်ဖြင့် .. စေတနာဖောဖြင့် ဖြူဖြူစင်စင်ကြီး ကူညီခြင်းဆိုတာကိုလည်း ပျိုလေး သိနေသည်။ ခုဠွာက .. အစ်ကိုလေးကို စော်ကားရာရောက်နေပြီ .. ဟု တွေးဖြစ်လာရတာမို့ ..

"အစ်ကိုလေး ဖတ်ကြည့်ပါ .. ပျိုလေး .. ဟို .. မမလေး အင်ကြင်းမေ အတွက် .. စိတ်မကောင်းလွန်းလို့ပါ .."

ဟု အသံတိမ်တိမ်လေးဖြင့်ဖြေကာ ကတ်ထူအိတ်ကို တရိုတသေလေး အစ်ကိုလေးလက်ထဲ အပ်လိုက်ရပါပြီ။ ဘာပဲဖြစ်ဖြစ် ..။ ကြီးလတ်နှင့် ဘွားတို့ကြားမှာ ဖြစ်တည်ခဲ့ဝါသေသော ထိုအဖြစ်အပျက်တစ်ခုသည် .. ကောင်းသောကိစ္စမဟုတ်တာကိုတော့ ပျိုလေး သိနေသည်ပါပဲ ..။ ကြီးလတ်နှင့်ပတ်သက်၍ ဘွား သိခဲ့ရပြီးသည့်အချက်များကို .. ကြီးလတ် တကယ်တမ်း

www.burmeseclassic.com

www.burmeseclassic.com



သိသွားခဲ့သည်ဆိုလျှင်တော့ .. ဤအဖြစ်အပျက်သည် .. ကြီးလတ်နှင့်ဘွားတို့ကြားမှာ ဖြစ်ပျက်ခဲ့သည့် လျှို့ဝှက်ခြင်းတစ်ခု ဖြစ်နေမှာမှန်ပေမယ့် ..။ အကယ်၍ .. ဘွားသိနေပြီးသည့် ထိုအဖြစ်အပျက်များကို .. ကြီးလတ်ကို ဘွား အသိမပေးခဲ့ဘူးဆိုလျှင်တော့ .. ဘွားတစ်ယောက်တည်းသာ လျှို့ဝှက်စွာ သိမ်းဆည်းထားခဲ့တာပဲ ဖြစ်ချေမည် ..။ အစ်ကိုလေး .. ပျိုလေးကို ပြုံး၍ ကြည့်သည်။ ကတ်ထူအိတ်ကို မဖွင့်သေးခင်မှာ ..

"ကျေးဇူးတင်တယ် ပျိုလေး .. ခုလို .. အစ်ကိုလေးကို ယုံယုံကြည်ကြည်ရှိတဲ့အတွက် ဆိုပါတော့ .."

ဟု ပြောလာတော့ ပျိုလေး မျက်ရည်ဝဲလျက် ကတ်ထူအိတ်ကိုသာ မမှိတ်မသုန် ငေးစိုက်ကြည့်နေမိရပါပြီ ..။ မမလေးအင်ကြင်းရယ် ..။ ပျိုလေး .. ပျိုလေး .. ခု .. အစ်ကိုလေးကို ဒီအဖြစ်အပျက်တွေကို သိစေလိုက်ရပါပြီ ..။ ဘာလို့လဲဆိုတော့ .. အစ်ကိုလေးရဲ့စေတနာကို မစော်ကားနိုင်လွန်းလို့ပါ မမလေးရယ် .. ဟု တွေးဖြစ်၏။

ကြီးလတ်နှင့် မမကြီးတို့ ဘွား၏စာကြည့်ခန်းထဲမှာ ရှာကြတာ ဤစာတွေပဲဖြစ်ဖို့များနေသည်ဆိုတာ ပျိုလေး ကြိုဆုံးဖြတ်ထားမိ .. တွေးဆထားမိရပါ၏။ ကြီးလတ်နှင့် မမကြီးသစင်မေတို့သည် .. ဘွား၏အခန်းမှာလည်း ညကြီးမင်းကြီးမှာ ရှာကြဖွေကြသည်။ ဘွား၏ စာကြည့်ခန်းမှာလည်း ရှာကြဖွေကြသည်ပါပေမဲ့ .. ထိုရှာဖွေမှုတွေထဲမှာ ကလေးတစ်ယောက်ဖတ်သည့် ပုံပြင်စာအုပ်လေးတွေထားသည့် ဗီရိုကိုတော့ အထင်တကြီးဖြင့် ရှိခဲ့ဟန်မတူကြ ..။ သာမန်ပဲ ရှာကြဖွေကြပါချေလိမ့်မည် ..။



"ကြီးလတ်ဟာ .. ဒီစာတွေကို .. ဘွားဆီမှာရှိနေတယ်လို့ ထင်ထားပုံတော့ရတယ် အစ်ကိုလေး .. ဘာလို့လဲဆိုတော့ ညမှာ .. သူတို့ ဘွားရဲ့အခန်းနဲ့ စာကြည့်ခန်းမှာ တစ်ခုခုကို ရှာနေကြတာ ပျိုလေး ကြုံဖူးတယ် .. ခိုးကြောင်ခိုးဝှက် ဆန်နေတဲ့ သူတို့ရဲ့အဖြစ်ကို ပျိုလေး မြင်ခဲ့ရဖူးပါတယ် အစ်ကိုလေး .."

ဟု ပျိုလေး ဖွင့်ပြောပြလိုက်မိရပါပြီ ..။ မထူးတော့ပြီပဲလေ ..။ မကြာမတင်မီမှာ ထိုအိတ်ထဲမှစာရွက်စာတမ်းတွေကို အစ်ကိုလေး ဖတ်ရှုရချေတော့မည်ကိုး ..။

အစ်ကိုလေး ကတ်ထူအိတ်ထဲမှ စာရွက်တွေကို ထုတ်သေးဘဲ တစ်ချက်တန့်၍ ပျိုလေးကိုကြည့်သည်။ အရမ်းကိုတည်ကြည်ရင့်ကျက်သည့်အကြည့် ..။ ပျိုလေးဘက်က ရပ်တည်ပေးသည့်သူတစ်ယောက်၏အကြည့် ..။

"ပျိုလေးနဲ့ပတ်သက်ပြီး .. ရှေ့ဖြစ်လာမယ့် အရာတွေက အများကြီးရှိနေတယ် ပျိုလေး .. ပျိုလေးရဲ့ဖေဖေ .. ပျိုလေးအပေါ်မှာ .. ဘယ်လိုဆက်မြင်မယ် ဆိုတာ အစ်ကိုလေး မသိသေးဘူး .. ဘာပဲဖြစ်ဖြစ် .. အစ်ကိုလေးတစ်ယောက်ကတော့ဖြင့် အမှန်တရားတစ်ခုအတွက် .. ပျိုလေးနဲ့ပတ်သက်လာရင် .. ရပ်တည်ပေးနိုင်ကောင်းရဲ့လို့ .. မျှော်လင့်ထားတယ်လေ .."

ဟု တည်တည်ငြိမ်ငြိမ်ကြီးပြောပြီးမှ စာရွက်တွေကို ထုကြည့်လိုက်ပါပြီတည်း ..။

ပျိုလေး မျက်လွှာလေးချထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပျိုလေး ဖတ်ရှုခဲ့ပြီးဖြစ်ပါလေသော စာရွက်စာတမ်းတွေချည်းပေမို့ .. ရင်ထဲမှာမကောင်းနိုင် ..။ အထူးသဖြင့် မမလေးအင်ကြင်းမေအတွက်လည်း ရင်ထဲမကောင်း။ စိတ်ထားဖြူစင်မွန်မြတ်သော မမလေးအင်ကြင်းမေသာ သိလျှင် ရက်၍နေစရာပင်ကျန်ရှာမှာမဟုတ် ..။

ပျိုလေးကို သူ ကြည့်မိသည်။ မျက်လွှာချနေဆဲ ပျိုလေးသည် မျက်ရည်တွေလည်တက်လာရင်းမှ ..

"ပျိုလေး သိတာ တစ်ခုပဲရှိပါတယ် အစ်ကိုလေးရယ် .. ဖြစ်ခဲ့တဲ့အတိတ်တွေထဲက အကျိုးဆက်ကို .. မမလေးအင်ကြင်းမေ ခံစားရမှာကို .. မမြင်ရက်တာ တစ်ခုပါ .."

ဟု ပြောလာတော့ သူ့ စိတ်ရင်းကောင်းလွန်းပါသည့် မိန်းကလေးကို တစ်ချက်ကြည့်ကာ ကြိုတင်သိနှင့်လိုက်ရသည်က ဖတ်ရချေတော့မည့် စာရွက်စာတမ်းများသည် အင်ကြင်းမေအတွက် ကောင်းသောလွှားအလာမရှိ ဆိုသည့်အချက်ကိုပါ ..။

ပထမ .. ဖြန့်ကြည့်မိသည်က စာတစ်စောင် ..။ ဦးသစ္စာအောင်မှ ဒေါ်ဖွားရှင်အမည်ဖြင့် ပို့လာသည့်စာတစ်စောင်။ ဦးသစ္စာအောင်ဆိုတာ အန်ကယ်ဦးရန်လင်းအောင်၏အစ်ကိုဖြစ်ကာ ..။ ဒေါ်ဖွားရှင်မှာ ဦးရန်လင်းအောင်နှင့် ဦးသစ္စာအောင်တို့၏မိခင် ..။ ပျိုလေး၏ဘွား .. ဆိုတာ သူသိပါ၏။

"အမေ ..

ရက်တဲ့စိတ်နဲ့ ဒီစာကိုရေးတာပါ အမေ ..။ သားဟာ .. မေမေ နှစ်သက်ပေးစားတဲ့ ချွေးမကို တစ်သက်လုံး သစ္စာရှိရှိနဲ့ ပေါင်းသင်းလာခဲ့တာပါ ..။ မုဆိုးမအမေ



ရှိရာက .. သားနဲ့လက်ထပ်ပြီး တစ်လလောက်မှာ လတ်ရဲ့အမေ ဆုံးခဲ့ရှာတာမို့ .. အမိအဖမဲ့ရှာတယ်ဆိုပြီး .. သားသူ့ကို ပိုပြီးသနားခဲ့ရ .. ကြင်နာခဲ့ရတာပါ ..။ ချမ်းသာလဲချမ်းသာ ..။ တစ်ဦးတည်းသမီးလဲ ဖြစ်တဲ့အတွက် .. လတ်နဲ့ပတ်သက်လာရင် မေမေ အလွန်အဖိုးတန်တဲ့ချွေးမကို ရတယ်လို့ မှတ်ယူခဲ့တာ သားသိပါတယ် ..။ ညီညီကတော့ .. မေမေ မျှော်လင့်ထားတဲ့ လိုလားတဲ့ ချွေးမမျိုးကို မရှာခဲ့ဘဲ .. ဆင်းရဲတဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်ခဲ့တာပါ ..။ သူ မှန်ပါတယ် မေမေ ..။ ယုဇနဟာ ညီညီကို .. သစ္စာရှိရှိနဲ့ချစ်နေတဲ့ မိန်းမပါ ..။ လတ်ဟာ .. တစ်လျှောက်လုံး သားကို လိမ်ခဲ့တယ် မေမေ ..။ ဘယ်အထိ လိမ်ခဲ့တယ်ထင်သလဲ အမေ ..။ ဖွင့်ပြောရမှာရှက်ပေမယ့် .. ပြောပါရစေတော့ .. မွေးထားတဲ့သမီးနှစ်ယောက်စလုံးဟာ .. သားရဲ့သွေးတွေ မဟုတ်တာကို .. ပြီးခဲ့တဲ့ရက်အတွင်းကပဲ သား သိခဲ့ရတာပါ ..။ သမီးလေးအင်ကြင်းမေဟာ သားကို တွယ်တွယ်တာတာ အလွန်ရှိတဲ့ကလေးပါ ..။ အဲဒါကို အမေသိပါတယ် ..။ မြရတနာပရိဘောဂစက်ရုံကို သားသွားတော့ အင်ကြင်းမေ ကျောင်းပိတ်ရက်မို့ လိုက်လာတယ် အမေ ..။ တိုတိုပြောရရင် .. အဲဒီမှာ သမီးအင်ကြင်းမေ လက်ကို သား စားပွဲကစာဖြတ်ဓား ထိပါတယ် ..။ အမေ့အတွက် ခဲတံချွန်သတဲ့လေ ..။ ဒဏ်ရာက နက်တယ် ..။ သွေးကမတိတ်ဘူး။ နေကလည်းပူတော့ .. နေပူလို့သွေးမတိတ်တာလား ..။

www.burmeseclassic.com



သွေးမတိတ်တဲ့ရောဂါမျိုးရှိနေသလားနဲ့ သမီးဇော်နဲ့ သား
ဆေးခန်းကိုသွားပြပါတယ် ..။ လက်မှာက ပတ်တီးစည်းထား
တဲ့ကြားက သွေးမတိတ်နိုင်ဘဲဖြစ်နေတဲ့ အင်ကြင်းမေ
သား စိတ်ပူလက်ပူနဲ့ ခေါ်သွားတာပါ ..။ ဟိုရောက်တော့
ဆရာဝန်ကကြည့်ပါတယ် ..။ နေပူလို့သွေးထွက်များတာပါ
လို့ပြောပါတယ် ..။ သွေးကိုစစ်ဆေးပေးစေချင်ပါတယ်လို့
သားကပြောတော့ .. ဆေးခန်းက အင်ကြင်းမေရဲ့သွေး
စစ်ဆေးပေးပါတယ် ..။ ဆေးအဖြေရတဲ့ရက်မှာ သား
စိတ်ချလက်ချ ရှိသွားရတာပါပဲ ..။ ကလေးမှာ သွေးမတိတ်
တဲ့ရောဂါ မရှိပါဘူး ..။ ဒါပေမဲ့ .. ဘာသိရလဲ ဆိုတော့
ကလေးက .. အိုသွေးဖြစ်နေတယ် ..။ သားက ဘီသွေး
လတ်က .. ဘီသွေး ..။ ခု .. ကလေးက အိုသွေးဖြစ်
တယ် ..။ အဲဒီမှာ သားတုန်လှုပ်လာတာပါပဲ ..။ သားနဲ့မရင်း
နီးတဲ့ ဆေးခန်းတစ်ခုကို တစ်နေ့မှာ သွားပါတယ်။ သား
စစ်ဆေးမှုခံခဲ့ပါတယ် ..။ အဲဒီအဖြေစာရွက်ကို ဒီစာနဲ့အ
ထည့်ပေးလိုက်ပါတယ် အမေ ..။ သားဟာ .. ဘယ်တေ
မှ သားသမီးမရနိုင်တဲ့ .. မြုံနေတဲ့ယောကျ်ား တစ်ယော
တဲ့အမေ ..။ အဲဒါ .. အဖြေပါ ..။ အဖြေပါ အမေရယ်
သား .. သဒင်ကို သွေးစစ်ဆေးစေခဲ့တော့လ
အဖြေက အိုသွေးပဲ ဖြစ်နေတယ် ..။ လတ်ဟာ တခြား
တစ်ယောက်နဲ့ညားပြီး .. ဒီကလေးနှစ်ယောက်ကို မွေး
ခဲ့တယ်ဆိုတာ .. သား .. အမေ့ကို ခုလို အသိပေးနေ
ကိုပဲ ရှက်လှပါပြီ အမေရယ် ..။



အတိုချုံးပြောရရင် .. သား .. လတ်ကို ဖွင့်မေး
တယ် အမေ ..။ ဖုံးကွယ်လို့မရတဲ့အဆုံးပေမို့ .. လတ်
ကလဲ ဝန်ခံတယ် ..။ ဘယ်သူလို့ထင်သလဲ အမေ ..။
သူ့မိဘအိမ်မှာကတည်းက ကားမောင်းနေတဲ့ ကိုထိုက်ပါပဲ
အမေ ..။ ဒါကြောင့် .. သားနဲ့ အိမ်ထောင်ကျပြီးတဲ့နောက်
သူ့အမေဆုံးသွားတဲ့ အချိန်ကစလို့ .. သားရဲ့အိမ်အထိ
သူ့ကို ခေါ်လာခဲ့တာကိုး ..။ ခိုင်းရပြုရတာစိတ်ချလို့ပါဆို
တဲ့စကားကို သားက အဟုတ် ယုံမှတ်ခဲ့တာ .. ခု ..
နွားကြီး လုံးလုံးဖြစ်မှ .. သိရတော့တာပါ ..။

သား .. ကိုထိုက်ကို အလုပ်ကထုတ်ပစ်လိုက်တယ်။
လတ်မှာလဲ မိဘတွေ ဆုံးပါးကုန်ကြပြီမို့ .. သူ့မိဘဆီ
အကျိုးအကြောင်း သွားတိုင်ပြောလို့ ရလဲမရနိုင်ခဲ့တော့တာမို့။
အမေ့လက်ထဲပဲ အပ်ပါတယ် အမေ ..။ အမေ ရွေးချယ်
လက်ထပ်ပေးခဲ့တဲ့ ချွေးမကို .. အမေပဲဆုံးဖြတ်ပါတော့။
သူ့အမေဆီမှာ မေမေပဲ တောင်းပေးခဲ့တာမဟုတ်လား ..။
သားကတော့ .. သူနဲ့ကွာရှင်းလိုက်ပြီ အမေ ..။ သား .. ရှက်
လွန်းလို့ ဒီကလဲထွက်သွားတော့မှာပါ ..။ ဒီစာကို အမေ့ဆီ
ပို့ပြီးရင် .. နောက်တစ်နေ့မှာ သား .. အားလုံးနဲ့အဝေးဆုံး
ကို အရှက်ကြီးရှက်နေတဲ့သူအဖြစ်နဲ့ ထွက်သွားတော့မှာပါ ..။

သားဟာ .. လိမ်ညာလှည့်စားခံခဲ့ရတယ် ..။ ဒရိုင်
ဘာကို အိမ်ထိခေါ်လာပြီး .. အိမ်ထောင်ရေးမှာ သစ္စာမဲ့
နေခဲ့ ..။ ကလေးနှစ်ယောက်ရတဲ့အထိ ရှိခဲ့တာတွေကို ..
နေ့တိုင်း နေ့တိုင်း .. အဲဒီ ကိုထိုက်ရဲ့ရှေ့မှာ သူ့ကလေးကို

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကလေး လုပ်ခဲ့ရတဲ့အဖြစ်ကို .. ကြာလေ .. ရှက်လေ၊ အရှက်ကြီး ရှက်ရလေပါပဲ အမေ ..။

လတ်ကို .. ကွာရှင်းပေးဖို့ စာချုပ်မှာ လက်မှတ်ထိုးပေးဖို့ .. သား ပြောခဲ့တယ် ..။ ဘာကြောင့်ကွာရှင်းတယ်ဆိုတာကိုလည်း ထည့်ရေးခဲ့တယ် အမေ ..။ လက်ရေးကို လတ်ရဲ့လက်ရေးနဲ့ကို ရေးခိုင်းခဲ့တာပါ ..။ တကယ်က သား .. လူသတ်ချင်လောက်အောင် ခံစားနေရတာပါ အမေ ..။ ဒါပေမဲ့ .. အမေ့မျက်နှာကို မြင်ပါတယ် ..။ သား လူသတ်မိရင် .. ထောင်ကျရင် .. သားဇာနဲ့ အမေ မုဆိုးမကြီး ရင်ကွဲနာကျရချေရဲ့လို့ ထိန်းရပါတယ် အမေ ..။ ဒါကြောင့် .. သူတို့နှစ်ယောက် အသက်ရှင်နေရတာပါ။

ဆုံးဖြတ်ချင်တာကို ဆုံးဖြတ်ပါ အမေ ..။ သားကတော့ .. ရှိသမျှစည်းစိမ်အားလုံး အမေ့လက်ထဲအပ်လို့ .. အဝေးဆုံးနေရာရောက်အောင် ထွက်သွားတော့မှာပါ ..။ အရှက်တရားဟာ .. လူတစ်ယောက်ကို .. ရူးသွပ်လောက်အောင် ကြေကွဲချောက်ချားစေပါလားဆိုတာ သား .. သိနေပါပြီ အမေ ..။ ဒီစာကိုရေးရင်း .. သား ငိုနေပါတယ် အမေရယ် ..။ မနက်ဖြန်ဆိုရင် .. သား အားလုံးနဲ့ အဝေးဆုံးကိုရောက်အောင် တစ်သက်တာအတွက် .. ထွက်ခွာသွားပါတော့မယ် အမေ ..။

လတ်နဲ့တော့ .. တစ်ပတ်လောက်ရှိပါပြီ .. ကွာရှင်းစာချုပ်လုပ်ပြီးပါပြီ ..။ ဘာဆက်လုပ်မယ်ဆိုတာ ခေါင်းမီးတောက်အောင် စဉ်းစားရင်း ဒီစာကိုရေး ..။ ဒီကထွက်သွားဖို့ပဲ ဆုံးဖြတ်လိုက်ပါတယ် အမေ ..။ အမေ့မှာ .. ညီညီရှိပါတယ် အမေ ..။ ညီညီက အမေ့ကို ဂရုစိုက်မှာပါ။ လတ်ဟာ .. မိဘချန်ခဲ့တဲ့အမွေအနှစ်တွေကိုလဲ .. ကိုထိုက်ကို ငွေတွေပေးရင်းပေးရင်းနဲ့ .. အိမ်လည်းအမည်ပြောင်းထားပေးသတဲ့ ..။ သူ့မိဘချန်ခဲ့တာ ကုန်ပါရောလား ..။ ကိုထိုက်က လတ်မိဘလက်ထက်ကအိမ်ကို လက်လွှဲပေးလိုက်ကတည်းက .. သိပ်မကြာဘူး .. ရောင်းစားပစ်ခဲ့ပြီးပြီတဲ့ ..။ သားကိုကျတော့ .. အဲဒီအိမ်ကိုရောင်းပြီး မိဘအတွက် ကောင်းမှုကုသိုလ်ပြုထားပါတယ်ဆိုတာကို အဟုတ်မှတ်နေခဲ့တာလေ ..။ ခုကျမှ .. အားလုံး အသေအချာသိရတော့တာပါ ..။ မယားကိုယုံမိတဲ့သား .. ခုတော့ .. ရှက်ခြင်းတရားနဲ့ .. သွားရပါပြီ အမေ ..။ အမေပေးစားခဲ့တဲ့ ချွေးမကိစ္စ အမေသာ ဆုံးဖြတ်ပါတော့ ..။ သားကတော့ .. သူ့ကို ကွာရှင်းခဲ့ပြီးပါပြီ ..။

ကန်တော့လျက်
သစ္စာအောင်"

ဆိုသော စာကို ဆုံးအောင်ဖတ်ပြီးနောက်မှာ .. သူ သက်ပြင်းရှိုက်ရပါပြီ ..။ ရင်ထဲမှာမကောင်း ..။ အဘယ်မျှထိ ဦးသစ္စာအောင် ကြေကွဲခံစားရမည်။ အရှက်ကြီး ရှက်ရမည်။ ခံပြင်းမည်ဆိုတာ သူ နားလည်နေသည်။ ယောကျ်ားတစ်ယောက်အနေဖြင့် ဘယ်လိုမှ ခံနိုင်ရည်မရှိသောအဖြစ်ဆိုးကြီးတစ်ခုကို မနိုင်ရင်ကန် ခံစားရချေသည့် ဆိုးဆိုးဝါးဝါးအဖြစ်ကြီးပေပဲ .. ဟု နားလည်နေမိရသည်ပါပဲ ..။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်စောင်ကတော့ ကွာရှင်းစာချုပ် ..။

အိမ်ထောင်ရေးမြစ်မှုကို ဇနီးသည်က ကျူးလွန်ကြောင်း ဝန်ခံချက်နှင့်အတူ .. ဇနီးသည်ကိုယ်တိုင်၏ လက်ရေးဖြင့် ရေးသား၍ လက်မှတ်ရေးထိုးထားပါလေသော နှစ်ဦးသဘောတူကွာရှင်းသည့် စာချုပ်တစ်စောင် ..။

"ဒါပေမဲ့ .. ဘဘကြီးဟာ .. ဘယ်ကိုမှ မထွက်ဖြစ်လိုက်ပါဘူး အစ်ကိုလေး .. ဒီစာကို အဘွားဆီကို ပို့ပေးခဲ့တယ်ဆိုတာကိုတော့ .. ဒီကတ်ထူအိတ်ထဲ ဘွား .. အားလုံးသိမ်းထားခဲ့တာနဲ့ပဲ သေချာနေပါတယ် .. ဒါပေမဲ့ .. ဘဘကြီးဟာ .. လေ့ကားပေါ်က ပြုတ်ကျပြီး ကွယ်လွန်ခဲ့လို့ ရက်လည်ပြီးတဲ့နောက် .. တစ်ပတ်ကျော်လောက်မှာ .. ဘွားဟာ .. စားဒဏ်ရာနဲ့ .. ကွယ်လွန်ခဲ့ရတာပါ .. ဘဘကြီး ဆုံးလို့ ရက်လည်တာနဲ့ .. ကြီးလတ်က .. ဘွားနဲ့နေပါရစေ .. အားကိုးပါရစေဆိုပြီး ငုဝါမြိုင်ကို ရောက်ခဲ့တာကို .. ပျိုလေး မှတ်မိပါတယ် .. ပျိုလေး ဆယ်နှစ်သမီးရှိပါပြီ၊ နောက်တော့ ရက်မကြာဘဲ .. ဒီစာကို .. ဘွား ရခဲ့ပါလိမ့်မယ် .. အကယ်၍ ဒီစာကိုသာ အရင်ရရင်တော့ .. သားဇောနဲ့ .. ဘွားလဲ .. ကြီးလတ်ကို ငုဝါမြိုင်မှာ ဘယ်နေခွင့် ပေးပါ့မလဲ .. အဖြစ်အပျက်တွေက သိပ်မြန်ပါတယ် အစ်ကိုလေး .. ဘဘကြီးဆုံးတယ် .. ရက်လည်ပြီး နောက် တစ်ပတ်ကျော်လောက်မှာ .. ဘဘကြီး ရက်လည်လို့မကြာခင် .. ဘွားဆုံးပါတယ် .. မေမေက .. ဘွားကိုသတ်မှန် .."



ဟု ဆက်မပြောနိုင်တော့ဘဲ ပျိုလေး မျက်ရည်ကျလာတော့ သူ သက်ပြင်းရှိုက်သည်။

"မမလေးအင်ကြင်းမေဟာ .. ပျိုလေးအပေါ်မှာ အရမ်းကိုနားလည်ပေးတာပါ .. စိတ်ရင်း အရမ်းကောင်းပါတယ် အစ်ကိုလေးရယ် .. မမလေးဟာ .. ဘဘကြီးရဲ့သမီးရင်း မဟုတ်ဘူးဆိုတာ .. မမလေးသိသွားရင် .. ရင်ကွဲပြီးသေသွားမှာပါ .. ရှက်လွန်းလို့ .. သေသွားမှာပါ အစ်ကိုလေးရယ် ..။ ဒါကြောင့် .. ဒါကြောင့် .. ဒါတွေကို .. ပျိုလေး လျှို့ဝှက်ထားချင်တာပါ ..။ မမလေးအင်ကြင်းမေရဲ့ မျက်ရည်စက်ကို မမြင်ရက်လို့ပါ ..။ ဦးသစ္စာအောင်ရဲ့သမီး။ ဒေါ်ဖွားရှင်ရဲ့မြေးဆိုတဲ့ ချမ်းသာမျိုးရိုးဂုဏ်ရှိန်နဲ့ နေနေရာက .. ချက်ချင်း .. ဦးသစ္စာအောင်ရဲ့သမီး မဟုတ်ဘူးဆိုတာသိခဲ့ရင် .. သိလိုက်ရရင် .. ရူးသွားမှာပါ ..။ မမကြီးသဇင်မေကတော့ .. စိတ်ထိခိုက် နာကျင်မှာမှန်ပေမယ့် .. ဗိုပြင်းထန်မှာက မမလေးပါ ..။ ဒါကြောင့် .. ဒါကြောင့် ပျိုလေး .. ဒါတွေကို .. ဖေဖေ့ကိုလဲ မမြင်စေချင်သလို .. ကြီးလတ်ကိုလဲ မတွေ့စေချင်ပါဘူး .. ကြီးလတ်ရဲ့အတွင်းရေး ဆိုးဆိုးကြီးကို .. ပျိုလေး သိနေခဲ့ပြီးပြီဆိုတာ .. ကြီးလတ် မသိစေချင်လို့ပါ အစ်ကိုလေးရယ် .."

ဟု ပြော၍ မျက်ရည်ကျနေတော့ သူ ဤမိန်းကလေး၏ စိတ်ရင်းဖြူဖြူနှင့် သဘောထားပြည့်ဝမှုကို အထင်ကြီးပဲကို နေ၍မရနိုင်တော့သည့်အဖြစ် ..။

www.burmeseclassic.com

www.burmeseclassic.com



ကြီးလတ်အပေါ် .. နိုင်ကွက်ရချေပြီကော ဆိုသည့် သဘောမျိုးမလုပ်ခဲ့သည့် မိန်းကလေး ..။ သြော် .. လောလောဆယ် မှာပင် .. ဖခင်နှင့် ပျိုလေးကြားမှာ ခလောက်ဆန် ဒုက္ခရောက် အောင်လုပ်ထားပါသည့် ကြီးလတ်အပေါ် .. မတုံ့ပြန်ရက်နိုင် အောင် စိတ်ထားမြင့်မြတ်လွန်းပါသည့် မိန်းကလေးပါတကား။

"ပျိုလေးရဲ့မေမေ့စာ .. အဲဒါကို .. အစ်ကိုလေး ဖတ်ပါရစေ"

ဟု ပြောပြီးသည့်နောက်မှာ .. လက်ကျန်စာရွက်ကို သူ ဖတ်နေချိန်မှာ ပျိုလေးကတော့ လက်ကိုင်အိတ်လေးထဲမှ စာအိတ်လေးကိုယူနေသည်။

"ပျိုလေး အရင်ဖတ်ပါရစေ အစ်ကိုလေးရယ် .. မေမေ့ စာကို ပျိုလေး ဆုံးအောင်မဖတ်ရသေးလို့ပါ .."

ဟု ပြောလာတော့ သူ ခေါင်းညိတ်သည်။ စိတ်ပင် ပန်းရလွန်း၍ထင့် ..။ ပျိုလေး၏မျက်နှာနုနုဥဥလေးမှာ နီမြန်းမြန်း အရိပ်လေးတွေ ဖြတ်သန်းလျက် သွေးရောင်လေး လွှမ်းနေသည်။ ငိုထား၍ နှာတံဖျားလေးသည် ပန်းနုရင့်ရောင်ဘက်ဆီသို့ လုနေ ကာ မျက်ခွံလေးတွေ မို့နေသည်ပါပဲ ..။

"ဖတ်လေ .. အစ်ကိုလေး .. ဒီစာလေးကို ဆက်ဖတ်လိုက် ဦးမယ် .."

ဟု ပြော၍ ငုံ့ဖတ်လိုက်မိပါရ၏။

စာက ဘွား၏စာ။ ဖွားရှင်ဟု လက်မှတ်ရေးထိုးထား သောစာ ..။ သားအပေါ် သစ္စာမရှိသည့်ချွေးမပောင်း .. ဟု ဒေါ်လတ်လတ်အေးအပေါ် သတ်မှတ် ရေးသားထားလျက် .. အမွေအနှစ် ဘာမျှ သားအမိတစ်တွေ မရစေရ .. ဟု ရေးထား



သောစာ ..။ သား၏သွေးမဟုတ်သည့် သဇင်မေနှင့် အင်ကြင်းမေ သည်လည်း သစ္စာအောင် စည်းစိမ်ကို ခံစားခွင့်မရှိစေရ ..။ ကိုယ့်ဘဝကို ကိုယ်ကျောင်း၍ ကိုယ့်သမီးတာဝန်ကိုယ်ယူစေ .. ဟု ချွေးမပောင်း လတ်လတ်အေး အပေါ် ရေးထားသည့်စာဖြစ်နေ သည်။ စာသည် အနည်းငယ် စိတ်လိုက်မာန်ပါနိုင်နေသည့် အငွေ့ အသက်တွေဖြင့် သုံးနှုန်းရေးသားထားသည့်စာ ဖြစ်နေပါ၏။ အဘယ်မျှထိ ဘွား စိတ်ထိခိုက်ခံစားနေရချေသည် ဆိုတာ သူ မှန်းဆမိနေရလျက် .. ရင်ထဲမှာမကောင်း ..။

နေ့စွဲကို .. သူ ကြည့်မိ၏။ ဘွား ကွယ်လွန်သည့် နေ့ကို သူ မသိရသေး ..။ ပျိုလေးကို မမေးရသေး ..။ တစ်ခု တော့သေချာနေသည်။ ဤစာရွက်စာတမ်းများကို မထင်မှတ်သော နေရာမှာ ဒေါ်ဖွားရှင် ဖွက်ထားခဲ့ပြီးမှ ..။ ဘွား .. ကွယ်လွန်ခဲ့ခြင်း ..။

ပျိုလေးကို, သူ ကြည့်မိသည်။

သြော် .. အမေ၏ စာကို မျက်ရည်တွေတွေကျနေ ရင်း ဖတ်နေချေသည်ကောလေ ..။

ငုဝါမြိုင်သည် .. လျှို့ဝှက်ခြင်းတရားများဖြင့် အတိတ် ဆီမှ .. ဖြတ်သန်းရပ်တည်လာခဲ့သော အိမ်ကြီးတစ်အိမ်ဖြစ်နေပါ ချေသည်တကား ..။

ကြေကွဲဖွယ်ရာ .. လျှို့ဝှက်ခြင်းများဖြင့် ရပ်တည်မှု။

ချောက်ချားဖွယ်အဖြစ်ဆိုးကြီးကိုလည်း ဖြစ်တည်စေ မှုများဖြင့် .. အတိတ်ဆိုသော အရာတစ်ခုကို .. ဖြစ်တည်ချန်ရစ်ခဲ့ ပါချေသည့် ငုဝါမြိုင်ပါတည့် ..။

❋ ❤ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၁)

ပျိုလေး မေမေ့စာကို ငုံ၍ဖတ်နေမိရပါပြီ ..။

ပထမစဖတ်ခဲ့ရပါသည့်စာ၏ အဆုံးသတ်နေတာလေးကို နောက်တစ်ကျော့ ထပ်၍ဖတ်မိသည်။ ဪ .. ခံစားချက်ချင်းကတော့ မတူတော့သည့်အဖြစ် ..။ ပထမဆုံးကတော့ မေမေ ကွယ်လွန်ခဲ့သည်ဟု သိခဲ့ .. ခံစားခဲ့ရရင်းဖြင့် .. တမလွန်ဆီမှာရှိနေသည့် မေမေ့ကိုယ်စား ပြောပြနေသည့် စာတစ်စောင်အဖြစ် ခံစားမျက်ရည်ကျခဲ့ရသည်။

ခုကျတော့ ..။ ဪ .. ခုကျတော့လည်း .. သမီးကို တွေ့ခွင့်မရသည့်ဘဝထဲမှာ ကြေကွဲခံစားရင်း တမြည့်မြည့်ကျေစေသည့်ရင်ကို အနိုင်နိုင်ဆည်၍ ကွယ်လွန်ခါနီး မိခင်တစ်ယောက် ပမာဟန်ဆောင်၍ ..။ ပြီးတော့ .. သမီးလေးထံ နောက်ဆုံးရေးသားရသည့်စာတစ်စောင်အဖြစ် .. ရေးခဲ့ပါလေသောစာ ..။ ဤစာကို ရေးရင်း မေမေသည် အဘယ်မျှထိ တမြည့်မြည့်ကြေမွ မျက်ရည်ကျခဲ့ရှာပါလိမ့် ..။ သက်ရှိထင်ရှားရှိပါလျက် ..။ ကွယ်လွန်ခါနီး ဝေဒနာသည်ကြီးတစ်ယောက်ပမာ ရေးခဲ့ရှာပါသော မေမေ့စာ။



သမီးဖြစ်သူ၏ရင်ထဲမှာ .. အမေသည် လူသတ်သမဖြစ်သည်ဆိုတာကြီးကို .. တည်မြဲနေမှာ ခံနိုင်ရည်မရှိသည်မို့ .. ဘွားကို မသတ်ရပါ .. ဆိုသည့် သစ္စာစကားအဖြစ် .. ရေးသားချန်ရစ်စေသည့်စာ ..။

"မေမေ့စာကို သမီး မျက်ရည်ကျရင်း ဖတ်နေပါတယ် မေမေ .. သမီးကို ဘယ်တော့မှ မတွေ့ရတော့ဘူးလို့ မေမေ ယုံမှတ်ကြေကွဲနေရတဲ့ရက်ဟာ .. မကြာမတင်မှာ ကုန်ဆုံးသွားရတော့မှာပါ .. တစ်နေ့မှာ .. ဖေဖေ့နဲ့အတူ ပျိုလေး .. မေမေ့ဆီကို လာခွင့်ရတဲ့ဘဝကို မလွဲမသွေ ရောက်ရလိမ့်မယ်လို့ .. ပျိုလေး ယုံကြည်ပါတယ် မေမေ၊ လောလောဆယ်မှာ .. မေမေ့ဆီကို သမီး မလာဖြစ်တာက ဖေဖေ့စိတ်ထဲမှာ နစ်နာကျင်ကျင် ဖြစ်တည်နေတဲ့အရာကို သမီး .. ဖယ်ရှားပစ်လိုက်နိုင်ဖို့အတွက်ပါ မေမေရယ် .. ဖေဖေက ထင်နေတယ် မေမေ .. ဖေဖေ့ကို သမီး ပစ်ပယ်ပြီး မေမေ့ဆီကို ရွေးချယ်သွားလိုက်ပြီလို့ .. အဲသလို .. ဖေဖေ့ခံစားကျန်ရစ်ခဲ့ရမှာကို သမီး ခံနိုင်ရည်မရှိလို့ပါ မေမေ .. ဖေဖေ့ကို သမီးချစ်တယ် .. မေမေ့ကိုလည်း သမီး ချစ်တယ် .. သမီးတစ်ယောက်အနေနဲ့ မိဘနှစ်ပါးကို ချစ်တဲ့အချစ်အဖြစ် သမီးရဲ့ရင်ထဲမှာ .. တရိုတသေထားပြီး ချစ်နေတယ်ဆိုတာ ဖေဖေ သိဖို့လိုနေတာမို့ .. ဖေဖေ့ရင်ထဲက နာကျင်ကြေကွဲမှုတွေကို .. ဖယ်ရှားပွေလိုက်နိုင်ဖို့အတွက် သမီး ဒီမှာရှိနေရတာပါ မေမေရယ် .. မေမေ့ကို သမီး ပြေးတွေ့လိုက်ရင် .. ဪ .. [illegible]သမီး

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုထားခဲ့ပြီကော ‥ လို့ ဖေဖေ နာကြည်းအတည်ပြုသွားမှာမို့ပါ ‥”

မေမေ့ကို တမ်းတရင်း ပျိုလေး မျက်ရည်ကျနေရသည်ပါပဲ ‥။ နက်မှောင်ရှည်လျားသော ဆံနွယ်များကို သုံးပတ်လျှိုဆုံးနှောင်းထားတတ်လျက် ဆံမြိတ်ရှည်ကို တစ်ခါတစ်ရံမှာ ချထားတတ်ကာ ‥။ တစ်ခါတစ်ရံမှာ ဆံထုံးနက်နက်ကို ပြန်၍ ရစ်ပတ်ထုံးဖွဲ့ထားတတ်ပါသော မေမေ ‥။ ဆံထုံးထက်မှာ ဇီဇဝါပန်းဖြူ ‥။ ဒါမှမဟုတ် ‥ နှင်းဆီပန်း ‥။

တစ်ခါတစ်ရံ ‥ စံပယ်ကုံးလေး ‥။ ပြီးတော့ ‥ စံကားပန်းတို့ကို ပန်ဆင်ထားတတ်ပါသော မေမေနှင့် ရှူရှိုက်ရတတ်ပါသော ပန်း၏ရနံ့ ‥။ သနပ်ခါးရနံ့ ‥။ လှပလွန်းပါသည့် မေမေ့မျက်နှာနုနု ‥။ ပျောင်းအိ့ယဉ်ကြော့သောကိုယ်ဟန် ‥။ အားလုံးသည် ‥ ပျိုလေးအာရုံမှာထင်၏။ အို ‥ မဟုတ်သေး ‥။ ပျိုလေးရှေ့မှာ မေမေ ရပ်နေသည်သို့မြင်၏ ‥။

“အဲဒီနေ့ကအဖြစ်ကို မေမေ ရေးပြမယ် ‥။ သမီးလေးက ကျောင်းသွားနေပြီ ‥။ အဲဒီနေ့ဟာ ‥ ဘွားအသက်ရှင်ခွင့်ရတဲ့ နောက်ဆုံးနေ့တစ်နေ့အဖြစ် ‥ ဖြစ်တည်လာလိမ့်မယ်လို့ မေမေလဲ ‥ ဘယ်လိုထင်ထားနိုင်ပါ့မလဲ သမီးရယ် ‥။

အဲဒီနေ့မနက်မှာ ‥ သမီးရဲ့ဘွားဟာ မေမေ့ကို ‥ သူ့အခန်းကို ခေါ်တယ် ‥။ မေမေ့ကို ‥ မျက်တောင်မခတ် စိုက်ကြည့်တယ် ‥။ မေမေ့ ဆံစတွေကို သပ်ပေးတယ် ‥။ မေမေဟာ ‥ သူ့ရဲ့ချွေးမအလိမ္မာလေးဆိုတာ



သူ သိနေရပါပြီလို့လဲ ပြောတယ် ‥။ တစ်ခုခုကို သမီးရဲ့ဘွားဟာ မျိုသိပ်ကြေကွဲနေတယ်လို့ မေမေ ထင်တယ် သမီး ‥။ ဘာလဲဆိုတာကိုတော့ မေမေ မသိရပေမယ့် ‥ အတော်လေး ပြင်းထန်တယ်လို့တော့ မေမေ ထင်တယ် ‥။

သမီးရဲ့ဘွားဟာ သားကြီးဖြစ်တဲ့သူ လေ့ကားက ချော်ကျပြီး ရထ်တရက် ဆုံးပါးသွားခဲ့ရတာကဲ ‥ ရက်လည်ပြီး တစ်ပတ်ကျော်ရုံပဲ ရှိသေးတယ်ဆိုတော့ ‥ သားအတွက်လဲ ပြင်းပြင်းထန်ထန် တုန်လှုပ်ချောက်ချားရင်း ခံစားရ ‥။ မချိတင်ကဲဖြစ်ရနဲ့ဆိုတာ မေမေ သိပါတယ် ‥။ နားလည်ထားပါတယ် ‥။ ချွေးမကြီးဖြစ်တဲ့ ‥ မှမလတ်ကလဲ ‥ ငုဝါမြိုင်မှာပဲ ‥ အတူလာနေပါရစေတော့လို့ သမီးရဲ့ဘွားကို ငိုယိုပြောပြီး အမေ့ ရင်ခွင်မှာ ခိုသလို ‥ သမီးနှစ်ယောက်နဲ့အတူ ရောက်လာကြတာကလဲ တစ်ပတ်ကျော်ကျော်လောက်ပဲ ရှိသေးတယ်လေ ‥။

အစ်ကိုကြီး ကိုသစ္စာအတွက် ရက်လည်ဆွမ်းကျွေးပြီး တစ်ပတ်ကျော်လောက်ပဲ ရှိသေးတာမို့ ဘွား ‥ ရင်ထဲမှာ ဘယ်ဖြေဆည်နိုင်ဦးမှာလဲ သမီးရယ် ‥။

သမီးရဲ့ဘွားဟာ ‥ မေမေကို ‥ အဲဒီနေ့က ‥ ရတနာဘူးတစ်ဘူးကို ကမ်းပေးတယ် ‥။ ဖွင့်လည်းဖွင့်ပြထားတယ် ‥။ မြလည်ဆွဲတစ်ခုပါပဲ ‥။ ပြီးတော့ ‥ လက်စွပ်နဲ့ လက်ကောက်လေးရယ် ‥။ နားကပ်ရယ် ‥ တစ်ဆင်စာဆိုပါတော့ ‥။ အရည်ကောင်း မြတစ်ဆင်စာကိုပေးလာတဲ့ အမေ့ကို ‥ မေမေ အံ့သြစိတ်နဲ့ မော့ကြည့်တော့ ‥ အမေ

www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြီးကြည့်လာတယ် ..။ တကယ်က .. မြေးကိုချစ်ပေမယ့် .. အမေဟာ .. ချွေးမဖြစ်တဲ့ မေမေ့ကိုတော့ သိပ်ဟက်ဟက် ပက်ပက် မရှိလှတာ သမီးရဲ့ဖေဖေလဲ သိနေတာပါပဲ ..။ သမီးလေးပဲ .. ဆယ်နှစ်အရွယ် ရောက်နေပြီ ..။ သမီးရဲ့ ဘွားဟာ မေမေ့ကို တရင်းတချာ မထားခဲ့ဘူး မဟုတ်လား ..။ ဒါပေမဲ့ .. အဲဒီနေ့ကတော့ .. အမေဟာ .. မေမေ့ကို .. အကြာကြီး စိုက်ကြည့်တယ် ..။ မေမေ ငြင်းနေပေမယ့် .. အတင်းကြီးပဲ မေမေ့လက်ထဲကို ရတနာဘူးကို ထည့်တယ် ..။

အမေ ငိုလည်း ငိုတယ် သမီးရယ် ..။ မေမေဖြင့် အမေ့ကိုကြည့်ပြီး .. အတော်ကြီးကို ရင်ထဲမကောင်းနိုင်ခဲ့ရတာပါ ..။

အဲဒီအချိန်မှာ မမလတ် အမေ့အခန်းတံခါးမှာရောက် လာတယ် ..။ အမေ့ကိုလည်း ကြည့်တယ် ..။ မေမေ့ကို လည်း ကြည့်တယ် သမီး ..။

သမီးရဲ့ဘွားကို .. မေမေက .. အမေလို့ခေါ်သလို .. မမလတ်ကျတော့ မာမီလို့ ခေါ်တယ်လေ ..။ သမီး မှတ်မိ တယ် မဟုတ်လား ..။

ခုလည်း .. မာမီ နေမကောင်းဖြစ်တော့မှပဲ .. ဘာ တွေ စိတ်မကောင်းအောင် လာပြောနေတာလဲ .. လို့ အမေ ငိုနေတာကိုကြည့်ပြီး မေမေ့ကို အပြစ်တင်သလိုပြောလာ တော့ .. အမေက သွားနားတော့သမီးလို့ မေမေ့ကိုပြုံးပြီး ပြောတာမို့ မေမေ ထွက်ခဲ့ပါတယ် ..။ မမလတ်ဟာ ..



မေမေ့အပေါ်မှာ ပန်းသည်မဆိုပြီး အမြဲနှိမ်ခဲ့တဲ့သူပါ ..။ ဒါပေမဲ့ သမီးဖေဖေ့အစ်ကိုကြီး ကိုသစ္စာအောင်ရဲ့ဇနီးပေမို့ .. မေမေ တရိုတသေ ထားပါတယ် ..။

မေမေ ထွက်လာတော့ မမလတ် နောက်ကလိုက် လာတယ် ..။ မေမေ့ရတနာဘူးကို တောင်းကြည့်တာမို့ မေမေ ပြလိုက်တာပါပဲ ..။ မမလတ်က ပုံစံကြိုက်တယ် ဆိုပြီး ခဏယူထားပါရစေဆိုတော့ မေမေ စဉ်းစားရတယ်။

အမေက .. ပေးထားတဲ့ ရတနာပေမို့ .. သူမေးတဲ့ အခါ ပြဖို့ကလဲ ရှိတယ် ..။ မပေးပြန်ရင်လဲ မမလတ်က စိတ်ထဲမျက်မယ်။ မယုံမကြည် ထားတယ်ဆိုပြီးတေးမယ် ..။ ပြီးတော့ .. ခင်ပွန်းသည်ကလည်း ဆုံးပါးထားတာ ရက် လည်ကျော်ရုံပဲ ရှိသေးတာ ..။ ခင်ပွန်းအရိပ် မရှိတော့တာနဲ့ မယုံမကြည် ပြုရက်လေခြင်းဆိုပြီး ဖြစ်မယ် ..။ ဒါကြောင့် မေမေ .. မျက်စိမှိတ် ဆုံးဖြတ်လိုက်ပါတယ် သမီး ..။ ရတနာဘူးကို .. မေမေ ပေးလိုက်တော့ တပြုံးပြုံးနဲ့ ယူ သွားလေရဲ့ ..။ အဲဒီအချိန်မှာ သမီးရဲ့ဘွား ထွက်လာပါလေ ရော ..။ မမလတ် တောင်းမယ်လို့များ သမီးရဲ့ဘွား ထင် ထားသလား မသိပါဘူးကွယ် ..။ မမလတ်ကို အမေက အဲဒီရတနာဘူးကို ပြန်ပေးလိုက်ပါ .. လို့ ပြောလဲပြော ရော .. မမလတ် ငိုတော့တာပဲ ..။ ပုံစံလေး ယူကြည့်တာ ပါ .. ဒီလောက် အထင်သေးရက်လေခြင်းဆိုပြီး ဖြစ်ကုန် တာနဲ့ .. မေမေ .. သမီးရဲ့ဘွားကို တောင်းပန်ခဲ့ရတယ်။ ခဏလေး ပုံစံယူပြခွင့်ပေးလိုက်ပါ အမေရယ်လို့ ပြောရ..

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပန်ရတယ်။ အမေ ခဏငြိမ်နေပြီးတော့မှ မမလတ်ကို သူ့စာကြည့်ခန်းကို လာခဲ့လို့ပြောပြီး စာကြည့်ခန်းဘက် သွားလိုက်တော့ မမလတ်လဲ .. လိုက်သွားတာပါပဲ ..။ ရတနာဘူးလဲ မမလတ် လက်ထဲ ပါသွားတယ် သမီး။ ဟိုမှာ သမီးရဲ့ဘွားနဲ့ မမလတ်တို့ ဘာဖြစ်ကြမယ်ဆိုတာ တော့ မေမေလဲ မသိဘူး ..။ လိုက်သွားလို့လဲ မကောင်း တာနဲ့ .. မေမေ .. အောက်ထပ်ဆင်းပြီး .. မီးဖိုထဲမှာ ချက်ရေးပြုတ်ရေး လုပ်ကိုင်နေတယ် ..။ သမီးရဲ့ဖေဖေလဲ အလုပ်မသွားသေးဘူး ..။ သဇင်နဲ့ အင်ကြင်းတို့နဲ့ သမီး ကို ကျောင်းသွားပို့ပေးတဲ့ ကိုကျော်လဲ ပြန်မရောက်သေး ဘူး ..။

သမီးဖေဖေက ရေမိုးချိုးနေတယ် ..။ အဲဒီအချိန်ထိ ငုဝါမြိုင်ဟာ အေးအေးချမ်းချမ်း ရှိနေဆဲပါပဲ ..။ ဒေါ်နှင်း ကလည်း ဈေးသွားနေတယ် ..။ ဦးသော်ကလည်း ပန်းမျိုး အဝယ်သွားနေတယ် .. ခြံထဲမှာ ဦးသော် ရှိနေတယ်ဆိုရင် လဲ .. သမီးရဲ့ဘွား .. ခုလို .. ဖြစ်မယ်မထင်ဘူး ..။ လူ ရှိနေတာကိုး ..။ ဘယ်အချိန်မှာ အမေဟာ .. အဲဒီခြံဆော ဘက်က .. သစ်ခွရုံတန်းဘေးနေရာ ..။ ရွက်လှပင်တွေ နေရာမှာ ရောက်သွားတယ် ဆိုတာကို မေမေလဲ မသိလိုက် ဖူး ..။ မေမေက မီးဖိုထဲမှာ ရှိနေတာကိုး ..။

အပေါ်ထပ်ပြန်တက် ..။ သမီးဖေဖေဝတ်ဖို့ အဝတ် တွေရွေးပြီး ခုတင်ပေါ်တင်ထား ..။ ပြီးတော့ .. ဘွားအခန်း ကို မေမေ သွားတော့ ဘွားမရှိနေဘူး ..။ သမီးဖေဖေလည်း



ရေချိုးခန်းက ထွက်မလာသေးဘူး ..။ မေမေ ခြံထဲဆင်း ခဲ့တယ် ..။ သမီးရဲ့ဘွား .. မမလတ်နဲ့ တစ်ခုခုတော့ အပြောအဆို အဆင်မပြေဖြစ်မယ်ဆိုတာ မေမေ မှန်းဆမိ တယ် ..။ ရတနာတွေ တောင်းယူထားတာကို ဘွားကျေ နပ်မှာ မဟုတ်ဖူးလေ ..။

မေမေ .. ခြံထဲရောက်တော့ .. ဘွားကိုမတွေ့ဘူး ..။ ဟိုဟိုသည်သည်ကြည့်တော့ .. မတွေ့တာနဲ့ မေမေ မီးဖို ဘက် ပြန်သွားခဲ့တယ် ..။ သမီးဖေဖေ အပေါ်ထပ်က လှမ်းအော်ခေါ်နေတာနဲ့ ပြေးတက် ..။ လက်ပတ်နာရီ ရှာ မတွေ့ဖြစ်နေတဲ့ဉစ္စာ .. မှန်တင်ခုံ အံဆွဲနေရာလေးကယူ ပေး ..။ အောက်ပြန်ဆင်းလာခဲ့ရပြန်တယ် ..။ သမီးဖေဖေ က မေမေ့ကို ပြောတယ် ..။ ဘွားကို သွားပြောထားပေး ပါတဲ့ ..။

ဒီနေ့ .. သမီးဖေဖေနဲ့ ဘွား .. အလုပ်ကိုလိုက် မယ်လို့ မှာထားတယ်တဲ့။ အဲဒါ .. သွားကြရတော့မယ် လို့ ပြောပြလိုက်ပါဦးတဲ့ .. စက်ရုံသွားဖို့ပြင်ရင်း သမီးဖေဖေ ပြောတာမို့ ဘွားကို ခြံထဲနောက်တစ်ကျော့ အရှာထွက်ရ ပြန်တယ် ..။ အဲဒီအခါကျတော့မှ မတွေ့မဖြစ် ရှာရဦးမှာ မို့ လိုက်ရှာတော့ ..။ ရွက်လှပင်တန်းဘက်ကို ရောက် လည်းရောက် ..။

ညည်းသံကြားတာမို့ အသံကြားရာကို ပြေးကြည့် တော့ သမီးဘွားဟာ ခားတန်းလန်းနဲ့ ထွန့်ထွန့်လူးညည်း နေတာ မေမေ မြင်ရတော့တာပါပဲ .. ကမန်းကတန်း

www.burmeseclassic.com

www.burmeseclassic.com



ဓားကိုဆွဲနှုတ် ..။ လက်နဲ့သွေးတွေကို ပိတ်မိရင်း အမေ့ကို
မေမေ .. ပွေ့ပိုက်ထားမိရင်း .. လာကြပါဦး .. လို့ အော်
တာပါပဲ။ သမီးရဲ့ဘွားဟာ သတိမရတစ်ချက် ရတစ်ချက်
ဖြစ်ချင်နေပြီ ..။

ပုံပြင် .. ဆိုတာကိုလည်း တတွတ်တွတ် ပြောနေ
တယ် ..။ စာ .. ဆိုတာကိုလည်း ပြောနေတယ် ..။ အမေ
ဟာ .. သတိမလွှင့်တစ်ခါ လွင့်တစ်ခါ ဖြစ်နေချိန်မှာ
ပုံပြင်နဲ့ စာ ဆိုတာကို တစွဲလန်းလန်းနဲ့ အရေးတကြီး
ပြောနေတယ် ..။

အဲဒီအချိန်မှာ မေ့မေ .. ကမန်းကတန်း ထရပ်
တယ် ..။ မေမေ့လက်ထဲမှာလည်း စောစောက ဆွဲနှုတ်
ထားတဲ့ဓားက ရှိနေတယ် ..။ မေမေ စိတ်ထဲမှာ အလေး
ကြီးနေတာက .. သမီးအဖေကို ပြေးခေါ်ဖို့ပဲ ..။ အမေ့
အမြန်ဆုံး ဆေးရုံတင်မှ ဖြစ်မှာ ..။

အဲသလို အချိန်ကြီးမှာ ဦးသော် .. ရောက်လာတယ် ..
အားလုံး မြင်လည်းမြင် ..။ ဟင် .. မမလေးက .. ဘွား
ကို .. ဓားနဲ့ထိုးသလား .. လို့ မေးလာတော့ .. မေမေ
ခေါင်းယမ်းတယ် ..။ မသတ်ဖူးဆိုတာကိုလည်း ငိုပြီးပြော
ပြနေမိတယ် ..။ သမီးဘွားလဲ တစ်ချက်သတိလည်လာ
နေပုံရတယ် ..။ ဦးသော်ကိုကြည့်ပြီး ခေါင်းယမ်းပြတယ်

ယုဇန ဆိုတာကိုလဲပြော .. ခေါင်းလည်းယမ်းတယ်
မေမေ မသတ်ဖူးလို့ ရှင်းပြနေတာဖြစ်မှန်း မေမေ သိ
ပေမယ့် ..။ ဦးသော်ကတော့ .. ဘွားဟာ .. မေမေ့နာမည်



ကို ပြောပြခဲ့တယ်လို့ မှတ်ယူသွားဖို့ အကြောင်းဖန်သွားစေ
ခဲ့တော့တာပါပဲ သမီးရယ် ..။ အဲဒီအဖြစ်တစ်ခုဟာ ..
မေမေ့ကို .. လူသတ်သမားအဖြစ် .. တွန်းပို့ခဲ့တော့တာ
ပါပဲ ..။ မေမေ့လက်ထဲမှာ ဓားရှိတယ် ..။ မေမေ့ကိုယ်မှာ
သွေးတွေ စွန်းနေတယ် ..။ စောစောက အမေ့ကို ပွေ့ပိုက်
ထားပေမယ့် .. ဦးသော် မြင်ချိန်မှာကျတော့ .. မေမေဟာ
ဓားကိုင်ပြီး ရပ်နေတဲ့သူ ဖြစ်နေပြီ ..။ ဦးသော် သမီးဖေဖေ့
ကို ပြေးခေါ်တယ်။ ရောက်လာတော့ .. မောင်ဟာ .. သူ့
အမေကို ပြေးပွေ့ ..။

မေမေ့ကိုလည်း ဒေါသတကြီးနဲ့ နာနာကြည်းကြည်း
ကြည့် ..။ ဘာလို့ အမေ့ကို သတ်ရတာလဲလို့ အော်ဟစ်
မေးနေတယ် ..။ ဘွားဟာ .. မောင့်ကိုကြည့်တယ် ..။
ခေါင်းခါတယ် ..။ မျက်ရည်ကျတယ် ..။ စကားကိုမနည်း
အနိုင်နိုင် ပြောနေပုံနဲ့ .. ယုဇန ဆိုတာကို ထပ်ပြောတယ် ..။
ပြီးတော့ .. ပြီးတော့ .. အမေ .. ဆုံးသွားရှာတယ် .. သမီး
ရဲ့ဘွား ဆုံးသွားခဲ့ရှာတယ် သမီးရယ် ..။

သမီးရဲ့ဖေဖေဟာ ဘွားကိုပွေ့ပြီး ၄ဝါမြိုင်ကို ခေါ်
သွားတယ် ..။ ရဲစခန်းကိုလည်း ဖုန်းဆက်တယ် ..။ မေမေ့
ကိုလည်း နာနာကြည်းကြည်းနဲ့ တစ်ချက်ရိုက်တယ်။
မေ့မေ ထွက်မပြေးအောင်ဆိုပြီး ဦးသော်နဲ့ စောင့်ကြည့်
ခိုင်းထားတယ် ..။

နောက်တော့ မမလတ်လည်း ရောက်လာတယ် ..။
ဦးသော် ပြေးအော်ပြောတာမို့ အားလုံး အဲဒီနေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြပြီလေ ..။ မမလတ်က .. သူ ရေချိုးနေတုန်း .. ဒါတွေဖြစ်ကုန်တာလို့ ငိုပြောနေတယ် ..။

မေမေ့ကို .. သမီးရဲ့ဖေဖေဟာ .. အလွန်မုန်းသွားခဲ့တယ် သမီး။ နောက်ပိုင်းကိစ္စကတော့ သမီး သိထားတဲ့အတိုင်းပါပဲ ..။ မေမေဟာ လူသတ်မှုကို ရင်ဆိုင်ရတယ် ..။ ပထမပိုင်းတုန်းကတော့ .. မေမေဟာ သမီးရဲ့ဘွားကို မသတ်ဖူးလို့ပဲ ငြင်းခဲ့တာပါပဲ ..။

ဒါပေမဲ့ .. တစ်နေ့မှာ .. သမီးရဲ့ဖေဖေ .. မေမေ့ကို လာတွေ့တယ်။ မေမေ့အတွက် .. ရှေ့နေတောင် မငှားပေးလောက်အောင် မုန်းတီးနာကြည်းနေတဲ့ မောင်ဟာ .. တစ်ခုပဲ လာပြောတယ် ..။ ဒီအပြစ်ကို .. မေမေ ဝန်မခံပေးမချင်း .. မောင်ဟာ .. အိပ်မပျော်နိုင်ဘူးတဲ့ .. သမီးရဲ့ဖေဖေဟာ အိပ်မပျော်နိုင်ဘူးတဲ့ .. မကျေနပ်နိုင်ဘူးတဲ့ .. စိတ်မအေးချမ်းနိုင်ဘူးတဲ့ .. အဲသလို လာပြောပြီး ပြန်သွားတယ် သမီး ..။

မေမေ အလွန်ရှိသေ ချစ်မြတ်နိုးရတဲ့ .. ခင်ပွန်းသည်ကို .. စိတ်အေးချမ်းစေဖို့ ..။ ကျေနပ်စေဖို့ ..။ အိပ်မပျော်နိုင်တဲ့အဖြစ်တွေ မရှိတော့စေဖို့ .. မေမေ .. မေမေလေ .. မေမေဟာ သမီးရဲ့ဘွားကို သတ်ပါတယ်လို့ ဝန်ခံပေးလိုက်ပါတော့တယ် ..။ မေမေ့အတွက် .. နိုင်ငံတော်က ငှားရမ်းပေးတဲ့ .. ရှေ့နေ ဦးမောင်မောင်မြိုင် ဆိုတာ .. အဲဒီဖြောင့်ချက်ကို မေမေ ပေးလိုက်ကတည်းက .. ခေါင်းငိုက်စိုက်ကျသွားတော့တာပါပဲ ..။ စွဲချက်မတင်သင့်ပါဘူးလို့ လျှောက်လဲချက်ပေးသာ ပေးရှာတာပါ ..။ စိတ်မာတက်ကျဆင်းနေခဲ့ရှာပါတယ် ..။ စွဲချက်အမိန့်ချတဲ့နေ့မှာ .. မေမေ့ကို ဘာပြောချင်သလဲလို့ တရားသူကြီးက မေးတော့လည်း .. မေမေ အပြစ်ရှိပါတယ်လို့ ဝန်ခံလိုက်တယ် ..။



နောက်တစ်ချိန်းမှာ မေမေ့ကို အမိန့်ချလိုက်တယ်။ အမိန့်မချခင် တစ်နေ့မှာ ဒေါ်နှင်း အမေ့ဆီကိုလာခဲ့သေးတယ် ..။ မေမေ ဝန်ခံပေးလိုက်ပြီမို့ .. မောင် .. လို့ တမြတ်တနိုး မေမေ ခေါ်ခဲ့ရပါတဲ့ .. သမီးရဲ့ဖေဖေ ကျေနပ်အေးချမ်းဖို့ ပြောပြလိုက်ပါ .. လို့တော့ မှာခဲ့မိပါတယ်။ မောင် မသိအောင် လာခဲ့ရှာတဲ့ ဒေါ်နှင်း ပြောပြဖြစ်ပါ့မလားတော့ မေမေ မသိဘူးပေါ့ သမီးရယ် ..။

မေမေ့အဖြစ်က .. ဒါပါပဲ သမီး ..။ ရောဂါသည် မေမေ .. မရှိတော့ပေမယ့် ..။ မေမေဟာ ကွယ်လွန်သွားပေမယ့် .. သမီးလေးရဲ့ရင်ထဲမှာ .. တစ်ခုပဲ ကျန်ခဲ့စေချင်တာမို့ .. ဒီစာကို .. သမီးလေးဆီ .. တစ်စောင်တည်းသောစာအဖြစ် မေမေ ရေးခဲ့ရတာပါ။

သမီးရဲ့ဘွားကို .. မေမေ မသတ်ခဲ့ပါဘူး သမီးရယ် ..။

သမီးရဲ့မေမေဟာ .. လူမသတ်ခဲ့ပါဘူး ..။ အားမငယ်နဲ့နော် ..။ ကြေကွဲတဲ့ရှက်ခြင်းတွေနဲ့ ရှိမနေနဲ့နော် သမီး ..။ သမီးရဲ့မေမေဟာ သမီးရဲ့ဘွားကို သတ်ခဲ့တဲ့သူ .. ဆိုပြီး .. သိမ်ငယ်မနေနဲ့ ..။ လိပ်ပြာသန့်သန့် .. စိတ်ရဲရဲနဲ့ ဘဝကို ဆက်ပြီးလျှောက်လှမ်းရစ်ပါ ..။

www.burmeseclassic.com

www.burmeseclassic.com



ဘွားကို .. ငါ့အမေဟာ မသတ်ခဲ့ဘူး ..။ ငါ့အမေ ယုဇနဟာ မသတ်ခဲ့ဘူးလို့ ရင်ထဲမှာ သတ္တိတွေမွေးပြီး လိပ်ပြာသန့်သန့်နဲ့ .. လောကကြီးက ရင်ဆိုင်ရဲရစ်လေ တော့ သမီးရေ ..။ လိမ္မာရစ်လေတော့ ..။

သမီးကိုချစ်တဲ့
မေမေယုဇန"

စာဆုံးသွားတော့ ပျိုလေး ငိုနေရပါပြီ ..။

မေမေ့ကို ပျိုလေး ယုံပါသည်။ အကြွင်းမဲ့ ယုံကြည် ပါသည် မေမေရယ် ..။ ရင်ထဲမှာ ပို၍ခံစားလာရသည်က မခံနိုင် ခြင်း ..။

အသက်ရှင် ရပ်တည်နေရပါလျက် .. လူသတ်သမ အဖြစ် .. အထင်ခံရဖါလေသော မေမေ့သိက္ခာအတွက် မခံနိုင် ခြင်း ..။ ဘွားကိုသတ်သည့် တရားခံသည် အဘယ်သူဖါလဲ ..။ ဘွား ကွယ်လွန်ခဲ့ရသည်။ ဖေဖေ ကြေကွဲနာကြည်းစွာ ကျန်ရစ် ခဲ့ရစဉ် တစ်လျှောက်လုံးမှာလည်း ဖေဖေ့ အမုန်းသည် မေမေ့ အပေါ် သက်ရောက်နေခဲ့ရသည်။ မေမေ့သိက္ခာအတွက် ပျိုလေး မစဉ်းစားပဲ နေရတော့မည်တဲ့လား ..။

မေမေ့ရင်ထဲမှာ မြဲတည်စွာရှိအပ်ပါသော .. ခင်ပွန်း သည်အပေါ် ချစ်မြတ်နိုး ရှိသေခြင်းဆိုသည့် အဖြစ်တစ်ခုသည် .. ဖေဖေ စိတ်ချမ်းသာဖို့ အပြစ်မရှိပါပဲလျက် ဝန်ခံပေးလိုက်သည် အထိ စွန့်လွှတ်စွန့်စားလွန်းသည့် အဖြစ်တစ်ခုကတော့ဖြင့် .. ဖြစ်တည်သွားခဲ့ပြီးပြီ ..။ ကျန်ရစ်ခဲ့ပြီးပြီ ..။ ဤအတွက် .. မေမေ့ ကို ချီးကျူးရမည်လော .. အပြစ်တင်ရမည်လော .. ဆိုတာကိုပင်



လောလောဆယ်မှာ ပျိုလေး မစဉ်းစား မဝေခွဲနိုင်သေးပဲ ဖြစ်နေ ဆဲ ..။ စွန့်စားလွန်းနေသည်ဟုတော့ .. ပျိုလေး မှတ်ယူသည်မှါပဲ။

စာကို .. အစ်ကိုလေး လက်ထဲသို့ အပ်လိုက်ချိန် မှာ အစ်ကိုလေး မဖတ်သေးပဲ ပျိုလေး ဘေးမှာထိုင်သည်။ ဆံစ လေးတွေကို သပ်ပေးသည်။ ရေခဲသေတ္တာတွင်းမှ အအေးဘူးလေး ကို ဖောက်၍တိုက်သည်။ စာထဲမှာ စိတ်ကိုနှစ်၍ ပျိုလေး ဖတ်ခဲ့ စဉ်တစ်လျှောက်လုံးမှာလည်း အစ်ကိုလေးသည် တစ်စုံတစ်ရာမျှ အနှောင့်အယှက် မပေး ..။ ဘာကိုမျှ မမေး ..။ ငြိမ်သက်စွာ စောင့်ဆိုင်းကြည့်နေခဲ့သည်ပါပဲ။ တကယ်က .. မေမေ မဆုံးပဲ .. သက်ရှိထင်ရှား ရှိနေတယ် အစ်ကိုလေးဟု ပျိုလေး မော့၍ မျက် ရည်ကျရင်း ပြောပြနေမိရသည်က တတွတ်တွတ် နိုင်နေသည်။

"စိတ်ကိုထိန်းပါ ကလေးရယ် .. မျက်စိကိုမှိတ်ထား .. ပျိုလေးမှာ .. အဖေရှိတယ် .. အမေလဲ ရှိနေတယ် .. မိဘ နှစ်ပါးစလုံး ရှိနေတယ်ဆိုတာ သိနေရပြီပဲ .. အဲဒါဟာ .. ကောင်းတဲ့ဘက်ကို ရောက်နေတာပဲ မဟုတ်လား .. ကြေကွဲငိုကြွေးစရာ အတိတ်တွေကို ချန်ထားရစ်ခဲ့ရပြီးပြီ လို့ မှတ်ယူယုံကြည်ထား .."

အစ်ကိုလေး၏ လေသံက အေးချမ်းနေသည်။ ပြော လိုက်သည့် စကားအပေါ် ကြားရသူက ယုံကြည်အေးချမ်းလာစေ နိုင်ဖို့အတွက် အရမ်းကို ကိုယ့်စကားအပေါ် ကိုယ်စိတ်ချယုံကြည် နေသည့်နှယ် အသံက တည်ငြိမ်ရင့်ကျက်လွန်းနေသည်။ ဖျောင်း ဖျောင်းဖျဖျလည်း နိုင်နေသည်။ ပျိုလေး .. မျက်ဝန်းများကို အစ်ကိုလေး ပြောသည့်နှယ် ပိတ်ထားလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို ထိန်းနေရသည်က ပင်ပန်းနေသည်ပါပဲ ..။

"မြတစ်ဆင်စာဆိုတာကို .. မေမေ့ဗီရိုထဲမှာလဲ မတွေ့ရတော့သလို .. အဲဒီ မြတစ်ဆင်စာဟာ .. ကြီးလတ်ပဲ ဆက် အပိုင်စည်းထားတယ်ဆိုတာ .. ငါ .. ငါ .. မြင်ခဲ့ရတဲ့ .. အဖြစ်တွေကြောင့် သိသာနေပြီပဲ .. ကြီးလတ်ဟာ .. အရှည်ကောင်း မြတစ်ဆင်စာကို .. ပွဲလမ်းသဘင်တွေသွားတဲ့အခါ .. ဝတ်ဝတ်နေတတ်တာပဲလေ .. အဖိုးတန်စိန်တွေ .. ပတ္တမြားတွေ .. လက်ဝတ်လက်စားဇီတွေ ဝတ်ဆင်တဲ့အခါ ပေါင်းများစွာတွေထဲမှာ .. အဲဒီ မြတစ်ဆင်စာ ဆိုတာလဲ ပါဖူးတာပဲ .. အဲဒါ .. မေမေ့ကို ဘွားပေးခဲ့တဲ့ မြတစ်ဆင်စာပဲ ဖြစ်ရမယ် .."

ဟု လူက မျက်ဝန်းများ မှိတ်ထားပေမယ့် .. စိတ်က မငြိမ် ..။ မေမေ့စာထဲက မြတစ်ဆင်စာကိစ္စသည် အတွေးထဲ ဖွတ်ဝင်လာနေသည်။ ပစ္စည်းကို မက်မောစိတ်ဖြင့် မဟုတ် ..။ ကြီးလတ်၏ စိတ်ရင်းမှန်ကို တွေးဆနေခြင်းဖြင့် တွေးသည့် အတွေးပါ ..။

အစ်ကိုလေးကို မျက်ဝန်းလေးတွေဖွင့်၍ ကြည့်လိုက်တော့ စာကိုစိတ်ဝင်တစား ဖတ်နေတာမြင်သည်။ ရုပ်ရည်သန့်ပြန့်မှန်ရည်လျက် .. စိတ်ထားကောင်းလွန်းသည် ဆိုတာကိုတော့ အစ်ကိုလေး၏မျက်နှာ မြင်လိုက်သည်နှင့် သိသာနေစေသည်ပဲလေ ..။ ခုလည်း ကြည့် ..။ ရှိသမျှအလုပ်တွေ ပစ်ထားလျက် .. ပျိုလေးအတွက် .. အစ်ကိုလေး အစစ .. စီစဉ်ပေး။ ပျိုလေးဆီမှာ ရှိနေပါသည့် အစ်ကိုလေးပါတကား ..။



စာဆုံးတော့ အစ်ကိုလေး ကြည့်လာသည်။ ကိုယ်လေးကို ဆိုဖာကျောမှီမှာ အားကုန်အားပြတ်နှယ်မှီရင်း ငိုထားရလွန်း၍ နီအမ်းနေပါသည့် မျက်နှာလေးကို ကြည့်ရင်းမှ ..

"တစ်ခုပဲ အရေးတကြီး လုပ်ရမယ့်ကိစ္စ .. ရှိနေတယ် ပျိုလေး .. အမှန်တရားအတွက် .. ပထမဆုံး လုပ်ရမှာက .. ပျိုလေးရဲ့ဖေဖေကို အစ်ကိုလေးဆက်သွယ်ရလိမ့်မယ် .. သူ့ကို .. အစ်ကိုလေး ကိုယ်တိုင် .. ဒီစာတွေနဲ့အတူ .. သွားတွေ့ရလိမ့်မယ် .. ပျိုလေး နေခဲ့ .. ကြီးလတ် သိလို့ မဖြစ်ဖူး .. ဒါတွေ .. အစ်ကိုလေးတို့ လက်ထဲမှာ ရှိနေတာကို .. သိလို့မဖြစ်ဖူး .. ပြီးတော့ .. ဆက်လုပ်သင့်တာတွေ အားလုံးကို .. အစ်ကိုလေး .. ဆက်လုပ်မယ် .. ပျိုလေးတို့မိဘနှစ်ပါး .. အမြန်ဆုံး .. စိတ်အေးချမ်းသာနေကြရလိမ့်မယ်လို့ .. စောင့်မျှော်နေလိုက်တော့ ပျိုလေး .."

ဟု လေးလေးနက်နက်ကြီး အစ်ကိုလေး ပြောချလာတော့ ပျိုလေး ထပ်၍မျက်ရည်ကျလာပါပြီ .. တကယ့်ကိုပဲ .. ထိုနေ့ကို ပျိုလေး မျှော်လင့်နေလိုက်ပါတော့မည် ဖေဖေနှင့် မေမေရယ် ..။ တကယ်လည်း ထိုနေ့ကို ရောက်လာစေဖို့ အစ်ကိုလေး ဆောင်ရွက်ပေးနိုင်ချေလိမ့်မည်ဟုလည်း အားကိုးမိရပါသည့် အစ်ကိုလေးရယ် ..။

လက်အုပ်လေးချီ၍ အစ်ကိုလေးကို ပျိုလေးကန်တော့လိုက်မိရပါပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. မဟုတ်တာ ပျို့လေးကလဲ .. ဒီလောက်ကြီး အစ်ကိုလေးကို တရိုတသေကြီး လုပ်နေတော့ .. ဘယ်နေ တတ်တော့မှာလဲကွာ .. ပြန်ထိုင်ပါ ကလေးရယ် .. ပြန် ထိုင်ပါ .. ကဲ .. လုံးဝစိတ်ကိုလျှော့ချလိုက် .. ပျို့လေး နေရမယ့်အခန်းကို .. ဒေါ်လေးငြိမ်းတို့ လိုက်ပို့ပေးလိမ့် မယ် .. ဒီနေ့ဟာ .. ပျို့လေး အရမ်းကို ပင်ပန်းရတဲ့နေ့ .. မတန်တဆကြီး ခံစားရတဲ့နေ့ .. စိတ်လှုပ်ရှားရတာတွေ .. ဝမ်းနည်းရတာတွေ .. စိတ်ထိခိုက်ရတာတွေက .. အရွယ် နဲ့မမျှအောင် ဖြစ်နေရတာ အစ်ကိုလေး သနားလှပါပြီ .. ပျို့လေးအတွက် .. ခုအချိန်မှာ အလိုအပ်ဆုံးကတော့ .. အနားယူလိုက်ဖို့ပဲ ပျို့လေး .."

အစ်ကိုလေး၏ ကြင်နာနူးညံ့သော စကားများသည် .. ပျို့လေးအတွက် .. အားကိုးရာ အစ်ကိုတစ်ယောက်၏ အရိပ်မှာ နေနေရသည့်နှယ် ခံစားရစေသည်ကောလေ ..။

ဖျတ်ခနဲ မြင်လာမိသည်က မမလေးအင်ကြင်းမေ။

ဖေဖေနှင့် မေမေတို့၏ ဘဝနှစ်ခု .. အေးချမ်းပေါင်း စည်းသော ကမ္ဘာလေး ဖြစ်တည်လာစေဖို့အတွက် ..။

မေမေ့ မျက်ရည်တွေ ကွယ်လွင့်စေဖို့အတွက် ..။

မမလေးအင်ကြင်းမေ၏ မျက်ရည်စက်များကို ရင်း ရမည်ဆိုလျှင် .. ပျို့လေး .. ဝန်လေးနေမိသည်ပါပဲ ..။

ဒါပေမဲ့ .. ပျို့လေးမှာ ရွေးချယ်ရန်လမ်းမရှိ ..။

ဖေဖေနှင့်မေမေလည်း ပေါင်းစည်းစေ ..။



မမလေးအင်ကြင်းမေသည်လည်း .. ဦးသစ္စာအောင် နှင့် ဒေါ်အေးအေးလတ်တို့၏ သမီးအဖြစ် .. ဆက်လက်တည်မြဲ စေ .. ဆိုသည့် အဖြစ်ကိုသာ .. ပျို့လေး လိုလားပါသည်။ မည် သို့ .. ဆက်၍ဖြစ်တည်လာမည်ဆိုတာ .. ပျို့လေး မသိသေး ..။ မသိနိုင်သေး။

ထိုစာများကို .. ဖေဖေ .. မြင်လျှင် .. ဖတ်ရချေ လျှင် .. မေမေ့အပေါ် .. ဖေဖေ .. ယုံကြည်လာပါစေ .. ဟု ပျို့လေး ဆုတောင်းသည်။

မမလေးအင်ကြင်းမေကိုလည်း .. တူမလေးအဖြစ် .. ဆက်လက်၍ .. မှတ်ယူပါစေဟုလည်း .. ပျို့လေး ဆုတောင်းရ ပါချေသည်ကော ဖေဖေရယ် ..။

* ❤ *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၂)

ရွှေမိုးတိမ်ဟုမ်းမတ်၏ အပေါ်ဆုံးထပ်ရှိ ရုံးခန်းကျယ်ကြီးသည် ငြိမ်ငြိမ်ဆိတ်ဆိတ် ..။ လေအေးစက်သံ ညင်ညင်ကတော့ သဲ့သဲ့မျှင်မျှင်ရှိ၏။

ဦးရန်လင်းအောင်၏လက်မှာ ဇနီးသည် ယုဇန၏သမီးဖြစ်သူထံ ရေးခဲ့ပါသည့်စာက ရှိနေသည်။ စားပွဲထက်မှာက စာဖိတုံးဖြင့် ဖိထားသော စာရွက်တွေ ရှိနေသည်။

စာတွေအားလုံးကို ဦးရန်လင်းအောင် ဖတ်ပြီးပြီ ..။ မျက်နှာထက်တွင် စိတ်ထိခိုက်ရိပ်နှင့် နောင်တ၏အငွေ့အသက်တွေက စွန်းစွန်းထင်းထင်း ..။

သူ .. ဦးရန်လင်းအောင်၏ရှေ့ရှိ ကုလားထိုင်တွင် စားပွဲတစ်လုံးခြားလျက် ထိုင်နေရစဉ်ခိုက် ..။ ဦးရန်လင်းအောင်၏ မျက်နှာထက်မှာ ဖြစ်တည်လာသည့် အရိပ်ပေါင်းများစွာကို မလွှတ်တမ်း အကဲခတ်ကြည့်နေမိရပါသည့်အဖြစ် ..။

ဆုံလည်ကုလားထိုင်၏ကျောမှီမှာ ကိုယ်ကို အားလုံးပုံမှီထားသည့်နှယ် ဦးရန်လင်းအောင်၏ဟန်က အားကုန်အားပြတ်



နည်းနည်းနိုင်နေသည်။ မနည်းပြန်၍ စိတ်ကို တည့်မတ်ထိန်းနေရတာလည်း သိသာသည်။ တကယ်က .. တစ်ဖြိုင်တည်းစုပြုံ၍ သိလိုက်ရပါသည့် အဖြစ်အပျက်ပေါင်းများစွာသည် ဦးရန်လင်းအောင်၏စိတ်ကို အတော်ကြီး ထိခိုက်နာကျင်နေစေမည်သာ။

ဦးရန်လင်းအောင်၏ အကြည့်က စားပွဲထက်မှာရှိနေသည့် စာချုပ် ..။ ဆေးစာရွက်နှင့် မိခင်ဖြစ်သူထံ အစ်ကိုကြီးရေးသားထားပါသည့် စာထက်မှာရှိသည့်အခါရှိ ..။ လက်တွင်းမှာရှိနေပါသည့် စာထက်မှာ ရှိသည့်အခါရှိနှင့် ဖြစ်နေပေမယ့် စကားတစ်ခွန်းမျှ ပြောမလာသေး ..။ ဦးရန်လင်းအောင် သက်ပြင်းရှိုက်လိုက်ကာ မသိမသာ တုန်ခါနေသည့်လက်ဖြင့် စားပွဲထက်မှာ အပေါ်ဆုံး၌ ရှိနေသော မိခင်ဖြစ်သူ၏ ချွေးမအပေါ်ထားရှိပါသည့် အဆုံးအဖြတ်စာကို ရှယူသည်။ နောက်တစ်ကျော့ဖတ်သည်။

"မေမေ .. မမလတ် အပေါ် အတော်ကြီး နာကြည်းသွားခဲ့တာပဲ .."

ဟု ခပ်သဲ့သဲ့ ညည်းသည်။ ခုမှ .. သူ့ကို ဦးရန်လင်းအောင် ကြည့်လာပါချေ၏။

"ကျေးဇူးတင်ပါတယ် မောင်နေပြည့်စုံ .. အန်ကယ် .. ဒီအဖြစ်တွေ သိရဖို့အတွက် .. မောင်နေပြည့်စုံ ခုလို .. ရက်မဆိုင်းပဲ ရောက်လာတဲ့အတွက် .. အန်ကယ် ကျေးဇူးတင်ပါတယ် .. အဖြစ်အပျက်တွေ အားလုံးဟာ ယုံကြည်ရက်စရာ မရှိလောက်အောင် .. ဆိုးဝါးနေကြတာတော့ အမှန်ပါပဲ .. ဒါပေမဲ့ .. ဒီအမှန်တရားဟာ အန်ကယ့်

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားထဲထိ ရောက်ရှိလာအောင် ‥ ဒီစာရွက်စာတမ်း
တွေ အားလုံးက အသိပေးလာကြပါပြီ ‥”

ဟု အတတ်နိုင်ဆုံး တည်ငြိမ်အောင် ကြိုးစားထိန်း
ယူနေရင်း ဦးရန်လင်းအောင် ပြောလာသည်။ စာရွက်တွေအားလုံး
ကို သူ ထည့်ယူလာသည့် ကတ်ထူအိတ်ထဲ သေသေသပ်သပ်
ထည့်နေသည်ကိုက စိတ်ကိုတည်ငြိမ်အောင် ဆက်၍ကြိုးစားယူနေ
ခြင်း ဆန်နေသည်။

ပြတင်းအနီးမှာ ဦးရန်လင်းအောင် သွားရပ်သည်။
ခန်းဆီးစကို တိမ်းဖယ်၍ မှန်တစ်ချပ်ခြား မြင်ကွင်းကို မလှ
မယှက် ရပ်ကြည့်နေသည်။ ဦးရန်လင်းအောင်၏ လက်တွေ
ခန်းဆီးစထူထူကြီးထက်မှာ ဆုပ်ဆုပ်ခဲခဲ ‥။

“အန်ကယ် ဘယ်အထိ မှားခဲ့သလဲ ‥ ဟင် ‥ ဘယ်အ
မှားခဲ့သလဲ ‥ ယုဇနကို သွားတွေ့ခဲ့တယ် ‥ မေမေ
သတ်ပါတယ်လို့ ဝန်မခံမချင်း ‥ ငါ အိပ်လို့မရတော့ဘူး
ကွ ‥ လို့ သွားပြောခဲ့တယ် ‥ သူ့ကိုကြည့်ခဲ့တဲ့အကြည့်
တိုင်း ‥ ပြောခဲ့တဲ့စကားတိုင်း စကားတိုင်းဟာ နာကြည်း
မုန်းတီးမှုတွေနဲ့ ခါးခါးသီးသီး နိုင်ခဲ့တယ် ‥ မေမေ
မသတ်ရပါဘူးလို့ သူ ပြောတာကို မယုံကြည်နိုင်ပဲ ဖြ
ရုံမက ‥ သူ့ကို ‥ သူ့ကို ‥ ဝန်တောင်ဝန်ခံခိုင်းခဲ့သေး
တယ် ‥ သူ့အတွက် ‥ စားစရာတစ်ခု မပို့ခဲ့ဖူးဘူး။ သူ
ထောင်ကျနေချိန်မှာလဲ ‥ သူ့ကိုတစ်ခါမှ သွားမတွေ့
ဖူးဘူး ‥ သူဟာ ‥ အန်ကယ် စိတ်ချမ်းသာ ကျေနပ်
အတွက် ‥ ထောင်ကျခံပေးခဲ့တယ် ‥ အန်ကယ်ရဲ့ပစ်



ထားမှုကိုလဲ ‥ ခေါင်းငုံ့ခံခဲ့တယ် ‥ သူ လွှတ်ငြိမ်းချမ်း
သာခွင့်နဲ့ လွှတ်မြောက်လာချိန်မှာ တည်းခိုခန်းမှာ တည်းခို
ရင်း ‥ အန်ကယ့်ကို ဖုန်းဆက် ‥ ဆက်သွယ်လာတဲ့အခါ
မှာလဲ ‥ အဲဒီကို အန်ကယ် လိုက်သွားခဲ့ပေမယ့် ‥ အန်
ကယ့်ကိုရော သမီးကိုရော မဆက်သွယ်ရဘူးလို့ မာမာ
ထန်ထန် ပြောခဲ့တယ် ‥ သူ ‥ စားဝတ်နေရေး ပြေလည်
နေရင် အန်ကယ်တို့သားအဖကို လာမနှောင့်ယှက်ပဲ နေ
မှာပဲဆိုတဲ့ အတွေးနဲ့ ‥ သူ့ကို မိုင်းလွိုင်ဆိုတဲ့ မြို့တစ်မြို့
မှာ စတိုးဆိုင်တစ်ဆိုင် ဖွင့်ဖို့ရယ် ‥ နေဖို့ရယ် ‥ မြေကွက်
တစ်ကွက်ဝယ်ပြီး အားလုံးစီစဉ်ပေးခဲ့တယ် ‥ အဲဒါ ‥
အဲဒါ ‥ သူ့ကို စေတနာရှိလို့ မဟုတ်ဘူး ‥ သူ ‥ မပတ်
သက်အောင်လို့ ‥ အဲသလို အတ္တနဲ့ အန်ကယ်က လုပ်နေ
ချိန်မှာ ယုဇနဟာ ‥ သဘောထားပြည့်ပြည့်နဲ့ ‥ သိမ်
ငယ်ခေါင်းငုံ့ခံရင်း လက်ခံခဲ့ရှာတယ် ‥ သူဟာ ‥ သူဟာ ‥
အန်ကယ့်အတွက် ‥ အသက်ရှင်နေတဲ့ ယုဇနေ ဖြစ်နေတယ်
မောင်နေပြည့်စုံ ‥ အန်ကယ် ‥ ရင်ထဲ ‥ ရင်ထဲ ‥ အဲဒါ
အကြေကွဲဆုံးပဲ ‥ အကြေကွဲရဆုံးပါပဲ ‥ မောင် ‥ မောင် ‥
မှားခဲ့ပါပေါ့လား ယုဇနရယ် ‥”

ယူကျုံးမရ ပြောနေခြင်းက တစ်ယောက်တည်း ငြီးတွားခြင်းဘက်တို ပိုနွှယ်သည်။ အနီးအပါးမှာ သူရှိနေသည့်အတွက် တိုင်တိုင်တည်တည် ပြောနေဟန်ရှိပေမယ့် ‥ တကယ်က သူ့ကိုတိုင်တည်နေတာနှင့် တူမနေ ‥။ ဇနီးသည်ကို တိုင်တည်ပြောနေခြင်း ပိုဆန်နေသည့်အဖြစ် ‥။

www.burmeseclassic.com

www.burmeseclassic.com



သူ .. ဦးရန်လင်းအောင် ထံသို့ ဖုန်းဖြင့်ဆက်သွယ်သည်။ ထိုစဉ်က .. ငုဝါမြို့မှာပဲ ဦးရန်လင်းအောင် ရှိနေပါ၏။ ဖုန်းကိုင်သည်ကိုက ဦးရန်လင်းအောင် ကိုယ်တိုင် ဖြစ်နေသည်။

"အန်ကယ့်ဆီကို မောင်နေပြည့်စုံ ဖုန်းဆက်လှာတုန်း သမီးဆီကများလားလို့ သမီးဓောနဲ့ အန်ကယ်ပဲ ဖုန်းကိုင်တာပါ .. အန်ကယ့်ကို အန်ကယ့်အလုပ်မှာပဲ တွေ့လိုကြောင်း ပြောလာတဲ့အခါကျတော့ .. အန်ကယ် တစ်ချက်တွေးမရဘူး .. အန်ကယ်နဲ့ မောင်နေပြည့်စုံနဲ့ တွေ့ကြမယ့်ကိစ္စကိုလဲ .. မမလတ်ကို မသိစေ့ချင်ဘူးလို့လဲ ပြောတော့ .. ပိုတွေးမရဘဲ ဖြစ်နေတာ၊ သမီးလေး အဲဒီကိုရောက်နေတာ အန်ကယ် ဘယ်လိုမှ မသိနိုင်ဘူးလေ .. ဒါပေမဲ့ .. အရေးတကြီးကိစ္စရှိလို့သာ ဆက်သွယ်လာတာပဲဆိုပြီး .. ဒီဟုမ်းမတ်မှာ တွေ့ဖို့ချိန်းလိုက်တာ .. ခုတော့ .. အန်ကယ့်သမီးလေးလဲ နံ့သာမြို့မှ ရှိနေတာလဲသိရ .. အဖြစ်မှန်တွေကိုလဲ သိရနဲ့ .. အန်ကယ် ရင်ထဲ နောင်တလဲဖြစ်ရ .. သမီးလေးအတွက် ပူပန်နေရတာကိုလဲ .. စိတ်အေးသွားရနဲ့ပါ .."

ဟု ပြောတော့ သူ အန်ကယ့်အားမှာ သွားရပ်သည်။

"အန်ကယ်နဲ့ ကျွန်တော်တို့ စိတ်အေးအေးထားပြီး တိုင်ပင်စရာတွေတော့ ရှိလာကြပါပြီ အန်ကယ် .. အမှန်တရားတစ်ခုအတွက် .. ကျွန်တော်တို့ ကြိုးစားကြရပါလိမ့်မယ် .. အန်တီဒေါ်ယုဇနအတွက် .. အန်ကယ့်အတွက် .. ပျိုလေး



အတွက် .. ပြီးတော့ .. ကွယ်လွန်ခဲ့ရပြီဖြစ်တဲ့ ဘွားအတွက် .. ကျွန်တော်တို့ ကြိုးစားကြရပါလိမ့်မယ် .."

ဟု ပြောလာတော့ အန်ကယ် သူ့ကိုကြည့်လာသည်။

"အရေးအကြီးဆုံး တစ်ခုလည်း ရှိနေတယ် မောင်နေပြည့်စုံ .. အန်ကယ့်သမီးလေးကို အန်ကယ်တွေ့ချင်တယ် .."

ဟု ပြောကာ ဦးဆောင်၍ ရှေ့မှလျှောက်သွားသည်က အခန်းတံခါးဆီသို့ ဖြစ်နေတာမို့ သူ ဘာမျှဆက်မပြောဖြစ်တော့ပဲ နောက်မှလိုက်ခဲ့ရပါ၏။

သူ့ကားကို အရင်မောင်းထွက်သွားစေကာ အန်ကယ့်ကားက နောက်မှတောက်လျှောက် လိုက်လာသည်က နံ့သာမြို့သို့ပါ ..။

နံ့သာမြို့သို့ ရောက်တော့ ဒေါ်လေးငြိမ်းမှ တံခါးမကြီးကို လာဖွင့်ပေးပါ၏။

"ပျိုလေးရော ဒေါ်လေး .."

"သူ့အခန်းမှာပါ .. မြရီ .. အတူနေနေပါသေးတယ် .. မိန်းကလေး အိပ်ပျော်သွားမှ ပြန်ဆင်းလာတာပါ .."

ဟု ပြောတာမို့ ပျိုလေး၏ အခန်းရှိရာသို့ သူ ဦးဆောင်၍ အန်ကယ့်ကို ခေါ်လာခဲ့ရပါပြီ ..။ အခန်းတံခါးကို သူ ဖြည်းဖြည်းညင်ညင် ဖွင့်လိုက်ကာ အန်ကယ့်ကို အရင်ဝင်စေသည်။ သူက .. နောက်မှလိုက်ခဲ့ပါ၏။

ပန်းနုရောင်ချည်သားမှာ ပိုးချည်ဖြင့် ပန်းပွင့်ထိုးထားပါသည့် အိပ်ရာလေးထက်မှာ ပျိုလေး အိပ်ပျော်နေရှာသည်။ ပန်းနုရောင်စောင်ပါးလေးတစ်ထည်ကို ခြုံထား၏ ..။ ပန်းရောင်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအုံးလေးထက်မှာ ဘေးစောင်းလေး မျက်နှာလေးဖေးတင်ထားကာ လက်ဖဝါးလေးတစ်ဖက်က ခေါင်းအုံးအနားနေရာလေးကို ဖေးဆုပ်ထားသည်။ ထူထဲသော မျက်ခုံးတန်းလေးအောက်မှာ မျက်တောင်ထူကော့ကော့လေးတွေ မှေးယှက်ထားသော မျက်ခွံနုနုလေးကို တွေ့နေရပါ၏။ အကြောမျှင် နုနုမျှင်မျှင်လေးတွေက ပန်းနုတချို့ ပြာနုနုတချို့ဖြင့် နုဖန့်ဖန့်မျှ ထင်နေသော မျက်ခွံလေး၏ အဆုံးသတ်နေရာသည် မျက်တောင်ထူကော့ကော့လေးတွေဖြင့် ရှိနေပါလေသော နှုတ်ခမ်းလေးကဖူးဥဥလေး ..။ သနားစရာ မျက်နှာလေးကို သူ ငေးခနဲ ကြည့်မိသည်။ ဤမိန်းကလေး မအိပ်မီ ငိုခဲ့တာ သေချာနေသည် ..။ နှုတ်ခမ်းလေး မသိမသာ ငိုမဲ့မဲ့လေး ဖြစ်နေကာ မျက်နှာလေးက အရမ်းကို ညှိုးဖျော့ဖျော့နိုင်နေသည်။ အိပ်နေရင်းဖြင့်ပင် ပျိုလေး အိပ်မက်ထဲမှာများ ငိုရှိုက်နေချေသည်လားလေ .. ဟု တွေးမိရကာ ရင်ထဲပို၍မကောင်းနိုင် ..။ လက်ဖဝါးလေး တစ်ဖက်က စောင်လေးကို ဆုပ်ခဲထားသည်။ တစ်ဖက်က ခေါင်းအုံးအနား နေရာလေးကို ဆုပ်ခဲထားသည်။ တစ်ခုခုကို အားကိုးရာအဖြစ် ဆုပ်ခဲထားရှာသည့် အသွင်လေး ..။

အန်ကယ် ခပ်ဖွဖွလေး ခုတင်စွန်းမှာ ထိုင်သည်။ သမီး၏ မျက်နှာလေးကို မျက်တောင်မခတ် စိုက်ငုံ့မိုးကြည့်နေသည်က ဖခင်တစ်ယောက်၏ ယူကျုံးမရနိုင်စွာ ကြည့်နေသည့် အကြည့်ဆန်နေသည်။ သမီးလေးအပေါ် ပြောမိလေခြင်းဟု နောင်တ ရနေသည့်အကြည့်။ သမီး၏မျက်ရည်များကို နှလုံးအိမ်ဆီသို့တိုင် ထွင်းဖောက်မြင်နေရပါသည့် ဖခင်တစ်ယောက်၏



တနင့်နင့် ကြေကွဲနေသည့်အကြည့် ..။ အန်ကယ့် လက်တွေက သမီး၏ဆံစများထက်မှာ ခပ်ဖွဖွ တင်သည်။ နက်မှောင်သော ဆံကျစ်ရှည်ကြီးက အိပ်ရာထက်မှာ ခွေနွဲ့နွဲ့ ပျောင်းနွဲ့ရှည်လျားစွာ တင်နေတာကို သူ ကြည့်နေမိရဆဲ ..။ ယဉ်နွဲ့နွဲ့ မိန်းကလေး ..။ စိတ်ထားဖြူစင်မွန်မြတ်သော မိန်းကလေး ..။ ဪ .. ဖခင်ထံမှ မေတ္တာကို တမ်းတမ်းမက်မက် ရလိုရှာပါသည့် မိန်းကလေး ..။ ခု .. ပျိုလေး၏ဘေးမှာ ဖခင်ရောက်နေပြီဆိုတာ မသိရှာသေးသည့် အဖြစ် ..။ သိများသိလျှင် ဤမိန်းကလေး ဝမ်းသာလွန်း၍လည်း ငိုရှာချေလိမ့်မည် ..။ ဝမ်းနည်းအားငယ်ခဲ့လေသမျှကိုလည်း သွန်ချရှိုက်ငင်ရှာပါချေလိမ့်မည် ..။

သူ .. တိတ်ဆိတ်စွာ သားအဖနှစ်ယောက်ကို ငေးကြည့်နေမိရဆဲ ..။ အလွန်နူးညံ့သိမ်မွေ့သော ချစ်ခြင်း .. နက်ရှိုင်းသော ချစ်ခြင်းများကို ဤသားအဖထံမှာ သူ မြင်နေရသည်။ သမီးလေး နိုးမှာစိုးလျက် .. သမီးလေးကိုလည်း .. ဆံစလေးတွေ သပ်ပေးချင်လွန်းနေလျက်ဖြင့် .. ရှိနေရှာပါသည့် အန်ကယ့်မျက်နှာထက်မှာ .. သမီးအတွက် .. ဆိုသည့် .. ချစ်ခြင်းများမှတစ်ပါး အခြားမရှိတော့ ..။ အို .. မဟုတ်သေး ..။ သမီးလေးအပေါ် ပြောမိဆိုမိခဲ့လေသမျှကိုလည်း သမီးလေး ကျေနပ်အောင် ပြောနေချင်သည့် အရိပ်တွေလည်း မျက်နှာထက်မှာ ဖေးတင်နေချေသေးသည်တည့် ..။

သူ .. ကုလားထိုင်တစ်လုံးကို အသံမကြားအောင် ပြတင်းအနီးမှာ သွားချလိုက်ကာ ခပ်လှမ်းလှမ်းမှာ ထိုင်နေလိုက်မိရပါ၏။ သားအဖနှစ်ယောက်ကို ငေးကြည့်မိရင်းဖြင့်လည်း ရင်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ကြည်နူးလာရသည်။ ပျိုလေး၏ အတောင့်တဆုံးသော
အရာတစ်ခုကို ဖြစ်တည်လာစေနိုင်ဖို့အတွက် .. သူ လုပ်ပေးနိုင်ခဲ့
တာကိုလည်း ကြည်နူးသည်။ ဤမိန်းကလေး စိတ်ချမ်းမြေ့ရ
တော့မည် ဆိုတာကိုလည်း သိနေရသည်မို့ ရင်ထဲမှာ ကြည်နူး
သည်။ ကြည်နူးခြင်းသည် သူ့ရင်တွင် ပြည့်ပြည့်သိပ်သိပ် ချမ်း
ချမ်းမြေ့မြေ့ ရှိနေ၏။

ဖွင့်ထားသော ပြတင်းဆီမှ ပန်းရနံ့တို့က တိုးတိုး
ဝင်ဝင် ..။ အခန်းကျယ်ကြီးသည် လေနှင့်အတူ စီးခိုပါလာသည့်
ပန်းရနံ့တို့ဖြင့် မွှေးမြမြ သင်းဝေဝေ ရှိနေပါချေ၏။

အတန်ကြာမှု .. အန်ကယ် ငြိမ်ငြိမ်သက်သက်
ထိုင်နေရာမှ မျက်ရည်တွေ တဖြောက်ဖြောက် ကျလာနေတာကို
သူ မြင်တော့ ရင်ထဲ မကောင်းနိုင် ..။ အန်ကယ့်ထံ လျှောက်
သွားမိရကာ လက်မောင်းကို ဖေးဆုပ်ကိုင်လိုက်တော့ အန်ကယ်
သူ့ကို မော့ကြည့်လာသည်။ ခေါင်းယမ်းကာ လက်ကာပြသည်။
နှုတ်ခမ်းမှာ လက်ညှိုးကိုတေ့ပြသည်။ သဘောက .. ဘာမျှမပြော
ပါလေနဲ့ဆိုသည့် သဘော ..။ သမီးလေး နိုးသွားမှာကို စိုးသည့်
သဘော ..။ အန်ကယ့် မျက်ဝန်းတွေမှာ စွန်းထင်းနေကြသည်က
ကြေကွဲထိခိုက်ခြင်းများဖြင့် ပြည့်သိပ်နေပါသည့် နောင်တ၏အရိပ်
များ ..။ ခပ်ဖွဖွ ထရပ်လိုက်ကာ အခန်းထောင့်ရှိ ပြတင်းအနီး
မှာ အန်ကယ် သွားရပ်သည် ..။

"သိပ်ကြာခဲ့ပြီ လူလေးရယ် .. အန်ကယ် .. သိပ်ကြာခဲ့
ပြီ .. သမီးလေးအပေါ်မှာ အန်ကယ် စိမ်းစိမ်းကားကား
နေခဲ့တာ သိပ်ကိုကြာခဲ့ပြီးပြီ .. ဒီရက်ပိုင်းလေးကျမှ ..



အန်ကယ် .. သမီးလေးကို ပြန်ဂရုစိုက်လာခဲ့တာပါ ..
မမလတ်ဟာ .. သမီးလေးအပေါ်မှာ အရမ်းကို ပစ်ပစ်ရက်
ရက် လုပ်ထားတယ်ဆိုတာ .. သမီးလေး အခန်းကို အန်
ကယ် ရောက်သွားတော့မှ သဘောပေါက်ခဲ့ရတာပါ ..
ဒါပေမဲ့ .. ကွယ်လွန်သူ အစ်ကိုကြီးရဲ့မျက်နှာကိုထောက်
ပြီး .. အန်ကယ် .. မမလတ်ကို ဘာမှမပြောခဲ့ပါဘူး ..
သမီးလေး အခန်းမှာ လိုအပ်တာတွေကို .. အန်ကယ်ဖြည့်
ပေးခဲ့တာတစ်ခုပဲ ရှိခဲ့တာပါ .. ဒါပေမဲ့ လူလေးရယ် ..
အန်ကယ် .. အန်ကယ် .. ဘယ်အထိ .. တာဝန်မကျေခဲ့
သလဲ .. ဟင် .. ယုဇနကို စိတ်နာတာတစ်ခုကိုပဲ ရှေ့
တန်းတင်ပြီး .. ယုဇနနဲ့တူတဲ့ရုပ်ကို မြင်ရတာ ရင်ထဲပူ
တယ်ဆိုပြီးတော့ .. ကိုယ့်သွေးကိုတောင်မှ အန်ကယ် ..
ကင်းကင်းနေခဲ့တာလေ .. သမီးလေး .. နှစ်နဲ့ချီပြီးခံစား
ခဲ့ရရှာတာ .. ခုလဲ .. ကြည့်စမ်း .. မမလတ် လုပ်ကြံတဲ့
ကိစ္စကို .. အန်ကယ်က အဟုတ်လုပ်ပြီး သမီးကိုအပြစ်
တင်တယ် .. အမေ့စာကို မပေးပဲ အဖေကို ကာပြန်တယ်..
ပစ်ပယ်တယ်ဆိုပြီး .. အမေ့ဆီကိုသွား .. ဆိုပြီး .. အန်
ကယ် ဝေါက်ငမ်းဆုံးဖြတ်ခဲ့တယ် .. နှင်ခဲ့တယ် .. ရက်
စက်တာက .. အန်ကယ်ပါ .. အန်ကယ်ပါ လူလေးရယ် .."

လူလေး ..။ အန်ကယ့်နှုတ်မှ တရင်းတချာဆန်စွာ..
သွေးသားဆန်စွာ ခေါ်ဝေါ်သုံးနှုန်းလာမှု ..။ အန်ကယ့်ရင်ထဲမှာ
သူသည် သူစိမ်းဖြစ်မနေတော့တာကို သူ နားလည်လာရသည်။
အန်ကယ့် ရင်တွင်းမှ ခံစားချက်များစွာတို့ကို သွန်ချမည့်သူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အဖြစ် ရှိလာနေတာကိုလည်း သူ သိလာနေရသည်။ အန်ကယ့်အသံက မကျယ် ..။ တိုးတိုးဖွဖွ နိုင်သည်။ ဒါပေမဲ့ .. အသံမှာ ရှိုက်သံပါနေသည်။ အက်အက်ကွဲကွဲ နိုင်နေသည်။ စိတ်ပန်း ကိုယ်ပန်းဖြင့် ပျို့လေး အိပ်နေရှာတာကိုလည်း တကြည့်ကြည့်ဖြင့် ရှိနေသည်။

ထိုစဉ်ခိုက် ပျို့လေး၏ကိုယ်လေး လွန့်ခနဲ ဖြစ်လာကာ မျက်ခွံလေးတွေ ခပ်ဖြည်းဖြည်း ပွင့်လာသည်မို့ အန်ကယ် ခြေလှမ်းကျဲကြီးဖြင့် ခုတင်ရှိရာသို့ လျှောက်သွားပါပြီတည်း။

နေရာမှာ သူ ရပ်၍ကျန်ရစ်ခဲ့ဆဲ ..။ သားအဖနှစ်ယောက် .. ပြောကြပါစေတော့ ..။ ငိုကြွေးကြပါစေတော့ ..။

အန်ကယ့်ခြေလှမ်းတွေ မြန်ဆန်သည်နှင့်အမျှ ..။ ပျို့လေး ကြွ၍ထလိုက်ပုံလေးကလည်း မြန်ဆန်အားမွှါလွန်းနေသည်။ အဖေဖြစ်သူ ရောက်လာတာကို မြင်လိုက်ရတာနှင့် ပျို့လေး မျက်ဝန်းလေးတွေ ပထမတော့ ငေးခနဲဖြစ်၏။ နောက်တော့ .. လက်ဖဝါးလေးတွေ အိပ်ရာထက်မှာ ဖေးတောက်လာသည်။ ကိုယ်လေးကြွ၍ ထလိုက်တာကလည်း မြန်ဆန်နေသည်။ ခုတင်ပေါ်မှ ပျို့လေး ဆင်းသည်။ ဖခင်ထံ ပြေးသွားသည်ကလည်း လေး,ငါးနှစ်အရွယ် ကလေးလေး ဆန်နေသည်။ ဖခင်ထံလက်လေးဆန့်တန်း၍ ပြေးနေပုံလေးက တကယ့် ကလေးလေးနှယ် ဖြစ်နေသည်။ ပြေးနေရင်းလည်း ပျို့လေး ငိုနေသည်။ ငိုနေရင်းဖြင့်လည်း ပျို့လေး ရယ်နေသည်။ မျက်ရည်ကို လက်ဖမိုးလေးဖြင့် ပွတ်သုတ်လိုက်ပြီးမှ ပြန်၍ လက်လေးကို ဆန့်တန်းကာ ပြေးပြန်သည်။



သားအဖနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်နေသည်ကလည်း အရာရာကို မေ့လျော့သွားသည့်နှယ်ရှိ၏။ ဖခင်၏ရင်ခွင်ထဲ ပျို့လေး တိုးဝင်လိုက်သည်က အားကိုးတကြီး နိုင်နေပါ၏။ ဖခင်၏ပွေ့ပိုက်ထားမှုကလည်း မျက်ဝန်းများကို စုံမှိတ်ချထားကာ ကြေကြေကွဲကွဲ နိုင်နေသည်။

"ဖေဖေ .. လိုက် .. လာ .. တယ် .. နော် .. ဖေဖေ့ကို .. သမီး .. ချစ်တယ် .. ဆို .. တာ .. ဖေဖေ .. သိ .. နေ .. ပြီ .. ပေါ့ .. နော် .."

ကလေးလေးနှယ် ပျို့လေးမော့၍ မေးနေသည်။ မေးပြီးတော့လည်း ဖခင်ရင်ခွင်မှာ မျက်နှာလေးကို မခွာစတမ်း ပြန်၍အပ်ပစ်လိုက်ကာ ငိုနေသည်။

"ဖေဖေ .. သိပါတယ် သမီးရယ် .. ဖေဖေ သိနေပါတယ် ကွယ် .."

ပျို့လေး မော့ခနဲကြည့်ကာ အတန်ကြာမျှ မျက်ရည်ကျနေရင်းဖြင့်ပင် ရှိနေပြီးမှ ..

"ပျို့လေး .. ပျို့လေး .. ပြောခဲ့တာကို .. ဖေဖေ .. ပြန် .. ပြန် .. ပြီးတော့ .. မှတ်မိနေပြီပေါ့နော် .. ဖေဖေ့အခန်းမှာ ပျို့လေး ကန်တော့တဲ့ညမှာ .. ပျို့လေး .. ပြောခဲ့တယ်လေ .. သမီးကို .. ဘယ်တော့မှ ပြန်မမုန်းလိုက်ပါနဲ့ ဆိုတာလေ .. ဖေဖေ .. ပျို့လေးကို မမုန်းတော့ပါဘူးနော် .. မမုန်းတော့ပါဘူးနော် .. ပျို့လေး မေမေ့ဆီကို မသွားပါဘူး ဖေဖေရဲ့ .. ဖေဖေ မျက်ရည်ကျနေမှာ .. ဖေဖေ စိတ်ထိခိုက်နေမှာကို သိနေတဲ့ ပျို့လေး .. မသွားပါဘူး ဖေဖေရဲ့ ..

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို ပျိုလေး တွေ့ချင်နေပေမယ့် .. မသွားပါဘူး ဖေဖေရဲ့ .. ဖေဖေ့ဆီမှာ ပျိုလေး နေပါရစေ ဖေဖေ .. နေပါရစေ ဖေဖေ .. ခု .. ခု .. ပျိုလေး .. ဖေဖေနဲ့ပြန်လိုက်ပါရစေ .."

အဖေနှင့်မခွဲဘဲ နေချင်သမျှ ကလေးလို တမော့မော့ကြည့်ရင်း ပြောလည်းပြော ..။ စကားဆုံးတော့ .. အဖေ့ရင်ခွင်ထဲ ခေါင်းလေးတိုးဝင်ကာ အဖေကို မလွှတ်စတမ်းဖက်ထားရင်း ပျိုလေး ပြောပြောနေသည်က .. မျက်ရည်များ တောက်လျှောက်ဖြာကျနေရင်းဖြင့်ပါ ..။ မြင်ကွင်းကို သူ မကြည့်ရက်နိုင်တော့ ..။ အဖေလုပ်သူကလည်း သမီး၏ဆံစလေးတွေကို တောက်လျှောက်သပ်ပေးနေရင်း ရင်ထဲဆို့နေသမျှ မျက်ရည်တွေချည်း တကျကျတည်းကျနေသည့်အဖြစ် ..။ သမီး၏မျက်နှာလေးကို ဆွဲမော့ကာ မျက်ရည်တွေ သုတ်ပေးနေရင်းမှ ..

"သမီးရဲ့မေမေကိုလဲ ဖေဖေ သွားခေါ်ပါမယ် သမီးရယ် .. သမီးလဲ တူတူလိုက်ခဲ့ရမယ် .. သမီးကို ဖေဖေ ခေါ်သွားမယ် .. သမီးရော .. သမီးလေးရဲ့မေမေရော .. ဖေဖေနဲ့အတူ ငဝါမြိုင်မှာ ရှိနေကြမှာပါ .. သမီးရဲ့ဘွားကို .. ယုဇနေ မသတ်ဖူးလို့ .. ဖေဖေ .. ယုံကြည်သွားပြီ သမီး"

ဟု တည်ငြိမ်အောင် ကြိုးစားယူနေရင်း ပြောနေသည်ကိုက .. ပြောသည့်စကားအပေါ် သမီးလေး စိတ်ချစေချင်၍ဆိုတာ သူ ကြည့်ရင်း နားလည်နေမိရပါသည့်အဖြစ် ..။

အဘယ်မျှထိ .. အေးချမ်းသိမ်မွေ့နေပါလေသော မြင်ကွင်းပါလဲလေ ..။



သားအဖနှစ်ယောက်၏ မေတ္တာသည် အေးမြကြည်စင်လွှမ်းနေချေသည်ပဲ ..။

ပျိုလေး ထိုင်လိုက်ကာ လက်အုပ်လေးချီလိုက်လျက် ..

"ဖေဖေ .. မေမေ့စာကို ဆုတ်ပစ်မှာစိုးလို့ .. မပေးမိခဲ့တာ .. ခွင့်လွှတ်ပါ ဖေဖေ .. ဖေဖေ့ကို .. သမီး .. ချစ်တယ်ဆိုတာ .. ယုံပေးပါ ဖေဖေ .."

ဟု မျက်ရည်ကျလျက် တောင်းပန်နေတော့ ပျိုလေးရင်ထဲမှာ အဖေလုပ်သူမှ စာမပေးသည့်ကိစ္စ ကြေကွဲနေမှာကိုစိုး၍ဆိုတာ သူ သိနေရပါ၏။ သူသိနေသည့်နှယ် သိနေပုံဖြင့် သမီးကိုငုံ့မိုး၍ကြည့်လိုက်ကာ ဆံစလေးတွေကို သပ်ပေးနေသည်က အန်ကယ် ဦးရန်လင်းအောင်ပါ ..။

သူ .. သားအဖနှစ်ယောက်ရှိရာသို့ သွားလိုက်တော့ အန်ကယ်မှ ..

"သမီးလေး ကန်တော့ရမှာက .. လူလေး နေပြည့်စုံကိုပဲ .. သမီးရဲ့ အစ်ကိုလေးကိုပဲ သမီး .. သူ့ကြောင့် .. ဖေဖေ ဒီကိုလိုက်လာနိုင်တာ .. သမီးလေးကိုတွေ့ရတာ .. သမီးအတွက် .. ဖေဖေ .. ဘယ်အထိ စိတ်ပူသွားရတယ်ထင်သလဲ .. ဦးသော်က ကျန်နေပြီး .. သမီးတစ်ယောက်တည်း ပြေးထွက်သွားတယ် ဆိုကတည်းက .. ဖေဖေခေါင်းမီးတောက်ရတော့တာ .. ရင်ထဲလောင်မြိုက်ရတော့တာ .. ရှူးမတတ်ပါပဲ သမီးရယ် .."

ဟု ပြောလာသည်မို့ ဖခင်၏ခြေဖမိုးပေါ် ပျိုလေး နဖူးလေးတင်၍ ကန်တော့ပါချေ၏။ တစ်ယောက်တည်း ပြေးထွက်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့မိလေသမျှကို ဦးခိုက်တောင်းပန်နေရှာပါသည့် သမီးကို ဆံစလေးတွေ သပ်ပေးနေသည်က အန်ကယ်ဦးရန်လင်းအောင် ..။ သူ့ကိုလည်းကြည့်ကာ ပြုံးပြလာသည်က ကျေးဇူးတင်ပြီး ..။

ပျိုလေး သူ့ကိုကြည့်လာသည်။ တကယ့်ကိုပဲ သူ့ရှေ့မှာ ထိုင်လိုက်ကာ တရိုတသေလေး ကန်တော့ရှာတော့ သူ အနေခက်ရပါပြီ ..။ ဒါပေမဲ့ .. မတား ..။ ဤသားအဖ .. ဖြစ်တည်ချင်သမျှ ဖြစ်တည်ကြစေတော့ .. ဟု အကန်တော့ခံလိုက်ရသည်က .. လောလောဆယ်မှာ ကြည်မွေ့ချမ်းမြေ့နေကြပါလေသည့်စိတ်လေးတွေ ဆက်၍ ဆက်၍ ဖြစ်တည်နေစေဖို့ပါ။ မနှောင့်ယှက်လို၍ပါ ..။ သူ .. အကန်တော့ မခံလိုက်လျှင် ပျိုလေး မျက်နှာညိုရှာချေမည်။ ကြည်နူးနေရှာတာလေးတွေ .. အပျော်ကြီး ပျော်နေတာတွေ လျှော့ပါးပြောင်းလဲသွားရချေလိမ့်မည် ..။ ပြောဆို ငြင်းခုန်နေခြင်းများ ပျိုလေးနှင့် သူ့ကြားမှာ ဖြစ်တည်လာရပါချေလိမ့်မည် ..။

သားအဖနှစ်ယောက်ကြားမှာ ဖြစ်တည်နေသည့် လှပသိမ်မွေ့သော နက်ရှိုင်းလွန်းပါသည့် ပျော်ရွှင်ချမ်းမြေ့ခြင်းဆိုသည့် အရာကို .. သူ .. အပြောင်းလဲ မခံနိုင်သည်မို့ .. မျက်နှာပူပူဖြင့် အကန်တော့ခံလိုက်ရသည်ပါပဲ ..။

"လောလောဆယ်မှာတော့ .. ပျိုလေး .. နံ့သာမြိုင်မှာပဲ ဆက်နေမှ ဖြစ်လိမ့်မယ် အန်ကယ် .. သူ့ကို .. ငုဝါမြိုင်ကို ပြန်ခေါ်သွားလို့ မဖြစ်သေးပါဘူး .. ကျွန်တော်တို့ .. လုပ်စရာလေးတွေကို ဆက်တိုက်လုပ်ကိုင်သွားကြရမှာတွေက ရှိနေတယ်လေ .."



ဟု ပြောချင်နေသည့် စကားများကိုလည်း သူ အခုအချိန်မှာ မပြောသေးဘဲ ငြိမ်သက်နေလိုက်ရပါ၏။

အန်ကယ် .. နံ့သာမြိုင်မှ ပြန်ခါနီးကျမှပဲ .. သူ .. ထိုစကားများကို ပြောရပါချေလိမ့်မည် ..။

"အစ်ကိုလေးရဲ့ ညီမလေး .. ဘဝ .. အေးချမ်းပါစေကွယ် .."

ဟူသောဆုကို သူ ပေးမိစဉ်ခိုက် .. ပန်းရနံ့တို့ ဝေ့ခနဲ ဝေ့ခနဲ .. လေနှင့်အတူ .. အခန်းကျယ်ကြီးဆီသို့ တိုးဝင်တိုးဝေ့ရောက်ရှိလာကြချေသည်တကား ..။

❋ ❤ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၃)

ငုဝါမြိုင်သည် ခါတိုင်းနှင့်မတူ ..။ အရမ်းကိုစကားနည်း ငြိမ်သက်နေသည့် ဦးရန်လင်းအောင်သည် အစားအသောက်လည်း မယ်မယ်ရရ မစားသောက်လှ ..။ တယ်လီဖုန်းဖြင့်ဆက်၍ဆက်၍ သမီး၏သတင်းကိုမေးလိုက် ..။ အပြင်သို့ ကားမောင်းထွက်သွားလိုက် ..။

စက်ရုံကိစ္စတွေအားလုံး၊ ရတနာဆိုင်ကိစ္စအားလုံးကို ဦးအုပ်စိုးနှင့် လွှဲထားလျက် မျက်နှာမကောင်းပဲ သမီးဓာတ်ပုံနေတာကို ဒေါ်လတ်လတ်အေး မျက်စိစပါးမွေးစူးလှပြီ ..။ ဦးသော်ကိုလည်း ငုဝါမြိုင်မှာပဲ ဆက်နေဖို့ ပြောထားကာ ..။ သမီးကိုပြန်တွေ့လျှင်ဖြင့် သမီး၏အမေဖြစ်သူထံ .. အလည်အပတ်လိုက်ပို့လိုက်ပါဟုပင် ပြောနေသေးသည့်အဖြစ် ..။ သဘောက .. ငုဝါမြိုင်မှာတော့ ပျိုလေးကို ဆက်နေစေမည့်သဘော။ အမေဖြစ်သူထံကိုတော့ အလည်အပတ်မျှပဲ လွှတ်မည့်သဘော ဖြစ်နေသည်။

"ငါကတော့ .. အဲဒီကောင်မ ထောင်ထဲမှာပဲသေပေါ့ဆိုပြီး ရင်ထဲမှာ အေးနေရတာ .. မောင်ရန်လင်းက .. ငါ့ကို



ဒီကောင်မ အသက်ရှင်နေသေးတယ် ဆိုတာကို အသိမပေးဘဲ ထားတာကိုး .. အို .. ဒါကလဲ သူ့သမီးနဲ့ အဆက်အသွယ်ပြတ်အောင် .. သေစာရင်းထဲ အားလုံးသိအောင် ပြောပြထားတာ ဆိုတော့လဲ .. ယုဇန ရှင်နေတာကို .. ငါ့ကို အသိမပေးတာကတော့ မှန်ပါတယ် .. ခု .. ခက်နေတာက .. မရွှေပျိုလေးကို .. သူ့အမေဆီလွှတ်လိုက် .. ဒီမှာ ပြန်လာနေခိုင်းလိုက်နဲ့ ရှိနေတော့မှာ .. တစ်နေ့ အဲဒီကောင်မ ငုဝါမြိုင်ကို ပြန်တက်လာနိုင်တယ် .. ငါကတော့ ငုဝါမြိုင်ရဲ့ ကြွယ်ဝမှုတွေကို .. ငါ .. တစ်နေ့မှာ အပိုင်စီးနိုင်မယ်လို့လဲ မှတ်ယူထားတာ .. ဟိုစာချုပ်တွေကိုလဲ .. အဘွားကြီး ဘယ်မှာဖွက်ထားခဲ့တယ် ဆိုတာကိုလဲ ခုထိရှာမတွေ့ပဲ ဖြစ်နေတာက ဆိုးတယ် .. အဲဒါတွေ.. တစ်ယောက်ယောက် ရှာတွေ့လိုက်ရင်တော့ .. ငါ့ဘဝပျက်ပြီ .. ကိုသစ္စာရဲ့အမွေအနှစ်တွေလဲ .. မယားတစ်ယောက် မဟုတ်တော့တာမို့ ငါ မခံစားရတော့ဘူး .. ငါ့သမီးတွေကလဲ .. ကိုသစ္စာရဲ့သမီး မဟုတ်တော့တဲ့အတွက်ဘာမှ အကျိုးမခံစားရတော့ဘူး .. စည်းစိမ်ချမ်းသာမှန်သမျှ .. မောင်ရန်လင်းပဲ ရမှာ .. မိပျိုပဲ ရမှာ .."

ဟု ပစ္စည်းဓာဝင်လျက် ဒေါ်လတ်လတ်အေး .. မျက်နှာထက်မှာ တုန်လှုပ်ချောက်ချားရိပ် ဝင်၏။

"ဒါကြောင့်လဲ .. မိပျိုကို မောင်ရန်လင်း အမြဲမုန်းနေအောင် ငါ .. ကြိုးစားခဲ့တယ် .. အဘွားကြီးကို သိပ်ချစ်တဲ့ချွေးမအဖြစ် .. ငါ ပိပိရိရိ ဟန်ဆောင်နေခဲ့တယ် ..

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးသေတာ တစ်နှစ်ပြည့်တိုင်း ပြည့်တိုင်း အနက်ရောင်အဝတ်ကိုဝတ်ပြီး .. အိမ်မှာ ဆွမ်းကျွေးခဲ့တယ် .. အဘွားကြီးကိုသတ်တဲ့မိန်းမရဲ့သမီး ဆိုပြီး .. လူပုံအလယ်မှာ မိပျိုကို ပြပြီး ငါ အသိပေးခဲ့သမျှ .. ဒါ .. ယုဇနရဲ့သမီးလေးလေ .. ဆိုတာလေးကို စကားချိုချိုလေးနဲ့ မိတ်ဆက်ပေးခဲ့လေသမျှ .. မောင်ရန်လင်းမှာ ရှက်နေရ .. မျိုသိပ်နေခဲ့ရ .. မိပျိုကို ပိုပြီးကင်းအောင် နေလာခဲ့ရ .. ယုဇနသမီး .. ဆိုတာကြီး စွဲနေစေရနဲ့ ငါကြံစည်ခဲ့လေသမျှ .. ကြိုးစားခဲ့လေသမျှ .. ခုတော့ .. သူ့အဖေနဲ့သူ့သမီး .. သံယောဇဉ်ကြီးကုန်ကြပါပေါ့လားနော် .. သားအဖဆိုတာ သားအဖပါပဲလေ .."

ဟု စိတ်မာတ်ကျဆင်းလျက် ဒေါ်လတ်လတ်အား ငိုင်ဆင်းနေရပါသည့်အဖြစ်။ အံကိုခဲလိုက်ကာ မျက်ဝန်းများကို စုံမှိတ်ချထားလိုက်မိရပါပြီ ..။ အမြင်အာရုံထဲမှာ ပေါ်လာသည်က ခင်ပွန်းသည် ကိုသစ္စာအောင် ..။ မျက်နှာကြီး တင်းမာနေလျက် ..။ မျက်နှာနီရဲနေလျက် ..။ မျက်ရည်တွေ ခံပြင်းမာနဖြင့် ဝဲနေလျက် ..။ အရှက်သည်းနေလျက် .. လှေကားထစ်တွေအတိုင်း သားရေသေတ္တာကိုဆွဲကာ သွားနေသည့် ကိုသစ္စာအောင် ..။

အတိတ်ဆီမှ မြင်ကွင်းသည် လောလောလတ်လတ်ကြီး ရှေ့မှာလာထင်နေသည့်နှယ် ခံစားဖြစ်၏ ..။ အမေဖြစ်သူရှိရာ ငဝါမြို့သို့လည်း မသွားတော့ဟုလည်း အပြတ်အသိပေးကာ လုံးဝထွက်ခွာသွားတော့မည်ဟုလည်း မာန်မျက်နှာဖြင့် ပြတ်ပြတ်ထင်ထင်ပြောပြီး အိမ်ပေါ်မှ ယတိပြတ် ထွက်ခွာသွားပါသည့်



ခင်ပွန်းသည် ကိုသစ္စာအောင်ကို အတင်းလိုက်၍ လိုက်၍ နောက်ပါးမှ လက်မောင်းကိုဆွဲရင်း တောင်းပန်နေခဲ့ရပါသည့် လတ်လတ်အေးဆိုသည့် မိန်းမသားတစ်ယောက် ခံစားချက်ကလည်း လတ်လတ်ဆတ်ဆတ်ကြီး ရင်ထဲမှာ နေရာယူလာကြပြန်ပါ၏။

"ငါ့ကို လာမတားနဲ့ လတ် ... ငါ့ကို လာမတားနဲ့ ... မင်းနဲ့ ငါ ဖြတ်ပြီးပြီ၊ အားလုံးလဲ ပြီးဆုံးကုန်ကြပြီ .. ငါရင်နာတယ် .. ရှက်တယ် လတ် .. မင်း နေရစ်ခဲ့တော့ .. မင်းရဲ့သမီးတွေနဲ့ နေရစ်ခဲ့တော့ .. ကိုထိုက်နဲ့အတူ တစ်နေရာမှာ သွားနေရင်လဲ နေရစ်တော့ .. ဒီအိမ် ဒီနေရာဟာလဲ .. နင် နေခွင့်ရှိမရှိဆိုတာ .. အမေက ဆုံးဖြတ်ပေးလိမ့်မယ် .. နင့်ဆီမှာ .. ငါ ဆက်နေနေရမယ်လို့ မင်းဘယ်လိုမျက်နှာနဲ့ ငါ့ကို ပြောရဲနေတယ်ဆိုတာ ငါစဉ်းစားလို့ကောင်း မတတ်တော့ဘူး လတ် .. မင်းကွာ .. ငါ့လက်ကို မဆွဲနဲ့ .. မဆွဲနဲ့ .. ကလေးတွေ ကျောင်းကပြန်မလာခင် .. ငါ အရင်သွားလိုက်မှဖြစ်မယ် .. ဘာပဲဖြစ်ဖြစ် .. သူတို့မျက်စိရှေ့မှာ .. ငါဟာ .. မင်းကိုချန်ရစ်ပြီး ထွက်ခွာသွားတယ်လို့ ထင်ကျန်မနေရစ်စေချင်တော့ဘူး .."

ဟု လက်ကိုပုတ်ထုတ်ရင်း နာနာကြည်းကြည်း ယတိပြတ်ကြီး ပြောခဲ့လေသမျှ .. ခေါင်းတွင်တွင်ခါရင်း အဘယ်မျှသိ ခဲယဲနိုင်စွာ လတ်လတ်အေး ဆိုသည့် မိန်းမတစ်ယောက်သည် တောင်းပန်ခဲ့ရပါသလဲ ..။ လတ် .. ဘယ်မှာသွားနေရမှာလဲ .. ဟု မေးနေသည့် အားငယ်စကားကို ကြားပင်မကြားချင်တော့သည့်နှယ် ခါးခါးသီးသီးကြီး ကြည့်ခဲ့ပါသည့် ကိုသစ္စာအောင်

www.burmeseclassic.com

www.burmeseclassic.com



သည် ရယ်လည်း ရယ်ချလိုက်ခဲ့သေးသည်ပဲလေ ..။ အိမ်မှထမင်းချက် ဒေါ်သက် ဆိုတာကလည်း ထိုနေ့က အငှားကားဖြင့်ကလေးတွေအတွက် ထမင်းပို့ပို့ ကျောင်းသို့သွားနေသည့်အချိန် ..။ ကိုထိုက် အလုပ်ပြုတ်ခံလိုက်ရသည်မို့ .. အားမောင်းပေးမည့်သူမရှိသည့်နောက်ပိုင်းမှာ ဒေါ်သက် ခမျာ ကလေးထမင်းစားကျောင်းဆင်းချိန်အမီ အငှားကားတစ်စီးစီးဖြင့် ကျောင်းသို့ ထမင်းပို့သွားခဲ့ရသည်ပါပဲ ..။ သမီးတွေကို ထမင်းဟင်းပူပူ စားရအောင် ထိုအစီအမံကို .. ကိုသစ္စာအောင်ပဲ စီစဉ်ခဲ့ခြင်းပါ။

ကိုယ့်သမီးတွေ မဟုတ်ချေသည်ပဲဟု သိလိုက်ရချိန်မှာကျတော့လည်း ကလေးတွေ မရိပ်မိအောင်တော့ မျိုသိပ်ထားချေသည့် အချက်တစ်ခုကြောင့် ဒေါ်လတ်လတ်အေး ထိုစဉ်ကပြန်၍ အဆင်တပြေရှိလာချေနိုင်ကောင်းရဲ့ဟု မျှော်လင့်နေမိသေးသည့်အဖြစ်။

ဒါပေမဲ့ .. တယ်တမ်းကျတော့ .. လက်ဆွဲအိတ်ကိုဆွဲ၍ အပြတ်ဆင်းသွားဖို့ ဆုံးဖြတ်ပြီး ဖြစ်နေတာကို ကြုံရတော့ တုန်လှုပ်ချောက်ချားလာရချေသည်ပါပဲ ..။

ကိုထိုက် ဆိုတာကလည်း .. တကယ်တမ်းကျတော့ တစ်ကိုယ်ကောင်းဆန်သွားခဲ့ပြီ ..။ ကိုထိုက်ကို ချစ်ယုံကြည်သည့် ဇော .. ငယ်ချစ်ဆိုသည့်ဇောဖြင့် .. အယုံတကြည်ပေးခဲ့ပါသည့် မိဘလက်ငုတ်အိမ်ကြီးကိုလည်း ရောင်း ချသွားခဲ့လိုက်သည်က .. အလုပ်ဖြုတ်ခံလိုက်ရပြီးသည့်နောက် ရက်မကြာခင်လေးမှာပဲ ဖြစ်သွားခဲ့ရကာ ..။ လူပါပျောက်သွားခဲ့ပြီ ..။ ခင်ပွန်းသည်သဘောကောင်းကြီး ရှာဖွေအပ်နှံထားလေသမျှ ငွေကြေးဖြင့် လက်ဝတ်



လက်စားကအစ ကိုထိုက်ကို ဆင်ပေးခဲ့လေသမျှလည်း အားလုံးတစ်ပါတည်း ပါသွားခဲ့သည်ပါပဲ ..။ အားကိုးရာပျောက်နေသည့်လတ်လတ်အေး ဆိုတာ .. ခင်ပွန်းသည် ကိုသစ္စာအောင်ကလည်း ချန်ထားရစ်ခဲ့ချေပြီဆိုတာ သိရချေသည်မို့ အတင်းတွယ်ကပ်တောင်းပန်နေမိရလေသမျှ ..။ လုံးဝစိတ်ပျက်ကုန်ခမ်းသွားပြီဖြစ်သည့် ကိုသစ္စာအောင်၏ ပြတ်ပြတ်တောင်းတောင်း ချန်ထားခဲ့သည့်အဖြစ်ကို .. မလွဲမသွေ လက်ခံလိုက်ရချေတော့မည်ဟု သိရစဉ်မှာ .. အတင်းဆွဲ ..။ အတင်းတား ..။ လက်အုပ်ချီ၍တောင်းပန်နှင့် လှေကားမှာ ဖြစ်နေရာမှ ..။ တားမရသည့်အဆုံး ခံပြင်းစိတ်ဖြင့် ဆောင့်ခနဲတွန်းလိုက်ကာ ..

"ကဲ .. ဒါဆိုလဲ .. သွားတော့ .. ချန်ထားခဲ့တော့ .."

ဟု အသံနက်ကြီးဖြင့် အော်လည်းအော် .. ငိုလည်းငိုနှင့် ရှိနေချိန်မှာ ..။ တွန်းလိုက်မှာကို .. မမျှော်လင့်ထားတာမို့ .. ဘယ်လိုမှထိန်းမရနိုင်စွာ လှေကားဆီမှအောက်သို့ ကျွမ်းစိုက်လူးလိမ့်ကျသွားပါသည့် ကိုသစ္စာအောင်သည် .. လှေကားရင်းဆီသို့ ခွေ၍ ရောက်သွားချိန်မှာ သွေးတွေခေါင်းမှစီးနေလျက် အသက်မရှိတော့ ..။ ခြေထောက်တစ်ဖက်သည် လှေကားထစ်နေရာဆီမှာ တစ်ပိုင်းတစ်စတင်နေလျက် ..။ ခြေတစ်ဖက်က ကွေးကောက်ပျော့ခွေစွာ ကြမ်းပြင်ပေါ်မှာ ရှိနေသည်။

ကိုင်ထားခဲ့သော သားရေသေတ္တာသည် ပွင့်လျက်သားဖြင့် ကြမ်းပေါ်မှာရှိနေသည့် အဝတ်အစားတွေ ပြန့်ကြဲနေသည့် ကြမ်းပြင်ထက်မှာရပ်လျက် ဒေါ်လတ်လတ်အေး မှင်တက်ငေးစိုက်ကြည့်နေရင်း ဘာလုပ်ရမှန်း ချက်ချင်းတွေးမရနိုင်ခဲ့ ..။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ တုန်တုန်လှုပ်လှုပ်ဖြင့် ကိုသစ္စာအောင်ဘေးမှာ ငိုယိုရင်း ထိုင်မိသည်။ လှုပ်ခေါ်မိသည်။ ထင်ထားသည့်အတိုင်း အသက်မရှိတော့သည်ကို တုန်လှုပ်ချောက်ချားစွာသိရိုက်မှာ ..။ ဘာဆက်လုပ်ရတော့မည်ဆိုတာ စိတ်ကိုပြန်ထိန်းရင်း စဉ်းစားခဲ့ရ ..။

အဝတ်အစားတွေ ပြန်သိမ်း ..။ သားရေသေတ္တာကိုပြန်သိမ်း ..။ အဝတ်တွေကို အပေါ်ထပ်ဗီရိုထဲပြန်၍ သေသေသပ်သပ်ထည့် ..။ အောက်ထပ်ပြန်ဆင်း ..။ ပထမဆုံးတယ်လီဖုန်းဆက်သည်က ယောက္ခမဒေါ်ဖွားရှင်ထံသို့ပါ ..။ တုန်ယင်တုန်ခါနေသောလက်တွေဖြင့် ကိုသစ္စာအောင်ကို ပွေ့ပိုက်လိုက်ကာ တငိုတည်းငိုနေရင်း ဒေါ်ဖွားရှင် ရောက်လာမည့်အချိန်ကို စောင့်ဆိုင်းနေခဲ့ရပါသည့်အဖြစ်။ ထိုစဉ်တုန်းက တကယ်လည်း တုန်လှုပ်ချောက်ချားနေခဲ့သည်ပါပဲ ..။ ဒေါ်ဖွားရှင် ရောက်လာကာ သားကိုပွေ့ငိုနေသည့် ချွေးမကို ငုဝါမြိုင်မှပါလာသည့် ဒေါ်နှင်းဖြင့် ပွေ့ထိန်းထားစေတာ ..။ သားကို စိတ်ပူပန်စွာ ကြည့်လည်းကြည့် ..။ သားငယ်ရန်လင်းအောင်နှင့် ဒေါက်တာဦးသော်ကောင်းကိုလည်း ဖုန်းဆက်ဖြင့် ရှိသွားသည်ပါပဲ။ စက်ရုံမှ ရန်လင်းအောင်ရောက်လာချိန်နှင့် ဦးသော်ကောင်း ရောက်လာချိန်က သိပ်မခြားလှ ..။ ကိုသစ္စာအောင် ဆုံးနေပြီဟု ဦးသော်ကောင်း စမ်းသပ်ပြီးပြောခဲ့ပါ၏။

"မောင် .. လေဟာနယ်ထဲမှာ ဘယ်လိုဖြစ်တယ် မသိဘူး မာမီ .. လတ် မီးဖိုထဲမှာရှိနေတာ .. ပြိုကျသံကြားလို့ ပြေးလာတော့ .. ဒီလိုမြင်ရတော့တာပါပဲ .. မောင် .. သေ



ပြီလား မာမီ .. မောင့်ကို ကြည့်ပေးကြပါဦး .. ကြည့်ပေးကြပါဦး .."

ဟု လူးလဲငိုယိုပြ ..။ ကိုသစ္စာအောင်ကို ပွေ့ရင်း မလွတ်စတမ်းကြီး ဖက်ငိုနှင့် ပဋာမြေလူး လုပ်ပြလိုက်ရုံဖြင့် အားလုံး ပြီးဆုံးသွားရကာ ..။ ကိုသစ္စာ ရက်လည်ချိန်မှာ လတ်လတ်အေး ဆိုတာကဖြင့် .. မုဆိုးမချွေးမတစ်ယောက်အဖြစ် ဒေါ်ဖွားရှင်၏ ကရုဏာကို ပိုင်စိုးရလျက် ..။ ငုဝါမြိုင်သို့ပင် သမီးနှစ်ယောက်ကို လက်ဆွဲ၍ တက်နေနိုင်သည့် အကောင်းဆုံးသော အခြေအနေကို ရရှိခဲ့သည် မဟုတ်ပါလား ..။

ဒေါ်လတ်လတ်အေး အတိတ်ဆီမှ ဖြစ်ရပ်များကို တောက်လျှောက် တွေးနေမိရဆဲ။

မျက်နှာထက်မှာ ခံပြင်းရိပ်တွေကတော့ ဖြစ်တည်လာနေသည့်အဖြစ် ..။ ကိုသစ္စာအောင် ဆိုသူသည် တကယ့်ကို .. ဒုက္ခပေးသည့်သူတစ်ယောက် ဖြစ်နေခဲ့သည် မဟုတ်ပါလား။

သေသွားသည်တောင်မှ ဒုက္ခကို ဆက်ချန်ထားခဲ့ချေသေးသည်ပဲလေ ..။

"ငါကတော့ .. ကိစ္စအေးပြီဆိုပြီး .. ငုဝါမြိုင်မှာ နေခဲ့တာ .. ဘာကြာလို့လဲ .. အဘွားကြီးက .. သူ့ချွေးမငယ်ကို မြလည်ဆွဲတွေ .. ဘာတွေနဲ့ တစ်ဆင်စာကြီး ပေးနေတာ ငါ လိုက်လိုက်ကြည့်ရင်း မြင်ရတော့ .. ခံပြင်းခဲ့လိုက်ရတာ .. ဘယ်တုန်းကမှ အကောင်းမမြင်ခဲ့တဲ့ ချွေးမငယ်ယုဇနကို .. ဂရုတစိုက်နဲ့ မြတစ်ဆင်စာကြီးပေးတယ် ဆိုကတည်းက .. ငါ .. ရင်ထဲမသက်သာဘူး .. ဒီရက်မ

www.burmeseclassic.com

www.burmeseclassic.com



တိုင်ခင်ကတည်းက အဘွားကြီး မှုပျက်နေတာ .. ငါ့ကို.. ဟက်ဟက်ပက်ပက် မပြောမဆိုပဲ နေပစ်တာ .. ကြုံရတာမို့ ငါ မသက်သာပဲ ဖြစ်နေတာမို့ .. မလွတ်စတမ်း အံကဲခတ်နေတော့ .. ယုဇနကို ပစ္စည်းပွေ့တာကအစ .. ငါမျက်ခြည်မပြတ် လိုက်ကြည့်နေတဲ့အတွက် သိခဲ့ရတာပဲမဟုတ်လား .. ဒီယုဇနဆိုတဲ့ကောင်မ .. ဘာများကတုံးကတိုက် လုပ်ပြီး မျက်နှာကောင်းရအောင် ကြိုးစားပါလိမ့်လို့တောင် ငါထင်မိခဲ့သေးတာပဲလေ .. မြတစ်ဆင်စာကြီးကို .. ငါ .. ကြည့်ချင်တာနဲ့ .. ချက်ချင်း ယုဇနနောက် လိုက်သွားပြီး .. ပုံစံခဏယူကြည့်ပါရစေ .. ဘာညာနဲ့လုပ်တော့ အဘွားကြီး ငါ့ကို သူ့အခန်းတံခါးမှာ ရပ်လာပြီး .. အဲဒီရုတနာတွေကို ပြန်ပေးလိုက်ဖို့ ပြောရာက .. နောက်ဆုံးတော့ .. သူ့စာကြည့်ခန်းကို လာခဲ့ပါလို့ ပြောပြီး စာကြည့်ခန်းဘက်သွားတာနဲ့ .. ငါ .. လိုက်သွားရင်း နောက်လှည့်ကြည့်တော့ ယုဇနလဲ ရှိမနေတော့တာမို့ အောက်ထပ်ကို သုတ်သုတ်ဆင်းပြီး မြတစ်ဆင်စာကို အခန်းမှာပြန်ဝင်ထားပြီး အဘွားကြီးဆီ သွားခဲ့တာပဲလေ .. မြတစ်ဆင်စာကိုတော့ .. ဘယ် .. သူ့စာကြည့်ခန်းထဲထိ ကိုင်ပြီး သွားပါ့မလဲ .. ဘာရမလဲ .. မုဆိုးမချွေးမကိုကျတော့ ဘာမှမပေးတော့ပဲ .. သူ့ချွေးမငယ်ကိုကျတော့ .. သားငယ်ရဲ့မိန်းမဆိုပြီး ပြန်ဂရုစိုက်တာတွေ ဘာတွေ ဖြစ်လာတော့ .. ကိုသစ္စာမရှိလို့ ငါ့ကိုနှိမ်လေခြင်းလို့ ခံပြင်းနေမိတာတစ်ခုပဲ အဲဒီတုန်းကရှိခဲ့တာ .. သူ့စာကြည့်ခန်းကို သူ ပြောတဲ့အတိုင်း



ရောက်လဲရောက်သွားရော .. ငါ .. ငါ .. ဘဝသေရတော့တာပဲ .. ကိုသစ္စာအောင် ဆိုတာ .. ဒီလောက်ထိ .. ရေဆုံးမီးဆုံး ငါ့ကိုဒုက္ခပေးရက်မယ်လို့ မထင်ထားမိတာ မှားကုန်တာပဲ .. အဘွားကြီးက .. သူ့သားဆီကစာ မနေ့ကရတယ်တဲ့ .. အားလုံး သူသိပြီတဲ့ .. ကိုယ့်အပြစ် ကိုယ်သိပြီး လူသိရှင်ကြား နှင်ချတာ အဖြစ်မခံချင်ရင် .. ကိုယ့်သမီးတွေကိုယ်လက်ဆွဲပြီး .. နောက်နေ့မှာ ဆင်းရွေ့ပေတော့တဲ့ .. တခြားနေရာမှာ သွားနေတော့တဲ့ .. ကြည့်စမ်း .. သူ့မြေးတွေ မဟုတ်ဖူးဆိုတာလဲ သိရော .. စိမ်းစိမ်းရက်ရက် .. မျက်နှာလွှဲခဲပစ် ပြောထွက်လိုက်တဲ့ အဘွားကြီး .. ငါ့သမီးနှစ်ယောက်ကို .. မြေး .. မြေးဆိုပြီး သူပဲ ဖူးဖူးမှုတ်ချစ်နေတဲ့ ဥစ္စာတွေ .. ပျောက်ခနဲကို ဖြစ်တာပဲလေ .. ငါ ငိုပြီး သူ့ကိုတောင်းပန်တယ် .. ဘယ်သွားနေရမှာလဲ မာမီရယ်လို့ ဒူးကိုဖက်ပြီး တောင်းပန်တယ် .. အဘွားကြီးက အပြတ်ပဲ .. သူ့သားငယ်ကိုလဲ ဒီအဖြစ်တွေ ဘာမှမပြောပြထားသေးဘူးတဲ့ .. သိရင်ပိုဆိုးကုန်မယ်တဲ့ .. သူ့သားလေ့ကားပေါ်ကကျပြီး မတော်တဆ သေဆုံးတယ်ဆိုတာတောင်မှ သူ မသက်သာချင်ဘူးတဲ့ .. ကွာရှင်းစာချုပ်လဲ သူတွေ့ပြီးပြီတဲ့ .. သူ့သားရဲ့စာနဲ့အတူ ထည့်ပေးလာတဲ့ ဆေးစာအရ .. သူ့သားဟာ သားသမီးမရနိုင်တဲ့ အမြှုယောက်ျားဖြစ်တယ်ဆိုတာလဲ သူ သိပြီတဲ့ .. ယုဇနဟာ သူ့ချွေးမအဖြစ် .. အစဉ်တစိုက် ရှိသွားမှာဖြစ်သလို .. ယုဇနကို .. ဘာမှလဲ .. ရန်လိုနေစရာ မလိုဘူးတဲ့ .. အားလုံး ပြောင်းလဲကုန်တော့

www.burmeseclassic.com

www.burmeseclassic.com



တာပဲလေ .. ပြောနေလိုက်တာမှ ပြတ်ပြတ်သားသားကြီး ဖြစ်နေတာ .. သူ့သားအတိုင်းပဲ အရမ်းကို ပြတ်သားပြနေတာ .. မြတစ်ဆင်စာကို ပြန်ပေးလိုက်ပါလို့လဲ ပြောနေသေးတယ် .. အားလုံး အခြေအနေတွေ ဆိုးဆိုးဝါးဝါး မဖြစ်ချင်ရင် .. ကိုယ့်အသိနဲ့ကိုယ် .. ကိုယ့်နေရာကိုယ်သိပြီး .. ထွက်သွားပါတဲ့ .. မညာမထောက်ကြီးပြောပြီး .. ခြံထဲဆင်းချသွားတော့ ငါ ငိုကျန်ခဲ့တာပဲ .."

ဒေါ်လတ်လတ်အေး တစ်ယောက်တည်း တွေးနေသည်။ ထိုအတွေးများသည် ခုမှမဟုတ် ..။ မကြာခဏ .. ထိုသို့ တိုးဝင်လာတတ်စမြဲ ..။ တိုးဝင်လာတိုင်းလည်း ရင်ထဲမှာ အေးငြိမ်းမနေနိုင်စွမ်း ..။ တုန်လှုပ်ချောက်ချားခြင်း ဆိုတာကတော့ အမြဲဖြစ်တည်နေတတ်သည်ချည်း ..။ ညညတွေမှာ အိပ်မက်တွေထဲထိ ထိုနေ့က အဖြစ်အပျက်တွေ ရောက်ရောက်လာတတ်သည်။ အို .. ကိုသစ္စာ လေကားမှ ပြုတ်ပြိုကျသွားတာ ..။ ဒေါ်ဖွားရှင် .. သွေးအလူးလူးဖြင့် လူးလွန့်နေတာတွေသည် .. တိုးဝင်ခြောက်လှန့်နေတတ်စမြဲ ..။

"ငါ .. ငါ .. ဘယ်အထိ .. အဘွားကြီးကို ခြေထောက်ဖက်ပြီး တောင်းပန်ခဲ့သလဲဟင် .. သူ့ခြေရင်းမှာ ငါ့ခေါင်းကို .. တင်ထားပြီး .. ငါ ငိုယိုတောင်းပန်ခဲ့တယ် .. ငါ့သိက္ခာအတွက် .. ငါ့သမီးလေးတွေရဲ့သိက္ခာနဲ့ အနာဂတ်အတွက် .. ငါ .. တောင်းပန်ခဲ့တယ် .. သူ့ခြေသလုံးကိုဖက်ပြီး တောင်းပန်ခဲ့တယ် .. ဒါပေမဲ့ .. အဘွားကြီးက တစ်ခွန်းတည်းပဲ ပြောတာပဲလေ .. သူ့သားကြီးအတွက် ..



သူ .. ပြတ်သားပြနေရမှာပဲတဲ့ .. သူ့သားကို စိတ်ဆင်းရဲအောင်လုပ်တဲ့ မိန်းမကို .. အရှက်ရအောင်လုပ်တဲ့ မိန်းမကို .. သူက အိမ်ပေါ်ခေါ်တင်ကျွေးထားရမှာလားတဲ့ .. ဒရိုင်ဘာသမီးနှစ်ယောက်ကို ကိုယ့်မြေးလုပ်နေရဦးမှာလားတဲ့ .. သူ .. သိပ်စိတ်နာနေတာတဲ့ .. စာတွေကိုဖတ်ပြီး ရင်ထဲနာလွန်းနေပြီတဲ့ .. အဲသလို စာကြည့်ခန်းထဲမှာ အပြတ်ပြောပြီး ငါ့ကိုထားခဲ့တာပဲလေ .. ငါ .. ငါ .. ဘာဆက်လုပ်ဖို့ ကျန်တော့မှာတဲ့လဲ .. ငါ့အခန်းကိုပြန် .. မှန်တင်ခုံအံဆွဲထဲက မောင်းပြန်ဓားကိုယူ .. အဘွားကြီးဆင်းသွားတဲ့ ခြံထဲကိုလိုက် .. ရှက်လှရုံတန်းနားက ခုံတန်းမှာ ခပ်ငေးငေးကြီးထိုင်နေတဲ့ အဘွားကြီးဟာ သေသွားတဲ့သူ့သားအကြောင်းပဲ တွေးနေသလား မသိဘူး .. သူ့သားဆီကို အမြန်ဆုံးရောက်အောင် ငါပို့ရတော့မှာပဲလေ .. နောက်ကနေ .. အသံမကြားအောင် ကပ်သွားပြီး .. သူ့ကိုနောက်က ဖမ်းချုပ်ထိန်းလိုက်ပြီးတာနဲ့ .. မောင်းပြန်ဓားခလုတ်ကို .. သူ့ဝမ်းဗိုက်မှာ ကပ်နှိပ်လိုက်ရုံနဲ့ပဲ .. သူ့ဘဝဇာတ်သိမ်းလိုက်နိုင်တာပဲလေ .. အဘွားကြီး ငိုက်ကျနေတုန်း ငါ .. ဓားရိုးကို လက်ကိုင်ပဝါနဲ့သုတ် .. ဓားတန်းလန်းနဲ့ .. သူ့ကိုထားခဲ့တာပဲ .. သူလဲ .. သေနေပါပြီ .. အသံတောင် မထွက်လိုက်နိုင်ပါဘူး .. ငါ .. အခန်းပြန် .. ရေမိုးချိုး .. သွေးနည်းနည်းစွန်းသွားတဲ့ အင်္ကျီကိုလျှော် .. ခေါင်းတွေ ဘာတွေတောင် ရေလောင်းပစ်ပြီးမှ ပြန်ဆင်းလာတော့ .. ဟိုမှာ ပြဿနာတွေ တက်ကုန်ပြီ .. ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



တွေ့တွေ့ .. အဘွားကြီးကိုယ်က ဓားကိုတော့ အမှတ်မထင် ဆွဲနုတ်မိမှာပဲဆိုတာကို ငါ ကြိုတင်တွေးထားသလိုပါပဲ .. တွေ့တဲ့သူက ယုဇနေ ဖြစ်နေတယ် .. ဆွဲနုတ်မိသူကလဲ ယုဇန ဖြစ်နေတယ် .. ယုဇနဟာ ကံဆိုးမိုးမှောင်ကျပြီး .. လူသတ်သမအဖြစ် .. ရောက်သွားခဲ့ရတော့တာပဲ .. အရေးထဲ အဘွားကြီးက ယုဇန နာမည်ကိုခေါ်ခဲ့သေးတယ်ဆိုပဲ .. ပိုပြီးသေချာသွားတာပေါ့ .. ခေါင်းလဲခါခဲ့တယ်တဲ့ .. ယုဇန မသတ်ဖူးဆိုတာ ခေါင်းခါပြတာနေမှာပေါ့ .. အဘွားကြီးကို ဓားနဲ့ထိုးပြီး ငါ တွန်းပစ်လိုက်ချိန်မှာ ခေါင်းငိုက်ကျနေရာက အဘွားကြီး တစ်ချက်တော့ ငါ့ကို ဝေဒနာတွေကြားထဲက မော့ကြည့်မြင်ခဲ့တာပဲလေ .."

ဒေါ်လတ်လတ်အေး အံခဲထားဆဲ ..။ အတိတ်သည် မလှပပေမယ့် ..။ ထိုမလှပသည့်အတိတ်အတွက် .. နောင်တမရချင် ..။ ကိုယ့်ဘဝကို .. လောင်မြိုက်သော မီးတောက်ထဲ တွန်းပို့နိုင်သည့်စာတွေကို လက်ဝယ်ကိုင်ထားပါသည့် ဒေါ်ဖွားရှင်ကိုမှ ဓာတ်မသိမ်းခိုင်းလိုက်ချေလျှင် .. ဒေါ်လတ်လတ်အေး ဆိုသည့် မိန်းမတစ်ယောက်သည် .. ဘယ်သောင်ကမ်းကို ကပ်ရမည်မှန်းမသိသည့်ဘဝထဲကို သမီးနှစ်ယောက် လက်ဆွဲ၍ ရောက်သွားရချေမည်ပေါ့။

ချမ်းသာစည်းစိမ်ပုံကြီးကိုလည်း လက်လွှတ်ရမည်။ သိက္ခာလည်း ရစရာမကျန်အောင် ဆုံးရှုံးရချေဦးမည် ..။ အထင်တကြီး ထားမိသည့် ကိုထိုက် ဆိုတာကလည်း သိုက်သမားဖြစ်နေပြီ ..။ ဘယ်မှာမှ ခိုကိုးရာမရှိသည့် ဒေါ်လတ်လတ်အေး



ဆိုတာကို မရောက်ရအောင် လုပ်ရမည့် နည်းလမ်းအဖြစ် .. ဒေါ်ဖွားရှင်ကို လူ့ဘဝတွင်းမှ ထွက်ခွာစေလိုက်ရသည် မဟုတ်ပါလား ..။

ဒါပေမဲ့ .. ထိုအဖြစ်အပျက်များသည် .. ညတွေမှာ အိပ်မက်တွေထဲထိ တိုးဝှေ့ရောက်ရှိ ခြောက်လှန့်နေဆဲ ..။

ဒေါ်ဖွားရှင် လက်ထဲမှာ ကျန်ခဲ့သည့် စာတွေအားလုံးကို လိုက်လိုက်ရှာရတာလည်း ခုထိမတွေ့နိုင်ပဲ ပျောက်ဆုံးနေဆဲ ..။

ညညတွေမှာ ရှာခဲ့ပေမယ့်လည်း မရနိုင်ခဲ့ ..။ လူရိပ်လူကဲကြည့်ပြီး .. နေ့လယ်ခင်းတွေမှာလည်း အဘွားကြီး၏ဗီရိုတွေ ..။ အံဆွဲတွေ လိုက်ရှာသည်ပဲလေ ..။ မတွေ့ခဲ့ ..။

စာတွေကို အဘယ်နေရာမှာများ အဘွားကြီးသိမ်းဆည်းထားသည် မသိ ..။ စာအုပ်ဗီရိုကြီးတွေကိုပင် ဖွင့်၍ဖွင့်၍ ကြည့်ခဲ့ဖူးသည်။ သေသပ်စွာ စီထောင်ထားသော စာအုပ်တွေသာရှိသည့် ဗီရိုတွေကိုသာ စိတ်မောစွာဖြင့် အကြိမ်ကြိမ် တွေ့နေရ..။ စာတွေကို မတွေ့နိုင်ပဲ ရှိနေရပါသည့်အဖြစ် ..။

ဒေါ်ဖွားရှင် ကွယ်လွန်ပြီးသည့်နောက်မှာ .. မတ်တော်သူ၏ ၎င်းဝါမြိုင်မှာပဲ ဆက်နေခဲ့ကာ ..။ ကိုသစ္စာနှင့် နေခဲ့သည့်အိမ်ကြီးကိုတော့ ငှားရမ်းခဲ့ပါသည့်အဖြစ်။ မိဘလက်ထက်ကအိမ်ကြီး ကိုထိုက် ရောင်းပစ်ခဲ့တာကိုကျတော့ .. ကိုယ်ကပဲရောင်း၍ မိဘတွေအတွက် ရည်းစူးလှူဒါန်းလိုက်သည့်နှယ် မတ်တော်မောင်ကို ပြောခဲ့သည်ပါပဲ ..။ ပစ္စည်းဥစ္စာကိစ္စ သိပ်ပြီးမက်မောစွက်ဖက်သူလည်း မဟုတ်သော ရန်လင်းအောင်သည် .. မရိုး

www.burmeseclassic.com

www.burmeseclassic.com



တော်သူ့အက်က အိမ်ကြီးကို မည်သူရောင်း၍ မည်သူဝယ်သည် ဆိုတာကိုမျှပင် စိတ်မဝင်စား .. မစွက်ဖက် .. မစပ်စုပဲ .. နေခဲ့တာမို့ .. ဘာမျှပြဿနာမတက်ခဲ့ ..။

နှစ်ပေါင်းလည်း မနည်းတော့ပြီပဲလေ ..။ ဒေါ်ဖွားရှင် ကွယ်လွန်တာပင် .. ရှစ်နှစ်ပြည့်တော့မည် ..။ ကိုသစ္စာ ကွယ်လွန်တာလည်း ရှစ်နှစ်ပြည့်တော့မည်။

"အားလုံး ဘာမှ .. ပြန်ပြီး ငါ့ကို .. ဒုက္ခပေးနိုင်ကြတော့မှာ မဟုတ်ဖူး .. သူတို့သားအမိ .. သေကုန်ကြပြီ .. လူ့ဘဝကြီးမှာ မရှိကြတော့တဲ့ သူတို့သားအမိကို .. ငါ .. ဘာကြောက်စရာရှိလဲ .. သူတို့ကို အိပ်မက်ထဲထိ ငါမက်မက်နေတာကို မတားနိုင်ပဲ .. ဇောချွေးတွေနဲ့ လန့်နိုးလာရတဲ့အဖြစ်တွေကိုတောင်မှ .. ငါ .. စိတ်ပျက်ချင်လာပြီ .. ဘာမှ .. ဒုက္ခမပေးနိုင်တော့တဲ့ လူနှစ်ယောက်ကို .. ငါက .. ဘာလို့ .. အိပ်မက်ထဲထိ .. ကြောက်နေရမှာလဲ .. ကြောက်နေရမှာလဲ .."

အတွေးများစွာဖြင့် ဒေါ်လတ်လတ်အေး၏စိတ်တွေသည် လတ်တလော ရှိနေသည့် အခန်းထဲမှ ပန်းရနံ့များကို စိတ်အေးလက်သာ ပြန်၍ ပြန်၍ ရှူရှိုက်ယူနေရင်း ကိုယ့်ကိုယ်ကိုယ် ပြန်အားပေးနေသည့် ဒေါ်လတ်လတ်အေး အဖြစ်သို့ ရောက်လာရပါသည့် အဖြစ် ..။

အခန်းတွင်းမှ မထွက်ခွာမီ သက်သောင့်သက်သာ တစ်ချက်လောက်တော့ ခုတင်ထက်မှာ လှဲနေလိုက်လျှင် ကောင်းချေမည်ဟု တွေးမိရပြန်ကာ ခုတင်ထက်မှာ လှဲချလိုက်မိရပါပြီ ..။



"ကြည့်စမ်း .. ငါ .. ဘယ်လောက်ထိ လုံခြုံနေသလဲ .. ငါ့အခန်းဟာ သိပ်ကိုကျယ်တဲ့ အခန်းကြီး .. ငါ့အခန်းထဲမှာ .. အဖိုးတန် အသုံးချအဆောင်တွေချည်းပဲ ရှိနေတာ .. ငါ့သမီးနှစ်ယောက်ဟာလဲ .. အရွယ်ရောက်လာနေကြပြီ .. ကိုသစ္စာအောင်နဲ့ ဒေါ်လတ်လတ်အေးရဲ့သမီး .. ဒေါ်ဖွားရှင်ရဲ့ မြေးအဖြစ်ပဲ ရှိနေတယ် .. ဘယ်သူကမှ .. အဲဒါကို .. လာပြီးမနှောင့်ယှက် .. မဖျက်ဆီးနိုင်တော့ဘူး .. ငါ့မှာ .. မြရောင်ခြယ် ဆိုတဲ့ ကိုသစ္စာအောင်ရဲ့ ပရိဘောဂစက်ရုံကြီးလဲ ရှိနေတယ် .. ကြွယ်ဝချမ်းသာခြင်းလည်း ရှိနေတယ် .. ငါ .. ငါဟာ .. သိပ်ကို ချမ်းသာနေတဲ့ ဒေါ်လတ်လတ်အေးပဲ .."

ဟု ဆက်တိုက်တွေးကာ မျက်နှာထက်မှာ လန်းဆတ်အားအင်ပါသော အပြုံးရိပ်သည်သာ ငါ၏။ ထိုစဉ်ခိုက် .. စားပွဲထက်မှ ဂျီအက်စ်အမ်ဖုန်းလေးမြည်လာတာမို့ ကောက်ကိုင်ထူးလိုက်ရပါပြီ။

"ဟယ်လို .. လတ်လတ်အေးပါ .."

"ကျွန်မ .. လုံမေပိုုပါ ကြီးလတ် .. ကြီးလတ်နဲ့မိပို .. အပေးအယူ လုပ်ကြရမယ့်ကိစ္စကြီးတစ်ခု ရှိနေပါတယ် .. လို့ရင်း ပြောချင်ပါတယ် .. ဖေဖေ နှင်ထုတ်လိုက်ပြီမို့ .. မေမေ့ဆီကို မိပို သွားရတော့မှာပါ .. အဲဒါ ငွေလိုပါတယ် ကြီးလတ် .. သိန်းငါးဆယ် လိုပါတယ် .."

ဟူသော အသံပေါ်လာတော့ ဒေါ်လတ်လတ်အေး တစ်ချက်မှင်တက်သွားရာမှ သဘောကျသလို ခပ်ဟက်ဟက်ကြီး ရယ်ချလိုက်ပါပြီတည်း ..။

www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေး ... ဖြစ်ရလေ ... သိန်းငါးဆယ် ... ဟုတ်လား ... နေစမ်းပါဦး ... ဘာကိစ္စနဲ့ ... ငါ့က ... ညည်းလေးကို သိန်းငါးဆယ် ပေးရမှာလဲ ... ပိုရင် ... ကိုယ့်အဖေရှိတာပဲ ... တောင်းပေါ့ ... သေချာတာ တစ်ခုတော့ ရှိတယ် မိပျို ... မောင်ရန်လင်း ပေးမှာမဟုတ်ဖူးကွယ့် ... ကြိုးစားလဲ အလကားပဲ ..."

ဟု လှောင်သံဖြင့် ပြောချလိုက်ပါသည့်အဖြစ်။ ညည်းကို လိုက်ရှာနေတယ်လေ ... ညည်းအဖေက ... ဆိုတာကို ကျတော့ မပြောပြလိုက်ချင် ...။ ဘယ်ကဆက်သည်တော့ မသိရ ...။ ကြည့်ရတာ ... ကောင်မလေး တစ်နေရာရာမှာ ခိုနေတာဖြစ်မည်။ သူငယ်ချင်းတွေအိမ်ပဲ ဖြစ်ဖို့များသည်။ ရန်လင်းအောင် သွားမေးတော့ ... ဘာခက်သည်လဲလေ ...။

သူငယ်ချင်းတွေက မိပျို မရှိပါဟု ညာဖြေလိုက်လျှင် ပြီးနေသည်ပဲဥစ္စာ ...။

အဖေထံမှ တောင်း၍မရနိုင်သည့်အတူတူ ... ကိုယ့်ဆီလှမ်း၍ တောင်းပုံရသည်။ တောင်းသည်ကလည်းကြည့် ...။ သိန်းပါးဆယ်တဲ့လေ ...။

"ဟုတ်ပါတယ် ... ဖေဖေ့ဆီက မရနိုင်ဘူးဆိုတာ ပျိုလေး သိပါတယ် ... ဒါကြောင့် ... ကြီးလတ်ဆီက တောင်းရတာပါ ... ကြီးလတ် ကျတော့ ငြင်းလို့မဖြစ်နိုင်ဘူးလေ ..."

"ဟဲ့ ... နင့်အဖေကတောင် ... ငြင်းနိုင်တဲ့ကိစ္စ ... ငါက ... ဘာလို့မငြင်းနိုင်ရမှာတဲ့လဲ ... ပိုင်ပိုင်နှင်းနှင်း မလုပ်ပါနဲ့ မိပျို ... ငါ့လင်ချန်ခဲ့တဲ့ စည်းစိမ်ထဲက ညည်းကို သိန်း



ငါးဆယ်ထိ ပေးလိုက်ရလောက်အောင်တော့ ... စေတနာတရား ... ငါ မပြည့်လှဘူးလေ ... ငါ့သမီးတွေရှိတယ်ဟဲ့ ... သူတို့ရှေ့ရေး ရှိတယ် ..."

ခပ်တင်းတင်း ပြောလိုက်တော့ မိပျို၏ရယ်သံတိုးမျှင်မျှင်ကို ကြားရသည်။

မကြိုက် ...။ ထိုရယ်သံကိုမကြိုက် ...။ မထေ့တထေ့နိုင်သည့် ရယ်သံဖြစ်နေသည်။ လှောင်သံဖြစ်နေသည်။ ရာရာစစ ... လုပ်ရဲလှချေလားဟု ဒေါသဖြစ်လာရပါသည့်အဖြစ် ...။

"ဟုတ်ပါတယ် ... သူတို့ရှေ့ရေး ရှိတာမို့ ... ခုဆက်တာပါ ကြီးလတ် ... မိပျိုကတော့ မထူးပါဘူး ... မေမေနဲ့အတူနေချိန်မှာ မတောင့်မတ ... မကြောင့်မကြနေရဖို့အတွက် ... ဒီလမ်းကိုတော့ ရွေးချယ်ရတော့မှာပဲလေ ... သိန်းငါးဆယ်ဆိုတာ မများလှပါဘူး ကြီးလတ် ... အဲဒီရှေ့ရေးအတွက်နဲ့ ယှဉ်လိုက်ရင် မများလှပါဘူး ... ဘာလို့လဲဆိုတော့ ဘွားဆီမှာရှိနေခဲ့တဲ့ စာရွက်စာတမ်းတွေ ... ခု ... ပျိုလေးဆီမှာ ရှိနေလို့ပါပဲ ... မယုံဘူးလား ... ကွာရှင်းစာချုပ် တစ်စောင်ရယ်၊ ဘဘဦးသစ္စာအောင်ရဲ့ ဆေးစစ်တဲ့စာရယ် ... ဘွားဆီကို ဘဘကြီးရေးလာတဲ့ စာရယ် ... ဘွားရဲ့သဘောထား ရေးထားတဲ့စာရယ် ... အဲဒါတွေ ရှိနေတယ်လေ ... ပြီးတော့ ... မေမေ ရေးထားတဲ့စာအရလဲ ... အားလုံးကို ဆက်စပ်ယူလို့ရနိုင်တာတွေကလဲ အများကြီးဖြစ်နေတယ် ... ပျိုလေး ထပ်ပြောပါမယ် ... မေမေ့ကို ဘွားပေးခဲ့တဲ့ မြလည်ဆွဲအပါအဝင် မြတစ်ဆင်စာကိုလဲ ပြန်လိုချင်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ် .. အဲဒါတွေကိုမှ မရရင် .. ပျိုလေး လက်ထဲမှာ
နေတဲ့ စာတွေအားလုံးကို .. ပထမဆုံး ပြလိုက်မှာကတော့
ဖေဖေ့ကိုပါပဲ .. ဖေဖေ ဘာဆက်လုပ်မလဲ ဆိုတာကိုတော့
စောင့်ကြည့်ရမှာပေါ့ ကြီးလတ် .. ပျိုလေး သဘောအ
ဆိုရင် .. ဒီစာရွက်စာတမ်းတွေ အားလုံးကို .. ရဲစခ
တောင် အပ်ချင်နေတာပါ .. ဖေဖေ့ကို အသိမပေးပဲ မလ
ချင်သေးတာမို့ပါ .. ဖေဖေ့ဆီကို ဆက်သွယ်ရအောင်ကလဲ
ဖေဖေက အရမ်း ပျိုလေးကို စိတ်နာနေချိန်မို့ မဆက်သွ
ရဲသေးဘူးလေ .."

ဟု ပြောလာသံတွင် ခြိမ်းခြောက်သံတွေပင် ပါလာ
နေသည့်အဖြစ် ..။

"တောက် .. ကောင်မလေး .. အရွယ်လေး မတောက်တ
ခေါက်နဲ့ .. ငါ့ကို .. ဒီလောက်ထိ ခြိမ်းခြောက် .. ခြော
လှန့်နေဝံ့သတဲ့လား .. အဘွားနောက်ကို .. လိုက်ချင်
ပြီနဲ့တူတယ် .."

ဟု အံခဲ၍ လက်ရဲဇက်ရဲနိုင်သည့်ဓာဖြင့် တွေ
လိုက်ပေမယ့် ..

"လိုရင်း ပြောကြတာပေါ့ မိပျို .. ဘယ်မှာ .. ငါလာ
ရမလဲ .. အဲဒီစာရွက်တွေကို ငါ ကြည့်ချင်တယ် .."
"ယူလာမှာပါ .. ဒါပေမဲ့ .. တစ်ခုတော့ ကြိုပြောထာ
ရဲ့ ကြီးလတ် .. သိန်းငါးဆယ်ကို အရင်ပြမှ .. ပျို
ကလဲ စာရွက်စာတမ်းတွေကို ပြမှာပါ .. မြတစ်ဆ
ကိုလဲ ပြဖို့မမေ့ပါနဲ့ ကြီးလတ် .."



ဟု ပြောလာတော့ ဒေါ်လတ်လတ်အေး မျက်ဝန်း
များ လက်တောက်လာနေပြီ ..။ သိန်းငါးဆယ်တဲ့လားလေ ..။
ငါးစာကိုသာမြင်လျက် ငါးမျှားချိတ်ကို မမြင်သည်ပဲ .. ဟု တွေး
ဖြစ်၏။

"ဘယ်ကိုလာရမလဲ .. ပြောပါ .."
"ကြီးလတ်ရဲ့ပိုင်နက် မဟုတ်တဲ့ နေရာကိုပဲ ပျိုလေး ရွေး
ပါမယ် .. ပျိုလေး .. ကြီးလတ်ကို .. ဘယ်မှာတွေ့မယ်
ဆိုတာ .. ဖုန်းနဲ့ထပ်ဆက်သွယ်ပါ့မယ် .. လောလောဆယ်
က .. ကြီးလတ် အရင်ဆုံးလုပ်ရမယ့်ကိစ္စက .. သိန်းငါး
ဆယ်ပြည့်အောင် .. ဖြည့်ထားဖို့ပါပဲ .. ဒါပါပဲ ကြီးလတ်"

ဆိုသည့် စကားသံအဆုံးမှာ ဖုန်းချသွားတာမို့
ဒေါ်လတ်လတ်အေး ရင်ထဲ ဆူပွက်လျက် လောင်မြိုက်လျက်
ကျန်ရစ်ခဲ့ရပါပြီတည်း ..။

နောက်ထပ် အဆိပ်ပြင်းသော သတ္တဝါကောင်သေး
သေးလေးတော့ဖြင့် ပေါ်လာပြန်ချေပြီကောဟု တွေးဖြစ်လျက်
အံခဲလိုက်သည်က သွားများကြိတ်ခဲပွတ်တိုက်မိသည် အထိပါ ..။

✻ ❤ ✻

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၄)

ပင်ပန်းလိုက်ပါသည့်စိတ် ..။ အတော်ကြီးကို တစ်
ကုန်နီးပါးမျှ ဒုက္ခပေးနေခဲ့ပါသည့် ယောက်ယက်ခတ်နေသည့်
စိတ် ..။ ခု .. မြရောင်ခြယ် ပရိဘောဂစက်ရုံကြီးမှ အိမ်သို့
လာခဲ့ရသည်အထိ .. နာရီပေါင်းများစွာကြာအောင် .. ပို
ထံမှ ဖုန်းအခေါ်ကို ဒေါ်လတ်လတ်အေး စောင့်နေခဲ့ပေ
မချေပို့လေးက ဖုန်းဆက်မလာသေး ..။

ငုဝါမြိုင်မှာ ရှိနေတုန်းက ဆက်သွယ်လာလိုက်သ
နောက်မှာ .. လုံးဝဆက်သွယ်လာတာ မရှိတော့ပြန် ..။ ပို
ထံမှ ဖုန်းဝင်လာကတည်းက ရင်ထဲမှာ နောက်ကျိမွန်းကျပ်
ပေမယ့် .. ဟန်မပျက် .. မြရောင်ခြယ်သို့ သွားခဲ့သည်
ဒေါ်လတ်လတ်အေးပါ ..။

တစ်နေ့ကုန် စက်ရုံ၏ရုံးခန်းကျယ်ကြီးထဲမှာ
ခဲ့ရပေမယ့် အလုပ်ကိစ္စတစ်ခုသော်မျှ စိတ်ထဲမဝင်စားနိုင်
ဖုန်းမြည်လာမည့်အချိန်ကိုပဲ စိတ်ရှုပ်ထွေးစွာ စောင့်နေရပေ
တကယ့်တကယ်ကျတော့ .. ငုဝါမြိုင်သို့ ညနေဘက် ပြန်လာ



ချိန်ထိ ပို့လေး ဘာမျှမဆက်သွယ်လာပြန် ..။ ငုဝါမြိုင်သို့ရောက်
တော့လည်း စိတ်ထဲမဖြောင့်နေ ..။

စာရွက်စာတမ်းတွေ မိပို့ထံမှာ ရှိနေတာကိုက
စိတ်ပူစရာအကောင်းဆုံး ဖြစ်နေသည်။ အန္တရာယ်ဆိုတာ အချိန်
မရွေး ကိုယ့်အပေါ် ရောက်လာနိုင်တာမို့ .. ထိုစာရွက်စာတမ်း
တွေ အားလုံးကို ကိုယ့်လက်ထဲရောက်ဖို့က အရေးအကြီးဆုံး
ဖြစ်နေချိန် ..။

မိပို့ကလည်း အချိန်ကိုဆွဲ၍ထားနေသည်လား မသိ။
တမင်များ ဖုန်းမဆက်ပဲ အချိန်ဆွဲနေခြင်းဖြင့် စိတ်ကသိကအောက်
ဖြစ်အောင် လုပ်နေခြင်းများပေလားဟု ဒေါ်လတ်လတ်အေး
သံသယဖြစ်ချင်လာသည်။ ဒေါ်သကလည်း အညွှန့်တလူလူ တက်
နေသည့်အဖြစ် ..။

မလောက်လေး မလောက်စား အရွယ်လေးက
ကိုယ့်ကို ကြောင်ကကြွက်ကို ပုတ်ကစားသလို လုပ်ပြနေလေ
သည်လားတု မခံချင်စိတ်က ဒေါသနှင့် ရောထွေးလျက် ရင်ကို
လောင်မြိုက်ခံပြင်းနေစေသည်တည့် ..။

"တောက် .. အဖေလုပ်သူပေးလိုက်တဲ့ ဂျီအက်စ်အမ်ဖုန်း
တစ်လုံးနဲ့ .. ငါ့ကို ကောင်းကောင်းအရူးလုပ်ပြနေတာ
လား .. သူ ဆက်သွယ်လာမယ့် ရက်ဟာ ဘယ်တော့ဖြစ်
လာမှာလဲ .. အခုလား .. မနက်ဖြန်လား .. အို .. နောက်
တစ်လမှလား .. မဟုတ်သေးဘူး .. မဟုတ်သေးဘူး ..
ပြောတုန်းကတော့ ငွေလိုတယ်လေး ဘာလေးနဲ့ .. အမြန်
ဆုံး ဆက်သွယ်ရမယ့်ဥစ္စာ .. ခု .. ငြိမ်နေပြန်ပြီ .. ဒီ

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး စိတ်ပြောင်းပြီး သူ့အဖေကို ဖုန်းနဲ့ပြောပြလိုက်ရင်တော့ ဒုက္ခပဲ .. အဲဒါတွေ မောင်ရန်လင်းအောင်လက်ထဲ ရောက်သွားလို့ကတော့ .. ငါ့ဘဝ ရေစုန်မျောပြီ .. ငါ့သမီးတွေလဲ .. မျက်နှာဖော်ရဲစရာတောင် မကျန်ဘူး .. အရေးထဲ .. ငါ ပြန်ရောက်ချိန်မှာ မောင်ရန်လင်းအောင်ကလဲ .. သမီးဇာနဲ့ အပြင်ထွက်ရာဖို့ ကားနဲ့အထွက်တိုးရသေးတယ် .. သူ့သမီးကို သွားရှာမှာမို့ .. ညနေစာစားဖို့ မစောင့်ပါနဲ့တော့လို့ ကားရပ်ပြီး ခေါင်းလေးပြူပြီးမှာသွားသေးတယ် .. သူ့သမီးကဖြင့် .. ငါ့ကို ငွေတောင်းတောင်းနေပြီ .. ယုဇနနဲ့ သွားနေဖို့ စီမံနေချိန်မှာ .. သူက .. သမီးပျောက် ရှာနေလိုက်တာ တပူပင်ပင်နဲ့ .."

အခန်းထဲ ပြန်ရောက်သည်အထိ ဒေါ်လတ်လတ်အေး စိတ်ထဲ ယောက်ယက်ခတ်နေဆဲ ..။ ရေမြန်မြန်ချိုး ..။ အဝတ်အစား သွက်သွက်လဲ ..။

မိစီနှင့် နွားနို့ပူပူတစ်ခွက် ယူလာခိုင်းကာ သောက်နေစဉ်ခိုက်မှာ ဖုန်းမြည်လာသည်မို့ ..

"ဟယ်လို .. လတ်လတ်အေးပါ .."

ဟု စိတ်လှုပ်ရှားစွာ ဖုန်းကို ကသောကမျောကြီး ကောက်ကိုင်ရ ..။ ထူးရနှင့်ပါ ..။

"မိပျိုပါ ကြီးလတ် .. အားလုံး အသင့်ရှိနေပြီလားဟင် .."

ဟု မေးလာတော့ အစိမ်းလိုက် ဝါးစားပစ်ချင်စိတ်ပင် ပေါက်လာရပါသည့်အဖြစ် ..။

"အေး .. အသင့်ပါပဲ .. အသင့်ပါပဲ .."



"ဒါဆို .. ပျိုလေး .. ကြီးလတ်ကို .. စောင့်မယ့်နေရာပြောပါ့မယ် .. မြရောင်ခြယ်က ကြီးလတ်ရဲ့ဂိုဒေါင်အမှတ်သုံးကြား နေရာလတ်လေးမှာ ပျိုလေး စောင့်နေပါ့မယ် .. ဂိုဒေါင်အမှတ်နှစ်နဲ့ သုံးကြား နေရာဆိုတော့ .. ဘေးလူလဲ မမြင်နိုင်ဘူးလေ .. ရှေ့ဘက်မှာကျတော့လဲ ဂိုဒေါင်အမှတ်တစ်နဲ့ နှစ်တို့က ရှိနေတော့ .. နေရာလေးက .. လွတ်လွတ်လပ်လပ် ပြောဆိုလို့ရတဲ့ နေရာလေးပါ .."

ဟု ပြောလာတော့ ဒေါ်လတ်လတ်အေး ဒေါ်သဖြစ်လိုက်ပါသည့်အမျိုး ..။ ကြည့်စမ်း ..။ ပြောတုန်းကတော့ ကြီးလတ်၏ ပိုင်နက်ထဲမှာတော့မတွေ့ပါ .. တဲ့ ..။ ခု .. တကယ်တမ်းကျတော့ .. ကိုယ့်စက်ရုံထဲက ဂိုဒေါင်ဘေးနေရာဖြစ်နေသည်။ ကိုယ့်မှာဖြင့် .. မြရောင်ချယ်စက်ရုံဝင်းကျယ်ကြီးရှိ စက်ရုံ၏ရုံးခန်းထဲမှာ တစ်နေ့ကုန်နီးပါးမျှ စိတ်တွေ မငြိမ်မသက်ဖြင့် ရှိနေရကာ ..။ ပြန်လာခဲ့ရသည် ..။ ခု .. ထိုနေရာသို့ နောက်တစ်ကျော့ပြန်သွားရချေဦးတော့မည် .."

"အလုပ်သမားတွေ ပြန်သွားချိန်ပြီးမှ ပျိုလေး အဲဒီကိုဝင်တာပါ .. ခြံဝင်းစောင့် ဘဘကြီးတောင် မသိအောင်ဝင်တာပါ .. အငှားကားလေးနဲ့ ပျိုလေး လာတာပါ .. ဘဘဦးညို စက်ရုံက အလုပ်သမားတွေ ကျန်မကျန် .. စက်ရုံထဲထိ ဝင်ဝင်ကြည့်တတ်တာ .. သေချာမှ ပြန်ထွက်ပြီး စက်ရုံကြီးရဲ့တံခါးမကြီးကို သော့ပိတ်တတ်တာတွေကို ကြီးလတ် ပြောပြဖူးတာ ကြားကြားနေရတာက ထမင်းဝိုင်းမှာ မဟုတ်လား .. ဦးညိုက သိပ်သေချာတာဆိုပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ချီးကျူးတတ်တာတွေလေ … အဲဒါကို … ပျိုလေး မှတ်မိနေပါတယ် … အလုပ်သမားတွေ မကျန်တော့မှ … စက်ရုံခြံဝင်းတံခါးကြီးကို ပိတ်တာဆို …”

အံ့မယ် …။ ကိုယ့်စကားကို အမှတ်အသားထား၍ သေချာပြောနေသေးသည့် ကောင်မလေး …။ ဒေါ်လတ်လတ်အေး ဖုန်းကိုစိုက်ကြည့်နေသည်က ဒေါသဖြင့်ပါ …။ လောလောဆယ်မှာတော့ ဒေါသတွေပဲ ရင်ထဲမှာ ပြည့်သိပ်လုံးတက်နေကြတာတစ်ခုပဲ ရှိနေရပါသည့်အဖြစ် …။

“ပိုက်ဆံကို ပြည့်ပြည့်ဝဝတော့ ယူလာစေချင်ပါတယ် ကြီးလတ် … ဦးညို စက်ရုံကြီးထဲ ဝင်ကြည့်နေတုန်း ပျိုလေး … ဂိုဒေါင်တွေဘက်ကို ဝင်ခဲ့ရတာ အချိန်တော့ ကြာနေပြီ … သိပ်ကြာကြာကြီးတော့ ဒီနေရာမှာ ပျိုလေး မနေချင်တော့ဘူးလေ … ဦးညို တွေ့မှာ ကြောက်လို့တော့ မဟုတ်ပါဘူး … သူ မသိအောင်ဝင်တာက … ဒီပိုက်ဆံတွေယူနေတဲ့ကိစ္စတွေ … ဘယ်သူမှမသိအောင် ယူချင်လို့ပါ … ခု … မတော်တဆများ ဦးညို ခြံထဲထိ ဟိုသည်ကြည့်ရင်လဲ … ပျိုလေး ပုန်းနေဦးမှာပါ … ပုန်းနေတဲ့ကြားထဲက … မလွတ်လောက်ဖူး ဆိုရင်လဲ … ခပ်တည်တည်လေး ထွက်တွေ့လိုက်ပြီး … ကြီးလတ်ဆီ လာလိုက်တာ နောက်ကျသွားတယ်လို့ ခပ်တည်တည် ပြောလိုက်ရုံပါပဲ ကြီးလတ်က လူစိမ်းမှ မဟုတ်တာ … ပျိုလေးရဲ့ကြီးကြီးပဲ မဟုတ်လား … ဘာဘာညို အထင်တစ်မျိုးဖြစ်စရာ မလိုတော့ပါဘူး …”



ဟု ဆက်ပြောနေတော့ ဒေါ်လတ်လတ်အေး အံ့ခဲလိုက်ကာ …

“ကောင်းပြီ … ငါ လာခဲ့မယ် … မကြာဘူး … အားလုံးအသင့်ပဲ … ဟိုရောက်ရင် … ငါ့ကို … စာရွက်စာတမ်းတွေ ပေး … ငါက … နင့်ကို ပိုက်ဆံပေးမယ် …”

“မြတစ်ဆင်စာလဲ ကျန်နေသေးတယ် … မမေ့နဲ့နော် … မိပျိုရဲ့မေမေ့ကို … ဘွားကပေးထားတဲ့ဥစ္စာ … ပြန်ရမှဖြစ်မှာမို့ပါ …”

ဟု ခနိုးခနဲ့နည်းနည်းနိုင်သော လေသံထဲမှာ အထင်သေး အမြင်သေးနိုင်သည့် လေငွေ့တွေကလည်း သိသိသာသာပါနေသည်။ ယုဇနေ၏ မြတစ်ဆင်စာကို ဖြောင်ထားသည့်ကိစ္စကို ခပ်လှောင်လှောင်ကြီး ပြောနေသံတွေ ဖြစ်နေသည်။

“နင်လိုချင်တာ ငါပေးမယ် … ငါ့ကို နင် … ဘာမှ ပြောင်လှောင်ခနဲ့နေဖို့ မလိုဘူး ပျိုလေး …”

ဟု ပြောလည်းပြော …။ ဖုန်းကိုပိတ်လိုက်ကာ စိတ်လိုက်မာန်ပါကြီး ထရပ်လိုက်သည်က ဒေါ်လတ်လတ်အေးပါ …။ အခန်းတံခါးကို ပိတ်ထားသည်ကိုက ဘယ်သူမှ … အခန်းထဲ ဖျတ်ခနဲ ရောက်မလာနိုင်အောင်ပါ …။ သားရေသေတ္တာပြားကို ဒေါ်လတ်လတ်အေး ခုတင်ထက်မှယူသည်။ ဖွင့်ကြည့်ဖို့မလိုတော့သည့်ကိစ္စ …။ အထဲမှာ ငွေသိန်းငါးဆယ်ရှိသည်။ မြတစ်ဆင်စာပါသည့် ရတနာဘူးပြားတစ်ခုရှိသည်။ ဒါတွေကို … မိပျိုကို ဖွင့်ပြလိုက်ဖို့ပဲ ကျန်သည်။ ခြေလှမ်းသုတ်သုတ်ဖြင့် ဒေါ်လတ်လတ်အေး အခန်းတံခါးကိုဖွင့်၍ ထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငုဝါမြိုင်မှ ကားမောင်းထွက်လာတော့လည်း နည်းနည်း အရှိန်များချင်နေတာ အမှန်ပါ ..။ ခြံထဲမှာ ပန်းလေးတွေ ကြည့်နေသည့် သမီးငယ် အင်ကြင်းမေပင် ခေါင်းလေးမတ်၍ ရူးစမ်းသလိုလေး ကြည့်ကျန်ခဲ့သည်ပဲ ..။ ဤမျှထိ ကားအမြန်ကြီးမောင်းနေတော့လည်း ရူးစမ်းသလိုကြည့်လာချေမည်သာ ..။ ပြီးတော့ .. မကြာသေးမီကမှ အလုပ်ကပြန်လာသည်။ ခုချက်ချင်းကြီးလိုလို ပြန်ထွက်သွားသည် ဆိုတော့လည်း အံ့ဩနေမည်ထင့် ..။ သမီးကြီးသဇင်မေကတော့ ထုံးစံအတိုင်း အဝတ်အစားဝယ် .. အလှပြင်ပစ္စည်းဝယ်နှင့် ရှုပါမားကက်ကြီး တစ်ခုခုမှာ ရှိနေချေဦးမည် ..။ ပြန်လာကတည်းက မတွေ့ရသေး ..။ ခုထိလည်း ပြန်မရောက်သေး ..။

မြရောင်ခြယ်စက်ရုံဝင်းကျယ်ကြီး၏ ဝင်းတံခါးကြီးရှေ့မှာ ဒေါ်လတ်လတ်အေး၏ကား ရပ်လိုက်တော့ စက်ရုံစောင့် ဦးညို ခြံတံခါးကို ကမန်းကတန်း တရိုတသေ ဖွင့်ပေးသည်။

"ကျွန်မ ရုံးခန်းမှာ အလုပ်နည်းနည်းလုပ်ဖို့ ကျန်နေတယ် ဦးညို .. ကျွန်မ ရှိနေဦးမှာမို့ .. ဦးညို အပြင်သွားစရာရှိရင် သွားလိုက်ပါ .. ကျွန်မ တစ်နာရီလောက်တော့ ကြာဦးမယ် .. အဲဒီတော့ .. တစ်နာရီလောက် အပြင်မှာ ဦးညို နေလို့ရပါတယ် .. နေ့တိုင်း စောင့်နေရတဲ့ ခြံဝင်းကြီးကို ခဏလောက် .. ထားရစ်ခဲ့လိုက်ပေါ့ .. ရော့ .. ဦးညို .. တစ်ခုခု သွားစားလိုက်ပါလား .. ဒါက .. တက္ကစီခ .."

ဟု ပြုံး၍လည်းပြော ..။ ပိုက်ဆံလည်း ကမ်းပေးတော့ ဦးညို အားနာတကြီးဖြင့် ခေါင်းခါသည်။ မယူရဲရှာ ..။



"ယူပါ ဦးညို .. ကျွန်မ အတွက်လဲ .. ပန်းကမ္ဘာဥယျာဉ်က .. ဖက်ထုပ်ကြော်နဲ့ .. ပုစွန်ကင်လဲ ဝယ်ခဲ့ပါ .. ဦးညိုလဲ ကြိုက်တာစားခဲ့ .. တက္ကစီနဲ့သွား .."

ဟု ဖွတ်ဖေးနေတော့ မငြင်းသာတော့ပဲ ဦးညို တရိုတသေ ပိုက်ဆံကို လက်နှစ်ဖက်ဖြင့် ယူသည်။ သော့ကို ဦးညိုထံမှ ဒေါ်လတ်လတ်အေး တောင်းသည်။ ဦးညိုထံမှာ သော့နှစ်ချောင်းရှိတာ ဒေါ်လတ်လတ်အေး သိသည်ပဲလေ ..။ ဦးညို ပြန်မရောက်သေးခင်မှာ ကိုယ့်ကိစ္စပြီးလျှင်လည်း သော့ဖွင့်ပြန်သွားရုံပဲရှိမည် ..။ ဦးညို ထွက်သွားတော့ ခြံဝင်းသော့ကို အတွင်းဘက်မှ ခတ်ပစ်လိုက်သည်က ဒေါ်လတ်လတ်အေးပါ ..။ ဦးညိုလည်း လောလောဆယ်မှာ ပြန်လာစရာမရှိ ..။ သွားဝယ်ရမည့် ပန်းကမ္ဘာဥယျာဉ်ရက်စ်တောရင့် ဆိုတာက နည်းနည်းလှမ်းသည်။ တက္ကစီဖြင့် သွားရမည် ..။ ကိုယ့်မှာ အချိန်တွေ အများကြီးရမည်ပဲလေ။ ကိစ္စပြတ်တာနှင့် အမြန်ဆုံး ဤခြံဝင်းထဲက ထွက်ဖို့ပဲရှိသည်။

ကားကို ဂိုဒေါင်ရှိရာသို့ မောင်းခဲ့ကာ ရှပ်လိုက်ချိန်မှာ ဂိုဒေါင်ထောင့်ကွယ်နေရာဆီမှ ပျိုလေး ထွက်ရပ်လာပါ၏။

ကားတွင်းမှ ဒေါ်လတ်လတ်အေး ဆင်းသည်က နည်းနည်းတော့ မာန်ပါနေသည်။ သားရေသေတ္တာနက် ပြားပြားသည် ဆိုးဆိုးဆတ်ဆတ်နိုင်စွာ လှမ်းလာသည့် ခြေလှမ်းနှင့်အတူ လွဲလိုက်ပါသည့် လက်တွင်းမှာ စည်းချက်ညီစွာ ပါလာနေပါ၏။ ဆုပ်ဆုပ်ခဲခဲနိုင်အောင် ကိုင်ထားသော သားရေသေတ္တာနက်နက်ကို ပိုက်လိုက်ကာ ဖွင့်ပြလိုက်သည်က ဒေါ်လတ်လတ်အေးပါ ..။ ပျိုလေးကတော့ စိတ်လှုပ်ရှားနေပုံ ရပါ၏။ ပိုက်ဆံကို ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်က တာဝန်ကျေနိုင်နေသည့် အကြည့်မျိုးဖြစ်နေသည်။ တယ်လီဖုန်းထဲက လေသံထဲမှာကျတော့ ခပ်ထေ့ထေ့ အသံတွေပင်ပါနေသေးသည့် မိပျိုသည် .. ခုလို .. ရှေ့မှာရောက်နေချိန်ကျတော့ နည်းနည်းတုံ့ဆိုင်းဆိုင်း နိုင်နေသည့်အဖြစ် ..။

ငယ်ကြောက်အဖြစ်ရှိနေခဲ့ရတာမို့ လက်တွေ့ရင်ဆိုင်တိုးရချိန်ကျတော့လည်း နည်းနည်းလန့်နေသည့်ဟန်ဖြစ်နေသည်။ ကိုယ်လေးကို ပြန်မတ်လိုက်ကာ အားမွေးယူသလို အသက်ကို ခပ်ပြင်းပြင်း ပျိုလေး ရှိုက်ရှူလိုက်တာကိုလည်း အကဲခတ်သလို စိုက်ကြည့်နေသည်က ဒေါ်လတ်လတ်အေးပါ ..။

"မမေ့ မြတစ်ဆင်စာကိုလဲ ပြပါဦး ကြီးလတ် .."

ဟု တည်တည်ငြိမ်ငြိမ်ဟန်ဖြင့် ကြိုးစားပြောနေတော့ ဒေါ်လတ်လတ်အေး တစ်ချက်ပြုံးသည်။ ဤကောင်မလေး ငွေလိုနေသည်မို့ ကြံမိကြံရာကြံကာ ငွေတောင်းတာတော့ တောင်းခဲ့ပြီ။ ဒါပေမဲ့ .. တကယ်တမ်း လူချင်းတိုးကြတော့လည်း ကြီးလတ်ဆိုတာကို လန့်ရှိန်ကျန်နေတာသိသာနေသည်ပဲ ..။ ဖုန်းဖြင့်ပြောတုန်းကတော့ လူချင်း မျက်နှာချင်းဆိုင်ဆုံနေတာမဟုတ်၍ .. ငွေလိုချင်သည့်ဇောပင်လျှင် ပြောခဲ့တာဖြစ်မည်။ ခုကျတော့ .. ရှိန်နေတာကို ပြန်ထိန်းယူနေ .. အားမွေးယူနေတာသိသာနေသည်ပဲ ..။ ဒါကို ဒေါ်လတ်လတ်အေး ပိုကြိုက်သည်။ ကြောက်နေနှင့်သင့်သူတစ်ယောက်ကို နိုင်ဖို့ဆိုတာက ပိုနီးစပ်သည်လေ ..။ အခွင့်အရေးပိုသာနေသည်ပဲ ..။ ခုလည်း မြတစ်ဆင်စာကိစ္စကို မေးနေရင်း အာရုံက သေတ္တာဆီမှာ တစ်ချက်ရောက်သည်။ စိတ်လှုပ်ရှားနေတာလည်း သိသာနေသည်။



"ဒီမှာ .. ကိုင်ကြည့် .."

ပိုက်ဆံသေတ္တာ ဖွင့်ပြထားရာမှ ရတနာဘူးပြားကို ကမ်းပေးလိုက်တော့ ပျိုလေး လှမ်းယူသည်။ လှမ်းယူလိုက်တာနှင့် သေတ္တာကိုပိတ်လိုက်ကာ မြေပြင်ပေါ်လာချလိုက်သည်က ဒေါ်လတ်လတ်အေးပါ ..။

"သိန်းငါးဆယ်အတိပါတယ် မိပျို .. ဘယ်မှာလဲ စာရွက်စာတမ်းတွေ .. နင်ထွက်ပြေးလို့တော့မရဘူးဆိုတာ နားလည်ထားနော် .. ခြံဝင်းတံခါးသော့က ငါ့လက်ထဲမှာ .. ငါခတ်ထားခဲ့ပြီးပြီ .. ခြံဝင်းအုတ်နံရံတွေကလဲ မြင့်တယ်ဆိုတာ နင်သိပါတယ် .. ဒီနေရာမှာ နင်နဲ့ငါ နှစ်ယောက်တည်းရှိတာကိုလဲ မမေ့နဲ့ .. ငါ .. ပိုက်ဆံနဲ့ ရတနာယူလာပြီ .. နင် .. စာရွက်စာတမ်းကိုပေးပါ .."

ဟု ခပ်တည်တည်ပြောနေစဉ်ခိုက်မှာလည်း ရတနာဘူးပြားကို ဖွင့်၍ ပျိုလေး ငုံ့မိုးငေးစိုက်ကြည့်နေတာကို မြင်နေရပါ၏။

"ပြစမ်း .. စာရွက်တွေ .."

ဟု ခပ်တည်တည်ပြောစဉ်ခိုက် ပျိုလေး ရတနာဘူးကို လွယ်ထားသည့်အိတ်ထဲ ထည့်သည်မို့ ..

"အို .. အို .. အရေးမကြီးစမ်းပါနဲ့ မိပျို .. စာရွက်တွေ ပြစမ်းပါဦး .."

ဟု ပြောလည်းပြော ..။ ရတနာဘူးကို အိတ်ထဲမှ ပြန်နှိုက်ယူသည်။ ရတနာဘူးထိတွေ့နေရာ စက္ကူထုပ်ကို လက်ဖြင့် ထိမိသည်မို့ စက္ကူခေါက်ကြီးကိုပါ တစ်ပါတည်း အရောသုံးဆယ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်စွာ ယူလိုက်ကာ ဖြန့်ကြည့်တော့ တကယ်ပဲ ကွာရှင်းစာချုပ်တွေ၊ ဆေးစာရွက်မှတ်တမ်းတွေ၊ စာတွေဖြစ်နေသည်မို့ ပြုံး၍ ပိုက်ဆံသေတ္တာကိုဖွင့်လိုက်ကာ တစ်ခါတည်း အားလုံးကို စုပြုံထည့်လိုက်သည်က မြန်ဆန်လွန်းနေပါသည့်အဖြစ် ..။ ပြီးပြီ ..။ အဆိပ်သင့်နိုင်သည့် ခြေပမာရှိပါသော စာရွက်စာတမ်းတွေအားလုံး မိပျိုထံမှာ မရှိတော့သည့်နောက်မှာ .. အားလုံးပြီးသွားချေပြီတည့် ..။ ဒေါ်လတ်လတ်အေး သေတ္တာကို ပြန်မပိတ်မီ သေတ္တာထောင့်မှာ ထည့်ယူလာပါသည့် မောင်းပြန်ဓားကို ယူလိုက်ပါပြီ။

"ပိုက်ဆံတွေပေးလေ ကြီးလတ် .. ရတနာထည်တွေလဲ ပေးလေ .."

ပျိုလေး နောက်သို့ တစ်ချက်ဆုတ်လိုက်သေးသည်။ ပြီးတော့မှ သေတ္တာနက်ကိုကြည့်ကာ ပြောလာတော့ ဒေါ်လတ်လတ်အေး ရယ်သည်။ သေတ္တာကို မြေပြင်ပေါ်ချန်ထားခဲ့လျက် ခြေလှမ်းကျဲကြီးနှင့် ရှေ့တိုးလာလိုက်ရင်းမှ ..

"ပေးရမယ် .. ဟုတ်လား .. ဘာပေးရမှာလဲ မိပျို .. ဟင်၊ မလောက်လေး မလောက်စားဉာဏ်လေးနဲ့ ငါ့ကို လာစမ်းတယ်ပေါ့လေ .. ခြောက်လှန့်နေခဲ့သေးတယ်ပေါ့လေ .. ငါ့လက်ထဲမှာ အားလုံးရှိနေပြီလေ .. ဘာကြောက်စရာရှိတော့လို့လဲ .. နင် .. တောင်းတာကိုတော့ ငါ မပေးဘူး၊ နင်မတောင်းတဲ့အရာကိုတော့ ငါ ပေးရလိမ့်မယ် မိပျို .. နင့်အတွက် သေခြင်းတရားကို ငါပေးမယ် .. အို .. နောက်မဆုတ်စမ်းပါနဲ့ မိပျိုရယ် .. နင် တော်တော်အတွေးအခေါ် ညံ့တဲ့ .. ခေါင်းပါးတဲ့ကောင်မလေးပဲ .. ငါ့ကိုများ နင်က



လှေ့ကွက်ထားတာကိုး .. ဒီမယ် .. မိပျို .. နင့်လို .. အရွယ်လေးမတောက်တခေါက် .. အသိဉာဏ်လေး အညွန့်ပြုစ ပုံစံမျိုးမပြောနဲ့ .. အလွန်ကိုမှအသိလဲရှိ .. အသက်လဲ ရ .. တည်ငြိမ်တယ်ဆိုတဲ့ နင့်အဘွားတောင်မှ .. ငါ့လက်ထဲက လွတ်မြောက်နိုင်ခဲ့တာမှမဟုတ်တာ .. ဒီတော့ .. ခု နင် .. သူ့နောက်ကို လိုက်ရလိမ့်မယ် မိပျို .. နင်တို့ဟာ ပိုက်ဆံကို သိပ်အစိုက်ထားတဲ့ မြေးအဘွားပဲ .. နင့်အဘွားကလဲ .. သူ့စည်းစိမ်တွေကို ငါ့ကိုမပေးတော့ဖို့ ဆုံးဖြတ်တယ် .. ငါ့ကို နင်ထုတ်တယ် .. နင်ကျတော့ .. ငါ့ဆီက ပိုက်ဆံကိုတောင်းတယ် .. အမေရထားတယ်ဆိုတဲ့ မြတစ်ဆင်စာကိုလဲ .. အကြွေးတောင်းသလို တောင်းသေးတယ်၊ နင်တို့က ငွေနဲ့ပစ္စည်းကို အတော်မက်တဲ့သူတွေပဲ .."

ဟု အံခဲ၍ပြောနေတော့ ပျိုလေး နောက်သို့ဆုတ်သည်။ ငွေသေတ္တာကို ထောင်လျက်သား ချထားတာကိုလည်း လှမ်းကြည့်နေတာ ဒေါ်လတ်လတ်အေး မြင်သည်။ အံခဲ၍ ဒေါ်လတ်လတ်အေး ရယ်ချလိုက်သည်က အက်အက်ကွဲကွဲကြီး ဖြစ်နေသည်။ လူစိတ်ပျောက်နေပြီဆိုတာကိုဖြင့် လက်တောက်စူးရှစွာ ရက်ရက်စက်စက်ကြီးလုပ်တော့မည့်နှယ် စိုက်ကြည့်နေသည့် မျက်ဝန်းတွေဖြင့် သိသာနေသည့်အဖြစ် ..။

"အို .. ကြီးလတ်လဲ ပိုက်ဆံမက်တာပဲဥစ္စာ .. မက်လို့ ကြီးလတ် ဘွားကို .."

"အေး .. ငါ ပြောပြီးပြီကောတဲ့ .. ငါ .. သူ့ကို ပါးစပ် ပိတ်ပစ်လိုက်တယ်ရလေ .. သူ့ပါးစပ်ကဖွင့်တော့မှာကိုး ..

www.burmeseclassic.com

www.burmeseclassic.com



ငါ့အပြစ်တွေကို သူ ပြောနိုင်တယ် .. ဘယ်အချိန်မှာလဲ ဆိုတော့ .. ငါ .. ထွက်မသွားပါဘူးလို့ သူ့ကို ငြင်းမြဲ ဆက်ငြင်းနေတဲ့အချိန်မှာပေါ့ .. ငါ့ကို သူက ဒုက္ခကောင်းကောင်းပေးမယ့်သူတစ်ယောက်ဖြစ်နေတယ် .. ငါ့လျှို့ဝှက်ချက်တွေကို ဖွင့်ချပြမယ့်ပါးစပ်ကို ဖွင့်မယ့်သူဖြစ်နေတယ် .. သူ့ကို .. ငါ .. ခြေထောက်ဖက်ပြီးတောင်းပန်ပေမယ့် .. သူ လက်မခံဘူး .. ငါ့ကို .. ထွက်သွားဖို့ပဲ ဆုံးဖြတ်တယ်၊ ပိုက်ဆံခြူးတစ်ပြားမှ မပိုင်တော့တဲ့ လတ်လတ်အေးအဖြစ်နဲ့ ငါ့သမီးနှစ်ယောက်နဲ့အတူ ထွက်သွားရမယ်တဲ့ .. တော်တော်အတွေးအခေါ်ညံ့တဲ့ အဘွားကြီးပဲ .. ငါက .. အဲဒါကို ဘယ်ရွေးချယ်ပါ့မလဲ .. သူ မရှိရင် အားလုံးအေးချမ်းသွားမယ့်ဥစ္စာ .. သူ့ကို .. လူ့ဘဝထဲက .. ထွက်ခွာခိုင်းလိုက်ရတော့တာပေါ့ .. အဟက်ဟက် .. အဟက်ဟက် .. ခုစာရွက်စာတမ်းတွေအားလုံးလဲ ငါ့ဆီမှာရှိနေပြီ .. နင် .. တော်တော်တုံးတာပဲ မိပျို .. နင့်အိတ်ထဲမှာ အဲဒီစာရွက်တွေကို အားလုံး အထပ်လိုက် ခေါက်ထည့်လာတာကိုး။ ငါ .. နင့်အိတ်ကို နှိုက်လိုက်တာနဲ့ .. အထပ်လိုက်ဆွဲယူလိုက်ရုံပဲပေါ့ ..”

ပြောလည်းပြော .။ ပျိုလေးကို စိုက်လည်းစိုက်ကြည့်နှင့် ခြေလှမ်းကျဲကြီးနှင့် ရှေ့တိုးလာတော့ ပျိုလေး နောက်ဘက်သို့ ပြန်ဆုတ်ပြေးသည်။ ဒေါ်လတ်လတ်အေးကလည်း နောက်မှ ထက်ကြပ်မကွာ လိုက်သည်ပါပဲ .။ လက်ထဲမှ မောင်းပြန်ဓားသည် ကျစ်ခဲအောင်ဆုပ်လျက်သားရှိနေ၏။ ဤကလေးမကို ..



လူ့လောကကြီးထဲမှ ထွက်ခွာစေပြီးတာနှင့် အလောင်းကို ကားနောက်အံဖုံးထဲ ပစ်ထည့်လိုက်ရုံသာ .။ သေးနွဲ့နွဲ့ကောင်မလေး တစ်ယောက်ကို ကားထဲ ချောင်ချောင်လေး ထည့်ထားလိုက်နိုင်သည်ပဲ။

“မပြေးနဲ့ မိပျို .. နင် .. ဒီခြံထဲက ထွက်ပြေးလို့မရတော့ဘူး .. နားလည်ရဲ့လား .. နားလည်ရဲ့လား ..”

လူစိတ်ပျောက်နေသည့် အသံနက်ကြီးဖြင့် အော်လည်းအော် .။ ပြေးလည်းလိုက်လာကာ ဂိုဒေါင်ထောင့်ချိုးကွေ့အရောက်မှာ ပျိုလေးကို .. တွေ့လိုက်ရသည်က နေပြည့်စုံနှင့် ဦးရန်လင်းအောင်၏ နောက်ပါးမှာရပ်နေလျက် တွေ့လိုက်ရပါပြီ။

ပျိုလေး၏ မျက်နှာထက်မှာ ကြောက်လန့်ရိပ်တွေ ထင်နေသည်။ မျက်ရည်တွေလည်း ကျနေသည်။ ဖခင်၏လက်မောင်းကြီးကို ဆုပ်ခဲကိုင်ထားရင်း ဝိုင်းစက်နေသော မျက်ဝန်းလေးတွေဖြင့် တုန်လှုပ်စွာကြည့်နေပါချေသည့် ပျိုလေး ..။

ဒေါ်လတ်လတ်အေး သိလိုက်ပါပြီ ..။ သေသပ်ပိရိစွာထောင်ထားသည့် ထောင်ချောက်ကိုမှ တည့်တည့်တိုးမိနေပြီပဲ။

နေပြည့်စုံ၏လက်ထဲမှ သေးငယ်ပေါ့ပါးသော ဗီဒီယိုကင်မရာလေး ရှိနေသည်။ အားလုံးကို ထောင့်ကွယ်ဆီမှ ရိုက်ထားပြီးနေပြီ ဆိုတာကိုလည်း ဒေါ်လတ်လတ်အေး သိနေရပြီမို့ .. ရာဇဝတ်ဘေးကိုတော့ဖြင့် မလွတ်နိုင် မငြင်းနိုင်တော့ပြီပဲဟု နားလည်လိုက်ပါသည့်အဖြစ် .။ ရှုးရှူးရှဲရှဲကြီး အားလုံးကို မုန်းတီးခါးသီးစွာ ဒေါ်လတ်လတ်အေး ကြည့်သည်။ အားလုံးကလည်း တည်ငြိမ်စွာ တုံ့ပြန်ကြည့်နေကြပါ၏။ မြရောင်ခြယ်သို့အချိန်

www.burmeseclassic.com

www.burmeseclassic.com



မရွေး ဝင်ထွက်လေ့ရှိပါသော ဦးရန်လင်းအောင်ကို ကားမောင်း ဝင်ဖို့ စက်ရုံပိတ်ပြီးချိန်ပေမယ့် ဦးညိုထံမှ ခြံတံခါးဖွင့်ပေးခဲ့တာမို့ အားလုံး အခက်အခဲမရှိ ဝင်နိုင်ခဲ့ကြသည့်အဖြစ်။ ရောက်ပြီးမှ ဒေါ်လတ်လတ်အေးထံ ပျိုလေး ဖုန်းဆက်၍ မြရောင်ခြယ်သို့ လာဖို့ ချိန်းစေခဲ့ခြင်းဖြစ်ပါသည် ..။

"ညည်း .. ညည်း .. အားလုံးနဲ့ပေါင်းကြံတာပေါ့လေ .. ဟင် .. လူလည်မ .."

ဟု မာကျောကျောကြီး ပြောချပြီးတာနှင့် အားလုံးကို လည်း ဝေ့ကြည့်သည်။ မျက်ရည်တွေ လည်တက်လာနေရင်းမှ လည်း ခါးခါးသီးသီးကြည့်နေသည်က အမုန်းများဖြင့်ပါ ..။ ပြီးတော့ .. တုန်လှုပ်ချောက်ချားခြင်း ဆိုတာကလည်း တဖြည်းဖြည်း တိုးဝှေ့၍ မျက်နှာထက်မှာ နေရာယူလာနေကြပါပြီ။ ဒေါ်လတ်လတ်အေး ထပ်တွေ့လိုက်ရသည်က ဂိုဒေါင်ထောင့်ကွယ်မှ ထပ်၍ထွက်လာပါသည့် ရဲအရာရှိတစ်ယောက်ပါတကား ..။

"ငါ .. ငါ .. ငါ့ဆီမှာ .. အားလုံးရှိနေပြီ .. စာရွက်တွေလဲရှိနေပြီ၊ နင်တို့ .. နင်တို့ .. သိပ်ယုတ်မာကြတာပဲ .. သိပ်ယုတ်မာကြတာပဲ .. ဒါတွေ .. ငါ မပေးဘူး .. ဘာလို့ပေးရမှာလဲ .."

ကယောက်ကယက်နိုင်လာပြီဖြစ်သည့် မျက်နှာကြီး အဖြစ် ပြောင်းလဲလာနေရင်းမှ သားရေသေတ္တာနက်ကို ကားထဲပစ်ထည့်လိုက်သည်က ဒေါ်လတ်လတ်အေးပါ။

"မမလတ် .. အားလုံး ကျွန်တော်တို့ ဗီဒီယိုကင်မရာနဲ့ ရိုက်ထား .. အသံပါ သွင်းထားနိုင်ပြီးသားပါ .. အားလုံး



မှတ်တမ်းရှိနေပါပြီ .. ကိုယ်ကျူးလွန်တဲ့အပြစ်ကို .. ကိုယ် ဝန်ခံရုံပဲကျန်တော့ပါတယ် မမလတ် .. ရက်စက်တယ်ဗျာ၊ မေမေနဲ့ ယုဇနအပေါ် ရက်စက်လိုက်တာဗျာ .."

ယူကျုံးမရစိတ်ဖြင့် ပြောလည်းပြော ..။ ရှေ့သို့တိုးလာတော့ ဒေါ်လတ်လတ်အေး ခေါင်းခါသည်။ ကားပေါ်တက်၍ မောင်းထွက်ပြေးဖို့ ကြိုးစားတာမို့ ..

"မမလတ် .. ခြံတံခါးကြီး သော့ခတ်ထားတာပါ"

ဟု ဦးရန်လင်းအောင် အော်ပေမယ့် မရ ..။

ဒေါ်လတ်လတ်အေးမှ သွေးပျက်ချောက်ချားစွာပဲ ကားကို အရှိန်မြှင့်၍ မောင်းမြဲမောင်းသည်။ ခြံဝင်းတံခါးကြီးကို လည်း စိုက်ကြည့်နေရင်း အံခဲထားသည်။ အံခဲနေရင်းမှလည်း မျက်ရည်တွေ မျက်ဝန်းမှာပြည့်သိပ်လာကြ ..။ ထပ်၍ မျက်ရည် တွေစီးကျလာကြနှင့်ရှိနေကာ ကားအရှိန်ကို ပိုမြှင့်လိုက်ပါပြီ ..။ ဆင်း၍မဖြစ် ..။ သော့ကိုဖွင့်၍လည်းမဖြစ် ..။ အချိန်မရတော့ ပြီပဲလေ ..။ နောက်ဆီမှ နေပြည့်စုံနှင့် ဦးရန်းလင်းအောင်တို့ လိုက်လာနေကြပြီ ..။ ဂိုဒေါင်၏တစ်ဖက်ကွယ်မှ အရန်သင့်ရပ် ထားသောကားဖြင့် လိုက်လာနေကြပြီ ..။ ကိုယ့်ထက်စောစွာ အားလုံးရောက်နေကြပြီးသည့်နောက်မှာကျမှ .. ကိုယ့်ထံ ဖုန်းဆက် ၍ခေါ်ချေသည်ကိုး .. ဟု သိလိုက်ရချိန်သည် ဒေါ်လတ်လတ်အေး အတွက် အလွန်တရာကိုမှ နောက်ကျခြင်းမက နောက်ကျသွားခဲ့ ပြီးနေပြီ ..။ လက်ဆုပ်လက်ကိုင် .. လက်ပူးလက်ကြပ်ကြီး မိလိုက်ရသည့်ဘဝထဲကို ရောက်သွားခဲ့ရပြီးနေပြီ ..။ ရဲအရာရှိ တစ်ယောက်ကိုဗင် ခေါ်ထားကာ အားလုံး အကွက်စေ့စေ့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထောင်ယူလိုက်ပါသည့် ကြော့ကွင်းကြီးတစ်ခုကိုမှ တည့်တည့် တိုးမိနေချေပြီကော .. ဟု ပို၍ ချောက်ချားစွာ ဒေါ်လတ်လတ်အေး သိနေရသည်ကိုက .. ထွက်ပြေး လွတ်မြောက်ချင်စောကို ပို၍ ပို၍ ထိန်းမရလောက်အောင် ရင်မှာ ဖြစ်တည်လာနေစေပါသည့် အဖြစ် ..။

ခြံတံခါးမကြီးက ပိတ်လျက်သားရှိနေသည်။ စောစောက ကိုယ်ကိုယ်တိုင် ခတ်ခဲ့သည့်သော့သည် ခုတော့ အဟန့်အတားကြီးတစ်ခု ဖြစ်နေပြီ ..။

မျက်စိကို ဒေါ်လတ်လတ်အေး စုံမှိတ်ချလိုက်ကာ သံတံခါးမကြီးကို ကားအရှိန်ထပ်မြှင့်၍ တိုက်ထွက်နိုင်ဖို့ကြိုးစားလိုက်ရပါပြီတည်း ..။ ကြီးမားသော တိုက်ခိုက်မိသံ ..။ သံတံခါးကြီး တွန့်ကွေးပါသွားပေမယ့် တံခါးမကြီးက ပွင့်မသွားနိုင် ..။ ကားသည်သာ လည်ထွက်သွားကာ ခြံဝင်းတွင်းရှိ တစ်ဖက်အုတ်ဘောင်ငယ်လေးခတ်ထားသော ဥယျာဉ်ဘက်ဆီသို့ လည်ထွက်ပါသွားရာမှ .. တစ်ပတ်ပြီးတစ်ပတ် လိမ့်၍ လိမ့်၍ ပါသွားပါသည့် အဖြစ် ..။

အဆုံးသတ်လိုက်သည်က .. ရေတမာပင်ကြီး စောင်းလိုက်ပစ်တိုက်လိုက်ရှာပြီးချိန်ကျမှာပါ။ အားလုံးသည် ဘာ မကြာလိုက် ..။ မြန်ဆန်လွန်းနေသည်။ ကားရုပ်လေးတစ်ရုပ် လူးလိမ့်ပါသွားသည့်နှယ် .. ဖြစ်တည်သွားတာလည်း မကြာလိုက် ပင်စည်နှင့်တိုက်မိပြီး ရပ်သွားချိန်သည်လည်း မကြာလိုက် ..။ အားလုံး မြန်ဆန်လွန်းနေသည်။

ကားရှိရာသို့ လူတွေရောက်မလာ နိုင်သေး ..။



အလောတကြီး နောက်မှလိုက်မောင်းလာပါသည့် ကား ရပ်လိုက်တာ ..။

ကားပေါ်မှာ နေပြည့်စုံနှင့် ဦးရန်လင်းအောင်တို့ ဆင်းလိုက်တာ ..။

ရဲအရာရှိတစ်ယောက်သည်လည်း သွက်လက်လွန်းစွာ ဆင်းလာနေတာ ..။

အားလုံးကို ဒေါ်လတ်လတ်အေး မမြင်နိုင်စွမ်းတော့ပြီတကား ..။

သွေးတွေလူးနေသော .. ခေါင်းသည် .. ငိုက်စိုက်ကျနေ၏။ လက်တစ်ဖက်က တွဲရရွဲကြီး ဘေးဘက်မှာကျနေသည်။ ရင်ဘတ်သည် စီရာတိုင်ထက်မှာ ပျော့ဖတ်ဖတ်ကြီးတင်နေ၏။

မျက်ဝန်းများကပွင့်နေသည်။ ဒါပေမဲ့ .. မမြင်နိုင်တော့သည့် မျက်ဝန်းများ ..။

ဒေါ်လတ်လတ်အေးတွင် အသက်မရှိတော့ချေပြီကာလေ ..။

ကားနောက်ခန်းကြမ်းပြင်တွင် ရှိနေသည်က သေတ္တာ ဖက်ပြားပြားကြီးတစ်ခု ..။ စောင်းနေသည့်ကားပြင်ခင်းထက်တွင် ကျို့ဝှက်ခြင်းတရားများပါသည့် စာရွက်စာတမ်းများထည့်သိုထားသော သေတ္တာနက်သည် .. ငြိမ်သက်စွာရှိနေချေသည်တကား ..။

* ❤ *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၅)

"ယုဇန... "

ဗီရိုအတွင်းမှာ ပစ္စည်းလေးတွေ စီနေရာမှ နောက်ကို အလောတကြီးလှည့်လိုက်သည်က ဒေါ်ယုဇနပါ ..။ မမှတ်မိဘဲ မနေနိုင်စွမ်းပါသည့်အသံ ..။ ဪ .. ခင်ပွန်းသည်၏ အသံပါတကား ..။

ခေါ်သံက နူးညံ့ သိမ်မွေ့လွန်းနေသည် ..။ ချစ်ကြင်စွာခေါ်လာပါသည့်အသံ ..။ မမျှော်လင့်ရဲလောက်အောင် .. မယုံနိုင်လောက်အောင်ရှိရပါသည့် မောင့်ခေါ်သံ ..။ မောင့်အမုန်းတို့သည် ပြေကျေနိုင်ဖွယ်မရှိလောက်အောင် ရှိနေခဲ့ချေသည်ကော .. ဟု ယုဇန ကြေကွဲနားလည်ထားရလေသမျှ .. မောင်သည် .. ယုဇနထံသို့ ရောက်လာချေသည့်အဖြစ်တစ်ခုကို .. လက်တွေ့မှာ ပိုင်စိုးရချေပြီတကား ..။

"မောင် .. မောင်ရယ် .."

အဘယ်မျှကြာခဲ့ပြီလဲ မောင် ..။



ရှစ်နှစ်တာမျှ ကြာခဲ့ပြီးချေမည့်ကာလများ ..။ မောင့်ထံမှ အကြင်နာတို့ကို တမ်းတခဲ့ရပါသည့်ကာလများ ..။ ထိုကာလများသည် .. ယခု .. ရောက်လာချေပြီလားလေ .. ဟု .. မဝံ့မရဲ စွာမျှော်လင့်လိုက်ချင်ပါသည် မောင် ..။

သေသပ်စွာ ဆံစတို့ကို ဖြီးသင်ထားကာ အဖြူရောင် ရုပ်လက်ရှည် ..။ အညိုကွက်လေးတွေပါသော ပုဆိုးလေးနှင့် ရပ်နေပါသည့် မောင် ..။ မောင်သည်လည်း ယုဇနကို ကြည့်နေချေသည်မှ .. မျက်ရည်များရစ်ဝဲလျက်ပါလားလေ ..။ မှန်ဗီရိုကြီးဘက်သို့ မျက်နှာမူရပ်နေခဲ့ရာမှ ပြန်လှည့်လိုက်ပါသည့် ဟန်လေးက အနည်းငယ်တော့ အလောတကောနိုင်နေခဲ့တာကို မောင် မြင်ချေမည်သာ ..။

ရှေ့မျက်နှာစာနေရာလေးမှာ ရပ်နေတာမို့ ရှိုးကေ့စ်ကြီးတစ်ခုခြားလျက်ဖြင့် တစ်ယောက်နှင့်တစ်ယောက် ငေးစိုက်ကြည့်နေမိကြသည်က မျက်ရည်များ ပြည့်သိပ်နေလျက်ဖြင့်ပါ။

"မောင် .. လိုက် .. လာ .. တယ် .."

ကလေးလေးနှယ် ယုဇန မျက်ရည်ကျလာရင်း ခပ်တိုးတိုးလေးပြောလေတော့ မောင် ခေါင်းအနိုင်နိုင်ညိတ်ပြသည်။ လိုက်၍ မျက်ရည်လည်လာနေဆဲ ..။

"ဟုတ်တယ် .. မောင် .. လိုက်လာတယ် ယုဇန .. မောင်တို့ .. မောင်တို့ .. တူတူ .. နေကြဖို့ .. လာ .. ခေါ်တာ"

ဟုပြောလာတော့ ယုဇန ကိုယ်လေး ယိုင်နေဖြစ်သည်။ လက်ဖဝါးလေးတွေက ရှေ့မှာရှိနေသည့် ရှိုးကေ့စ်နေရာ

www.burmeseclassic.com

www.burmeseclassic.com



မှာတင်၏။ ကိုယ်က ရှိုးကော့စ်ကိုမှီ၏။ မောင် .. ပူပန်တကြီး လျှောက်လာလိုက်သည်ကလည်း မြန်ဆန်လွန်းနေသည်။ ယုဇန၏ လက်မောင်းလေးကို ဆုပ်ကိုင်လိုက်သည်ကလည်း ဇနီးသည်လေး လဲပြိုကျသွားမှာကို စိုးရိမ်ဇောဖြင့် ခပ်တင်းတင်းကြီးဆုပ်ခဲထား သည့်အသွင် ..။

"မောင် .. မှားခဲ့တယ် ယုဇနလေးရယ် .. အမှားကြီးမှားခဲ့ တယ် .. အားလုံး .. မောင် သိရပြီ ယုဇန .. သိရချိန်ဟာ ယုဇနလေး ဘယ်လောက်ထိ အစတေးခံပြီး .. နေခဲ့ရသလဲ ဆိုတာကို တွေးနေသိနေရရင်းနဲ့ .. မောင့်ရင်ကို ကြေနေ စေခဲ့တာပါပဲကွယ် .. မောင်တို့ .. မောင်တို့ .. ပြန်ကြ မယ် ယုဇန .. မောင်တို့ရဲ့ဘဝလေးထဲကို ပြန်ကြမယ် .. အဲဒီဘဝလေးဟာ .. ဘယ်တော့မှ မပျောက်ဆုံးစေရဘူး ဆိုတာ မောင် ကတိပေးပါတယ် .. မွန်မြတ်လွန်းတဲ့ မောင့် ဇနီးသည်လေးကို မောင် ကတိပေးပါတယ် .. မောင် .. မောင် .. အတ္တကြီးခဲ့လိုက်တာ ယုဇနရယ် .. အဲဒီအတ္တ အတွက် .. မောင် .. မောင့်ကိုယ်ကို .. ဘယ်တော့မှ ခွင့် လွှတ်နိုင်တော့မှာ မဟုတ်ပါဘူး .."

ဟု မောင် ဆက်ပြောနေတော့ ယုဇန ခေါင်းလေး ခါသည်။ မောင့်မျက်ဝန်းများဆီမှာ ဖေးတင်နေကြပါသည့် ကြေကွဲ ရိပ်များကို ယုဇန မော့ကြည့်မြင်နေရပါသည့်အဖြစ် ..။ မောင့် မျက်ရည်တွေကျလာနေတာကိုလည်း ဖွဖွလေး သုတ်ပေးနေမိရ သည်ပါပဲ ..။



"မငိုပါနဲ့ မောင်ရယ် .. ခု .. ယုဇနကို မောင် လာခေါ်ပြီ ပဲ .. အဲဒီအချိန်ကို ယုဇန မျှော်လင့်နေမိတာပါ မောင် .. မောင် .. ယုဇနကို ခွင့်လွှတ်ပေးပြီး .. လာခေါ်မှာကို မျှော် နေမိတာပါ .."

"ဘာကိုခွင့်လွှတ်ပေးရမှာလဲ ယုဇနရယ် .. ယုဇနဟာ မေမေ့ကို သတ်ခဲ့တယ်ဆိုပြီး မောင့် ရင်ထဲမှာ အစွဲကြီး ရှိနေမယ်လို့ထင်ထားတယ်ဆိုပါတော့ .. မောင် .. ပြောတဲ့ အတ္တဆိုတာ .. အဲဒါကိုပြောတာ .. ပြောနေတာပါကွယ်"

ရင်ထုမနာကြီး ခေါင်းကို ငုံ့ချ၍ ပြောနေပါသည့် မောင့်ကို မော့ခနဲ ယုဇန ကြည့်မိရကာ ..

"ဒါဖြင့် .. ဒါဖြင့် .. မောင် .. မောင်ဟာ .. မေမေ့ကို ယုဇန မသတ်ဘူးဆိုတာ .. သိသွားပြီပေါ့နော် .. ယုံသွား ပြီပေါ့နော် .. မေမေ့ကို ယုဇန သတ်တယ်လို့ ခုထိထင် နေပါရက်ကယ်နဲ့ .. ခွင့်လွှတ်စိတ်နဲ့ လာခေါ်တာမျိုး မဟုတ်ဘူးပေါ့နော် .. ယုဇန မသတ်ဘူးဆိုတာ .. မောင် .. မောင် .. သိသွားပြီပေါ့နော် .. အို .. အို .. ဘုရားရှင် တော်မြတ် .. ယုဇန .. ယုဇန .. မောင့်ကိုချစ်လို့ .. မောင် စိတ်ချမ်းသာအောင်လို့ .. ဝန်ခံပေးခဲ့ရတဲ့အဖြစ်တစ်ခုဟာ တကယ်မဖြစ်ခဲ့ဖူးဆိုတာ မောင် .. သိသွားပြီပေါ့ .. မောင် .. သိသွားပြီပေါ့ .."

မောင့်ရင်ခွင်တွင်း တိုးဝင်ကာ ဤတစ်ကြိမ်မှာတော့ ယုဇန ရှိုက်ကြီးတငင် ငိုချလိုက်မိရပါပြီ ..။ ဤရင်ခွင် ..။ [illegible] သည် .. ချစ်ရပါသော ခင်ပွန်းသည်၏ ရင်ခွင် ..။ ယုဇန ချစ်အား

www.burmeseclassic.com

www.burmeseclassic.com



ကိုးရပါသည့် သူ၏ရင်ခွင်မှာ ..ခိုဝင်ခွင့်ရသည့်ဘဝထက် အဘယ်အရာကိုမှ ယုဇန မတောင့်တ ..။ မောင့်လက်တွေ ယုဇန၏ ဆံစများထက်မှာ ဖွဖွသပ်ပေးနေကြသည်။

မောင့်ခေါင်းသည်လည်း ငိုက်ကျနေကာ မျက်ရည်လည်း ဖြိုကျနေကြသည်ပါပဲ ..။ မောင့် မျက်ရည်စက်သည် .. ယုဇန၏ ပခုံးထက်ဆီသို့ စိုစွတ်လာစေပြီကောလေ ..။ မောင့်မေးဖျားသည် ယုဇန၏ပခုံးထက်မှာ ဖေးတင်နေပါသည့်အဖြစ် ..။ မျက်ရည်ပေါက်က ပေါက်ခနဲ ပေါက်ခနဲကျလာနေကြတာကို ယုဇန သိနေရသည် ..။

"မောင် .. မောင် .. ဖြေလို့ကိုမရအောင် .. ရင်ထဲမှာ .. ဆို့နေတယ် ယုဇနလေးရယ် .. မောင်ကို ခွင့်လွှတ်ပါကွယ်"

မောင် တောက်လျှောက်ပြောနေရာမှ ခေါင်းသည် ပြန်၍မော့လာကာ ပခုံးဆီမှ မေးဖျားသည် ယုဇန၏ နဖူးပြင်ဆီကို ထိသည်။ တစ်ဖန် .. နဖူးပြင်ကို ဖေးငိုက်ထိလာသည်က တုန်ခါနေသည့် နှုတ်ခမ်းများဖြင့်ပါ ..။ မောင့်အနမ်းသည် .. နဖူးပြင်မှာလည်းရှိသည်။ ပါးပြင်မှာလည်းရှိသည်။ သြော် .. ထုံးနှောင်ထားပါသည့် ဆံထုံးနက်နက်ထက်မှာ ပန်ဆင်ထားပါလေသော စံကားပန်းဖြူထက်မှာလည်း ဖေးတင်သည်။ မောင့်လက်တွေက မလွှတ်စတမ်းကြီး ယုဇန၏ကိုယ်လေးကို သိုင်းငင်ဖွေ့ထားပါသည့်အဖြစ် ..။

မောင့်ကိုလည်း .. သြော် .. ချစ်ရပါလေသော မောင့်ကျောပြင်ကြီးကိုလည်း ယုဇန အားကိုးစွာ .. မြတ်နိုးစွာ ဖက်တွယ်ထားမိရပါသည်ကော မောင် ..။ မောင်ရော .. ယုဇန



ရော.. ငိုနေမိကြသည် ..။ မျက်ရည်များက တန့်မရချင်။ ချစ်ခြင်းသည် .. အမြဲရှင်သန်နေပါသည်ကော မောင်ရယ် .. ဟု ယုဇန ပြောပြချင်နေသည်။ မောင့်ချစ်ခြင်းများကို မျှော်လင့်ထားချင်နေသည့် စိတ်တစ်ခုတည်းဖြင့် .. ယုဇနသည် .. အသက်ရှင်နေရပါသည် မောင်.. ဟုလည်းပြောပြချင်နေသည်။ ဒါပေမဲ့ မျက်ရည်ကျနေပါသည့် မောင့်ကို ထပ်၍ ကြေကွဲနှောင်တ ဖြစ်အောင် မပြောပြရက်ပြန် ..။ ထိုစကားတွေကို မောင် ကြားလျှင်ဖြင့် .. ပို၍ ကြေကွဲရချေဦးမည် ..။ ယုဇနသည် မောင့်အတွက် အသက်ရှင်နေရပါသည်ဟု ဝန်ခံလိုက်ခြင်းဖြင့် .. ယုဇနကို နှစ်များစွာပစ်ထားပါသည့် မောင့်ကို .. ပို၍ ယူကျုံးမရ ခံစားစေချေဦးတော့မှာကို ယုဇန သိနေသည်ကိုးလေ ..။

"ကဲ .. ခဏထိုင်လိုက်ကြရအောင် ယုဇန .."

စတိုးဆိုင်တွင်းမှ ခုံတန်းလေးမှာ မောင် ထိုင်သည်။ ဘေးမှာလည်း ယုဇနကို ထိုင်စေသည်။ မောင့်ထံမှာ အားလုံးပြန်တွေ့နေရသည်ကောလေ ..။ ဟုတ်သည် ..။ ကြင်နာခြင်းများ၊ မြတ်နိုးခြင်းများကို နူးညံ့သောအကြည့်များဖြင့် ယုဇန အားလုံးကြည်မွေ့စွာမြင်နေရ .. ပိုင်ဆိုင်နေရချေသည်တည့် ..။ မောင့်ပခုံးမှာ ယုဇန ခေါင်းလေး ဖေးတင်လိုက်မိတော့လည်း .. ဟိုး .. အတိတ်တုန်းကနှယ်ပင် .. မောင်သည် .. ပန်းသည်မလေး ယုဇန၏ .. ဆံစလေးတွေကို သပ်ပေးသည့်နှယ် ဖွဖွလေး ဖေးသပ်လာကြချေသည်တကား ..။

"ဆိုင်လေးက .. ပိုတောင် .. ပစ္စည်းတွေ များလာသလိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုင်လေးကို ငေးကြည့်ကာ မောင် ပြောသည်။ စိတ်အာရုံပြောင်းအောင် ကြိုးစားနေခြင်းဆိုတာ ယုဇနသိပါသည် မောင် ..။ မျက်ရည်လေးတွေကို မောင် ဖွဖွညင်ညင်သုတ်ပေးနေသမျှ ကြည်ကြည်နူးနူး .. မက်မပြေစွာခံနေရင်းမှ ..

"မောင် .. စောင့်ရှောက်ပေးထားခဲ့တဲ့ .. ဆိုင်လေးကို .. ယုဇနေ့ အမြတ်တနိုး .. ဂရုစိုက်ပြီးနေတာပါ မောင် .. တိုးတက်အောင်လဲ ကြိုးစားပါတယ် .."

ဟု တိုးဖွဖွလေးဖြေတော့ မောင်သက်ပြင်းရှိုက်ကာ ..

"မောင် .. စောင့်ရှောက်ထားခဲ့တဲ့ဆိုင်လေး .. ဟုတ်လား .. ဒီနေရာမှာ .. မောင်က .. မောင်က .. ယုဇနကို .. ချန်ထားရစ်ခဲ့တာပါ .. ထားရစ်ခဲ့တာပါ .. ငုဝါမြိုင်ကိုမလာအောင် .. စီမံခဲ့တာပါ ကလေးရယ် .."

ဤတစ်ကြိမ် မောင့်အသံတွေတိမ်ကျသွားကာ ခေါင်းတွင်တွင်ခါနေသည်က တနင့်နင့် ခံစားနေရသည့်စိတ်များဖြင့်ပါ ..

"မောင် .. မောင် .. တောင်းပန်ပါရစေ .. မောင့်ကို .. မောင့်ကို .. ခွင့်လွှတ်ပါ ယုဇနရယ် .."

ဖြုန်းစားကြီး မောင်သည် အခင်းကြမ်းပြင်တွင် ဒူးထောက်ထိုင်လိုက်ကာ ခေါင်းကို ယုဇန၏ ရင်ခွင်မှာ ကလေးတစ်ယောက်နှယ် ဖေးတင်ပစ်ရင်း မျက်ရည်ကျလျက်ပြောလာတော့ ယုဇန အံတင်း မောင့်မျက်နှာကို ဆွဲမော့ရပါ၏။ မောင် မော့ကြည့်လာသည်။

ထူတန်းနေသော မျက်ခုံးထူကြီးများအောက်မှ မျက်ဝန်းများမှာ မျက်ရည်တွေ ပြည့်သိပ်နေသည်။ ယုဇန ခေါင်းလေး



ငုံ့သွားကာ ယုဇန အလွန်မြတ်နိုးရပါသည့် မောင့်မျက်နှာထက်မှာ လက်ဖဝါးတွေကို ဖေးတင်မိသည်။ ယုဇန ချစ်သော မောင့်မျက်ခုံးထူကြီးတွေကို ဖွဖွနမ်းမိသည်။ မောင့်နဖူးပြင်ထက်မှာလည်း အနမ်းကို ဖေးတင်မိသည်။

"ယုဇနအတွက် .. မောင်ဟာ .. ဘဝပါ မောင်ရယ် .. ယုဇနရဲ့ဘဝဟာ .. ခုမှ .. ပြည့်စုံရတာပါ .. အားကိုးရာရှိရတာပါ .. ယုဇနမှာ မောင်ရှိနေရင် .. အရာရာ .. အားရှိလှပါပြီ မောင်ရယ် .."

ဟု ပြုံး၍ အေးချမ်းစွာပြောမိရပါပြီ ..။ မောင်ကတော့ ခေါင်းခါနေရင်းမှ ..

"မောင်ကတော့ .. ယုဇန မောင့်ကို ခွင့်လွှတ်ပါလို့ပြောမိပေမယ့် .. မောင့်ကိုယ့်ကိုယ် မောင် ဘယ်တော့မှ ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး ယုဇန .."

ဟု ထပ်ပြောလာတော့ ယုဇန မောင့်ဆံစတွေကြားမှာ ဟိုးယခင်တုန်းကနှယ်ပင် လက်ချောင်းလေးတွေ သွင်း၍ ထိုးဖွပစ်လိုက်က ..

"မောင်ဟာ .. ခေါင်းမာတဲ့နေရာမှာလဲ .. ဟိုတုန်းကလိုပါပဲလား .. အဲဒီခွင့်မလွှတ်ဘူးဆိုတာကြီးကို မေ့ထားလိုက်ပါ မောင်ရယ် .. ပင်ပန်းလှပါပြီ .."

ဟု ပြောမိရပါ၏။ မောင် .. ယုဇန၏လက်လေးကို ထွေးဆုပ်လာသည်။ ပြုံး၍လည်းကြည့်လာသည်။ မောင့်မျက်ဝန်းတွေထဲမှာ တစ်ခုခုသော လျှို့ဝှက်မှုတစ်ခုသည် ဖုံးတွဲ၍ ရှိနေသည်။ ထိုလျှို့ဝှက်ခြင်းသည် .. အပျော်ဘက်ကိုသာ ဦးတည်

www.burmeseclassic.com

www.burmeseclassic.com



နေသည်ဆိုတာကိုလည်း ယုဇန ကြို့တင်၍ မောင့်မျက်ဝန်းများဆီမှ အရိပ်တွေကို ဖမ်းဆုပ်သိမြင်နေနှင့်ရပါ၏။

"မောင် .. သမီးလေးရောဟင် .. သမီးလေး လိုက်မလာဘူးလား .. သမီးလေးဟာ .. ခုထိ .. သူ့အမေဟာ .. လူသတ်သမဖြစ်လို့များ ထင်နေတုန်းပဲလား မောင်ရယ် .. ဟင် .."

ဟုမော့မေးလာတော့ မောင့်ယုဇန၏မျက်နှာလေးကို ရင်ခွင်မှာ ဖေးအပ်ပစ်လိုက်ကာ ..

"ခုထိ .. အားငယ်စိတ်တွေကျန်နေသေးတာကိုး ယုဇနရယ်၊ မောင် သိနေမှတော့ .. သမီးလေးလဲ သိနေပြီပေါ့ ယုဇနလေးရယ် .. မေမေ့ကို .. သတ်တဲ့သူဟာ .. မမလတ်ပဲ ယုဇန .. မမလတ်က .. ဆုံးရှာပါပြီ .. မြရောင်ခြယ်ကို သဇင်မေနဲ့ အင်ကြင်းမေတို့ ဆက်ပြီးဦးစီးလုပ်ကိုင်ကြလိမ့်မယ် .. နောက်မှ .. အဲဒါတွေကို .. မောင် ရှင်းပြမယ်၊ ခု .. မောင် ယုဇနကို .. ခေါ်ပြမယ့်သူရှိနေတယ် .. ခဏစောင့်နေနော် .."

မောင် ပြောလည်းပြော .. ။ ခုတန်းလေးမှာ ပြန်ထိုင်ခိုင်းကာ အပြင်သို့ ပြန်ထွက်သွားပါ၏။ ဆိုင်ရှေ့မှာ မောင့်ကားရှိမနေ .. ။ ကြည့်ရတာ .. ကားကို ခပ်လှမ်းလှမ်းမှာ တမင် မောင် ရပ်ခဲ့တာဖြစ်မည် .. ။ ယုဇန ရုတ်တရက် မောင့်ကို မြင်ရအောင်၊ ပျော်ရအောင် .. မောင် စဉ်းစားခဲ့တာဖြစ်ချေမည် .. ။ တစ်အောင့်နေတော့ ဆိုင်ရှေ့မှာ မောင် ရပ်လာသည်။ ဆိုင်ထောင့်ကွယ်နေရာလေးကို မောင် ငဲ့ကြည့်သည်။



"ကြည့်လိုက်စမ်း ယုဇန .. သူ .. ဘယ်သူလဲဆိုတာ .."

ဟု ပြုံး၍ မေးလည်းမေး .. ။ ဖြုန်းခနဲ ဆိုင်ထောင့်နေရာလေးမှ လူရိပ်နွဲ့နွဲ့လေးကို ပခုံးလေးသိုင်းပွေ့၍ သားတိုက်လေးနေရာရှေ့ခေါ်လိုက်တော့ ယုဇန ကြည့်လိုက်မိရပါပြီ .. ။

ဘုရားရေ .. ။ ယုဇန အငယ်စားလေးပါတကား။

ရှည်လျားလျား ဆံနွယ်နက်နက်လေးတွေကို ဆံကျစ်ရှည်ကြီးနှစ်ဖက် ကျစ်ချထားသည်။ ပိုးကြိုးပြာပြာလေးတွေဖြင့် ဆံကျစ်ရှည်ကြီး၏အနားဘက်မှာ ချည်ထားသည့်ကလေး .. ။ ပျောင်းစိ့စိ့ ကိုယ်ဟန် .. ။ လုပဖွေးဥနေသည့်မျက်နှာလေး .. ။ မျက်ခုံးတန်းနက်နက်အောက်ဆီမှ မျက်ဝန်းနက်နက်လေးတွေကို မျက်တောင်ထူကော့ကော့လေးတွေက အရုပ်လေးတစ်ရုပ်နှယ် ရှိနေစေသည်။ နှာတံလေးစင်းနေကာ နှုတ်ခမ်းနနှုဖူးဖူးလေးကလည်း ပန်းဆီရိပ်သမ်း၏။ အကြောအမျှင်ဖျဖျထင်သော မျက်နှာနုနုလေးကို ယုဇန ငေးစိုက်ကြည့်နေချိန်မှာ မျက်ရည်သည် ဖြာကျလာနေပြီ .. ။ သမီးလေး .. ။ သမီးလေးပါတကား .. ။ သမီးလေး၏ မျက်နှာနုနုဥလေးကို မလွှတ်တမ်းစိုက်ကြည့်နေမိရသည်ကိုက မဝနိုင်။ ကြာမြင့်စွာ မမြင်ဘဲရှိခဲ့ရပါသည့် သမီးလေး .. ။ နက်မှောင်သော မျက်ဝန်းလေးတွေမှာ မျက်ရည်များ လျှံတက်နေပါသည့် သမီးလေး။ နှုတ်ခမ်းလေးကမဲ့ယောင်ယောင်ရှိနေလျက် ကလေးလေးနှယ် စတင်၍ ငိုရှိုက်လာနေပြီဖြစ်သည့် သမီးလေး။ ဖခင်၏လက်တွေက သမီးလေးကို ဖေးကိုင်ထိန်းထားဆဲ .. ။ သမီး၏မျက်နှာနှင့် ယုဇန၏မျက်နှာကိုကြည့်နေရင်း မျက်ရည်လိုက်လည်နေပါသည့် မောင်။

"မေမေ .. မေမေ .."

www.burmeseclassic.com

www.burmeseclassic.com



သမီးလေး၏နှုတ်မှ ရှိုက်သံရောထွေးလျက် ခေါ်သံလေးထွက်လာသည်။ ခြော် .. သမီးလေးသည်လည်း ခံစားရချေမည်သာ ..။ အမေကို ခွဲနေရသည့်ကာလသည် မနည်းလှသည်ပဲလေ ..။ ကလေးလေးနှယ် သမီးလေးခေါ်လိုက်ကာ ပြေးဝင်လာစဉ်ခိုက် ယုဇနေ သမီးလေးကို ဆီး၍ပွေ့ယူလိုက်မိရပါပြီ ..။

သမီးလေး၏ခေါင်းလေးက ရင်ခွင်မှအပ်ထားသည်။ အားပါသော အပ်ထားမှုဖြစ်နေသည်။ ခေါင်းလေးက လှုးလွန့်ဘယ်ညာနွဲ့နေ၏။ အမေကို ဖက်ထားသည့်လက်လေးတွေကလည်း မြဲလွန်းနေသည်။

"သမီးရယ် .. သမီးလေးရယ် .. မငိုနဲ့တော့လေ .. မေမေတို့ .. ပြန်တွေ့ကြပြီပဲ .. အမြဲအတူနေကြရတော့မှာပဲ"

တိုးဖွဖွလေး သမီးလေးကို ဖျောင်းဖျနေရပေမယ့် အမေကိုယ်တိုင်က မျက်ရည်မထိန်းနိုင် ..။ ငိုနေသည်ပါပဲ ..။

"မေမေ့ကို .. ကန်တော့ပါတယ် မေမေ .. ပျိုလေး ကန်တော့ပါတယ် မေမေ .."

ဟု ကြမ်းပြင်တွင်ထိုင်ချကာ လက်အုပ်လေးချီ၍ ကန်တော့နေတော့လည်း ယုဇနေ ငြိမ်သက်ခံရင်း မျက်ရည်ကျနေသည်ပါပဲ ..။ ပျော်နေခြင်းက ရင်ကိုတိုးဝင်နေပေမယ့် .. ခွဲခွာခဲ့ရပါသည့်ကာလများစွာဆီမှ တမြည့်မြည့်ကျေမျှခံစားနေရပါသော ကြေကွဲမှုကလည်း မျက်ရည်အဖြစ် ရင်ကိုထွင်းဖောက်၍ ကျလာနေကြချေသည်တည့် ..။ အပျော်သည် ရင်၌ဘမြဲနေစေပေမယ့် .. ကြေကွဲမျက်ရည်ကို မတန့်စေနိုင်သည့်အဖြစ်ဝ၀င်ခုထဲမှာ အားလုံးသည် နစ်မြုပ်နေကြရသည်သို့ရှိချေသည်တကား ..။



"ဖေဖေ .. ဖေဖေလဲလာပါ .. ဖေဖေနဲ့မေမေ့ကို .. တူတူကန်တော့ခွင့် .. ခုမှ .. ပြန်ရတာပါ ဖေဖေရယ် .. လာပါ၊ ဖေဖေလဲ ထိုင်ပါ .. ပျိုလေး ကန်တော့ပါရစေ .."

မိဘနှစ်ပါးကို တူယှဉ်ထိုင်နေသည့်အဖြစ်ဖြင့် .. ထိုင်၍ကန်တော့ခွင့်ရလိုပါသော သမီး၏ ရင်ထဲမှ တောင့်တခြင်းကို သိသည်မို့ မောင်သည်လည်း ယုဇနေအားမှာ လာထိုင်သည်ပါပဲ။ ယုဇနေ မောင့်လက်ကို ထွေးဆုပ်ထားမိစဉ် မောင့်လက်သည်လည်း တုံ့ပြန်၍ ထွေးဆုပ်လာပါ၏။ မောင့်ကို .. ရင်ထဲမှ .. မြူမှုပင် မထင်အောင် အချစ်မလျော့ပါ .. ဆိုသည့်သဘောကိုဆောင်သော ယုဇနေ၏လက်လေးတွေ၏ ထွေးဆုပ်ထားမှုကို မောင်သည်လည်း နားလည်ချေမည်သာ ..။

သမီးလေးကတော့ .. လက်အုပ်လေးချီ၍ .. မိဘနှစ်ပါးကို ကန်တော့လျက်ရှိနေပါချေသည်တည့် ..။ သမီး၏ မျက်ရည်စက်သည်လည်း မိဘနှစ်ပါး၏ ခြေအစုံမှာ လက်လေးကို ဖေးတင် ..။ နဖူးကို ဖေးတင်နှင့် ငိုရှိုက်နေစဉ်ခိုက် .. စိုစွတ်ကျဆင်းလာနေကြချေသည်တကား ..။

အခန်းလေးတွင်းမှာဖြင့် .. ယုဇနေ၏ ဆံထုံးထက်မှာ ပန်ဆင်ထားပါလေသော စံကားပန်း၏ရနံ့က .. သင်းတပျံ့ပျံ့ရှိနေကြဆဲ ..။

❋ ❤ ❋

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေကတော့ ငါ့မျက်ဝန်းတွေပါပဲ ..
ဒါပေမဲ့ .. ငါ့မျက်ဝန်းတွေမှာ ..
ငါ့ကြွေရုပ်လေးဖြစ်တဲ့မင်းလေးကိုပဲ
တစ္ဆဲထင်ထင် မြင်နေရတာမို့ ..
ငါ့မျက်ဝန်းတွေကို မင်းပဲပိုင်စိုးနေလေရဲ့ ...။

နှလုံးသားကတော့ ငါ့နှလုံးသားပါပဲ
ဒါပေမဲ့ ... မင်းကိုပဲချစ်မြတ်နိုးနေတဲ့
ငါ့အချစ်တွေက မင်းတစ်ယောက်တည်းအပေါ်မှာ
မြဲတည်နေတာမို့
ငါ့နှလုံးသားကို မင်းပဲပိုင်စိုးနေလေရဲ့ ...။

အနာဂတ်ဟာ ငါ့အနာဂတ်ပါပဲ ..
ဒါပေမဲ့ .. မင်းလေးကိုချစ်မြတ်နိုးနေရတာတစ်ခုတည်းနဲ့
ရှင်သန်နေတဲ့ငါ့ဘဝကို
မင်းပဲလွှမ်းမိုးနေတာမို့
ငါ့အနာဂတ်ကို မင်းပဲပိုင်စိုးနေလေရဲ့ ..။
မင်းရဲ့ချစ်ခြင်းများကို
ငါ့ထံမှာအပ်နှင်းရင်း
ငါ့အတွက် လှပတဲ့အနာဂတ်တစ်ခုကို
မင်း ဖန်ဆင်းပေးပါလှည့်ချစ်ဦးသူ ..။

❋ ❤ ❋



## အခန်း(၂၆)

"မေမေ့ကို .. မီးဖိုဆောင်လေးမှာ လုပ်ကိုင်ကူချင်တဲ့ဥစ္စာ၊ အစ်ကိုလေးကလဲ .. ဒီချောင်းလေးမှာ ရေဆင်းခပ်ဖို့ပဲလော နေတယ် .."

အိမ်လေး၏နောက်ဘက်မှာ မြေပေါင်လေးတွေဖြင့် စိုက်ထားသောစိုက်ခင်းလေးတွေက သန့်စွမ်းစိမ်းမြစွာရှိနေပါ၏။ နောက်ဖေးဘက်ရှိ ဝါးစည်းရိုးတန်းမှာ ခြံတံခါးငယ်လေးတစ်ခု ရှိကာ ..။ ထိုတံခါးလေးကိုဖွင့်ထွက်လျှင် ချောင်းငယ်လေးဆီသို့ သွားသော ကျောက်လမ်းလေးရှိနေသည်။ ပလတ်စတစ်ရေပုံးပြာ လေးကို ကိုင်ထားရင်း မျက်နှာလေးအိုလျက် ညည်းညည်းလေးဖြော လာပါသည့် ပျိုလေးကို သူ ကြည့်ကာ တစ်ချက်ခေါင်းခါ၍ တိုးသဲ့သဲ့ ရယ်လိုက်မိသည်ပါပဲ ..။ အမေကို တွေ့ရမည်ဆိုသည့် ဇောဖြင့် ပျိုလေး ဤနေရာလေးဆီသို့ ဦးရန်လင်းအောင်နှင့်အတူ သားအဖနှစ်ယောက် လိုက်လာကြသည့်ကိစ္စမှာ .. သူ့ကိုလည်း အနှံကယ်က လိုက်ခဲ့ဖို့ခေါ်ပါ၏။ ကြီးလတ်ကိစ္စ .. အမှန်တရား ပေါ်အောင် သူ ကြိုးစားခဲ့တာ။ သူငယ်ချင်းစခန်းမှူးမြင့်ဦးမောင်

www.burmeseclassic.com

www.burmeseclassic.com



နှင့်တိုင်ပင်ကာ အစစစီစဉ်ခဲ့တာ။ ပျိုလေးကို လုပ်ကိုင်ခိုင်းခဲ့တာတွေအားလုံးကို .. အန်ကယ်က အရမ်းကျေးဇူးတင်သည်။ အန်တီဒေါ်ယုဇနထံသို့ သွားသည့်ခရီးမှာ မလွဲမသွေ လိုက်ပါသင့်သည့်သူအဖြစ် သူ့ကိုလည်း အန်ကယ်က သတ်မှတ်ကာ လိုက်လည်းလိုက်ခဲ့ဖို့ပြောခဲ့သည်ပါပဲ ..။

ကားကို .. အန်ကယ် တစ်လှည့် .. သူ တစ်လှည့်မောင်းဖြစ်ခဲ့လျက် ကားတစ်စီးလုံးမှာ လူသုံးယောက်ပဲ ပါခဲ့ကြသည်ပါပဲ ..။

အန်တီဒေါ်ယုဇနနှင့်လည်း သူ့ကို မိတ်ဆက်ပေးခဲ့ပြီးပြီ ..။ အဖြစ်စုံကိုလည်း .. ပြောပြခဲ့သည်က အန်ကယ်ပါ ..။ အန်ကယ်က .. စတိုးဆိုင်လေးကို ပိတ်ထားလိုက်ဖို့ ပြောခဲ့သည်။ နောက်တော့လည်း .. နေ့လယ်စာအတွက် မီးဖိုခြောင်လေးမှာ အန်တီယုဇနနှင့်အတူ အန်ကယ် ဝင်ချက်ပြုတ်နေချိန်မှာ .. အလိုက်မသိ .. ဝင်ဝင်ပါနေပါသည့် ပျိုလေးကို ရေဆင်းခပ်ဖို့လာခဲ့ရ..။ ခေါ် ခဲ့ရနှင့်ပါ ..။ အန်ကယ်ကတော့ သဘောပေါက်ပုံဖြင့် ပြုံး၍ကျန်ခဲ့သည်ပါပဲ ..။

"ဟိုမှာ .. နှစ်များစွာ ကွဲကွာနေခဲ့ရတဲ့ သူနှစ်ယောက် .. ကြည်ကြည်နူးနူးနဲ့ တူတူချက်ပြုတ်နေကြတာ .. စကားပြောနေကြတာ .. ဘာကိစ္စနဲ့ ကြားထဲ ဝင်ပါနေချင်ရတာလဲ ပျိုလေးရဲ့ .. ဒီမယ် .. ရေစည်နဲ့ ရေအိုးတွေထဲမှာ ရေသိပ်ကုန်သေးတာ မဟုတ်ဘူး .. တမင်ထွက်လာတာ နားလည်ရဲ့လား .. ဒီကောင်မလေးဟာ .. ကိုယ့်အဖေ ပျော်နေတာကို အလိုက်မသိဘူး .. လူကြီးနှစ်ယောက် .. ကြင်ကြင်နာနာ



နေကြမယ့်ကိစ္စ .. ညည်းလေး အဲဒီမှာရှိနေတော့ .. ရှက်တာပေါ့ကွ .."

ဟု ပြောယူရသည်အထိပါ ..။ ခုလိုကျတော့လည်း ပျိုလေး တစ်ချက် မျက်တောင်လေး ပုတ်ခတ်ခတ် ဖြစ်သွားကာ ကိုယ့်ခေါင်းလေး ကိုယ်ပြန်၍ လက်လေးဖြင့်ပုတ်၍ ..

"ဟုတ်ပါရဲ့ .. ပျိုလေး အလိုက်မသိလိုက်ပုံများနော် .."

ဟု တစ်ချက်ညည်းသည်။ နှစ်ယောက်သား ရေပုံးပြာလေးကိုယ်စီဖြင့် ကျောက်လမ်းလေးအတိုင်း ဆင်းလာဖြစ်ကြကာ ..။ ချောင်းလေးရှိရေခပ်တံတားနေရာလေးမှာ ရပ်မိကြပါ၏။ ချောင်းရေကြည်ကြည်ကတော့ အေးတမြမြစီးဆင်းနေသည့်အဖြစ်။

"အေးချမ်းလိုက်တာနော် .."

သူ တစ်ချက်ငဲ့ကြည့်၍ပြောကာ တံတားငယ်လေးမှာထိုင်သည်။ ပျိုလေးလည်း လိုက်ထိုင်ပါ၏။ ရေမခပ်ဖြစ်သေး။ ခြောက်သွေ့နေဆဲ ရေပုံးနှစ်လုံးသည် ရေခပ်တံတား၏ အခင်းပျဉ်ကျဲကျဲထက်မှာရှိနေဆဲ ..။

"ဒါပေမဲ့ အစ်ကိုလေးရယ် .. မေမေ သနားပါတယ်နော်၊ တစ်ယောက်တည်း နေခဲ့ရတာ .. ချောင်းလေးမှာ အကြိမ်ပေါင်းများစွာ မေမေ ရေဆင်းခပ်နေခဲ့တုန်းက .. ပျိုလေးတို့ကို လွမ်းနေတွေးနေရှာမှာ .."

ရေခပ်တံတားတိုင်လေးကိုမှီ၍ ထိုင်နေရင်း ပျိုလေး ဒူးလေးကို လက်ဖြင့်သိမ်းပွေ့၍ မေးဖျားလေးကို ဒူးလေးပေါ် ဖေးတင်လိုက်ကာ ခပ်ငေးငေးလေး ရေပြင်ကိုကြည့်ရင်းပြောတော့ သူ ရင်ထဲမကောင်း ..။ အမေ့ရင်ထဲက ဝေဒနာကို ခိုးကြည့်

www.burmeseclassic.com

www.burmeseclassic.com



ရင်း ခပ်ဆွေးဆွေးပြောနေရှာတာကို သူ သက်ပြင်းရှိုက်၍ကြည့်သည်။ နောက်တော့ ရေပုံးနှစ်ပုံးကို တစ်ဖက်စီကိုင်၍ ရေထဲနှစ်လိုက်ကာ ..

"ခဏထိုင်စောင့်နေ .. အစ်ကိုလေး ပြန်လာခဲ့မယ် .."

ဟု ပြောကာ ရေဆွဲ၍ အိမ်လေးရှိရာသို့ ထွက်သွားခဲ့ပါ၏။ ပြန်လာတော့ အိမ်နောက်ဘက်မှာ ထောင်ထားသော စက်ဘီးလေး တွန်း၍ ထွက်လာမိရကာ ကျောက်လမ်းလေးပေါ်မှာ ရပ်၍ ..

"ဟော့ .. ကောင်မလေး .. ဟိုဘက်က .. တောလမ်းလေး အတိုင်း စက်ဘီးစီးထွက်ကြရအောင် .. အပြန်ကျရင် .. ဈေးဘက်ပြန်ပတ်မောင်းမယ်လေ .. တစ်ခုခုဝယ်ပြန်ကြတာပေါ့ .. မုန့်တို့ .. ဘာတို့ .. သစ်သီးတို့ဆိုပါတော့ .. ဟိုမှာ တော့ ဟင်းချက်နေကြလေရဲ့ .. ပျိုလေးရဲ့ဖေဖေက .. ငရုတ်သီးထောင်းနေတာသိရဲ့လား .. အစ်ကိုလေး ရေစည်မှာဖြည့်နေတာကို လှမ်းကြည့်ပြီး ရယ်ပြတယ် .. ရှက်နေမှာကွ .. ငရုတ်သီးဝင်ထောင်းနေတာကိုလေ .. အစ်ကိုလေး ကိုရှက်ရယ် .. ရယ်ပြပေမယ့် .. အန်ကယ် ပျော်နေတာ သိသာတယ်သိရဲ့လား .. ပြန်ဖို့စိတ်မကူးနဲ့ .. ဟိုမှာ .. အမြဲတမ်း တမ်းတလွမ်းဆွတ်နေရမယ့် ထမင်းအိုး ဟင်းအိုး ချက်ရေးပြုတ်ရေးထဲမှာ နစ်ဝင်နေကြဆဲပဲ .."

ဟုပြောလာတော့ ပျိုလေး ရင်ထဲကြည်နူးမိသည်ပါပဲ။ ဖေဖေနှင့်မေမေ ပျော်နေကြည်နူးချမ်းမြေ့နေကြသည့်ဘဝကို ပိုင်စိုးရချေပြီကိုးလေ ..။



အစ်ကိုလေးနှင့်အတူ ပျိုလေး စက်ဘီးနောက် ကယ်ရီယာလေးမှာထိုင်ရင်း တောလမ်းလေးအတိုင်း လိုက်လာတော့ နွားစားကျက်ခင်းတစ်ခုဆီမှ နွားအုပ်ကြီးကိုလည်း ငေးကြည့်မိရ။ ထပ်၍ မြင်ရပါသည့် တောပန်းလေးတွေကို တငေးငေးကြည့်ရနှင့် ရှိနေရာမှ .. ဘယ်လိုမှမနေနိုင်တော့တာမို့ ..

"ရပ် .. ရပ်ပါဦး အစ်ကိုလေးရ .. ဟိုပန်းတွေ သွားခူးလိုက်ဦးမယ် .. အဝါရောင်လေးတွေ .. သိပ်လှတာပဲ .."

ဟု ပူဆာတာမို့ သူ စက်ဘီးကို အနည်းရပ်လိုက်ရသည်ပါပဲ ..။ ပန်းဝါဝါလေးတွေလည်းခူး ..။ ပန်းဖြူလေးတွေလည်းခူးနှင့် ပန်းလောဘဖောကပ်နေပါသည့် ပျိုလေးကို စက်ဘီးလေး ဒေါက်ထောက်ရပ်၍ လက်ကလေးပိုက်ကာ စိတ်ရှည်လက်ရှည် သူ စောင့်သည်။ အဘယ်မျှထိ .. လွတ်လပ်ပေါ့ပါးနေသော အမူအရာလေးပါလဲလေ ..။ မျက်ဝန်းလေးတွေကြည်စင်ရွှန်းလဲ့နေသည်။ မျက်နှာလေးထက်မှာ အရမ်းကို ပျော်နေသည့် အရိပ်လေးတွေပြည့်သိပ်နေကြလျက် နှုတ်ခမ်းလေးက ကြည်စင်ကြည်မွေ့ပြုံးနေသည့်အဖြစ် ..။ လန်းဆတ်သောအပြုံး ..။ အဟန့်အတားမရှိသောအပြုံး ..။ ဘာကိုမျှ စိုးရွံ့စရာမရှိသည့် ပျိုလေး၏ဘဝလေးတစ်ခုကို .. သူ မြင်နေရသည့်မြင်ကွင်းလေးက သက်သေထူနေသည့်နယ်ပါ ..။ ဘယ်သူ့ဘယ်သူကမှ ပျိုလေး၏ ပျော်ရွှင်မှုလေးတွေကို မဟန့်တားနိုင်တော့ ..။ သိမ်ငယ်စွာနေရသည့်ဘဝလေးသည်လည်းမရှိတော့ ..။ လွတ်လပ်ကြည်စင်သောဘဝလေးတစ်ခုကို ပျိုလေး ပိုင်စိုးရချေပြီဆိုတာ သူ သိနေရသည်ကိုက ရင်ကို ချမ်းမြေ့နေစေသည့်အဖြစ် ..။

www.burmeseclassic.com

www.burmeseclassic.com



"သူ့အတွက် .. ငါ ဘယ်လောက်ထိ ပူပန်ခဲ့ဖူးသလဲ .. ဟင် .. ဘယ်လောက်ထိ ပူပန်နေမိခဲ့ရဖူးသလဲ .. သစ်ခွမြိုင်မှာ ကြီးလတ်ရဲ့စိတ်ထားတွေကို သူ့မာထန်တဲ့စကားတွေကြောင့် ငါ ကြားခဲ့ရတုန်းက .. ပျိုလေး .. တံခါးကွယ်လေးမှာရှိနေရင်း .. အရမ်းကိုကြေကွဲအားငယ်နေခဲ့ရ၊ မျက်ရည်ကျနေခဲ့ရတာတွေကို .. ငါ .. ဘယ်လိုမှ မမေ့နိုင်ခဲ့တာ .. ငါနှလုံးသားကအသိဆုံးပါပဲ .. ခု .. ကြည့်စမ်း .. ဒီကလေးမလေး .. ပျော်နေလိုက်တာ .."

သူ တွေးနေရင်း ရင်ထဲမှာ အေးမြချမ်းငြိမ်းရပါ၏။ လမင်းလေး ..။ ဟုတ်သည် ..။ လမင်းလေးကို မြင်ရသည်သို့ပါပဲလေ ..။ ပန်းတွေတစ်ပွေ့တစ်ပိုက်ကြီးဖြင့် ပြန်လာသည်အထိ သူ စိတ်လက်ရှည်ရှည်ဖြင့် ပြုံး၍ စောင့်ပေးရသည့်နောက်မှာ ..။ ပျိုလေး စက်ဘီးကယ်ရီယာလေးမှာ ထိုင်ရင်းလိုက်လာသည်။

"ဖေဖေက ပြောတယ် အစ်ကိုလေး .. ငုဝါမြိုင်ကိုရောက်ရင် .. ပျိုလေးကို အသိပေးစရာတစ်ခု ရှိနေသေးတယ်တဲ့၊ အဲဒါ .. ဘာလဲ မသိဘူးနော် .. ပျိုလေး စဉ်းစားလို့မရဘူး .. သိချင်လိုက်တာ အစ်ကိုလေးရယ် .. အစ်ကိုလေးကိုရော ဖေဖေ ပြောပြသေးလားဟင် .."

ဟု မေးလာတော့ သူ စက်ဘီးကိုနင်းနေရာမှ ရပ်လိုက်သည်။ အမွှေးဖွားဖွားကြီးတွေက ရိုးတံရှည်တွေနှင့် တဖြိုင်ဖြိုင်တပြန့်တလျားကြီးတွေ ရှိနေသော မြက်ရိုင်းပင်ကြီးများ ထူထပ်စွာ တစ်ဖက်စီပေါက်နေသည့် လမ်းဆောမှာ စက်ဘီးကို ရပ်လိုက်ခြင်းပါ ..။



"ဟယ် .. လှလိုက်တာ .. နော် .."

တောပန်းလေးတွေကို ရှေ့ခြင်းနေရာလေးမှာ ထည့်ထားတာမို့ ပန်းရနံ့လေးတွေက မွှေးမြသင်းထုံစွာရှိနေကြပါ၏။ မြက်ရိုင်းရှည်ပင်ကြီးတွေကို ပျိုလေး ကြည့်ရင်းပြောတော့ သူ ခေါင်းညိတ်သည်။ လေနှင့်အတူ .. နွဲ့ခနဲ ဖြာခနဲရှိနေသည်က ညီညာလှည်းသည်မို့ .. ယိမ်းကနေသည့်နှယ်ပင် ရှိနေပါသော မြက်ရိုင်းတောတစ်ခု ..။

"အစ်ကိုလေးတို့ .. လမ်းလျှောက်ရင်း စကားပြောကြတာပေါ့ ပျိုလေး .. စောစောကစကားကို ဆက်ကြတာပေါ့၊ အန့်ကယ် .. ပျိုလေးကို ဘာပြောမယ်ဆိုတာ .. အစ်ကိုလေး သိတယ် .."

ဟု တည်တည်ငြိမ်ငြိမ်ပြောလာတော့ ပျိုလေး အကဲခတ်သလိုကြည့်သည်။ စိတ်ဝင်တစားလည်းရှိသည်။ နက်မှောင်သော မျက်ဝန်းလေးတွေနှင့် မျက်တောင်ထူထူလေးတွေကို သူ ငုံ့မိုးကြည့်မိ၏။ စိတ်ဝင်တစားလေး မော့ကြည့်နေပုံလေးကိုက ချစ်စရာအသွင်လေး ..။ သူ .. ခြေလှမ်းမှန်မှန်ဖြင့် စက်ဘီးကို အလိုက်သင့်တွန်းရင်း ကျောက်လမ်းလေးအတိုင်း နောက်ကြောင်းပြန်လျှောက်လာတော့ ဘေးမှာ ပျိုလေး လိုက်လာသည်။ သူ ပြောမည့်စကားကို စိတ်စော၍ နားထောင်နေသည့်သွင်လေးဖြစ်နေတာလည်း အမှန်ပါ။ ခုလို .. ပျိုလေးနှင့်သူ .. အတူတူ .. တောမြို့ငယ်လေးတစ်မြို့ရှိ .. တောအုပ်လေးဘက်ဆီသို့ သွားသော ကျောက်လမ်းလေးတစ်ခုမှာ .. တူတူ ခုလို လျှောက်ရမည်လို့ မည်ဟု သူ ဘယ်သောအခါကမျှ မထင်ထားမိ ..။ သူ့ရင်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးချမ်းမြေ့နေသည်။ ကြည့်မွေ့နေသည်။ ဤမျှလှသော လမ်းလေး ..။ မွေးမြသောပန်းရနံ့ ..။ ပြီးတော့ လှပပျောင်းနွဲ့သောသူ၏ ကြွေရုပ်လေးနှင့်အတူ လျှောက်နေရပါသည့်ဘဝ ..။ အားလုံးကို သူ .. ဘယ်သောအခါတွင်မျှ မေ့နိုင်တော့မှာမဟုတ်။

"ဟိုမှာ .. စွယ်တော်ပင်လေး .. အုံ့အုံ့လေးရယ် .. အရိပ်လဲရတယ် .. အစ်ကိုလေးတို့ ခဏထိုင်လိုက်ကြရအောင်"

လွင်ပြင်ကျယ်တစ်ခုသည် .. ပင်စိမ်းပင်အုံ့အုံ့လေးများ ..။ မြေနီများနှင့် စွယ်တော်ပင်ဖျိုလေးများဖြင့် တပြန့်တလျား ရှိနေတာမို့ သူ ငဲ့ကြည့်ရင်းပြောတော့ ပျိုလေး စိတ်မရှည်သည့်နှယ် မော့ကြည့်ကာ ..

"ဟင် .. မပြောသေးဘူးလား .. ဖေဖေ ခဏပြောမယ်ဆိုတာ အစ်ကိုလေး သိတယ်ဆို .."

ဟု မေးလာတော့ သူ ပြုံး၍ ခေါင်းလေးကို ချစ်စနိုးလေးပုတ်မိသည်။ ဤမိန်းကလေးကို ညီမလေးနှယ်လည်း သူ သံယောဇဉ်ဖြစ်ရ ချစ်ရသည်။ ပြီးတော့ .. ကလေးလေးနှယ်လည်း စိတ်ရှည်လက်ရှည် ရှိချင်သည်။ သြော် .. ချစ်မြတ်နိုးစွာလည်း လက်တွဲချင်ရပါသည့်ကောလေ ..။

"ထိုင်ဦးလေ .."

ဟု ပြောတော့မှ စွယ်တော်ရိပ်လေးမှာ ပျိုလေး ထိုင်သည်။ သူ .. ပြောရမည့်စကားအတွက် တစ်ချက် ပျိုလေးကို ငဲ့ကြည့်မိရပြန်သည်။

"အစ်ကိုလေး ပြောချင်တာက .. အစ်ကိုလေးအကြောင်းကို အရင်ပြောချင်တာ .. နားထောင်မလား .. အဲဒါပြော

BURMESE CLASSIC .com



ပြီးမှ .. အန်ကယ်ပြောမယ့် စကားတွေကိုစွ .. ပျိုလေးကို အစ်ကိုလေး ပြန်ပြောပြမယ် .. အဲဒီကိစ္စဟာ .. ဆက်စပ်ပတ်သက်မှုလဲ ရှိနေတယ် ပျိုလေး .."

ဟု ပြောကာ ပင်စည်ကိုမှီလိုက်ရင်း လှမ်းလင့်မြင်ရာ တောင်ကမူလေးတစ်ခုဆီမှာ အကြည့်သည် တန့်နေ၏။

"အစ်ကိုလေးမှာ မိဘမရှိတော့ဘူး .. အစ်ကိုလေးမှာ လုပ်ငန်းတွေကို ဦးစီးလုပ်ကိုင်နေရတာပျိုလေး သိတယ် .. ဘယ်အထိ လေးပင်တဲ့တာဝန်တွေကို .. အစ်ကိုလေး .. နေ့စဉ်လုပ်နေရတာကို ပျိုလေး သိမှာပါ .. အစ်ကိုလေးမှာ .. အစ်ကိုလေးရဲ့လူယုံကြီးလိုရှိတဲ့ .. အန်ကယ်ဦးပြည့်စိုးနဲ့ အန်ကယ်ကြည်ဆိုတာမဲရှိတယ် .. သူတို့ကို .. လူကြီးမိဘအရာထားပြီး .. အစ်ကိုလေး .. အန်ကယ့်ဆီ .. လွှတ်ခဲ့တယ် ပျိုလေး .. ဒီကိုမလာခင် နှစ်ရက်အလိုမှာ ဆိုပါတော့ .. ကြာရှည် အစ်ကိုလေး မမျိုသိပ်ထားနိုင်တော့တာမို့ .."

သူ .. စကားကို တန့်ပစ်ကာ ရှေ့သို့ ခပ်ငေးငေး ကြည့်မိရပါ၏။

ပျိုလေးကို သူ မကြည့်။ ပျိုလေး ဘာတွေစဉ်းစားနေမည်ဆိုတာကိုလည်း သူ လောလောဆယ်မှာ အကဲမခတ်ချင်။ အကဲခတ်လိုက်ရမှာကိုလည်း ဝန်လေးထိတ်လန့်နေသည်။ သူ့ကို ငေးကြည့်ရင်း ပျိုလေး ခပ်မဲ့မဲ့ပြုံးလိုက်တာမျိုး ကြုံလိုက်ရမှာကို တုန်လှုပ်သိမ်ငယ်နေမိရသည်က ရင်ကို မွန်းကျပ်နေစေသည့်တိုင် မျှဖြစ်နေပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး .. ပြောပြပါရစေ .. ပျိုလေးနဲ့ပတ်သက်လာရင် .. အစ်ကိုလေး အမြဲစိတ်ပူနေတတ်တယ် .. ပျိုလေးကို သနားနေတာလဲပါတယ် .. ပျိုလေးအတွက် .. စိတ်ပူနေတာကလည်း ဆောက်တည်ရာ မရအောင်ဖြစ်ဖြစ်လာတယ် .. ဖြစ်နိုင်ရင် .. ပျိုလေးလက်ကိုဆွဲပြီး .. ကြီးလတ်ရဲ့ နိုင်ထက်စီးနင်းလုပ်နေတဲ့အရာတွေကြားထဲက ဆွဲထုတ်သွားချင်တဲ့အထိ .. အစ်ကိုလေး .. မွန်းကျပ်ပင်ပန်းနေတတ်တယ် .. ဟုတ်တယ် .. စိတ်က အရမ်းကိုပူနေတယ် .. လုပ်ခွင့်မရတဲ့အခြေအနေပေမို့ .. ပျိုလေးကို မိဘအိမ်က ဆွဲခေါ်ထုတ်လာလို့လဲမရ .. စိတ်ကလဲမချ .. ပျိုလေး တစ်ခုခု စိတ်ထိခိုက်ပြီး .. အိမ်က .. ထွက်သွားမှာလဲ ပူရနဲ့ အစ်ကိုလေး .. ဘယ်အထိ .. ယောက်ယက်ခတ်နေခဲ့ရတယ်ထင်သလဲ ပျိုလေး .. ဟင် .. ရှုးမတတ်ပါပဲ .. အဲဒါ .. အပိုစကားတွေ မဟုတ်ဘူး ပျိုလေး .. တကယ်ပြောနေတာ .."

ဟု သူ .. ဆက်တိုက် ပြောချလိုက်မိရပါပြီ ..။ ဝန်ခံပါရစေတော့ ပျိုလေးရယ် ..။ နှလုံးသားထဲက စကား .. ရင်တွင်းစကားဆိုတာ .. သစ္စာနဲ့တည်ရင် .. ကြားရသူရဲ့ရင်ထဲမှာ ယုံကြည်စေခြင်းဆိုတဲ့ တုံ့ပြန်လာမှုကို ရတတ်တယ်တဲ့။ အစ်ကိုလေး .. သစ္စာနဲ့တည်တဲ့ ရင်တွင်းစကား .. နှလုံးသားထဲက စကားကို .. မင်းရှေ့မှာ ဝန်ခံလိုက်ပါရစေတော့ ..။ မင်း .. ယုံကြည်ပေးလိုက်ပါတော့လားကွယ် ..။



"ခု .. ပျိုလေးကို .. စကားမြန်းတဲ့စကားကို .. အန်ကယ်ကြည်က တစ်ဆင့် အန်ကယ့်ဆီကို ပြောစေခဲ့တာပါ .. အန်ကယ်ကပြောပါတယ် .. ပျိုလေးဆန္ဒပါပဲတဲ့ .. ပျိုလေးအပေါ်မှာ .. အစ်ကိုလေး ဘယ်အထိသံယောဇဉ်ရှိတယ်ဆိုတာကို အန်ကယ် သိပါတယ်တဲ့ .. အန်တီယုဇနကို သွားခေါ်ရဦးမှာကလဲ ရှိနေတာမို့ .. အပြန်ကျမှ .. သမီးဆန္ဒလဲ မေးပါ့မယ်တဲ့ .. အဲသလိုဖြေပါတယ် .. အန်ကယ်ကတော့ .. ဒီခရီးကို .. အစ်ကိုလေး လိုက်လာခဲ့ဖို့ကိစ္စ .. အစောကြီးကတည်းက .. ပြောခဲ့တာကလဲ ရှိနေတယ် .. စကားမြန်းတဲ့ကိစ္စ ဝင်လာတော့လဲ .. ဒီခရီးကို .. အစ်ကိုလေးလိုက်ဖို့ ဆက်ခေါ်မြဲ ခေါ်တာမို့ .. အစ်ကိုလေး လိုက်လာခဲ့တာပါ .."

ဟု ရှင်းပြနေမိရစဉ်ခိုက်မှာလည်း ရင်သည် ပျိုလေးသူ့ချစ်ခြင်းကို ယုံကြည်ပါ့မည်လား ဆိုတာ့ကို စိုးရိမ်စိတ်ဖြင့်ပါ။

"အစ်ကိုလေး .. ရင်ထဲမှာ ပူနေတာ တစ်ခုရှိတယ် .. ပျိုလေး ကျောင်းတက်တော့မှာလေ .. ကျောင်းမှာတစ်ယောက်ယောက်နဲ့ တွေ့သွားရင် ဘယ့်နှယ်လုပ်မလဲ .. အစ်ကိုလေး ရှုံးမှာ .."

ဟု မျက်လွှာချ၍ ပြောမိသည်။ မကွယ်မဝှက်ကြီး ဖွင့်ချဝန်ခံနေမိရပါသည့်အဖြစ် ..။

"ပျိုလေးကို အစ်ကိုလေး သိပ်ချစ်မြတ်နိုးတာပါ .. နှလုံးသားကိုရင်းပြီး ချစ်မြတ်နိုးတာပါ ပျိုလေးရယ် .. အစ်ကိုလေး ပြောပြချင်ပါတယ် .. မျက်ဝန်းတွေကတော့ အစ်ကို

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လေးရဲ့မျက်ဝန်းတွေပါပဲ .. ဒါပေမဲ့ .. အစ်ကိုလေးရဲ့မျက်ဝန်းတွေမှာ မင်းပဲရှိနေတယ် ပျိုလေး .. မင်းပဲ ပိုင်စိုးနေတာ၊ နှလုံးသားကလဲ အစ်ကိုလေးရဲ့ နှလုံးသားပါပဲ .. ဒါပေမဲ့ .. အစ်ကိုလေးရဲ့ ချစ်ခြင်းတွေကို မင်းပဲ ပိုင်စိုးနေတာမို့ .. အစ်ကိုလေးရဲ့ နှလုံးသားရဲ့အရှင်သခင်ဟာ မင်းပါပဲ .. အနာဂတ်တစ်ခုဟာ အစ်ကိုလေးရဲ့အနာဂတ်ပေမယ့် .. အစ်ကိုလေးရဲ့အနာဂတ်မှာ မင်းမရှိရင် ရှင်သန်နိုင်တော့မှာ မဟုတ်ဘူး .. အစ်ကိုလေးရဲ့ အနာဂတ်ကိုလဲ မင်းပဲ ပိုင်စိုးနေတယ် .. အစ်ကိုလေးကို .. ပျိုလေးရဲ့ချစ်ခြင်းတွေနဲ့ ရှင်သန်ပေးပါ ပျိုလေးရယ် .. အစ်ကိုလေးရဲ့ အနာဂတ်ကို .. လှပတဲ့အနာဂတ်တစ်ခုအဖြစ် ဖြစ်တည်ဖန်ဆင်းနိုင်တဲ့သူဟာ .. မင်းပါ .. မင်းလေးပါကွယ် ..”

သူ .. မျက်လွှာချထားမိရဆဲ ..။ နှုတ်ခမ်းတွေ ဆတ်ဆတ်တုန်နေသည်။ လက်က ထိုင်နေသည့် မြက်ခင်းနေရာထက်မှာ ဖေးဖေးတင်တင် ..။ မြက်ရိုင်းပင်တစ်ခုကို ဆုပ်ဆုပ်ခဲခဲ ..။ မျက်ဝန်းများ မျက်ရည်လည်လာသည်။ မင်း .. ယုံကြည်ပေးပါ .. ယုံကြည်ပေးပါဟု ပျိုလေးကို သူ့နှလုံးသားက တောင်းပန်နေသည်။ သူ့နားစည်တွင်းဆီသို့ တိုးဝင်လာသည်က ရှိုက်သံတိုးမျှင်မျှင် ..။ သူ .. တုန်လှုပ်ချောက်ချားစွာ ပျိုလေးကို ကြည့်မိလိုက်ရပါပြီ ..။ ပျိုလေး ငိုနေချေသည်တကား ..။ ဩော် .. သူ၏ချစ်ခြင်းများကို ဖွင့်ဟဝန်ခံခြင်းကြောင့် .. ပျိုလေး၏မျက်ရည်စက်များ ပြိုကျလာရချေသည်တဲ့လား။ သူ .. သူသည် .. ပျိုလေးကို မျက်ရည်ခြွေသည့်သူ ဖြစ်နေချေသည်တဲ့လား ..။



သူ မျက်နှာပျက်ပျက်ဖြင့် ပျိုလေးဘက်ကို လှည့်ကြည့်လိုက်ကာ မျက်ရည်ကို တွင်တွင်သုတ်ပေးမိသည်။ ဆံစလေးကို ဖွဖွသပ်ပေးမိသည်။ သူကိုယ်တိုင်လည်း ရင်ကွဲနေရပါပြီ ..။

“မငိုနဲ့နော် .. အစ်ကိုလေး မှားသွားတယ် .. တိတ်တော့ .. တိတ်ပါတော့ ပျိုလေးရယ် .. အန်ကယ့်ကို .. အစ်ကိုလေး ပြန်ပြောလိုက်ပါမယ် .. အစ်ကိုလေးရဲ့စကားမြန်းထားတာတွေကို ပြန်ရုပ်သိမ်းပါတယ်လို့ .. အစ်ကိုလေးကြောင့် ပျိုလေး စိတ်မဆင်းရဲစေချင်ပါဘူး ကလေးရယ် .. စိတ်မရှုပ်နဲ့တော့နော် .. အစ်ကိုလေးကိုက မှားတာပါ .. အလိုက်မသိတာပါ .. ကလေး စိတ်ဆင်းရဲအောင် .. ဘာတွေလျှောက်လုပ်နေမိလဲ မသိပါဘူး ကလေးရယ် .. စကားတွေဘာတွေ သွားမြန်းခိုင်းနေမိတယ်လေ၊ ကဲ .. ကဲ .. တိတ် .. တိတ်တော့နော် .. အားလုံးကို မေ့ပစ်လိုက် .. မေ့ပစ်လိုက် .. အစ်ကိုလေး ဘာမှမပြောခဲ့ဘူးလို့ပဲ မှတ်ယူထားလိုက်တော့ ..”

သူ မျက်နှာမကောင်းနိုင်ပဲ တိုးသက်စွာ ပြောနေသိမှု ပျိုလေး ခေါင်းလေးငုံ့ချ နားထောင်နေရာမှ မော့ခနဲ ကြည့်လာကာ ..

“အားလုံး မေ့ပစ်လိုက် .. ဟုတ်လား .. ပျိုလေးလဲ ဘာမှမကြားခဲ့ရဘူးလို့ သဘောထားလိုက်ရမယ် ဆိုပါတော့ .. အစ်ကိုလေးကရော .. မေ့ပစ်လိုက်နိုင်လို့လား .. ဒီလောက်တောင် လွယ်နေအောင် အစ်ကိုလေးရဲ့အချစ်က ပေါ့ပေါ့တန်တန် ဖြစ်နေတာတဲ့လား ..”

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလာတော့ သူ ခေါင်းတွင်တွင် ခါသည်။ မျက်နှာပို၍ မှိုင်းညို့သွားရကာ ..

"ပျိုလေးရဲ့မျက်ရည်စက်တွေ မကြွေဖို့ဟာ .. အစ်ကိုလေးရဲ့အချစ်ထက် အရေးကြီးပါတယ် ကလေးရယ် .. အဲဒီမျက်ရည်စက်တွေကို အစ်ကိုလေး ရင်မဆိုင်နိုင်ဘူး.. ခံနိုင်ရည်မရှိဘူး .. အစ်ကိုလေးကြောင့် ပျိုလေး မျက်ရည်ကျမှာကို .. အစ်ကိုလေး အကြောက်ဆုံးပဲ .. အစ်ကိုလေးရင်ကွဲခံနိုင်ပါတယ် .. တမြည့်မြည့်ကျေအောင် မျိုသိပ်ခံစားနိုင်ပါတယ် .. ရှုးမတတ်ခံစားရစေဦးတော့ .. ပျိုလေးပါးပြင်မှာ မျက်ရည်စက်မထင်ဘူးဆိုရင် .. အစ်ကိုလေး ကျေနပ်ပါတယ် ပျိုလေးရယ် .."

သူ .. အနိုင်နိုင် ခေါင်းကိုငုံ၍ ပျိုလေးကို ရင်တနင့်နင့်ဖြင့် ကြည့်ကာ ပြောစဉ်ခိုက် .. သူ့အသံတွေ တုန်ခါနေကြတာ သူ သိနေသည်။ လှိုက်ခါကြေကွဲနေသည့်ရင်ကို သူ မထိန်းနိုင်။ သူ့အသံကိုလည်း သူ မထိန်းနိုင် ..။ ပြော် .. ဝေနေသည့် သူ့မျက်ရည်ကိုလည်း သူ မထိန်းနိုင်စွမ်းတော့ ..။

"မျက်ရည်ဆိုတာ .. ကိုယ့်ကို .. သိပ်ချစ်တဲ့သူရဲ့ရှေ့မှာ.. ကြည်နူးရင်း ကျတတ်တယ်ဆိုတာ အစ်ကိုလေး မသိပါဘူးလေ .."

ဟု ပျိုလေး ခေါင်းလေးငုံ့ချကာ ပြောလာတော့ .. သူ့ခေါင်းသည် အားအင်ဖြင့် ပျိုလေး၏ မျက်နှာနုနုလေးရှိရာဘက်ကို တည့်တည့်မတ်မတ်ကြီး ကြည့်မိရ ..။ ကြည်နူးရနှင့်ပါ။ သူ့မျက်ဝန်းတွေ ရွှန်းလဲ့လာကြသည်။ သူ့လက်တွေက ပျိုလေး၏



လက်လေးကို ဖျတ်ခနဲ တွေးဆုပ်လာသည်မှ .. မလွှတ်စတမ်းပါ ..။

"ပျိုလေးရယ် .."

သူ့နှုတ်ဖျားဆီမှ .. ချစ်မြတ်နိုးစွာ .. ရင်ကိုနှစ်၍ ခေါ်လိုက်သံက ပွင့်ကျ၏။

ပျိုလေး၏ မျက်နှာလေးကို သူ ဖေးမော့မိစဉ်ခိုက်မှာ ပျိုလေး၏မျက်တောင်လေးတွေက မေးပိတ်ထားကြပါချေ၏။ အဘယ်မျှထိ စိတ်လှုပ်ရှားဖွယ် ကောင်းနေပါသည့် ခံစားချက်များပါလဲ ..။ သူ့ရင်တွေ တသိမ့်သိမ့်မျှ ခုန်နေသည် ..။ တိမ်းမူးမြတ်နိုးဖွယ် ရင်ခုန်သံ ..။ ငုံ့မိုးငေးစိုက်ကြည့်နေသည့် သူ့မျက်နှာသည် မျက်တောင်ထူလေးတွေ မေးယှက်ပိတ်ထားဆဲ မျက်နှာနုနုဥဥလေးနှင့် အနီးတကပ် ရှိနေပါ၏။

လှုလိုက်ပါသည့် မျက်တောင်နုနုထူထူလေးတွေ ..။ အို .. လှုလိုက်ပါသည့် .. သူ၏မြတ်နိုးစွ ကြွေရုပ်လေး ..။

သူ .. ပျိုလေး၏ ပျောင်းနွဲ့နွဲ့ကိုယ်လေးကို တယုတယ ထွေးဖိုက်ထားမိလိုက်ရပါပြီတည်း။

"ပျိုလေးကို ဒီလောက်ချစ်မြတ်နိုးပါတဲ့ အစ်ကိုလေးရဲ့ရင်ကို မျှဝေခံစားရင်း ပျိုလေး မြင်နေမိရသလို .. အဲဒီမွန်မြတ်တဲ့ ချစ်ခြင်းကို ပိုင်ဆိုင်ခွင့်ရတဲ့အတွက်လဲ .. ပျိုလေးကံကောင်းလှပါပြီ အစ်ကိုလေးရယ် .. အစ်ကိုလေးကပြောတယ် .. ပျိုလေးဟာ အစ်ကိုလေးရဲ့အနာဂတ်ကို ဖန်ဆင်းပေးနိုင်သူလို့ ပြောတယ်နော် .. တကယ်တော့ အစ်ကိုလေး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရယ် .. ညှိုးဖျော့သိမ်ငယ်ခြင်းများကို အားငယ်ငယ်နဲ့ အထီးကျန်လက်ခံခဲ့ရတဲ့ .. ပျိုလေး ဆိုတာကို ပျောက်လွင့်စေပြီး .. လှပတဲ့ဘဝတစ်ခုကို .. အနာဂတ်ထိ ပိုင်ဆိုင်ခွင့်ရအောင် .. အစ်ကိုလေး ကြိုးစားခဲ့တာပါ .. အစ်ကိုလေး ဖန်ဆင်းပေးခဲ့တာပါ .. အစ်ကိုလေးရဲ့ ချစ်ခြင်းတွေကို ရင်းပြီး .. ကရုဏာတွေကို ရင်းပြီး .. ပျိုလေးရဲ့အနာဂတ်ကို .. ဖန်ဆင်းပေးတဲ့ .. တန်ခိုးရှင်မင်းသားတစ်ပါးပါ အစ်ကိုလေးရယ် .."

ပျိုလေး၏ စကားသံ နုနုညင်ညင်လေးတွေက သူ့ရင်တွင်းသို့တိုင် စီးမျောတိုးဝင်၏။ သူ .. ဘယ်လိုမှ .. ရင်တွင်းဆိမ့် ချစ်ခြင်းများကို .. မဟန့်တားသာတော့ပြီတည့် ..။

ပျိုလေး၏ စကားနုနုလေးများကို သူ .. မြတ်နိုးမဝစွာ နားထောင်မိရ ..။ မြတ်နိုးမဝနိုင်စွာ .. ရင်မှာသိမ်းဆည်းမိရ။

ဩော် .. သူ၏မြတ်နိုးရုပ်လေး .. ကြွေရုပ်လေးကိုလည်း .. နူးညံ့စွာ ရင်မှာထွေးပိုက်ထားမိလျက်မှ .. ဆံနွယ်ယဉ်လေးများကို သိမ်မွေ့စွာ ငုံ့မိုးဖိကပ်နမ်းရှိုက်မိရ။ နဖူးပြင်နုနုလေးကိုလည်း နမ်းရှိုက်မိရပါပြီတည်း ..။

အစ်ကိုလေးဟာ .. ပျိုလေးရဲ့တန်ခိုးရှင် မင်းသားတစ်ပါးဆိုရင် ..။

ပျိုလေးဟာလည်း .. အစ်ကိုလေးရဲ့ .. မင်းသမီးလေးတစ်ပါးပါပဲ ပျိုလေးရယ် ..။ အနာဂတ်တိုင်အောင် ပိုင်စိုးပြီး .. လှပအောင် ဖန်ဆင်းပေးနိုင်တဲ့ အရာဟာ တစ်ခုတည်းပဲ ရှိတယ် ပျိုလေး ..။



အဲဒီအရာဟာ .. ချစ်ခြင်းပါပဲ ပျိုလေးရယ် ..။

သံယောဇဉ်တွေ .. မျှဝေနားလည်ပေးစေမှုတွေ .. သစ္စာမြဲတည်မှုတွေကို .. အေးမြချမ်းငြိမ်းစွာ ပေးနိုင်စွမ်းတဲ့အရာဟာ .. တစ်ခုတည်းပဲ ရှိတယ် ..။

အဲဒီအရာဟာ .. ချစ်ခြင်းပါပဲ .. မောင့် .. ပျိုလေးရယ် ..။

မျှဝေခံစားတတ်တဲ့ နှလုံးသားနုနုလေးဟာ ..

ခိုင်မာသိမ်မွေ့တဲ့ အနာဂတ်ပန်းချီကားကို ဖန်ဆင်းပေးနိုင်သလို ..။ လှပနူးညံ့တဲ့ ဘဝကဗျာတစ်ပုဒ်ကိုလည်း ဖွဲ့ဆင်း နိုင်တယ် ..။

အဲဒီကဗျာရေးတဲ့ .. ပန်းချီဆွဲတဲ့ နှလုံးသားဟာ .. အချစ်နဲ့ဖွဲ့တည်ထားအပ်တဲ့ .. အင်အားကြီးမားတဲ့ ဖန်ဆင်းရှင်တစ်ခုပါပဲ ..။ ဩော် .. အင်အားကြီးမားတဲ့ ပိုင်စိုးသူ .. ဖန်ဆင်းရှင်ပါပဲ .. ကွယ် ..။

ငါ့မျက်ဝန်းမှာ ...
မင်းသည်သာလျှင်၊ တစ္ဆထင်ဖင်
အမြဲမြင်လျက် ...
မင်းလျှင်ပိုင်စိုးနေလေရဲ့ ...။

ငါ့နှလုံးသားမှာ ...
မင်းသည်သာလျှင်၊ တွယ်တာရစ်ငင်
မင်းခိုဝင်လျက် ...
မင်းလျှင်ပိုင်စိုးနေလေရဲ့ ...။

www.burmeseclassic.com

www.burmeseclassic.com



ငါ့အနာဂတ်မှာ ..
မင်းသည်သာလျှင်၊ ဘဝပင်ဖြစ်
မင်း၏ချစ်ခြင်း၊ ပေးအပ်နှင်းမှ
ရှင်သန်ရမည့်၊ ငါ၏ရင်ခွင်
မင်း ... သိ ... မြင် .. ရင်း
ချစ်ခြင်းကဗျာ ရေးသီကာပင်
မင်းလျှင်ပိုင်စိုးနေပါလှည့် ...
ကြော် ...
မင်းလျှင်ပိုင်စိုးနေပါလှည့် ...။

မျှဝေခံစားခြင်းများစွာဖြင့်



မဟူရာ(လှိုင်ကော်)
၁၉-၄-၂၀၀၈

BURMESE CLASSIC .com
www.burmeseclassic.com